

THE LUXUS CONSPIRACY
by
A.W. MYKEL

| | |
|---|---|
| ပုံနှိပ်ခြင်း | ပထမအကြိမ် |
| | ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလ |
| အုပ်ရေ | ၅၀၀ |
| အဖုံးပန်းချီ | သဲဇာ |
| စာအုပ်ချုပ် | သီဟစက္ကူဖြတ် |
| | အမှတ် ၂၄၈၊ လမ်း ၄၀၊ |
| | ရန်ကုန်မြို့။ |
| ခွင့်ပြုချက် | |
| စာအုပ်စာတမ်း | ၆၂၆/၉၃(၉) |
| မျက်နှာဖုံး/ရေခံ | ၇၃၇/၉၃(၁၀) |
| တန်ဖိုး | ၆၀ - ကျပ် |

# ရင်သန့်

## တင်းလွန်းသည့်ကြိုး

(ဇာတ်သိမ်း)

THE LUXUS CONSPIRACY

by A. W. MYKEL

ဝေသူ - ဒေါ်ကြည်အောင် (မြဲ ၀၃၂၄၂)
မင်းဇင်ထက်စာပေ
၂၉၊ ၆ လမ်း၊ လှိုင်မြို့နယ်၊
ရန်ကုန်မြို့။

နှိပ်သူ - ဒေါ်တင်ရွှေ (မြဲ ၀၁၄၄၀)
အောင်ချမ်းသာပုံနှိပ်တိုက်
အမှတ်၅၄၊ ၉၃လမ်း၊ ကန်တော်ကလေး
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

်းရိုက် - ဦးတိုးဝင်း (မြဲ ၀၂၄၃၁)
နေလရောင် အော့ဖ်ဆက်
အမှတ် ၉၆(ခ)၊ ၁၁ လမ်း၊ ရန်ကုန်မြို့။

# ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

---

စည်းကမ်းလိုက်နာ   ဘေးကင်းကွာ

မျိုးသားကြီးစား   လုပ်အားဖြင့်နိုင်ငံတည်

ရပ်ရွာအေးချမ်းစေလို့   ဥပဒေရိုပ်ကိုခို

---

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်

ပြည်ထောင်စုသားအားလုံး၏

ဝတ္တရားကျသောတာဝန်ဖြစ်သည်

# အခန်း(၂၄)

အီလီယာသည် ပဲရစ်မြို့ ဌာနချုပ်မှနေ၍ အယ်လ်ဖေ ဘယ်လိုဖုန်းလိုင်းကို စိတ်ရှည်ရှည်စောင့်နေ၏။ လစ်ဗျားနိုင်ငံတွင် မလိမ့်တစ်ဘတ်အလှုပ်ခံရပြီးကတည်းက ကွပ်ကဲရေးဌာနချုပ်ကို ပဲရစ်သို့ ရွှေ့ပြောင်းလာခဲ့ခြင်း ဖြစ်သည်။ ဘဇတာခန်းကို အကြောင်းပြုသော မျှော်လင့်ချက်များလည်း ရုတ်ခြည်း ပျောက်ကွယ်ခဲ့ရသည်။ ထို့ကြောင့် စတြာဇာဘက်က လမ်းကြောင်းတစ်ကြောင်းသာ အားကိုးရန် ရှိတော့သည်။

မူလက စတြာဇာအား အာရုံစိုက်နေသည်များ ယခု ဂျပူကို ပြောင်း၍ အာရုံစိုက်နေရ၏။ စတြာဇာ အသတ်ခံရပြီးကတည်းက ဂျပူကို ခြေရာခံခဲ့မိကြသည်။ ဂျပူသည် မိမိအထက်မှ လူများကို ပြန်လည်တိုက်ခိုက်ရန် အခွင့်ကောင်းကို စိတ်ရှည်ရှည်စောင့်စားနေ၏။

"မင်္ဂလာပါ အီလီယာ"

မာတင်ထရေ့စ်က စတင်နှုတ်ဆက်သည်။

"မင်္ဂလာပါ မာတင်"

"အဲဒီမှာ အခြေအနေတွေ သိပ်မကောင်းဘူးလို့ သိရတယ်၊ အသေးစိတ် ပြောပြစမ်းပါ"

မာတင်ထရေ့စ်က မေးလိုက်သည်။

"လစ်ဗျားနိုင်ငံ ဖွဲ့စည်းအလွှဲအပြောင်းမှာ တစ်ပတ်ရိုက်ခံလိုက်ရတယ်၊ ဘာဘာရန်းရဲ့ လေယာဉ်ဟာ ကွင်းမှာဆင်းပြီးတဲ့နောက် ပြေးလမ်းထိပ်မှာသွားရပ်နေတယ်၊ နောက်ဆုံး လစ်ဗျားတွေ စိတ်မရှည်နိုင်အောင်ဖြစ်ကုန်ပြီး အတင်း တက်ရှာကြတော့ ဘာဘာရန်းရော၊ သူတို့ရဲ့ ထောက်လှမ်းရေး ဆမ်းဆိုဲကောင်ရော၊ ဘာဘာရန်းရဲ့ လေယာဉ်အမှုထမ်းတွေရော အကုန်လုံး အသတ်ခံနေရတာ တွေ့ရတယ်"

မာတင်ထရေ့စ်က ငြိမ်၍နားထောင်နေသည်။

"လေယာဉ်ပေါ်မှာ အစီယောက်ယောက်ရှိရမယ်လို့ တွက်ကြခဲ့တယ်၊ လစ်ဗျားတွေဟာ တစ်ယောက်မှ မတွေ့ရဘူးတဲ့၊ လူးဇပ်တွေထည့်ထားတဲ့ သေတ္တာပုံးလဲ အခွံပဲ တွေ့ရတော့တယ်၊ အခု သူတို့ လေယာဉ်ကို တစ်ခုချင်း ဖြုတ်ရှာနေကြလေရဲ့၊ ဒါပေမယ့် ကျွန်တော်တော့ တွေ့မယ်မထင်ဘူး"

"လူသတ်သမားက ဘယ်လိုလုပ်ထွက်သွားတာလဲ"

"ကျွန်တော်တို့ သိသလောက်တော့ အေးအေးဆေးဆေးလေး ထွက်သွားတာပဲ၊ ဒီအခြေအနေ တစ်ခုလုံးကို အသေးစိတ် ထောက်လှမ်းခိုင်းထားတဲ့ ကျွန်တော်တို့ရဲ့ အတွင်း ထောက်လှမ်းရေးတစ်ဖွဲ့ ရှိတယ်၊ အဝေးကနေပြီး ဓာတ်ပုံတွေ လှမ်းရိုက်ထားတယ်၊ ထောက်လှမ်းရေး ဗဟိုအနေ



ဓာတ်ပုံတွေကို ပြန်စီစစ်တော့မှ လူသတ်သမား ဘယ်လိုထွက်သွားတယ်ဆိုတာ သိရတော့တယ်....

"ထောက်လှမ်းရေးဗဟို အပြောအရ လစ်ဗျား ကွန်မန်ဒိုနဲ့ အထူးထောက်လှမ်းရေး အဖွဲ့ဝင် သုံးဆယ့်လေးယောက် စ,စချင်း လေယာဉ်ပေါ်တက်သွားကြတယ်၊ လေယာဉ်ပေါ်တက်သွားတဲ့လူတွေကို ဓာတ်ပုံထဲမှာ တစ်ယောက်ချင်း ရေတွက်ထားကြတယ်၊ ဒါပေမယ့် ပြန်ထွက်သွားတဲ့ လူတွေကတော့ သုံးဆယ့်ငါးယောက်"

"ဒါဆိုတော့ ဒီကောင်ဟာ တွက်ချက်ပြီး ကြိုတင်စီစဉ်ထားတာပေါ့၊ ရုတ်ရုတ်သဲသဲ ဖြစ်ကုန်တာကို ဒီကောင်က အခွင့်ကောင်းယူသွားတယ်ဆိုပါတော့"

ထရေ့စ်က ထင်မြင်ချက်ပေးလိုက်သည်။

"ဟုတ်ပါတယ်၊ လစ်ဗျားမှာ လေယာဉ် မဆင်းခင်ကတည်းက သူ ကြိုတင် စီစဉ်ထားပုံရပါတယ်၊ ဒါနဲ့စပ်ဆက်လို့လဲ အထောက်အထား အခိုင်အမာရှိတယ်၊ အရေးကြီးတဲ့ အထောက်အထားကတော့ လစ်ဗျားတွေ လေဆိပ်မှာပေးတဲ့ ဈေးက ကျွန်တော်တို့ပေးတဲ့ဈေးထက် မများပါဘူး၊ သန်းတစ်ရာလောက်တောင် နည်းသေးတယ်၊ ဒါကိုကြည့်ရင် လေဆိပ်မှာ ဘယ်လိုပဲဖြစ်ဖြစ် လစ်ဗျားတို့ပဲ လေယာဉ်သွားဖို့ မူလကတည်းက ရည်ရွယ်ထားတယ်ဆိုတာ သေချာတယ်၊ ဒုတိယတစ်ချက်က သူဟာ လစ်ဗျားယူနီဖောင်းဝတ်ပြီး အေးအေးဆေးဆေး ဆင်းသွားပုံထောက်ရင် သွေးအေးအေးနဲ့ စီစဉ်ထားတဲ့ သဘောပဲ—

"ဒါပေမယ့် သူမထင်တဲ့ အခွင့်အရေးတစ်ရပ်ကို ကျွန်တော် ရထားလိုက်ပါတယ်၊ အဲဒါကတော့ ဓာတ်ပုံတွေနဲ့ မှတ်တမ်း တင်ထားလိုက်နိုင်တာပါ၊ အဲဒီ ဓာတ်ပုံတွေထဲမှာ လူသတ်သမားရဲ့ပုံ ပါနေပါတယ်၊ ရာနဲ့ချီပြီးရှိတဲ့ ဓာတ်ပုံတွေထဲမှာ ထောက်လှမ်းရေးဗဟိုဟာ အတော် အချိန်ယူပြီး သူ့ပုံကို ရွေးထုတ်ရပါလိမ့်မယ်၊ ဓာတ်ပုံတွေက အဝေးက ရိုက်ထားတာဆိုတော့ သိပ်မကြည်လင်ဘူး၊ ဒါပေမယ့် အဲဒီထဲမှာ သူပါနေတယ်ဆိုတာကတော့ သေချာတယ်၊ သူ့ပုံကို ရွေးထုတ်နိုင်ဖို့ အချိန်ပဲလိုမှာပါ"

အဲလီယာက ရှင်းပြလိုက်သည်။

"ဒါဆိုရင် ငါတို့ အခြေအနေ မကောင်းဘူးဆိုတာက ယာယီပေါ့၊ ဟုတ်လား"

"လူသတ်သမား ဘယ်သူဆိုတာ မသိခင်လောက် ယာယီပေါ့၊ သူ အခု တစ်နေရာရာကို ရောက်နေလိမ့်မယ်၊ သူ ဘယ်သူလဲဆိုတာကို သိရရင် သူ့အစီအစဉ် နောက်တစ်ခုကို မလုပ်ခင် သူ့ကိုဖမ်းနိုင်မှာပါ၊ လစ်ဗျားမှာ သူ မလိမ့်ဘာစီဇတ် လုပ်လိုက်တာကိုကြည့်ရင် လူးဇပ်တွေကို သူရောင်းဖို့ မရည်ရွယ်ဘူးဆိုတာ သေချာပါတယ်၊ အခုဆိုရင် သူဒါတွေကိုင်ပြီး ဘယ်လိုလုပ်မယ်ဆိုတာ မသိနိုင်ဘူး၊ အန္တရာယ်တော့ ပိုများလာတယ်၊ အခု သူ့မှာ ငွေရော လူးဇပ်တွေရော ရှိနေပြီဆိုတော့ သူလုပ်ချင်တာ လုပ်နိုင်နေပြီ၊ သူ့လမ်းကြောင်းတွေကို ခြေရာဖျောက်နေတာကိုကြည့်ရင် အန္တရာယ် ရှိလာနိုင်တယ်ဆိုတာ ပိုသိသာတယ်၊ သူတို့လောကရဲ့ စည်းမျဉ်းစည်းကမ်းတွေကိုတောင် ဖောက်ပြီး ရှင်းလင်းဖစ်နေတယ်၊ ဒီအော



ထဲမှာ ဆက်နေမယ်ဆိုရင် ကိုယ့်လူကို ပြန်မသတ်သင့်ဘူး၊ ဒါကြောင့် ဒီကောင်ဟာ အတော်ကို ကြီးကြီးကျယ်ကျယ် လုပ်မယ့်ပုံပဲ"

"ဒါကိုတော့ ငါမကြိုက်ချင်ဘူး၊ ဒီကောင်က သူ့ကို တားဆီးနိုင်တဲ့လူ မရှိဘူးလို့ ထင်နေပုံရတယ်"

ထရေစီက ဝင်ပြောလိုက်သည်။

"ဟုတ်ပါတယ်၊ သူက အတော်ကို ဒုက္ခပေးဖို့ ရည်ရွယ်နေပါတယ်၊ ကျွန်တော်တို့ ဒီကောင့်ကို အမြန်ဆုံး ဖော်ထုတ်နိုင်ပြီး လူးဇပ်တွေနဲ့ အန္တရာယ်ပေးမလာနိုင်ခင် သူ့ကို တားဆီးနိုင်ဖို့ လိုတယ်၊ ဒီကောင် ကျွန်တော်တို့ကို စောင်းကျိုး ဖေးမယ့်ကောင် မဟုတ်ဘူး"

"နောက်ဖေးပေါက်ကကော ဘယ်လိုလဲ"

ထရေစီက မေးပြန်သည်။

"နည်းနည်းတော့ ပွင့်နေပါပြီ၊ စတြာဇာ နောက်ကို လိုက်နေတဲ့အဖွဲ့ဟာ နောက်တစ်ယောက်ကို ခြေရာခံမိနေပါတယ်၊ အဲဒီကနေ တစ်ဆင့်ချင်းလိုက်သွားရင် လူးဇပ်ကိစ္စမှာ အဓိကကျတဲ့လူဆီကို ရောက်သွားနိုင်ပါတယ်၊ အခု ကျွန်တော်တို့ တစ်ဆင့်ချင်း တက်လာပါပြီ၊ အခု နောက်ဆုံး ခြေရာခံမိတဲ့ကောင်က ဂျပုလို့ခေါ်တဲ့ ပြင်သစ်လူမျိုး ရောဘတ်ခရေ့ပါ၊ သူဟာ အတော်မြင့်တဲ့ ကွင်းဆက်ပါ၊ စတြာဇာဟာ ဘန်းမြို့မှာ လုပ်ကြံဖို့ ကြိုးစားခံရပြီး ကတည်းက အဲဒီကောင်ကို ဆက်သွယ်ခဲ့တယ်၊ စတြာဇာက သူ့ကိုသုံးပြီးလို့ ရှင်းပစ်တယ်လို့ ယူဆတာကိုး၊ ဒါကို သူကိုယ်တိုင် ရှင်းမယ်လို့ လုပ်ခဲ့တယ်၊ ဒါပေမယ့် သူ ဂျပုကို လျှော့တွက်ခဲ့မိတယ်၊

ဒီတော့ သူသေတာပေါ့၊ အခုတော့ ဂျပုကလဲ အဲဒီအတိုင်း စွန့်စားနေတယ်၊ သူ့အနာဂတ် လုံမှုလုံခြုံပါ့မလားလို့၊ အခု ကျွန်တော်တို့ ထောက်လှမ်းရေး အဖွဲ့တစ်ဖွဲ့က သူ့ကို မျက်ခြည်မပြတ် စောင့်ကြည့်နေတယ်''

''သူ ထွက်ပြေးမလား''

ထရေ့စီက မေးသည်။

''ဟင့်အင်း…သူ ပဲရစ်မှာပဲ နေလိမ့်မယ်၊ ဒါပေမယ့် သူ နေရာမငြိမ်ဖြစ်နေမှာ သေချာတယ်၊ ဂျိုလံဘီယာက လူတွေလဲ အကုန် အသတ်ခံရ၊ နောက်ဆုံး စတြာဇာကိုပါ ဆက်ဖို့လုပ်တယ်ဆိုတော့ ဒီပြဿနာ သူ့ဆီကိုပါ ရောက်လာမယ်လို့ သူ တွက်တယ်၊ နောက်တစ်ခါ သူ့အလှည့်ပဲလို့ သူထင်နေတယ်''

''တကယ်လို့ သူ့ကို ငါတို့ အကာအကွယ် ပေးမယ်ဆိုပြီး စည်းရုံးရင် ရနိုင်ပါ့မလား''

''အဲဒါတော့ မပြောတတ်ဘူး၊ သူ့ကိုခိုင်းတဲ့ အမိက ကောင်ဟာ စတြာဇာလို ကောင်မျိုးကိုတောင် သူ့ကို မြေ ရာမခံနိုင်အောင် ရှင်းပစ်နိုင်တဲ့ အင်အားရှိနေတယ်၊ သူ့ကိုယ် သူ ကာကွယ်ဖို့ ဂျပုဟာလဲ စတြာဇာလိုပဲ သူ့ရဲ့နောက်ကွင်း ဆက်တစ်ခုကို ဆက်သွယ်လာနိုင်တယ်''

''ဒါဆို သူပုန်းနေမှာလား''

''အဲဒီလို ပုန်းဖို့ဆိုရင် သူ ပဲရစ်က ထွက်ရလိမ့်မယ်၊ သူက ပဲရစ်မှာ လူသိများတယ်၊ သူပြေးပြီဆိုရင်တော့ သူပုန်းချင်လို့ပဲ၊ အဲဒါဆို ကျွန်တော်တို့ သူ့ကို ကမ်းလှမ်းကြည့်မယ်၊ သူ ဒီအတိုင်းပဲ နေတယ်ဆိုရင်တော့ သူ နောက်ကွင်းဆက်နဲ့



ဆက်သွယ်ဖို့ ကြိုးစားလိမ့်မယ်၊ အဲဒီလိုဖြစ်အောင်လဲ ကျွန်တော်တို့ သူ့ကို လှည့်ဖြားကြည့်မလို့''

အင်္ဂလီယာက ရှင်းပြနေသည်။

''ရှင်းပြစမ်းပါဦး''

''ကျွန်တော်တို့ သူ့ကို လုပ်ကြံမှုတစ်ခု ဖန်တီးလိုက်မယ်၊ အဲဒါဆိုရင် သူထွက်ပြေးရင်ပြေး၊ မပြေးရင် နောက်ကွင်းဆက်ကို သွားတွေ့လိမ့်မယ်၊ ဘာပဲလုပ်လုပ် ကျွန်တော်တို့ အတွက် နောက်ဖေးတံခါး ပွင့်သွားတဲ့ သဘောပဲ''

ထိုနည်းကို ထရေ့စီ သဘောကျသွားသည်။ သူက…

''ဒီအော်ပရေးရှင်းအတွက် ကွင်းကို ပဲရစ်မှာ ခေါ်ထားမှာလား''

''အင်း….လစ်ဗျားက လူသတ်ကောင် ဘယ်သူဆိုတာ မဖော်ထုတ်နိုင်ရင်တော့ ဒီအတိုင်း လုပ်ရမှာပဲ၊ အမိကလူကို သိရဖို့ ကျွန်တော်တို့ အတော်လေး နီးစပ်နေပြီလို့ ထင်တယ်၊ ကောင်ဟာ လေယာဉ်ပေါ်မှာ ဘာဘာရန်းနဲ့ အတူ ပါလာတယ်လို့ ယူဆတယ်၊ ဒါကြောင့် လူသတ်ကောင်နဲ့ အမိကလူဟာ တစ်ယောက်တည်းပဲ ဖြစ်ရမယ်၊ ကျွန်တော်တို့ ဂျက်လောကိုလဲ ကွင်းနဲ့ ပေါင်းပေးလိုက်မယ်''

အင်္ဂလီယာက ပြောနေသည်။

''အလက်ဇန္ဒြား ကိစ္စကကော''

''ကယ်ဆယ်ရေး အော်ပရေးရှင်း လုံးဝ အောင်မြင်ခဲ့ပါတယ်၊ အခု သူကျွန်တော်တို့လက်ထဲမှာ လုံလုံခြုံခြုံ ရှိနေပါတယ်၊ အခုကစပြီး ကျွန်တော်တို့ သူ့ကို ဒီကိစ္စတွေနဲ့ ကင်းအောင်ထားပါမယ်၊ သူ့ကို အမေရိကားကို ပြန်ပို့တာ

အကောင်းဆုံးပဲ၊ ဒါမှ ကွင်းလဲ စိတ်ချမ်းသာမယ်၊ သူပြန်လာမယ်ဆိုတဲ့အကြောင်း ဒန်ဇစ်ဂါကိုလဲ အကြောင်းကြားလိုက်မယ်’’

ထရေစီက....

‘‘အဲဒီကိစ္စတော့ ငါတို့စီစဉ်လိုက်ပါမယ်၊ ဂျပုကိစ္စသာ မင်းအမြန်ဆုံးလုပ်လိုက်၊ ငါ့တို့လဲ အမြဲသတင်းပို့ပါ၊ အစီအစဉ်အသေးစိတ်တွေကိုတော့ ဒန်ဇစ်ဂါနဲ့ စကိုင်ကိုက လူတွေကို မပြောပနဲ့၊ ရှားရှားပါးပါးရတဲ့ အခွင့်အရေးကလေးတွေ ငါတို့ လက်လွှတ်မခံနိုင်ဘူး’’

‘‘အဲဒါ ကောင်းပါတယ်၊ ကျွန်တော်တို့ ဒီကိစ္စ အခုချက်ချင်း လုပ်လိုက်ပါမယ်၊ နောက်တစ်ရက် နှစ်ရက်လောက်မှာ ပုံမှန် အချိန်အတိုင်း ဆရာ့ဆီကို ဖုန်းပြန်ဆက်မယ်’’

‘‘ကဲ....ကောင်းပါစေကွာ၊ အလက်ဇန္ဒြား အိမ်ကိုပြန်ပို့လိုက်ပြီလို့ ကွင်းကို ပြောလိုက်ဦး’’

‘‘ကျွန်တော် ပြောလိုက်ပါမယ်၊ ကျွန်တော် ဖုန်းဆက်မယ်နော်’’

* * *

**တဲလဗီးမြို့၊ အစ္စရေးနိုင်ငံ**

အခန်းထဲတွင် စားပွဲအလယ်၌ ထွန်းထားသည့် မီးလုံးတစ်လုံးမှလွဲလျှင် အားလုံး မှောင်မည်းနေ၏။ စားပွဲဝတ်လည်တွင် လူသုံးယောက်က စားပွဲပေါ်တွင် ဖြန့်ခင်းထားသည့်



အစီရင်ခံစာနှင့် ဓာတ်ပုံများကို ကြည့်နေကြသည်။ သူတို့သောက်နေကြသည့် စီးကရက် မီးခိုးများက တစ်ခန်းလုံးပျံ့လွင့်လျက် ရှိနေ၏။

မိုရှေဆင်မာမန်းက ကော်ဖီအေးကို တစ်ကျိုက်သောက်လိုက်ပြီး စီးကရက်ကို ဖွာရှိုက်နေသည်။

‘‘ဒီအချက်အလက်တွေ သိပ်ကောင်းတယ် ဒေးဗစ်၊ လစ်ဗျားမှာရှိတဲ့ မင်းရဲ့ကောင်လေးတွေ တကယ် ကြိုးစားခဲ့တာပဲ’’

ကုလားထိုင်တွင် နောက်မှီထိုင်လိုက်ရင်း ဆင်မာမန်းက ပြောလိုက်သည်။

လစ်ဗျားလုပ်ငန်းနှင့် စပ်သက်၍ ထိုသို့ ချီးကျူးသည်ကို ဒေးဗစ်ဝေါ်ဇ် ကြားနေကျ။

‘‘အဲဒီအချိန်မှာ ကဒတ်ဖီမျက်နှာကြီး ဘယ်လိုဖြစ်နေတယ်ဆိုတာ သွားကြည့်ချင်လိုက်တာ’’

ဆင်မာမန်းက ပြောနေပြန်၏။

‘‘အခုရလာတဲ့ အချက်အလက်တွေကတော့ အတော်လေးကို ကောင်းတယ်’’

အခန်းထဲရှိ တတိယလူဖြစ်သော ဇားလ်ဘားစတိန်းကဝင်ပြောလိုက်သည်။

လူးဗပ်များကို လေလံဆွဲရန် ဘာဘာရန်း ဖိတ်ခေါ်ကတည်းက အစ္စရေး ထောက်လှမ်းရေးအဖွဲ့သည် ထိုကိစ္စကို စိတ်ဝင်စားကာ အစဉ်တစိုက် ထောက်လှမ်းလာသည်၊ လေလံတွင်လည်း အစ္စရေးနိုင်ငံသည် ပထမအဆင့်မှာပင် ပြုတ်ကျခဲ့သည်။ သို့သော် အခြားအဖွဲ့များကဲ့သို့ပင် အစ္စရေးက

လူးဇပ်များကို လုပ်ထုံးလုပ်နည်းအတိုင်း ရဖို့ထက် ပို၍စိတ်ဝင်စားနေခဲ့၏။ ကဒတ်ဖိ ဘစ်ပတ်အရိုက်ခံလိုက်ရတော့ သူတို့ဝမ်းသာနေသည်။

ဘာဘာရန်း၏ လေယာဉ်ကြီး လစ်ဗျားကိုသွားမည်ကို သိသည်နှင့် လစ်ဗျားရှိ မိမိတို့၏ ထောက်လှမ်းရေးများကို ချက်ချင်း တပ်လှန့်ထားခဲ့သည်။ ယခု စားပွဲပေါ်တွင်ရှိနေသည့် အစီရင်ခံစာနှင့် ဓာတ်ပုံများမှာ လေယာဉ်ကြီးကို ရှာဖွေစဉ်က အစ္စရေး ထောက်လှမ်းရေးတို့ ရရှိလိုက်သည်များဖြစ်သည်။

ဆင်မာမန်းသည် ကော်ဖီခွက်ကို စားပွဲပေါ်သို့ ပြန်ချလိုက်ပြီးနောက် ဘာဘာရန်း၏ အိပ်ခန်းအား ရိုက်ထားသည့် ဓာတ်ပုံကို ကောက်ကြည့်လိုက်သည်။ ထိုဓာတ်ပုံထဲတွင် စက္ကူမီးခြစ်ဆံကလေးများ လွှန်မှထွက်လာသည့် လွှန်စာကလေးများကဲ့သို့ လိမ်နေသည်ကို တွေ့လိုက်ရ၏။

ယင်းတို့မှာ အကြောင်းမသိသူများအဖို့ မျက်စိလျှမ်းသွားနိုင်သည့် အချက်အလက်များ ဖြစ်သည်။ သိသူများအဖို့တော့ ယင်းတို့မှာ အတော်ကောင်းသည့် ထိုးမြလက်မှတ်များပမာတည်း။

ဆင်မာမန်းက—

''သူပြန်ပေါ်လာပြန်ပြီပေါ့ ဟုတ်လား၊ ဘယ်လောက်ကြာပြီလဲ၊ နှစ်နှစ်ထင်တယ်''

''ဟုတ်ကဲ့....နှစ်နှစ်နီးပါးပါပဲ၊ တိတိကျကျ ပြောရရင် စတော့ဟုမ်းမြို့မှာ နောက်ဆုံး တွေ့ပြီးကတည်းက တစ်နှစ်နဲ့ဆယ့်တစ်လ ရှိပါပြီ''



ဘာစတီန်းက ပြောလိုက်သည်။

လွန်ခဲ့အည့် နှစ်နှစ်ကာလအတွင်း အစ္စရေးနိုင်ငံသည် ဆွန်တာရာအား ရှင်းလင်းပစ်ရမည့် လူဆိုးစာရင်းတွင် ထိပ်ဆုံးက သတ်မှတ်ထားခဲ့သည်။ သူ့ကို ဤကမ္ဘာမြေပြင်ပေါ်မှ ပျောက်သွားအောင်လည်း အထူးသုတ်သင်ရေးအဖွဲ့များကို နှစ်နှင့်ချီ၍ လွှတ်ထားခဲ့သည်။ ၁၉၇၉ ခုနှစ်ကျတော့ ဟော်လန်နိုင်ငံတွင် သူနှင့် သူ၏ အနီးကပ်လုပ်ဖော်ကိုင်ဖက် သုံးယောက်ကို လုပ်ကြံလိုက်နိုင်သည်ဟု သတင်းပို့ကြသည်။

သည်တစ်ခါတော့ သူ သေပြီဆိုသည်မှာ သံသယရှိစရာမလိုတော့၊ ထိုစက်တင်ဘာလကတည်းက သူ့ကို စောင့်ကြည့်လာခဲ့ကြခြင်းဖြစ်သည်။ ပို၍ သေချာစေရန်လည်း အဖွဲ့နှစ်ဖွဲ့ကို လွှတ်ခဲ့သည်။ သူနှင့် သူ့အဖွဲ့တို့ ငှားနေသည့် တိုက်ခန်းကို ဗုံးဆင်ထားခဲ့၏။ သူတို့သုံးယောက် တိုက်ထဲကို ဝင်သွားသည်ကို သေသေချာချာကြည့်နေသည်။ ပြီးတော့ သူတို့အခန်းကိုရောက်အောင် စောင့်လိုက်သေးသည်။ ထိုနောက် အခန်းထဲသို့ သူတို့ ရောက်မရောက် သေချာအောင် ဖုန်းဆက်ကြည့်လိုက်သေးသည်။ ဖုန်းကို ကိုင်သည်နှင့် ဗုံးကို အဝေးထိန်းခလုတ်နှိပ်၍ ခွဲလိုက်ခြင်းဖြစ်၏။

ဗုံးမှာ အားပြင်းသောကြောင့် အလောင်းများမှာ မှတ်မိစရာမရှိ။ ဆွန်တာရာ ၁၉၇၉ ခုနှစ် စက်တင်ဘာလတွင်သေဆုံးခဲ့သည်။ သည်အတိုင်းလည်း သူတို့ ထင်ခဲ့သည်။ သို့ရာတွင် နောက်သုံးနှစ်ခန့်ကြာတော့ မျက်နှာကို ခွဲစိတ်ကုသထားသည့် ဆွန်တာရာ ပြန်ပေါ်လာပြန်သည်။ ထိုအခါ အစ္စရေးတို့သည် သူ့ကို ရှင်းပစ်ရမည့်စာရင်းတွင် 'နံပါတ်တစ်နေရာသို့ ပြန်

ထားကာ သူ့နောက်သို့ ရှင်းလင်းရေးအဖွဲ့များ လွှတ်၍ တကောက်ကောက်လိုက်စေခဲ့ပြန်သည်။

သို့ရာတွင် ပြန်လည်ရှင်သန်လာသော ဆွန်တာရာမှာ ရှိုယ် ပျောက်ဝိဇ္ဇာဗမာ ဖြစ်နေခဲ့သည်။ ဥဒရာပ တစ်လျှောက်လုံး တွင်လည်း သတင်းအစအနမရ။ ရှာမတွေ့၊ ဖမ်းမရ ဖြစ်နေခဲ့ သည်။

လွန်ခဲ့သည့် သုံးနှစ်က ဆွန်တာရာကို သတင်းထောက်လှမ်း ခဲ့သည့် ဟော်လန်နိုင်ငံမှ သတင်းထောက်လှမ်းမှူး ၄၅နလည်း ဆွန်တာရာ၏ လက်စားချေမှုကို ဆိုးဆိုးရွားရွား ခံခဲ့ရသည်။ ထိုစဉ်က လုပ်ကြံခဲ့ကြသည့် အစ္စရေး ထောက်လှမ်းရေးများ လည်း တစ်ယောက်ပြီးတစ်ယောက် လက်စားချေ အသတ်ခံခဲ့ ကြရပြန်သည်။ ထိုစဉ်က အဆင့်မြင့် ထောက်လှမ်းရေး ရှစ် ယောက် ဝါခင်ခဲ့ရာ ခုနစ်ယောက်မှာ မုဆိုးဘဝမှ သားကောင် ဘဝသို့ပြောင်းကာ အသတ်ခံခဲ့ကြရသည်။ ကျန်တစ်ယောက် ကိုမူ ဆွန်တာရာ လက်ချက်မမိခင် အစ္စရေးသို့ ပြန်ခေါ်ပြီး အမည်ပြောင်းကာ မထင်မရှားဘဝဖြင့် နေထိုင်ခိုင်းထားရ သည်။

လွန်ခဲ့သည့် နှစ်နှစ်လောက်ကတော့ စတော့ဟုမ်းမြို့ ခရစ္စမတ်တွင် ဆွန်တာရာ လာလိမ့်မည်ဟု အစ္စရေး ထောက် လှမ်းရေးတို့ သတင်းအစအန ရလာခဲ့ကြသည်။ ထို့ကြောင့် ထိပ်တန်းအဖွဲ့သုံးဖွဲ့ကို ထိုမြို့သို့လွှတ်လိုက်၏။ ခရစ္စမတ်တွင် အစ္စရေးထောက်လှမ်းရေးလေးယောက် ကောင်းရာသုဂတိသို့ လားခဲ့ရပြီးနောက် ဆွန်တာရာလည်း ပျောက်ကွယ်သွားပြန် သည်။



ဆင်မာမန်းသည် လိမ်နေသော မီးခြစ်ဆံကလေးများ အား ရိုက်ထားသည့် ဓာတ်ပုံကို ကြည့်နေရင်း မိမိ သိထား သည့် အချက်အလက်များကို တွေးနေမိ၏။ လူးဇပ်များမှာ ကိုလံဘီယာနိုင်ငံရှိ မက်ဒဲလင်မြို့ စကိုင်ကိုသုဓေတသနဗိမာန်မှ အခိုးခံခဲ့ရခြင်းဖြစ်ကြောင်း မိမိတို့ သိထားသည်။ နောက်ပြီး လူးဇပ်၏ အစွမ်းသတ္တိနှင့် ပတ်သက်၍ သရုပ်ပြသွားသည်ကို လည်း သိခဲ့ပြီးဖြစ်၏၊ ထိုဓစ္စည်းများ ပြန်ရအောင် အင်တာပိုလ် ထရေ့စ် အဖွဲ့က တာဝန်ယူ၍ လိုက်နေကြောင်းကိုလည်း သိထားသည်။

ဆင်မာမန်းသည် စီးကရက်ကို ခပ်နာနာ ဖွာရှိုက်လိုက် ပြီး....

"ဒီဘစ်ခါတော့ ဆွန်တာရာကို အပြတ်ဖြတ်မှ ဖြစ်မယ်၊ ဒီကောင်ဟာ တကယ့်အကြီးအကျယ် စစ်ခင်းဖို့ ပြင်ဆင်ထား ပုံရတယ်၊ အခုဆိုရင် ကမ္ဘာ့ရေနံသယံဇာတတွေကို ဖျက်ဆီး ဖို့ သူ့မှာ နည်းလမ်းရော၊ ငွေကြေးရော ရှိနေပြီ၊ ကမ္ဘာ့ စီးပွားရေးတစ်ခုလုံးကိုလဲ ပြန်ပြင်လို့ မရတဲ့အထိ ပျက်စီး အောင် လုပ်နိုင်နေပြီ၊ သူလုပ်တဲ့အတိုင်းသာ အောင်မြင်သွား မယ်ဆိုရင် နိုင်ငံတွေ၊ တိုက်ကြီးတွေမှာ တတိတိ သေကုန်ကြရ တော့မယ်၊ နောက်ပြီး ကျန်နေတဲ့ ရေနံကလေးကို ဝိုင်းလု ရင်း ကြောက်စရာကောင်းတဲ့ စစ်ကြီးတွေလဲ ဖြစ်လာနိုင် တယ်....

"နည်းလမ်းနှစ်ခုရှိတယ်၊ ဆွန်တာရာကို ငါတို့အာသာ မင်းမလား၊ အဲဒါတော့ သိပ်မလွယ်ဘူး၊ ဒါမှမဟုတ် ငါတို့ သိထားတာတွေ အခမရိုကန်တွေကိုပြောပြပြီး သူတို့ကို ဝိုင်း

ကူမလား၊ နှစ်ဖက် သိထားတာတွေကို ပေါင်းစပ်ပြီး အတူတွဲတိုက်မယ်ဆိုရင် ဒီတစ်ခါ ဆွန်တာရာကို ရှင်းပစ်နိုင်လိမ့်မယ်၊ ဒီနှစ်နည်းစလုံးမှာ အကျိုးလဲရှိ၊ အပြစ်လဲရှိနေတယ်။ တို့ဘာသာလုပ်ရင် လူးဇပ်ကို ငါတို့ရမယ်၊ ဒါပေမယ့် အမေရိကန်နဲ့ ဆက်ဆံရေးမှာ မျက်နှာပျက်စရာ ဖြစ်သွားနိုင်တယ်....

''ပြီးခဲ့တဲ့နှစ်နှစ်လောက်က အမေရိကန်မှာ ငါတို့ ထောက်လှမ်းမှုတွေ ပေါ်သွားလို့ မျက်နှာပျက်နေတဲ့အထဲမှာ အခုလို မျက်နှာပျက်ရရင် ပိုဆိုးသွားနိုင်တယ်၊ ငါတို့ အစိုးရနှစ်ဖွဲ့ ဆက်ဆံရေးပျက်လို့တော့ မဖြစ်ဘူး၊ နောက်ပြီး အမေရိကန်တွေနဲ့ ပူးပေါင်းဆောင်ရွက်ပြီး သူတို့ကို ကူညီလိုက်မယ် ဆိုရင်တော့ ငါတို့ချင်း 'ဆက်ဆံရေး ပိုကောင်းလာနိုင်တယ်၊ အဲဒီမှာ ဆွန်တာရာကို ရှင်းနိုင်မှာတော့ အမှန်ပဲ''

''လူးဇပ်ကိုတော့ ကျုပ်တို့ မရတော့ဘူးပေါ့''

ဒေးဗစ်က ပြောလိုက်သည်။

''ရရင်လဲ မူလပိုင်ရှင်ဆီကို ပြန်ပေးရမှာပဲ၊ သူတို့နဲ့ ငါတို့ ဆက်ဆံရေး အဆင်ပြေရင် လူးဇပ်ဟာ ငါတို့အတွက် အန္တရာယ်မရှိတော့ဘူးပေါ့''

ဆင်မာမန်းက ပြန်ပြောလိုက်၏။

ဘားစတီန်းက....

''အမေရိကန်နဲ့ ဆက်ဆံရေးပျက်လို့တော့မဖြစ်ဘူး၊ သူတို့ အကူအညီ ကျုပ်တို့လိုတယ်၊ ကျုပ်တို့ လူးဇပ်ကို ရရင်လဲ သူတို့က ပြန်တောင်းမှာပဲ၊ မပေးရင်လဲ ပိုဆိုးဦးမယ်''

''ဝန်ကြီးချုပ်က ဘာပြောလဲ''



ဒေးဗစ်က မေးသည်။

''ငါတို့အတွက် လက်နက်ရဖို့ထက် မဟာမိတ်ရဖို့က ပိုအရေးကြီးတယ်''

ဆင်မာမန်းက ပြောလိုက်သည်။

ဤတွင် ဘားစတိန်းက ဝင်၍....

''ဒါဆိုရင် ကျုပ်ကတော့ အင်တယ်ထရေ့စ်ကို ချဉ်းကပ်ပြီး အပြန်အလှန် ကူညီတာမျိုးကိုပဲ ကြိုက်တယ်၊ လူးဇပ်ကို မရရင်တောင် ကျုပ်တို့အတွက် အကျိုးရှိနိုင်တယ်၊ ကျုပ်တို့ လိုချင်တာက ကိုယ့်ကိုယ်ကို ကာကွယ်နိုင်ဖို့၊ မဟာမိတ်နိုင်ငံရှိဖို့နဲ့ ဆွန်တာရာကို ရှင်းပစ်ဖို့မဟုတ်လား''

ဆင်မာမန်းက ကုလားထိုင်ပေါ်တွင် နောက်မှီထိုင်လိုက်ရင်း....

''ဒေးဗစ်ကကော''

''တခြားလမ်းလဲမရှိဘူးလေ၊ ကျွန်တော်တို့ အင်တယ်ထရေ့စ်နဲ့ ဘယ်လောက်မြန်မြန် ဆွေးနွေးနိုင်မလဲ''

''အခုချက်ချင်းပဲ ဆွေးနွေးမှာ၊ ဒီအော်ပရေးရှင်းကို အီလီယာ ကိုင်ထားတာ၊ သူက ငါတို့ မော့ဆက်အဖွဲ့ရဲ့ မိတ်ဆွေကောင်း တစ်ယောက်ပဲ၊ ဦးဆောင်ပြီး ထောက်လှမ်းနေတာက မိုက်ကယ်ကွင်း၊ ဆွန်တာရာကို ယှဉ်နိုင်မယ့်လူဆိုလို့ ကွင်း တစ်ယောက်ပဲ ငါ မြင်တယ်''

ဆင်မာမန်းက ပြောပြနေသည်။

“ကွင်း ဟုတ်လား၊ ဒိုက်ယက်တာအရွေးတုန်းကကော ဒီလား”

ဒေးဗစ်က မေးလိုက်သည်။

ဆင်မာမန်းက ပြုံးလိုက်ပြီး....

“မင်းကတော့ အသက်ကြီးပေမယ့် မှတ်ဉာဏ်တွေ မပျက်စီးသေးဘူးပဲ၊ ဟုတ်တယ်၊ သူပဲ၊ ဆွန်တာရာကိုယှဉ်ဖို့ သူ့ကို ရွေးလိုက်တာ အင်မတန် စိတ်ဝင်စားဖို့ကောင်းတယ်၊ ငါတို့ ဆွန်တာရာကိုယှဉ်နိုင်မယ့် အကောင်းဆုံးလူတွေကို ရွေးထုတ်စုပေါင်းပြီး သူတို့ကို အတတ်နိုင်ဆုံး ကူညီရမယ်”

“ကျွန်တော်တို့ရဲ့ ကမ်းလှမ်းချက်ကို သူတို့က လက်ခံပါ့မလား”

“လက်ခံမှာပေါ့၊ အိုလီယာ အခု ပဲရစ်ကို ရောက်နေတယ်၊ ငါတို့ အခုဆက်သွယ်ပြီး တင်ပြကြည့်မယ်လေ၊ ငါတို့ဘက်က သိထားတာတွေ အကုန် ပြောပြလိုက်မယ်၊ အကူအညီလဲ အပြည့်ပေးမယ်၊ သူတို့ဘက်က ဆွန်တာရာကို အပြတ်ရှင်းပေးရမယ်၊ ဘာမေးစရာရှိသေးလဲ”

ဆင်မာမန်းက မေးလိုက်သည်။

မေးရန်မရှိကြတော့။

“ကဲ....လူသာရွေးထားပေတော့ ဘားစတိန်း၊ မနက်ဖြန်ညနေ ပဲရစ်ကို သူတို့ရောက်နေစေ၊ ဆွန်တာရာ ခြေရာပျောက်တော့မယ်၊ အချိန်သိပ်မရှိဘူး....



“ဒေးဗစ်က ဥရောပမှာရှိတဲ့ အဖွဲ့တွေကို ဆက်သွယ်ထား၊ ဆွန်တာရာ သူ့လမ်းကြောင်းမှာ အကူအညီတွေလိုမယ်၊ သူ ဘာဘာရန်းကို သတ်လိုက်တဲ့အတွက် အကြမ်းဖက်သမားတွေကတော့ သူ့ကို ကူညီကြမှာ မဟုတ်တော့ဘူး၊ လူကိုယ်တိုင်လဲ ဖိပြီးလိုက်၊ ငွေပေးဖို့လိုရင်လဲ ဘယ်လောက်ဖြစ်ဖြစ်ပေး၊ ဆွန်တာရာဟာ မကြုံစဖူး တစ်ကမ္ဘာလုံးနဲ့ယှဉ်ပြီး အကြမ်းဖက်လိမ့်မယ်လို့ ထင်နေတယ်၊ သူနဲ့ပတ်သက်လို့ ငါတို့ ဒီတစ်ခါပဲ အခွင့်အရေးရနိုင်မယ်၊ ဒီတစ်ခါတော့ သူ့ကို လက်လွှတ်လို့ မဖြစ်ဘူး”

အခန်း (၂၈)

## ပဲရစ်မြို့

လီလီယွာသည် ဆက်ခရီကိုယာ ဘုရားကျောင်းသို့တက် ရာ လှေကားတွင် ရပ်နေသည်။ ထိုကျောင်းကြီးမှာ ထုံး ကျောက် တောင်ကုန်းကြီးပေါ်၌ တည်ရှိနေ၏။ တောင်ကုန်း ခြေရင်းမှ လှေကားနှင့် အပေါ်ရှိ လှေကားကြားတွင် ပေ ငါးဆယ်ကျယ်သော မြက်ခင်း မြေကပြင်ကလေးတစ်ခု ရှိ သည်။ ထိုမြေကပြင်ကလေးပေါ်တွင် ကုလားထိုင်များ တ ဒါဇင်ခန့် ချထားသည်။ ထိုနေရာမှကြည့်လျှင် မြို့ကိုဆီးမြ နေရ၏။ စောလွန်းနေသဖြင့် ထိုင်ခုံများတွင် လူသူမရှိသေး ထိုင်ခုံတစ်ခုတွင်သာ ထိုင်နေသူတစ်ယောက် ရှိသည်။

အီလီယာက ဆံပင်ပါးပါး၊ အရပ်မြင့်မြင့်၊ မျက်မှန်နှင့် ထိုလူကို မြင်လိုက်သည်နှင့် မှတ်မိလိုက်သည်။ အီလီယာက လှေကားမှတက်၍ မြေကပြင်ပေါ်သို့ ရောက်သောအခါ ထို



ထံသို့ လျှောက်လာခဲ့၏။ ထိုလူက ကုလားထိုင်ပေါ်တွင် ရှေ့ သို့ကိုင်းကာ ခိုကလေးများကို အစာကျွေးနေသည်။

"ဟဲလို...အီလီယာ၊ အခုလိုလာတာ ကျေးဇူးတင်ပါ တယ်"

ထိုလူက လှည့်မကြည့်ဘဲ ခိုများကို အစာဆက်ကျွေးနေ ရင်း ပြောလိုက်သည်။

"ဟေ....ပီတာ"

အီလီယာက သူ့ရှေ့တွင် မတ်တတ်ရပ်ရင်း ခေါ်လိုက် သည်။

ထိုလူ၏အမည်မှာ ပီတာစတရေယာ ဖြစ်သည်။ သူက အီလီ ယာ၏ ဒိတ်ဆွေဟောင်းတစ်ယောက်ဖြစ်၍ မော်ဆက် အစ္စရေး ထောက်လှမ်းရေး အဖွဲ့တွင်လည်း အီလီယာ၏ အဆင့်မြင့် အဆက်အသွယ်တစ်ယောက် ဖြစ်၏။

"ခင်ဗျား ပဲရစ်ကို ဘာလာလုပ်တာလဲ"

အီလီယာက မေးလိုက်သည်။

စတရေယာက ခိုများထံမှ အကြည့်ကိုခွာကာ ကုလားထိုင် မှာ နောက်မှီ၍ ထိုင်လိုက်ပြီး---

"ခင်ဗျားတို့အတွက် ယိပ်အဆင်ပြေမယ့် ကိစ္စတစ်ခု လာ ဦးကမ်းလှမ်းတာ"

"ဘာများလဲ ပီတာ"

"လစ်ဗျားမှာ ဖြစ်သွားတဲ့ ကိစ္စလေးပါ၊ ထရီပိုလီမှာ ကျွန်တော်တို့ ထောက်လှမ်းရေး ကောင်လေးတွေဟာ ခင်ဗျားတို့အတွက် အဖိုးတန်မယ့် သဲလွန်စတစ်ခုကို တွေ့ ထားတယ်"

"ဘယ်လို သဲလွန်စလဲ"

"ဘယ်သူ့ လက်ချက်ဆိုတာ သိနိုင်တဲ့ သဲလွန်စမျိုးပေါ့"

အီလီယာက အစ္စရေးထောက်လှမ်းရေးကို ငုံ့ကြည့်လိုက်ပြီး သူ့ဘေးမှ ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။ ပြီးတော့....

"ကဲ....ဆိုစမ်းပါဦး"

"တမြန်နေ့ညက ဘာဘာရန်းရဲ့ ကိုယ်ပိုင် လေယာဉ်ကြီးပေါ်မှာ ဘာဘာရန်းကိုရော တခြားလူတွေ အားလုံးကိုရော သတ်သွားတဲ့လူကို ကျုပ်သိထားတယ်၊ ခင်ဗျား စိတ်ဝင်စားရဲ့လား"

"စိတ်ဝင်စားပါတယ်၊ အဲဒီအတွက် ကျုပ်တို့က ဘာပြန်ပေးရမှာလဲ"

"အမေရိကန် အစ္စရေး နှစ်ဖက်ပေါင်းပြီး အဲဒီကောင်ကို လိုက်သုတ်သင်ချင်တယ်၊ အစ္စရေးဟာ ဒီကောင်ကို စိတ်ဝင်စားနေတယ်၊ သူ့ကိုသတ်တဲ့နေရာမှာ ကျုပ်တို့လဲ ပါချင်တယ်"

"နောက်ပြီးတော့ကော"

"ကျုပ်တို့ နှစ်နိုင်ငံကြားမှာ ရှိနေတဲ့ အာဃာတတွေကို သင်ပုန်းချေရမယ်၊ ပြီးခဲ့တဲ့ နှစ်နှစ်လောက်အတွင်း ကံအားလျော်စွာ ဖြစ်ခဲ့တဲ့ အဖြစ်အပျက်ကလေးတွေအတွက် ကျုပ်တို့ ပြည်သူတွေက စိတ်မကောင်းဖြစ်နေကြပါတယ်၊ ဒီကာလမှာ နှစ်နိုင်ငံ ဆက်ဆံရေးဟာ ပွင့်ပွင့်လင်းလင်း မရှိခဲ့ကြဘူး၊ ကျွန်တော်တို့ဘက်က မှားသွားတယ်ဆိုတာလဲ ဝန်ခံပါ



တယ်၊ ဒီကိစ္စတွေကို သင်ပုန်းချေပေးစေချင်တယ်၊ ဒါဟာ နှစ်ဖက်စလုံးအတွက်လဲ ကောင်းပါတယ်"

အဲလီယာက အတန်ငယ် စဉ်းစားလိုက်ပြီး....

"လူးဇပ်ကကော"

"လူးဇပ်က ခင်ဗျားတို့ကိစ္စပါ၊ ဒါတွေ မူရင်းမိုင်ရှင်လက်ထဲကို ပြန်ရောက်ရင် ကျွန်တော်တို့ ကျေနပ်ပါတယ်၊ တကယ်လို့ ကျွန်တော်တို့လက်ထဲကို ရောက်လာရင်လဲ ခင်ဗျားတို့ကို ပြန်ပေးမှာပါ၊ ဒါ ကျွန်တော်တို့ ပြည်သူတစ်ရပ်လုံးရဲ့ ကတိအဖြစ် ပေးပါတယ်"

အဲလီယာက ခေါင်းကို ဆတ်ခနဲညိတ်လိုက်ပြီး....

"ခင်ဗျားပြောတဲ့ ပထမအပိုင်း နှစ်ပိုင်းကိုတော့ ကျုပ်လက်ခံပါတယ်၊ ကျုပ်တို့ အစိုးရကိုယ်စား ပြောရမယ့်ကိစ္စကိုတော့ ကျုပ်မပြောနိုင်သေးဘူး၊ ဒါပေမယ့် သမ္မတကြီးကို ပြောပြရင်တော့ ရနိုင်ကောင်းပါတယ်"

စထရေယာက ခေါင်းညိတ်လိုက်ရင်း....

"ခင်ဗျားဟာ စကားတည်တဲ့လူလို့ ကျွန်တော် နားလည်ထားပါတယ်၊ ကျွန်တော်တို့ပေးတဲ့ သတင်းတန်ဖိုးကိုကြည့်ရင် ကျွန်တော်တို့ရဲ့ ရိုးသားမှုကို ခင်ဗျားတို့ သမ္မတကြီး သဘောပေါက်လာမှာပေါ့၊ ခင်ဗျားကိုလဲ ယုံပါတယ်"

"ကဲ....ဒါဖြင့် ဘယ်သူ့လက်ချက်လဲ"

အဲလီယာက မေးလိုက်သည်။

"ခင်ဗျားတို့ လိုချင်နေတဲ့လူက ရာဖဲ ဆွန်တာရာပါ"

"ဆွန်တာရာ....ဟုတ်လား၊ သေချာရဲ့လားဗျ"

အီလီယာ မှင်တက်မိသလို ဖြစ်သွားရသည်။

စထရေယာက လိမ်ကောက်နေသော မီးခြစ်ဆံကလေးများအား ရှိုထားသည့် ဓာတ်ပုံကို ထုတ်ပြလိုက်ရင်း....

"သေချာပါတယ်။ ဒါက ဘာဘာရန်ရဲ့ ၄၅၄ လေယာဉ်ကြီးပေါ်မှာ ရိုက်ထားတဲ့ ဓာတ်ပုံလေ၊ လေယာဉ်ခုံရဲ့ ပေါ်မှာ သူ့နာမည်ကို ဆေးနဲ့ ရေးထားခဲ့တာထက်တောင် သေချာသေးတယ်။ မမှားနိုင်ဘူး၊ သူမှသူ"

"ခင်ဗျားတို့ ဘာကြောင့် ဒီလောက် စိတ်ဝင်စားနေရတယ်ဆိုတာ ကျွန်တော် သဘောပေါက်ပါပြီ"

အီလီယာက ဓာတ်ပုံကို ယူကြည့်ရင်း ပြောလိုက်သည်။ ဆွန်ဘာရာမှာ အစ္စရေးတို့ အမိက လိုက်နေသော လူတစ်ယောက်ဖြစ်ကြောင်းကိုလည်း အီလီယာ သိနေသည်။

အီလီယာကလည်း ဘန်းမြို့ တိုက်ပြဘင်းပေါက်မှလူအား ရိုက်ထားလိုက်သည့် ဓာတ်ပုံကို အိတ်ထဲမှ ထုတ်ပြလိုက်ပြီး....

"ဒီဓာတ်ပုံကို ကျွန်တော့် ခြောက်ရက်လောက်က ဘန်းမြို့မှာ ရိုက်ထားတာ၊ ဒီပုံကို ခင်ဗျား ဘယ်လိုနားလည်သလဲ"

သူက စထရေယာအား ဓာတ်ပုံကမ်းပေးရင်း မေးလိုက်သည်။

စထရေယာသည် ဓာတ်ပုံကိုယူ၍ အတန်ကြာအောင်ကြည့်ပြီး—

"ဒါ ကမဲနတ်ဆာပဲ၊ ဆွန်ဘာရာရဲ့ လက်ထောက်လေ၊ ဆွန်ဘာရာယုံတဲ့လူ သိပ်မရှိဘူး၊ ဒီကောင်ကတော့ ဆွန်ဘာရာရဲ့ ညာလက်ရုံး တစ်ယောက်ပေါ့ ကဲ....နောက် ဘာတွေရှိသေးလဲ"



အီလီယာက မိမိတို့ စတြာဇာနောက်လိုက်ရင်း ဂျုပုအား ခြေရာခံမိပုံကို ပြောလိုက်သည်။

"ဟုတ်တယ်၊ ဂျုပုက ကမဲရဲ့လူပဲ၊ ဂျုပုကို ဆွန်ဘာရာ ကိုယ်တိုင်ကလဲ သုံးခဲ့ဖူးတယ်၊ စတြာဇာရဲ့ အဆင့်အထိ ခြေရာ ကောက် ရှင်းပစ်တယ် ဆိုတာကတော့ ထူးခြားတယ်၊ ဆွန်ဘာရာဟာ သူလုပ်နေတာတွေကို သိတဲ့လူမရှိအောင် လုပ်နေပဲ၊ ဒါမျိုးဟာ သူလုပ်နေကျတော့ မဟုတ်ဘူး၊ ဒီလောက်အထိ လုပ်တယ်ဆိုရင် သူဟာ အတော် ကြီးကြီးကျယ်ကျယ် လုပ်တော့မယ်ထင်တယ်၊ သူ့စီမံကိန်းကို အကောင်အထည် ဖော်တဲ့နေရာမှာ ဘာမဆို လုပ်မယ်ဆိုတဲ့ သဘောပဲ"

စထရေယာက ထင်မြင်ချက် ပေးနေ၏။

"ခင်ဗျားပေးတဲ့ သတင်းကတော့ အတော်ကို တန်ဖိုးရှိတယ် ပီတာ၊ လူးဇပ်ကိစ္စမှာ နောက်က ကိုင်တွယ်နေတဲ့ အဓိကလူကို အခု ခင်ဗျားပြောမှ သိရပါတယ်၊ ကျွန်တော်တို့ကတော့ ဂျုပုကနေတစ်ဆင့် လိုက်မယ်လို့ စိတ်ကူးထားတာ"

"ကောင်းတယ်၊ ဂျုပုကိုကိုင်တွယ်နိုင်ရင် ကမဲဆီကို ရောက်မယ်၊ ကမဲကတစ်ဆင့် ဆွန်ဘာရာဆီကို ရောက်မယ်၊ ဆွန်ဘာရာကိုတော့ သတ်ပစ်၊ ရှင်းပစ်မှဖြစ်မယ်၊ ဒီကောင်ဟာ ကျွန်တော်တို့ ထောက်လှမ်းရေးတွေ တွေ့ဖူးသမျှထဲမှာ အန္တရာယ်အကြီးဆုံးနဲ့ ရှာရ အခက်ဆုံးကောင်ပဲ"

"ကဲ...ခင်ဗျား ဘာဆက်လုပ်ချင်သလဲ"

အီလီယာက မေးလိုက်သည်။

"ခင်ဗျားလူတွေနဲ့ ကျုပ်တို့လူတွေဆုံပြီး အစီအစဉ်တွေဆွဲ၊ အတူပေါင်းပြီး ဆွန်ဘာရာကို ဖြိုကြမယ်"

"ဘယ်နေရာ၊ ဘယ်အချိန်မှာ ဆုံမလဲ"

"မနက်ဖြန်၊ ဒီပဲရစ်မြို့မှာပဲ၊ လက်ခံလား"

"ကောင်းပြီ လာခဲ့မယ်၊ တွေ့မယ့်နေရာသာ ပြော"

စထရေဃာသည် ကျေနပ်စွာ ပြုံးလိုက်ပြီး....

"ဒီညနေ ကျွန်တော် ခင်ဗျားဆီ ထပ်ဆက်ပြီး အသေးစိတ် ပြောမယ်"

ဆွန်တာရာ....

အီလီယာ ရင်တွေ ခုန်လာမိသည်။ ဘာပဲဖြစ်ဖြစ် မိမိတို့ လိုချင်သည့်လူကိုတော့ သိရပြီဖြစ်၏။

*　　*　　*

## ဆန်အင်တိုနီယိုမြို့

ဆန်အင်တိုနီယိုမြို့ လေဆိပ်သို့ အမေရိကန် လေကြောင်းလေယာဉ်ကြီး ဆိုက်ကပ်လာသည်ကို ဒန်ဇစ်ဂါ စောင့်ကြည့်နေသည်။

ထိုနောက် လေယာဉ်ပေါ်မှ ဆင်းလာကြသည့် ခရီးသည်များအကြား ဒန်ဇစ်ဂါ လိုက်ရှာကြည့်နေ၏။ တံခါးဝေါက်တွင် ပေါ်လာသော အလက်ဇန္ဒြားကို မြင်လိုက်သည်နှင့် သူမထံသို့ လျှောက်လာခဲ့၏။

အလက်ဇန္ဒြားသည် နေကာမျက်မှန်ကိုတပ်လျက် သူ့ကိုကြည့်လိုက်၏။ သူမ ယခုလို သည်ကိစ္စထဲတွင် ဝင်ရှုပ်ခဲ့သည့်အတွက် ဒန်ဇစ်ဂါ စိတ်ဆိုးတော့မည်ဟု သူမ သိနေသည်။



ဒန်ဇစ်ဂါကလည်း သူမ၏ ဘယ်ဘက်မျက်လုံးအောက်တွင် ညိုမည်းနေသည်ကို နေကာမျက်မှန်အောက်၌ တစ်ဝက်တစ်ပျက် တွေ့လိုက်ရ၏။ ဒန်ဇစ်ဂါ သူမကို စိုက်ကြည့်နေမိသည်။ သူမကို စိတ်ဆိုးချင်လျက် မဆိုးနိုင်ခဲ့။ တကယ်တော့သူမ ပြန်ရောက်လာသည်ကိုပင်¦ ဝမ်းသာနေရသည်။

"ဖေဖေကော ဟင်"

"သိပ်နေမကောင်းလှဘူး အလက်ဇန္ဒြား၊ ဒီမနက်ပဲ နှလုံးရောဂါ နည်းနည်းထသေးတယ်"

"နှလုံးရောဂါထတယ် ဟုတ်လား"

သူမက အလန့်တကြား မေးလိုက်သည်။

ဒန်ဇစ်ဂါက လက်ကာပြလျက်....

"သိပ်စိုးရိမ်ရလောက်အောင်တော့ မဟုတ်ပါဘူး၊ ဆရာဝန်က စိတ်ပင်ပန်းမခံဘဲ ဘိုလ်ဒါဆေးရုံမှာ သွားအနားယူနေဖို့ ပြောတယ်"

ပြီးခဲ့သော ရက်အပိုင်းအတွင်းက ဖြစ်ပျက်ခဲ့သည်များမှာ လူကောင်းတစ်ယောက်အဖို့ပင် စိတ်သက်သာဖွယ်မရှိ။ သူမအနေဖြင့် ဖခင် နှလုံးရောဂါဖြင့် ဆုံးပါးသွားမည်ကို သိပ်စိုးရိမ်နေမိသည်။

"အဲဒါပဲ ကောင်းပါတယ်၊ ကျွန်မ ဖေဖေ ကို တွေ့ချင်သေးတယ်၊ ကျွန်မ ဘာမှမဖြစ်ဘူးဆိုတာ သူ သိအောင်လို့"

"သူ အခု အိမ်မှာ မင်းကိုစောင့်နေတယ်၊ ဒါပေမယ့် ဒီနေ့ပဲ သူ့ကို ဆေးရုံပို့ထားရမယ်၊ ဆေးရုံမှာနေတာ အကောင်းဆုံးပါပဲ၊ ဆေးရုံမှာဆိုတော့ ပိုဂရုစိုက်နိုင်တာပေါ့"

"ကဲ...ဒါဆိုလဲ သွားကြရအောင်၊ ပစ္စည်းတွေကိုနောက်မှ လာယူခိုင်းလိုက်မယ်"

အလက်ဇန္ဒြားက ပြောရင်း ဒန်ဇစ်ဂါ၏ လက်မောင်းကို ဆွဲခေါ်လာခဲ့သည်။

* * *

**မလာဂါမြို့၊ စပိန်နိုင်ငံ**

မြေထဲပင်လယ်ကို ဖြတ်တိုက်လာသော လေကို ဆွန်တာရာ အဆုတ်ပြည့်အောင် တဝကြီးရှူပစ်လိုက်သည်။ အိမ်ရှေ့ ကျောက်ခုံပေါ်တွင် ထိုင်နေရင်း လှိုင်းရိုက်သံများကိုလည်း မှောင်ထဲတွင် ကြားနေရ၏။ ပင်လယ်ပြင်ပေါ်တွင် ကျရောက်နေသော ငွေလရောင်ကိုကြည့်၍လည်း သူ စိတ်ချမ်းမြေ့နေမိသည်။ မိမိအကြံအစည်များ အထစ်အငေါ့ အနည်းအကျဉ်းရှိသည်မှအပ အားလုံး အောင်မြင်ခဲ့၍လည်း ကျေနပ်နေမိ၏။

သည်ညတော့ ရရီတာနှင့် မတွေ့ရသည်လောက်သာ ပြောစရာရှိသည်။ သူမကို သိပ်လွမ်းသည်။ မိမိတို့ သားကလေးကြီးလာပြီဖြစ်၍ သူမ မည်သို့နေမည်မသိ။ ဆွန်တာရာ မျက်စိကို မှိတ်ကာ မှန်းကြည့်နေမိသည်။ သူမကိုဖက်ကာ ဗိုက်ထဲမှ ကလေးတိုးသည်ကို စမ်းကြည့်ချင်စမ်းပါဘိတော့။

ထိုသို့နေရမည့်အချိန်လည်း သိပ်မဝေးတော့။ တစ်လ သို့မဟုတ် နှစ်လလောက်ဆိုလျှင် သူမတို့ ခေါ်ယူလိုက်မည်။



ထိုနောက်ပိုင်းကျလျှင်တော့ နှစ်ဦးအတူ နေသွားကြရမည်။ ပြေးစရာမလို ပုန်းစရာမလိုဘဲ နေသွားရမည့် မိမိတို့ ဘဝမှာ မည်သို့ရှိချိမ့်မည်နည်း။

သို့ရာတွင် ဆွန်တာရာလိုလူမျိုးအဖို့ ထာဝရငြိမ်းချမ်းသည်ဟူ၍ မရှိ၊ တစ်ခုတော့လုပ်ရဦးမည်။ လူတစ်ယောက်ကို သတ်ရဦးမည်။ တစ်ခေါက်တော့ ပြေးရဦးမည်၊ တစ်ကြိမ်တော့ ပုန်းရဦးမည်။

တယ်လီဖုန်း မြည်သံကြောင့် အတွေးများ ပြတ်သွားရသည်။

နာရီကိုကြည့်လိုက်ပြီး ကမဲ အချိန်မှန် ဆက်သွယ်သဖြင့် စိတ်ချမ်းသာသွားသည်။ သူက အိမ်တွင်းသို့ ဝင်ကာ ဖုန်းကို ကိုင်လိုက်သည်။

"ပြောပါ"

သူက ဖုန်းထဲတွင်ပြောလိုက်သည်။

"ဟဲလို...အစ်ကို"

ကမဲအသံ တစ်ဖက်မှပေါ်လာသည်။

"အားလုံး အဆင်ပြေတယ်မဟုတ်လား"

ဆွန်တာရာ မေးလိုက်သည်။ စကားဝှက်များလည်း ကမဲ၏ အလိုကျ မသုံးတော့။ ယခုလို အချိန်တွင် အချိန် အတိအကျ ဆက်သွယ်ရေးက ပိုအရေးကြီးနေ၏။

"စတြာဇာ ကိစ္စတော့ ရှင်းပြီးသွားပြီ၊ အစ်ကို့ဘက်ကကော အားလုံးအဆင်ပြေတယ် မဟုတ်လား"

"အသေးအမွှားပါကွာ၊ မင်းဘက်မှာ မထင်မှတ်တဲ့ ပြဿနာတွေ ပေါ်သေးလား"

တစ်ဖက်မှ ရှုတ်တရက် အသံပေါ်မလာ။

“နည်းနည်းပါးပါးလောက်ပါ”

ကမဲက ပြောသည်။

“ပြောစမ်းပါဦး”

“စကြာဇာက ကျွန်တော် ထင်တာထက် ပိုခက်သွားတယ် အစ်ကို၊ ဘန်းမြို့မှာတုန်းက ကျွန်တော် မအောင်မြင်လိုက်ဘူး၊ ခြောက်ရက်ခလောက် နောက်ကျပြီးမှ အဆင်ပြေသွားတယ်”

“ဘယ်လိုဖြစ်လို့လဲ”

ဆွန်တာရာက မကျေနပ်သံနှင့် မေးသည်။

“ဘန်းမြို့မှာ ကျွန်တော်လုပ်တာ မအောင်မြင်လိုက်တော့ သူ ပုန်းနေပြီး ပဲရစ်ကို ရောက်သွားတယ်၊ ပြီးတော့ ဂျပုကို အတင်းသွားတွေ့တယ်၊ ကျွန်တော် အဆက်အသွယ်ဆီက တစ်ဆင့် သိရတာက ဂျပုက သူ့ကို ရှင်းလိုက်တယ်လို့ ပြောတယ်”

“ခြောက်ရက်တောင်လားကွာ၊ ရှင်းလိုက်ပြီဆိုတာကော သေချာရဲ့လား”

ဆွန်တာရာက မေးလိုက်သည်။

“ဟုတ်ကဲ့၊ သေချာပါတယ်၊ စကြာဇာဟာ တစ်ချိန်လုံး ပုန်းနေရာက ဂျပုကို သွားတွေ့တော့မှ ပေါ်လာတာ၊ တစ်ယောက်ချင်း တွေ့တာ၊ အမြန်ဆုံးကို အပြတ်ရှင်းလိုက်တာ၊ စကြာဇာနဲ့ ပတ်သက်လို့ ကျွန်တော်တို့ ပူစရာ မလိုတော့ဘူး”



“မင်းကိုယ်တိုင် မရောက်ဘဲနဲ့ သေချာတယ်လို့ ဘယ်လို ပြောနိုင်မှာလဲ”

ကမဲ အတန်ကြာအောင် အသံတိတ်သွားပြန်သည်။

“ဒီကောင် ဂျပုကို သွားတွေ့တယ်ဆိုတာ ငါတို့ကို ထိခိုက်လာနိုင်တယ် ကမဲရဲ့၊ ဂျပုဟာ မင်းနဲ့ ရန်သူကြားမှာ နောက်ဆုံး အလွှာပဲဆိုတာ မင်း သိပါတယ်၊ သူတို့နှစ်ယောက် တွေ့တာကို အင်တယ်ထရေ့စ်က မြင်သွားတာမျိုး ငါ အဖြစ်မခံနိုင်ဘူး၊ ဒီကောင်ကိုပါ ရှင်းပစ်ရမယ်”

ဆွန်တာရာ အတော်ပင် မကျေမနပ်ဖြစ်နေသည်။

“ရှင်းပစ်ရမယ် ဟုတ်လား၊ ဂျပုက ယုံချပါတယ် အစ်ကိုရာ၊ ဒီကောင်က စိတ်ချရပါတယ်၊ နောက်လဲ သူ့ကို သုံးချင် သုံးရဦးမှာ”

“အတိမ်းအစောင်းမခံနိုင်ဘူးကွ၊ တစ်ချက် မှားတာနဲ့ ငါးပါးမှောက်ပြီမှတ်၊ မှားနိုင်တာတွေကို အကုန် ရှင်းပစ်ရမယ်”

“သူ ကျွန်တော်တို့ကို ဘယ်တော့မှ သစ္စာမဖောက်ပါဘူး အစ်ကို၊ အဲဒါကိုတော့ စိတ်ချပါ၊ သူ့ကို သတ်လိုက်ရင် ကျွန်တော်တို့ သစ္စာမဲ့ရာကျမယ်၊ မှားမယ်အစ်ကို”

“ငါတို့ကိစ္စ အောင်မြင်ဖို့ပဲ ငါ သိတယ် ကမဲ၊ သူ့ကို သတ်ရင် မရေရာတော့ဘူး၊ ငါတို့ မျှော်လင့်ထားတာတွေ အားလုံး ဆုံးရှုံးသွားနိုင်တယ်”

“ဒါပေမယ့် အစ်ကိုရယ်....ဒီကောင်ဟာ အရင်က ကျွန်တော်တို့ကို တစ်ခါမှ သစ္စာမဖောက်ခဲ့ဘူး”

''မင်း ပြောတာလဲ မှန်ပါတယ်၊ ဒါပေမယ့် စတြာဇာကို ရှင်းတာ နောက်ကျသွားတယ်ကွ၊ သူ ဂျပုဆီကို သွားတဲ့အချိန်မှာ သူ့နောက်ကို လိုက်လာတဲ့လူ ရှိနိုင်တယ်၊ မလိုက်ဘူးလို့ ဘယ်ပြောနိုင်မလဲ၊ မင်း ထင်တဲ့အတိုင်းသာမဟုတ်ရင် မင်းမှာ အန္တရာယ်ရှိနေပြီ ကမဲ၊ သူ မင်းဆီကို လာတွေ့နိုင်တယ်၊ အဲဒီလို လာတွေ့ရင် သူ့နောက်ကိုလိုက်နေရာက မင်းကို ခြေရာခံမိသွားနိုင်တယ်''

ကမဲ အခေတာ်ကိုလန့်သွားကြောင်း တယ်လီဖုန်းထဲမှပင် သိလိုက်ရသည်။

''ဒီအန္တရာယ်လဲ ကျွန်တော် တွက်မိပါတယ်၊ ဒါပေမယ့် ဂျပုကိုသတ်လိုက်ရင် ကျွန်တော်တို့ သိပ်လွန်ရာ ကျသွားမယ် အစ်ကို၊ စတြာဇာကို သတ်လိုက်တာတောင် လွန်လှပြီ၊ ကျွန်တော်တို့ ခိုင်းတဲ့လူမှန်သမျှကို သတ်ပစ်တယ်ဆိုရင် ကျွန်တော်တို့ အဆက်အသွယ်တွေကလဲ နောက်ထပ် ကျွန်တော်တို့ ခိုင်းလို့ရမှာ မဟုတ်တော့ဘူး၊ ကျွန်တော်တို့ အစွမ်းကုန် သစ္စာဖောက်ပြီး အစွမ်းကုန် ရက်စက်လိုက်မယ်ဆိုရင် ကျွန်တော်တို့ လုပ်ငန်းဟာလဲ အပြီးသတ်နိုင်မှာ မဟုတ်ဘူး၊ ကျွန်တော်တို့ ကိစ္စက ဆက်လုပ်ကြရဦးမယ်၊ နောက်ပြီး ကျွန်တော်တို့ချည်းပဲ လုပ်လို့ရတာလဲ မဟုတ်ဘူး''

သည်တစ်ခါ အသံတိတ်သွားရသူက ဆွန်တာရား မိမိဆေးအဘူဟာဆင်စတ်ဆာ၏ စကားများ နားထဲတွင် ကြားယောင်လာသည်။

''ဉာဏ်ပညာကိုရှေ့တန်းတင်၊ စိတ်ဆန္ဒကို နောက်မှာထား၊ ဒေါသကိုချုပ်တည်း၊ ဒေါသဆိုတာ သူခိုးပဲ၊ ဒေါသ



[illegible] မင်းရဲ့ အတွင်းအားတွေကို ခိုးယူပြီး မင်းရဲ့ဉာဏ်စညာတွေကို တိမ်တိုက်ဖုံးပစ်နိုင်တယ်၊ ရန်သူကို အောင်နိုင်ဖို့ဆိုရင် အဲဒီနှစ်ချက်ကို သတိထား''

''မင်းပြောတာ ဖြစ်နိုင်တယ် ကမဲ၊ ဂျပု ကိစ္စကို ငါတို့ ခဏထားလိုက်ဦးမယ်၊ ဒါပေမယ့် မင်း သူနဲ့ မဆက်သွယ်နဲ့တော့၊ အဲဒါတော့ ငါ ပြောလိုက်ပါပေရဲ့''

ကမဲက ဆက်မချလိုက်ပြီး....

''အစ်ကို မခိုင်းရင် ကျွန်တော် သူနဲ့ နေ့စဉ်ထပ် မဆက်သွယ်တော့ပါဘူး အစ်ကို''

''ဘာအကြောင်းနဲ့ပဲဖြင့်ဖြစ် သူနဲ့ မဆက်သွယ်နဲ့ကွာ၊ အခုအချိန်ကစပြီး သူဟာ ငါတို့အတွက် အန္တရာယ်ရှိနေပြီ၊ သူ့နောက်ကိုလိုက်နေတဲ့လူရှိနိုင်တယ်၊ သူ ဘာအကြောင်းနဲ့ပဲဖြစ်ဖြစ် မင်းကို လာဆက်သွယ်တယ် ဆိုရင်လဲ တစ်ခါတည်းသာ ငြင်းပစ်လိုက်၊ ရှင်းရဲ့လား ကမဲ''

''ဟုတ်ကဲ့၊ ကျွန်တော် နားလည်ပါပြီ''

''ဆိုင်းမနေနဲ့နော်''

''ကျွန်တော် သဘောပေါက်ပါတယ်''

''ငါ မင်းကို လုံးဝယုံထားမယ် ကမဲ၊ ငါတို့အစီအစဉ်ဟာ နောက်ဆုံးအဆင့်ကိုရောက်နေပြီ၊ အမှားအယွင်းမခံနိုင်တော့ဘူး၊ ငါတို့ ဆက်သွယ်ရမယ့် အချိန်ကလဲ ခါတိုင်းလိုပဲ၊ နှစ်ရက်တစ်ခါ၊ သတ်မှတ်ထားတဲ့ အချိန်၊ သတ်မှတ်ထားတဲ့နေရာအတိုင်း ဆက်သွယ်ပေါ၊ အကြောင်းတစ်ခုခုကြောင့် ဆက်သွယ်ဖြစ်ရင်တော့ ငါတို့အစီအစဉ်တို့ ထိခိုက်နိုင်တယ်

ချော၊ ဒီအဆောင်မှာ အစစအရာရာ အချိန်စာရင်းအတိုင်း တိတိကျကျလုပ်ရ”

“အချိန်စာရင်းအတိုင်း လုပ်နေစပါတယ်၊ ဒုတိယနေရာမှာ တိုစွည်းထည့်လိုက်တာလဲ ပြီးသွားပါပြီ၊ တစ်ဖက်မှာ ဘာဖြစ်လာမလဲဆိုတာပဲ စောင့်နေရုံပဲ”

ဆွန်တာရာက ကျေနပ်စွာပြုံးလိုက်ပြီး....

“တယ်ဟုတ်ပါလားကွ ကမ်ရ၊ မင်းအရည်အချင်းကို ငါ သိနေပါတယ်၊ ဒါထက် ဂရိတာ တစ်ယောက် နေကောင်းရဲ့လား”

“သူကတော့ လုံခြုံစိတ်ချရပါတယ်၊ အစ်ကို့ ကိုလဲ သတိရကြောင်း ပြောခိုင်းလိုက်တယ်၊ သူ အစ်ကိုနဲ့ သိပ်တွေ့ချင်နေတယ်”

“ငါတို့ အတူနေကြရတော့မှာပါကွာ၊ ငါ့ဆီ ရက်တွေကို လက်ချိုး ရေနေတယ်လို့ ပြောလိုက်ကွာ”

“ကျွန်တော် ပြောလိုက်ပါ့မယ်”

“နောက်ရှစ်ရက်ကြာမှ တွေ့ကြမယ်၊ ကောင်းကောင်းသွားကွာ”

ဆွန်တာရာ တယ်လီဖုန်းကို ပြန်ချလိုက်သည်။ ပြီးတော့ အိမ်ပြင်ဘက်သို့ ထွက်လာပြီး စင်လယ်ပြင်မှ လှိုင်းလုံးများကို ကြည့်နေ၏။ ဂျပုနှင့်ဖတ်သက်၍ သူ့အတော်ကလေး စိုးရိမ်သွားမိသည်။ မိမိ စောစောက ကျေနပ်နေသည်များလည်း ပျောက်ကွယ်ကုန်ရသည်။ ရန်သူများသည် ကိုလံဘီယာနှင့် မိုနာကို ကိစ္စများ နောက်ပိုင်း အတော်ကလေးကို အောင်မြင်လာခဲ့ကြ၏။ သူတို့ စတြာဇာနလောက် ခိုင်မာသော မြေရာ



တခိုကို ကောက်မိနေလေပြီ။ ဂျပုကို ထောက်လှမ်းမိနေခြင်း ဖြစ်၏။

ဂျပုသည် ကမ်နှင့် ရန်သူတို့အကြား တစ်လွှာတည်းသော အကာအရံ ဖြစ်၏။ ဂျပုမှတစ်ဆင့် မိမိ၏ စိတ်ကူးယဉ် အိပ်မက်ကြီး ပေါက်ကွဲသွားနိုင်စေသည်။ ခဏတော့ ထိန်းထားရဦးမည်။ နောက်သုံးပတ်လောက် ဆိုလျှင်တော့ စီစဉ်ထားသည်များ မည်သူ့မျှ တားဆီး၍ ရနိုင်မည် မဟုတ်တော့။

ဆွန်တာရာ ကုလားထိုင်ပေါ်တွင် နောက်တို့ မှီထိုင်လိုက်သည်။ မိမိတို့ခြေရာလမ်းကြောင်းကို ရှင်းလင်းပစ်သည်မှာ သိမ်လွန်းနေသည်ဟု ကမ်ပြောသည်ကို ပြန်လည် စဉ်းစားနေမိ၏။ မိမိခိုင်းသည့်လူများကို အရမ်း ရှင်းလင်းပစ်ခဲ့သည်များမှာ သစ္စာဖောက်လွန်းရာ ကျနေကြောင်း မိမိကိုယ်တိုင်လည်း အသိ။

သင်တန်းတုန်းက သင်ခဲ့ရသည့် စည်းမျဉ်းများကိုလည်း ဖောက်ဖျက်ရာ ကျနေသည်၊ သို့သော် မိမိတစ်သက်လုံး စောင့်စားခဲ့ရသည့် လက်စားချေရေး ယခုအစီအစဉ် အောင်မြင်မှုအတွက် မည်သည့်စည်းမျဉ်း၊ စည်းကမ်းကိုမဆို ဖောက်ဖျက်ရတော့မည်။

ယခု မိမိစိတ်ဆန္ဒကို ဦးစားပေးနေမိလေပြီ။ ယင်းစိတ်ဆန္ဒမှာ အမုန်းတရားဖြစ်၏။ အဘူဟာဆင် သင်ကြားချက်များကိုယ်၏ စိတ်ဆန္ဒနောက်ကို မလိုက်ဘဲ မနေနိုင်တော့။

မိမိချစ်သောဆရာ သင်ကြားပေးခဲ့သည်များကို ပြန်လည်တွေးစားမိပြီး စိတ်ထဲတွင် မလုံမလဲသည်း ဖြစ်နေမိတော့သည်။

* * *

သင်တန်း ဒုတိယအဆင့်သည် ကြာလည်းကြာမည်၊ ခက်လည်း ခက်မည်ဟု အဘူဟာဆင်က ပြောခဲ့သည်။ ဟုတ်လည်း ဟုတ်နေ၏။ အတော်ပင် တိတိကျကျ ပုံဖော်ယူရခြင်းဖင်။ သူ၏အတိတ်နှင့် ဝစ္စုပ္ပန်ဘဝကို လိုသလို ပုံဖော်ခြင်းမျိုးဖြစ်၏။ တစ်နည်းဆိုသော် ဆွန်တာရာသည် အဘူဟာဆင် စိတ်ကြိုက်ပုံဖော်မည့် ရုပ်တစ်ရုပ်သာတည်း။

သင်ခန်းစာတွေကလည်း များလှ၏။ တစ်ချိန်လုံးလည်း ပင်လယ်ကဗျီးစင်အောက် အဘူဟာဆင်ဘေးတွင် ထိုင်ကာ သင်ယူခဲ့ရသည်။ ဆရာဖြစ်သူက ဆွန်တာရာအား စိတ်ရှည်နိုင်မှု၊ မှန်ကန်သောသတ္တိနှင့် ဇွဲရှိမှု၊ ခိုင်မာသော သစ္စာရှိမှု၊ စွမ်းအားနှင့် ဉာဏ်အားတို့ရှိမှုတို့ကို သင်ပေးခဲ့သည်။

"မင်းရဲ့ရန်သူတွေဟာ အရေအတွက်ရော အင်အားပါ များချင်များမယ်၊ ဒါပေမယ့် မင်းမှတ်ထားရမှာက အစွယ်အစားနဲ့ အင်အားဟာ လက်တွဲလို့ မရနိုင်ဘူး၊ ဉာဏ်ပညာနဲ့ အင်အားသာ လက်တွဲလို့ရတယ်၊ တကယ်တော့ ဉာဏ်ပညာဆိုတာက အင်အားပဲလေ"

တပည့်ကျော် တိုးတက်လာသည့်အတွက် အဘူဟာဆင် ကျေနပ်နေမိသည်။ ဆွန်တာရာအား မိမိ လိုချင်သည့် ပုံစံ ပြောင်း၍ ရနိုင်ခဲ့ပြီ ဖြစ်၏။ တစ်ခုပဲ ပြောစရာရှိသည်။ သူ့တွင် ပြင်၍မရနိုင်သည်က သူ၏ဒေါသ ဖြစ်၏။

သည်လူငယ်တွင် ဒေါသရှိနေသည်ကို အဘူဟာဆင် တွေ့နေရသည်။ ဤဒေါသများ သူ့တွင် ပျောက်အောင်မဖျောက်ဖစ်နိုင်သရွေ့ မိမိကြိုးစားခဲ့သည်များ အချည်းအနှီးသာ ဖြစ်တော့မည်။



"ဒေါသဆိုတာ သူခိုးပဲကွ၊ ဒေါသဟာ သုံးလို့ရနိုင်မယ့် အားတွေကို ဖြုန်းတီးပစ်တယ်၊ မင်းရဲ့ အတွင်းအားတွေကို ခိုးယူပြီး မင်းရဲ့ ဉာဏ်ပညာတွေကိုလဲ တိမ်ဖုံးပစ်နိုင်တယ်၊ မင်းကို ငါ ပထမဆုံးသင်တဲ့ သင်ခန်းစာကို အမြဲမှတ်ထား၊ ဉာဏ်ပညာကို ရှေ့တန်းတင်၊ စိတ်ဆန္ဒကို နောက်မှာထား၊ ဒေါသဆိုတာ လူညံ့တွေရဲ့ လက်နက်ပဲ၊ ဒေါသနဲ့ဆောင်ရွက်ခြင်း ရှုံးနိမ့်မှုကို ဖိတ်ခေါ်တာနဲ့ အတူတူပဲ၊ မင်းရဲ့ ရန်သူတွေကိုရော မင်းနောက်လိုက်တွေကိုရော မင်းညံ့ကြောင်း ပြလိုက်တာနဲ့ အတူတူပဲ၊ မင်းရဲ့လူတွေဆိုတာက မင်းရဲ့အင်အားကို အားကိုးနေတာ၊ သူတို့ကို ဦးဆောင်နိုင်တဲ့ အင်အားမှမရှိရင် သူတို့လဲ မင်းနောက်လိုက် လုပ်တော့မှာ မဟုတ်တော့ဘူး၊ မင်းမှာ နောက်လိုက်မရှိရင်လဲ မင်းဟာ ခေါင်းဆောင်အနေနဲ့ ဘာမှ အဓိပ္ပာယ်မရှိတော့ဘူး"

လတွေ ကုန်လွန်လာခဲ့ပြီးနောက် ဆွန်တာရာမှာ အကြမ်းကောင်သမား ဆရာကြီးတစ်ယောက် အသွင်သို့ ပြောင်းလဲခဲ့တော့သည်။ ပြီးတော့ သူ့ကိုအစမှပြန်၍ ပုံဖော်ပေးနေသည်။

"မင်းနာမည် ဘယ်လိုခေါ်လဲ"

"ရာဖဲဆွန်တာရာ"

"မင်း ဘယ်မှာမွေးသလဲ"

"ကျူးဘားနိုင်ငံ ဟားဗားနားမြို့မှာ"

"မင်းအဖေနာမည် ဘယ်သူလဲ"

"အာဘူရိုဗတ်ဆက်"

"သူက ဘာလုပ်သလဲ"

"မုန့်ဖုတ်သမား၊ တော်လှန်ရေးသမား"

"သူ ဘယ်တုန်းက သေသလဲ"

တစ်စုံတစ်ရာ ခံစားနေရဟန် တွေဝေနေပြီးမှ....

"၁၉၆၇ ခုနှစ်၊ ဇွန်လ ခြောက်ရက်နေ့မှာ"

"သူ ဘယ်လိုသေတာလဲ"

"မုန့်ဖုတ်ခန်းထဲမှာ သေနတ်နဲ့ အပစ်ခံရလို့ သေတာ"

"ဘယ်သူက ပစ်တာလဲ"

"ဓါတ်တွင်း ဖောက်ပြန်ရေးသမားတွေရဲ့ လက်ချက်နဲ့ အပစ်ခံရတာ"

"ဘာကြောင့် ပစ်တာလဲ"

"အဖေက သူတို့နဲ့ သူတို့ရဲ့ တော်လှန်ရေး သဘောတရားတွေကို ဝေဖန်လို့၊ သူတို့က အာဏာနဲ့ ပြောင်းဖစ်မယ့် ကိစ္စတွေကို အဖေက မြင်နေလို့၊ နောက်ပြီး သူတို့ဟာ တော်လှန်ရေးကို ဆင်နွှဲခဲ့တဲ့ ပြည်သူတွေကို ကိုယ်စား မပြုတော့လို့"

"မင်းအမေနာမည် ဘယ်သူလဲ"

ဆွန်တာရာ နာကြည်းဒေါသ ဖြစ်နေသည်။

"မင်းအမေနာမည် ဘယ်သူလဲ"

အဘူဟာဆင်က ထပ်မေးလိုက်၏။

အတန်ကြာအောင် ငြိမ်နေပြီးမှ....

"အစ္စဗဲသာဗတ်ဆက်"

"သူ ဘယ်တုန်းက သေတာလဲ"

"၁၉၆၈ ခုနှစ်၊ ဇန်နဝါရီလ သုံးဆယ့်တစ်ရက်နေ့မှာ"

"သူ ဘယ်လိုသေတာလဲ"

"အသတ်....အသတ်ခံရတာ"



အဘူဟာဆင်မှာ မကျေနပ်သလို မျက်လုံးများ ကျဉ်းမြောင်းသွားသည်။ ဆွန်တာရာ၏ ဒေါသမှာ အတော်ပင်နက်ရှိုင်းနေသည်၊ သူ့ဘဝတစ်ခုလုံး ဒေါသတို့ဖြင့် ပြည့်နေသည်ဟု အဘူဟာဆင် မြင်နေရသည်။ နာကြည်းနေသော ကလေးတစ်ယောက်၏ မျက်ရည်များနေရာတွင် ဒေါသတို့က အစားဝင်ရောက် နေလေသည်။ ထိုသို့ နာကြည်းအောင် လုပ်သူတို့ကို သူ ဒေါသဖြစ်နေ၏၊

"သူ ဘယ်လိုသေတာလဲ"

အဘူဟာဆင်က ခပ်တန်တန် မေးလိုက်ပြန်သည်။

"တစ်ယောက်တည်း မေးခိုင်ပိုးဝင်ပြီး သေသွားပါတယ်"

"ဘာဖြစ်လို့ သူတစ်ယောက်တည်း ဖြစ်နေရတာလဲ"

"ကျွန်တော် ထောင်ကျနေလို့"

"ဘာဖြစ်လို့ ထောင်ကျရတာလဲ"

"ကျွန်တော် အဖေကို သတ်တဲ့လူကို သတ်လိုက်မိလို့"

"မင်းအသက် ဘယ်လောက်ရှိပြီလဲ"

"ဆယ့်ကိုးနှစ်"

အဘူဟာဆင် ခဏငြိမ်နေလိုက်ပြန်သည်။ ပြီးတော့ သူ့တစ်ညှိုကို အကဲခတ်နေ၏။ သူ သိပ်မကျေနပ်သေး။ ဆွန်တာရာ၏ ဒေါသကို ပြုတ်အောင် ဖြုတ်ရမည်။

"အစက ပြန်မေးဦးမယ်၊ မင်းနာမည် ဘယ်လိုခေါ်လဲ"

"ရာဖဲ ဆွန်တာရာ"

"မင်းဘယ်မှာမွေးသလဲ"

## အခန်း (၂၉)

**ပဲ့ရစ်မြို့**

ရှုးဆောင်ဖလေး လှမ်းပေါ်ရှိ ငါးထပ်တိုက် အခန်းတစ်ခန်းတွင် လူခုနစ်ယောက် ဆုံဖြစ်ခဲ့ကြသည်။

လျှို့ဝှက် အချက်ပေးသည့်နည်းဖြင့် တံခါး ခေါက်လိုက်သည်တွင် ဆင်မာခန်းက တံခါးလာဖွင့်ပေးသည်။ ရောက်လာသော အမေရိကန် သုံးယောက်ကို သူတစ်ခါမှ မမြင်ဖူးခဲ့။ သို့ရာတွင် ၎င်းတို့ ကိုယ်ရေးဖိုင်များအရ လည်းကောင်း၊ သူတို့၏ ကျော်ကြားမှုများအရ လည်းကောင်း သူတို့အကြောင်းကိုတော့ သိနေသည်။

"ကျွန်တော် နာမည်က မက်စီလို့ ခေါ်ပါတယ်"

သူကပြောပြီး အီလီယာကို အရင်လက်ဆွဲ နှုတ်ဆက်လိုက်သည်။ ထိုနောက် ကွင်းနှင့် ဝိတ်လောတို့ကိုလည်း ခပ်မြန်မြန် လက်ဆွဲနှုတ်ဆက်လိုက်၏။



အမေရိကန် သုံးယောက်သည် အခန်းထဲသို့ ဝင်လိုက်ပြီး နောက် ခန်းမ တစ်ဖက်ဘေးရှိ ဖွင့်ထားသော အခန်းတစ်ခန်း သို့ လျှောက်သွားသည်၊ ဆင်မာမန်းက နောက်ထပ် မြန်မြန် မိတ်ဆက်မှုများကို လုပ်လိုက်သေးသည်။

ဆင်မာမန်းနှင့် အတူရှိနေသူ လူသုံးယောက်မှာအဆင့်မြင့် ထောက်လှမ်းရေးအဖွဲ့ဝင်များ ဖြစ်နိုင်သည်။ သူတို့ တော်ပုံအား ရည်ကိုကြည့်ကာ အမေရိကန်တို့က နားလည်နေ၏။

ပထမဆုံး မိတ်ဆက်ပေးလိုက်သည်မှာ ရယ်ဇစ်နာဆိုသော အမျိုးသမီးတစ်ယောက် ဖြစ်သည်။ အရပ်မှာ အတော်လေး မြင့်ပြီး ငါးဖေ ဆယ်လက်မခန့် ရှိနေ၏။ ကိုယ်လုံးသွယ်၍ ခေါင်မှာ ခပ်တိုတိုညှပ်ထားသည်။ တည်ငြိမ် တင်းမာသော မျက်နှာထားကြောင့် နှစ်လိုဖွယ် အဆင်းကိုဖင် ဖုံးကွယ်ထား သလို ရှိနေသည်။ အဝတ်အစားများမှာ ခပ်ပွပွ ဖြစ်နေ၍ ကိုယ်လုံးအလှကိုဖုံးကွယ်ထားသည်လား၊ လက်နက်ကို ဖုံးကွယ် ထားသည်လား မသိ။

နောက်တစ်ယောက်က အသက်ခပ်ကြီးကြီး ဆံပင်ဖြူဖြူ နှင့် လူကြီးလူကောင်းတစ်ယောက် ဖြစ်သည်။ နှာရိုးပေါ်တွင် တင်ကျနေသော မျက်မှန်အောက်မှ မျက်နှာမှာ သိမ်မွေ့လှ သည်။ သူ့ကို ပါပါမီယာဟု ခေါ်ကြသည်။ မီးခိုးတလူလူ ထွက်နေသော ဆေးတံကြီးကို ပါးစောင်တွင် ခဲထားသည်။ သူသည် ယခုလို နိုင်ငံတကာ အရေးအခင်း တစ်ခုတွင် ဝင် ရောက် လုပ်ကိုင်နေခြင်းထက် စန်းခြံထဲတွင် ခိုကလေးများကို ကျွေးလိုက်၊ စစ်တုရင်ထိုးလိုက် လုပ်နေရမည့် အရွယ် ဖြစ်သည်။ မီးခိုးရောင် ဖလန်နယ် ရှပ်အင်္ကျီအိတ်ထဲတွင် မှတ်စု

စာအုပ်၊ ခဲတံနှင့် စာရွက်အလွတ်များ ထည့်ထားသည်ကို ကြည့်ခြင်းဖြင့် သူက ဤအဖွဲ့တွင် ဉာဏ်ကြီးရှင်တစ်ယောက် ဖြစ်နိုင်သည်။

နောက်ဆုံး တစ်ယောက်ကတော့ လူပုံ ခပ်သေးသေး၊ အရပ်က ငါးပေ လေးလက်မထက်မပို၊ နှုတ်ခမ်းမွှေးထူထူနှင့် လူ ဖြစ်သည်။ သူ့နာမည်က အေဘဲ ဟူ၏။ အသက်ကလည်း လေးဆယ့်ငါးနှစ်ခန့် ရှိမည်။ သူကတော့ သွက်သက်ပုံရသည်။ သူ့ကိုကြည့်ရသည်မှာ ဝါယာကြိုးတွေနှင့် အလုပ်လုပ်ရသူ ဖြစ်နိုင်သည်။ တယ်လီဖုန်း အသံခိုးဖမ်းသူ၊ ဗုံးဆင်သူ၊ လျှပ်စစ်ဆိုင်ရာ လုပ်ငန်းကျွမ်းကျင်သူ ဖြစ်မည်။

အီလီယာက သူတို့သုံးယောက်ကို ပြန်ကြည့်လိုက်သည်။ မိမိတွက်ကိန်း မှန်မည်ဆိုလျှင် အမျိုးသမီးသည် အဖွဲ့ ခေါင်းဆောင် သေနတ်သမား ဖြစ်နိုင်သည်။ အမြင်အားဖြင့်တော့ သူတို့အဖွဲ့မှာ ကမ္ဘာ့အဆင့်အတန်းဝင် ထိပ်တန်း အကြမ်းဖက်သမား တစ်ယောက်ကို ဖမ်းနိုင်ဖို့ နေနေသာသာ ယင်တစ်ကောင်ကိုပင် ဖမ်းနိုင်စွမ်းမရှိ။ သို့ရာတွင် သူတို့ သည်လိုနေရာမျိုးကို ရောက်လာသည်ဆိုကတည်းက ထိုသို့ မဟုတ်တန်ရာ။

''ကော်ဖီရော လက်ဖက်ရည်ရောရှိတယ်၊ ကြိုက်တာ ယူသောက်ကြ''

ဆင်မာမန်းက လျှပ်စစ်ရေနွေးအိုး၊ ရေနွေးကရားနှင့် ဗန်းကန်ခွက်ယောက်များ တင်ထားသည့် စားပွဲဆီသို့ ညွှန်ပြရင်း ပြောလိုက်သည်။



တစ်ယောက်မှ ယူမသောက်ကြ။ အမေရိကန် သုံးယောက်က လွတ်နေသည့် ကုလားထိုင်များတွင် ဝင်ထိုင်လိုက်ကြသည်။ သူတို့က လုပ်ငန်းအတွက် အသင့်ပြင်နေကြ၏။

ဆင်မာမန်းသည် ကော်ဖီကို တစ်ကျိုက်သောက်လိုက်ပြီး ခွက်ကို စားပွဲပေါ်တွင် ပြန်တင်ထားလိုက်သည်။ ပြီးတော့ မီးခြစ်ဆံကိုခတ်၍ စီးကရက်ကို မီးညှိလိုက်ရင်း အီလီယာ၏အပြောကို စောင့်နေသည်။

အီလီယာက အချိန်ဆိုင်းမနေတော့ဘဲ ထ,က၁ အခန်း၏ အလယ်သို့ လျှောက်သွားပြီး ကျန်လူများကို စ၍ပြောတော့သည်။

''ဆွန်တာရာတို့ လှိုက်တဲ့နေရာမှာ ခင်ဗျားတို့ငါးယောက်က ဦးဆောင်ရမှာဖြစ်တယ်''

သူက ကွင်း၊ ဝိတ်လောနှင့် အစ္စရေး သုံးယောက်တို့ကို လက်ဖြင့် ဝှေ့ယမ်းပြကာ ပြောလိုက်သည်။ ပြီးတော့ ဆက်၍....

''ကျုပ်က ခင်ဗျားတို့ရဲ့ အမှုကိုင် အရာရှိအနေနဲ့ လုပ်ဖို့ သဘောတူထားပြီးပြီ။ ကျုပ်ရဲ့ ဆုံးဖြတ်ချက်ဟာ နောက်ဆုံးအတည်ဖြစ်စေရမယ်။ မက်စ်က အစ္စရေး ထောက်လှမ်းရေးဌာနရဲ့ အကူအညီနဲ့ နောက်ကနေ ပံ့ပိုးပေးရမယ်၊ အခု လူးဇပ်ရဲ့ အန္တရာယ်တင် မကဘူး၊ အဲဒါကို ကိုင်ထားတဲ့ အကြမ်းဖက်သမားကြောင့်ပါ ကျုပ်တို့ နှစ်နိုင်ငံမှာရှိတဲ့ လူအတော်များများ အခု ကိစ္စကို စိတ်ဝင်စားနေကြရတယ်၊ ဆွန်တာရာဟာ တခြား အကြမ်းဖက်သမားတွေလို မဟုတ်ဘူး၊ ကြံရည်ဖန်ရည်ရှိတယ်၊ ဖမ်းလို့မလွယ်ဘူး၊ သူ လိုချင်တာကို

ရဖို့ အကြမ်းတမ်းဆုံးလဲလုပ်တတ်တယ်၊ အင်မတန်လဲရက်စက်ပြီး လူသတ်တဲ့နေရာမှာ အင်မတန်မြန်ပြီး လက်မနှေးတတ်ဘူး''

အီလီယာသည် ဆင်မာမန်းကိုကြည့်၍ ခေါင်းညိတ်ပြလိုက်ရင်း....

''နောက်ကြောင်းသမိုင်းကိုတော့ ခင်ဗျားတို့ ပြုစုထားတယ် မဟုတ်လား''

ဆင်မာမန်းက ခေါင်းညိတ်လိုက်ပြီး ဤသို့ပြောပြသည်။

''သူ့နာမည် အမှန်က ရာဖဲ ဗတ်ဆက်၊ သူ့ကို ၁၉၄၉ ခုနှစ်က ကျူးဘားနိုင်ငံ ဟာဗားနားမြို့မှာ မွေးတယ်၊ သူ့အသက် ဆယ့်ကိုးနှစ်သားမှာ ပထမဆုံး စပြီး လူသတ်ခဲ့တယ်၊ အသတ်ခံရတဲ့လူဟာ သူ့အဖေကို သတ်တယ်လို့ ယူဆရတဲ့ ကျူးဘားအစိုးရအဖွဲ့ထဲက အရာရှိတစ်ယောက်လို့ ဆိုတယ်၊ သူ သတ်သွားပုံက သာမန်လူတစ်ယောက်အနေနဲ့ အင်မတန်ပိရိတယ်၊ ကျူးဘား တာဝန်ရှိသူတွေ ကနဦး စုံစမ်းစစ်ဆေးမှုတွေလုပ်ပြီး ခဏမှာပဲ သူ ထောင်ကလွတ်ခဲ့တာကလဲ အထင်ကြီးစရာကောင်းတယ်၊ ကျူးဘား ထောက်လှမ်းရေးဌာနရဲ့ အမိန့်နဲ့ သူ လွတ်ခဲ့တာလို့ သိရတယ်၊ သူ့ရဲ့ သဘာဝဖေး အရည်အချင်းကို သူတို့ အလဟဿအဖြစ်မခံနိုင်လို့ ဖြစ်နိုင်တယ်....

''ဒီကောင်လေးရဲ့ အရည်အချင်းကို စပြီး သတိထားမိတာက ကေဂျီဘီတွေ ဖြစ်တယ်လို့ ယုံကြည်ရတယ်၊ သူဟာ ဆွန်တာရာဆိုတဲ့ အမည်ဝှက်နဲ့ ကျူးဘား သစ္စာခံတစ်ဦး



အဖြစ် ခဏလေးကလုပ်ခဲ့သေးတယ်၊ နောက် မကြာခင် သူ့ကို ဆိုဗီယက်နိုင်ငံမှာ သင်တန်းတက်ဖို့ လွှတ်ခဲ့ကြတယ်....

''မော်စကိုရောက်တော့ ပက်ထရစ်လူမွန်ဘာ တက္ကသိုလ်မှာ နှစ်နှစ်တက်ခဲ့တယ်၊ သိတဲ့အတိုင်း ဒီတက္ကသိုလ်ဟာ တတိယကမ္ဘာ နိုင်ငံတွေကနေ လက်ရွေးစင်တွေ တက်တဲ့ တက္ကသိုလ်ပေါ့၊ အဲဒီမှာ သူဟာ တော်လှန်ရေးစည်းမျဉ်းတွေနဲ့ အကြမ်းဖက်မှုတွေကို သင်ကြားခဲ့ရတယ်၊ မာကျူ၊ ယန်စေါ်ဆက် စတဲ့ တွေးခေါ်ရှင်တွေရဲ့ အတွေးအခေါ်တွေ၊ ဘာသာစကားတွေကိုလဲ သင်ခဲ့ရတယ်၊ သင်ယူတဲ့ နေရာမှာ သူ အင်မတန်ထူးချွန်တယ်လို့ဆိုတယ်၊ ကေဂျီဘီတွေ တွက်တာ မဆိုးဘူးလို့ဆိုရမယ်....

''အဲဒီနောက် သူဟာ မော်စကိုမြို့က မိုင်နှစ်ဆယ်လောက်ဝေးတဲ့ ဆာခိုဒနားယားမြို့မှာ သင်တန်းတက်ရပြန်တယ်၊ ဒီသင်တန်းမှာ နိုင်ငံရေးဝါဒ ဖြန့်ချိမှုနဲ့ လက်နက်ကိုင် နည်းပညာတွေကို သင်ခဲ့ရတယ်၊ ဒီမှာလဲ သူဟာ အင်မတန်ထူးချွန်တယ်လို့ ဆိုတယ်....

''အဲဒီနောက် ပင်လယ်နက်ကမ်းခြေတစ်နေရာက ဆန်ပရိုဘဲမြို့မှာ သင်တန်းတက်ရပြန်တယ်၊ အဲဒီမှာကျတော့ အဆင့်မြင့် ဖောက်ခွဲဖျက်ဆီးရေးနဲ့ ဗုံးလုပ်နည်းတွေကိုပေါ့ သင်ယူရတယ်၊ ဓာတုဗေဒနဲ့ ဇီဝ ပိုးမွှားလက်နက်ဆိုင်ရာတွေကိုလဲ ဆင်ယူရတယ်၊ အဲဒါကြောင့် အနူဇီဝရုပ်အကြောင်းတွေကို နားလည်လာပြီး လူ့ဇာစ်အကြောင်းကို သိလာတာပေါ့....

''ဆန်ပရိုဘဲသင်တန်းမှာပဲ သူနဲ့ဗတ်သက်လို့ ဆိုဗီယက်တို့ အမြင်ပြောင်းလာခဲ့ကြတယ်၊ ဆွန်တာရာမှာ သူတို့ မှန်းထား

တဲ့ အရည်အချင်းတွေ မရှိလို့ မဟုတ်ဘူး၊ ဒီအရည်အချင်းတွေကို သူက တရားလွန်သုံးချင်နေတာကြောင့်ပါ၊ စိတ်ပိုင်းဆိုင်ရာ သူ့နောက်ခံကြောင်းသမိုင်းအရ သူဟာ စိတ်ရောဂါတစ်မျိုးရှိနေတယ်၊ သင်တန်းတိုင်းမှာလဲ တခြားကျောင်းသားတွေနဲ့ သိပ်ပေါင်းလို့မရခဲ့ဘူး၊ ဆန်ပရှိဘဲ သင်တန်းမှာ အဖြစ်အပျက်တစ်ခုကြောင့် ဆိုဗီယက်တွေ သူ့ကို မသုံးဖို့ ဆုံးဖြတ်လိုက်ရတာပဲ၊ သူဟာ ကျောင်းသား တစ်ယောက်ကို သတ်ဖြတ်ခဲ့တယ်၊ ရေခဲခွဲတဲ့ ဆူးချွန်နဲ့ နောက်စေ့ အောက်နားကို သပ်သပ်ရပ်ရပ်ထိုးသတ်ခဲ့တာ၊ ဒီလို သပ်သပ်ရပ်ရပ် လုပ်သွားလို့ လက်သည်မပေါ်နိုင်ခဲ့ဘူး၊ သူနဲ့ သေသူကျောင်းသားဟာ မတည့်ကြတော့ သူလို့ပဲ မသင်္ကာဖြစ်ခဲ့ရတယ်၊ ဒါပေမယ့် အတိအကျ အထောက်အထားတော့ မပြနိုင်ခဲ့ကြဘူး....

“ဆိုဗီယက်တွေဟာ သူ့ကို သိပ်ရဲတင်းလွန်းတယ်ဆိုပြီး သင်တန်းက ထုတ်ပစ်ခဲ့တယ်၊ အကြမ်းဖက်တဲ့နေရာမှာ သူဟာ မှုသိပ်မထားတတ်ဘူး....

“အဲဒီနောက် သူဟာ ကျူးဘားကို ပြန်မလာခဲ့ဘူး၊ ကျွန်တော်တို့ သိထားသလောက် အဲဒီနောက်ပိုင်းလဲ သူ ပြန်မလာတော့ဘူး၊ သူဟာ လက်ဘနွန်နိုင်ငံကိုသွားပြီး အဘူနက်ဆာဆိုတဲ့ ပီအယ်လ်အိုအဖွဲ့ ဝင်တစ်ယောက်ဆီမှာ သင်တန်းတက်ခဲ့ပြန်တယ်၊ နက်ဆာဆီမှာ နှစ်နှစ်လောက် သင်တန်းတက်ပြီးတော့ အဘူနက်ဆာကလဲ သူ့ကိုချစ်လာတယ်....

“နောက်ပိုင်းမှာ သူဟာ ပီအယ်လ်အိုအဖွဲ့အတွက် အလုပ်လုပ်ပေးရင်း မှတ်လောက်သားလောက်တွေ ဖြစ်လာတယ်၊



အကြံအစည်ကောင်းတဲ့ လုပ်ကြံမှုတွေကိုလဲ လုပ်လာခဲ့တယ်၊ ဒါပေမယ့် သူဟာ အဖွဲ့နဲ့လုပ်တာမျိုးမဟုတ်ဘဲ တစ်ယောက်တည်း လုပ်ကိုင်တတ်တယ်၊ ဘယ်သူ့အရေးကိုမှလဲ စိတ်မဝင်စားဘူး၊ ဘယ်သူ့ကိုမှလဲ မယုံတတ်ဘူး....

“သူဟာ ဥရောပမှာ သုံးနှစ်လောက် လှုပ်ရှားခဲ့တာမှာ အတော်ထင်ရှားတဲ့ သတ်ဖြတ်မှုတွေကို ကျူးလွန်ခဲ့တယ်၊ လက်သည်လဲ မဖော်နိုင်ခဲ့ဘူး၊ သူ အမှတ်တမဲ့လုပ်တတ်တဲ့ အမှတ်အသားတစ်ခုက မီးခြစ်ဆံကလေးတွေကို လိမ်ပြီး ချခဲ့တာမျိုးပါ၊ လစ်ဗျားက ဘာဘာရက်ရဲ့လေယာဉ်ပေါ်မှာ ချခဲ့တာမျိုးပေါ့—

“အစ္စရေးထောက်လှမ်းရေးအဖွဲ့ဟာ အဲဒီ ကိုယ်ပျောက်လူသတ်ကောင်ကို စိတ်ဝင်စားနေပါတယ်၊ သူ့ကို ကျွန်တော်တို့ရဲ့ ထိပ်တန်းပစ်မှတ်ထားပြီး တွေ့တာနဲ့ သတ်ပစ်ဖို့ သတ်မှတ်ထားပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့ ဘယ်လိုမှ မအောင်မြင်ခဲ့ပါဘူး၊ သူ့ကို ဖမ်းမမိ၊ ရှာမတွေ့ ဖြစ်ခဲ့ရတယ်၊ သူက ပစ်ပြီးရင် ပျောက်သွားပြန်ရော၊ ပြီးတော့ နောက်တစ်ခါ လာပစ်၊ နောက်တော့ ပျောက်သွားပြန်ရော၊ သူက ကွန်ယက်တွေသုံးတယ်၊ ဗျူဟာကို အမျိုးမျိုးပြောင်းတယ်၊ ပြီးရင် ကျွန်တော်တို့ ဘယ်လိုမှလိုက်လို့မရအောင်လုပ်ခဲ့တယ်၊ နက်ဆာဟာ သူ့ကို ကောင်းကောင်း သင်ပေးခဲ့ပုံရတယ်....

“နောက်ဆုံး ၁၉၇၉ ခုနှစ်ကျတော့ ကျွန်တော်တို့ သူ့ကို ဂရာဗင်ဟိတ်မြို့မှာ တွေ့ခဲ့ရတယ်၊ ပီအယ်လ်အို လုပ်ကြံရေး တာဝန်တစ်ခုကို သူလာလုပ်တာ၊ ဒီတစ်ခါမှာတော့ ပီအယ်လ်

အို အဖွဲ့နဲ့ ပေါင်းပြီး သူလုပ်ခဲ့တယ်၊ ကျွန်တော်တို့လဲ သူဘယ်မှာရှိတယ်ဆိုတာ သိခဲ့ရပြီး သူ့ကို ပထမဆုံး ဓာတ်ပုံရိုက်နိုင်ခဲ့တယ်၊ အဲဒီ ပီအယ်လ်အို တစ်ဖွဲ့လုံးကို ရှင်းလင်းစစ်ဖို့ ကျွန်တော်တို့ လုပ်ခဲ့တယ်၊ အောင်လဲ အောင်မြင်ခဲ့တယ်၊ ပီအယ်လ်အို တစ်ဖွဲ့လုံးကို ဗုံးနဲ့ ဖောက်ခွဲပစ်ခဲ့တယ်၊ ဘယ်သူမှ မရှင်ခဲ့ဘူး၊ အဲဒီမှာတင် ဆွန်တာရာလဲ စာရင်းပိတ်ခဲ့တယ်''

ဆင်မာမန်း မတ်တတ်ထရပ်လိုက်သည်။ ပြီးတော့ တိုနေပြီဖြစ်သော စီးကရက်ကို ခပ်နာနာ တစ်ချက်ဖွာလိုက်ပြီး ထိုးခြေပစ်လိုက်၏။ ထို့နောက်....

''အဲဒီလို စာရင်းပိတ်တာက သုံးနှစ်ပဲ ခံခဲ့တယ်''

သူက ပြောရင်း ပြတင်းပေါက်အနီးရှိ စားပွဲတစ်လုံးဆီသို့ လျှောက်သွားသည်။ စားပွဲပေါ်တွင် ဖိုင်များနှင့် ဓာတ်ပုံများ ပြန့်ကျဲနေ၏။ သူက ဓာတ်ပုံတစ်ပုံကို ကောက်ယူလာပြီး အီလီယာကို ကမ်းပေးကာ—

''ဒီကောင် မသေဘူးဆိုတာ ဒီဓာတ်ပုံနဲ့ ကျွန်တော်တို့ သိရတာပဲ''

အီလီယာက ဓာတ်ပုံကိုကြည့်လိုက်သည်။ သို့သော် ဘာမျှ မသိ။ ဓာတ်ပုံထဲတွင် အရပ်မြင့်မြင့်၊ ပီအယ်လ်အိုတို့ ဆောင်းတတ်သည့် ဦးခေါင်းမျိုးနှင့် လူတစ်ယောက်ကို တွေ့လိုက်ရသည်။ ထိုသူသည် ကင်မရာကို လေးပုံ သုံးပုံခန့် ကျောခိုင်း၍ ခေါင်းတွင် အဝတ်အုပ်ကာ လက်ပြန်ကြိုး တုပ်ထားသော လူတစ်ယောက်၏ခေါင်းကို အော်တိုမစ်တစ် ပစ္စတိုနှင့် ချိန်နေသည်။



''ဒီဓာတ်ပုံကို ၁၉၈၂ ခုနှစ်က ကျွန်တော်တို့ထောက်လှမ်းရေးတစ်ယောက် ရိုက်ယူခဲ့တာ၊ သေနတ်ကိုင်ထားတဲ့ ကောင်က ရာဖဲ ဆွန်တာရာ၊ ပီအယ်လ်အို အကြမ်းဖက် သင်တန်းသားသစ် တစ်ယောက်ကို သင်တန်းပေးနေတုန်း ရိုက်ထားခဲ့တဲ့ပုံ၊ ခေါင်းကို အဝတ်အုပ်ထားတဲ့ကောင်က စည်းကမ်းမလိုက်နာတဲ့ ပီအယ်လ်အို စစ်သားတစ်ယောက်ပေါ့၊ စည်းကမ်းရဲ့ တန်ဖိုးကို လက်တွေ့ သင်ခန်းစာ ပေးနေတာလေ''

အီလီယာက ဓာတ်ပုံကို အသေးစိတ် ကြည့်နေပြန်သည်။ သေနတ်သမား၏ ဘယ်ဘက်လက်မှာ အောက်သို့ ချထားပြီး ဆိုဗီယက်လုပ် ကလက်နီချနီကော့ ရိုင်ဖယ်ကို ကိုင်ထားသည်။ ဓာတ်ပုံမှာ အလွန်ကြည်သဖြင့် ဘယ်ဘက် လက်မောင်းတွင် အမာရွတ်ကြီးတစ်ခုကို မြင်နေရသည်။

''ဆွန်တာရာရဲ့ ဘယ်ဘက် လက်မောင်းမှာ အမာရွတ်ရှိတာနဲ့ ပတ်သက်ပြီး ခင်ဗျားတို့မှာ မှတ်တမ်းရှိသလား''

အီလီယာက မေးလိုက်သည်။

''ဒီဓာတ်ပုံမရခင်က မသိခဲ့ပါဘူး၊ ကျွန်တော်တို့ ထောက်လှမ်းရေးတွေအဆိုအရ ဆွန်တာရာဟာ အမြဲတမ်း အာရပ်ဝတ်ရုံကို ဝတ်ထားပြီး လက်တွေခြေတွေကိုလဲ အမြဲဖုံးထားတတ်တယ်တဲ့၊ သူတစ်ခါက လုပ်ကြံဖို့ကြိုးစားတာ ခံခဲ့ရပြီး အမာရွတ်တွေ ကျန်ခဲ့တယ်လို့တော့ ပြောကြတာပဲ''

ဆင်မာမန်းက ဖြေသည်။

''ဂရာဗင်ဟိုက်မြို့မှာ ဗုံးနဲ့ လုပ်ကြံတာကြောင့်လား''

အီလီယာက မေးလိုက်၏။

ဆင်မာမန်းက ခေါင်းညိတ်လိုက်၏။

''ခင်ဗျားပြောတော့ ဘယ်သူမှ မရှင်ဘူးဆို''

လူသေးသေးက ဝင်၍—

''ဘယ်သူမှမရှင်ဘူး၊ ဗုံးအားက ပြင်းလွန်းလို့ တိုက်ကြီး တစ်ခြမ်းလုံး ပြိုကျသွားတယ်၊ ကျွန်တော်တို့ လိုချင်တာထက် တောင် ပိုပြင်းသွားလို့ ဘေးလူတွေဒါထိကုန်ရတယ်၊ ဒါ ကြောင့် ကျွန်တော်တို့ ဒီနေရာကို ရှင်းလင်းပြီးတဲ့အထိ စောင့် မနေနိုင်ကြတော့ဘူး''

''ခင်ဗျား အဲဒီကို ရောက်လို့လား''

ကွင်းက ဝင်မေးသည်။

''ဗုံးကို ကျွန်တော်ကိုယ်တိုင် ဆင်တာပေါ့''

အေဘဲက ပြောလိုက်သည်။

ဤတွင် ဆင်မာမန်းက ဝင်၍—

''ဖြစ်နိုင်မယ်လို့ ထင်ရတာကတော့ သူဟာ အပြင်နံရံ နားမှာ သို့မဟုတ် ပြတင်းပေါက်နားမှာရပ်နေလို့ ဗုံးပေါက် တော့ အပြင်ကို လွင့်စဉ်ထွက်ပြီး မသေတာလဲ ဖြစ်ချင်ဖြစ်မယ်၊ ဘာပဲဖြစ်ဖြစ် ဆွန်တာရာကတော့ မသေဘဲ လုပ်ငန်းခွင် ပြန် ဝင်နေတာ အမှန်ပဲ....

''ဒီကောင်ဟာ ပြန်ပြီး ခွဲစိတ်ကုသထားတယ်လို့ ယုံကြည် ရတယ်၊ အခုဆိုရင် သူဟာ ကျွန်တော်တို့ အရင်သိခဲ့ဖူးတဲ့ ရုပ်မျိုး မဟုတ်တော့ဘူး၊ ဗီဓာတ်ပုံ ကျွန်တော်တို့ ရပြီးတဲ့ နောက် သူတစ်ခါ ပျောက်သွားပြန်တယ်၊ ဒါပေမယ့် သိပ် ကြာကြာ မပျောက်လိုက်ဘူး....



''သူ့ကိုသတ်ဖို့ ကြိုးစားတဲ့ကောင်တွေကို ရက်ရက်စက် က် ပြန်အကြွေးဆပ်ခဲ့တယ်၊ အဲဒါတွေကတော့ ကျွန်တော် ့်ပေးထားတဲ့ ဖိုင်တွေထဲမှာသာ ကြည့်ပေတော့....

''အဲဒီနောက်ပိုင်းမှာ သူ လူသတ်မှုတွေ ကျူးလွန်ခဲ့တယ်၊ ါပေမယ့် သူသတ်တာလို့ ပြောလို့ မရနိုင်ခဲ့ဘူး၊ မီးခြစ်ဆံ ေလးတွေ လိမ်ပြီးထားခဲ့တာလောက်ပဲ ရှိတယ်၊ အရင်တုန်း ကလိုပဲ နည်းစနစ်တွေပြောင်း၊ နာမည်တွေပြောင်း၊ ရုပ်ဖျက်နဲ့ ူ့ပုံကို ဖမ်းလို့မရနိုင်ခဲ့ဘူး၊ သူ့အခုမျက်နှာဟာ ဘယ်လိုပုံ ဲ့ဘာတောင် မပြောနိုင်ဘူး၊ သူက ပုံစံကျ လုပ်ပုံမျိုးလဲ ဟုတ်ဘူး၊ သူ့ကို သတင်းပေးတဲ့လူတွေကလဲ့ သူ့အပေါ် ူစွာရှိတယ်၊ နောက်ပြီး လုံလုံလုံခြုံတယ်....

''သူက လူတွေကို တိုက်ရိုက်ဆက်သွယ်တာ မဟုတ်ဘူး၊ ူ့ဆရာ အဘူဟာဆင်ရဲ့သား ကမဲကတစ်ဆင့် ဆက်သွယ် ယ်၊ မိန်းမတစ်ယောက်ကိုလဲ အသုံးချနေတယ်လို့ သိရ ယ်၊ နာမည်က ဂရီတာတဲ့၊ ဂျာမန် အကြမ်းဖက်သမား ိန်းမတစ်ယောက်ပေါ့၊ သူတို့ ကြိုက်နေကြတယ်လို့လဲ ပြော ယ်၊ ဆွန်တာရာဟာ နောက်ပိုင်းကနေ ပုန်းပြီးလှုပ်ရှားတာ ော့ သူ့ကိုရှာဖို့ ခက်တာပေါ့၊ လစ်ဗျားကိုစွမတိုင်ခင် သူ ောက်ဆုံး လှုပ်ရှားခဲ့တာက ကျန်ခဲ့တဲ့ နှစ်နှစ်လောက်က ောဘာ့ဟုမ်းမြို့မှာပေါ့၊ အဲဒီတုန်းက သူဟာ အိုပက်ဝန်ကြီး ်ယောက်နဲ့ သူ့ကိုသတ်ဖို့ လွှတ်လိုက်တဲ့ ကျပ်တို့ လူလေး ောက်တို့ သတ်သွားတယ်၊ အဲ့ဒီနောက်ပိုင်း သူပျောက်သွား ်နေရော''

"လစ်မျှားကိစ္စမှာ ဆွန်တာရာ ပါနေတယ်ဆိုတာ သေချာတယ်ပေါ့နော်"

ဝိဘ်ယောက မေးလိုက်သည်။

"ဟုတ်ပါတယ်"

ဆင်မာမန်းက ဖြေသည်။

အီလီယာက မိမိယူလာသော ဖိုင်ကြီးကိုဖွင့်၍ ဓာတ်ပုံများကို ထုတ်ယူလိုက်ပြီး ဆင်မာမန်းကို ကမ်းပေးလျက်...

"ရော့....ဆွန်တာရာရဲ့ ဓာတ်ပုံတွေ၊ နည်းနည်းတော့ ဝါးတယ်၊ လစ်မျှားမှာ လေယာဉ်ပေါ်က ဆင်းလာတဲ့ကောင်ဟာ အဲဒီကောင်ဆိုတာတော့ သေချာတယ်"

ဆင်မာမန်းက ဓာတ်ပုံများကိုယူ၍ သေသေချာချာကြည့်ပြီး စဉ်းစားနေသည်။

"ဒါ ဆွန်တာရာလို့ ခင်ဗျား ဘယ်လို ပြောနိုင်တာလဲ"

ဆင်မာမန်းက မေးလိုက်သည်။

"မြို့ယူ ဆင်ခြင်ကြည့်ရတာပေါ့၊ လေယာဉ်ပေါ် တက်သွားတဲ့ လူတွေရော ပြန်ဆင်းလာတဲ့ လူတွေကိုရော ကျွန်တော်တို့ တစ်ယောက်ချင်း ဓာတ်ပုံ ရိုက်ယူထားခဲ့ပါတယ်၊ အရေအတွက်က မကိုက်ဘူး၊ ဒါကြောင့် ပြန်ကြည့်တော့ ဒီတစ်ယောက် ပိုနေတာ တွေ့ရတယ်"

အီလီယာက ရှင်းပြလိုက်သည်။

"အရပ်အမောင်းနဲ့ ကိုယ်လုံးကိုယ်ထည်ကတော့ တူတယ်၊ အသားမည်းတာလဲ တူတယ်၊ ဒီဓာတ်ပုံ ရလာတာကတော့ အတော့်ကို အဆင်ပြေတာပဲ"



ပြောပြီး ဆင်မာမန်းက ဓာတ်ပုံကို သူ့လူများအား ပေးလိုက်သည်။

အေဘဲက ဓာတ်ပုံကိုယူ၍ သေသေချာချာ ကြည့်လိုက်သည်။ ပြီးတော့ သူ့မျက်နှာမှာ သေတော့မလိုကြီး ဖြစ်သွားသည်။

"အေဘဲ ဘယ်လိုလဲ"

ဆင်မာမန်းက မေးလိုက်သည်။

အေဘဲသည် မျက်မှန်ကိုချွတ်၍ မျက်နှာမှ ချွေးများကို သုတ်လိုက်ပြီး....

"ဟုတ်တယ်....သူပဲ၊ ရုပ်တော့ ဖျက်ထားတယ်၊ ဒါပေမယ့် သိသာတယ်၊ သူမှသူ"

ရယ်လင်နာက ဓာတ်ပုံကိုယူကြည့်လိုက်ပြီး ဘာမျှမပြောဘဲ ဖါပါမီယာကို ကမ်းပေးလိုက်သည်။ ပါဖါမီယာက ဓာတ်ပုံကို ယူကြည့်လိုက်ပြီး....

"ဒါဆို ကိုယ်ပျောက်ဝိဇ္ဇာမှာ မျက်နှာတော့ ရှိနေတာပဲ၊ ကျုပ်တို့ ဒါကိုကိုင်ပြီး လုပ်လို့ရပြီ"

ဆင်မာမန်းက....

"သူဟာ အတော်ကြာအောင်တော့ ပုန်းနေလိမ့်မယ်၊ ကမဲလိုအပ်တာတွေကို လိုက်ဆက်သွယ်ပြီး အစီအစဉ်တွေကို လိုက်ဆောင်ရွက်နေရလိမ့်မယ်၊ ဒီလိုပုန်းလို့ရအောင် ငွေတော့ အများကြီး လိုလိမ့်မယ်၊ ဒါကို သူ တစ်နေရာရာက ရအောင် ယူလိမ့်မယ်"

"အခု သူ့မှာ ငွေတွေ အများကြီးရှိနေပြီ၊ လေလံပွဲဆိုင်ခင်ကတော့ သူ့မှာမရှိဘူး၊ သူ တစ်နေရာရာကဆွဲရတယ်၊

သူ့အဆက်အသွယ်ကို လိုက်ကြည့်တော့ ဂျပုကို ခြေရာခံမိတယ်၊ ကျွန်တော်တို့ ကိုလံဘီယာနိုင်ငံ ကဘာည်းက စတြာဇာကနေ ခြေရာခံ လိုက်လာတာ၊ စတြာဇာကိုတော့ မကြာခင်က ဂျပုက သတ်လိုက်တယ်၊ ဆွန်တာရာဟာ အဲဒီအဆင့်လောက်အထိ သူ ရှင်းပစ်ခဲ့တယ်၊ ဒါကြောင့် သူ နောက်ထပ် အကူအညီ သိပ်မရနိုင်တော့ဘူး”

အီလီသာက ရှင်းပြလိုက်သည်။

ဆင်မာမန်းက ပြန်၍—

“သူရအောင် ရှာလိမ့်မယ်၊ ငွေနဲ့ပေါက်ပြီး ရှာလို့ရရင် ရ၊ မရရင် ခြိမ်းခြောက်ပြီး ရအောင် လုပ်လိမ့်မယ်၊ ကျုပ်တို့ဘက်ကလဲ သတင်းထောက်လှမ်းလို့ရတဲ့ နေရာတွေရှိတယ်၊ အဲဒီထဲက တချို့ကို ကမဲကတစ်ဆင့် သူလာ အကျပ်ကိုင်လိမ့်မယ်၊ သူသစ္စာဖောက်တဲ့အတွက် ကျွန်တော်တို့ ဘက်က တစ်ပန်းသာနေတယ်၊ စတြာဇာနဲ့ ဘာဘာရန်းမှာ မိတ်ဆွေတွေ အများကြီးရှိတယ်၊ ဂျပုမှာလဲ ဒီလိုပဲ၊ ဂျပုလဲ အခုလောက်ဆိုရင် ဆွန်တာရာရဲ့ အန္တရာယ် ရှိနေပြီဆိုတာ သိလောက်ရောပေါ့”

“ဂျပု ကြောက်နေပါစေလို့ပဲ ကျုပ်တို့ ဆုတောင်းနေတာပဲ၊ ကျုပ်တို့က ဂျပုကို မျက်ခြည်မပြတ် ကြည့်နေတာ၊ သူ ကမဲကို ဆက်သွယ်မလား၊ ဆွန်တာရာကိုပဲ ဆက်သွယ်မလား လို့ စောင့်နေတာ၊ ကျုပ်တို့ဘက်ကလဲ ဂျပု ကြောက်သွားအောင် နည်းနည်းလောက် လှုံ့ဆော်ပေးလိုက်မယ်”

အီလီယာက ပြောလိုက်သည်။



“ကမဲက တွေ့ဖို့မခက်ပါဘူး၊ သူ့ကိုလှည့်စားပြီး ဆွန်တာရာဆီ ရောက်အောင်လုပ်ဖို့ပဲလိုတယ်၊ သူတို့က တစ်ယောက်နဲ့တစ်ယောက် သိပ်သစ္စာရှိတယ်၊ ဘယ်တော့မှ သစ္စာမဖောက်ဘူး၊ ဆွန်တာရာက ကမဲကို ယုံတယ်”

ဆင်မာမန်းက ပြောပြလိုက်သည်။

“ကမဲကို ဇရီတာဆီသွားအောင်ပဲ လုပ်လို့ရမယ်၊ ခင်ဗျားတို့ ပြောသလို ဆွန်တာရာနဲ့ ဇရီတာ ကြိုက်နေတယ်ဆိုတာမှန်ရင် ဇရီတာက တစ်ဆင့် ဆွန်တာရာကို ခေါ်ယူလို့ရနိုင်မယ်”

ကွင်းက ပြောလိုက်ခြင်းဖြစ်၏။

ဆင်မာမန်းက ခေါင်းညိတ်လျက်....

“ဟုတ်တယ်၊ အဲဒါ ဖြစ်နိုင်တယ်”

ကွင်းက ဆက်၍....

“ဆွန်တာရာမှာ လုံခြုံတဲ့ အိမ်တစ်လုံးရှိဖို့လိုတယ်၊ ဒါကို ကမဲက စီစဉ်ပေးရလိမ့်မယ်၊ ခင်ဗျားတို့ အဆက်အသွယ်တွေကို တီးခေါက်ကြည့်နိုင်မယ် ဆိုလို့ရှိရင် သူ့ကို ကျွန်တော်တို့ ကြားက ဖြတ်ဖမ်းလို့ရမယ်၊ ဒါမှမဟုတ်လဲ ဂျပု သူ့ဆီသွားအောင်လုပ်ပြီး နောက်က လိုက်လို့ရနိုင်မယ်၊ ပြင်သစ်မှာ အကူအညီရနိုင်မယ့်နေရာတွေ ကျွန်တော် သိထားတာရှိတယ်၊ ကမဲနဲ့ ဆွန်တာရာတို့ ပြင်သစ်မှာရှိတယ်ဆိုရင် ကျွန်တော် သိရမှာပဲ၊ သိတဲ့အတိုင်း ကမ္ဘာ့အကြမ်းဖက်အဖွဲ့ အစည်း အတော်များများ ပြင်သစ်မှာ လာဆုံကြတာ”

အီလီယာက ဝင်၍....

''နောက်ထပ် ပြဿနာတစ်ခုကလဲ ရှိသေးတယ်၊ ကျွန်တော်တို့ကို ဆိုဗီယက်တွေက လိုက်ထောက်လှမ်းနေကြတယ်''

ဆင်မာမန်းက ဘာမျှမထူးခြားသလို....

''ကျွန်တော်တို့ သိပြီးပါပြီ၊ ခင်ဗျားတို့ လှုပ်ရှားမှုမှန်သမျှကို ဂျီအာရ်ယူအဖွဲ့က စောင့်ကြည့်နေတယ်၊ ကေဂျီဘီကလဲ ဂျီအာရ်ယူကို စောင့်ကြည့်နေတယ်၊ ခင်ဗျားတို့ သိထားတာမှန်သမျှ နောက်ဆုံးမှာ သူတို့လဲ သိသွားကြမှာပဲ၊ သူတို့ ခင်ဗျားတို့နောက်ကနေ အရိပ်လိုလိုက်နေကြတယ်၊ ဘရီးဇစ်နဲ့ တိုဗန်နင်တို့ဆိုတာလဲ ကျုပ်တို့ သိနေတယ်၊ အခု အဲဒီ နှစ်ယောက်စလုံး ပြင်သစ်ကို ရောက်နေကြတယ်''

''တိုဗန်နင်ကို ကျွန်တော် တွေ့ပြီးပြီ၊ သူက ဆိုဗီယက်လေလံကိုယ်စားလှယ်လေ''

ကွင်းက ပြောလိုက်သည်။

''ဒီကောင်ဟာ အင်မတန်တော်ပြီး အတွေ့အကြုံများတဲ့ထောက်လှမ်းရေးတစ်ယောက်ပဲ''

ဆင်မာမန်းက ပြောလိုက်သည်။

အီလီယာက မိမိအဖွဲ့အား....

''မင်းတို့နောက်ကနေ ငါတို့ ကြည့်နေမယ်၊ မင်းတို့ ကမဲနဲ့ ဆွန်ဘာရာ ကို တွေ့အောင်သာရှာကြ၊ အရေးကြုံလာရင် ရုရှားတွေကို ငါတို့ ကြည့်ရှင်းထားလိုက်မယ်''

''ကျွန်တော်တို့ ဘယ်အချိန်စ,မလဲ''

ဝိတ်လောက မေးသည်။

''ချက်ချင်းပဲစ,မယ်၊ ဒီအဖွဲ့ လူခွဲပြီး ဥရောပမှာ အဆက်အသွယ်တွေဆီက သတင်းတွေထောက်လှမ်းကြ၊ ငါက မင်းတို့



ာကိုဆက်သွယ်ရေးစခန်းလို လုပ်နေမယ်၊ ထူးခြားတဲ့
ာင်းရတာနဲ့ မင်းတို့ ဘယ်နေရာ၊ ဘယ်အချိန်မှာ လှုပ်ရှားစေ
ယ်ဆိုတာ ပြောမယ်၊ ဘာမေးစရာရှိသေးလဲ''

မေးစရာမရှိကြတော့။

ထိုအခါ အီလီယာကပင်....

''ဒါဆို သွားကြမယ်၊ သတင်းထူး မြန်မြန်ရလေ ဆွန်
ာရာကို ငါတို့ မြန်မြန်ဖော်ထုတ်နိုင်လေပဲ၊ ဖော်ထုတ်ပြီးရင်
င်းစံအတိုင်းဆက်လုပ်ရုံပေါ့''

## အခန်း (၃၀)

### ပြင်သစ်နိုင်ငံ၊ ကုလားမောင့်ဖာရန်မြို့

နံနက် နေအတော်မြင့်မှ ပဲရစ်မြို့မှလာသော အမြန်ရထား ဆိုက်ကပ်တော့သည်။ တစ်ဇတ်လုံး မိုးရေထဲတွင် နေလာခဲ့ရာမှ ဒီဇင်ဘာ နေရောင်နွေးနွေးအောက်သို့ ကွင်း ထွက်လိုက်သည်။ ရယ်လင်နာက သူ့နောက်မှလိုက်သွားပြီး တောင့်တင်းနေသော အကြောများကို ဆန့်စစ်လိုက်၏။ သူမ တစ်လမ်းလုံး အိပ်ပျော်လာခဲ့သည်။ ပဲရစ်မြို့သို့ ဆင်မာမန်းခေါ်၍ ရောက်လာကတည်းက လေးဆယ့်ရှစ်နာရီလုံးလုံး ယခု ပထမဆုံး အိပ်ခဲ့ခြင်းဖြစ်သည်။

အဖွဲ့သုံးဖွဲ့ခွဲ၍ မိမိတို့ သက်ဆိုင်ရာ သတင်းရပ်ကွက်များတွင် သတင်းလိုက်ထောက်လှမ်းခဲ့ကြသည်။ ကွင်းနှင့် ရယ်လင်နာတို့က တစ်တွဲတွဲ၍ ကလာမောင့်ဖာရန် မြို့ကလေးသို့



ဒင်းဇင့်ညီအစ်ကိုနှစ်ယောက်ကို လာတွေ့ကြခြင်းဖြစ်သည်။ ထို ညီအစ်ကိုမှာ ဒုတိယကမ္ဘာစစ်တုန်းက ညီညွတ်ရေးအုပ်စု ခေါ်သည့် အဖွဲ့မှ တော်လှန်ရေးသမားများ ဖြစ်ကြသည်။ ယခင်ကလည်း သူတို့ထံမှ ကွင်း အကူအညီ ရခဲ့ဖူးသည်။ တော်လှန်ရေးသမားဟောင်း အတော် များ များ မှာ လည်း သတင်းပေးလုပ်ငန်းများ လုပ်ကိုင်နေဆဲဖြစ်၏။ မျိုးချစ်စိတ် အသို့ငှာလည်းကောင်း၊ ငွေကြေးအမြတ်အစွန်း အလို့ငှာ လည်းကောင်း သူတို့ သတင်းများပေးကြသည်။ ယခုလည်း သူတို့ထံမှ အကူအညီရနိုင်ကောင်းမည်အထင်ဖြင့် ကွင်း ရောက် လာခဲ့ခြင်းဖြစ်သည်။

ဝိဘ်ဈေလာက ဗါပါမီယာနှင့်တွဲရသည်။ သူတို့က ပဲရစ် မြို့တွင် သတင်းများလိုက်၍ ဘရပ်ဆဲနှင့် မြူးနစ်မြို့များသို့ ဆက်၍သွားရမည် ဖြစ်သည်။ ဓအဘဲကတော့ အမ်စတာဒမ် သို့ သွားသည်။ နောက်ပိုင်းတွင် ဇူးရစ်နှင့် မက်ဒရစ်မြို့များ သို့ ဆက်၍သွားရမည်ဖြစ်၏။ ဆင်မာမန်းနှင့် အီလီယာတို့က တော့ အစိုးရပိုင်းရပ်ကွက်များကိုလိုက်သည်၊ ဥရောပတစ်ခွင် ၌ ဥပဒေ စိုးမိုးရေးကို အကူအညီပေးနေကြသော ထောက် လှမ်းရေးဟောင်း အဆက်အသွယ် အမြောက်အမြား သူတို့ တွင် ရှိသည်။ ထိုအဆက်အသွယ်များသည် နေရာတကာတွင် နားနှင့် မျက်လုံးများပမာ ရှိနေကြ၏။

သို့ဖြင့် သူတို့သည် ဥရောပတစ်ခွင်တွင် ရန်သူရော၊မိတ်ဆွေ ရော သတင်းရနိုင်မည့်နေရာမှန်သမျှမှ သတင်းများ စုပေါင်း ရယူနေကြသည်။ သစ္စာရှိမှု မရှိမှု ဆိုသည်ကတော့ ပေးနိုင် သည့် ငွေအရေအတွက်ပေါ်တွင် မူတည်နေသည်။ သတင်းတွေ

ကာကောင်းသော်လည်း အန္တရာယ်တော့ ရှိနိုင်သည်။ သူတို့က သတင်းတစ်ခုတည်းကို တစ်ယောက်မက လျှောက်ရောင်းသည်မျိုးလည်း ရှိတတ်သည်ဟုတ်လော။

ကွင်းက မိမိတို့လာမည့်အကြောင်း ဗင်းဇင့်တို့ကို ကြိုတင်၍ ဖုန်းဆက်ထားခဲ့သည်။ မိမိတို့ လာသည်ကို မည်သူမျှ မသိပါစေနှင့်ဟုလည်း မှာထားခဲ့သည်၊ သို့မဟုတ်ပါက ညီညွတ်ရေး အဖွဲ့ဝင် တော်လှန်ရေးသမားဟောင်းများသိသွားပါက သဘင်းတွေ ပေါက်ကြားကုန်နိုင်သည်။ ကွင်းက တိတ်တိတ်လာ၍ တိတ်တိတ်ပြန်သွားချင်သည်။

ကွင်းနှင့် ရယ်လင်နာတို့သည် ကားတစ်စီးငှား၍ ကိုယ်တိုင် မောင်းကာလာခဲ့ကြသည်။ ပဲရစ်မှ ထွက်လာကတည်းက တစ်လမ်းလုံး နှစ်ယောက်သား သိပ်စကားမပြောဖြစ်ခဲ့။

အီလီသာ ပေးခဲ့သည့် ဖိုင်များအရ ချစ်စရာကောင်းသလောက် ကြမ်းတမ်းမည့် မိမိနှင့်ပါလာသော ထောက်လှမ်းရေး အမျိုးသမီးအကြောင်းကို ကွင်း သိနေသည်။ သူမ အသက် သုံးဆယ့်လေးနှစ်သာ ရှိသေးပြီး သည်လုပ်ငန်းတွင် လုပ်သက် ကိုးနှစ်ပင်ရှိခဲ့လေပြီ။ သည်လုပ်ငန်းမျိုးတွင် ၎င်းလုပ်သက်မှာ များသည်ဟုဆိုရမည်။

အစ္စရေးတပ်ထဲတွင်လည်း သူမ လေးနှစ်ခန့် အမှုထမ်းခဲ့သေးသည်။ ထို့နောက် အိမ်ထောင်ကျပြီး အိမ်ထောင်ပျက်ခဲ့ရ၏။ ယင်းနောက်ပိုင်း ဥရောပ လုပ်ငန်းများတွင် သယ်ယူပို့ဆောင်ရေးတာဝန် ထမ်းဆောင်ရန် ခေါ်ယူခြင်းခံခဲ့ရသည်။ ဘာသာစကား ကျွမ်းကျင်သော သူမ၏အရည်အချင်းကြောင့် ခေါ်သုံးခြင်းဖြစ်သည်။



ထိုတာဝန်ကို ထမ်းဆောင်ရင်း အထက်လူကြီးများ မျက်စိကျလောက်သည့် အရည်အချင်းများ သူမ လုပ်ပြနိုင်ခဲ့သည်။ တစ်နှစ်အတွင်း ဥရောပတွင် အစ္စရေး၏ ရန်သူများအား လိုက်လံသုတ်သင်သော အထူးစစ်ဆင်ရေး တပ်ဖွဲ့တွင် တွဲဖက်ပေးခြင်း ခံခဲ့ရ၏။ ထိုအခါ သူမ တစ်ကိုယ်ကောင်း အစွမ်းတွေ ပြခဲ့တော့သည်။

ပဲရစ်သို့ ပထမဆုံး ရောက်သည့်သမှာပင် အစ္စရေးတို့ သုံးလေ့ရှိသော ဘာရက်တာ မွိုင် ၂၂ အော်တိုမစ်သေနတ်ဖြင့် ဓာတ်လှေကားထဲတွင် အနီးကပ်ပစ်ကာ လူနှစ်ယောက်ကို သတ်ပစ်ခဲ့သည်။ နောက်တစ်လ ကြာသောအခါ ဖရန့်ဖတ်မြို့တွင် တက္ကစီကား နောက်ခန်းထဲတွင် လူတစ်ယောက်ကို သေနတ်အငယ်စား တစ်လက်ဖြင့် ပစ်သတ်ခဲ့ပြန်သည်။

နောက်တစ်လအတွင်းမှာလည်း ရိုအန်မြို့ရှိ စားသောက်ဆိုင်ကလေး တစ်ဆိုင်တွင် အမျိုးသမီး အကြမ်းဖက်သမား တစ်ယောက်ကို ဆွယ်တာထိုးသည့်အပ်ဖြင့် ထိုးသတ်ခဲ့ပြန်၏။ ထိုအချိန်မှစ၍ အထက်လူကြီးများအကြား သူမ စူပါစတား ဖြစ်ခဲ့ရသည်။

၁၉၇၃ ခုနှစ်တွင်လည်း ကိန်းမြို့၌ အစ္စရေးတို့၏ တတိယဆင့် လူဆိုးစာရင်းဝင် တစ်ယောက်အား အရက်ထဲ အဆိပ်ခတ်၍ သတ်ပစ်နိုင်ခဲ့သည်။ ၁၉၇၅ ခုနှစ်တွင်လည်း ရော့တာဒမ်မြို့၌ ဂျာမန်အမျိုးသမီး အကြမ်းဖက်သမား တစ်ယောက်ကို သေနတ်နှင့် အနီးကပ် ပစ်သတ်နိုင်ခဲ့ပြန်သည်။ ၁၉၇၆ ခုနှစ်တွင် တစ်ဖန် အစ္စရေးတို့၏ ဒုတိယအဆင့် လူဆိုးစာရင်း

ဝင်တစ်ယောက်အား အယ်လ်ဆင်ကီမြို့ ဟိုဘယ် တစ်ခု၌ အဆိပ်ပါသော မြေပုံကပ် သံမှိုဖြင့် ထိုးသတ်ခဲ့ရာ အသံတိတ် ပွဲချင်းပြီး သေဆုံးခဲ့ပြန်သည်။

သူမပါဝင်သော အဖွဲ့ အခနန္နင့်လည်း ငါးနှစ်လောက် အတွင်း သူတို့၏ ထိပ်တန်းလူဆိုးစာရင်းဝင် လေးယောက်ကို ရှင်းလင်းပစ်နိုင်ခဲ့သည်။ ၁၉၈၆ ခုနှစ်၊ နွေဝင်ဘာလတွင်မူ အလားတူ ထိပ်ဆုံးစာရင်းဝင် ရာဖဲဆွန်တာရာအား လုပ်ကြံ ရန် စတော့ဟုမ်းမြို့သို့ စေလွှတ်ခြင်း ခံခဲ့ရသည်။ ရရှိသည့် သတင်းအရ ဆွန်တာရာသည် အိုပက်ဝန်ကြီးများကို လုပ်ကြံ မည်ဟု ဆိုသည်။ သည်တစ်ခါတော့ ဆွန်တာရာက အိုဖက် အဖွဲ့ဝင် ဝန်ကြီးနှစ်ဦးအပြင် အစောင့်ရေးအဖွဲ့မှ လေးယောက် ကိုပါ သုံးရက်အတွင်း သတ်ဖြတ်လိုက်သည်။ ရယ်လင်နာနှင့် ဖါဖါမီယာတို့ နှစ်ယောက်သာ လွတ်မြောက်ခဲ့သည်။

လွန်ခဲ့သည့် ဆယ့်နှစ်နှစ်အတွင်း ဆွန်တာရာကို လုပ်ကြံ ရန် အစောင့်ရေး သုဘ်သင်ရေး အဖွဲ့နှစ်ဖွဲ့ကို သုံးခဲ့သည်။ ထို နှစ်ဖွဲ့မှ လူပေါင်း ဆယ့်လေးယောက်အနက် ဆယ့်တစ် ယောက်မှာ သေခဲ့ရပြီ ဖြစ်သည်။ ကျန်သုံးယောက်မှာ ယခု ပြန်လည် ရောက်ရှိလာပြီး မုန်းတီးစိတ်၊ ကြောက်စိတ်နှင့် ကျဆုံးသွားသည့် မိမိတို့ ရဲဘော်များအပေါ် သစ္စာရှိ စိတ်တို့ ဖြင့် ဆွန်တာရာကို နောက်တစ်ချီ ရှင်းလင်းပစ်ရန် အသင့်ရှိနေ ကြလေပြီ။

ရယ်လင်နာ စိတ်အားထက်သန်ပြီး ခိုင်မာသော ဆုံးဖြတ် ချက် ချထားသည့်မှာလည်း မဆန်း။ ဆွန်တာရာကိုသတ်ရန်



မှ စိတ်ဓာတ်ပြင်းထန်နေသည်။ သည်တစ်ခါတော့ ဆွန်တာ ပြေးမလွတ်နိုင်တန်ရာ။

* * *

မွန်းတည့်ချိန်လောက်တွင် ဗင်းဇင့်တို့ခြံ အဝင်လမ်းကလေး သူတို့ကား ရောက်လာသည်။ ကျဉ်းမြောင်းသော လမ်း ကလေး၏ တစ်ဖက်တစ်ချက်တွင် ကျောက်တုံးများစီ၍ လုပ် ထားသည့် တံတိုင်းများဖြင့် ကာရံထားသည်။

ကားကို တိုက်နှစ်လုံးအနက် ခပ်ကြီးကြီးတိုက်၏ ရှေ့တွင် ရပ်လိုက်၏။ ကားစက် မသတ်မီမှာပင် အိမ်ထဲမှ ဂင်တိုတို၊ ကြမ်းကြမ်း လူကြီးတစ်ယောက် ထွက်လာသည်။

"အဲဒါ ဂျက်ဗင်းဇင့်ပေါ့"

ကွင်းက ရယ်လင်နာကို ပြောပြလိုက်သည်။

"သူ့ကိုကြည့်ရတာ တကယ့်ဖိုက်တာပဲ၊ ကျွန်မတော့ သူ့ မြင်မြင်ချင်း သဘောကျသွားပြီ"

သူတို့ ကားထဲမှထွက်လိုက်ချိန်တွင် ဂျက်ဗင်းဇင့် အနားသို့ ရောက်လာသည်။ မြင်သစ်ကြီးသည် အားရပါးရပြုံး၍ ကွင်း အား ပြေးဖက်ကာ ကွင်း၏ ကျောကုန်းကိုလည်း ရပ်းနှိုးစွာ အား ထုနေသည်။

ထိုနောက် ဗင်းဇင့်သည် နောက်သို့ အနည်းငယ် ဆုတ် ပြီး...

"မတွေ့ရတာ အတော်ကြာပြီကွာ ကွင်း၊ မင်းက တော့ အရင်အတိုင်းပဲ၊ ဘာမှ မပြောင်းလဲဘူး"

ကွင်းက ပြန်ပြုံးပြလိုက်ရင်း....

"ကျွန်တော်တို့ကို တွေ့ခွင့်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ"

"ကျေးဇူးတင်စရာ မလိုပါဘူးကွာ၊ မင်းဆိုရင် ငါတို့ အမြဲကြိုဆိုနေတာပဲ"

ပြင်သစ်ကြီးက ရယ်လင်နာကို ကြည့်လိုက်ပြီး ဦးထုပ်ကို ချွတ်၍ အရိုအသေပေးလိုက်ရာ ထိပ်ပြောင်ကြီး ပေါ်လာသည်။ ပြီးတော့ သူက ယဉ်ကျေးစွာ ပြုံးပြလိုက်၏။

"ဒါက ရယ်လင်နာပါ"

ကွင်းက မိတ်ဆက်ပေးလိုက်သည်။

"တွေ့ရတာဝမ်းသာပါတယ် မစ္စတာ ဗင်းဇင့်"

သူမက လက်ကမ်းပေးရင်း ပြောလိုက်သည်။

ဂျက်က သူမဝဲသည့်လေသံကို နားထောင်၍ 'ရှုလွမ်'ဟု ဂျူးဘာသာစကားဖြင့် နှုတ်ဆက်လိုက်၏။

"ရှင်တော်တော် အကြားအာရုံ ကောင်းတာပဲနော်"

"ကဲ....လာကြ၊ ဝိုင်တဲကို သွားကြရအောင်၊ ဝိုင်ပုလင်းတစ်လုံးဖွင့်ပြီး စကားပြောကြတာပေါ့"

ဂျက်က ဧည့်သည်နှစ်ယောက်၏ လက်ကိုဆွဲကာ ခေါ်သွားသည်။

"လူရှန်ဗင်းဇင့် တစ်ယောက်ကော"

ကွင်းက မေးလိုက်သည်။

"ခြေညီ ခဏကြာရင် လာလိမ့်မယ်၊ သူ ကိစ္စလေး နည်းနည်း ရှိနေလို့"



ဝိုင်တဲသို့ ရောက်သောအခါ လှေကား သုံးလေးထစ်ခန့် ဆင်း၍ အထဲသို့ရောက်သည်နှင့် အေးစိမ့်စိမ့် ဖြစ်လာသည်။ ဂျက်က စားပွဲတစ်လုံး အပေါ်တည့်တည့်မှ မီးလုံးတစ်လုံးကို ဖွင့်၍—

"ကဲ....အေးအေးဆေးဆေးသာ နေကြကွာ"

သူက စားပွဲကိုညွှန်ပြရင်း ပြောလိုက်သည်။ ထို့နောက် သူက နံရံကပ်စင်ကြီးများဆီသို့ လျှောက်သွားပြီး သူအကြိုက်ဆုံး ဝိုင်တစ်ပုလင်းနှင့် ဖန်ခွက်များကို ယူလာခဲ့သည်။

ထို့နောက် ပုလင်းဖော့ဆို့ကိုဖွင့်၍ ဖန်ခွက်များထဲသို့ ထည့်နေသည်။ ပြီးတော့ ပုလင်းကို စားပွဲပေါ် ပြန်ချလိုက်ပြီး သူ့ ဖန်ခွက်ကို မြှောက်လျက်....

"မိတ်ဆွေတွေအတွက်"

ကွင်းနှင့် ရယ်လင်နာတို့က ဖန်ခွက်ကို မြှောက်လိုက်ကြသည်၊ ဝိုင်ကိုမသောက်မီ အမျိုးသားနှစ်ယောက်သည် ကျဆုံးသွားရှာပြီဖြစ်သော မိမိတို့မိတ်ဆွေများကို လွမ်းဆွတ်သတိရနေကြသည်။

"ငါတို့က မင်းကို ဘယ်လိုကူညီရမှာလဲ"

ဂျက်က ဖန်ခွက်ကို ပြန်ချလိုက်ပြီး မေးလိုက်သည်။

"ကျွန်တော်တို့ လူသုံးယောက်ကို လိုက်ရှာနေတာ ဂျက်၊ သူတို့ကို အမြန်ဆုံးတွေ့မှ ဖြစ်မယ်၊ သူတို့ ဥရောပမှာ ရှိနေတယ်လို့ ကျွန်တော်တို့ ထင်နေတယ်၊ အထူးသဖြင့် ပြင်သစ်မှာရှိမယ်ထင်တယ်၊ ဒါကတော့ သိပ်မသေချာဘူးပေါ့လေ၊ ဒါပေမယ့် ဒီကောင်တွေဟာ အင်မတန်အန္တရာယ်ရှိပြီး သိပ်ယုံခြုံစိတ်ချရတဲ့ သတင်းတွေနဲ့ အကူအညီတွေကို ရနေကြ

တယ်၊ သူတို့ သိပ်အန္တရာယ်များတဲ့ အလုပ်တစ်ခုကို လုပ်တော့ မှာမို့ ကျွန်တော်တို့ တားဆီးမှဖြစ်မယ်''

''သူတို့နာမည်တွေ ဘယ်သူတွေလဲ''

''ဇရိတာဟတ်၊ ကမဲနတ်ဆာနဲ့ ရာဖဲဆွန်တာရာ တို့ပါ''

''ဆွန်တာရာ....''

ဂျက်က နဖူးကို လက်နှင့်သပ်ကာ ထိုအမည်ကို ရေရွတ်မိ သည်။ ပြီးမှ....

''အတော်တော့ ခက်တဲ့ပြဿနာပဲကွာ၊ သူနဲ့ပတ်သက်လာ ရင် ဘယ်သူမှ မလုပ်ချင်ကြဘူး''

''ဒီသတင်း ရနိုင်မယ်ဆိုရင် ကျွန်တော်တို့ ဘယ်လောက် ပေးရပေးရ''

''အမှန်အတိုင်း ပြောရရင် သတင်းလေး နည်းနည်း လောက်ရဖို့တောင် အတော်ပေးရလိမ့်မယ်၊ မင်းက မြန်မြန် ဆိုတော့ ဘယ်လောက် မြန်မြန်လဲ''

''ရက်ပိုင်းလောက်အတွင်း''

ကွင်းက ပြောလိုက်သည်၊

ဂျက်က မန်ခွက်ကို ထပ်ဖြည့်လိုက်ပြီး....

''မင်း ငါ့ကို ဘယ်လောက်အထိ ပြောနိုင်မလဲ''

ကွင်းက ရယ်လင်နာကို လှမ်းကြည့်လိုက်သည်။ သို့သော် သူမက မလှုပ်။ ကွင်းအား လုံးဝ တာဝန် လွှဲထားသည်ဆို သည့် သဘော။

''သူတို့ဟာ ကမ္ဘာ့စီးပွားရေးကြီး တစ်ခုလုံးကို ယိုင်နဲ့ သွားအောင်၊ လုံးဝပျက်စီးသွားအောင် လုပ်နိုင်တဲ့ အနေ



အထားမှာ ရှိနေတယ်၊ အချိန်က သိပ်မလိုတော့ဘူး၊ အများ ဆုံး သီတင်းပတ်လောက်ပဲ ရနိုင်မယ်ဂျက်''

ပြင်သစ်ကြီးက ဝိုင်ကို တစ်ငုံသောက်လိုက်ပြီး စဉ်းစား နေသည်

ကွင်းက ဆက်၍....

''ဆွန်တာရာဟာ သူ့လောကထဲမှာ အင်မတန် ယုံရတဲ့ ကောင်တွေကိုတောင် သစ္စာဖောက်ခဲ့တယ်၊ အခုကိစ္စအတွက် သူအစွမ်းကုန် စွန့်စားနေတယ်၊ အဲဒီကိစ္စဟာ ကျွန်တော်တို့ အတွက် သိပ်တန်ဖိုးရှိတဲ့ ကိစ္စလဲ ဖြစ်နေတယ်''

ဂျက်၏မျက်လုံးများ စူးရှ တောက်ပြောင်လာသည်။ ပြီး တော့ မျက်လုံးကိုမှေးကာ ခေါင်းညိတ်လိုက်၏။

ကွင်းသည် မိမိ သားရေဂျက်ကင်အိတ်ထဲမှ ဓာတ်ပုံများ ကိုထုတ်၍ စားပွဲပေါ်သို့ တင်လိုက်ပြီး လက်နှင့် ထောက်ပြ ကာ....

''ဒီတစ်ယောက်က ဆွန်တာရာ၊ ကျန်တဲ့နှစ်ပုံက ကမဲနဲ့ ဇရိတာ''

''မင်း ဒီဓာတ်ပုံတွေ ဘယ်လိုရလာတာလဲ''

ဂျက်က ဆွန်တာရာ၏ ဓာတ်ပုံကို ကောက်ယူကြည့်လိုက်ပြီး မေးလိုက်၏။

''ပြောရမှာကတော့ အရှည်ကြီးပဲ၊ ဒါ သူ့ပုံ ဆိုတာက တော့ သေချာတယ်၊ ဒါ သူ့ လက်ရှိရုပ်ပုံပေါ့လေ၊ အခု သူ ကမူးရှူးထိုး လျှောက်လုပ်လို့ သူ့ဇတ်ဝန်းကျင်မှာလဲ သူ့ ရန်သူတွေ များနေပြီ''

"မင်းပြောတာ ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် သူ့ကို ဖြန့်လွှန်ရဲတဲ့လူတော့ နည်းဦးမယ်ထင်တယ်"

"ရှင့်အနေနဲ့ ဘာမှမတတ်နိုင်တော့ဘူးလား"

ရယ်လင်နာက မေးလိုက်သည်။

"သူ သစ္စာဖောက်လိုက်တာ ဘယ်အဖွဲ့တွေလဲ"

ဂျက်က မေးလိုက်၏။

"စတြာဇာနဲ့ ဘာဘာရန်းတို့ အသတ်ခံလိုက်ရတာ သူ့ စနက်ပေါ့"

ကွင်းက ပြောပြလိုက်၏။

ဂျက်က ခေါင်းညိတ်လိုက်ပြီး....

"နှစ်ယောက်စလုံးသေပြီလား"

"ဟုတ်တယ်"

"စတြာဇာ သေတဲ့အတွက် သနားမယ့်လူတော့ မရှိပါဘူး၊ ဒါပေမယ့် ဘာဘာရန်းမှာတော့ အပေါင်းအသင်းတွေ ရှိနေတယ်၊ နောက်ထပ် ဘယ်သူရှိသေးလဲ"

"ဂျူပု ဆိုတဲ့လူကို ခင်ဗျား သိသလား"

"ဒီကောင်လဲ အပေါင်းအသင်းကောင်းတာပဲ၊ သူကော သေပြီလား"

"သေတော့ မသေသေးဘူး၊ ဒါပေမယ့် မကြာခင်သေမှာပဲ"

"ဆွန်တာရာ လုပ်တာတွေ တယ်မှားတာပဲ၊ စိတ်ချရတဲ့ ဝါအဆက်အသွယ် တစ်ယောက်နဲ့ မင်းတို့ကို ဆက်သွယ်ပေးမယ်၊ ခဲတံနဲ့ စာရွက်ပါလား"

"ပါတယ်"



ကွင်းက အင်္ကျီအိတ်ထဲမှ စာရွက်နှင့် ခဲတံကို ထုတ်၍ မြင်းသစ်ကြီးအား ပေးလိုက်သည်။

ဂျက်က စာရွက်ပေါ်တွင် နာမည်တစ်ခုနှင့် တယ်လီဖုန်းနံပါတ်တစ်ခုကို ရေးပေးလိုက်သည်။

"ပါပီနန်မြို့ကိုသွား၊ ဒီဖုန်းနံပါတ်ကိုဆက်လိုက်၊ ပိုလီဒါ ဆိုတဲ့လူကို တွေ့ချင်တယ်လို့ပြော"

ဂျက်က စာရွက်ကို ကမ်းပေးရင်း ကွင်းအား ပြောလိုက်သည်။

ကွင်းက စာရွက်ကိုဖတ်ကြည့်ကာ....

"ပိုလီဒါနော်"

"မင်းတို့မရောက်ခင် ငါအရင် ဖုန်းလှမ်းဆက်ထားလိုက်မယ်၊ ဒါပေမယ့် တစ်ခုတော့ သတိပေးလိုက်မယ်၊ ပိုလီဒါဟာ ကြေးစား စစ်သားလောကတစ်ခုလုံးကို ကိုင်ထားတဲ့ ပုဂ္ဂိုလ်၊ သူတို့ကိုခိုင်းရင် ကြေးတော့များမယ်၊ အန္တရာယ်လဲ ရှိနိုင်တယ်၊ သူတို့ ကြိုက်ဈေးရမယ်ဆိုရင် ဒီသတင်းကို တခြား တစ်ယောက်ဆီကိုလဲ ရောင်းချင် ရောင်းမယ့်ကောင်တွေ၊ ဆွန်တာရာကိုတောင် ပြန်ရောင်းချင်ရောင်းမယ်၊ ဒီကောင်တွေတို့လဲ ဆွန်တာရာ အရင်ကခိုင်းခဲ့ဖူးတယ်၊ ပိုလီဒါနဲ့ ဘာဘာရန်းတို့ ခင်မင်လာတာကတော့ အတော်ကြာပြီ၊ အဲဒီ ခင်မင်မှုကြောင့် မင်းတို့အတွက် အဆင်ပြေချင်ပြေလာနိုင်တယ်"

"ကျေးဇူးတင်လို့မဆုံးပါဘူး ဂျက်ရယ်"

ကွင်းက ပြောလိုက်သည်။

"ကျေးဇူးအတင်လဲမစောနဲ့ဦး၊ ပိုလီဒါ ဆိုတာက သိပ်ယုံရတာမဟုတ်ဘူး၊ သူ့ဆီကရတဲ့ သတင်းကတော့ ကောင်း

ချင်ကောင်းမယ်၊ ဒါဖြေမယ့် သူနဲ့ဆက်ဆံရတာ မကောင်းဆိုးဝါးနဲ့ တွေ့ရသလိုပဲ၊ သတိသာထားပေတော့''

ဂျက်က အလေးအနက်နှင့်ပြောနေသည်။

ဝိုင်တဲ တံခါးပွင့်လာသဖြင့် သူတို့အားလုံး လှည့်ကြည့်လိုက်ကြသည်။ လူရှန်ဗင်းဇင့် ဝင်လာသည်ကို တွေ့လိုက်ရသည်။

ကွင်းက မတ်တတ်ထရပ်လိုက်၏။

ဂျက်ဗင်းဇင့်၏ညီ လူရှန်ဗင်းဇင့်သည် ကွင်းထံသို့ လျှောက်လာပြီး တအားဖက်၍ နှုတ်ဆက်လိုက်သည်။

''နှစ်နှစ်တောင် ရှိပြီကွာ၊ ငါတော့ မယုံနိုင်လောက်အောင်ဘဲ၊ မင်းရုပ်ကတော့ နည်းနည်းမှ မပြောင်းဘူး''

လူရှန်က ပြောနေသည်။

''တွေ့ရတာ ဝမ်းသာတယ်ဗျာ လူရှန်ရယ်၊ ခင်ဗျားလဲ ကျန်းကျန်းမာမာပဲနေဒီ''

''ကျန်းမာပါတယ်ကွာ၊ မင်းကော အခြေအနေ ဘယ်လိုလဲ''

''ကောင်းပါတယ်၊ ဒါထက် မိတ်ဆက်ပေးရဦးမယ်၊ ဒါက ရယ်လင်နာလေ''

ကွင်းက ရယ်လင်နာဘက်သို့ လက်ကို ဆန့်တန်းပြလိုက်ပြီး မိတ်ဆက်ပေးလိုက်သည်။

''မင်းက အခြေအနေကောင်းသားပဲ၊ အတော်လှပါတယ်''

သူမကို လက်ဆွဲနှုတ်မဆက်မီ လူရှန်က ကွင်းအား တီးတိုးပြောလိုက်၏။



''တွေ့ရတာ ဝမ်းသာဝါတယ်ရှင်''

ရယ်လင်နာက ပြောလိုက်သည်။

ဂျက်က ဝင်၍ သူ့ညီအား....

''မင်း ဘာသိခဲ့ရသလဲ''

လူရှန်က ကွင်းဘက်သို့လှည့်ကြည့်လိုက်ပြီး....

''ထုံးစံအတိုင်း မင်းနောက်ကို လိုက်နေတဲ့လူ ရှိနေတယ်၊ ...င်သစ်ထောက်လှမ်းရေးအဖွဲ့ ဒီအက်စ်တီတော့ မဟုတ်ဘူး၊ ...ခုလိုက်နေတာက ရုရှားတွေ၊ အဲဒါ မင်း သိလား''

ကွင်းက ခေါင်းညိတ်ပြလိုက်သည်။

''မင်းဆန္ဒရှိရင်တော့ ဒီကောင်တွေကို ငါတို့ နည်းနည်း ...မ်းလှဲပေးလိုက်လို့ရတယ်''

''ဘယ်လောက်နည်းနည်းလဲ''

''အရိုးမကျိုးရုံလောက်ပေါ့၊ တစ်ချောင်းတလေတော့လဲ ...ိုးချင် ကျိုးမှာပေါ့၊ အခြေအနေပေါ် မူတည်လို့ပေါ့ ...''

''ကောင်းသားပဲ''

ကွင်းက ပြောလိုက်သည်။

''ဒါဆိုလဲ လုပ်ပြီးသားပဲ''

ဤတွင် ဂျက်က နာရီကိုကြည့်လိုက်ပြီး....

''မင်းတို့ မြန်မြန်သွားလိုက်ကြ၊ ပေါ်နန်ကို ရထားနဲ့သွား ...းမှာ၊ မင်းတို့ နောက်ကျနေဦးမယ်၊ မင်း ပြောတဲ့အတိုင်း ...ရင် မင်းတို့အတွက် မိနစ်တိုင်းဟာ တန်ဖိုးရှိနေတယ်၊ ...ရှန်ကိုတော့ ငါပဲ အကြောင်းစုံ ပြောပြထားလိုက်မယ်၊ ...င်းတို့အတွက် ငါတို့ဘက်ကလဲ စုံစမ်းပေးထားမယ်၊ ပိုလီ

ဒါနဲ့ မင်း စကားပြောပြီးရင် ငါဆီကို ဖုန်းဆက်လိုက်ဦး၊ မင်း သိခဲ့ရတဲ့အချက်အလက်ပေါ်မူတည်ပြီး မင်းကို ငါတို့ တစ်ခုခု လုပ်ပေးလို့ ရချင်ရဦးမယ်''

''ဆက်လိုက်ပါမယ်၊ ကဲ....ကျေးဇူးပဲ ဂျက်ရေ''

''ပိုလီဒါ ဟုတ်လား''

လူရှန်က မျက်လုံးပြူးနှင့်မေးသည်။

''ငါ နောက်မှရှင်းပြမယ်၊ သူတို့ နောက်ကျနေဦးမယ်၊ မင်း နည်းနည်း လမ်းလွှဲပေးမယ်ဆိုတဲ့ ကိုစ္စသာ သွားလှုပ်''

အစ်ကိုဖြစ်သူက ပြောလိုက်သည်။

''သွားတာကတော့ လေထက်မြန်တယ်၊ ကဲ....အခုလို တွေ့ရတာ ဝမ်းသာပါတယ် မီနီးကလေးရယ်''

လူရှန်က ရယ်လင်နာကို ပြောလိုက်သည်။ ပြီး ကွင်းဘက်သို့ လှည့်လိုက်ကာ....

''ပိုလီဒါနဲ့တွေ့ရင်တော့ သတိထား၊ နောက်ပြီး နှစ်နှစ် လောက်ကြီးကြာမှ လာတာမျိုးတော့ မလုပ်ပါနဲ့ကွာ၊ မင်းကို ငါတို့ အမြဲကြိုဆိုနေပါတယ်''

''ဟုတ်ကဲ့ပါ၊ ကျေးဇူးပဲ လူရှန်''

လူရှန်က လှေကားမှဆင်းကာ ထွက်သွားတော့သည်။

ကွင်း၊ ရယ်လင်နာနှင့် ဂျက်တို့လည်း စိုင်တဲမှ ခပ်မှန်မှန် ထွက်လာခဲ့ကြသည်။

ရယ်လင်နာက ကားဆီသို့ ရှေ့မှသွားနှင့်သည်။ ဂျက်က ကွင်း၏လက်ကိုဆွဲ၍ ရပ်လိုက်ပြီး....

''ဆွန်တာရာကို မင်း ဘာအကြောင်းနဲ့ပဲ လိုချင်လို့ချင် လိုချင်တယ်လို့သာ ပြောလိုက် ငါတို့ ညီညွတ်ရေး အုပ်စုက



ကူညီဖို့အသင့်ပဲ၊ အရင်တုန်းက မင်း ငါတို့တိုင်းပြည်အတွက် ကူညီခဲ့တဲ့ကျေးဇူး ငါတို့ ဘယ်တော့မှမမေ့ဘူး''

''ခင်ဗျား အခုလို ကူညီချင်တယ်ဆိုတာကိုပဲ ကျေးဇူးတင် လှပါပြီဗျာ''

ပြီးတော့ နှစ်ယောက်သား ကားဆီသို့ဖြည်းဖြည်းလျှောက် သွားကြသည်။

''မင်းညီမ သေတာကိုကြားတော့ ငါတို့ စိတ်မကောင်း ကြဘူး''

ဂျက်က ကွင်း၏ပခုံးကိုဖက်ကာ ပြောလိုက်သည်။

''ကျေးဇူးတင်ပါတယ် ဂျက်ရယ်''

ထိုအကြောင်းများကို ပြန်သတိရသဖြင့် ကွင်း၏ မျက်နှာ ညှိုးသွားသည်။ ပြီး သူက ဆက်၍—

''ဒိုက်ယဆ်တာကို ရှာတုန်းက ခင်ဗျားတို့ဆီက အကူအညီ တွေ ရခဲ့တယ်ဆိုတာ အီလီယာ နောက်မှပြောပြလို့ ကျွန်တော် သိရတယ်''

''ဒီသတင်းတွေ မင်းဆီကိုရောက်အောင် အီလီယာ လုပ် ပေးခဲ့တယ် ဆိုတာကိုတော့ သူ မင်းကို မပြောဘူး မဟုတ် လား၊ မင်းကို သူက ကိုယ်တိုင်တော့ ဘယ်တော့မှ ပြောမှာ မဟုတ်ဘူး''

ကွင်းက ဂျက်၏ မျက်နှာကို အံ့သြစွာ မော့ကြည့်လိုက် ပြီး....

''အဲဒါ ကျွန်တော် မသိဘူး''

''သတင်းရနိုင်မယ့်နေရာမှန်သမျှကို မင်းအတွက် သူ စွန့် ပြီး အကူနီလိုက်ညှစ်မေးခဲ့တာတော့ယုံ ရိုမွှဲလူ၊ မင်းကို သူ

သိပ်သံယောဇဉ်ရှိတာ၊ မင်းကိုတော့ လူအတော်များများက သံယောဇဉ်ရှိနေကြတာပါလေ''

ကွင်းက ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။

''ကျွန်တော်ကလဲ ကျွန်တော့်မိတ်ဆွေတွေကို ဘယ်တော့မှ မမေ့ပါဘူး ဂျက်ရာ''

ဂျက်က ခေါင်းညိတ်၍ ကွင်း၏ဖခုံးကို ပုတ်လိုက်ပြီး....

''ကဲ....ဒါထားလိုက်ဦး၊ အီလီယာ့ကို ပြောလိုက်စမ်းပါ၊ ငါက သတိရတယ်လို့''

''ပြောလိုက်ပါ့မယ်၊ ကဲ....ကျေးဇူးပဲ ဂျက်ရေ''

''ပိုလီဒါနဲ့ တွေ့ပြီးရင်လဲ မင်း ငါ့ကို ဆက်ပြီး ကျေးဇူးတင်နေပါစေလို့ ငါ ဆုတောင်းပါတယ်''

* * *

## ပွဲရစ်မြို့

အင်တယ်ထရေ့စ်မှာ ဂျုပုကို စောင့်ကြည့်နေသော်လည်း ဂျုပုမှာ ထိုမြို့မှ ထွက်မည့်ဟန်မရှိ၊ ယင်းမှာ သူသည် ဆွန်တာရာ၏ ရန်ကို မကြောက်၍သော်လည်း ဖြစ်မည်၊ သို့မဟုတ် မိမိအန္တရာယ်ကို မိမိရပ်ရှားဥ္စသာ ရင်ဆိုင်တော့မည်ဟု ဆုံးဖြတ်ထား၍လည်း ဖြစ်နိုင်သည်။ ရက်တွေ ကြာလာသည်နှင့်အမျှ ဒုတိယအချက် ပို၍ဖြစ်နိုင်သည်ဟု အီလီယာ ထင်လာသည်။



သည် ထွက်မပြေးသော်လည်း ခါတိုင်းလို သွားလာမှုမျိုး မရှိတော့။ သတိနှင့် နေထိုင်နေပုံရသည်။

အီလီယာသည်မိမိအဖွဲ့အား ဂျုပုကို သည်လောက် အလော မထောက်လှမ်းဘဲ သတိနှင့်နေရန်သာ အမိန့်ပေးထား ဂျုပု တစ်ယောက်ယောက်နှင့် ဆက်သွယ်လိမ့်မည်ဟု ယာ ထင်ထားဆဲ။

ဂျုပု၏ တယ်လီဖုန်းများကိုလည်း အသံဖမ်း ကိရိယာများ ၍ အခေးမှ အလွန်ကောင်းသော စက်ကိရိယာများဖြင့် သောင်လျက်ရှိသည်၊ ဂျုပု အပြင်နှင့် ဆက်သွယ်လျှင် သူ ဘစ်လုံးလုံးနှင့်တော့ ဆက်မည်အမှန်။ သို့သော် သူ သတိ ထားလိမ့်မည်။ အခြား ဖုန်းတစ်လုံးလုံးနှင့် ဆက်လျှင် အသံခိုးဖမ်းရန်မှာမူ မဖြစ်နိုင်တော့၊ အခြား အသံဖမ်း ယာများကြောင့် သူ ပြောသည်ကိုသာ ကြားနိုင်သည်။ က်ဖုန်းမှ ပြောသည်ကိုတော့ မကြားနိုင်။ သို့မဟုတ်ဘဲ နှာချင်းဆိုင်တွေ့ပြီး ပြောလျှင်တော့ နှစ်ယောက်စလုံး သည်ကို ကြားနိုင်မည်။

အီလီယာသည် မာတင်ထရေ့စ်နှင့် တိုင်ပင်၍ အသံဖမ်း ကျင်သူများကို ထပ်ခေါ်ထားသည်။ သူတို့ ရောက်မလာ တော့ ကွင်း လိုက်နေသည့်ဘက်မှ အဆင်ပြေပါစေဟုသာ တောင်းရင်း ထိုင်စောင့်နေရတော့မည်။ ကွင်းဘက်က င်ပြေလျှင်တော့ ဂျုပုအား အသာထားခဲ့ပြီး နောက်မှ လုပ်တော့မည်။ တစ်ဖက်လောက်စောင့်နေပြီးမှ ဆုံးဖြတ် တော့မည်။

ဆွန်ဘာရာမှာ အလွန် ခြေရာဖျောက်ကောင်းသည်ဟု အိ
သာ ထင်သည်။ အချိန်ကျလျှင်တော့ မိမိအဖွဲ့မှ အရေး
သော သဲလွန်စတစ်ခုခု ရလာနိုင်သည်ဟု သူ ထင်နေ၏။
အချိန်သည် လူ့ဇာပ်ကို မသုံးမီအချိန် ဖြစ်ပါစေဟုသာ
ဆုတောင်းနေသည်။

* * *

**ကလာစမောင့်ဖာရန့်မြို့၊ ပြင်သစ်နိုင်ငံ**

ကွင်းနှင့် ရယ်လင်နာတို့ ပါပီနန်သို့ သွားမည့် ရထ
မထွက်မီ နာရီဝက်ခန့်အလိုတွင် ဘူတာရုံသို့ ရောက်လာ
သည်။ ထိုအချိန်အတွင်း ကွင်းသည် အီလီယာထံ ဖုန်းဆက်
ဂျက်ဗင်းဇင့်၏ လမ်းညွှန်ချက်အရ ပိုလီဒါထံ သွားတွေ့
ဖြစ်ကြောင်း ပြောပြလိုက်သည်။

"ပိုလီဒါက ဘာဘာရန်းရဲ့ သူငယ်ချင်းဆိုတော့ သူ ကျွ
တော်တို့ကို ကူညီနိုင်စရာ အကြောင်းရှိတယ်၊ ပိုလီဒါနဲ့ တွေ့
တဲ့အခါ ကြည့်ဆက်ဆံဖို့လဲ ဂျက်က မှာလိုက်တယ်၊ သူ့ဆီ
သတင်းကတော့ စိတ်ချရတယ်တဲ့၊ ဒါဖြေမယ့် ဒီသတင်း တခြား
လူတွေဆီကိုလဲ ရောက်သွားနိုင်တယ်လို့ ပြောတယ်"

"ပိုလီဒါနဲ့ ပတ်သက်လို့ ငါ ကွန်ပျူတာထဲမှာ ရှာကြ
လိုက်ဦးမယ်၊ ဒါပေမယ့် ဂျက်တို့ ပြောတယ်ဆိုရင်တော့ ဟု
လို့ပေါ့၊ မင်းနဲ့ ရယ်လင်နာ နှစ်ယောက်စလုံး သတိတော့ထား
ပေါ့ကွာ"



အီလီယာက သတိပေးလိုက်သည်။

"ဟုတ်ကဲ့ပါ၊ ကျွန်တော်တို့ သူနဲ့တွေ့ပြီးပြီးချင်း ခင်ဗျား
ဖုန်းပြန်ဆက်လိုက်မယ်၊ ဒါထက် ဂျပုနဲ့ ပတ်သက်လို့
ဘာထူးသေးလဲ"

"မထူးသေးဘူးကွ၊ ဒီကောင် ပိုပြီးတောင် ငြိမ်နေသေး
၊ အခု ဒီကောင်ကို ငါတို့ အသုံးချဖို့ စီစဉ်နေတယ်၊ ထူး
မင်းကို ငါ ပြောပြပါ့မယ်"

"ကျန်တဲ့အဖွဲ့တွေကော"

"အားလုံးတော့ အစီအစဉ်အတိုင်း လုပ်နေကြတာပဲ၊
လေနဲ့ ပါပါတို့ကတော့ ပွဲရစ်မှာပဲ သူတို့အဆက်အသွယ်
တွေကို လိုက်စုံစမ်းနေတယ်၊ အေဘဲကလဲ အမ်စတာဒမ်မြို့မှာ
လိုက်စုံစမ်းတယ်၊ သူ အခု ဇူးရစ်မြို့ကို သွားနေလေရဲ့"

"ဟုတ်ပြီ ကံကောင်းရင်တော့ တစ်ဝတ်လောက် အတွင်း
တစ်ခုခုတော့ ထူးမှာပဲ၊ ဒါထက် ကမဲ့နဲ့ ဂရိတာတို့
ကော"

"မထူးသေးဘူး၊ ဘာပဲဖြစ်ဖြစ် ငါတို့ရှာရမယ့်လူတွေကို
နေပြီပဲ၊ မကြာခင်မှာ တွေ့မှာပါ"

"ကောင်းပြီ၊ ကဲ....ကျွန်တော် သတင်းပို့စရာ တစ်ခုခုရှိ
း ခင်ဗျားဆီကို ဖုန်းဆက်ပါ့မယ်၊ ကျွန်တော်နဲ့ရယ်လင်နာ
သားမီအောင် သွားလိုက်ဦးမယ်"

"လိုလိုမည်မည် ပါပီနန်ကို ငါ အထောက်အကူပြု တပ်ဖွဲ့
တစ်ဖွဲ့ လွှတ်လိုက်ဦးမယ်၊ နာရီက ရေပီယိုကိုသုံးကွာ"

"ဟုတ်ကဲ့၊ ကျွန်တော် မကြာခင် ဖုန်းထပ်ဆက်ပါ့မယ်"

ကွင်း ဖုန်းကိုပြန်ချလိုက်ပြီးနောက် ရယ်လင်နာကို ခေါ် ရထားဆီသို့ လာခဲ့ကြသည်။ ဇလက်ဖောင်းပေါ်မှ လူများ တစ်ချက်ဖြန့်၍ အကဲခတ်လိုက်ပြီး ဆိုဗီယက်တွေကို ရှာကြ လိုက်သည်။ ဆိုဗီယက်နှင့်တူသူဆို၍ သူ မတွေ့။ သည်ကော တွေကို လူရှုန်သည် ဘယ်လောက်မြန်မြန် လမ်းလွှဲလိုက်နိုင်ေ သည်လား။သည်ကောင်တွေကို ခဏလောက်ဖြစ်ဖြစ် မျက်ခြ ဖြတ်နိုင်လျှင်တော့ ကောင်းမည်။

ကွင်းက လက်ဆွဲသေတ္တာကို ကောက်ယူလိုက်ပြီး ရယ်လ နာ၏ တံတောင်ဆစ်ကို ကိုင်လိုက်သည်။ ရထားပေါ် တက်ကြ မည်ဆိုသည့် သဘော။ သူတို့ ပလက်ဖောင်းကို ဖြတ်လျှ ရထားဆီသို့ လျှောက်လာခဲ့ကြသည်။ ရထားပေါ်မတက် ကွင်း နောက်ဆုံးတစ်ကြိမ် လှည့်ကြည့်လိုက်၏။ သူတို့တက်မည် တွဲ၏ နောက်တွဲမှ မျက်လုံးတစ်စုံကို တွေ့လိုက်ရသည်။ ထိုလူ က ချက်ချင်းပင် မျက်လုံးကိုလွှဲလိုက်၏။ ထိုအခိုက် ဗထမဆုံး အကြိမ် ဆိုဗီယက်တစ်ယောက်ကို မြင်လိုက်ရသည်။ တစ်စုံတစ် ကို သတိရလိုက်သလိုလည်း ရှိ၏။

ကွင်းနှင့် ရယ်လင်နာတို့ ရထားထဲ ဝင်သွားချိန်တွင် ထ မျက်လုံးများက လာပြန်ကြည့်လိုက်သေး၏။

ဆိုဗီယက်ကြီးသည် ကွင်းနှင့် ရယ်လင်နာတို့တက်မည့် တွဲ၏ ရှေ့တွဲသို့ လှမ်းမျှော်ကြည့်နေသည်။ အခြား မသင်္ကာဖွယ် လူတစ်ယောက်ကလည်း တွဲပေါ်သို့ တက်သွားသည်။ ဗထမ ဆိုဗီယက်ကြီးသည် ကွင်းနှင့် ရယ်လင်နာတို့ ရထားပေါ်သို တက်သွားကြောင်း သေချာစေရန် နောက်ဆုံးအချိန်အထိ ဇလက်ဖောင်းပေါ်တွင် စောင့်ကြည့်နေသည်။ ရထားစထွက်



တော့မှသူ ရထားပေါ်တက်လိုက်၏။ သို့သော် ပို၍ သေချာ စေရန် သူက ရထားကို ခိုစီးနေသေး၏။

သူသည် တံခါးပေါက်စတွင်ရပ်၍ ပိတ်နေသော လူထွား ကြီးတစ်ယောက် နောက်တွင် ခဏစောင့်နေလိုက်၏။ ထို လူ ထွားကြီးကလည်း မဖယ်။

“တစ်ဆိတ်လောက်ဗျာ”

ရုရှားကြီးက ပီသသော ပြင်သစ်စကားဖြင့် ပြောလိုက်၏။

သို့ရာတွင် လူထွားကြီး မဖယ်သေးသည့်အပြင် သူ့ဘက် သို့ တည့်တည့်လှည့်ရပ်လိုက်၏။

ထိုလူကြီးမှာ အခေတစ်လည်း ထွားသည်။ ရုရှားကြီး၏ ခေါင်းမှာ လူထွားကြီး၏ ရင်ဘတ်လောက်နှင့် တစ်တန်း တည်းလောက် ဖြစ်နေ၏။ ထိုလူကြီးမှာ ဖယ်မည့်ပုံမပေါ်။ ထို ကြောင့် နောက်တစ်ကြိမ် ဖယ်ခိုင်းရန် ပြောမည်ဟု သူ့မျက် နှာကို မော့ကြည့်လိုက်တော့ ထိုလူကြီး၏ မျက်နှာက ရန်လို မည့်ပုံ ပေါ်နေသည်။

ရုရှားကြီး ဘာမျှမပြောနိုင်မီ ထိုလူကြီး၏ ဒူးက ရုရှား ကြီး၏ ပေါင်ခြံကို ဆောင့်တိုက်ချလိုက်သည်။

ရုရှားကြီးမှာ နာလွန်းသဖြင့် ရှေ့သို့ ငိုက်ကျသွားသည်။

လူထွားကြီးသည် သူ့ကို ချိုင်းမှမြှောက်လိုက်ပြီး ဒုတိယ အကြိမ် ထိုနေရာကိုပင် ထပ်တိုက်ချလိုက်ပြန်သည်။

ထိုနောက် ရုရှားကြီးမှာ တစ်ကိုယ်လုံး မြောက်တက် သွားသလို ခံစားလိုက်ရပြီးနောက် ရထားအပြင်ဘက်သို့ လွင့် တက်သွားသည်။ အောက်သို့ကျသောအခါ ရင်ဘတ်၊ မျက်နှာ တို့နှင့်ကျပြီး နှစ်ဇတ်သုံးဇတ်လိမ့်ကာ ထိုင်လျက်အနေအထား

ဖြင့် ရပ်သွားတော့သည်။ နာကျင်နေသည့်ကြားက မိမိလူ ဒုတိယတစ်ယောက်လည်း မိမိကဲ့သို့ပင် ရထားပေါ်မှ လွင့်၍ ကျကျန်ခဲ့ကြောင်း တွေ့လိုက်ရသည်။

လူရှန်ဗင်းဇင့်နှင့် အဖွဲ့တို့ ပြောသည့်အတိုင်း လုပ်ခဲ့လေသည်။ ရထားပေါ်တွင် ရုရှားကြီးတစ်ယောက်မျှ ပါမသွားတော့။

✻ ✻ ✻

ရထားတွဲအတွင်း သီးသန့်ခန်းတံခါးကို လက်မှတ်စစ်ရန် ခပ်ဖွဖွ လာခေါက်သည်။ ရယ်လင်နာက တံခါးဖွင့်၍ လက်မှတ်များကို ထုတ်ပြလိုက်၏။ သူမက လက်မှတ်စစ်ကိုကျော်၍ စကြံ ထဲသို့ ကြည့်လိုက်သေး၏ လက်မှတ်စစ်ပြီးတော့ သူမ တံခါးကို ပြန်ပိတ်လိုက်၏။

ကွင်းအား သူ့လက်မှတ်ကို ပြန်ပေးလိုက်သောအခါ စာရွက်ကလေးတစ်ရွက် ကျလာသည်။ အယ်လင်နာက ကောက်ယူကြည့်လိုက်၏။

''ဘာစာရွက်လဲ''

ကွင်းက မေးလိုက်သည်။

ရယ်လင်နာက ဖတ်ပြီး ပြုံးကာ....

''ရှင့်မိတ်ဆွေတွေဆီက စာပါ''

သူမတဗင် စာကို ကျယ်ကျယ်ဖတ်ပြလိုက်သည်။



''နောက်ကလိုက်လာတဲ့လူတွေ ယာယီတော့ စါမလာနိုင်တော့ဘူး၊ နာတွန်းမြို့ကျရင် ရထားက ဆင်းလိုက်ပါ၊ ကားတစ်စီး စောင့်နေလိမ့်မယ်၊ အဲဒီကားနဲ့ ပါပီနန်ကို မောင်းသွားပါ၊ ပါပီနန်ဘူတာကနေ နောက် ရုရှားတစ်ဖွဲ့ စောင့်မနေဘူးလို့ မပြောနိုင်ဘူး၊ ညီညွတ်ရေး အဖွဲ့ တဲ့''

''ရှင့်မိတ်ဆွေတွေက အတော် စိတ်ချရတယ်နော်''

သူမ အပြုံးမပျက်သေး။

သူမနှင့် စတွေ့စဉ်ကတည်းက ဤသည်မှာ ပထမဆုံး သူမ ပြုံးခြင်း ဖြစ်သည်။ သူမ ပြုံးလိုက်တော့ တင်းနေသော သူမ မျက်နှာထားတွေ ပြေလျော့သွားသည်။ သည်လိုဆိုတော့ သည်း ချစ်စရာ။

''ဟုတ်တယ်၊ ဒီလူတွေ ယုံလဲယုံရတယ်''

ကွင်းက ပြန်ပြောလိုက်သည်။

''နာတွန်းကနေ ပါပီနန်တို့ ကားနဲ့ ဘယ်လောက်မောင်းရမှာလဲ''

ရယ်လင်နာက မေးသည်။

''ကီလိုမီတာ ခြောက်ဆယ်လောက် မောင်းရမယ် ထင်တယ်၊ အမှတ် ၉ လမ်းမကြီးကနေ သွားရင် တန်းနေတာပဲ''

ရယ်လင်နာက ခေါင်းညိတ်လိုက်သည်။ သူမမျက်နှာတွင် အပြုံးမရှိတော့။ သူမက စီးကရက်ကို မီးညှိလိုက်သည်။ သူမ လက်တွေ မသိမသာ တုန်နေသည်ကို ကွင်း သတိထားလိုက်မိ၏၊ သူမစိတ်တွေ မည်မျှ လှုပ်ရှားနေသည်မသိ။ သူမစိတ်တွေမှာ အတော်ပင် တင်းမာလွန်းသည် ထင်၏။ သူမနေရသည့် ဘဝမှာ အခြားသူများဆိုလျှင် ခဏလေးတော့မျှနှင့်ပင် နေနိုင်

ဖွယ်မရှိ၊ သူမမှာ သည်လုပ်ငန်းထဲတွင် ကိုးနှစ်ခန့်ဝင် လုပ်ခဲ့ရသည်။ သည်လောက်ခိုင်းသည်မှာ များလွန်းနေသည်၊ ထောက်လှမ်းရေးတို့ကို မကြာခဏ ပြန်၍ခေါ်ကာ အနားပေးရသည်။ သူမကတော့ အလုပ်ပိနေခဲ့၏။

သူမသည် စကားမပြောတော့ဘဲ ပြတင်းပေါက်အနီးတွင် ထိုင်ကာ အပြင်ဘက် ကျေးလက်ရှုခင်းများကို ငေးနေသည်၊

ကွင်းက ခေါင်းကို နောက်သို့မှီ၍ ထိုင်နေသည်၊ ရထားမှာလည်း ငြိမ့်ငြိမ့်ကလေး သွားနေ၏၊ ရထားပေါ်တွင် ညီညွတ်ရေး အဖွဲ့သားများ ပါလာသဖြင့် အားလုံး အဆင်ပြေနေသည်၊ ကွင်းသည် စိတ်ကိုလျှော့ချထားလိုက်ပြီး မကြာမီ အိပ်ပျော်သွားတော့သည်။

* * *

နာဘွန်းမြို့တွင် ပြောထားသည့်အတိုင်း ကားတစ်စီး စောင့်နေသည်၊ သူတို့နှစ်ယောက်သည် ကားကို မြစ်ဘေးတစ်လျှောက် ခပ်မှန်မှန် မောင်းလာခဲ့၏။

ပါပီနန်မြို့သို့ မှောင်မှ ရောက်ကြသည်။ နှစ်ယောက်သား မြို့ပြင်ရှိ သာမန် ယာစောင့်အိမ်ကလေး တစ်လုံးတွင် တည်းခွင့်ရခဲ့ကြသည်။ ထိုအိမ်တွင် တန်လီဖုန်းမရှိသဖြင့် ကွင်းသည် နေရာထိုင်ခင်းချပြီးသည်နှင့် မြို့ထဲသို့ ကားဖြင့် တက်လာခဲ့သည်၊ မြို့ထဲရောက်တော့ ဂျက်ဗင်းဇင့် ဧးလိုက်သော တယ်လီဖုန်းနံပါတ်ကို ဆက်လိုက်၏။



တယ်လီဖုန်း ပြောသည်မှာ စက္ကန့်သုံးဆယ်မျှသာ ကြာသည်။ ပါပီနန်နှင့် လေးဆယ့်ငါး ကီလိုမီတာခန့် ဝေးသည့် နေရာမှ စိန့်မာတင် ကျောင်းတော်တွင် တွေ့ဆုံရန် ချိန်းဆိုခဲ့သည်။ ဂျက်ကြိုတင်ဖုန်းဆက်ထား၍ ပို၍အဆင်ပြေနေသည်။ မိမိဖုန်းဆက်သည်ကို စောင့်နေကြသည် ဆို၏။ မိမိရောက်လျှင် ငဲန့်သာရီဟူသော အမည်ကို သုံးပါဟုလည်း တစ်ဖက်ကပြောလိုက်သည်။

ကွင်းက စားသောက်ဖွယ်များနှင့် ဝိုင်ပုလင်းများကို ဝယ်ခဲ့သည်။ ဒိန်ခဲ၊ ပေါင်မုန့် စသည်များလည်း ပါ၏။ အပြန်တွင် ကားမောင်းလာရသည်မှာ စိတ်ချမ်းသာနေမိသည်။ ပိုလီဒါနှင့် တွေ့ရမည်ဟူးသော အသိကြောင့် ဗိုက်ထဲတွင်ပင် ဆာသလိုလို ဖြစ်မိ၏။

အထုပ်တွေနှင့် ပြန်ရောက်သွားပြီးနောက် ကွင်းက ရယ်လင်နာအား မိမိ ပိုလီဒါနှင့်တွေ့ရန် ချိန်းဆိုခဲ့ပုံကို ပြောပြလိုက်သည်။ ထို့နောက် နှစ်ယောက်သား ညစာစားရန် ပြင်ကြ၏။

တစ်နေ့လုံး နည်းနည်းပါးပါးလောက်သာ စားခဲ့ကြရသည်။ လုံခြုံအေးချမ်းသောနေရာတွင် ရောက်လာကြသဖြင့် နှစ်ယောက်စလုံး ကောင်းကောင်း အနားယူနိုင်ကြလေပြီ။ ဘော်စတာရီ ဝိုင်ကလည်း သိပ်ကောင်းနေသည်။ ရယ်လင်နာ ထိုဝိုင်အမျိုးအစားကို မသောက်ဖူးခဲ့။ ထို့ကြောင့် ပထမ တစ်ခွက်နှစ်ခွက်ကို ခပ်မြန်မြန် မော့ချပစ်လိုက်၏။ သည်လိုမျိုး ပေါ့လွှတ်လက်လွှတ် သူမ မနေခဲ့ရသည်မှာ ကြာခဲ့လေပြီ။

ဘူး

နှစ်ယောက်သား ခပ်ဖြည်းဖြည်း စားသောက်နေကြသည်။ ရယ်ကာ မောကာနှင့် ထွေရာလေးပါးလည်း ပြောဖြစ်ကြသည်။ သည်တော့ တစ်ယောက်အကြောင်း တစ်ယောက် ပို၍ သိခွင့်ရလာသည်။ ပို၍သည်း ရင်းနှီးလာသည်။

"ကျုပ်တော့ ဝပြီ"

နောက်ဆုံးတွင် ကွင်းက စားပွဲမှထလိုက်တော့သည်။

"စားလို့ ကောင်းလိုက်တာ၊ အခုလိုစီစဉ်ပေးတာ ကျေးဇူးပဲ"

ရယ်လင်နာက ဆို၏။

"ကျေးဇူးတင်စရာ မလိုပါဘူးလေ"

သူမက စားပွဲကိုသိမ်းဆည်းပြီး ဝိုင်ဖန်ခွက်ကိုသာချန်ထား လိုက်၏။ ပြီး....

"ကျွန်မ တကယ်ပြောတာ၊ ညီညွတ်ရေးအဖွဲ့ထဲမှာ ရှိ မိဘ်ဆွေကောင်းတွေ ရှိတာပဲ"

"ဟုတ်ပါတယ်၊ အရင်တုန်းကလဲ သူတို့ ကျုပ်ကိုအများ ကြီး ကူညီခဲ့ကြတယ်"

"သူတို့ ရှင့်ကို တော်တော်ခင်တယ်နော်၊ ကျွန်မ အကဲခတ် မိတယ်"

"ပြင်သစ်ကို ကျုပ်စရောက်ကတည်းက သူတို့ဟာ ကျုပ်နဲ့ နားနဲ့ မျက်စိတွေပဲ"

ကွင်းကပြောရင်း ဖန်ခွက်ကို လှမ်းယူလိုက်သည်။

ကွင်းသည် ဝိုင်ကိုသောက်ရင်း စားပွဲတွေ သိမ်းနေသော ရယ်လင်နာကို ကြည့်နေသည်။ သည်လိုဆိုတော့လည်း သူ သည် လူသတ်သမားတစ်ယောက်နှင့် မတူပါလား။



"အမိနဲ့ ပါဇါတို့ အတူလုပ်လာတာ ဘယ်လောက်ကြာပြီ လဲ"

"ကျွန်မတို့နှစ်ယောက် တွေ့ကြတာ ခုနစ်နှစ်လောက်ရှိပြီ၊ ဒါပေမယ့် တွေ့တွေ့ချင်း ကျွန်မ သူ့ကို ခင်မင်သွားတယ်၊ သူဟာ ယောကျ်ားကောင်း တစ်ယောက်၊ တော်လဲ တော်တယ်၊ ယုံလို့လဲ ရတယ်၊ အဖွဲ့ကိုလဲ အရမ်းခင်တွယ်တတ်တယ်၊ ကျွန်မတို့အဖွဲ့ကလဲ လူတော်တွေချည်းပဲ၊ ဒါပေမယ့် ခုတော့ ကျွန်မနဲ့ ပါဝါကလွဲပြီး မရှိကြတော့ဘူးလေ"

"စတော့ဟုမ်းမြို့က ကိုစ္စကြောင့်လား"

ရယ်လင်နာက ခေါင်းညိတ်လိုက်၏။ သူမက စားပွဲတွင် ထိုင်၍ ဝိုင်ခွက်ကို ကောက်ယူကာ သောက်လိုက်သည်။

"အမိ သူ့ကိုကြောက်နေသလား"

ကွင်းက ဆွန်တာရာကို ရည်ရွယ်လျက် မေးလိုက်၏။

"ဟုတ်တယ်၊ နည်းနည်းတော့ ကြောက်သလိုပဲ၊ နည်းနည်းလောက် ကြောက်ထားတာကောင်းပါတယ်၊ မကြောက်ရင် သူ့ကို လျှော့တွက်မိနေဦးမယ်၊ သူ့ကို လျှော့တွက်လို့မရဘူး၊ စတော့ဟုမ်းမှာတုန်းက ကျွန်မတို့ သူ့ကိုလျှော့တွက်ခဲ့မိလို့ပေါ့၊ ကျွန်မတို့နိုင်ငံမှာတော့ ကျွန်မတို့အဖွဲ့ဟာ အကောင်းဆုံးပဲ၊ တခြားနိုင်ငံတွေနဲ့ ယှဉ်ရင်လဲ ကျွန်မတို့ အဖွဲ့ဟာ ကောင်းတယ်လို့ ဆိုရမှာပေါ့၊ ဒီကောင့်ကို ကျွန်မတို့နိုင်ငံက လူဆိုးစာရင်း သတ်မှတ်ထားတာ၊ ဒီကောင်ဟာ အင်မတန် အန္တရာယ်ရှိမှန်းလဲ ကျွန်မတို့သိတယ်၊ တခြား အကြမ်းဖက်သမားတွေလဲ အကုန် အန္တရာယ်ရှိကြတာပေါ့၊ ဒါပေမယ့် တခြားကောင်တွေက သူ့လောက် မဆိုးဘူး"

"စတော့ဟုမ်းအကြောင်း ပြောပြစမ်းပါဦး"

ဆွန်တာရာနှင့်ပတ်သက်၍ ပိုမိုနားလည်နိုင်ရန် ကွင်းက မေးလိုက်သည်။

"ပြောစရာ သိပ်များများစားစား မရှိလှပါဘူး၊ စတော့ဟုမ်းမှာ ရေနံဈေး လျှော့ချဖို့ အိုပက်ဝန်ကြီးတွေ အစည်းအဝေး လုပ်မှာကို အိုပက်ဝန်ကြီးတွေကိုသတ်ဖို့ ဆွန်တာရာ လာနေတယ်လို့ သတင်းရတယ်၊ ကျွန်မတို့လဲ အဲဒီကိုသွားပြီး အိုပက် ဝန်ကြီးတွေနောက်မှာ အသာစောင့်ရင်း သူ့ကို ချောင်းနေတယ်၊ သူ့ရဲ့ပုံပန်း ဘယ်လိုဆိုတာကို ကျွန်မတို့ သိထားပေမယ့် အခုလို ဓာတ်ပုံတော့ မရှိဘူး၊ ဒါကြောင့် သူ့ကို ရုတ်တရက် မရှာနိုင်ကြဘူး၊ ဒီတော့ အိုပက်ဝန်ကြီးတွေလဲ လွတ်အောင် မရှောင်နိုင်ကြသလို ကျွန်မတို့ဘက်ကလဲ လွတ်အောင် မရှောင်နိုင်ကြဘူး....

"ဝန်ကြီးတွေကို လုပ်ကြံတော့မယ်ဆိုတဲ့ သတင်းလဲကြားရော သူတို့အစည်းအဝေးကို ဖျက်သိမ်းလိုက်ကြတယ်၊ ဒါကြောင့် တခြားဝန်ကြီးတွေ လွတ်သွားကြတာ၊ ဝန်ကြီးတွေ စတော့ဟုမ်းက ပြန်အထွက်မှာ နှစ်ယောက်ကို သတ်လိုက်တယ်၊ ကျွန်မတို့အဖွဲ့ သူ့ကို စောင့်ကြည့်နေတာကို သူတွေ့သွားတယ် ထင်ပါရဲ့၊ နောက်တစ်နေ့ မနက်မှာ ဗစ်တာတစ်ယောက် ကားထဲမှာ သေနေတာ တွေ့လိုက်ရတယ်၊ ရဲရောက်သွားတဲ့အချိန်မှာ ကားစက်က နှိုးထားဆဲ ရှိသေးတယ်၊ အနားကပ်ပြီး လည်ပင်းကို သေနတ်နဲ့ တေ့ပစ်သွားတာ၊ နောက်တစ်နေ့ကျတော့ ဘင်တစ်ယောက်လဲ သူ့အခန်းထဲမှာ သေနေတာ တွေ့ရပြန်တယ်၊ လည်ပင်းကို ကြိုးနဲ့



ညှစ်ပြီး ညှစ်သတ်ထားတာ၊ အခန်းတံခါးကို အတွင်းက သော့ခတ်ထားတော့ လူသတ်သမား ဘယ်ကထွက်သွားတယ် ဆိုတာလဲ မသိလိုက်ရဘူး၊ အဲဒီညမှာပဲ ဂျီးဇက်လဲ အသတ်ခံလိုက်ရတယ်၊ သူက အများသုံး တယ်လီဖုန်းရုံထဲမှာ ဆင်မာန်းထံကို တယ်လီဖုန်းဆက်နေရင်း အသတ် ခံလိုက်ရတာ၊ အနားက ကပ်ပစ်သွားတာပဲ....

"နောက်တစ်နေ့မနက်ကျတော့ ကာလီလဲ ပန်းခြံထဲမှာ သေနေတာ တွေ့ရပြန်ရော၊ မျက်နှာတစ်ခုလုံး ပွင့်ထွက်နေတယ်၊ ဒါနဲ့ ကျွန်မနဲ့ ပါပါကို စတော့ဟုမ်းကနေ တစ်နာရီအတွင်း ထွက်လာခဲ့ဖို့ အမိန့်ပေးလာတယ်၊ ကျွန်မတို့လဲ အချိန်ဆိုင်းမနေတော့ဘဲ နှစ်ယောက်ခွဲပြီး နှစ်နာရီအတွင်း လွတ်အောင် ထွက်ပြေးလာခဲ့ရတယ်....

"ကျွန်မတို့နှစ်ယောက်က ငါးနှစ်လောက်အတူ အထိအခိုက်မရှိ တွဲလုပ်လာကြတာပါ၊ တွေ့ကြုံခဲ့ရတာတွေကလဲ များခဲ့ပါပြီ"

သူမသည် ပြောရင်း ငိုင်နေ၏။ ပြီးမှ ဆက်၍....

"ကျွန်မနဲ့ ပါပါတို့ အဲဒီနောက်ပိုင်း ခြောက်လလောက် ဘာမှမလုပ်ဘဲ ငြိမ်နေခဲ့ကြတယ်၊ ကျွန်မက အစ္စရေးကိုပြန်တယ်၊ ပါပါကတော့ ဂျာမနီနိုင်ငံ ဟမ်းဘတ်မြို့မှာပဲ နေကျန်ခဲ့တယ်၊ အဲဒီနောက်ကျမှ နောက်အဖွဲ့နဲ့ တာဝန်ပေးခိုင်းလိုက်တာ၊ ကျွန်မ ပါပါကို သိပ်အောက်မေ့တာပဲ၊ ဒီကြားထဲမှာ ကျွန်မတို့နှစ်ယောက် မတွေ့ကြရဘူး၊ လစ်ဗျားမှာ ဆွန်တာရာ ပါနေတယ်ဆိုတော့မှ ကျွန်မတို့ကို ဗြိတိသျှနိုင်ငံ ပဲရစ်ကို လာဖို့ ခေါ်လိုက်ကြတာပါ၊ အဲဒီက ရောဗင်ဟိတ်မြို့မှာ

ဆွန်တာရာကို လုပ်ကြံတာ နည်းနည်းလေး လွဲသွားတယ် ကျွန်မနဲ့ ဖေဖေ သူနဲ့ အစကတော့ မတွေ့ဖူးပါဘူး၊ ဒါပေမယ့် သူ့အကြောင်းတော့ ကြားဖူးနေတာပဲ၊ ဒီလောက်ကြာပြီးမှ သူ့ကို အခုတစ်ခါ ပြန်ခိုင်းတဲ့အတွက် ကျွန်မနဲ့ ဖေဖေတို့က တောင် အံ့သြနေတယ်၊ တကယ်တော့ သူလဲ ကျွန်မတို့လို ခံစားနေရတာပဲလေ၊ ဆွန်တာရာကိုသတ်ပြီး သွေးကြွေးပြန် ဆပ်ချင်နေတာ''

''အမိနဲ့ ပါဝါတို့ အတော်သေး ရင်းနှီးတယ်နော်''

''ဟုတ်ပါတယ်၊ ကျွန်မ သူနဲ့ တွေ့သိပ်ရတဲ့အခါ အားရှိတယ်၊ သူက အကူကိစ္စတယ်''

ကွင်းက နှစ်ယောက်စလုံးအတွက် ဝိုင်များ ထပ်ထည့်လိုက်သည်။

ရယ်လင်နာသည် ခွက်ကို တစ်ဝက်လောက်ကျအောင် တစ်ခါတည်း သောက်ချလိုက်ပြီး စီးကရက်ကို မီးညှိလိုက်၏၊ ဆွန်တာရာအကြောင်းနှင့် စတော့ဟုမ်းတွင် ဖြစ်ပျက်ခဲ့ရသည်များကို ပြန်ပြောလိုက်ရသဖြင့် သူမ ပြန်၍စိတ်တွေလှုပ်ရှားနေရသည် ထင်၏။

''ဒီတစ်ခါတော့ ခါတိုင်းလို မဖြစ်တော့ပါဘူး''

ကွင်းက အားပေးလိုက်သည်။

ရယ်လင်နာသည် ကွင်းအား စေ့စေ့ကြည့်လိုက်၏။ သူမ မျက်နှာတွင် သံသယစိတ်တွေနှင့်....

''ဆွန်တာရာဟာ တစ္ဆေလိုပဲ၊ ရုတ်တရက် ပျောက်ပျောက်သွားတယ်၊ သူ့ကို သေအောင်မှ သတ်နိုင်ပါတော့မလားလို့တောင် ကျွန်မ သံသယ ဖြစ်မိတယ်၊ ဂရာဗင်ဟိတ်မှာတုန်းက ပြန်ရှင်လာစရာကို အကြောင်းမရှိဘူး၊ တစ်ခါတည်း သေသွားဖို့ ကောင်းလျက်သားနဲ့ ပြန်ရှင်လာတယ်''

''အခုဟာက ဂရာဗင်ဟိတ် မဟုတ်တော့ပါဘူး၊ စတော့ဟုမ်းလဲ မဟုတ်ဘူး၊ သူဟာ လူတွေလို သွေးနဲ့ကိုယ် သားနဲ့ကိုယ်ဆိုရင် ကိုယ်ပျောက်သွားစရာလဲ အကြောင်းမရှိဘူး''

ကွင်းက အားပေးပြန်သည်။

''ဂရာဗင်ဟိတ်နဲ့ စတော့ဟုမ်းလို မဟုတ်ဘူးဆိုတာတော့ သိပါတယ်၊ ဒါပေမယ့် သူပျောက်သွားဦးမယ် ထင်တယ်''

ရယ်လင်နာ တွေဝေစွာ ပြောနေသည်။

''ဒီတစ်ခါ ဇာတ်သိမ်းခန်းက တစ်မျိုး ပြောင်းသွားမှာ''

ရယ်လင်နာက ဘာမျှ ပြန်မပြော။ ဝိုင်ကို ထပ်ထည့်၍ အခန်းတစ်ဖက်ရှိ ပြတင်းပေါက်မှ အပြင်ဘက် မှောင်ထဲသို့ ငေးကြည့်နေသည်။

* * *

မြင်းသစ်နိုင်ငံ၊ ပရာဒေးမြို့

မိန့်မာတင်ကျောင်းတော်ကြီးမှာ မြင့်မားစွာ တည်ရှိနေသဖြင့် သဘာဝပတ်ဝန်းကျင် အလှတို့ကို ပိုက်ကွယ်လျက်ရှိနေသည်။ ဆယ့်တစ်ရာစုက တည်ဆောက်ခဲ့သော ကျောင်းတော်ကြီးမှာ စတင်တည်ဆောက်စဉ်ကအတိုင်း လှသူကင်းဝေးသည့်

အရပ်၌ဇင် တည်ရှိနေဆဲ။ အုတ်နံရံတွေမှာလည်း မပြင်မဆင်နှင့် တောရ ဆောက်တည်လိုသူများအတွက် အကြိုက်ဖြစ်နေသည်။

ကွင်းနှင့် ရယ်လင်နာတို့သည် ဗထမတော့ ကားနှင့်လာသေး၏။ သို့ရာတွင် အဝင်လမ်းမှာ အများဆုံး ဂျစ်ကားလောက်သာ ဝင်နိုင်သည်ဖြစ်၍ နောက်ဆုံး တောင်တက်လမ်းကလေးကို ခြေကျင် တက်လာခဲ့ကြသည်။ တက်ရသည်မှာ အတော်လေး ပင်ပန်းသည်။

''ပိုလီဒါဟာ လူသူကင်းဝေးတဲ့ နေရာကို အတော်ကြိုက်ပုံရတယ်''

ကျောင်းတော်ကြီး၏ မျှော်စင်အောက် တည့်တည့်ရှိ ကုန်းမပေါက်တံခါးနီကြီးအနီးသို့ အရောက်တွင် ကွင်းက ပြောလိုက်သည်။

သူက စစ်သားတစ်ယောက်၏ မျက်စိဖြင့် ကြည့်လိုက်ရာ ထိုတံခါးပေါက်မှာ ကျောင်းထဲသို့ဝင်ရာ တစ်ခုတည်းသော အပေါက်ဖြစ်ကြောင်း တွေ့လိုက်ရသည်။ ကျောင်းတော်ကြီးကို ရဲတိုက်ကြီးကဲ့သို့ တည်ဆောက်ထားသည် မဟုတ်၍ မျှော်စင်ပေါ်တွင်သာ သူရဲခိုအပေါက်များ ရှိနိုင်သည်။ ကျန်သည့် နေရာများတွင်တော့ ဝင်၍ထွက်၍ မရနိုင်။

တည်ဆောက်ထားပုံအရ ခေတ်အဆက်ဆက် မည်သို့မျှ ဝင်ရောက်ကျူးကျော်၍ ရနိုင်ဖွယ်မရှိ။ ဆောက်ထားသည့်ပုံစံအရပင်လျှင် အကာအကွယ်တစ်မျိုး ဖြစ်နေသည်။

''ဒီနေရာက ထွက်ပြေးရမယ်သာဆိုရင် မလွယ်ဘူး၊ ကျွန်မတို့ ထွက်တော့မပြေးရကောင်းပါဘူးနော်''



ရယ်လင်နာက ပြောလိုက်သည်။

အခြားသူများအတွက်ဆိုလျှင် သူမ ပြောသည်မှာ မှန်ကောင်း မှန်မည်။ ကွင်းကတော့မူ သည်လို ဗတ်ဝန်းကျင်မျိုးနှင့် ပို၍ကြိုက်နေ၏။ ပတ်ဝန်းကျင်တွင် သစ်ပင်တောအုပ်တွေ ရှိနေသဖြင့် ထိုတောအုပ်ထဲ ရောက်အောင် သွားနိုင်လျှင် သဘာဝ အကာအကွယ်ဖြင့် မိမိ ကိုယ်ဖျောက်နိုင်ပေသည်။

ထူထဲသော သစ်သားတံခါးကို ကွင်းက ခပ်ကျယ်ကျယ် ခေါက်လိုက်သည်။ တစ်မိနစ်ခန့်စောင့်ရသည်။နောက်တစ်ကြိမ် ခေါက်မည်ပြုစဉ် အတွင်းမှ တံခါးဖွင့်သံကို ကြားလိုက်ရသည်။

တံခါးမှာ အနည်းငယ်သာ ဟပြီး အတွင်းမှ မျက်နှာတစ်ခု ပေါ်လာသည်။

''ဘာကိစ္စရှိပါသလဲ''

ဝတ်ရုံရှည်နှင့် ဘုန်းတော်ကြီးက မေးသည်။

''ကျွန်တော့်နာမည် စိန့်သာရီပါ''

အမူအရာ ပျော့ပျောင်း၍ သိမ်မွေ့သည့် ဘုန်းတော်ကြီးအား ပြောလိုက်သည်။

''ခဏစောင့်ပါနော်''

ဘုန်းတော်ကြီး တံခါးကိုပြန်ပိတ်သွားသည်။

နှစ်မိနစ်လောက်ကြာတော့ တံခါး တစ်ကြိမ် ပြန်ပွင့်လာပြန်သည်။ သည်တစ်ခါ ပေါ်လာသည်က ဘုန်းတော်ကြီး မဟုတ်တော့။ မျက်နှာထား တင်းတင်းနှင့် ခပ်မည်းမည်း လူကြီးတစ်ယောက်၏ မျက်နှာ ဖြစ်သည်။ မျက်နှာတစ်ခုလုံး

တွင်လည်း ထူထဲသော မျက်ခုံးမွေးများက နေရာယူထား သည်။

"စိန့်သာစရိနေဒ်"

ထိုလူကြီးက အသံအောအောနှင့် မေးသည်။

"ကျွန်တော် စိန့်သာရီပါ"

ကွင်းက ပြောလိုက်သည်။

ထိုလူကြီးသည် ကွင်းကို စေ့စေ့စပ်စပ် ကြည့်ပြီးနောက် ရယ်လင်နာဘက်သို့ လှည့်ကြည့်လိုက်ပြန်သည်။

"သူက ကျွန်တော့် အဖော်ပါ"

ထိုလူကြီး ဘာမျှမပြောနိုင်မီ ကွင်းက ပြောလိုက်သည်။

လူကြီးသည် သူတို့ကို သေသေချာချာ အကဲခတ်လိုက်ပြီး လေးလံသော တံခါးကြီးကို ဖွင့်ပေး ဘိုက်သည်။

"ကျွန်တော် ပိုလီဒါနဲ့ တွေ့ချင်လို့ပါ"

အထဲရောက်တော့ ကွင်းက ထပ်ပြောလိုက်သည်။ လူကြီး မှာ မိမိ စောစောကထင်သည်ထက် များစွာ ထွားကျိုင်းနေ ကြောင်း တွေ့လိုက်ရ၏။ အရပ်မှာ ခုနစ်ပေခန့် ရှိသည်။ ခြောက်ပေလေးလက်မရှိသော ကွင်းမှာ သူနှင့် ယှဉ်ရပ်လိုက် သောအခါ သေးသေးလေးဖြစ်သွားသည်။ လက်မောင်းနှင့် လက်ခုံများတွင် အမွေးများက ထူထဲစွာ ပေါက်နေသည်။ အင်္ကျီ ကော်လာကြားထဲမှလည်း အမွေးများ ထွက်နေကြ သည်။

လူကြီးက တံခါးပိတ်လိုက်ပြီးနောက် ကွင်းဘက်သို့ လှည့် လိုက်သည်။

"နံရံဘက်ကို လှည့်လိုက်ပါ"



သူက အမိန့်ပေးသည်။

ကွင်းက လှည့်ပေးလိုက်ရင်း ရယ်လင်နာအား အကူအညီ တောင်းသော မျက်နှာနှင့် စွေကြည့်လိုက်သည်။

ရယ်လင်နာသည် နောက်သို့ တစ်လှမ်းဆုတ်ကာ အပေါ် အင်္ကျီအိတ်ထဲသို့ လက်နှိုက်ထားသည်။ အိတ်ထဲတွင် ထည့်ယူ လာသော ဘာရက်တာ သေနတ်ပေါ်သို့ လက်ကို တင်ထား လိုက်၏။

လူကြီးသည် ကွင်း၊ ကိုယ်ပေါ်တွင် လက်နှင့် လျှောက်စမ်း နေရင်း တစ်ဖက်ကလည်း ရယ်လင်နာအား ကြည့်နေသည်။ ကွင်း၊ထံမှ ဂလော့အော်တိုမက်တစ်ကို တွေ့သဖြင့် လူကြီးက သိမ်းလိုက်၏။ သူက ကွင်း၏ကိုယ်ပေါ်တွင် ပေါင်ခြံများကို ပါ အားမနာတမ်း စေ့စေ့စပ်စပ်ရှာပြီးနောက်....

"သေနတ်ယူသွားလို့ မရပါဘူး၊ ကဲ...ပြန်လှည့်လို့ ရပါ ပြီ"

"ခင်ဗျားတို့ပြန်ရင် သေနတ်ကို ပြန်ပေးပါ့မယ်"

ထိုလူကြီးက ပြောနေပြန်သည်။

ထိုနောက် သူသည် ရယ်လင်နာဘက်သို့လှည့်လိုက်ပြန်ရင်း ကွင်း နည်းတူ နံရံဘက်သို့ လှည့်ရန် လက်ဟန်ပြလိုက်သည်။ သူမက မိမိသေနတ်ကို လက်ကလွှတ်ပြီး လှည့်၍ အရှာခံလိုက် သည်။

ထိုသို့ ရှာသည့်နေရာတွင် ထိုလူကြီးမှာ ကောင်းကောင်း ကျွမ်းသည်။ ယောကျ်ားရယ်၊ မိန်းမရယ် မခွဲခြား၊ နေရာ မလပ်အောင် တစ်ကိုယ်လုံးစမ်း၍ ရှာသည်။ သူက လည်စင်း

တွင် ကြိုးနှင့်ဆွဲထားသည့် ဘာရက်ဘာကိုလည်း သိမ်းလိုက်သည်။

''ဒါတွေကို နောက်တော့ ပြန်ပေးပါ့မယ်''

လူကြီးက ထပ်ပြောပြန်သည်။

''ကျုပ်နောက်က လိုက်ခဲ့ကြပါ''

ကွင်းနှင့် ရယ်လင်နာတို့သည် သူ့နောက်မှ မှောင်မည်း ရှည်လျားသော စင်္ကြံအတိုင်း လိုက်လာခဲ့ကြ၏။ ထိုနောက် လှေကားကလေးတစ်ခုကို တက်လိုက်ပြီး စင်္ကြံများအတိုင်း ဟိုကွေ့သည်ပတ်နှင့် လိုက်လာခဲ့ရာ နောက်ဆုံးတွင် ခန်းမ ကျယ်ကြီး တစ်ခုဆီသို့ ရောက်လာသည်။ ထိုအခန်း၏ တစ်ဖက် ထိပ်တွင် တံခါးတစ်ချပ်ရှိနေသည်။

''ကျုပ် ဒီကစောင့်နေမယ်''

လူကြီး၏အသံက သတိပေးဟန်လည်း ပါနေသည်။

ကွင်းနှင့် ရယ်လင်နာတို့သည် လူကြီးကိုကျော်ကာ ခန်းမကြီးထဲသို့ ဝင်ခဲ့သည်။

ခန်းမကြီး အဆုံးရှိ တံခါးပေါက်ရှေ့သို့ ရောက်သော အခါ သူတို့ ရပ်လိုက်ကြ၏။ ရယ်လင်နာ ပြောသည်မှာ မှန်နေသည်။ သည်နေရာက ထွက်ပြေးရန်မှာ မလွယ်။ ဟိုလူထွားကြီးကို ကျော်၍ပြေးရန်မှာ ပိုမလွယ်သေး။ သည်လိုနေရာမျိုးကိုဖင် ပိုလီဒါ ထိန်းထားနိုင်စွမ်းရှိနေပေသည်။

ကွင်းက တံခါးကို ခပ်ဖွဖွ သုံးချက်ခေါက်လိုက်သည်။

''ဝင်ခဲ့ပါ''

အတွင်းမှအသံခပ်နာအာအော တစ်သံကိုကြားလိုက်ရသည်။



ကွင်းက တံခါးကိုဖွင့်၍ အတွင်းသို့ လှမ်းကြည့်လိုက်သည်။ အခန်းထဲတွင် မဟာဘဟ ပြတင်းပေါက်မှ ဝင်လာသည့် နေရောင်ကလေး တစ်ခုမှအပ အားလုံး မှောင်မည်းနေသည်။ အခန်းအလယ်တွင် စားပွဲတစ်လုံးရှိ၍ စားပွဲတွင် ခပ်ဖိုင့်ဖိုင့် ပုဂ္ဂိုလ်တစ်ဦး ထိုင်နေသည်ကို တွေ့လိုက်ရသည်။ စားပွဲပေါ်တွင်လည်း ဝိုင်ပုလင်းနှင့် ဖန်ခွက်များကို တွေ့လိုက်ရ၏။

''ဝင်ကြပါ...ဝင်ကြပါ၊ တံခါးလဲ ပြန်ပိတ်လိုက်ပါဦး''

အသံရှင်က ပြောနေသည်။

ကွင်းတို့ နှစ်ယောက်သည် အခန်းထဲသို့ဝင်လိုက်ပြီး တံခါးကို ပိတ်လိုက်၏။

''ထိုင်ကြပါ၊ တံခါးဘေးမှာလဲ ကုလားထိုင်တစ်လုံး ရှိသေးတယ်''

ကွင်းက ထိုကုလားထိုင်ကို ယူလာသည်။ ထို့နောက် နှစ်ယောက်သား ထိုင်လိုက်ကြ၏။

''စိန္တာသာရီဆိုတာ ဘယ်သူလဲ''

အသံရှင်က မေးလိုက်ပြန်သည်။

''ကျွန်တော်ပါ''

ကွင်းက ပြောလိုက်တည်။

''ဒီကလေးမကကော ဘယ်သူလဲကွယ့်''

''ကျွန်မက ရယ်လင်နာပါ''

ရယ်လင်နာက ပီသ‌သော ပြင်သစ်ဘာသာဖြင့် ပြောလိုက်သည်။

''ပိုလီဒါက မင်းတို့ကို ဘယ်လိုကူညီရမှာလဲ''

ကွင်းက စားပွဲ၏တစ်ဖက်ထိပ်တွင် ထိုင်နေသူအား အလင်းရောင် မှုန်ပျပျဖြင့် လှမ်းအကဲခတ်လိုက်သည်။ ကွင်း၏ မျက်လုံးများလည်း အမှောင်ထဲတွင် အနည်းငယ် ကျင့်သားရလာပြီ ဖြစ်၏။ ပိုလီဒါ၏ ဆံပင်များမှာ သာမန် ယောကျ်ားတစ်ယောက်၏ ဆံပင်ထက် ရှည်လျားနေသည်။ ဖခုံးကလည်း ခပ်ဝိုင်းဝိုင်း။ ပိုလီဒါမှာ မိန်းမတစ်ယောက်ပါလား။

"ကျွန်တော် သတင်းတစ်ခုလောက် သိချင်လို့ပါ"

ကွင်းက ပြောလိုက်၏။

"ဒါတော့ ငါ သိတယ်လေ၊ ဘယ်သူ့ကို မင်းတို့ လိုက်ရှာနေကြတာလဲ"

"ဆွန်တာရာကိုပါ"

တစ်ချက်ငြိမ်သွားသည်။

"ဘာဖြစ်လို့ ငါ့ဆီကိုမှလာရတာလဲ"

ပိုလီဒါက မေးသည်။

ပိုလီဒါသည် ဘာဘာရန်းနှင့် ရင်းနှီးသည်ဆိုသော ဂျက်၏ စကားကို ကွင်း ပြန်သတိရလိုက်၏။

"ဒီကို ညွှန်လိုက်လို့ပါ၊ နောက်ပြီး ခင်ဗျားဟာ ဘာဘာရန်းနဲ့ မိတ်ဆွေလို့လဲ သိရပါတယ်"

ထိုအချိန်တွင် ကွင်း၏မျက်စိများ အမှောင်ထဲတွင် အတော်ပင် ကျင့်သားရလာကြပြီ ဖြစ်၏။ ထို့ကြောင့် ပိုလီဒါ၏ မျက်နှာ တစ်ချက် ပျက်သွားကြောင်း တွေ့လိုက်ရသည်။ နာကြည်းခံပြင်းသည့် အမူအရာမျိုး ဖြစ်၏။

ပိုလီဒါက လက်နှစ်ဖက်ကို စားပွဲပေါ်တင်လိုက်ပြီး ကိုယ်ကို ရှေ့သို့ကိုင်းလိုက်သည်။ သူမ၏ လက်ဆစ်များ အဆစ်



ရောင် ရောဂါကြောင့် ကောက်နေသည်ကို တွေ့လိုက်ရသည်။ လက်ဆစ်များမှာ ရောင်၍ ပုံပန်းပျက်နေသည်။ သူမ မျက်လုံးများမှာ စိတ်ဝင်စားသည့် အမူအရာ ပေါ်နေ၏။

သူမနှင့် ဘာဘာရန်းတို့၏ ဆက်ဆံရေးမှာ သာမန်လုပ်ငန်း သဘောထက် မကတော့ဘဲ ပုဂ္ဂိုလ်ရေးအသွင် ပတ်သက်နေသည်ဟု ကွင်း အကဲခတ်လိုက်မိသည်။

"သူတို့နှစ်ယောက်က ဘယ်လို ပတ်သက်နေလို့လဲ"

ပိုလီဒါက ကွင်းကို စေ့စေ့ကြည့်၍ မေးနေသည်။

"ဆွန်တာရာဟာ ဘာဘာရန်းအပေါ် သစ္စာဖောက်သွားတယ်၊ သူက ဘာဘာရန်းကို အသုံးချပြီးမှ မလိုတော့ သတ်ပစ်လိုက်တယ်လေ၊ စကြာဇာကိုလဲ ဒီလိုပဲလုပ်ပြီး ပဲရစ်မှာ သတ်လိုက်တယ်၊ နောက်ထပ်လဲ ရှိသေးတယ်၊ ကျန်ခဲ့တဲ့ လေးငါးယောက်က ကိုလံဘီယာမှာ သူသုံးခဲ့တဲ့ အဆက်အသွယ်တွေ အစားလုံးကိုလဲ အပြတ်ရှင်းခဲ့တယ်၊ သူဟာ အတော်လေး ဆိုးဆိုးရွားရွား လုပ်နေတယ်၊ နောက်ပြီး ကျွန်တော့် လူတွေဆီက ပစ္စည်းတစ်ခုကိုလဲ သူခိုးသွားတယ်၊ အဲဒါကို ကျွန်တော် လူတွေ ပြန်လိုချင်နေတယ်"

မိမိစကားများ ထိရောက်မှုရှိကြောင်း ကွင်း အကဲခတ်လိုက်မိသည်။ သူကပင် ဆက်၍....

"ကျွန်တော်တို့ သူ့ကိုလိုချင်တာ ဒီပစ္စည်းတွေ အတွက်ချည်း မဟုတ်ဘူး"

"သူ့ကို တွေ့ရင်...."

"သတ်ပစ်မှာပေါ့"

ကွင်းက ပြောပြီး စောင့်နေလိုက်သည်။

''ဆွန်တာရာဟာ ရှာဖို့လွယ်တဲ့ကောင် တစ်ယောက် မဟုတ်ဘူး၊ ရှာဖို့ခက်သလို သတ်ဖို့ဆိုတာလဲ မလွယ်ဘူး''

''တခြားလူတွေ မရှာနိုင်ပေမယ့် ခင်ဗျား ရှာနိုင်တယ်လို့ ကျွန်တော် ကြားခဲ့တယ်၊ သူ့ကိုတွေ့ဖို့ပဲ လိုတယ်၊ ကျန်တာ မပူနဲ့''

ပိုလ်ဒါက ဘာမျှ ပြန်မပြော၊ စီးကရက် တစ်လိပ်ကိုသာ ထုတ်၍ ရွှေမီးခြစ်ကလေးနှင့် မီးညှိနေသည်။ သူမ ချောင်းတွေဆိုးနေပြီးနောက် စီးကရက်ကို ပြန်သောက်နေပြန်သည်။

''ကြေးကတော့ ကြီးမယ်နော်''

ပိုလ်ဒါက လက်ကောက်ကြီးများနှင့် စီးကရက်ကို ညှပ်ထားရင်း ပြောလိုက်သည်။

''ဒါကိုတော့ မလာခင်ကတည်းက သိပြီးသားပေါ့''

ပိုလ်ဒါသည် အနံ့ပြင်းသော စီးကရက်ကို ခပ်နာနာ ဖွာရှိုက်လိုက်ပြီးနောက်....

''တာဘာရန်းကိုသတ်တာ ဆွန်တာရာလို့ ဘယ်လို ပြောနိုင်မလဲ''

''ကျွန်တော်တို့မှာ အထောက်အထားတွေ ရှိပါတယ်၊ မီးခြစ်ဆံကလေးတွေကိုလိမ်ပြီး ချထားခဲ့တာတွေရယ်၊ ဓာတ်ပုံရယ်''

''မင်းတို့မှာ သူ့ဓာတ်ပုံ ရှိတယ်မဟုတ်လား''

ပိုလ်ဒါက အံ့အားသင့်ကာ စိတ်ဝင်စားဟန်ဖြင့် မေးလိုက်သည်။

ကွင်းက အင်္ကျီအိတ်ထဲမှ စာအိတ်တစ်အိတ်ကို ထုတ်လိုက်သည်၊ ပြီးတော့ မီးခြစ်ဆံကလေးများ လိပ်နေသည့် ဓာတ်ပုံ



ဆွန်တာရာ လေယာဉ်ပေါ်မှ ဆင်းနေသည့် ဓာတ်ပုံတို့ကို ...်းပေးလိုက်၏၊

ပိုလ်ဒါ ဓာတ်ပုံများကြည့်နေသည်ကို ကွင်း အကဲခတ် ...ည့်နေ၏။

''သူ့ရုပ်ကိုသိတဲ့လူ သိပ်မရှိဘူး၊ ဒီဓာတ်ပုံက သိပ်ကောင်း ...ယ်၊ ဒါနဲ့ဆိုရင် အလုပ်ဖြစ်မယ်''

''ဒါဆိုရင် ကျွန်မတို့ကို ကူညီမယ် မဟုတ်လား''

ရယ်လင်နာက မေးသည်။

ပိုလ်ဒါက ရယ်သင်နာအား ကြည့်လိုက်သည်။ နောက် ...င်းဘက်သို့ လှည့်လိုက်ပြီး....

''အမေရိကန်ဒေါ်လာ ငါးသိန်းပေးရမယ်''

''ပေးပါမယ်''

ကွင်းက မဆိုင်းမတွ သဘောတူလိုက်၏။

''ဆွန်တာရာ တခြားလူတွေအပေါ် သစ္စာဖောက်တာ ဂရုမစိုက်ဘူး၊ သူတို့ တစ်ယောက်နဲ့တစ်ယောက် သတ်လဲ ...နဲ့ ဘာမှမဆိုင်ဘူး၊ သူတို့အကြောင်းနဲ့ သူတို့ဖြစ်ကြတာ၊ ...ာဘာရန်းကတော့ ငါ့....ငါနဲ့ သိပ်ရင်းနှီးတဲ့ သူငယ်ချင်း ...သူ အသတ်ခံရတယ် ဆိုတာတော့ ငါ စိတ်ထိခိုက်တယ်၊ ...်းတို့ကို ငါကူညီတာကလဲ သူ့ကြောင့်ပဲ''

''ဒါဆို ကျွန်တော်တို့ တစ်ယောက်ကိုတစ်ယောက် ကူညီ ...တာပေါ့''

ကွင်းက ပြောလိုက်သည်။

ပိုလ်ဒါက ခပ်ဖြည်းဖြည်း ခေါင်းညိတ်လိုက်ပြီး....

''အင်း....အောင်မြင်ရင်ပေါ့လေ''

ကွင်းက ကမဲနှင့် ဇရီတာတို့၏ ဓာတ်ပုံများကို ထုတ်လိုက် ပြန်ရင်း သူမကို မေးလိုက်သည်။

''ကျွန်တော်တို့ ဒီဆွန်တာရာရဲ့ မိတ်ဆွေနှစ်ယောက်ကို စိတ်ဝင်စားနေတယ်၊ သူတို့က ကမဲနတ်ဆာနဲ့ ဇရီတာဟာ တို့ပါ''

''အေး....သူတို့ နှစ်ယောက်စလုံးကို ငါသိတယ်''

ရယ်လင်နာက....

''ဆွန်တာရာရောက်ခဲ့တဲ့ နောက်ဆုံးနေရာ ကျွန်မ သိဘာကတော့ လှစ်ဗျားနိုင်ငံပဲ၊ ကျန်ခဲ့တဲ့ ငါးရက်လော ကပေါ့၊ ကမဲရဲ့ပုံကတော့ လွန်ခဲ့တဲ့ ဆယ့်တစ်ရက်လောက် ဘန်းမြို့မှာ ရိုက်ခဲ့တာ၊ စတြာဇာကို သူလိုက်သတ် မအောင်မြင်ခဲ့တုန်းကပေါ့''

''ဒီဓာတ်ပုံတွေကို ငါယူထားလိုက်လို့ ရမလား''

ပိုလီဒါက တောင်းသည်။

''ရပါတယ်''

ကွင်းက ခွင့်ပြုလိုက်၏။

''ရက်တော့ အတော်ကြာမယ်၊ တစ်ဗတ်လောက်တော ကြာမလား မသိဘူး၊ ငါ့ဆီကို ဆက်လို့ရမယ့် တယ်လီ နံပါတ် ပေးထားမယ်''

ပိုလီဒါက ပြောပြီး ခဲတံတစ်ချောင်းဖြင့် ဇရီတာ ဓာတ်ပုံထောင့်စွန်းတွင် တယ်လီဖုန်းနံပါတ် တစ်ခုကို ခက်ခဲခဲ ရေးနေ၏။ လက်တွေက ကောက်နေသဖြင့် ရေး မရချင်။ ရေပြီးတော့ ဓာတ်ပုံထောင့်စွန်းကိုဆုတ်ကာ ကွ အား ကမ်းပေးလိုက်သည်။



''နောက်နှစ်ရက်ကစပြီး ဒီဖုန်းနံပါတ်ကို နေ့တိုင်း ဆက် သွ့်၊ စိန့်သာရီဆိုတဲ့ နာမည်ကိုပဲသုံး၊ အမေ့ကို တွေ့ချင် တယ်လို့ ပြော''

ကွင်းက သူမထံမှ တယ်လီဖုန်းနံပါတ်ကို လှမ်းယူလိုက် သည်။

''မင်းတို့က အသင့်ပြင်ထား၊ သူက တစ်နေရာတည်းမှာ ကြာနေတာ မဟုတ်ဘူး''

''ကျွန်တော်တို့ကလဲ အသင့်ပါပဲ''

''သေချာမိအောင်လဲလုပ်၊ ငါတို့ နှစ်ဦးစလုံးအတွက် မင်း ့ အောင်မြင်မှု ဖြစ်မယ်''

ပြောပြီး ပိုလီဒါက ဝိုင်ပုလင်းကို မြှောက်ပြလိုက်သည်။ ေတော့ ဖန်ခွက်သုံးလုံးတွင် ထည့်လိုက်ပြီး နှစ်ခွက်ကို ကွင်း ရဲယ်သင်နာတို့ဘက်သို့ တွန်းပေးလိုက်သည်။

''ကြေးကတော့ ဒေါ်လာငါးသိန်းဆိုတာ မမေ့နဲ့နော်''

''ဒါကတော့ ကျွန်တော်တို့နှစ်ဖက် ကျေနပ်ပြီးသားပါ''

''ကဲ....ဒါဖြင့် တို့ ကံကောင်းပါစေလို့ ဆုတောင်းရ အောင်''

သုံးယောက်သား ဖန်ခွက်များကိုမြှောက်၍ ဖန်ခွက် ချင်း ထိလိုက်ကြသည်။

## အခန်း (၃၁)

**ပဲရစ်မြို့**

အီလီယာ တယ်လီဖုန်းကို ကောက်နားထောင်လိုက်သည်။

ကွင်းထံမှဖြစ်ပြီး ပိုလီဒါနှင့် တွေ့ဆုံခဲ့ပုံများကို ပြန်လည်အစီရင်ခံနေသည်။

''ကျွန်တော် ဘာဘာရန်းနာမည်လဲပြောလိုက်ရော မိန်းမကြီး ကျွန်တော်တို့လိုက်နေတဲ့ကိစ္စကို အခတော် စိတ်ဝင်စားသွားပုံရတယ်၊ သူ့ရည်းစားဟောင်းကြီးကို သတ်တဲ့လူ ကျွန်တော်တို့ လိုက်နေတဲ့လူက တစ်ယောက်တည်း ဖြစ်နေတာကိုး၊ ဒါပေမယ့် ဆွန်တာရာကိုတော့ သူ နည်းနည်းကြောက်နေပုံပဲ၊ ဆွန်တာရာကိုရှင်းဖို့ သူ အတော်စွန့်စားပြီး ဆုံးဖြတ်လိုက်ပုံရတယ်၊ သူစိုးရိမ်မယ်ဆိုလဲ စိုးရိမ်စရာပဲ



ဆွန်တာရာကို သေအောင်မသတ်နိုင်ရင် ဗီကောင်က အတွေးကြီးဆီ ပြန်လာမှာ မဟုတ်လား၊ ဆွန်တာရာဟာ လက်စားချေဖို့ပဲ ကြည့်နေတဲ့ကောင်''

''အဲဒီလို စိုးရိမ်တယ်ဆိုတာ ကောင်းတာတော့ မဟုတ်ဘူးတွ ကွင်းရဲ့''

အီလီယာက ပြောလိုက်သည်။

''ဘာဖြစ်လို့လဲ''

''မင်းသာ ပိုလီဒါ နေရာမှာဆိုရင် မင်းဘာလုပ်မလဲ''

ကွင်းက ခဏချက် စဉ်းစားလိုက်ပြီး....

''ဒီကိစ္စကို ဖြစ်တဲ့နည်းနဲ့ အောင်မြင်အောင် နည်းမျိုးစုံနဲ့ ကြိုးစားမှာပေါ့''

''ဟုတ်တယ်၊ သူလဲ သူ့ဘက်လှည့်မလာနိုင်အောင် ဒီသတင်းကို နေရာတကာကို လိုက်ရောင်းလိမ့်မယ်၊ ဆွန်တာရာကို ပိုင်းရှာတဲ့လူများလေ ဗီကောင် သေဖို့များလေ မဟုတ်လား၊ ဒါပေမယ့် အဲဒီလို ရှာတဲ့လူများလေ သူ့ကိုရှာဖို့ မလွယ်လေ ဖြစ်နိုင်တယ်၊ သူက လုံသထက်လုံအောင် ပုန်းတော့မှာပေါ့''

''ခင်ဗျား ဆိုလိုတာ ကျွန်တော် သဘောပေါက်ပါပြီ၊ ဒါပေမယ့် တခြားနည်းလဲ မရှိဘူး၊ ဒီအတိုင်းပဲ စွန့်လုပ်ရတော့မှာပဲ၊ အကူအညီ မရှိဘဲနဲ့လဲ သူ့ကိုရှာတွေ့မှာ မဟုတ်ဘူး၊ ပိုလီဒါက ငါးသိန်းတောင်းတယ်၊ ကျွန်တော်လဲ မေးမယ်လို့ ပြောလိုက်တယ်၊ ဈေးဆစ်နေရမယ့်အချိန် မဟုတ်တော့ဘူးလို့ ထင်တယ် အီလီယာ''

"မင်းမှန်ပါတယ်၊ ကြေးကြီးနိုင်တယ်ဆိုတာ ငါတို့ တွက်ထားပြီးသားပါ"

"သန်တာကိစ္စပြီး အဘွားကြီးဆီကို ကျွန်တော် နေ့တိုင်း တယ်လီဖုန်း ဆက်ကြည့်နေရမယ်၊ သူကတော့ ငွေလက်ငင်း လိုချင်မယ်ထင်တယ်"

"သူကြိုက်သလို ဖြစ်စေရမယ်ကွာ၊ ဘယ်မှာ ငွေချေရမယ်ဆိုတာသာ ပြော၊ ဒီကိစ္စ ငါကြည့်လုပ်လိုက်မယ်"

❋ ❋ ❋

ပဲရစ်မြို့တွင်ငှားထားသည့် တိုက်ခန်း ကျဉ်းကျဉ်းကလေးထဲသို့ ဘရိုးဗစ်ဝင်လိုက်ပြီး တံခါးကို ပြန်ပိတ်လိုက်သည်။ တိုဗန်နင်က ဖတ်လက်စ သတင်းစာကိုချပြီး ဘရိုးဗစ်ကို လှမ်းကြည့်လိုက်၏။

"တစ်ဖွဲ့တော့ ငါတို့ မျက်ခြည်ပြတ်သွားတယ်ကွ"

ဘရိုးဗစ်က ပြောလိုက်ခြင်း ဖြစ်၏။

"ဘယ်အဖွဲ့လဲ"

တိုဗန်နင်က မေးသည်။

"ကွင်းနဲ့ အစ္စရေးကောင်မလေးပေါ့"

တိုဗန်နင်က မအံ့ဩသလို သတင်းစာကို ကောက်ကိုင်လိုက်ပြီး....

"ပူစရာ မလိုပါဘူး၊ ကျန်တဲ့အဖွဲ့တွေကို ကျွန်တော်တို့ စောင့်ကြည့်ထားနိုင်တယ် မဟုတ်လား"



"အေး....လုံးဝကြီးတော့ မျက်ခြည် မပြတ်သေးဘူးပေါ့လေ"

တိုဗန်နင်က သတင်းစာကိုခေါက်လိုက်ပြီး စီးကရက်ကို ...းညှိလိုက်ရင်း....

"အချိန်တန်ရင် သူတို့တွေ ပြန်ဆုံကြမှာပေါ့"

"ငါ့ အခုပဲ မော်စကိုကနေ သတင်းရတယ်၊ လစ်ဗျား ...တို့မှာ ဆွန်တာရာ ပါနေတယ်တဲ့"

"ဆွန်တာရာ....ဟုတ်လား၊ စိတ်ဝင်စားစရာပဲ၊ သေချာရဲ့ ...သား"

"သေချာပါတယ်၊ ငါတို့သာ ရောက်မသွားရင် လစ်ဗျား ...ရောက်နေတာ သိလိုက်မှာ မဟုတ်ဘူး၊ ဒီကောင်တွေက ဖထမ ...တော့ ငါတို့ကိုတောင် မေးမရှာဘူး"

"ဒါဆို သူတို့လဲ သိကုန်ပြီပေါ့"

"အေး...."

"ကျွန်တော်တို့ အခြားအဖွဲ့တွေကို စောင့်ကြည့်နေတာ ...ဘယ်မှာလဲ"

တိုဗန်နင်က မေးလိုက်သည်။

"တစ်ဖွဲ့က ဘရပ်ဆဲမှာ၊ နောက်တစ်ဖွဲ့က ဇူးရစ်မှာ"

"အီလီယာကကော"

"သူကတော့ ပဲရစ်မှာပဲ"

"ဒီကောင်တွေ သူတို့ အဆက်အသွယ်တွေဆီမှာ လိုက် ...ဘင်းထောက်လှမ်းနေပုံ ရတယ်"

"ငါတို့လဲ ထောက်လှမ်းနေတာပဲ၊ အမေရိကန်တွေ နောက်ကနေ လိုက်နေစရာ မလိုတော့ပါဘူး၊ လိုက်ရမယ့် ကောင်ကို ငါတို့သိနေပြီပဲ"

ဘရိုးဇစ်က ပြောလိုက်၏။

၎င်းတွင် တိုဗန်နင်က....

"ဒါပေမယ့် သူတို့ကိုကြည့်နေမှ အခြေအနေ ကောင်းနိုင်မယ်၊ အစ္စရေးတွေကလဲ လူတစ်ယောက်နောက်ကို လိုက်ထဲ နေရာမှာ သိပ်တော်တယ်၊ အမေရိကန်တွေကလဲ သူတို့မှာ အကြီးအကျယ် ဆုံးရှုံးစရာ ရှိနေတယ် မဟုတ်လား၊ ကျွန် တော်တို့ ဒီကောင်တွေကို ကပ်ထားဖို့လိုတယ်၊ အထူးသဖြင့် ကျွင်းကိုစေ့ါ၊ သူတို့အဖွဲ့တွေ ပြန်ခေါ်ငင်းမိရင် ဒီကောင့်ကို ကျွန်တော်တို့ ပြန်တွေ့ရတော့မှာပဲ၊ ဒီတစ်ခါတော့ ဒီကောင့် ကို မျက်ခြည်ပြတ်လို့ မဖြစ်ဘူး"

* * *

"ဂျက်သုံးလုံးပါ"

နောက်နှစ်ရက်လောက် ကြာသောအခါ အီလီယာ ပဲရစ် မြို့၌ပင် တယ်လီဖုန်းကို ကောက်ကိုင်ကာ ပြောလိုက်သည်။

"ကျွန်တော် ဒန်ဇစ်ဂါစါ အီလီယာ"

အီလီယာက လက်မှနာရီကို ကြည့်လိုက်သည်။ ဆန်အင် တိုနီယိုမြို့တွင် မနက်ငါးနာရီသာ ရှိဦးမည်။

"စောစောစီးစီးကြီး ဘာကိစ္စလဲ"



အီလီယာက မေးလိုက်၏။

"အမင်္ဂလာသတင်း ပြောစရာရှိလို့၊ ရေနံမြေ နှစ်နေရာ ထိသွားပြန်ပြီ၊ နှစ်နေရာစလုံး ကိုလံဘီယာနိုင်ငံမှာချည်းပဲ"

"ကိုလံဘီယာမှာ ဟုတ်လား၊ ဘယ်လိုတွေ ဖြစ်ကုန်ကြ တာလဲ"

"အော်ရီတို့နဲ့ ကူကူတာ ဆိုတဲ့ အဓိက ရေနံမြေတွေမှာ ထိတာ၊ လုပ်ပုံကိုင်ပုံ မှန်မယ်ဆိုရင် အဲဒီရေနံမြေတွေတော့ သွားပြီပဲဗျို့၊ အဲဒီနှစ်နေရာစလုံးက နယ်စပ်နဲ့ နီးနေတော့ အီကွေဒေါ်နဲ့ ဗင်နီဇွဲလား နိုင်ငံတွေကိုပါ ကူးစက်သွားနိုင် တယ်၊ ဟိုနှစ်နိုင်ငံကို ဖယ်ထားလိုက်ဦး၊ အခုကိစ္စက ကိုလံဘီ ယာနိုင်ငံကိုပဲ အတော်လေး ထိခိုက်သွားနိုင်တယ်၊ အချိန် ကောင်းမှာမှ လာဖြစ်သွားတာ၊ တောင်အမေရိကတိုက်မှာ စီးပွားရေး အတောင့်တင်းဆုံး ကိုလံဘီယာကို ရွေးဆော် သွားတာပဲ၊ ဒီပြဿနာဟာ တောင်အမေရိက တိုက်ကြီး တစ်ခုလုံးကို ပျံ့ထွက်သွားနိုင်တယ်၊ ဒါ သရုပ်ပြတာ မဟုတ် တော့ဘူး"

"ပထမတစ်ခါ သရုပ်ပြတုန်းက အော်ရီတာ ရေနံမြေ ပါသေးတယ် မဟုတ်လား၊ အခုဟာက အဲဒီအကြွင်းအကျန် က ထဖြစ်တာ မဖြစ်နိုင်ဘူးလား"

အီလီယာက မေးလိုက်သည်။

"သိပ်မဖြစ်နိုင်ဘူး၊ ပထမတစ်ခါဖြစ်တုန်းက အင်မတန် ခေါင်တဲ့နေရာမှာဖြစ်တာ၊ကူးစက်မယ်ဆိုရင်တောင် အတော် လေး မလွယ်ဘူး၊ အဲဒီကနေ ကူကူတာ ရေနံမြေကို လာထိ တာမျိုးကတော့ ဘယ်လိုမှ ဖြစ်နိုင်စရာ မရှိဘူး"

"ဘယ်တုန်းလောက်က ထည့်လိုက်ဘယ်ဆိုတာ ခန့်မှန်းလို့ ရသလား"

"တိတိကျကျတော့ မပြောနိုင်ဘူး၊ ဒါပေမယ့် ကွန်ပျူတာနဲ့ တွက်ကြည့်ရတာကတော့ ကျန်ခဲ့တဲ့နှစ်ဧတ်လောက်က ထည့်သွားတယ်လို့ သိရတယ်"

"ဒါဆို သရုပ်ပြတဲ့ရေနံမြေတွေ ခံနေရတဲ့ အချိန်လောက်ကပေါ့၊ ဒီအတိုင်းဆိုရင် ဆွန်တာရာဟာ လူးဇပ်တွေ ပြန်ရောင်းမယ့်သဘော မရှိဘူး"

ဒန်ဇစ်ဂါက တစ်ဖန်....

"ကျွန်တော်တို့ မကြားသေးလို့သာ၊ တခြားနေရာတွေ ဖြစ်နေတာလဲ ရှိကောင်း ရှိဦးမယ်၊ ဒါပေမယ့် ဒါ့တွေကို စောင့်နားထောင်နေဖို့ မလိုတော့ပါဘူး"

"ဘာဖြစ်လို့လဲ"

"စတိုင်ကိုမှာ ကျွန်တော်တို့ ခင်ဗျားကို အရင်ကပြောဖူးတဲ့ သုတေသနတွေ မရပ်မနား လုပ်နေတယ်လေ"

ဒန်ဇစ်ဂါက ဆိုသည်။

"လူးဇပ် ဘယ်မှာရှိတယ်ဆိုတာကို သိအောင်လုပ်တဲ့ နည်းလား"

"ဟုတ်တယ်၊ ဒေါက်တာ ဒီရုက အောင်မြင်ပြီလို့ ပြောတယ်၊ အခု နမူနာ နှစ်ခုလောက်ထုတ်ပြီး ကိုလံဘီယာက ထိသွားတဲ့ နှစ်နေရာကို သွားစမ်းကြည့်မယ်၊ လူးဇပ်တွေ ဘယ်လောက်အထိ အကျိုးသက်ရောက်မှု ရှိနေပြီဆိုတာ သိနိုင်မယ်"

"လုံးဝ မထိခိုက်အောင်တော့ မတားနိုင်ဘူးနော်"



"အဲဒါကတော့ မရနိုင်သေးဘူး၊ ဒါပေမယ့် စတိုင်ကိုမှာ ဘီတာတွေရဲ့ ဇီဇကုဒ်တွေကို ဖျက်နိုင်အောင် လုပ်နေကြတယ်။ အဲဒီသုတေသနက ဖျက်ဆီးတတ်တဲ့ အင်ဇိုင်းတွေကို သုတ်သင်ဝစ်နိုင်အောင် လုပ်နေတာ၊ ဘီတာ လူးဇပ်တွေကို တိုက်ခိုက်နိုင်အောင် လုပ်နေတာ ဆိုပါတော့"

"အဲဒါကျရင်တော့ တားနိုင်မယ် ဆိုပါတော့"

"အဲဒီသုတေသန အောင်မြင်ရင်တော့ အဲဒီအတိုင်း ဖြစ်ရမှာပေါ့"

"အဲဒီသုတေသနက ဘယ်လောက်အထိ ကြာမှာလဲ"

အီသဗီယာက မေးလိုက်သည်။

"ဇီဇ ပစ္စည်းတွေကို လိုက်ပေါင်းစပ် ကြည့်ရဦးမှာ၊ ပေါင်းစပ်ပုံ မှန်သွားရင်တော့ မြန်မယ်၊ သီတင်းပတ်တွေလောက်လဲ ကြာနိုင်တယ်၊ နှစ်နဲ့ချီပြီးလဲ့ ကြာနိုင်တယ်၊ အခုအချိန်မှာတော့ ပြောလို့ မရနိုင်သေးဘူး"

"ရှာဖွေနိုင်တဲ့ပစ္စည်းတွေ နောက်ထပ် ထုတ်လုပ်နိုင်ဖို့ ဘယ်လောက် ကြာဦးမှာလဲ"

"ဒီရု ပြောတာကတော့ နှစ်ပတ်လောက် အတွင်းမှာ အဓိက ရေနံမြေတိုင်းလိုလိုမှာ ရှာဖွေရေး ဇီဇပစ္စည်းတွေကို ချထားနိုင်မယ်လို့ ပြောတယ်၊ သိပ်များများစားစားတော့ မဟုတ်ဘူး၊ ဒါပေမယ့် ဘယ်နေရာမှာ လူးဇပ်တွေ ထည့်သွားတယ်၊ ဘယ်လောက် ထိခိုက်နိုင်တယ် ဆိုတာတွေကိုတော့ သိနိုင်မယ်၊ ဘီတာလူးဇပ်တွေ တီထွင်ပြီးရင်တော့ တစ်ကမ္ဘာလုံးလိုက်ပြီး အယ်လ်ဖာ လူးဇပ်ရှိတယ်လို့ သိတဲ့နေရာတွေ မှန်သမျှ အကုန်လိုက်ချရမယ်၊ အယ်လ်ဖာ လူးဇပ်

ရှိတယ်လို့ သိတာနဲ့ နှစ်ဆယ့်လေးနာရီအတွင်းမှာ ဘီတာတွေကို ချနိုင်မယ်၊ ဘယ်အစိုးရမှလဲ ဝင်အရှုပ်မခံဘူး၊ အပျက်အစီးတွေ ရှိရင်တောင် အချိန်မီမယ်ဆိုရင် ငါးရာခိုင်နှုန်းလောက်ပဲ ပျက်စီးနိုင်မယ်၊ သမ္မတကြီးကလဲ တခြားအစိုးရတွေနဲ့ ဒီကိစ္စကို ညှိထားပြီးပြီ''

ဒန်ဇစ်ဂါက ရှင်းပြနေသည်။ ထိုနောက် သူက ဆက်၍...

''ဆွန်တာရာကို ရှာတဲ့ကိစ္စကကော ဘယ်လိုလဲ၊ သမ္မတကြီးက သူ့ထောက်လှမ်းရေး အဖွဲ့တွေကို ဆက်ထိန်းထားလို့ မရတော့ဘူး''

''အတော်လေး အောင်မြင်နေပါပြီ ဒန်ဇစ်ဂါ၊ သူဆက်ထိန်းထားနိုင်ရင် ကောင်းမယ်''

''သူလဲ အတတ်နိုင်ဆုံးတော့ လုပ်နေတာပဲ၊ သူ့အမျိုးသား လုံခြုံရေး အကြံပေးအရာရှိတွေကလဲ သူ့ကို တစ်မျိုးမြင်ကုန်ကြပြီ၊ ခင်ဗျားတို့က ဘယ်လောက်ကြာအောင် ထိန်းထားစေချင်တာလဲ''

''တစ်ပတ်၊ နှစ်ပတ်လောက်ပါ''

အီလီယာက တောင်းဆိုလိုက်သည်။

''အဲဒီလောက်အထိတော့ ကျွန်တော်လဲ အာမမခံနိုင်ဘူး၊ ဒါပေမယ့် သမ္မတကြီးကိုတော့ အဲဒီအတိုင်း ပြောလိုက်ပါ့မယ်၊ ဆက်လုပ်ပေတော့၊ ရှာဖွေရေးဗီဇတွေနဲ့ ဘီတာတွေ အောင်မြင်ရင်ပဲ ခင်ဗျားကို ကျွန်တော် အသိပေးမယ်၊ ကြော်....ဒါထက် ကွင်းကိုပြောလိုက်ပါ၊ အလက်ဇန္ဒြား တစ်ယောက် သင်္ဘောပေါ်မှာ ဖြစ်ခဲ့တာတွေအားလုံး ပျောက်ကင်းပြီး ဘေးမသီရန်မခ ရှိနေပါပြီလို့''



''ဒီသတင်းကြားရရင် သူဝမ်းသာမှာပါ၊ သပ္ပါယ်ညာရှင်တွေ့ကိုလဲ သုခေတသနတွေ အောင်မြင်အောင်လုပ်ဖို့ ပြောလိုက်ပါ၊ ကျွန်တော်တို့ အတွက်တော့ ဘီတာတွေရမှ ဖြစ်မယ်''

အီလီယာက ပြောလိုက်၏။

''ဒါကိုတော့ မပူပါနဲ့၊ စကိုင်ကိုက အဖွဲ့တွေလဲ ကျွန်တော်တို့လို ပူပန်နေကြတာပဲ၊ ခင်ဗျားတို့ဘက်ကသာ ခွေးမသား ဆွန်တာရာကို မိအောင်လုပ်''

''စိတ်ချ၊ ဒီကောင် နောက်တစ်ခါ စကိုင်ကိုတို့၊ လူးဇပ်တို့၊ ရေနံတို့ဆိုတဲ့ အသံတွေကို ကြားတောင် မကြားချင်ဘူး ဖြစ်သွားစေရမယ်၊ သမ္မတကြီးကိုသာ ကျွန်တော်ပြောသလို ပြောထားပါ''

* * *

ဘာဘွန်းမြို့၊ မြင်သစ်နိုင်ငံ

ကွင်းက တယ်လီဖုန်းကိုကိုင်ထားပြီး တစ်ဖက်မှ ပိုလီဒါ ဒင်းအကိုင်ကို စောင့်နေသည်။ ယင်းမှာ ပိုလီဒါနှင့်တွေ့ပြီး သားရဘ်မြောက်နေ ဖြစ်၏။ သူမ ပြောထားသည့်အတိုင်း ပျော်ရက်မြောက်နေကလည်း ဖုန်းတစ်ခါ ဆက်သေးသည်။ ထိုအချိန်က သူမ ဘာသတင်းမျှ မရသေး။ ငွေတော့ ကြိုတင်

လို့ချင်သည်ဟုဆိုသည်။ ကွင်းကလည်း လက်ခံခဲ့သည်၊ နောက်တစ်နေ့ကျတော့လည်း ပိုလီဒါ သတင်းမရသေးဟု ဆိုသည်။ သို့သော် ငွေရကြောင်းတော့ ပြောသွားသည်။ ကွင်းအဖ နေ့စဥ် ဖုန်းဆက်ရန်လည်း မှာသွား၏။

''အမေစါ''

တစ်ဖက်မှ အသံအေးကြီး ပေါ်လာသည်။

''ကျွန်တော် စိန္တသာရိုပါ''

ကွင်းက ပြောလိုက်သည်။

''မင်းအတွက် သတင်းတွေတော့ ရထားပြီးပြီ''

ပိုပိုလီဒါက ဆိုသည်။

ကွင်းက စိတ်အားထက်သန်စွာနှင့်....

''ကျွန်တော် နားထောင်နေပါတယ်''

''မင်းတို့ရှာနေတဲ့လူ မနေ့ကအထိ စပိန်နိုင်ငံမှာ ရှိနေတယ်တဲ့၊ ပြီးတော့ သူယုံကြည်ရတဲ့ ဘတ်စ်လူမျိုး မှောင်ခိုသမားတွေနဲ့အတူ ပြင်သစ်နယ်စပ်ကို ဖြတ်ကျော်လာတယ်လို့ ပြောတယ်''

''အခု သူ ဘယ်ရောက်နေလဲ''

''အတ္တလန္တိတ် ပင်လယ်ကမ်းခြေက ဆယ့်ငါးကီလိုမီတာလောက်ဝေးတဲ့ ဆဲယားဆိုတဲ့ ရွာကလေးမှာ''

''အဲဒီနေရာကို ကျွန်တော်သိတယ်၊ ဆက်ပြောပါဦး''

''အဲဒီမှာ သူ့ဖို့ လုံခြုံစိတ်ချရတဲ့ အိမ်တစ်လုံး စီစဥ်ပေးထားတယ်တဲ့''

''သူ အဲဒီမှာ ဘယ်လောက်ကြာအောင် နေမှာလဲ''

ကွင်းက မေးလိုက်သည်။



''အလွန်ဆုံး နှစ်ရက်လောက်ပဲ''

''ဆဲယားရွာရဲ့ ဘယ်နေရာမှာလဲ''

''အဲဒါတော့ မနက်ဖြန်ကျမှ မေးပြီး ပြောမယ်၊ သတိ
တော့ ထားကွ၊ သူ့မှာ အဖော်တွေ ပါလာတယ်''

''ကျွန်တော်က သူတစ်ယောက်တည်း လှုပ်ရှားတတ်တယ်
တော်နေတာ''

''ပုံမှန်အားဖြင့်တော့ ဟုတ်ပါတယ်၊ အခုဟာက လိုက်ပို့
ပေးတဲ့ ကောင်တွေ၊ သူ့ကို စိန့်ယန်းပိုင်းမြို့ကို ရောက်တဲ့
အထိ စောင့်ကြပ်ပြီး လိုက်ပို့ပေးရမယ်၊ အဲဒီကို ရောက်ရင်
တော့ သူတို့တာဝန် ပြီးပြီဆိုပါတော့၊ ခုတလော သူလုပ်နေ
တဲ့ ပုံစံအတိုင်း လုပ်မယ်ဆိုရင်တော့ ဒီကောင်တွေအသက်လဲ
ဆုံးကြမယ် ထင်တယ်၊ သူ့ကိုမင်းတို့ အချိန်မီ တားဆီးနိုင်ဖို့
ပဲဘယ်''

''နှစ်ရက်ဆိုတာ သေချာရဲ့လား''

''ငါ့ရဲ့သတင်းနဲ့ဗဟ်သက်ပြီး မေးခွန်းထုတ်စရာ မလိုဘူး
ကွ၊ ဒီသတင်းရအောင် ဘယ်လောက် ကြိုးစားရတယ်ဆိုတာ
မင်းသိမှာ မဟုတ်ဘူး၊ မင်းမယုံရင် ငါ့ကို မမေးနဲ့''

ပိုလီဒါက ဒေါသတကြီး ပြောနေသည်။

''ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော်တို့ကို ကူညီ
တဲ့အတွက် ခင်ဗျားမှာလဲ အန္တရာယ်ရှိတယ်ဆိုတာ ကျွန်တော်
သဘောပေါက်ပါတယ်''

ကွင်းက ပိုစိတ်ချရစေရန် ပြောင်ထုတ်မေးမိသည့်အတွက်
မိမိကိုယ်တိုင် ဒေါသဖြစ်နေမိသည်။

''မနက်ဖြန် နေထွက်တာနဲ့ ငါ့ကို ဖုန်းထပ်ဆက်လေ မြန်မြန်လဲလုပ်၊ သေချာအောင်လဲ လုပ်၊ မင်းတို့ လွဲသွားပြီ ရင်တော့ နောက်တစ်ခါ မင်းတို့ကို ငါမကူညီနိုင်တော့ဘူး''

''ကျွန်တော် သဘောပေါက်ပါတယ်၊ ကဲ....ကျေးဇူးပဲ မနက်ဖြန် ကျွန်တော် ဖုန်းဆက်လိုက်မယ်''

တယ်လီဖုန်းလိုင်း ပြတ်သွားပြီဖြစ်၍ ကွင်းက ဖုန်းကိုပြန် ချလိုက်သည်။ ရယ်လင်နာကို ကြည့်လိုက်တော့ သူမစိတ်တေ လှုပ်ရှားနေပြီး မျက်လုံးတွေ အရောင်တောက်နေသည်ကို တွေ့လိုက်ရ၏။ ကွင်းက....

''သူ့ကိုတော့ တွေ့ပြီ၊ လူသာစုပေတော့''

**ဆဲယားရှာ၊ ပြင်သစ်နိုင်ငံ**

ဆွန်တာစရာ ဒိုအောင်းနေရာ အိမ်ကြီးမှာ ကျယ်ဝန်း၍ အဆင်ပြေလှသည်။ အဖြူရောင် တိုက်တစ်လုံးဖြစ်၍ အနီရောင် အုတ်ကြွပ်များ မိုးထားသည်။ အောက်ထပ်မှ ကြွက်ဥအွမ်း လက် အနံ့က လှိုင်နေ၏၊ သို့ရာတွင် ဆွန်တာရာ ထို နံ့ စာကို စိတ်မဝင်စားနိုင်။ သည်အိမ်တွင် လွန်ခဲ့သည့် နှစ်ရ ကနှင့် မတူဘဲ တစ်ခုခုထူးခြားနေပြီဖြစ်ကြောင်း သူ့ဆဋ္ဌအာ များက သတိပေးနေသလို ရှိ၏၊ သူသည် အခန်းထဲတွ ခေါက်တုံ့ ခေါက်ပြန် လျှောက်နေသည်။ တစ်ခေါက်လျှော လိုက်တိုင်း ပြတင်းပေါက်အနီးတွင် တစ်ချက်ရပ်ကြည့်မိသည် တစ်စုံတစ်ရာတော့ ထူးခြားနေသည် အမှန်၊



နောက်တစ်ကြိမ် ပြတင်းပေါက်တွင် ရပ်လိုက်ရင်း လိုက် ကြားမှ အပြင်ဘက်သို့ကြည့်၍ မိမိ မသက်မသာဖြစ်နေရသည့် ကြောင်းကို ရှာမိသည်။

ယနေ့ မိမိ စိန့်ယန်းပိုင်းမြို့သို့ ခရီးဆက်မည့်နေ့ ဖြစ် ၊ ထိုကြောင့် လွန်ခဲ့သည့် နှစ်ရက်ကလိုပင် အာရုံတက် အိပ်ရာမှ ထခဲ့၏။ မိမိ အိပ်ရာမှထကတည်းက စိတ်က းနေမိခြင်း ဖြစ်သည်။ ဘာကြောင့်ပါလိမ့်၊ သူက အပြင် သို့ ညာဘက်တစ်လျှောက် လိုက်ကြည့်သည်၊ ပြီးတော့ ဘက်အခြမ်းသို့ လိုက်ကြည့်ပြန်သည်။ ထိုစဉ် သွားတွေ ၊ နွားမများ၊ ယင်းတို့ ခါတိုင်းလို စားကျက်သို့ မသွား သေား၊

သူက ပြတင်းပေါက်အနီးသို့ တိုးကပ်၍ သေသေချာချာ ည့်လိုက်ပြန်သည်။

က်စလုံး ရွာထဲမှ အလေ့အကျင့်ကို သူကြည့်ထားပြီး ၊ မနက်တိုင်း နွားမများကို နို့ညှစ်ပြီးသည်နှင့် စားကျက် ့နေကျ၊ သည်နေ့တော့ မသွားကြပါလား။

သူသည် မိမိအခန်းမှထွက်၍ အခြားအိပ်ခန်း တစ်ခန်းဆီ လျှောက်ခဲ့သည်၊ ထိုစဉ် ပြတင်းပေါက် တစ်ခုတွင်ရပ်၍ အိမ်တစ်လုံး၏ နောက်ဖေးဘက်ကို လှမ်းကြည့်လိုက် ခါတိုင်းဆိုလျှင် ထိုနေရာတွင် မိန်းမကြီးများ ငန်းတွေကို ကျွေးနေကျ၊ သည်နေ့ ထိုမိန်းမတွေလည်း မရှိ။

သူက ပြတင်းပေါက်မှ နောက်သို့ အသာဆုတ်၍ အသံ နားထောင်ကြည့်နေသည်။ မိမိကို စောင့်ကြပ်လိုက်ပို့ ဘက်စ်လူမျိုးသုံးယောက် စကားပြောနေသံကိုသာ

ကြားလိုက်ရသည်။ သူတို့ကတော့ ဘာမျှမဖြစ်သလို။ မိမိ မသက်သာသည်း ဖြစ်ဟန်မတူ။

ထို့ကြောင့် မိမိအခန်းသို့ပြန်၍ သေနတ်ကို စစ်ဆေး ခါးကြားတွင် ထိုးထားလိုက်သည်။ ပြီးတော့ မိမိအိတ် အာရပ်ဦးပေါင်းကို ရှာထုတ်လိုက်သည်။ ထိုဦးပေါင်း ဆောင်း၍ သူ အခန်းထဲမှ ထွက်လာခဲ့၏။

တိတ်တဆိတ်ရောက်လာသော သူ့ကို ဘတ်စ်များ လိုက်။ အာရပ်ဦးပေါင်းကြီးနှင့် အနီးတွင် မားမားကြီး ရပ်တော့မှ သူတို့သန့်သွားပြီး ရုတ်တရက် စကားပြော လိုက်ကြသည်။

''မင်းတို့နှစ်ယောက် ရွာထဲကိုသွားပြီး စနည်းနာ စမ်း၊ မင်းကတော့ ငါနဲ့နေခဲ့''

သူက အခြားတစ်ယောက်ကို ပြောလိုက်သည်။

''ဘာဖြစ်လို့လဲ''

တစ်ယောက်က မေးသည်။

''ငါပြောတဲ့အတိုင်းသာ လုပ်၊ ငါတို့ ခုချက်ချင်း ထွက် မယ်''

''နောက် ဆယ့်နှစ်နာရီကြာမှ ထွက်မယ်ဆို''

စောစောက ဘတ်စ်ကပင် မေးနေပြန်သည်။

ဆွန်တာရာက သူ့ကိုစိုက်ကြည့်လိုက်၏။ ထိုအခါမှ သည် ပန်းကန်ပြားကို တွန်းဖယ်ကာ ထရပ်လိုက်သည်။ တော့ တခြားတစ်ယောက်အား မေးငေါ့ပြကာ ထွက်သွ ကြတော့သည်။



''သူတို့ဖစ္စည်းတွေ သိမ်းဆည်းပေးထားလိုက်၊ မင်းလဲ နတ်ထုတ်ထား''

ဆွန်တာရာက သူနှင့် ကျန်နေသူအား အမိန့်ပေးလိုက် သည်။

ထိုလူက ဆွန်တစရာအား ကြောက်ကြောက်ရွံ့ရွံ့နှင့် လှမ်း ကြည့်ကာ ခိုင်းသည့်အတိုင်း လုပ်နေသည်။

ထိုလူ ထွက်သွားသည်တွင် ဆွန်တာရာက လိုက်ကြည့်နေ သည်ကောင်က မိမိနှင့် အလုံးအထည်တူသည်။ မိုးမလင်း လောက်ဆိုလျှင် အဆင်ပြေနိုင်သည်။

* * *

''ဘတ်စ်နှစ်ကောင် အိမ်ထဲက ထွက်သွားတယ်''

ကွင်း၏လက်ထဲမှ ရေဒီယိုတွင် အေဘဲ၏အသံ ပေါ်လာ သည်။

အေဘဲသည် အိမ်ကြီးရှေ့ လမ်းကျဉ်းကလေး၏ ဟိုမှာ ဘက် မျက်စောင်းထိုးလောက်ရှိ အိမ်တစ်အိမ် နောက်တွင် နေခြင်း ဖြစ်သည်။

ကွင်းတို့အဖွဲ့သည် ညကတည်းက ရောက်လာကြပြီး ဆွန် တာရာ ခိုအောင်းနေသည့် အိမ်ကြီး၏ ထွက်ပေါက်မှန်သမျှ မြင်နိုင်သော နေရာများတွင် နေရာယူထားကြသည်။ အေ သည် ကားထဲတွင် ညကတည်းက ဗုံးဆင်ထားပြီး ဖြစ်၏။ ခွဲခမောင်း ထိုင်ခုံတွင် တစ်စုံတစ်ရာ ဖိလိုက်သည်နှင့် ယင်း

အောက်တွင် တပ်ထားသည့် ခလုတ်သည် အောဲလက်ထဲ ကိုရိယာကို လာရောက် အချက်ပြမည် ဖြစ်သည်၊ ထိုအခ အောဲက အဝေးထိန်းခလုတ်ဖြင့် ဗုံးကိုခွဲလိုက်ရုံပင်။

ကွင်းနှင့် ရယ်လင်နာတို့က အောက်ဘက်နားတွင် နေရ ယူထားကြပြီး ဝိဘ်လောနှင့် ပါပါတို့က ဘုရားရှိခိုးကျောင်း နှင့် မျက်နှာချင်းဆိုင်လမ်း၏ တစ်ဖက်ဘေးတွင် နေရာယူထား ကြသည်။ ဝိဘ်လောနှင့် ပါပါတို့ နေရာမှကြည့်လျှင် အိမ်ကြီး ၏ မျက်နှာစာကို မြင်နေရသည်။ ကွင်းနှင့် ရယ်လင်နာတို့ နေရာမှာ အိမ်ကြီးဘေးဘက်နှင့် နောက်ဖေးတို့ကိုသာ မြင်ရ သည်။ သို့ရာတွင် ပြေးထွက်လိုက်မည် ဆိုပါက အိမ်ရှေ့ မျက်နှာစာကို ဘေးဘက်အနေအထားမှ မြင်နေရမည်ဖြ သည်။ မိမိတို့အနီးမှ လမ်းမှာ ကားနှင့်ထွက်နိုင်မည့် တစ်း တည်းသော လမ်းဖြစ်သည်။

ဘတ်စ်နှစ်ယောက် ထွက်လာသည်ကို သူတို့အားလုံး စော ကြည့်နေသည်။ ဘတ်စ်နှစ်ယောက်သည် အနည်းငယ် လျှော လာပြီးတော့ လမ်းခွဲထွက်သွားကြ၏။ သူတို့သည် ခဏ လောက် ဆက်လျှောက်ပြီးနောက် ရွာထဲတွင် ငြိမ်သက်နေ သည်ကို သူတို့ သတိထားလိုက်မိဟန် ရှိသည်။ သူတို့ ရုတ် တရက် ရပ်လိုက်ပြီး နှစ်ယောက်သား အိမ်ကြီးဆီသို့ ပြန် လျှောက်လာခဲ့ကြသည်။

''လမ်းပေါ်မှာ လူရှင်းနေတာကို သူတို့ သတိထားသွား မိပုံရတယ်''

ဝိဘ်လောက ရေဒီယိုဖြင့် ပြောလိုက်သည်။

''ဒီအတိုင်းဖြစ်ရမယ်လေ၊ ကဲ....အသင့်ပြင်ထားကြ''



ကွင်းက ပြောလိုက်ပြီးနောက် မိမိ၏ အင်ဂရမ်ကို မောင်း တင်လိုက်သည်။

''ကားကို ကိုက်ဘစ်ရာလောက်ရောက်မှ ဗုံးခွဲပါ''

ပတ်ဝန်းကျင်အိမ်များနှင့် လူများကို ထိခိုက်မည်စိုး၍ ကွင်းက အောဲအား သတိပေးလိုက်သည်။

* * *

ဘတ်စ်နှစ်ယောက်၏ မျက်နှာအမူအရာကို တွေ့လိုက်သည် နှင့် မိမိဘဝ်ထားသည်မှာ မှန်နေပြီဖြစ်ကြောင်း ဆွန်တာရာ သိလိုက်သည်။

တတိယ ဘတ်စ် အမျိုးသားက အခြားလူများ၏ ပစ္စည်း များကိုယူကာ မီးဖိုချောင်သို့ ပြန်ရောက်လာသည်။

ဆွန်တာရာက မိမိ၏ အာရပ်ဦးပေါင်းကိုချွတ်၍ ထိုဘစ် ယောက်အား ပေးကာ....

''ဒါကို ပေါင်းလိုက်''

ဘတ်စ် အမျိုးသားသည် အာရပ်ဦးပေါင်းကို ယူလိုက်ပြီး ကြောင်တောင်တောင် ကြည့်နေသည်။ ခေါင်းပေါင်းကို သူ မပေါင်းတတ်။

ယင်းကိုသိသဖြင့် ဆွန်တာရာကယူ၍ ပေါင်းပေးလိုက် သည်။

* * *

''ဘုရားရှိခိုးကျောင်း ဟိုဘက်ဘေးမှာ လှုပ်ရှားမှုတစ်ခု တွေ့လိုက်တယ်၊ လူလေးယောက် အိမ်ကြီးဆီကို လာနေတာ တွေ့တယ်၊ သူတို့လက်ထဲမှာလဲ ကလက်ချိန်ကော့ သေနတ် တွေနဲ့၊ ဟာ....ဆိုဗီယက် ကေဂျီဘီတွေပဲ''

အေဘဲက ရေဒီယိုဖြင့် သတင်းပို့လိုက်ခြင်း ဖြစ်သည်။

''ဟာ....ဒုက္ခပဲကွာ၊ ဒီကောင်တွေလုပ်တာနဲ့ အားလုံး ငါးပါးတွေ မှောက်ကုန်တော့မှာပဲ''

ကွင်းက ညည်းလိုက်သည်။

သူတို့ ဆွန်တာရာရှိသည့် နေရာအား သိသွားသည်ကို တော့ ကွင်း မအံ့သြမိ။ ပိုလီဒါသည် အားလုံးကို လှည့်၍ သတင်းရောင်းတော့မည် မဟုတ်လော။ သူတို့ ဘယ်လောက် ပေးလိုက်ကြရပါလိမ့်။

* * *

ဆိုဗီယက်တို့သည် အသံလုံစွာ နေရာယူလိုက်ကြသည်။

သူတို့ လူစုခွဲ၍ ပထမသုံးယောက်က အိမ်ကြီး၏ မျက်နှာ စာဘက်ကို စောင့်ကြည့်နေသည်၊ နောက်တစ်ယောက်ကမူ သစ်ပင်တွေကြားထဲမှ အသာထွက်သွားပြီး အိမ်ကြီး၏နောက် ဖေးဘက်အား ပစ်ကွင်းကောင်းမည့် နေရာတွင် နေရာယူ လိုက်သည်။

* * *



''နောက်ထပ် မကောင်းတဲ့ သတင်းတွေ ပြောရဦးမယ် ...င်းရေ၊ ဘုရားရှိခိုးကျောင်း နောက်မှာ ဟိုကောင်တွေနဲ့ ...က်ခုနစ်ဆယ်လောက်ခြားပြီး နောက်ထပ်နှစ်ယောက် လာ ...ပြန်ပြီ၊ ဒီကောင်တွေကတော့ ကေဂျီဘီတွေ မဟုတ်ဘူး''

ဝိဘ်လောက သတင်းပို့လိုက်ခြင်း ဖြစ်သည်။

''ဘာတွေ ဖြစ်ကုန်ပြီလဲကွာ''

ကွင်း ညည်းစစ်လိုက်မိသည်။

''ဒီကောင်တွေလဲ ရှရှားတွေပဲ ကွင်းရေ၊ ဒီကောင်တွေ ... ငါတွေ့ဖူးတယ်၊ ဂျီအာရ်ယူတွေပဲကွ၊အဖွဲ့တွေက အတော် ...း စုံနေပြီ၊ တွဲကဖို့ ကောင်မလေးတွေ သွားရှာဖို့ပဲ လို ...ဘာ့တယ်''

* * *

ဆွန်တာရာက အာရပ်ဦးပေါင်းကို နောက်ဆုံး ပြင်ဆင် ...းလိုက်သည်။

''မင်းတို့ အခုချက်ချင်းထွက်ပြီး ကားနဲ့ ရွာထဲကနေ ...တ်အောင် ပြေးပေးတော့''

ဆွန်တာရာက ဘတ်စ်သုံးယောက်အား ပြောလိုက်သည်။

''ဆရာကကော''

အာရပ်ဦးပေါင်းနှင့် ဘတ်စ်က မေးလိုက်သည်။

''ငါ့အတွက် မပူကြနဲ့၊ မင်းတို့သာ မြန်မြန်ပြေးကြ'' နှစ်ခါထပ်မမေးတော့။ မိမိတို့ တာဝန်မှ လွတ်ပြီဖြစ်၍ ...စ်ကြိုးတည်း လစ်ကြတော့သည်။

* * *

"ဗုံးခွဲဖို့ အသင့်လုပ်ထား"

ကွင်းက အောဘဲအား သတိပေးလိုက်သည်။

ရယ်လင်နာကလည်း ဗစ်ကွင်းထဲသို့ ကားရောက်လာသည်နှင့် စစ်ရန် အဆင့်ကို အသင့်ပြင်ထားသည်။

"အသင့်ဖြစ်ပြီ"

အောဘဲက ပြန်သတင်းပို့လိုက်၏။

ဘတ်စ်တို့သည် အိမ်ကြီးမှထွက်၍ ကားဆီသို့ ခြေလှမ်းခပ်ကျဲကျဲဖြင့် လျှောက်လာခဲ့ကြသည်၊ မျက်လုံးများကလည်း တို့ကြည့်သည်ကြည့်နှင့်။

ကေဂျီဘီတွေက အလျင်စလိုပစ်လိုက်ရာ တိတ်ဆိတ်သောနံနက်ခင်းတွင် သူတို့၏ သေနတ်သံများဖြင့် ဆူညံသွားတော့သည်။

ယာဉ်မောင်း ထိုင်ခုံဘက်သို့ပတ်၍ ပြေးလာသော ဘတ်စ်တစ်ယောက်မှာ ရောက်ပင် မရောက်လိုက်။ သူ့ကိုယ်ပေါ်တွင် ကျည်များထိပြီး လဲကျသွားသည်။ ကျန်နှစ်ယောက်မှာ ကားနောက်တွင်ကွယ်၍ ပုန်းနေကြ၏။

* * *

"ဆွန်တာရာက အပြင်ဘက်ကို ရောက်နေပြီ"

အောဘဲက ရေဒီယိုထဲတွင် အော်ပြောလိုက်သည်။ သူက ဗုံးကိုဖောက်ခွဲရန် ခလုတ်ကို နှိပ်လိုက်ချင်ပြီ ဖြစ်၏၊ ယခုအချိန်တွင် ဗုံးကိုခွဲလိုက်လျှင် ကားနောက်၌ ကွယ်နေသော နှ



ကောင်စလုံး လွတ်စရာအကြောင်းမရှိ။ သို့ရာတွင် မိမိခလုတ်နှိပ်၍ ရရန်မှာ ယာဉ်မောင်းထိုင်ခုံအောက်မှ ခလုတ်ကို တစ်စုံတစ်ရာနှင့် ဖိပေးရဦးမည် ဖြစ်၏။

* * *

ဆွန်တာရာက အချိန်ဆိုင်းမနေ။ ဒုတိယသေနတ်သံ ပေါ်လာသည်နှင့် အိမ်နောက်ဖေးဘက်သို့ လာခဲ့သည်။ သူက လူဝါး၊ အိမ်နောက်ဘက်တွင်လည်း စောင့်ကြည့်နေမည်မှန်း သူသိနေသည်။ ထို့ကြောင့် သူက ရုတ်တရက် မထွက်။ အသာငုံ့ပြီး ပြတင်းပေါက်မှ ချောင်းကြည့်လိုက်သည်။ သူ သိပ်ကြာကြာ မစောင့်လိုက်ရ။

လေးယောက်မြောက် ကေဂျီဘီ တစ်ယောက် အိမ်နှင့်မလှမ်းမကမ်းတွင် လာရောက် နေရာယူနေသည်ကို တွေ့လိုက်ရသည်။ သိပ်မကြာလိုက် နောက်တစ်ယောက် ထိုကေဂျီဘီနောက်တွင် ကပ်လိုက်လာသည်ကို တွေ့လိုက်ရပြန်သည်။

ဆွန်တာရာ ကြည့်နေစဉ်မှာပင် ဒုတိယတစ်ယောက်က သူ့ရှေ့မှ တစ်ယောက်ကို နောက်ဘက် ပေနှစ်ဆယ်အကွာမှ ခေါင်းကို သေနတ်နှင့်ချိန်၍ ပစ်ထည့်လိုက်သည်။

ဂျီအာရ်ယူ ထောက်လှမ်းရေးသည် ပြေးလာပြီး သူပစ်လိုက်သူကို ထိရောက်မှု ရှိမရှိ လာရောက် စစ်ဆေးနေသည်။ ထိုဒုတိယ တစ်ယောက်သည် ကေဂျီဘီ အလောင်းကိုကြည့်နေစဉ် ဆွန်တာရာသည် တံခါးပေါက်မှ ပြေးထွက်လိုက်သည်။ လက်ထဲတွင်လည်း သေနတ်က အသင့်။

ဂျီအာရိယူ ထောက်လှမ်းရေးက သူ့ကို မော့ကြည့်လိုက်သည်တွင် သူက တစ်ချက်တည်း ပစ်ချလိုက်သည်။

ထိုနောက် ဆွန်ဘာရာသည် အိမ်ကြီး၏နောက်ဘက်ရှိ သစ်ပင်တန်းများဘက်သို့ တစ်ဟုန်ထိုး ပြေးသွားရာ မကြာမီ သစ်ပင်တွေကြားထဲတွင် ဝင်ရောက် ပျောက်ကွယ်သွားတော့သည်။

* * *

“တစ်ယောက် နောက်ဖေးဘက်ကို ထွက်ပြေးသွားတယ်၊ ကျုပ် အဲဒီကောင်နောက်ကို လိုက်သွားမယ်”

ကွင်းက ရေဒီယိုစက်ဖြင့် ပြောလိုက်သည်။ ပြီးတော့ သူ ချက်ချင်း ထလိုက်သွားသည်။ ကိုက်တစ်ရာလောက် ဝေးနေသဖြင့် ကောင်းကောင်းလည်း မမြင်ရ။ ထို့ကြောင့် ထိုထွက်သွားသူမှာ ဆွန်တာရာမှန်း သူ မသိလိုက်။

ရယ်လင်နာကလည်း ဘေးတိုက် ရွေ့သွားပြီး ကားနောက်တွင် ပုန်းနေသူ ဘာတ်စ်များကို ပစ်ရန်ပြင်လိုက်သည်။ အေဘဲကလည်း သူပုန်းနေသည့်နေရာမှ ထွက်လာပြီး ကေဂျီဘီတို့အနားသို့ တိုးလာခဲ့သည်။

ပြီးတော့ သူတို့နှစ်ယောက်က တစ်ခါတည်း ပစ်ချလိုက်သည်။

ဘာတ်စ်များမှာ ရယ်လင်နာပစ်လိုက်သော ကျည်များကို ကာကွယ်နိုင်စွမ်း မရှိလိုက်၊ သူမသည် အာရပ်ဦးပေါင်းနှင့်



ဇ.စ်ယောက်ကို အမိကထား၍ ပစ်နေခြင်းဖြစ်သည်။ သည်တစ်ခါ ဆွန်တာရာ မိမိလက်မှ မလွတ်တော့ဟူသော အသိကြောင့် ရင်တွေလည်း ခုန်နေမိ၏။ သေသေချာချာချိန်၍ ပစ်လိုက်သော သူမ၏ကျည်များက ထိုနှစ်ယောက်ကို ချက်ကောင်းများတွင်ထိပြီး ကားကိုမှီကပ်ကာ လဲကျကုန်သည်။

ကေဂျီဘီများမှာလည်း အေဘဲ၏ ချိန်ရွယ် ပစ်ခတ်လိုက်သော ကျည်များအောက်တွင် မရှုမလှနှင့် ကျဆုံးကုန်ကြရသည်။ တစ်ဖန် အေဘဲသည် ညာဘက်သို့လှည့်၍ ကျန်နေသည့် ရုရှားတစ်ယောက်ကို ပစ်ရင်ချိန်ရွယ်လိုက်သည်။ သို့ရာတွင် ထိုရုရှားက သူ့ထက်မြန်သည်။ အေဘဲမပစ်နိုင်မီ သူက အရင် ပစ်ချလိုက်ရာ အေဘဲအား ချက်ကောင်းထိသွားသည်။ အေဘဲ လဲကျသွားသည်တွင် ရုရှားကြီးက ဆက်တိုက် ထပ်၍ပစ်နေပြန်၏။

အေဘဲ ကျသွားသည်ကို ဗိတ်လောက တွေ့လိုက်သည်။ သို့ရာတွင် ကေဂျီဘီကောင်ကိုပစ်ရန် ပစ်ကွင်းက မကောင်းဖြစ်နေ၏။ နောက်ဘက်သို့ လှည့်ကြည့်လိုက်တော့ နောက်ထပ် ဆိုဗီယက်များ တက်လာနေသည်ကို တွေ့လိုက်ရသည်။ သို့ရာတွင် သူတို့သည် ဘုရားရှိခိုးကျောင်းကိုပတ်၍ ကွင်းထွက်သွားသည့်ဘက်သို့ လိုက်နေခြင်း ဖြစ်သည်။ သူသည် နေရာမှခုန်ထွက်လိုက်ပြီး လမ်းကိုဖြတ်ကူးကာ ဘုရားရှိခိုးကျောင်းကို ဘယ်ဖက်မှ ပတ်လိုက်သွားသည်။

အိမ်ကြီး၏ရှေ့တွင်ပစ်ခတ်နေသည်များလည်း နှစ်ယောက်တည်းသာ ကျန်နေတော့သည်။ ရယ်လင်နာသည် အိမ်ကြီး၏ ဘေးသို့ ပြေးကပ်လိုက်ရာ ကေဂျီဘီကြီး ပစ်လိုက်သော ကျည်

များမှာ နံရံကိုသာမှန်ပြီး လွင့်စဉ်ကုန်သည်။ ထိုနောက် ရယ်လင်နာသည် လူးလွန့်လဲကျနေသော အေဘဲ၏ အလောင်းကို တွေ့လိုက်ရသဖြင့် ခေါင်းခနဲ ဒေါသထွက်သွားမိသည်။

ရှရှားကြီး ကျည်ကပ်ကုန်သဖြင့် အပစ်ရပ်လိုက်သည်တွင် ရယ်လင်နာက ခုန်ထွက်သွားပြီး ကားအနီးသို့ ပြေးကပ်လိုက်သည်။ သူမသည် ကားကိုကွယ်၍ ရှရှားကြီးရှိမည့် နေရာသို့ ကျည်ကပ်အကုန် ပစ်ထည့်လိုက်၏။ ပြီးတော့ ကားနောက်တွင် ငုံ့ကာ ကျည်ကပ်အသစ် ထည့်နေသည်။

ပါပါကလည်း ရှရှားကြီး အပစ်ရပ်လိုက်သည်ကို အခွင့်ကောင်းယူကာ လမ်းအောက်ဘက်သို့ ဖစ်ကွင်းကောင်းမည့် နေရာအထိ ဆင်းသွားသည်။ ရှရှားကြီးက ရယ်လင်နာအား ပစ်ရန် ဆလိုက်သည်တွင် ပါပါက သူ့ကို ပစ်ချလိုက်တော့သည်။

ရှရှားကြီးမှာ ပါပါ၏ ကျည်အားကြောင့် လွင့်စဉ်သွားပြီး ပါပါ၏ ကျည်လမ်းကြောင်းနှင့်ကွယ်သော ရယ်လင်နာ၏ ညာဘက်သို့ ကိုယ်ကို လိမ့်ထွက်သွားသည်။ ရယ်လင်နာကလည်း လျင်မြန်စွာ ပစ်ချလိုက်ပြန်ရာ ဖုန်တွေထဲတွင် လဲကျသွားတော့သည်။

ထိုနောက် ရယ်လင်နာသည် အာရပ် ဦးပေါင်းနှင့် အလောင်းထံသို့ ပြေးသွားလိုက်ပြီး ထိုဦးပေါင်းကို တုန်ယင်သော လက်များဖြင့် ဆွဲချွတ်ကြည့်လိုက်၏။ ချက်ချင်းပင် ဆွန်တာရာ တစ်ကွက်ကျော်သွားပြန်ပြီ ဖြစ်ကြောင်း သူမ သိလိုက်ရသည်။ ဒေါသတို့ အထွတ်အထိပ်သို့ရောက်ကာ သူမ အော်ပစ်လိုက်မိသည်။



ပြီးတော့ သူမက ရေဒီယိုဖြင့်....

"အာရပ်ဦးပေါင်းနဲ့ကောင်ဟာ ဆွန်တာရာ မဟုတ်ဘူး ကွင်း၊ ရှင်လိုက်နေတဲ့ကောင်က ဆွန်တာရာ ဖြစ်မယ်"

"ဟုတ်ပြီ၊ ကျုပ် သူ့ကိုမီတော့မယ်"

ကွင်းက ပြန်ပြောလိုက်ပြီး သစ်ပင်တွေကြားထဲတွင် ပြေးလိုက်နေသည်။ သို့သော် ဆွန်တာရာကို မမြင်ရတော့။

ထိုနောက် ဆွန်တာရာ သစ်ပင်တွေကြားထဲမှ ပေါ်လာပြီး မြင့်မားသော ခြံစည်းရိုးပင်တန်းများအတိုင်း ပြေးသွားနေသည်။ ပြီးတော့ ဘုရားရှိခိုးကျောင်းကို ဦးတည်သည့် အုတ်တံတိုင်းနှင့်အပြိုင် ပြေးနေပြန်၏။

အုတ်တံတိုင်းအဆုံးတွင် ဆွန်တာရာ ပေါ်လာပြန်သော အခါ ဝိတ်လောတွေ့ခဲ့သည့် ကေကျီဘီနှင့် ရင်ဆိုင်တိုးနေသည်။ ဆွန်တာရာက သူ့ကို နှစ်ချက်ပစ်ချလိုက်ပြီး ဘုရားရှိခိုးကျောင်း အုတ်တံတိုင်းဆီသို့ ပြေးသွားလိုက်သည်။

တိုဗန်နင်သည် ဆွန်တာရာ နောက်ဖေးပေါက်မှ ထွက်ပြေးသည်ကို လည်းကောင်း၊ သူ့နောက်ကို ကွင်း ပြေးလိုက်သွားသည်ကို လည်းကောင်း တွေ့လိုက်ရသည်။ ထို့ကြောင့် ကွင်းနှင့် ဘစ်ဘန်းတည်းသောက် အခြားဘက်နေရာမှ လိုက်လာခဲ့သည်။ သူသည် ဆွန်တာရာနှင့် အုတ်တံတိုင်းခြား၍ အခြားတစ်ဖက်မှ ပြေးလိုက်လာနေခြင်း ဖြစ်၏။ ကွင်းကတော့ ဆွန်တာရာနောက်မှ လိုက်လာခြင်းဖြစ်သည်။ သူတို့သည် အုတ်တံတိုင်းခြား၍ တစ်ဖက်တည်းသို့ ပြေးနေကြခြင်းဖြစ်ရာ တိုဗန်နင်က ဆယ့်ငါးကိုက်လောက် အသာမျှ၍ ကျော်လာနေသည်။

ဆွန်တာရာသည် ဘုရားရှိခိုးကျောင်း အုတ်တံတိုင်းသို့ ရောက်သောအခါ အုတ်တံတိုင်းပေါ် ကျော်တက်လိုက်သည်။ တစ်ဖက်သို့ခုန်ချလိုက်သောအခါ တိုဗန်နင်၏ လူတစ်ယောက် အပေါ်သို့ ပြုတ်လျက်သား ဖြစ်နေသည်။ ဆွန်တာရာက ချက်ချင်း သတိပြန်ဝင်လာပြီး သေနတ်နှင့် အရင်ပစ်ချလိုက်သည်။

ထိုသေနတ်သံကို နံရံ၏ တစ်ဖက်ထိပ်တွင် ရောက်နေသော ဝိတ်လော ကြားလိုက်ရသည်။ ထို့ကြောင့် ထိုနေရာသို့ ကပ်လာခဲ့သည်။ သူသည် နံရံအဆုံးသို့ ပစ်ထည့်ရန် သေနတ်ကို အသင့်ပြင်ထားလိုက်သည်။ သို့ရာတွင် သူ၏ညာဘက်မှ သူ့ထံသို့ ဖစ်လိုက်သော ကျည်ဆန်များက ရောက်လာသည်။ ယင်းမှာ အခြား ကေဂျီဘီတစ်ယောက် ဖြစ်သည်။

ဝိတ်လောက နံရံကို ပြေးမကပ်တော့ဘဲ မြေကြီးပေါ်သို့ ဝပ်ချလိုက်သည်။ ထို့ကြောင့် ပစ်လိုက်သော ကျည်များနှင့် လွဲခဲ့ရ၏။ မိမိကိုပစ်လိုက်သော ကေဂျီဘီကိုလည်း မတွေ့တော့။

ညာဘက်မှ ကေဂျီဘီကို ပြန်တွေ့လိုက်ရသည့် အချိန်တွင် ဘုရားရှိခိုးကျောင်း အုတ်တံတိုင်း တစ်ဖက်ထိပ်မှ ကွင်းပေါ်လာသည်ကိုလည်း တစ်ပြိုင်တည်း တွေ့လိုက်ရ၏။ ကွင်းက ခပ်မြန်မြန် ပစ်ချလိုက်သည်။ ထိုစဉ် သူ့နောက် ဘယ်ဘက်လောက်ဆီမှလည်း သေနတ်သံများကို ဆက်တိုက် ကြားလိုက်ရ၏။ ပြီးတော့ ခပ်နိမ့်နိမ့်ခြံစည်းရိုး ပင်တန်းကလေးများ နောက်မှ ကေဂျီဘီတစ်ယောက် ထွက်ကျလာသည်ကို တွေ့



လိုက်ရ၏၊ နောက်ကိုလှည့်ကြည့်လိုက်တော့ သေနတ်ကို ပြန်ချလိုက်သော တိုဗန်နင်ကို တွေ့လိုက်ရသည်။

နှစ်ယောက်သား အတန်ကြာအောင် တစ်ယောက်နှင့်တစ်ယောက် စိုက်ကြည့်နေလိုက်ပြီး တိုဗန်နင် ထွက်သွားတော့သည်။

"ကွင်း ဘာဖြစ်သွားသေးလဲ"

ဆယ်ကိုက်လောက်အကွာမှ ဝိတ်လောက မေးလိုက်ခြင်းဖြစ်သည်။

"ဘာမှ မဖြစ်ဘူး"

ကွင်းက ပြန်ပြောလိုက်၏။ မိမိကြုံလိုက်ရသည့် အဖြစ်အပျက်အတွက်လည်း နားမလည်နိုင်သလို ဖြစ်နေမိ၏။ တိုဗန်နင်သည် မိမိအသက်ကို ကယ်တင်ခဲ့ပေသည်။ ဘာကြောင့်ပါလိမ့်။

"ဆွန်တာရာ အုတ်တံတိုင်းဟိုဘက်မှာ ရှိတယ်"

ဝိတ်လောက အော်ပြောလိုက်သည်။

"ကဲ....လိုက်ကြမယ်"

ပြောရင်း ကွင်းက ထွက်သွားသည်။

ဝိတ်လောကလည်း နောက်က လိုက်လာခဲ့သည်။ နှစ်ယောက်သား ကေဂျီဘီနှင့် တိုက်ခိုက်ခဲ့သည့်ဘက်သို့ အပြေးသွားခဲ့ကြ၏။

"ဆွန်တာရာ ဘုရားရှိခိုးကျောင်း အုတ်တံတိုင်း အတွင်းဘက်မှာ ရှိတယ်"

ကွင်းက ရေဒီယိုဖြင့် အခြေအနေကြားလိုက်သည်။

ပါပါမှာ ဆွန်တာရာနှင့် အနီးဆုံး နေရာလောက်တွင် ရှိနေသည်။ သူက လမ်းကိုဖြတ်ကူးပြီး ဘုရားရှိခိုးကျောင်း အုတ်တံတိုင်းဆီသို့ လာခဲ့ရာ ကွင်းနှင့် ဝိတ်လောတို့ရှေ့မှ ဖြစ်သွားသည်။ သူက နံရံခြားမှကပ်၍ ကွင်းတို့သာရာဘက်သို့ ပြေးလာသည်။

ရယ်လင်နာကလည်း ကွင်းတို့နောက်သို့ လိုက်သွားရာ အုတ်တံတိုင်း အကွေ့တစ်ခုတွင် သူတို့နှင့် သွားဆုံသည်။ ထို့ကြောင့် သုံးယောက်သားပေါင်း၍ ပါပါရှိမည့်နေရာသို့ ပြေးလာခဲ့ကြသည်။

ပါပါသည် အုတ်တံတိုင်းကို ကပ်၍သာခဲ့ရာ အတွင်းသို့ ဝင်ပေါက်တစ်ခုသို့ ရောက်လာသည်။ သူက အသာရပ်၍ အတွင်းသို့ ချောင်းကြည့်လိုက်သည်တွင် လည်ပင်း၌ ပြင်းထန်စူးရှသော ဝေဒနာတစ်ခုကို ခံစားလိုက်ရသည်။ ပြီး....ဒူးထောက်လျက် ကျသွားသည်။ လည်ချောင်းထဲတွင် အရည်တွေနှင့် ပြည့်နေသကဲ့သို့ရှိနေပြီး ကြည့်လိုက်တော့ ရင်ဘတ်နှင့် လက်မောင်းများပေါ်၌ သွေးများ ခြင်းခြင်းရဲနေသည်ကိုလည်း တွေ့လိုက်ရသည်။



သူ မော့ကြည့်လိုက်သောအခါ ဆွန်တာရာသည် ဓား ...ချောင်းကို ကိုင်လျက်သား မိမိအား ငုံ့ကြည့်နေသည်ကို ...လိုက်ရသည်။

...မိ အုတ်တံတိုင်းအပေါက်မှ ချောင်းဝင်လိုက်သည်နှင့် ဆွန်...ရာက မိမိလည်ပင်းကို ဓားနှင့်ထိုးချလိုက်ခြင်း ဖြစ်သည်။ ...းမှာ ပြတ်လွန်းသောကြောင့် ဓားဝင်သွားသည်ကိုပင် မသိ...။ ဓားကိုင်ထားသည့် ဆွန်တာရာ၏ လက်သီးဆုပ် လည်...ကို လာဆောင့်မိသည်ကိုသာ သိလိုက်သည်။ ဓားမှာလည်း ...၏ လည်ပင်းတွင် ကောင်းကောင်း ပြတ်ဝင်သွားခြင်း ...သည်။

...ပါသည် အကြွမ်းဖက်သမား ဆွန်တာရာကို စိုက်ကြည့်...သည်။ မိမိကိုယ်တိုင်မှာလည်း သေတော့မည်ဟုသော ...သိကြောင့် မလှုပ်ရှားနိုင်တော့။

ဆွန်တာရာသည် ပါပါ၏လက်ထဲမှသေနတ်ကို ခြေနှင့်ကန်...လိုက်ပြီး ထွက်ပြေးသွားတော့သည်။

ကွင်း၊ ဝိတ်လောနှင့် ရယ်လင်နာတို့ အုတ်တံတိုင်းပေါက် ...ရောက်လာပြီး ကွေ့ဝင်လိုက်သည်တွင် ပါပါ မှောက်ခွေ ...လဲကျသွားသည်ကို တွေ့လိုက်ကြရ၏။

ကွင်း မော့ကြည့်လိုက်သည်တွင် ဆွန်တာရာ အုတ်တံတိုင်း ... ကျော်၍ လမ်းပေါ်သို့ဆင်းသွားသည်ကို လှစ်ခနဲ တွေ့...ကဲ့ရ၏။ သူက လှမ်းပစ်လိုက်သော်လည်း မထိလိုက်။

ကွင်းသည် သူ့နောက်မှပြေးလိုက်သွားသည်။ ထိုစဉ် အုတ်...တိုင်း တစ်ဖက်ဆီမှ ကားစက်နှိုးသံ၊ ကားဘီးနှင့် လမ်း

ပွတ်ထွက်သွားသံများကို ဆက်တိုက်ကြားလိုက်ရ၏။ ကွ
သည် အုတ်တံတိုင်းပေါ်သို့ခုန်တက်လိုက်ပြီး သေနတ်နှင့်
ချိန်၍ ပစ်လိုက်သည်။ ဘို့ရာတွင် ချိန်သားကမကိုက်။

ကား လွတ်လွတ်ကျွတ်ကျွတ်ထွက်သွားသည်ကိုသာ ကွ
တွေ့လိုက်ရသည်၊ လမ်းအကွေ့ တစ်ခုသို့ ကားရောက်သွ
သည်တွင် လူနှစ်ယောက်ထွက်လာပြီး ကားအား ဝိုင်းဝ
သည်ကို တွေ့လိုက်ရသည်။ ကားကို ကျည်ထိသွားသည့် အ
နှင့်အတူ ကားမှာ တစ်ချက်လည်သွားကာ လမ်းအကွေ
ကျော်ဖြတ်လျက် မောင်းထွက်သွားသည်။

ကားအား ဝိုင်းပစ်နေသူများကို ကွင်း လှမ်းကြည့်လ
ရာ တစ်ယောက်က တိုဇန်နင် ဖြစ်နေကြောင်း တွေ့လို
သည်။

တိုဇန်နင်နှင့် ကွင်းတို့ တစ်ယောက်ကိုတစ်ယောက် အ
ပေးလိုက်ရပြန်ပြီဟူသော အကြည့်ဖြင့် ကြည့်လိုက်ကြသ
ပြီးတော့ တိုဇန်နင် လှည့်ထွက်သွားတော့သည်။

ကွင်းသည် အုတ်တံတိုင်းပေါ်မှခုန်ချလိုက်ပြီး ရယ်လင်
နှင့် ဝိတ်လောတို့ထံသို့ လျှောက်လာသည်။ ရယ်လင်နာသ
ပါပါ့အပေါ်မှကုန်း၍ ပါပါ့အား ချီမ,နေ၏။

ကွင်းကမူ ခေါင်းငိုက်စိုက်ချ၍ ခေါင်းကို ခါယမ်းနေ
သည်၊ မိမိတို့ ဆွန်တာရာကို မမိလိုက်ဘဲ အကောင်းဆုံး အ
ပေါင်း ယောက်လှမ်းရေးနှစ်ယောက် ဆုံးရှုံးခဲ့ရပေသည်။ ပို
ဒါ ပြောသည့်အတိုင်းသာ မှန်မည်ဆိုလျှင် မိမိတို့၏ ရှား



အခွင့်အရေး ဆုံးရှုံးလိုက်ရခြင်းပင်ဖြစ်သည်။ ဆွန်တာရာ
သွားပြီဖြစ်၍ သူ့ကို နောက်တစ်ခါတွေ့ဖို့ မလွယ်တော့။
တွင် ကွင်းသည် ထိုအချက်ကိုလည်း လက်မခံချင်။

သည်ကောင်တွင် အလွယ်တကူမမိနိုင်သော နည်းကောင်း
ခုတော့ ရှိနိုင်သည်။ ယင်းကို ကွင်း သိနေသည်။ သူ့ကို
ချိန်ချိန် တစ်နေရာရာတွင် ပြန်တွေ့ရလိမ့်ဦးမည်ဟု ရင်ထဲ
ိုက်ထားမိ၏။ မည်သည့်နည်းကပိုကောင်းသည်ကို ကြည့်
သေးတာပေါ့။

## အခန်း (၃၂)

### ပဲရစ်

အီလီယာသည် ဆဲယားရွာစစ်ဆင်ရေးနှင့် ပတ်သက်သော အစီရင်ခံစာကို ဖတ်၍ ပြီးသွားသောအခါ ကွင်း၏နည်း ခံစားနေရသည်။ သူက မိမိ၏ အတော်ဆုံးထောက်လှမ်းရေး ဖြစ်သူ ကွင်းအား မော့ကြည့်လိုက်ပြီး.....

"မင်း ဘယ်လို ခံစားနေရမယ်ဆိုတာ ငါ နားလည် တယ် ကွင်းရေ၊ ကြိုးစားတဲ့ကြားက မအောင်မြင်တာဘဲ၊ တတ်နိုင်မလဲ"

"ဒီလောက် ဆိုးဆိုးရွားရွားကြီး လွဲမသွားသင့် ဆဲယားရွာက သိပ်ကြီးတာမဟုတ်ဘူး၊ ကျွန်တော်တို့ အပြ တစ်ထပ်ဝိုင်းထားသင့်တယ်၊ ကျွန်တော်တို့က ပစ်မှတ် အာရုံစိုက်လွန်းနေတယ်၊ အပြင်က ဝင်ပြီး နှောင့်ယှက် နိုင်တယ် ဆိုတာကိုလဲ ကျွန်တော်တို့ ထည့်တွက်ထားသ



တယ်၊ ပိုလီဒါဟာ အစိုးရိမ်လွန်ပြီး တခြားလူတွေကိုပါ သတင်းဖြန့်လိမ့်မယ်ဆိုတာကိုလဲ တွက်မိသားနဲ့၊ သေလိုက်ပါ တော့ကွာ၊ ကျုပ်တို့ညံ့လွန်းတယ်"

"တန်ဖိုးကြီးပေးပြီး ဆုံးရှုံးလိုက်ရတာပဲ၊ အခုကနေ ဆက်လုပ်ရုံပဲရှိတော့တယ်"

ဆင်မာမန်းက ဝင်ပြောသည်။ သူ့လက်ထဲတွင် ညှပ်ထား သော စီးကရက်က တိုနေပြီဖြစ်သည်။ လက်ကာစ်ဖက်ကလည်း ကော်ဖီအေးအေးတစ်ခွက်ကို ကိုင်ထား၏။

"ဆက်လုပ်တဲ့အထဲမှာ ဖါပါနဲ့ အေဘဲတို့ကတော့ မပါ နိုင်ကြတော့ဘူးပေါ့"

ကွင်းက ပြောလိုက်သည်။

အားလုံး အတန်ကြာအောင် ငြိမ်သွားကြသည်။

ဆင်မာမန်းမှာ ဝါပါနှင့် အေဘဲအတွက် အတော်ပင် စိတ် မကောင်း ဖြစ်နေမိသည်။ မိမိလက်အောက်တွင် သူတို့ ထောက် လှမ်းရေး အေးဂျင့်များ လုပ်လာခဲ့သည်မှာ အတော်လေး ကြာခဲ့ပြီဖြစ်၏။ ရယ်လင်နာ တစ်ယောက်လည်း ပါပါ ကွယ် လွန်ခဲ့ရသည့်အတွက် အတော်ပင် ပူဆွေးနေရသည်။ ထို့ ကြောင့် သူမ အခန်းထဲမှာပင်မထွက်။ ယခု အစည်းအဝေးတွင် သူမ မပါလျှင်လည်းရှိစေတော့ဟု ဆင်မာမန်း ခွင့်လွှတ်ထားခဲ့ သည်။

"ဟုတ်တယ်၊ တို့ရွာတစ်ရုလဲ ပါလာနိုင်စရာအကြောင်း မရှိတော့ဘူး"

ဝိတ်လောက ဖြည့်ပြောလိုက်သည်။

''အဲဒီအထဲက ခြောက်ယောက်က ကေဂျီဘီတွေနဲ့ နှစ်ယောက်က ဂျီအာရ်ယူတွေ ဆိုတာ ကျွန်တော်တို့ သိခဲ့ရတယ်''

ဆင်မာမန်းက ပြောလိုက်သည်။

ကွင်းက ခဏမျှစဉ်းစားလိုက်ပြီးနောက်....

''ဒါကြောင့်တိုး''

သူက တစ်ယောက်တည်း ရေရွတ်သလို ပြောလိုက်သည်။

''ဘာကိုပြောတာလဲ''

အီလီယာက မေးသည်။

''တိုဗန်နင်ဟာ ကျွန်တော်တို့အသက်တွေကို ကယ်ခဲ့တယ်၊ ကေဂျီဘီတစ်ယောက်က ကျွန်တော်တို့ကို ပစ်မလို့လုပ်တာကို သူ မြင်လိုက်တော့ အဲဒီကောင်ကို တိုဗန်နင်က ပစ်ချလိုက်တယ်၊ သူက ဘာကြောင့် သူ့လူမျိုးတွေကို ပြန်ပစ်သတ်လိုက်ရတာလဲဆိုတာ ကျွန်တော် နားမလည်ခဲ့ဘူး''

''ဒါက ကေဂျီဘီနဲ့ ဂျီအာရ်ယူအဖွဲ့တို့ မတည့်တဲ့သဘောပဲ၊ သူတို့နှစ်ဖွဲ့က အပြိုင်အောင်မြင်အောင် ကြိုးစားနေကြတာ၊ ကေဂျီဘီကောင်ရဲ့နေရာမှာ စီအိုင်အေတစ်ယောက် ဆိုရင်လဲ အဲဒီ စီအိုင်အေကောင်ဟာ မင်းတို့နှစ်ယောက်ကို ပစ်ချ



ကြိုက်မှာပဲ၊ အဓိကက ဆွန်တာရာကို ကိုယ်ပိုင်မိချင်တဲ့သဘော''

အီလီယာက ရှင်းပြနေသည်။

ဝိတ်လောက....

''ကျွန်တော်တို့ ဘယ်လိုဆက်လုပ်ကြမလဲ၊ ပိုလီဒါ ပြောသလို ဆွန်တာရာကို ဒီတစ်ခါပဲ တွေ့ခွင့်ရမယ်ဆိုရင် သူ့ကို ကျွန်တော်တို့ နောက်တစ်ခါ ကြိုးစားလို့ရတော့မယ် မဟုတ်ဘူး''

''ဆွန်တာရာ ပျောက်သွားမှာတော့ အမှန်ပဲ၊ သူဟာ ယ်သူ့ကိုမှ ယုံမှာလဲမဟုတ်ဘူး၊ နောက်ထပ် ပေါ်လာလိမ့်ယ်လို့ မျှော်သင့်နိုင်စရာလဲ မရှိနိုင်ဘူး၊ ပိုလီဒါကိုတော့ သူ ားသတ်ချင်သတ်မယ်၊ ဒါကြောင့် အဲဒီမှာ သွားပြီး စောင့်ည့်ခိုင်းထားရင် ကောင်းမယ်''

အီလီယာက ပြောနေသည်။

ဆင်မာမုန်းက ခေါင်းကိုယမ်းလျက်....

''သူ့နောက်ဆုံးမှာ ပိုလီဒါကို သွားသတ်မယ်ဆိုတာ မှန်ယ်၊ ဒါပေမယ့် ပထမ သူ့ရည်မှန်းချက်တွေကို ဆက်လုပ်မှာမယ်၊ သူ့အစီအစဉ်တွေက နည်းနည်းပျက်ချင်နေတော့ ကို ပိုဆိုးအောင် အဖြစ်ခံမှာမဟုတ်ဘူး''

''ကျွန်တော်တို့လက်ထဲမှာ ဂျပ်ပူ ရှိနေသေးတယ်''

အီလီယာက ပြောလိုက်သည်။

''ဟုတ်သယ်၊ ဂျပုကို ကောင်းကောင်းကိုင်တွယ်တတ်ရင် သူကနေတစ်ဆင့် ကမဲဆီကို ရောက်နိုင်တယ်''

ဆင်မာမန်းက တွက်သည်။

''ဆွန်တာရာဟာ အပြင်လူတွေနဲ့ ဆက်ဆံတဲ့အခါ ကမဲကနေ တစ်ဆင့် ဆက်သွယ်တယ်၊ ကျွန်တော်တို့ ဂျပုကို ဆွဲဆောင်နိုင်ရင် သူ ကမဲဆီကို သွားဆက်သွယ်နိုင်တယ်''

အီလီယာအ ထင်မြင်ချက်ပေးနေသည်။

''ကမဲကို သတ်လိုက်ရင်တော့ ဆွန်တာရာဟာ ဆက်သွယ်စရာရှိရင် သူကိုယ်တိုင် ဆက်သွယ်လာနိုင်တယ်''

ဆင်မာမန်းက ထပ်ဖြည့်လိုက်သည်။

''အဲဒီလို ကျွန်တော်ကို လုပ်နိုင်မလား၊ ဂျပု ကမဲဆီကို သွားအောင်လုပ်လို့ရမလား''

ကွင်းက မေးလိုက်သည်။

အီလီယာက....

''သူ့မှာ အန္တရာယ်ရှိပြီလို့ သူ ယူဆရင် သူ သွားမှာပဲ၊ ဒီကောင်က လည်သယ်၊ ရဲလဲရဲတယ်၊ သူက ဆွန်တာရာ တခြားကောင်တွေကို လုပ်သလို လာသတ်တဲ့အထိ ထိုင်စောင့်နေတယ်၊ ဒါပေမယ့် မကြာခင်မှာ ဒီကောင် လှုပ်ရှားတော့မှာပါ၊ လောလောဆယ်တော့ ငါတို့မှာ ဆွန်တာရာဆီကို ရောက်နိုင်တဲ့ လမ်းကြောင်းက ဒီတစ်နေရာပဲ ရှိတော့တယ်၊ ငါတို့ ဘက်ကလဲ မြန်မြန်လုပ်မှဖြစ်တော့မှာ၊ ဘာကြောင့်လဲဆိုတော့ ကိုလံဘီယာမှာ နှစ်နေရာလောက်ထပ်ထိနေပြန်ပြီ''



အီလီယာက ထုတ်ပြောလိုက်တော့သည်။

''နောက်ထပ် နှစ်နေရာ ဟုတ်လား''

ကွင်းက တအံ့တဩ ထပ်မေးလိုက်သည်၊

''ဟုတ်တယ်၊ အော်ရီတိုနဲ့ ကူကူတာမှာ၊ စကိုင်ကိုက စီမံကိန်းနဲ့လုပ်နေတဲ့ နေရာတွေလေ၊ အဲဒီနေရာတွေမှာတော့ ရေနံတွေ လုံးဝဆုံးပြီပဲ''

''ဟာ...ဒါဆို နောက်ဘယ်နေရာတွေ ထပ်ဖြစ်နေသေးတယ် မသိဘူး''

ကွင်းက ညည်းလိုက်သည်။

''အေး....ဒါပေမယ့် စကိုင်ကိုမှာတော့ လူးဇပ် ရှိမရှိ သိအောင် လုပ်နိုင်တဲ့နည်းတွေရှိနေပြီ''

ထိုနောက် အီလီယာက ဆက်၍ ဒန်ဇစ်ဂါထံမှ သိခဲ့ရသည်များကို ရှင်းပြလိုက်သည်။

''ဒါဆို ကမဲကိုတွေ့ဖို့ ပိုအရေးကြီးလာပြီပေါ့၊ ဘီတာတွေနဲ့ ဇော်သက်လို့ ဆွန်တာရာ သိမှာမဟုတ်သေးဘူး၊ ကျွန်

တော်တို့ ကမဲဆီကိုရောက်လို့ ဆွန်ဘာရာကို မျှားထားနိုင်ရင် ဒီသုတေသနတွေ ဆက်ပြီး အောင်မြင်အောင်လုပ်ဖို့ အချိန်ရနိုင်တယ်''

ဆင်မာမန်းက ထင်မြင်ချက်ဖေးလိုက်သည်။

''သူ့ကို မျှားလို့ရလောက်အောင် သူ ကမဲအပေါ် သစ္စာရှိတယ်ဆိုရင်ပေါ့''

ကွင်းက ဖြည့်ပြောလိုက်သည်။

ဆင်မာမန်းက—

''ဒီကောင် သစ္စာရှိပါတယ်၊ ကမဲနဲ့ ဂရိဘာကို သူ တော်တော်လေးအရေးထားတယ်၊ သူတို့နှစ်ယောက်ကို သူ့ဆရာ အဘုနတ်ဆာကလွဲရင် သူ အယုံဆုံး၊ နောက်ပြီး ချစ်လဲ အချစ်ဆုံး''

''ကျွန်တော်တို့ ထင်သလိုမဟုတ်ဘဲ သူ့ကို မဆွဲဆောင်နိုင်ဘူး ဆိုရင်ကော''

ကွင်းက ထပ်မေးသည်။

အဲလီယာက ဝင်၍....

''ဒါဆိုရင်တော့ ငါတို့ သူ့ကို မနှိမ်နင်းနိုင်တော့ဘူးပေါ့၊ ဒီကမ္ဘာကြီးလဲ စွမ်းအင်နဲ့ ရေနံတွေ မရှိတော့ဘဲ အမှောင်ခေတ်ကြီးတစ်ခုကို ရောက်ရပြီပေါ့''



ဆင်မာမန်း စီးကရက်တို ထိုးခြေနေသည်ကို ကွင်းက ကြည့်နေရင်း—

''ကဲ....ဟုတ်ပြီ၊ ကမဲကို ရှာကြမယ်၊ ခင်ဗျားတို့ ပြောတဲ့အတိုင်း မှန်ပါစေလို့ ဆုတောင်းရတော့မှာပဲ''

* * *

ပွဲရစ်

ကမဲ စိတ်တွေ အရမ်းလှုပ်ရှားနေသည်။ ဆွန်တာရာနှင့် အဆက်အသွယ်မရသည်မှာ နှစ်ဆယ့်လေးနာရီရှိပေပြီ။ သူ့ထံမှ ဘာသတင်းမှုလည်းမရ။

ကမဲသည် ဆက်သွယ်ရမည့်နေရာ၌ နေရမည့် အချိန်ထက် ပို၍ နှစ်နာရီလုံးလုံး စောင့်နေခဲ့သေး၏။ ဆွန်တာရာ ကာယ်လီဖုန်း အဆက် နောက်ကျနေ၍ပဲလား ဟူသော အတွေးဖြင့် စောင့်ခဲ့ခြင်းဖြစ်သည်။ သို့သော် ဘာဖုန်းမျှမလာသဖြင့် ထွက်လာခဲ့တော့သည်။

တစ်ခုခုတော့ ဖြစ်နေပြီဖြစ်ကြောင်း ကမဲ သိလိုက်သည်။ ဆွန်တာရာသည် ယခုလို ချိန်းသည့်အချိန်နှင့်လွဲသည်ဟူ၍ မရှိဖူးခဲ့။

ဆွန်တာရာ အဖမ်းခံလိုက်ရပြီလား ဟူသော အတွေးဖြင့် နှစ်ဆယ့်လေးနာရီလုံးလုံး ကမဲ ဘာလုပ်ရ ဘာကိုင်ရမှန်းမသိ

ဖြစ်နေသည်။ မိမိအစ်ကို၏ အစွမ်းအစမပါဘဲလည်း အစီအစဉ်ကို မိမိတစ်ယောက်တည်း ဆက်မလုပ်နိုင်၊ နောက်တစ်ကြိမ် ဆက်သွယ်ရမည့်အချိန်ကလည်း နောက်ခုနစ်ရက်လောက် ကြာဦးမည်။ သူ့အတွက် တစ်ကမ္ဘာလောက် ကြာသည် ထင်ရ၏။

နာရီကို သူ အကြိမ်တစ်ရာမြောက် ကြည့်လိုက်မိသည်။ ပြီးတော့ သတင်းစာပေါ်မှ နေ့စွဲကိုလည်း သေချာအောင် ကြည့်လိုက်မိပြန်သည်။ နေ့စွဲကမမှား။ တုန်ယင်သော လက်များဖြင့် မှတ်စုစာအုပ်ကိုဖွင့်၍ ဆက်သွယ်ရမည့်နေ့များနှင့် နေရာများကို ပြန်ကြည့်နေမိသည်။ မိမိ မမှား။ မနေ့က ဆက်သွယ်ရမည့်နေ့ ဖြစ်သည်။ ဆက်သွယ်ရမည့် နေရာကိုလည်း ရောက်ခဲ့သည်။

ပေါက်ကွဲထွက်မတတ် စိတ်တွေ တင်းကျပ်လာသည်မို့ အဆိုးဆုံး အမှုတစ်ခုကို သူ ပြုမိသည်။ အပေါ်အင်္ကျီကိုယူ၍ အခန်းထဲမှထွက်လာခဲ့သည်။

ခါတ်လှေကားဖြင့် ဆင်းလာခဲ့ပြီး အဝင်ဝရောက်တော့ ညွှန်ကြားစားပွဲက မမြင်အောင် ထွက်လာခဲ့သည်။ ဟိုတယ်မှ အပြင်သို့ထွက်လာသည်နှင့် အေးချမ်းသောလေကို တဝ ရှူပစ်လိုက်မိသည်။ လမ်းထဲကို တစ်ချက်အကဲခတ်လိုက်ပြီး ဟိုတယ်နှင့် ဝေးရာဘက်သို့ လျှောက်လာခဲ့သည်။

ဟိုတယ်အဝင်ဝတွင် တယ်လီဖုန်းသံ မြည်လာသည်။

"အမိန့်ရှိပါခင်ဗျာ"



တယ်လီဖုန်းအော်ပရေတာက တယ်လီဖုန်းကို ကိုင်၍ ပြောလိုက်သည်။

"မစ္စတာ အဇစ်နဲ့ စကားပြောချင်လို့ပါခင်ဗျာ"

တစ်ဖက်မှ အသံရှင်က ပြောသည်။

ခဏကြာတော့ ကမဲ၏အခန်းထဲမှ တယ်လီဖုန်းအသံမြည်လာသည်။ သို့သော် ဖုန်းကိုင်မည့်သူမရှိ။

အော်ပရေတာကပင်....

"ဝမ်းနည်းပါတယ် ခင်ဗျာ၊ အခန်းထဲက ဖုန်းမကိုင်ပါဘူး"

"ဒါဆိုလဲ ကျွန်တော် တစ်ခုလောက် မှာခဲ့ပါရစေ"

ဆွန်ဘာရာပင် ဆက်သွယ်ရမည့် စည်းကမ်းများကို ဖောက်ဖျက်နေလေပြီ။ မဖောက်၍လည်းမဖြစ်တော့၊ ကမဲ၏ အားနည်းချက်များကို သိနေသဖြင့် စည်းကမ်းများကိုလည်း လိုက်နာမနေနိုင်တော့။

"ဟုတ်ကဲ့၊ ပြောခဲ့ပါ" —

"စိန့်ခပေါ်ဘူတာရုံ၊ မနက်ဖြန် မွန်းတည့်ချိန်လို့ ပြောလိုက်ပါ"

အော်ပရေတာက လိုက်၍ရေးမှတ်နေသည်။

"တခြား ဘာမှာဦးမလဲခင်ဗျာ"

"ဟင့်အင်း....ဒါလောက်ဆိုရင် ရပါပြီ၊ ပြောဖြစ်အောင်တော့ ပြောလိုက်ပါနော်"

''စိတ်ချပါ၊ ဘယ်သူက မှာခဲ့တယ်လို့ ပြောလိုက်ရမလဲ''

''သူ့အစ်ကိုပါ''

''ကျေးဇူးပဲ မစ္စတာ''

အော်ပရေတာက ပြောပြီး ဖုန်းကိုချလိုက်သည်။

ထိုသို့ရေးမှတ်ထားသည်ကို အော်ပရေတာ အပေါ်တွင် အခန်းနံပါတ် ၄၁၇ ဟု ရှင်းရှင်းလင်းလင်း ရေးလိုက်ပြီး ဟိုတယ်စာရေးအား ပေးလိုက်သည်။ ဟိုတယ်စာရေးက စာရွက်ကို သေသေချာချာ ဖတ်ကြည့်လိုက်ပြီး ခေါက်လိုက်သည်။

ပြီးတော့ စာရွက်ကိုကိုင်ထားရင်း စာရင်းသွင်းရမည့် ကိစ္စများကို အပြီးသတ်လိုက်သည်။ ပြီးတော့ စားပွဲမှပြန်ထွက်သွားသော ခပ်ချောချော ကမ္ဘာလှည့် အမျိုးသမီး ခရီးသည်နှစ်ယောက်ကို ငေးနေသည်။

သူသည် အခန်းသော့ထည့်သည့် အံကလေးများကို တစ်ချက်မျှသာ လှည့်ကြည့်ပြီး အမျိုးသမီးနှစ်ယောက်ကို ပြန်ငေးနေပြန်သည်။ ပြီးတော့ စာကို နောက်သို့ လှည့်မကြည့်ဘဲ အံထဲသို့ ထည့်လိုက်ရာ စာမှာ ၄၁၆ ဟူသော အံကလေးထဲသို့ ဝင်သွားသည်။ စာရေးသည် မိမိထည့်သည့်နေရာ မှန်မမှန်လည်း ပြန်မကြည့်ဖြစ်။

နောက်နှစ်နာရီလောက် ကြာသောအခါ ကမ့် ပြန်လာသည်။ သူဝယ်လာသည့် မူးယစ်ဆေးဝါးများ အရှိန်ကြောင့်



နေသာထိုင်သာလည်း ရှိသွားသည်။ သူသည် ညှော်ကြိုစားပွဲရှေ့မှဖြတ်၍ မိမိအခန်းသို့ တန်း၍ တက်လာခဲ့သည်။

* * *

မော်စကို

ဗိုလ်ချုပ်ကြီး ကော့ဇလော့သည် တိုဗန်နင်ထံမှ ပေးပို့လိုက်သော အစီရင်ခံစာကို ဖတ်ပြီးနောက် ဖိုင်ကို ပိတ်လိုက်သည်။

''အခုဆိုရင် ဆွန်တာရာ မြေလျှိုးနေရောပေါ့၊ သတင်းပေးတဲ့လူမရှိဘဲ ဒီကောင့်ကိုတွေ့ဖို့တော့ မလွယ်ဘူး''

သူက ဘာချန်ကင်ကို ပြောလိုက်သည်။ ဘာချန်ကင်ကလည်း လက်ခံသည့်အနေဖြင့် ခေါင်းညိတ်ပြသည်။

''ကျွန်တော်တို့ ကွင်းဆိုတဲ့ကောင်နဲ့ အင်တယ်ထရေ့စ်အဖွဲ့ကို စောင့်ကြည့်နေရုံပဲ ရှိတော့တယ်၊ ဒီကောင်တွေက ကျွန်တော်တို့ထက် [illegible] သာနေတယ်၊ နောက်တစ်ခါ [illegible]ရပြီဆိုရင် သူတို့နဲ့ တစ်ပြိုင်တည်းရောက်အောင် သွားနိုင်ဖို့လိုတယ်''

ဘာချန်ကင်က ဆိုသည်။

''ဒါလောက်နဲ့မဖြစ်ဘူး ဘာချွန်ကင်၊ ငါတို့မှာက ပြ
ဘက်တွေ အများကြီးဖြစ်နေတယ်၊ သူတို့ကို ကျော်နိုင်ဖို့
သူတို့ထက် တစ်လှမ်းသာထားမှ ဖြစ်မယ်၊ ကမဲကိုတွေ့အော
ရှာထားဖို့ မင်းလူတွေကို အမိန့်ပေးထား၊ သူ့ကိုတွေ့
ငါတို့ အရှင်လိုချင်တယ်လို့၊ ငါတို့ ဆွန်ဓာရာကို ရှာလို့
ရင် သူ့ကို မျှားခေါ်ရမယ်''

''အမေရိကန်တွေကို ကျတော့ကော''

ဘာချွန်ကင်က မေးသည်။

''ကွင်းဆိုတဲ့ကောင်ကိုပဲ စောင့်ကြည့်ထား၊ ဒီကော
တွေလဲ ငါတို့လိုပဲ လှုပ်လိမ့်မယ်၊ အဘူဟာဆင် နဘ်ဆာကို
ငါရှာချင်တယ်၊ သူက ဆွန်တာရာကို သင်တန်းပေးတဲ့ ဆ
ဆိုတော့ ဆွန်တာရာအကြောင်းကို သူ အသိဆုံး၊ သူက
သားကို ကယ်ချင်ကောင်း ကယ်ချင်လိမ့်မယ်''

''ဆွန်တာရာအပေါ် သူ သစ္စာဖောက်မယ်လို့ ကျွန်တော်
မထင်ဘူး''

''သူဟာ အသက်ကြီးပြီ ဘာချွန်ကင်၊ ကမဲဟာ သူ့တ
တည်းသော သားပဲ၊ မင်းထင်သလို မဟုတ်ဘူး''

''တကယ်လို့ သူက ငြင်းရင်ကော''

''အဲဒီလိုဆိုရင်လဲ လောကမှာ အကြမ်းဖက်သမား
ယောက် လျော့သွားတာပေါ့၊ ငါ သူ့ဆီကို သူ့သားနေ
ကို ပို့လိုက်မယ်''

❋ ❋ ❋



ပွဲရှစ်

ခပ်ဖွဖွ တံခါးခေါက်သံ ကြားလိုက်သည်နှင့် ရယ်လင်နာ
သရပ်လိုက်သည်။

''ဘယ်သူလဲ''

သူမကမေးပြီး တံခါးနှင့် ဝေးရာဘက်သို့ ပြေးသွားလိုက်
သည်။

ထိုနောက် ကွင်း၏အသံကို ကြားလိုက်တော့မှ သေနတ်
ကိုင်ထားသောလက်ကို သူမ ချလိုက်၏။ ပြီးတော့ တံခါးကို
ဖွင့်ပေးကာ ကွင်းကို ဝင်ခွင့်ပေးလိုက်သည်။

ကွင်းက အခန်းထဲသို့ ဝင်လိုက်ရင်း....

''ကျုပ် အမိအတွက် စားစရာ ယူလာတယ်''

သူကပြောပြီး စက္ကူအိတ်တစ်လုံးကို ကမ်းပေးလိုက်သည်။

''ကျေးဇူးတင်ပါတယ်၊ ကျွန်မ မဆာစပါဘူး''

သူမမျက်နှာမှာ အတော်မင် အကြည့်ရဆိုးမှာ ချည်၊
အားလွန်းသဖြင့် မျက်လုံးတွေလည်း အစ်နေသည်။ ဆံပင်း
ကိုလည်း ဖြီးမထား။

ကွင်းက သူမအေးသို့သွား၍ ပခုံးကို ဖက်ထားလိုက်၏။

သူမက ကွင်း၏လည်ပင်းတွင် ခေါင်းတင်လိုက်ရင်း ကွင်း
၏လည်ပင်းကို နမ်းလိုက်သည်။ ပြီးတော့ ကွင်း၏ မေးစေ့ကို
နမ်းလိုက်ပြန်သည်။

''ကျွန်မနဲ့ အတူနေစမ်းပါ ရှင်ရယ်၊ ဒီညကျွန်မအနားမှာ
နေစမ်းပါ''

ကွင်းက သူမကို ဆွဲဖက်ထားလိုက်သည်။သူမ၏လိုအပ်ချက်
ကိုလည်း နားလည်နိုင်စွမ်း ရှိနေသည်။

''နေပါမယ်''

သူက တီးတိုး ကပ်ပြောလိုက်၏။

## အခန်း (၃၃)

အီလီယာသည် ဂျပုနေထိုင်ရာ မတ်ဝန်းကျင် တစ်ဝိုက်တွင်
ာက်လှမ်းရေးအဖွဲ့များကို ပိုက်စိပ်တိုက် ချထားသည်။
ားတွေနှင့်လည်း တစ်ဖွဲ့၊ မော်တော်ဆိုင်ကယ်တွေနှင့်လည်း
ည်။ ခြေကျင်အဖွဲ့တွေလည်း ပါ၏။ လမ်းနှင့် မျက်နှာ
ဆိုင်မှ ကင်မရာတွေနှင့်လည်း စောင့်ကြည့်နေသည်။ ဂျပု
န်းထဲမှ အသံမှန်သမျှကိုလည်း အသံဖမ်း ကိရိယာများ
ဆင်ကာ ထောက်လှမ်းနေသည်များလည်း ရှိ၏။

ဖောက်ထွင်းရေးအဖွဲ့များကလည်း ဂျပုနေသည့် အထပ်
ဘက်ထပ်တွင် အသင့်ရှိနေပြီး ဂျပု အခန်းထဲမှထွက်သည်
ဂျပုအခန်းကို ဖောက်ထွင်းဝင်ရောက်ရန် အမိန့်ကိုစောင့်

နေကြသည်။ ထိုအဖွဲ့တွင် ဂျပုအား ချောက်ချားအောင်လုပ်ကာ အင်တာယ်ထရေ့စ်၏ လက်ထဲသို့ ရောက်အောင်လုပ်နိုင်သည့် ကျွမ်းကျင်သူများ ပါနေသည်။

အားလုံးစီစဉ်ပြီးနောက် အဖွဲ့သားများမှာ အခွင့်အရေးကို အသင့်စောင့်စားနေကြသည်။

တစ်ညနှင့် နောက်တစ်နေ့လုံးလုံး စောင့်လိုက်ကြရ၏။ နောက်တစ်ညကျတော့ သန်းခေါင်မှတိုင်မီကလေးတွင် ဂျပု အပြင်သို့ ထွက်တော့သည်။

နှစ်ပတ်ခန့် သူ့ကိုစောင့်ကြည့်ခဲ့ကြသည်မို့ သူအပြင်ထွက်သည်မှာ တစ်နာရီခန့်သာ ကြာမည်ဖြစ်ကြောင်း သိနေကြသည်။ လုံခြုံသော မိမိတိုက်ခန်းမှ အပြင်သို့ အထွက်နည်းလေ သူ့အတွက် လုံခြုံမှုရှိလေဟု သူ နားလည်ထားသည်။

ဂျပု စောင့်ကြည့်ရေးအဖွဲ့၏ အပြင် စည်းကြောင်းသို့ ရောက်ကြောင်း ထိုအဖွဲ့မှ သတင်းပို့သည်အထိ ဖောက်ထွင်းရေးအဖွဲ့က စောင့်ကြည့်နေကြသည်။ ထိုသတင်းရတော့မှ သူတို့အဖွဲ့ ဂျပုအခန်းသို့ ဝင်ကြတော့သည်။

သူတို့အဖွဲ့က နှစ်ယောက်စီ သုံးစုခွဲလိုက်သည်။ ထောင တစ်ဖွဲ့က ဂျပု၏မွေ့ရာအောက်တွင် ဗုံးတစ်လုံး ဆင်လိုက်သည်။ ထိုဗုံးမှာ ဆဲယားရှာတုန်းက ဗုံးကဲ့သို့ ဖိအားဖြင့် အချက်ပေးမည်ဖြစ်သည်။ ဗုံးသည် ဂျပု ခုတင်ပေါ်မှ ထသွားသော်လည်း ပေါက်မည်မဟုတ်။ ရေဒီယို အဝေးထိန်းခလုတ်ဖြင့် ဖောက်ခွဲမှ ပေါက်မည်ဖြစ်၏။



ဗုံးသည် ခုတင်ပေါ်မှ လူလောက်ကိုသာ သေစေမည်ဖြစ်ပြီး အဆောက်အအုံကို ပျက်စီးစေမည် မဟုတ်။ ဂျပု၏အောက်တည့်တည့် အထပ်မှ မျက်နှာကြက်လောက်ကိုတော့ ပျက်စီးနိုင်သည်။ အခြားလူများကိုလည်း ထိခိုက်နိုင်ခြင်း ရှိ။

အခြားနှစ်ဖွဲ့က လှုပ်ရှားမှု ထောက်လှမ်းရေး ကိရိယာများနှင့် မိုက်ကရိုဖုန်းများကို တပ်ဆင်ကြသည်။ ဂျပုပြန်လာသည့်အခါ သူလုပ်ကိုင်နေသည်များကို သိရှိနိုင်ရန်ဖြစ်သည်။

သူတို့ ပြန်မထွက်မီ တံခါးပတ္တာတွင် အဖွင့်အပိတ်ဘိုင်း သိရှိနိုင်ရန် ကိရိယာတစ်ခု တပ်ဆင်ခဲ့ပြန်သည်။

သူတို့ဆောင်ရွက်သည်မှာ မိနစ်သုံးဆယ်သာ ကြာသည်။ ထောက်လှမ်းရေး အပြင်စည်းမှ ဂျပု ပြန်လာကြောင်း သတင်းပို့လိုက်သည့်အချိန်တွင် သူတို့ အဆောက်အအုံအပြင်သို့ ရောက်နေလေပြီ။

ခဏကြာတော့ အခန်းတံခါးဖွင့်လိုက်ကြောင်း ကိရိယာများမှတစ်ဆင့် သူတို့ သိလိုက်ရသည်။ မီးကိုတော့ မဖွင့်ဘဲထားသည်ကို တွေ့ရသည်။ ဂျပုသည် မှောင်ထဲတွင်နေသည်က ပို၍လုံခြုံသည်ဟု ယူဆကာ နေခြင်းဖြစ်၏။ မိုက်ကရိုဖုန်းများက ဂျပုလှုပ်ရှားနေသည်များကို အကုန်ကြားနေရသည်။

သူ လက်ဖက်ရည်တစ်ခွက်ဖျော်၍ လက်ဖက်ရည်ကိုသောက်ရင်း စီးကရက်နှစ်လိပ်ကိုသောက်သည်။ ပြီးတော့ ရေအိမ်ကိုဝင်သည်။ ထိုနောက် မီးဖိုခန်းသို့ဝင်၍ စိတ်ငြိမ်စေရန် အရက်

သောက်သည်။ ပြီး စီးကရက်နှင့်လိပ် ထပ်သောက်ပြန်သည်။ တစ်ညလုံး သည့်အတိုင်းနေမည့်ပုံ။

ကင်းပုန်း အဖွဲ့များက တိုက်ကြီး၏ တစ်ဖက်တစ်ချက်မှ ကားနှစ်စီး ရောက်လာပြီး ရပ်ထားသည်ကို တွေ့ကြောင်း သတင်းပို့သည်။ ကားထဲမှလူများက အပြင်မထွက်၊ အထဲမှာ သာနေသည်။ ဒုတိယ စည်းရိုးအဖွဲ့က ယင်းတို့ကို စောင့်ကြည့်ရန် နေရာယူလိုက်ကြသည်။

တိုက်ကြီးနှင့် မျက်နှာချင်းဆိုင်မှ အဖွဲ့က ဂျပုကို ပြတင်းပေါက်က တစ်ဆင့် အနီအောက်ရောင်ခြည် မှန်ပြောင်းဖြင့် မြင်နေရသည်။ သူသည် ကားနှစ်စီးကို ကြည့်လိုက်ပြီး တစ်ချက်ပြုံးလိုက်၏၊ သူ့ကိုယ်ပိုင် လုံခြုံရေးအဖွဲ့များ လာရောက်စောင့်ကြပ်ပေးနေခြင်းဖြစ်သည်။

ဂျပုသည် စီးကရက်ကို နောက်ဆုံးတစ်ကြိမ် ဖွာရှိုက်လိုက်ပြီး လိုက်ကာကိုပြန်ချလိုက်၏ မိမိ၏ မိတ်ဆွေများ အပြင်တွင် စောင့်ကြပ်နေသည်မို့ သူ စိတ်ချသွားပုံရသည်၊

ထို့နောက် သူ ရေအိမ်ကိုတစ်ကြိမ်ဝင်ပြီး ကိုယ်သက် ဆေးကြောလိုက်သည်။ ပြီးတော့ အိပ်ခန်းထဲသို့သွားကာ ခါးကြားမှ အော်တိုမက်တစ် သေနတ်ကလေးကိုထုတ်၍ ခုတင်ဘေးမှ စားပွဲပေါ်သို့ တင်လိုက်သည်။ အနားယူတော့မည် ဆိုသည့်သဘော။

အဝတ်အစားနှင့် ဖိနပ်ကိုတော့မချွတ်။ အရေးအကြောင်းဆိုလျှင် အသင့်ဖြစ်စေရန်ဖြစ်သည်။ နံနက် နှစ်နာရီရှိပြီ။ အား



ငုံး တိတ်ဆိတ်နေ၏၊ သူ့နှလုံးခုန်သံကို သူကိုယ်တိုင်ပင် ကြားနေရသည် ထင်၏။ ဆွန်တာရာ၏ အန္တရာယ်ကို သူ လျှော့တွက်၍ မရ၊ မိမိဘက်က မှားခြင်းဖြစ်သည်။ တြေဇာသည် အကြံကုန်လွန်၍ လုပ်ခြင်းလည်း ဖြစ်နိုင်သည် မဟုတ်လော။ ည်တုန်းကတော့ မိမိအမှားမဟုတ်။ အချိန်တန်တော့ အဖြေပေါ်လာမည်ပင်။

သူသည် မှောင်ထဲတွင် ခဏငြိမ်၍ရပ်နေသည်။ ပြီးမှ ခင်ပေါ်သို့ ထိုင်ချလိုက်၏၊ ကလစ်ဟူသော အသံက ခပ်ုံးတိုးကလေး ပေါ်လာသည်။ ဂျပု တစ်ကိုယ်လုံး တောင့်တင်းသွားသည်၊

ထိုအသံကို မိမိ ထင်နေခြင်းမဟုတ်၊ တကယ့်အသံဖြစ်သည်၊ မျက်နှာပေါ်တွင် ချွေးစေးများ ပြန်လာသည်။ ကြောက်စိတ်ကြောင့် တစ်ကိုယ်လုံးတုန်လာသည်။

ဆုံးဖြတ်ချက်တစ်ခုကို မြန်မြန်ချရတော့မည်။ မိမိ ထိုင်နေသည့် ဗုံးက မပေါက်ဟုဆိုလျှင် မိမိ ကြွလိုက်သည်နှင့် ဗုံးကပေါက်ချေတော့မည်။ သို့မဟုတ်ကလည်း အလေးထိန်းလုတ်ပြီး ပေါက်ခြင်းလည်းဖြစ်နိုင်သည်။ ကြွဗုံးဖြစ်လျှင် မိမိခင်ပေါ်တွင်ရှိနေသမျှ ပေါက်မည်မဟုတ်။ ဒုတိယဗုံးမျိုးဖြစ်လျှင်တော့ မိမိအတွက် အချိန်သိပ်မရှိတော့။ မိမိ တစ်ခုခုလုပ်မှ ဖြစ်တော့မည်။

သူသည် စားပွဲပေါ်မှ သေနတ်ကိုယူ၍ စားပွဲတင်မီးအိမ်ကိုလည်း တွန်းချပစ်လိုက်သည်။ စားပွဲမှာ စနက်တံခလုတ်ကိုဆက်၍ ဖိထားနိုင်လောက်သည့် အလေးချိန်တော့ ရှိတန်ကောင်းသည်။

ထိုနောက် စားပွဲကို ခုတင်ဆီသို့ အသာဆွဲယူလိုက်သည်။ ပြီးတော့ စားပွဲကို သူ့ဘေး ခုတင်ပေါ်သို့ ဆွဲတင်လိုက်သည်။

မျက်လုံးကိုမှိတ်၍ ဘုရားစာတွေကို ရွတ်နေလိုက်မိသည်။ ပြီးမှ ခုတင်ပေါ်က အသာထ,လိုက်၏။ တစ်ကိုယ်လုံးလည်း ချွေးတွေရွှဲပြီး တုန်ယင်နေသဖြင့် ရေခဲရေချိုးထားသူပမာ ဖြစ်နေရသည်။

ခြေထောက် ကြမ်းပြင်သို့ထိသည်နှင့် ခုတင်မှ ဝေးရာကို ခုန်ထွက်လိုက်သည်။ ပြီးတော့ ဒူးထောက်ချကာ ခုတင်အောက်သို့ ငုံ့ကြည့်လျက် ဗုံးကိုရှာသည်။ မိမိကပဲ ထင်နေ၍လားမသိ။ သို့သော် ခုတင်စပရင်နှင့်တွဲချည်ထားသည့် ဗုံးကို တွေ့လိုက်ရ၏။ ထို့ကြောင့် ချက်ချင်းထကာ အခန်းထဲမှ ပြေးထွက်သွားတော့သည်။

သူသည် မိမိတို့အထပ် တံခါးသော့ကို ကမန်းကတန်းဖွင့်လိုက်၏။ ခဏကြာတော့ တံခါးပွင့်သွားတော့သည်။ ပထမတော့ ပင်မလှေကားအတိုင်း ရှေ့ပေါက်မှ ဆင်းမည်ပြုပြီးနောက်မှ အကြံရကာ နောက်ဖေးလှေကားအတိုင်း နောက်ဖေးက ဆင်းခဲ့သည်။

တံခါးပတ္တာတွင်တပ်ထားသော ကိရိယာမှတစ်ဆင့် ဗုံးဖောက်မည့်သူထံသို့ အချက်ပေးသံရောက်လာသည်တွင် သူက တစ်မှ တစ်ဆယ်ထိ ရေတွက်လိုက်သည်။

ဂျပု နောက်ဖေးလှေကားမှဆင်းနေချိန်တွင် ဗုံးပေါက်ကွဲသွားတော့သည်။ အသံကြီးမှာ ကျယ်လောင်လှပြီး တိုက်ကြီး



တစ်ခုလုံး တုန်ခါသွားသည်။ ဂျပုမှာလည်း ဆင်းပြေးသွားသည်တွင် လှေကားထစ်များကိုပင် နင်းမိသည် မထင်မိ။

ထိုနောက် မှောင်မိုက်သော နောက်ဖေးလမ်းကြားထဲသို့ ပြေးလေသည်။ မိမိအား တစ်စုံတစ်ယောက်က စောင့်၍ သုပ်ကြံမည်ကိုပင် မတွက်တော့။

ပင်တိုင်စောင့်ကြည့်ရေးအဖွဲ့က ဂျပုကို စ၍မြင်လိုက်သည်။ သူ အပြင်သို့ထွက်လာလေပြီ။ ထောက်လှမ်းရေး အဖွဲ့က နောက်မှ ခပ်မှန်မှန်လိုက်တော့သည်။ သူ တစ်နေရာတွင် ပျောက်သွားသည့်အခါ အကူအဖွဲ့က ဘေးမှပန်းကာလိုက်ပြန်သည်။

နောက်ဆုံးတွင် ဂျပုသည် ခြေလှမ်းမှန်သွားသည်။ ပြီးတော့ သူ့ အဆက်အသွယ်များအားတွေ့၍ ပဲရစ်တွင်ရှိနေသည်ဟု သူ သိနေသော ကမဲ ရှိမည့်နေရာကို လိုက်စုံစမ်းနေသည်။ နောက်တစ်နေ့လုံးလည်း သူ ဆက်စုံစမ်းနေ၏။ သူ အယုံရဆုံးသူများကို လိုက်စုံစမ်းနေသည်ဖြစ်ရာ နောက်ဆုံးတွင် ကော်ဖီဆိုင် တစ်ဆိုင်၌ ကံစွပြုတ်ခဲ့သည်။ မိတ်ဆွေတစ်ယောက်က သူ့ကို လာပြောသွား၏။ ထိုနေ့ညနေမတိုင်မီ ကော်ဖီဆိုင်၏ နောက်ဖေးတွင် ခဏနား၍ မိမိရရှိလိုက်သော တယ်လီဖုန်းနံပါတ်အတိုင်း ဆက်လိုက်တော့သည်။

* * *

တယ်လီဖုန်းမြည်သံကြောင့် ကမဲ လန့်သွားသည်။ သူက ခုတင်ခေါင်းရင်းပေါ်တွင် ခပ်တောင့်တောင့်ကြီးထိုင်လျက် တယ်လီဖုန်းကို စိုက်ကြည့်နေ၏။ မိမိအခန်းသို့ တယ်လီဖုန်း လာရန်မရှိ။

ဘယ်သူ့ဆီသဘောလဲဟု တွေးရင်း တယ်လီဖုန်းကို မကိုင်ဘဲထားလိုက်သည်၊ မိမိရှိမည့်နေရာကို ဆွန်ဘာရာပင်လျှင် မသိ။ ဆွန်တာရာနှင့် အဆက်အသွယ် မရကတည်းက အရေးပေါ်အစီအစဉ်ကိုသုံးကာ သူ နေရာပြောင်းလိုက်သည်။ အကယ်၍ ဆွန်တာရာကို ဖမ်းလိုက်ကြပြီး မိမိတို့ အစီအစဉ်ကို အတင်းမေးကြလျှင် အကာအကွယ် သဘောမျိုးလုပ်ခြင်း ဖြစ်သည်။ ယနေ့ ခေတ်မီဆေးဝါးများဖြင့် စစ်ဆေးလျှင် ဆွန်တာရာပင်လျှင် မခံနိုင်ဘဲ ထုတ်ပြောသွားနိုင်သည်။

သူနှင့်တွေ့ရန်လည်း နောက်ဘင် လေးရက်လိုသေးသည်။ အကယ်၍ ဆွန်တာရာ အဖမ်းမခံရဟုဆိုလျှင် ဘည်နေရာသို့ သူ ဖုန်းဆက်စရာအကြောင်းမရှိ။ လုံးဝသေချာသည်၊

ဖုန်းတဂွမ်ဂွမ် မြည်နေသည်ကို ကမဲ စိုက်ကြည့်နေသည်။ စိတ်လည်းပူနေမိ၏။ မိမိရှိသည့်နေရာကို ဆွန်တာရာ ရှာဖွေနိုင်သည်ကိုတော့ သူ ယုံသည်။ အရေးကြီးသဖြင့် တစ်စုံတစ်ရာ ပြောချင်၍ ရှာဖွေဆက်သည်လား။ အားလုံး အဆင်ပြေသွားပြီဟု ပြောချင်၍ မတွေ့တွေ့အောင်ရှာ၍ ဆက်သည်ပဲလား။

နောက်ဆုံးတွင် သိပ်မစိုးရိမ်တော့သဖြင့် တယ်လီဖုန်းကို ကိုင်လိုက်တော့သည်။



"ဟုတ်ကဲ့၊ ပြောပေါ့"

သူက တယ်လီဖုန်းကို နားတွင် ဖိကပ်၍ ဆွန်တာရာ၏အသံကို နားစောင့်လိုက်သည်။

"မင်း ခွေးပဲ"

တစ်ဖက်မှအသံက ပြောလိုက်သည်။

ဆွန်တာရာ၏အသံမဟုတ်မှန်း သိလိုက်သည်နှင့် ကြောက်စိတ်များ ပေါ်လာပြန်သည်။ ခဏကြာတော့မှ ဂျပ်၏ အသံမှန်း သိလိုက်တော့သည်။

"ဘာဖြစ်လို့ မင်း ငါ့ဆီကို တယ်လီဖုန်း ဆက်တာလဲ၊ နောက်ပြီး ငါ ဒီမှာရှိတယ်ဆိုတာ မင်း ဘယ်လိုလုပ်သိသလဲ"

သည်လိုမဆက်ရန် အကြိမ်ကြိမ် သတိပေးထားလျက်နှင့် ဆက်သည်မို့ ကမဲ ဒေါသဖြစ်သွားသည်။

"မင်း ငါ့ကို လွယ်လွယ်ကူကူ သတ်လို့ရမယ်များ ထင်သလား"

ဂျပ်၏ အသံကလည်း ဒေါသသံပါနေသည်။

"မင်း ဘာတွေ လျှောက်ပြောနေတာလဲ"

"မင်း ငါ့ကို ဒီလို မလိမ့်တစ်ပတ်မလုပ်နဲ့ ခွေးမသား၊ မင်း ညတုန်းက ဘာဖြစ်လို့ ငါ့ကို လာသတ်တာလဲ"

ကမဲ အံ့အားသင့်ကာ ဘာမျှပြန်မပြောနိုင်။ ဂျပ်၏ စကားများကိုလည်း ပြန်ကြားယောင်နေမိ၏။

"မင်း ဘာတွေ ပြောနေတာလဲ၊ ငါ ဘာမှ မလုပ်ရပါလား"

“မင်းသစ္စာဖောက်တာ လူမှားနေပြီ ကမဲ၊ မင်း ဒီအမှား အတွက် ပေးဆပ်ရလိမ့်မယ်”

“သို့သတ္တဝါက စံပုလွေကို ခြိမ်းခြောက်ရိုး မရှိပါဘူး ကွာ၊ မင်း အေးအေးဆေးဆေးနဲ့ ဘာဖြစ်တယ် ဆိုတာ ပြောပြရင် မင်း ငါ့ကို ခြိမ်းခြောက်တာ မေ့ပစ်လိုက်ပါ့ မယ်”

ကမဲက ပြန်ဖက်လိုက်သည်။

“သူကပဲ မသိပြန်ဘူးတဲ့”

“မင်း ပြောတာတွေ ငါ ဘာမှနားမလည်ဘူး၊ ဘာဖြစ် တယ်ဆိုတာ ပြောစမ်းပါဦး”

“ညက မင်းဆင်ထားတဲ့ ဗုံးကြောင့် ငါ ကံကောင်းလို့ မသေတာလေ”

“ဘာဗုံးလဲ”

“မသိချင်ယောင်ဆောင်မနေနဲ့ကွာ”

ရုတ်တရက် ကမဲ၏ခေါင်းထဲတွင် တစ်စုံတစ်ခု တွေးလိုက် မိသည်။ ဂျပုကို တစ်ယောက်ယောက်က အကွက်ဆင်ခြင်း ဖြစ် နိုင်သည်။

“မင်းကို ငါ သတ်ချင်ရင် မင်း သေတာကြာလှပြီ၊ မင်း ယုံ”

“ဪ....ဟုတ်လား၊ တန်းမြို့မှာ မင်း စတြာဇာကို သတ်တာမျိုးလား၊ စတြာဇာ ငါ့ကိုလာသတ်အောင် မင်းလုပ် လိုက်တာ မဟုတ်လား”



ကမဲ ငြိမ်၍စဉ်းစားနေလိုက်သည်။ မိမိကို ပဲ့ရစ်မြို့ထဲတွင် တွေ့အောင်ရှာနိုင်သူဆို၍ ဂျပု တစ်ယောက်သာရှိသည်။ မိမိ ထင်သည့်အတိုင်း မှန်နိုင်သည်။ ထို့ကြောင့်....

“ဒီမှာ ငါပြောမယ်၊ နားထောင်စမ်း နလပိန်းတုံးကောင် ရဲ့၊ ညက မင်းကိုသတ်တာ ငါ မဟုတ်ဘူး၊ စတြာဇာ မင်းကို လာသတ်အောင်လဲ ငါလုပ်တာ မဟုတ်ဘူး၊ တစ်ယောက် ယောက်က မင်းကိုအသုံးချပြီး ငါ့ဆီကို ရောက်အောင် လုပ် လိုက်တာ၊ မင်း အခု ငါ့ဆီကိုဖုန်းဆက်တာဟာ မင်းရော ငါ ပါ ဘယ်လောက် အန္တရာယ်ကြီးတယ် မှတ်သလဲ၊ ဖုန်းထဲမှာ မပြောနဲ့တော့ကွာ၊ ဒီည ငါတို့တွေ့ကြမယ်”

“မင်းက ငါ့ကို သောက်ရူးမှတ်လို့လား”

“မင်းဟာ ကိုယ့်ကိုယ်ကို အသုံးချခံနေတဲ့ ကောင်ပဲကွ၊ ငါ ဒီလိုမလုပ်ဘူးဆိုတာ မင်းသိဖို့ကောင်းတယ်”

ကမဲက ပြောလိုက်သည်။

“စတြာဇာကလဲ ဒီလိုပဲတွက်ခဲ့တာပဲ၊ ဒါပေမယ့် သူ ငါ့ လက်ချက်နဲ့ သေခဲ့ရပြီလေ၊ တန်းမြို့မှာ မင်း သူ့ကိုသတ်ဖို့ လုပ်တယ် မဟုတ်လား”

“ဖုန်းထဲမှာ မပြောနဲ့တော့ကွာ၊ ငါတို့ တွေ့ကြမယ်၊ မင်းအတွက် စိတ်ချရမယ်ထင်တဲ့နေရာ မင်းဘာသာရွေး၊ ငါ ဘာလက်နက်မှမယူဘဲ တစ်ယောက်တည်း လာခဲ့မယ်၊ ငါ ကျိန်ပြောရဲတယ်၊ မင်းကို ဘာအန္တရာယ်မှ မဖြစ်စေရဘူး”

“မင်းလာမယ်ပေါ့၊ ဟုတ်ပြီ၊ တစ်ယောက်တည်း ဘာလက်နက်မှ မယူခဲ့နဲ့၊ ငါလာရင်တော့ မင်း ပွဲချင်းပြီး သေပြီသာမှတ်”

“ရောဘတ်ရယ်...မင်းကို သတ်ဖို့လုပ်တာ ငါမဟုတ်ပါဘူး၊ ငါပြောတာ ယုံပါ၊ ဘန်းမှာ စတြာဇာကိုသတ်တာတော့ ငါဟုတ်ပါတယ်၊ ဒီကောင်က အန္တရာယ်ကို လိုက်ရှာတဲ့ကောင်”

စိတ်ထဲကမူ အခု မင်းလိုပေါ့ကွာ....ဟု ပြောလိုက်မိသည်၊ သို့ရာတွင် တကယ်ပြောတော့....

“မင်းကြိုက်တဲ့နေရာသာ ရွေးပါ၊ ငါလာခဲ့ပါ့မယ်”

“အခုတစ်နာရီအတွင်း မုန့်ဖိုကိုလာခဲ့၊ မင်းတစ်ယောက်တည်း လာနော်၊ ငါ မင်းကို စောင့်ကြည့်နေမှာ”

“ငါ တစ်နာရီအတွင်း အရောက်လာခဲ့မယ် ရောဘတ်၊ ငါပြောတာ ယုံကွာ၊ မင်းကို ဘာမှမဖြစ်စေရပါဘူး”

“ကဲ....ဒါဆို တွေ့မယ်၊ မင်းကို ငါစောင့်ကြည့်နေမှာနော်”

ဖုန်းချသွားသည်၊ ကမ်ဲကလည်း ဖုန်းကို ပြန်ချလိုက်၏၊ ပြီးတော့ နဖူးမှ ဇောချွေးများကို သုတ်ပစ်လိုက်မိသည်၊

ဂျူပုကို တစ်ယောက်ယောက် လှည့်စားလိုက်သည်မှာ သေချာသည်၊ ဂျူပုတွင် ရန်သူတွေ အများကြီးရှိနေသည်တော့ အမှန်။ သို့သော် သူ့တွင် မိတ်ဆွေတွေလည်း များသည်၊ ယခုကိစ္စမှာ အခြားဘက်မှလူများက လုပ်ခြင်းဖြစ်နိုင်သည်၊



ဆွန်တာရာနှင့် အဆက်အသွယ်မရခြင်း၊ အကြောင်းကို ကမ်ဲ ပြန်တွေးလိုက်မိပြန်သည်။ ဆွန်တာရာသာ မရှိတော့လျှင် မိမိကို၏ စီမံကိန်းမှာ ပျက်ရပေတော့မည်။ မိမိ နည်းလမ်းတစ်ခုခုတော့ ရွေးရချေတော့မည်။

မိမိ ပဲရစ်တွင်ရှိနေလျှင် ဂျူပု မိမိကိုရှာတွေ့လိမ့်မည်။ မိမိ ဤနေရာမှထွက်သွားပြီး ဆွန်တာရာနှင့် နောက်တစ်ကြိမ် ဆက်သွယ်ရမည့် အချိန်ကျမှ ပြန်လာလျှင် ကောင်းမည်။ သို့မဟုတ်ကလည်း ဂျူပုနှင့်တွေ့လိုက်ပြီး မိမိ အသက်မခံရအောင် ရှင်းလိုက်လျှင် ကောင်းမည်လော။ မိမိ ယခုထွက်သွားလျှင်တော့ ဂျူပုက သူ့ကိုလုပ်ကြံသည်မှာ မိမိဖြစ်သည်ဟု ထင်ချေတော့မည်။

သို့ရာတွင် ဂျူပုကို တစ်ယောက်ယောက်က အကွက်ဆင်ခြင်းဖြစ်၍ သူ့နောက်မှ လိုက်ချောင်းနေမည်မှာတော့ သေချာသည်။ သို့ဆိုလျှင် မိမိအတွက် အလွန် အန္တရာယ်ရှိနေပေသည်။ မည်သို့ပင်ဖြစ်စေ ယခု ဂျူပု မိမိကို တယ်လီဖုန်း ဆက်သည်ကပင် အန္တရာယ်ရှိနေပေသည်။ မိမိအတွက် အခြားလမ်း မရှိတော့၊ ဂျူပုကို တွေ့ရတော့မည်။ ဆွန်တာရာပြောသည်မှာ မှန်သည်၊ ဂျူပုကို စောစောကတည်းက ရှင်းပစ်ရမည် ဖြစ်၏။ ဆွန်တာရာသည် အမြင်ကြီးပါပေ့။ သူ့စကားကို ဘယ်တော့မှ မပယ်သင့်တော့။

ဂျူပုကိုတွေ့ရန် ဆုံးဖြတ်လိုက်သည်၊ ဘန်းမှာတုန်းကလို သည်တစ်ခါ မလွဲစေရတော့။

* * *

ကမဲ မုန့်ဖိုသို့ရောက်သည့်အချိန်တွင် နံနက်လေးနာရီ ထိုးခါနီးနေပြီ။ မိမိကို စောင့်ကြည့်နေသူ ရှိမရှိ သေချာအောင်ကြည့်လိုက်သေးသည်။ မျက်စိကလျှောက်ကြည့်နေသော်လည်း စိတ်ထဲကမူ အန္တရာယ်မရှိဟု ထင်နေသည်။ တစ်ခုခုဖြစ်လျှင်တော့ မိမိ သည်စနေရာမှ ထွက်သွားရုံစင်။ ဘာပဲဖြစ်ဖြစ် ကမဲအထဲသို့ ဝင်လိုက်တော့သည်။

မုန့်ဖိုထဲသို့ ဝင်လိုက်သည်နှင့် မီးဖိုကြီးများ၏ အပူရှိန်တည် အပြင်မှ အအေးဓာတ်နှင့် ဆန့်ကျင်ဘက် ဖြစ်နေသည်။ ပြီးတော့ အတွင်းသို့ သတိနှင့် ဝင်လာခဲ့၏။ အလုပ်လုပ်လက်စများကို တွေ့နေရသော်လည်း လူသူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့။ မကြာသေးခင်ကလေးကမှ လူတွေရှိသွားပုံရသည်။ ဂျပုက လူတွေကို နှင်လွှတ်ထားသည် ထင်၏။

မုန့်လက်ကောက်များ အဆင့်ဆင့်လုပ်ထားသည့် မုန့်စားပွဲများကို ကမဲ ကျော်ဖြတ်လာခဲ့သည်။ မီးဖိုပေါ်တင်ရန် စင်များဖြင့် အသင့်တင်ထားသည့် မုန့်များကိုလည်း တွေ့ရသည်။ မုန့်နှစ် ဖျော်စက်တစ်ခုတွင် ဖျော်လက်စ မုန့်နှစ်များအပြည့်နှင့်တွေ့ရသည်။ နောက်စက်တစ်ခုထဲတွင် ရေထည့်၍ မဖျော်ရသေးသော ဂျုံမှုန့်ချည်းသက်သက်ကို တွေ့ရသည်။ ထိုစက်ထဲသို့ ကမဲက လက်နှင့်နှိုက်ကြည့်ပြီး ဂျုံမှုန့်များကို နမ်းကြည့်လိုက်သည်။

''နောက်ကိုမလှည့်နဲ့ ပါလက်စတိုင်း ခွေးကောင်''

ကမဲ၏နောက်ဘက်မှ ဂျပု၏အသံကို ကြားလိုက်ရသည်



''ငါ့မှာ သေနတ်မပါပါဘူး ရောဘတ်ရယ်''

ကမဲက လှည့်မကြည့်ဘဲ ပြောလိုက်သည်။

''အေး....ငါ့မှာတော့ ပါတယ်ကွ၊ မင်း နည်းနည်းလေး ...ဘာနဲ့ ငါ မင်းကိုသတ်ပြီးသားပဲ''

''မင်းကို ငါမေးထားတဲ့ ကတိအတိုင်း မင်းအပေါ် ငါ ...ရှိကြောင်း ပြဖို့လာတာပါကွာ''

ဂျပုက ပြောင်လှောင်သံဖြင့်....

''သစ္စာရှိကြောင်း ဟုတ်လား၊ မင်းကိုတော့ ငါ့လက်ထဲ ...ကိုင်ထားတဲ့ အေးစက်တိတ်ဆိတ်တဲ့ သံမဏိလက်နက်ကပဲ ...ရှိလိမ့်မယ်''

ဂျပုသည် ပြောရင်း ဘေးတိုက်ရွေ့လာသည်။

ဘယ်ဘက်မှ မုန့်ဖျော်စက်ကို ပတ်၍လာနေသော ဂျပုကို ...လှည့်ကြည့်လိုက်သည်။ သူ့လက်ထဲတွင်လည်း မိမိမျက်နှာ ...ချိန်ထားသည့် အသံတိတ်ကိရိယာတပ် အော်တိုမက်တစ်နှင့်။

ကမဲက မိမိတွင် လက်နက်မပါကြောင်း လက်နှစ်ဖက်ကို ...ပြလိုက်ပြီး....

''အေးအေးဆေးဆေးပေါ့ ရောဘတ်ရယ်''

ဂျပုသည် ဒေါသလွှမ်းသော မျက်လုံးများကို မှေးစင်း၍ ...ကြည့်လိုက်သည်။

''ကဲ...ဖြစ်တဲ့အကြောင်းတွေကို အစကနေ ပြန်ပြောစမ်း ...။ အသေးစိတ် သိချင်တယ်''

ကမဲ့က မေးလိုက်သည်။

''ပြောနေလဲ ဘာမှထူးမှာ မဟုတ်ပါဘူး''

''မင်းကို ငါဘာမှ အန္တရာယ် မပေးဘူးဆိုတာ မင်းသိလောက်ပါတယ်ကွာ၊ နို့မို့ရင် ငါ့ခ်ီလိုကြီး ဘယ်လာမလဲကွ''

ဂျပုက ရယ်လိုက်ပြီး....

''မင်းကို ငါယုံလိမ့်မယ်လို့ နည်းနည်းလေးမှ မထင်လေနဲ့ ကိုယ့်လူ''

''မင်းကိုတော့ ငါယုံပါတယ်''

''ယုံရင်တော့ မင်းသောက်ရှုပဲ''

ဂျပုက ရှေ့သို့ တစ်လှမ်းတိုးလာသည်။

''မင်းမှားနေပြီ ရောဘတ်''

ကမဲက လေပျော့ကလေးနှင့် ပြောလိုက်သည်။ ပြီးတော့ မုန့်ဖျော်စက်ကိုမှီထားလိုက်၏။ သူ့လက်က မုန့်မွှေဒလက်အား အရှိန်တင်သည့် ခလုတ်ကို ကိုင်ထားလိုက်သည်။ ပြီးတော့သူက ဆက်၍....

''မင်းကို အခြား တစ်ယောက်ယောက်က လုပ်ကြံဖို့ ကြံစည်နေတာ ဖြစ်ချင်ဖြစ်မယ်၊ ဒါမှမဟုတ်ရင် မင်းငါနဲ့ဆက်သွယ်အောင် တမင်လုပ်တာလဲ ဖြစ်ချင်ဖြစ်မယ်၊ သူတို့လိုချင်နေတာက ငါ့ကိုပါ၊ မင်းကို မဟုတ်ပါဘူး''



သူက ပြောနေရင်း အရှိန်တင်ခလုတ်ကို အမြင့်ဆုံးသို့ ရောက်သွားအောင် တင်ထားလိုက်သည်။

ဂျပုက ကမဲပြောသည်များ ဟုတ်မဟုတ် စဉ်းစားရင်း ကမဲကို ပြူးကြည့်နေသည်။

ကမဲက ဆက်၍....

''ဒီမှာ ငါပြောမယ်၊ ကျန်ခဲ့တဲ့သုံးရက်က ဆွန်တာရာနဲ့ ငါ ဆက်သွယ်တာ မရခဲ့ဘူး၊ အဲဒီကစပြီး သူ့ဆီက ငါဘာ သတင်းအကြောင်းမှ မသိရသေးဘူး၊ ဒါဆို သူ့မှာ အန္တရာယ်နဲ့ ရင်ဆိုင်နေရတာလဲဖြစ်နိုင်တယ်၊ အသတ်ခံရတာလဲဖြစ်နိုင်တယ်''

''စိတ်မကောင်းစရာပဲ၊ ဒါဆို မင်းတို့ နှစ်ယောက်စလုံး သေရတော့မှာပေါ့''

ကမဲက ဒလက်ခလုတ်ကို ဖွင့်လိုက်သည်။ မုန့်မွှေ ဒလက်မှာ အားကုန်၍ လည်သွားသည်တွင် ဂျုံမှုန့်များ လွင့်ပျံကာ ဂျပု၏ မျက်နှာသို့ စဉ်ကုန်ကြသည်။ ထို့ကြောင့် ဂျပုမှာ မျက်လုံးထဲဝင်ကာ မမြင်ရတော့။ ဂျပု၏ လက်မှာလည်း အပေါ်သို့ မြောက်တက်သွားသဖြင့် သေနတ်က ချိန်သားလွဲသွားပြီး ကျည်ဆန်က နံရံကို သွားမှန်သည်။

ကမဲသည် မုန့်ဆယ်သံကောက်ကြီးကို ဆွဲယူ၍ ဂျပု၏ နဖူးကို အားကုန်လွှဲရိုက်လိုက်သည်။

ဂျပုမှာ လည်ထွက်သွားသည်။ မျက်စိကိုလည်း မဖွင့်နိုင်သဖြင့် ဘာမျှလည်း မမြင်ရ။ သေနတ်နှင့်လည်း နှစ်ချက်

လောက် ရမ်း၍ပစ်လိုက်သေးသည်။ ထိုနောက် နဖူးကို
ကောက်နှင့် အရိုက်ခံလိုက်ရပြန်သည်။ ထိုကြောင့် ဂျုံအိ
များပေါ်သို့ နောက်ပြန်လဲကျသွား၏၊

ကမဲသည် သူ့အပေါ်သို့ ခုန်အုပ်လိုက်ပြီး လက်တစ်ဖ
က သေနတ်ကိုဆွဲလှုရင်း နောက်လက်တစ်ဖက်က ဂျပုကို
ကောက်နှင့် ဆက်တိုက်ရိုက်ချနေသည်။ သူက ဆက်တိုက်ရို
နေရာ နောက်ဆုံးတွင် ဂျပုမှာငြိမ်သွားတော့သည်။ ဂျပု
လည်း သတိလစ်ကာ ညည်းတွားနေသည်။ သံကောက်နှင့် ရို
လိုက်သည့်ဒဏ်ရာမှာလည်း သွေးများ ယိုစီးကျနေ၏။

ကမဲက သူ့ခါးပတ်ကိုဖြုတ်လိုက်ပြီး ဂျပုအား ဆွဲမှော
လိုက်သည်။ ပြီးတော့ ခါးပတ်ဖြင့် လက်များကို နောက်
တုပ်လိုက်၏။ ထိုနောက် မုန့်ဖိုသုံး တဘက်တစ်ထည်ကိုယ
ဂျပုပါးစပ်ကို ဆို့ထားလိုက်ပြန်သည်။ ပြီးတော့ မီးကြိုး
ချောင်းကိုဖြုတ်၍ ဂျပု၏ ခြေထောက်များကိုပါ တုပ်ထာ
လိုက်၏။

နောက်ဆုံးတွင် သူသည် မိမိအသက်ကို ကယ်တင်လို
သော မုန့်နှစ်ခွေစက်အား သွားပိတ်လိုက်သည်။

မုန့်ဖိုထဲတွင် တစ်စုံတစ်ယောက် ရှိလေမည်လားဟု ကြ
လိုက်ပြီးနောက် ကမဲ ဂျပုထံ ပြန်လာခဲ့သည်။

ဂျပုအား ချည်ထားသည့် ခါးပတ်မှ ဂျပုကို ဆွဲမ,လိုက်
အဝတ်ထုပ်ကြီးကို မ,ရသည်နှင့် တူနေသည်။ ပြီးတော့ အ



မီးဖိုကြီးရှိရာသို့ ဇယဥ်ဘိုက်ဆွဲလာခဲ့သည်။ ဂျပုလည်း သတိ
ပြန်ရကာ ညည်းတွားနေသည်။

ထိုနောက် ကမဲသည် ဒူးထောက်ထိုင်ကာ ညည်းတွားနေ
သော ဂျပု၏ မျက်နှာနားသို့ကပ်၍ သူ့ဆံပင်ကို ဆောင့်ဆွဲ
လိုက်ပြီး....

"ညက မင်းကိုသတ်ဖို့လုပ်တာ ငါမဟုတ်ဘူးကွ တော်းရဲ့၊
မင်းကို ငါ ဘယ်တုန်းကမှ သစ္စာမဖောက်ခဲ့ဘူး၊ ငါ့ရဲ့ သစ္စာ
ရှိမှုအတွက် မင်းဟာ ဒါနဲ့ပဲ တန်တယ်၊ သစ္စာဖောက်တာက
မင်း၊ ဒီတော့ အဲဒီအတွက် မင်းကို ဒဏ်ခတ်ရမယ်"

ကမဲ သည် အုဘ်မီးဖိုကြီးတံခါးကိုဖွင့်လိုက်သည်။ ပြီးတော့
ဂျပုဘက်သို့ လှည့်လိုက်၏၊

ဂျပုသည် ကြောက်လန့်ကာ မျက်လုံးပြူးနေသည်။ ထို
ကြောင့် ခြေလက်များကို ရုန်းကန်နေ၏။

ကမဲက သူ့မျက်နှာကို တစ်ချက် ဆောင့်ကန်ပစ်လိုက်ရာ
ငြိမ်သွားပြန်သည်။ ပြီးတော့ သူ့ကို ကော်ဇောလိပ်ကြီးပမာ
ကုန်း၍မ,ပြီး မီးဖိုကြီးရှိရာသို့ သယ်သွားသည်။ ဂျပုမှာ ခပ်
သေးသေးဖြစ်သော်လည်း အတော်ပင်လေးသဖြင့် မီးဖိုနား
ရောက်အောင် အတော်ပင်သယ်ရသည်။

ထိုနောက် ကမဲက အားကိုညှစ်ထုတ်၍ ဂျပု၏ ခေါင်းနှင့်
ပခုံးများကို မီးဖိုထဲသို့ အရင် စသွင်းလိုက်သည်။

သတိ မရတစ်ချက် ရတစ်ချက်ဖြစ်နေသော ဂျပုသည် ကြောက်လန့်တကြားဖြင့် အော်ဟစ်နေ၏။ သို့ရာတွင် ခါးစင်ကို အဝတ်နှင့်ပိတ်ထားသဖြင့် အသံမှာ သိပ်မထွက်။

ဓားနှင့် မျက်နှာများကို စတင်လောင်ကျွမ်းသည်နှင့် ဂျပုက ခြေထောက်များကို ကန်ကျောက်နေသည်။ သို့ရာတွင် ယင်းတို့ကို တုပ်ချည်ထားသောကြောင့် အရာမရောက်လှ။

ကမဲသည် ဂျပု၏ ကိုယ်ပိုင်းမှ ခါးပိုင်းသို့ ပြောင်းကိုင်လိုက်ပြီး မီးဖိုထဲသို့ ထပ်သွင်းလိုက်ပြန်သည်။ ဂျပုမှာ ဝူးဝူးဝါးဝါးနှင့် အော်နေပြီး အသားကို မီးလောင်သည့် အနံ့များကလည်း နံလှသည်။ နောက်ဆုံး ခြေထောက်ကို ထိုးသွင်းလိုက်ပြီး မီးဖိုတံခါးကိုပိတ်လိုက်သည်။ အော်သံလည်း လုံးဝမကြားရတော့။

ကမဲသည် ခဏရပ်၍ မီးဖိုကိုကြည့်လိုက်သည်။ သူ့နားထင်မှလည်း ချွေးတွေပြန်နေ၏။

ထိုနေရာမှ အမြန်ဆုံးထွက်၍ ဆွန်တာရာအား တွေ့နိုင်မည့်နည်းလမ်းကို ရှာရမည်။ ဆွန်တာရာ မသေသေးလျှင်တော့ ဂျပုနှင့် ပတ်သက်သည်များကို ပြောပြပြီး တစ်ဖက်မှ ရန်သူတို့ လှုပ်ရှားနေပုံကို သတိပေးရမည်။ ဂျပု လာရောက်ဆက်သွယ်မှုကြောင့် ပေါ်လာသည့် အန္တရာယ်ကိုလည်း မိမိ ရှောင်မှဖြစ်တော့မည်။ သို့ဖြစ်၍ နောက်ဖေးလမ်းကြားမှ မှောင်ထဲသို့ထွက်လာခဲ့တော့၏။



"သူ့ကိုတော့တွေ့ပြီ"

အမှတ်တစ် ထောက်လှမ်းမှုအဖွဲ့က ရေဒီယိုဖြင့် အကြောင်းကြားသည်။ ပြောနေသူသည် ကမဲအား အနိုင်အောက်ရောင်ပြည့် မှန်ပြောင်းဖြင့် မလွတ်တမ်းကြည့်နေ၏။

'အမှတ်သုံးအဖွဲ့ ခင်ဗျားတို့ဘက်ကို သူ လာနေတယ်၊ ဘယ်ဘက်သွားတယ် ဆိုတာကို ခပ်လှမ်းလှမ်းက ကြည့်'"

ဆွန်တာရာဆီကို ရောက်နိုင်မည့် နောက်ဖေးတံခါးတော့ ခဲ့လေပြီ။

## အခန်း (၃၄)

ကမဲ အလွန်ချောက်ချားနေသည်။ မိမိကို စောင့်ကြည့်နေပြီ ဟု သိနေသဖြင့် မိမိ လျင်မြန်စွာ လှုပ်ရှားနိုင်မှ တန်ကာကျ မည်၊ မိမိ သွားသည့်နေရာတိုင်းသို့လည်း နောက်မှ လိုက်ကြည့် မည်မှာ သေချာသည်။

သူသည် တက္ကစီတစ်စီးကိုတား၍ မိမိတို့ ကားနောက်သို့ လိုက်လာသူရှိမရှိသိအောင် မောင်းရန် ညွှန်ကြားလိုက်သည်။ သူ ကြည့်လိုက်တော့လည်း ဘာမျှမတွေ့။ သို့ရာတွင် စိတ်အသိ က တစ်စုံတစ်ခုကို သတိပေးနေ၏။

မိုးလင်းရန် တစ်နာရီခန့်လိုသေးသည်။ သို့ရာတွင် လမ်း ပေါ်၌ လူများ လှုပ်ရှားစပြုနေပြီ ဖြစ်သည်။ ကားအသွား အလာတွေလည်းရှိနေပြီဖြစ်၍ မိမိနောက်သို့ လိုက်လာသူရှိမရှိ



ကို အကဲခတ်ရန် ခက်နေသည်။ တကယ်ကျွမ်းကျင်သူ ဆိုလျှင် လည်း သိနိုင်ရန် အကြောင်းမရှိ။

ကားကို ဟိုတယ်နှင့် တစ်ပြ၊ နှစ်ပြ အကွာလောက်တွင် ရပ် ခိုင်းလိုက်သည်။ သူက ဟိုတယ်သို့ ခြေကျင်ပြန်လာခဲ့သည်။ ခါတိုင်းဆိုလျှင်တော့ သူက လမ်းကို ရွေး၍ပြန်သည်။ သို့ သော် ယခုတော့ ဘယ်ဆမ်းကသွား သွား အန္တရာယ်တွေချည်း သာ။ ထို့ကြောင့် ဟိုတယ်ကို တိုက်ရိုက်ပြန်၍ မိမိအခန်းသို့ တိုက်ရိုက်တက်လိုက်သည်။

အခန်းထဲသို့ ရောက်တော့ စကားဝှက်များနှင့် ဆက်သွယ် ရမည့် အချိန်စာရင်းများပါသည့် မှတ်စုစာအုပ်၊ မိမိ၏ မှတ် ပုံတင် စာရွက်စာတမ်းအတုများနှင့် မိမိသုံးသည့် မူးယစ် ဆေးဝါးများကို ယူလိုက်သည်။ ထို့နောက် အဝတ်အစား များကို လဲ၍ အခန်းထဲမှထွက်ခဲ့သည်။ လက်ဆွဲသေတ္တာများ၊ အခြားအသုံးအဆောင်ပစ္စည်းများကို ထားခဲ့ပြီး မိမိ အင်္ကျီ အိတ်ထဲတွင် ထည့်ယူ၍ရလောက်သည့် ပစ္စည်းများကိုသာ ယူခဲ့ သည်။ မိမိ နောက်တစ်ခေါက် ဤအခန်းသို့ ပြန်လာဦးမည် ဆိုသည့် သဘော။

မိမိ ဤနေရာတွင်ထိုင်ကာ အန္တရာယ်ကိုစောင့်နေ၍ မဖြစ် တော့။ ဆွန်တာရာနှင့် နောက်တစ်ကြိမ် တွေ့ရန်ကလည်း လေးရက်ခန့်လိုသေးသည်။ ထိုအချိန်အကြား မိမိ၏ မူလ အစီအစဉ်များကို ဖျက်လိုက်ပြီး သည်မြို့မှထွက်ကာ နောက် တစ်ကြိမ် ဆက်သွယ်ရမည့် အချိန်ကျမှ ပြန်လာတော့မည်။ ဆွန်တာရာ မသေသေးဟုဆိုလျှင်တော့ သူ မိမိကို ဆက်သွယ်

လိမ့်မည်။ သူ သေပြီဆိုလျှင်တော့ စိမ်ကိန်းကို မိမိ တစ်ယောက်တည်း ဆက်လုပ်ရတော့မည်။

တစ်ယောက်တည်း....

မိမိ တစ်သက်လုံး သည့်တစ်ကြိမ်လောက် ကြောက်သန့်ရသည်မျိုး မရှိခဲ့။ ဆွန်တာရာ သေပြီလားဟူသော အတွေးကြောင့် အန္တရာယ်တွေကြားထဲတွင် ကမဲ့ အရမ်းကြောက်နေသည်၊ ဆွန်တာရာရှိလျှင် မိမိ အားရှိသည်။ သူမရှိလျှင် မိမိ ဘယ်လိုလုပ်ရမည်နည်း။ ထိုအတွေးကို စိတ်ထဲမှ ဖျောက်လိုက်ပြီး အားတင်းလိုက်သည်။ ထိုနောက် ဟိုတယ်မှထွက်ကာ ခပ်မှန်မှန် လျှောက်လာခဲ့သည်။

ကမဲ့ကို လမ်းပေါ်တွင်မြင်လိုက်ရသဖြင့် ထောက်လှမ်းရေးအဖွဲ့များ အံ့အားသင့်သွားကြသည်။

''သူ လမ်းပေါ်ပြန်ရောက်လာပြီး မြောက်ဘက်ကို သွားနေတယ်''

ရေဒီယိုစက်ဖြင့် သတင်းပို့သည်။

''သူ့မှာ လက်ဆွဲအိတ်ပါလား''

ကွင်းက လှမ်းမေးလိုက်၏။

''မပါဘူး''

တစ်ဖက်မှ ပြန်ပြောသည်။

ကွင်းက ရယ်လင်နာဘက်သို့လှည့်ကာ....

''မင်း ဘယ်လိုထင်သလဲ''



''သူ ဒီအခန်းကို ပြန်လာလိမ့်ဦးမယ်ထင်တယ်''

ရယ်လင်နာက ပြောလိုက်သည်။

''သူက ဘာလို့ အပြင်ထွက်တာလဲ''

''ဆွန်တာရာဆီကို ဂျပုနဲ့ ဆက်သက်ပြီး အကြောင်းကြားမလို့ ဖြစ်မှာပေါ့''

ကွင်းက ခဏချက် စဉ်းစားလိုက်သည်။ မူလက သူ့ကို အခန်းထဲတွင် ဖမ်းဖို့ဖြစ်သည်။ ယခုတော့ အဆင်ပြေချင်တော့ အပြင်တွင် ဖမ်းရတော့မည်။ ဟိုတယ်တွင်ဖမ်းပါက အေးအေးဆေးဆေး ဖြစ်မသွားလျှင် ပြင်သစ်တာဝန်ရှိတွေနှင့်ပါ ငြိကုန်နိုင်သည်။

သူ့ကို လမ်းပေါ်တွင် ဖမ်းနိုင်သဖြင့် အခန်းထဲတွင်လည်း တစ်ဖွဲ့ကိုလွှတ်၍ ဆွန်တာရာနှင့် ဆည်းကောင်း၊ လူးဇပ်နှင့် လည်းကောင်း ပတ်သက်သည့် စာရွက်စာတမ်းများကို ရှာဖွေနိုင်သေးသည်။

''သူ့နောက်ကိုလိုက်ပါ၊ အဖွဲ့တွေပြန်စုပြီး ခပ်လှမ်းလှမ်းကလိုက်၊ သူ ဆွန်တာရာနဲ့ ဆက်သွယ်ချင် ဆက်သွယ်လိမ့်မယ်၊ ကြားခံနေရာနဲ့ ဆက်သွယ်တာမျိုးကိုလဲ သတိထားပြီး ကြည့်ကြ....

''သူ တစ်နေရာမှာရပ်ပြီး တယ်လီဖုန်း ဆက်တာကွီး တစ်ယောက်ယောက်နဲ့ စကားပြောတာတို့ဆိုရင် အသံကို ရအောင်ဖမ်းထား၊ သူပြောတဲ့စကားတွေ အားလုံး ကျွန်တော် သိချင်တယ်၊ သိပြီလား ဂျက်သုံးလုံး''

ကွင်းက ရေဒီယိုစက်ဖြင့် ပြောလိုက်သည်။

''ရပြီ''

အီလီယာက ပြောလိုက်သည်။

''သူ့ကို ကျွန်တော်တို့ လမ်းပေါ်မှာ ဖမ်းလို့ရတယ်ဆိုရင် သူ့အခန်းကိုရှာဖို့လဲ ကျွန်တော်တို့ အချိန်အများကြီးရနိုင်တယ်''

''သူ့ကို လူမမြင်အောင်ဖမ်းလို့ မရနိုင်ဘူးလား''

အီလီယာက မေးသည်။

''ဘာပဲဖြစ်ဖြစ် လမ်းပေါ်မှာကိုဖမ်းမှဖြစ်မယ်''

''ဒါဆိုလဲလုပ်၊ အခန်းထဲကိုဝင်ရှာဖို့ ထောက်လှမ်းရေးဗဟိုကအဖွဲ့ကို ငါ အကြောင်းကြားလိုက်မယ်''

ကမဲသည် မိမိအား နောက်မှ လိုက်လံ ထောက်လှမ်းနေသည်ကို မသိယောင်ပြု၍ ခပ်မှန်မှန် လျှောက်နေသည်။ ဟိုဘက်မှ နှစ်ပြလောက် ဝေးသည့် လမ်းတစ်လမ်းကို ရောက်တော့ ချိုးကွေ့လိုက်သည်။

လမ်းအသယ်လောက် ရောက်တော့ ရပ်လိုက်ပြီး သူတို့မမျှော်လင့်သော ဗျူဟာတစ်ခုကို ကျင့်သုံးလိုက်သည်။ သူက ငြိမ်၍ရပ်နေပြီး လမ်းကို ဟိုဘက် သည်ဘက် ကြည့်လိုက်သည်။

ရင်ထဲမှာတော့ ကျဉ်နေအောင် ကြောက်နေမိ၏။ မိမိကို အဝေးတစ်နေရာဆီမှ မှန်ပြောင်းနှင့် ကြည့်နေသည်ဟု ထင်နေ



...သည်။ စိတ်ထဲတွင်တော့ ထ,ပြေးချင်စိတ်သာ ပေါက်နေ...သည်။

သူ့မျက်လုံးများက ရပ်ထားသည့် အဖြူရောင် ၅၆၀ ...်အယ်လ်အမျိုးအစား မာစီးဒီးကားကြီး တစ်စီးဆီသို့ ...က်သွားသည်။ အိတ်ထဲမှ သော့တစ်ချောင်းကို ထုတ်၍ ...းဆီသို့ လျှောက်လာခဲ့၏။

...ြီးတော့ ကားတံခါးကို သော့ဖွင့်လိုက်ပြီး အထဲကို ဝင် ...လိုက်သည်။ ထိုနောက် ကားကိုစက်နှိုး၍ မောင်းထွက် ...၏။

''ဟာ....ဟိုကောင် ကားထဲဝင်သွားပြီ''

ရေဒီယိုတဲမှ သတင်းပို့သံကို ကြားလိုက်ရသည်။ ကား ...ုးအစားနှင့် ကားအရောင်ကိုလည်း ပြောပြနေ၏။

''မော်တော်ယာဉ်အဖွဲ့ နောက်ကလိုက်ပါ''

...ွင်းက ရေဒီယိုဖြင့် လှမ်းပြောလိုက်သည်။

...င်တယ်ထာရေ့စ်အဖွဲ့ စတင်လှုပ်ရှားတော့သည်။

''အနှတ်ခြောက် ပင်တိုင်အဖွဲ့က ပြောနေပါတယ်၊ မာစီး ...ား ကျွန်တော်တို့ရှေ့ကနေ အရှေ့ဘက်ကိုတက်သွားပါ ...ည်''

''မော်တော်ယာဉ်အဖွဲ့နှစ်က ပြောနေပါတယ်၊ သူ့ကား ...တွေ့နေရပါပြီ၊ မြောက်ဘက်ကို ကလင်နန်ကုတ်လမ်း ...ိုင်း သွားနေပါတယ်''

...ရှေ့မှ မော်တော်ယာဉ်အဖွဲ့က သတင်းပို့သည်။

ကမဲသည် မြောက်ဘက်မှကွေ့၍ အရှေ့ဘက်သို့ချိုးတက်လိုက်သည်။ အင်တယ်ထရေ့စ်ကလည်း မျက်ခြည်မပြတ် လိုက်ပါလာ၏။

အရှေ့ဘက်သို့ အော်ဒနာလမ်းအတိုင်း သွားနေရာမှ အော်ဘာဗီလာ လမ်းအတိုင်း မြောက်ဘက်သို့ တက်လာပြီး ဖလန်ဒါလမ်းကျတော့ အရှေ့ဘက်သို့ ချိုးလိုက်ပြန်သည်။ ထိုနောက်တစ်ဖန် နေးလ် လမ်းအတိုင်း အနောက်ဘက်သို့ လာကာ မြို့ဝတ်လမ်းသို့ ရောက်သောအခါ အရှေ့ဘက်သို့ တက်လာပြန်သည်။

ကွင်း စိတ်အေးသွားသည်။ မြို့ဝတ်လမ်းရောက်လျှင် မိမိတို့အဖွဲ့အတွက် အဆင်ပြေနိုင်သည်။ သူ့ရှေ့မှ ကင်းတွေလည်း ချသွားနိုင်သည်။

နောက်မှမလိုက်ဘဲ ရှေ့တူရူမှ သူနှင့် ထိပ်တိုက်လာကာ ထောက်လှမ်းသည်မျိုးလည်း လုပ်နိုင်သည်။ တစ်ဦးပြီးတော့ နောက်တစ်ဦး ဆက်လိုက်ခြင်းဖြင့် ကမဲလည်း သူ့ကို လိုက်နေမှန်း မသိနိုင်။

ကမဲ၏ အခန်းသို့ ဝင်ရှာရန် ခိုင်းလိုက်မည်ဆိုသော အိုင်ယာထံ ကွင်း လှမ်းဆက်သွယ်လိုက်သည်။ သည်အတိုင်းဆိုလျှင် ကမဲ သူ့အခန်းသို့ ပြန်လာဦးမည်မဟုတ်သေး။

ကမဲသည် ကားအသွားအလာတွေများလာသော မြို့ဝတ်လမ်းအတိုင်း မြို့ကိုပတ်နေရင်း နောက်ကို လှည့်အကဲခတ်သည်။



သူ့အား လိုက်သည့် ကားကိုမတွေ့။ မြို့ကို ဒုတိယအကြိမ်ပတ်ပြီးနောက် အရှေ့မြောက်ဘက်သို့ အော်ဘာဗီလာ လမ်းဆီသို့ အင်န်–၂ လမ်းအတိုင်း လာခဲ့သည်။

မော်တော်ယာဉ်အဖွဲ့မှ ကားနှစ်စီးက ကမဲ၏ကားရှေ့ကဘက်၍ မောင်းနေသည်။ ပြီးတော့ နောက်တစ်ဖွဲ့ ပြောင်းလိုက်သည်။ တစ်လမ်းလုံး ထိုအတိုင်း ပြောင်း၍ လာခဲ့သည်။

ကွင်းနှင့် ရယ်လင်နာတို့ စီးလာသည့်ကားက နောက်တွင် ချန်နေခဲ့လိုက်သည်။ ထိုနောက် လမ်းကြောင်းကို နားထောင်ပြီး အခြားလမ်းမှ အချိန်ကိုက် ရောက်သွားအောင် လိုက်မည်ဖြစ်သည်။

ကမဲ ကားပေါ်မှဆင်းသွားသည့်အချိန် သို့မဟုတ် ကမဲကို မိမိတို့ကားများဖြင့် လမ်းဘေးတွင် ထိုးရပ်အောင် လုပ်နိုင်သည့် အချိန်မျိုးတွင် မိမိတို့ ရောက်ရှိရမည်ဖြစ်သည်။

နောက်ဆုံးတွင် ကမဲသည် အယ်လ်ဖာရိုမီယို လမ်းပေါ်သို့ ရောက်လာသည်။

လမ်းနှင့် ကိုက်နှစ်ရာလောက်အကွာ လမ်းဘေးတစ်နေရာတွင် လက်ဖြောင့်သေနတ်သမား တစ်ယောက် ချုံကွယ်တွင် စောင့်နေ၏။

အမှတ်သုံးမော်တော်ယာဉ်အဖွဲ့မှ ကားများ ရှေ့မှ ဖြတ်သွားပြီး ရှေ့ဘက် ကိုက်တစ်ရာလောက် ရောက်တော့ ရပ်လိုက်ကြသည်။ ကမဲ၏ကား နောက်မှ လိုက်လာနေပြီဟု ဆိုသည်။

လက်ဖြောင့်တပ်သားသည်ကားလမ်းဘေးချုံပုတ်အောက်တွင် အသာဝပ်၍နေသည်။ မာစီးဒီးကားကြီးကို သူ မြင်ရလေပြီ။

ထို့ကြောင့် ကျည်အားနည်း၍ မှန်ပြောင်း ပါသော သေနတ်ကို မြှောက်ကိုင်လိုက်၏။ ဖစ်မှတ်ချိန် ကြက်ခြေခတ်မျဉ်းကြောင်းကို ကားတာယာပေါ်သို့ ကျအောင် ချိန်လိုက်သည်။

ပြီးတော့ လိပ်ထားသော သူ့အပေါ်ဂျက်ကက် အင်္ကျီပေါ်တွင် တင်လိုက်ပြီး သေနတ်မောင်းကို အသာကွေးလိုက်သည်။

သေနတ်သံကို ကမဲ မကြားလိုက်။ ကားမှာ ဘီးပေါက်ပြီး ကာယာ အနည်းငယ်ကွဲထွက်သွားသည်၊ သူသည် ကားကို ကျင်လည်စွာထိန်း၍ ပုန်းနေသည့် လက်ဖြောင့်သေနတ်သမား၏ ရှေ့နားတွင်ကျော်ကာ လမ်းဘေးတစ်နေရာ၌ ရပ်လိုက်သည်။

ကားရပ်သွားလေပြီ။ ကမဲသည် ရုတ်တရက် ဖြစ်ပေါ်လာသည့် အခြေအနေကြောင့် ရင်တွေခုန်နေ၏။ ထို့ကြောင့် ခဏစဉ်းစားလိုက်ပြီး ကားဘီးပေါက်သည်ကို ကြည့်ရန် ဆင်းသည်။

ကားကိုပတ်၍လျှောက်လာပြီး ဘီးကို ကြည့်သည်၊ စက်မှုလက်မှုပညာနှင့် စတ်သက်၍ ကမဲမှာ ညံ့သူတစ်ယောက်မဟုတ်။

ဗုံးတွေကိုတပ်သည်၊ ဖြုတ်သည်၊ အဆောက်အအုံတွေကို ဖောက်ခွဲသည်။



သို့ရာတွင် ဘီးလဲရမည့်ကိစ္စလောက်ကျတော့ သူ့အတွက် ...က်အခဲရှိနေပြန်သည်။

သူ မော့ကြည့်လိုက်သည်တွင် မိန်းမ တစ်ယောက်နှင့် ...ကျားတစ်ယောက်ပါလာသော ကားတစ်စီး ဖြတ်သွား...ည်ကို တွေ့လိုက်ရသည်။

ထိုကားမှာ အရှိန်လျှော့လိုက်ပြီး ရှေ့နားကျတော့ ရပ်...းသည်။

ကမဲသည် အကူအညီ ရလိုရငြား ထိုကားဆီသို့ လျှောက်...၏။

ကားထဲမှ မိန်းမနှင့် ယောကျ်ား ထွက်လာကြသည်။ ဤ... ကမဲ တစ်ကိုယ်လုံး တောင့်တင်းသွားတော့၏။

ကားထဲမှ မိန်းမနှင့် ယောကျ်ား အပြင်သို့ရောက်လာကြ...ပြီ။ ကမဲ အသိစိတ်တွေက တစ်စုံတစ်ရာကို သတိပေးနေ...ည်။

သူသည် နောက်ဆုတ် နောက်ဆုတ်နှင့် မိမိကားဆီသို့ ပြန်...ပြေးတော့သည်၊ မိမိ သေနတ်ကလည်း ကားထဲတွင် ကျန်နေ...ည်။

တစ်လှမ်း၊ နှစ်လှမ်းလောက် ပြေးလိုက်သည်တွင် နောက်...ပ် ကားနှစ်စီး မိမိ၏ မာစီးဒီးကားကြီး နောက်နားတွင် ...ရပ်နေသည်ကို တွေ့လိုက်ရသည်။ ကားထဲမှ လူတွေလည်း ...ွက်လာကြလေပြီ။

ကွင်းနှင့် ဝိတ်လောတို့ကို တွေ့လိုက်ရသည့်ခဏ၌ ကမဲ ...အသည်းနှလုံးတွေ ပြုတ်ကျသွားမတတ် ကြောက်လန့်သွားမိ...ည်။

ကိုလံဘီယာနိုင်ငံကတည်းက သူတို့နှစ်ယောက်၏ မျက်နှာများကို ဓာတ်ပုံထဲတွင် မြင်ခဲ့ဖူးသည်။

ထိုကြောင့် လမ်းဘေးသို့ ဆင်းပြေးသွားသည်။ သို့ရာတွင် မိမိရှေ့ ပေသုံးဆယ်လောက်တွင် လက်ဖြောင့်သေနတ်သမားက ရိုင်ဖယ်သေနတ်ကို ချော့ချိန်၍ချိန်နေသည်ကို တွေ့လိုက်ရပြန်၏။

မိမိ မိုက်မဲမိခဲ့လေပြီ။ မိမိ အကာအကွယ်မဲ့သည့် နေရာတွင် အမိခံရခြင်းဖြစ်၏။ မိမိကိုယ်ကို သတ်သေရန်လည်း မဖြစ်နိုင်တော့။

ထိုကြောင့် လက်ဖြောင့် သေနတ်သမားဘက်မှ မာစီးဒီးကားဆီ ပြန်ပြေးလာပြန်သည်။ မိမိ သေလျှင်လည်း မိမိ၏ သေနတ်ဖြင့် ရန်သူအနည်းငယ်လောက်ကိုတော့ ဇစ်သတ်သွားဦးမည်။

ကားတံခါး လက်ကိုင်ကို လိုက်လိုက်မိသည်နှင့် ဖောက်ခဲ အသံတစ်ခုနှင့်အတူ နံကြားတွင် မေ့ခဆေးမြှား တစ်ချောင်း စူးဝင်သွားသည်ကို သိလိုက်ရသည်။

မော့ကြည့်လိုက်တော့ မိုက်ကယ်ကွင်းကို လေသေနတ်တစ်လက်ကိုင်လျက်သား ခပ်မည်းမည်း တွေ့လိုက်ရသည်။ ထိုနောက် ခြေတွေလက်တွေ မသယ်ချင်ဖြစ်ကာ ကမဲ ကားဆီသို့ ယိုင်ထိုးကျသွားသည်။ မျက်နှာတွေမှာလည်း ထုံကျဉ်ကာ ခြေထောက်များလည်း မိမိကိုယ်ကို မထိန်းနိုင်တော့။ ထိုကြောင့် ကားပေါ်တွင်ပစ်လဲပြီး ညာဘက်သို့ လိမ့်ကျသွားသည်၊ ပြီးတော့ မြေကြီးပေါ်သို့ ပစ်ကျသွားသည်။



မျက်လုံး အမြင်အာရုံတို့ကိုလည်း ထိန်းနိုင်စွမ်း မရှိတော့ ...မြင်အာရုံတွင် အမှောင်ထုကြီးကသာ တဖြည်းဖြည်း စိုးမိုး...သည်၊ သူ နောက်ဆုံး မြင်လိုက်ရသည်ကား မိုက်ကယ်...း၏ အေးစက်သော အကြည့်များတည်း။

* * *

...င်သစ်နိုင်ငံ၊ ပီကာဘီခရိုင်၊ ကွမ်ပိန်းနယ်မြေ

ကမဲအား ကွမ်ပိန်းနယ်မြေအတွင်းရှိ တိုက်ကြီးတစ်လုံးသို့ ...ါ်သွားကြသည်။ ကမဲမှာ နှစ်ဆယ့်လေးနာရီ လုံးလုံး ...ဘိလစ်နေပြီး နောက်ထပ် နှစ်ဆယ့်လေးနာရီတွင်လည်း ...ဘိမရတစ်ချက် ရတစ်ချက်နှင့်။ သူ ရေငတ်ပြေစေရန် ဆေး...ဘစ်မျိုးကိုလည်း သွင်းပေးနေသည်။

...စ်ကြောရေး လုပ်ငန်းတစ်ခုလုံးကို ဆင်မာမန်းက ဦး...င်သည်။ ကမဲ အသက်ရှင်လျက် ရှိနေသမျှလည်း သူ့...ံ့ ရသမျှနှိုက်မေးရန်လည်း ရည်ရွယ်ထားသည်။

ကမဲ၏အခန်းနှင့် သူ့ကားထဲတွင် ရှာဖွေတွေ့သည်များ...သည်း များစွာ အကျိုးရှိခဲ့သည်။ သူ့မှတ်စုစာအုပ်၊ မှတ်...င် စာရွက်စာတမ်း အတုများနှင့်တကွ လွှန်ခဲ့သည့် သုံးလ... သူလုပ်ရှားခဲ့သည်များနှင့် ပတ်သက်သည့် အချက်အလက်...း အားလုံးကို သိရှိခဲ့ရသည်။

ယင်းအချက်အလက်တို့ကို ထောက်လှမ်းရေးဗဟိုက ဆ
၍ လေ့လာလိုက်သောအခါ ပို၍ သိလာရပြန်သည်။ မ
လင် သုခေတသန ဗိမာန်ကို တိုက်ခိုက်ခဲ့သည်များနှင့်
အော်ပရေးရှင်း ကနဦးအဆင့်တွင် သူတို့ ဆက်သွယ်ခဲ့သ
အဆက်အသွယ်များကိုပါ သိလိုက်ရသည်။

သို့ရာတွင် မှတ်စုစာအုပ်ကို သူတို့ပို၍ စိတ်ဝင်စားခဲ့
သည်၊ ဆင်မာမန်းသည် ထိုမှတ်စုစာအုပ်ကို ထောက်လှ
ရေး ဗဟိုသို့ ပေးလိုက်သည့် အထောက်အထားများထဲ
သည့်မပေးလိုက်ဘဲ ချန်ထားလိုက်သည်။ ထိုစာအုပ်သည်
စစ်ကြောသည့်အခါ အသုံးဝင်နိုင်သည် မဟုတ်လော။

ဆင်မာမန်းသည် နှစ်ရက်လုံးလုံး ထိုအိမ်ကြီးအတွ
မှတ်စုစာအုပ်ကို လေ့လာခဲ့၏။ ရေးသား ထားသည်မှ
အားလုံးလိုလို ထူးခြားမှုရှိနေသည်။ ကမဲသည် လုပ်ငန်း
များကို ဖောက်ဖျက်ခဲ့၏။ ထိုသို့ သူ ဖောက်ဖျက်သော အ
များကိုလည်း ဆွန်ဘာရာ သိပုံမရ။

ကမဲသည် မူးယစ်ဆေးဝါးနှင့် အရက်ကို အလွန်အကျ
သောက်သုံးသဖြင့် စိတ်နှင့် မှတ်ရမည်များကိုလည်း မှ
စာအုပ်နှင့် မှတ်နေရသည်။

ဆွန်ဘာရာနှင့် ဆက်သွယ်ခဲ့သည့်အချိန်၊ နေရာနှင့် စ
ဝှက်များကိုလည်း၊ စာအုပ်ထဲတွင် ရှိနေသည်၊ နောက်နှစ်
လောက်တွင် ဆက်သွယ်ရန် ရှိသည်ကိုပင် တွေ့ရ၏။

ထို့အပြင် စောစောပိုင်း၌ ဆွန်ဘာရာ မည်သည့်နေရာမ
တွင် ရှိနေသည်ကိုပင် ရေးမှတ်ထားသေးသည်၊ ဆွန်ဘာ
နောက်ပိုင်း မည်သည့်နေရာတွင် ရှိနေမည်ကိုတော့ မတွေ့



ကမဲကိုယ်တိုင် နေမည့်နေရာများကိုမူ တွေ့ရသည်။ ရေးထား
သည်များအရ ဆက်သွယ်သည့်အခါ ဆွန်ဘာရာက စတင်
ဆက်သွယ်ခြင်း ဖြစ်ကြောင်း သိရသည်။

စိတ်ဝင်စားစရာ အခြားအချက်အလက်များမှာ 'ဇန်နဝါ
ရီ'ဟူသော အမည်ဝှက်ဖြစ်၏။ ယင်းမှာ စကိုင်တို ကော်ပိုရေး
ရှင်းကြီးအတွင်းရှိ သူတို့၏ အရေးပါသော အတွင်းလူ ဖြစ်
ဖွယ်ရှိသည်။

ယင်းမှာ မက်ဒဲလင်မြို့မှ လုံခြုံရေးမှူး ဒဲလ်ဂါဒို မဖြစ်
နိုင်။ သည်တစ်ယောက်က အမေရိကန် ဆန်အင်တိုနီယိုမြို့မှ
ဖြစ်သည်။

ဇန်နဝါရီကို မကြာမီတွင် ရှင်းလင်းပစ်မည် ဟူသော
အချက်ကိုလည်း တွေ့လိုက်ရသဖြင့် ဆွန်ဘာရာ၏ လုပ်ပုံကိုင်ပုံ
နှင့် ကိုက်ညီနေ၏။

နောက်ထပ် 'မျက်ဝန်း'ဟူသော အမည်ဝှက်တစ်ခုကိုလည်း
တွေ့ရသေးသည်။ ထိုအမည်ကို သုံးနေရာလောက်သာ တွေ့ရ
၏။

ပထမတစ်နေရာမှာ စာအုပ်၏ အစပိုင်းလောက်တွင် ဆွန်
ဘာရာ၊ ကမဲနှင့် ထိုပုဂ္ဂိုလ်တို့ တွေ့ဆုံသည်ဟု ပါရှိသည်။
ဒုတိယနေရာတွင် မျက်ဝန်းတစ်ဦးတည်းကိုသာ ဖော်ပြထား
သည်။

နောက်ဆုံး တစ်နေရာမှာမူ ထိုအမည်ကို သီးသန့်ရေးထား
ပြီး ဆက်သွယ်ရမည့် စကားဝှက်များကိုပါ ဖော်ပြထား
သည်။

ယင်းမှာ ဂရိတာဖြစ်ဖို့များ၏။ နောက်တစ်ဆင့် ဆွန်တာရာကို မှူးခေါ်ရမည်ဖြစ်သောကြောင့် ဂရိတာရှိသည့်နေရာကို သိရန် အရေးကြီးသည်။

ထိုအချက်အလက်များကို ဆင်မာမန်းက ကွင်းအားပြောပြသည်။ ပြီးတော့ အီလီယာထံသို့ အကြောင်းကြားသည်။ အီလီယာက နောက်ထပ် စုံစမ်းမှုများလုပ်သည့်အခါ သဲလွန်စကောင်းများ ရလာနိုင်သည်။

ဘတီယွန်မြောက်နေ့တွင် ကမဲအား စတင် စစ်ကြောသည်။

ကမဲအား အေးစက်မှောင်မိုက်သော အခန်းထဲတွင် ခုတင်ကလေး တစ်လုံးပေါ်၌ အဝတ်အစားမရှိဘဲ ထားသည်။ ယင်းသို့ထားရသည်မှာ ကမဲ မိမိကိုယ်ကို သတ်သေသွားမည်စိုးသောကြောင့် တစ်ကြောင်း၊ သူ့ကို ကသိကအောက် ဖြစ်စေရန် တစ်ကြောင်း တမင်ထားခြင်းဖြစ်၏။

အခန်းတံခါးကို ဖွင့်သံကြား၍ ကမဲ လှမ်းကြည့်လိုက်သည်။ ဆေးအရှိန်က မပြယ်သေးသဖြင့် အာရုံတွေက ထိုင်းမှိုင်းနေပြီး မျက်လုံးတွေက ဝေဝါးနေသည်။

ခွေးခြေတစ်လုံးနှင့် စက္ကူရေခွက်ကလေးတစ်လုံးကို ကိုင်၍ဝင်လာနေသော ဆင်မာမန်းအား သူစိုက်ကြည့်နေ၏။

ဆင်မာမန်းက တံခါးကို ပိတ်လိုက်သည်တွင် အပြင်မှ တံခါးသော့ခတ်လိုက်သံကိုလည်း တစ်ဆက်တည်း ကြားလိုက်ရသည်။

ဆင်မာမန်းက ခွေးခြေကို ခုတင်နှင့် ခပ်လှမ်းလှမ်းတွင် ချလိုက်ပြီး ကမဲဆီသို့ လျှောက်လာသည်။ ပြီးတော့ သူက စက္ကူခွက်ကို ကမ်းပေးလိုက်၏။



ကမဲက ထထိုင်သည်။ ဆင်မာမန်းက သူ့ကို ထူပေးလိုက်၏၊ ကမဲသည် ရေငတ်ငတ်နှင့် တကျိုက်ကျိုက် သောက်ချပစ်နေသည်။

ပြီးတော့ ခွက်ကို ပြန်ပေးလိုက်ပြီး....

''ရေထပ်ပေးပါဦး၊ ရေနည်းနည်း ထပ်ပေးစေဦးဗျာ''

''ထပ်ပေးမယ်၊ အစားလဲ ထပ်ကျွေးဦးမယ်၊ ဒါပေမယ့် ...ဒါ ငါတို့နည်းနည်း စကားပြောကြရအောင်''

ဆင်မာမန်းက ပြောလိုက်သည်။

ကမဲက သူ့ကို မျက်လုံးများ မှေးစင်းကာ ကြည့်လိုက်ပြီး ...က်ကိုလုံးခြေ၍ လွှင့်ပစ်လိုက်သည်။ မျက်နှာပေါ်တွင်လည်း ...က်ဘန်သော အမူအရာများ ပေါ်လာသည်။

''ရေရော အစာရော မပေးဘဲနေမှာနော်၊ မင်းကို တစ်...နှံလုံး ဒီအခန်းထဲမှာ ပုပ်သိုးဆွေးမြည့်ပြီး သေအောင် ...ားပစ်လိုက်မှာ၊ ဘယ်သူမှသဲ သိမှာမဟုတ်ဘူး၊ ဘယ်သူမှ ...လာကြည့်မှာ မဟုတ်ဘူး၊ မင်းနဲ့ ဆွန်တာရာတို့ စိတ်ကူး...ခဲ့တဲ့ လုပ်ငန်းကြီးတစ်ခုကို စွန့်စွန့်စားစား လုပ်လာခဲ့ပြီး ...အခုလို ပျက်စီးသွားရတယ်ဆိုတော့ ရှက်စရာကြီးပေါ့''

အလင်းရောင် မှိန်ပျပျတွင် ကမဲ ဆင်မာမန်းကို အားစိုက်...ကြည့်နေရသည်။ မိမိကြားလိုက်ရသည့် စကားကြောင့် ...တွေလည်း တုန်လာမိ၏။

မိမိကြားလိုက်ရသည့် စကားများကို အဓိပ္ပာယ်ကောက်...လောက်အောင်လည်း မိမိစိတ်တွေ မထိုင်းမှိုင်းသေး။

''ကျန်ခဲ့တဲ့ တစ်ပတ်လောက်က သူ့ကို ငါတို့ ဆဲလ်ထားရှာ...မိတော့မလို့ ဖြစ်ခဲ့သေးတယ်၊ အဲဒါ မင်းသိလား''

ဆဲယားရွာကိစ္စ ပြီးသည့်အချိန်လောက်တွင် ကမဲနှင့် ဆွန်တာရာတို့ ဆက်သွယ်ဖို့ရှိသည်ကို သိထားသဖြင့် ဆင်မာမန်းက မေးလိုက်ခြင်း ဖြစ်သည်။

ဆက်သွယ်ဖြစ်သည့် မဖြစ်သည်တော့ မသိ။ ဆက်သွယ်ဖြစ်သည်ဟူသော သဘောနှင့် မေးလိုက်ခြင်း ဖြစ်၏။

''အဲဒီတုန်းကတော့ သူကံကောင်းပြီး လွတ်သွားတယ် ဒါပေမယ့် ကံဆိုတာ ကောင်းတဲ့အခါရှိသလို မကောင်းတဲ့အခါလဲ ရှိတယ် မဟုတ်လား၊ နောက် နှစ်ရက်လောက်ကြာတော့ ငါတို့ သူ့ကို ဘော်ဒူ မြို့ အပြင်ဘက်မှာ တစ်ခါတွေ့ရပြန်တယ်၊ ဒီတစ်ခါတော့ သူမလွတ်နိုင်ခဲ့ဘူး''

ကမဲမှာ မျက်မှောင်ကိုကြုတ်ကာ အောက်နှုတ်ခမ်းများ တဆတ်ဆတ် တုန်နေသည်။ ပြီးတော့ ငိုင်ပြီး မျက်ရည်တွေလည်း ဝဲနေ၏။

''သူဟာ အင်မတန် သတ္တိကောင်းပါတယ်၊ ဒါပေမယ့် ကံတော့ မကောင်းရှာဘူးလေ''

ဆင်မာမန်းက ပြောနေသည်။

ကမဲမှာ ရှိသမျှအားတွေ ရုတ်ခြည်း ခန်းကုန်သည်ဟု ထင်လိုက်ရသည်။ ကြားလိုက်ရသော စကားများနှင့် မိမိ အငမ်းမရ သောက်လိုက်သည့် ရေထဲတွင် ပါလာသည့် ဆေးတို့ကြောင့် ခံနိုင်ရည်မရှိတော့ဘဲ ချုံးပွဲချ ငိုပစ်လိုက်တော့သည်။

ကမဲ ထိုသို့ စိတ်ဓာတ်တွေ အကြီးအကျယ် ကျဆင်းနေသည်ကို ဆင်မာမန်း ကြည့်နေ၏။ ဆွန်တာရာအပေါ် ကမဲ



အားကိုးနိုင်မည်ဟု မျှော်လင့်ချက် ပကုန်သေးသရွေ့တော့ သူ့ကို စစ်ကြော၍ မရနိုင်။

''မှတ်တမ်းတွေထဲမှာ ပြည့်စုံအောင်လို့ မင်းဆီက သိချင်တာလေးတွေ တို့နည်းနည်းလောက် မေးမယ်၊ သိပ်မြန်မြန်ကြီးလဲ ပြောဖို့မလိုပါဘူး၊ အချိန်ရပါတယ်၊ ငါတို့သိချင်တာလေးတွေ အသေးစိတ်ပြောပြီးရင်တော့ မင်းကို ကောင်းကောင်းမွန်မွန် ထားပါ့မယ်၊ -ဟဲ....မင်းအသင့်ဖြစ်ရင် စ,ကြမယ်''

ကမဲသည် ခုတင်ပေါ်တွင် မှောက်ချလိုက်ပြီး မွေ့ရာပေါ်၌ မျက်နှာအပ်ကာ ရှိုက်ကြီးတငင် ငိုနေတော့သည်။

ဆင်မာမန်းသည် စီးကရက်တစ်လိပ်ကို မီးညှိကာ ခြေနှစ်ချောင်းကို ယှက်၍ထိုင်လိုက်ပြီး....

''ငါတို့ မျက်ခနဲဆိုတဲ့လူက စပြောရအောင်''

* * *

''ကမဲဆီက ကျွန်တော်တို့ အကုန်လုံးလောက်ကို သိခဲ့ရပြီ အီလီယာ၊ ဆင်မာမန်း သူ့ကို နှစ်ရက်လုံးလုံး စစ်ကြောနေတာ၊ ကုန်သလောက်ရှိပြီလို့ ပြောတယ်''

ကွင်းက တယ်လီဖုန်းဖြင့် သတင်းပို့လိုက်သည်။

"သူ့ဆီက သိရတဲ့အထဲက ငါတို့ကို လောလောဆယ် အထောက်အကူပြုနိုင်တာ ဘာရှိလဲ"

အီလီယာက မေးသည်။

"ဂရီတာဆိုတဲ့ မိန်းမ ဂရိနိုင်ငံကို ရောက်နေတယ်လို့ သိရတယ်၊ ကျွန်တော်တို့ သိရသလောက်တော့ ဒီကောင်တွေ လုပ်တဲ့အထဲမှာ ဒီမိန်းမ မပါတာတော့ သေချာတယ်"

"ဒါဆို ငါတို့ ဂရိမှာ သွားဖမ်းရုံပေါ့"

"မလိုသေးဘူး၊ ကျွန်တော်တို့ဆီမှာ အဲဒါထက် အရေးကြီးတာတွေ ထားတယ်၊ ဆွန်တာရာရယ်၊ ကမဲရယ်၊ ဂရီတာရယ်ကြားမှာ ဆက်သွယ်တဲ့ စကားဝှက်တွေ ရထားတယ်လေ၊ တကယ်လို့ သူတို့စီမံကိန်းမှာ တစ်ခုခု အရေးပေါ်ကြုံလာရင် ဂရီတာကို ကြိုတင်သတ်မှတ်ထားတဲ့ နေရာမှာ သွားနေဖို့ စီစဉ်ထားတယ်....

"အဲဒီနေရာကို အဲဒီမိန်းမသွားအောင် ကျွန်တော်တို့ စကားဝှက်နဲ့ အကြောင်းကြားလိုက်ရုံပဲ၊ ဒီညလဲ ပဲရစ်မြို့မှာ ကမဲနဲ့ ဆွန်တာရာ ဆက်သွယ်ဖို့ရှိတယ်၊ ဖုန်းနဲ့ ဆက်သွယ်မှာ"

"နည်းနည်း ဖြတ်မေးလိုက်ပါရစေဦး ကွင်းရဲ့၊ ဆွန်တာရာ အခု ဘယ်မှာလဲ"

"ဒါတော့ မသိသေးဘူး၊ ဆွန်တာရာဟာ သူ့အစီအစဉ်တွေကို ဘယ်သူ့ကိုမှ ပြောတာမဟုတ်ဘူး၊ သူ ပြင်သစ်နိုင်ငံမှာပဲ ရှိနေဦးမယ်လို့ ကျွန်တော်တို့ ထင်နေတယ်"



"ကောင်းပြီ၊ ဆက်ပြောပါဦး"

"ဘယ်အချိန် ဘယ်နေရာမှာ ဆက်သွယ်မယ် ဆိုတာကိုတော့ ကျွန်တော်တို့ သိထားတယ်၊ သူ ဆက်သွယ်လာရင် ကျွန်တော်တို့ နားထောင်ထားလိုက်မယ်လေ"

"ဆွန်တာရာ ဒီလောက်တော့ မတုံးဘူးနော"

"စိုးရိမ်စရာ မလိုပါဘူး၊ ကျွန်တော်တို့က ကမဲကို ဖမ်းထားပြီး သူ့စကားဝှက်တွေကို ကျွန်တော်တို့ ရထားတယ်ဆိုတာ သိဖို့ပဲ၊ ကျန်တာ သူ့ဟာသူ ဖြစ်သွားလိမ့်မယ်"

ထိုအခါ အီလီယာက....

"ဪ...ငါသိပြီ၊ မင်းတို့ ကမဲရဲ့ စကားဝှက်တွေကို ရထားတယ်ဆိုတာ ဆွန်တာရာ သိသွားပြီဆိုရင် မင်းတို့ စကားဝှက်တွေသုံးပြီး ဂရီတာကို ဖမ်းကြမယ်လို့ သူတွက်လိမ့်မယ်၊ ဟုတ်တယ် မဟုတ်လား"

"ဟုတ်ပါတယ်၊ ဂရီတာဆီကို သူ လိုက်သွားမယ်ဆိုရင်တော့ သူမိလိုက်မှာ မဟုတ်ဘူး၊ ဂရီတာဟာ အရေးပေါ်ဆက်သွယ်ရမယ့်နေရာကို ရောက်နေလိမ့်မယ်၊ သူ ဒီမိန်းမကို သတ်ချင်ကယ်၊ မကယ်ရင် ဒီမိန်းမ ကျွန်တော်တို့ လက်ထဲ အလိုအလျောက် ဝင်လာတာကို ကြည့်နေရုံပဲ ရှိတော့တယ်"

ကွင်းက ရှင်းပြနေသည်။

"သူလာကယ်မယ်လို့ ဆင်မာမန်း ထင်သတဲ့လား"

"လာမယ်လို့ ထင်တယ်တဲ့"

''အဲဒါ ဘယ်နေရာမှာလဲ''

''ကျွန်တော်တို့ ဒီနေ့ ဂရိတာကို ဆက်သွယ်လိုက်မယ်ဆို ရင် နောက်နှစ်ရက်မှာ သူ မော်လ်တာနိုင်ငံကို ရောက်နေလိမ့် မယ်၊ အဲဒါ ခရစ္စမတ် အကြိုနေ့ပဲ''

''သိပ်ကောင်းတဲ့ အစီအစဉ်ပဲကွာ၊ သမ္မတကြီးနဲ့ အက် ရှာစကိုင်းကို ငါပြောပြလိုက်ဦးမယ်''

''ပြောလိုက်ပါ၊ ဒါထက် ကျွန်တော်တို့မှာ ဆိုဗီယက်တွေ ရဲ့ အနှောင့်အယှက်က ရှိနေတုန်းပဲ၊ သူတို့က လူတို့ဘာသာ ခလိုက်နိုင်ကြတော့ ကျွန်တော်တို့ တစ်ယောက်ချင်းကို အမြဲ စောင့်ကြည့်နေဘယ်၊ ကျွန်တော်တို့ မော်လ်တာ နိုင်ငံကို သွားရင်လဲ သူတို့လိုက်လာဦးမှာပဲ၊ ဆဲယားရှာမှာတုန်းက လို နောက်တစ်ခါ မဖြစ်ချင်ဘူးဗျာ''

''မင်းပြောတာ မှန်ပါတယ်၊ ဒါပေမယ့် ဒီတစ်ခါ သူတို့ လိုက်လာမယ်ဆိုတာ ငါတို့ ကြိုတင်သိနေတာပဲ''

အီလီယာကပင် ဆက်၍....

''ဟုတ်ပြီ၊ ဒါဆို ငါတို့ ထောင်ဖမ်းရုံပေါ့၊ ငါ မော်လ် တာနိုင်ငံကို ဆိုဗီယက် ကျွမ်းကျင်သူတွေ လွှတ်ပြီးတော့ မင်း အဖွဲ့နဲ့ ပေါင်းပေးလိုက်မယ်၊ တကယ်လို့ ဆိုဗီယက်တွေက သိပ်တော်လို့ လိုက်လာနိုင်တယ်ဆိုရင်တောင် ဘယ်ကောင် တွေ လိုက်လာတယ်ဆိုတာ ကြိုသိမယ်''

''နောက်တစ်ခုရှိသေးတယ် အီလီယာ''

''ဘာလဲ ပြော''



''စကိုင်ကိုမှာ အတွင်းသူလျှို တစ်ယောက် ရှိနေသေး ...ယ်၊ ဘယ်သူဆိုတာတော့ ကျွန်တော်တို့ မသိသေးဘူး၊ သူ့ ...မည်ဝှက်ကတော့ ဇန်နဝါရီ တဲ့၊ အဲဒါ ဘယ်သူလဲဆိုတာ ...တောင် မသိဘူး၊ အဲဒီတစ်ယောက်ကို ဆွန်တာရာတစ် ...ယောက်တည်း ကိုင်ထားပုံရတယ်''

''အဲဒီသတင်းကတော့ မကောင်းလှဘူး ကွင်းရေး စကိုင် ...ဘီဘာလူးဇပ်တွေ အောင်မြင်ပြီဆိုတဲ့အကြောင်း အခုပဲ ...လိုက်တယ်၊ အဲဒီပစ္စည်းတွေကိုလဲ ကမ္ဘာ့အရေးပါတဲ့ ...ရာဘွေဆီ ပို့လိုက်ပြီ''

''ဒါဆိုရင်တော့ ဒီသူလျှို ဘယ်သူဆိုတာ မြန်မြန်သိအောင် ...ပ်မှ ဖြစ်တော့မယ်၊ ဇန်နဝါရီဟာ အမေရိကန် ပြည်ထောင် ...ရှိတဲ့ သူလျှို၊ နောက် ဒီကောင့်ကို အသုံးမလိုတော့တဲ့ ...ွက် ဆွန်ဘာရာက မကြာခင်မှာ ရှင်းပစ်တော့မှာ၊ အဲဒီ ...ဟာ ဒီသူလျှိုကို ရှာတွေ့မယ်ဆိုရင် သိပ်အသုံးကျနိုင် ...ယ်''

''ငါ ဒန်ဇစ်ဂါကို လှမ်းအကြောင်းကြားလိုက်မယ်၊ ...ကောင်ဟာ ထိပ်ပိုင်းထဲကကောင်လဲ ဖြစ်နိုင်တယ်၊ ဒါမှ ...တ် အထက်ပိုင်းနဲ့ နီးစပ်တဲ့ကောင်ထဲကလဲ ဖြစ်နိုင်တယ်၊ ...က်ချင်း ငါဒီကိစ္စ ထောက်လှမ်းရေးဗဟိုကို လိုက်ခိုင်း ...က်မယ်''

အီလီယာက ပြောလိုက်သည်။

''မေးစရာတစ်ခုလဲ ရှိသေးတယ်''

''မေး''

"ကမဲကို ကျွန်တော်တို့ နောက်ထပ်မေးလို့ ရစရာ အကြောင်းမရှိတော့ဘူး၊ ဒီကောင့်ကို ကျွန်တော်တို့ ဘယ်လို လွှပ်လိုက်ရမလဲ"

"အဲဒါကတော့ ဆင်မာ့မန်းကိုပဲ လွှဲထားလိုက်ပါ။ ဒီအခွင့်အရေးထက်မကတောင် သူရသင့်ပါသေးတယ်"

"ကောင်းပါပြီ၊ ကျွန်တော် သူ့ကိုပြောလိုက်မယ်၊ ကျွန်တော်တို့ ဂရီတာကို ဆက်သွယ်မယ်၊ ပြီးရင် ပဲရစ်ကိုပြန်လာပြီး ဆွန်တာရာ ဆက်သွယ်လာတာကို စောင့်ရဦးမယ်"

"မင်းတို့ မော်လ်တာမှာ ဘာလိုမယ်ဆိုတာ စဉ်းစားထား၊ ပြီးရင် မင်းတို့လိုချင်တာ ငါ့ကို စာရင်းပေး၊ ကဲ— အားလုံး ကံကောင်းပါစေကွာ"

ဖုန်းချသွားသည်။

ကွင်းက တယ်လီဖုန်းကို ပြန်ချလိုက်သည်။ ဆွန်တာရာနှင့် ဆက်သွယ်ရမည့်အချိန်မှာ သုံးနာရီသာ လိုတော့သည်။ ဆွန်တာရာမှာ လူညံ့တစ်ယောက် မဟုတ်။

ကမဲကို ဖမ်းထားသည်ကို သူသိလျှင် သူအတော်ကို ခံစားရစေမည်။ ပြီးတော့ သူ့အခြေအနေကိုလည်း သူနားလည်လောက်ပေမည်။

မိမိ ဆွန်တာရာကို ထိုးနှက်နိုင်တော့မည်ဟူသော အသိကို ကွင်း ခံစားလိုက်ရ၏။

အင်တယ်ထရေ့စ်အဖွဲ့လည်း မိမိတို့ဖန်တီးနိုင်သည့် အခြေအနေသို့ ရောက်ပေပြီ။

အခန်း (၃၅)

...ရစ်

...အမှောင် စတင်လွှမ်းလာလေပြီ။ အတော်လေးအေးမည့် ...ဖြစ်သည်။ ကွင်းသည် လမ်းဆုံတစ်ခုတွင် ရပ်နေသည်။ ခပ် ...းလှမ်း တက္ကစီဂိတ်တွင် အငှားကားတစ်စီးရပ်နေသည်။ ...ားယာဉ်မောင်းထိုင်ခုံတွင် ဝိတ်လောထိုင်နေ၏။ ကွင်း၏ ...ဘက်တွင် အများသုံးတယ်လီဖုန်းရုံတစ်ခု ရှိနေသည်။ ...းသည် ကုဘ်အင်္ကျီအိတ်ထဲသို့ လက်နှိုက်၍ ချမ်းလွန်းသဖြင့် ...ကို ကျုံ့ထား၏။

...ွင်းက အနီးအနားရှိ တိုက်ပြတင်းပေါက်များကို လိုက် ...ည့်လိုက်သည်။ ဆွန်တာရာ မိမိတို့ကိုကြည့်နေမည်လား ဟူ... အတွေးဖြင့် ရှာကြည့်ခြင်းဖြစ်သည်။ တယ်လီဖုန်းအလာ ...က်ကျနေသည်။ ဆွန်တာရာ မိမိတို့မှန်းသိသဖြင့် မဆက် ...ဟုပင် ထင်လိုက်မိ၏။ နာရီကိုကြည့်လိုက်တော့ ဆက်ရ ...အချိန်ထက် ဆယ်မိနစ်ခန့်ပင် နောက်ကျနေသည်။

...ိတ်လောက ကွင်းကိုလှမ်းကြည့်ပြီး နာရီကိုလည်း ကြည့် ...သည်။ ပြီးတော့ ပခုံးကို တွန့်ပြလိုက်၏။

ကွင်းက သူ့ကို လက်ငါးချောင်းထောင်ပြလိုက်ပြီး နောက်ထပ် ငါးမိနစ်လောက် စောင့်မည်ဟု အချက်ပြလိုက်သည်။ ဆွန်တာရာ မိမိတို့ကို စောင့်ကြည့်နေသည်ဟု ကွင်းထင်နေသည်။ ထိုသို့ကြည့်နေပါက ဖုန်းမဆက်လျှင်လည်းကိစ္စမရှိတော့။ က ကို မိမိတို့ဖမ်းထားပြီး စကားဝှက်များကိုလည်း မိမိတို့ ရထားပြီဟု သူသိပြီးဖြစ်ပေလိမ့်မည်။ ထိုသို့ဆိုလျှင် မိမိတို့ ရည်ရွယ်ချက် ထမြောက်သည်ပင်။

ကလင်....ကလင်....ကလင်....

ကွင်း တယ်လီဖုန်းဘက်သို့ လှည့်ကြည့်လိုက်သည်။ပြီးတော့ အိတ်ထဲမှ မိုက်ကရိုဖုန်းကလေးတစ်လုံးကို ထုတ်လိုက်၏။ မိုက် ကရိုဖုန်းကလေးကို တယ်လီဖုန်းခွက်တွင်ကပ်လိုက်ပြီးမှ ဖုန်း မ ယူလိုက်၏။

"ဟုတ်ကဲ့....ဗာလမိပါ"

ကွင်းက စကားဝှက်ဖြင့် အသံကိုနှိမ့်ကာ ခပ်မြန်မြန်ပြော လိုက်သည်။ တစ်ဖက်မှ ဘာမျှမပြော။ ဆွန်တာရာ၏အသံ လည်း မကြားရ။ သို့ရာတွင် တစ်ဖက်၌ သူရှိနေသည်ကို စိတ်ထဲကသိနေသည်။

"ဗာလမီလား၊ ငါတော့ မထင်ပါဘူး"

ဆွန်တာရာက တစ်ဖက်မှပြောလိုက်၏။ သူ့အသံက ငြိမ်အေးဆေးလှသည်။

"ဗာလမီပါ"

ကွင်းက ယခင်အတိုင်း အသံကိုနှိမ့်၍ ခပ်မြန်မြန်ပြော ပြန်သည်။

ဆွန်တာရာက အာရပ်စကားတစ်ခွန်းကို ပြောသည်။



ကွင်းသည် ဘာသာစကားအတော်များများကို ကျွမ်းကျင် သော်သည်း ထိုအထဲတွင် အာရပ်ဘာသာစကားတော့မပါ။ ကွင်းက ခဏငြိမ်နေပြီးမှ....

"ဗျာ"

နောက်ထပ် အသံတိတ်သွားပြန်သည်။

ဆွန်တာရာ ပြန်အပြောကို ကွင်းက စောင့်နေ၏။ သို့ရာတွင် ာမဲ့မဟုတ်မှန်း ဆွန်တာရာ သိသွားလောက်ပေပြီ။ သူ ဘာမျှ ပြောဘဲ ဖုန်းချသွားလျှင် မိမိတို့ပြောလိုသည်ကို ပြောလိုက်ရ ည်မဟုတ်။ ထို့ကြောင့် ကွင်းက....

"မင်းနားထောင်နေတယ်ဆိုတာ ငါသိနေတယ်၊ ငါတို့ကို း အခုကြည့်နေရင်လဲကြည့်နေမယ်၊ ကြည့်နေလဲ ကိစ္စမရှိပါ း"

"ဘာဖြစ်မှာလဲ"

ဆွန်တာရာက ဆိုသည်။

"ဘာမှမဖြစ်ဘူးထင်ရင်တော့ မင်းမှားသွားပြီ၊ တစ်ခုခု ာ ဖြစ်ကိုဖြစ်ရမယ်၊ ပုံမှန်အတိုင်းဖြစ်မယ်ဆိုရင်တော့ နှစ် ဖြစ်သွားနိုင်တယ်၊ မနက်ဖြန် သတင်းစာထဲမှာ ဖတ်ကြည့် းတော့"

ပြောပြီး ကွင်းက ဖုန်းကိုချပစ်လိုက်သည်။

ပြီးတော့ ဖုန်းခွက်မှ မိုက်ကရိုဖုန်းကိုဖြုတ်လိုက်ပြီး တက္ကစီ း၍ရှိရာသို့ လျှောက်လာခဲ့သည်။ကားတံခါးကိုဖွင့်၍ အတွင်း င်လိုက်သောအခါ ဝိတ်လောက ကားစက်ကိုနှိုးရင်း....

"သူဟုတ်ရဲ့လား"

ကွင်းက ခေါင်းညိတ်ပြလိုက်ပြီး....

"သူ ဒီနားမှာပဲရှိနေတယ်၊ သူ ငါတို့ကိုကြည့်နေတယ်ဆိုတာ ငါသိနေတယ်"

"ဒီတစ်ပိုက်မှာ လိုက်ရှာလိုက်ရမလား"

ကွင်းက ခေါင်းခါလိုက်ပြီး....

"ရှာမနေပါနဲ့တော့၊ ဒီကောင်က သိပ်လျင်တယ်၊ ငါတို့ ဘယ်အတွေ့ခံလိမ့်မလဲ၊ ငါတို့ သူ့ကို ထောင်ဖမ်းမယ်ဆို တောင် ငါတို့ဘာမှမလုပ်နိုင်ခင် သူထွက်သွားမှာသေချာတယ်၊ ငါတို့အစီအစဉ်အတိုင်း ဆက်လုပ်တာကောင်းပါတယ်၊ ငါတို့သိစေချင်တာ သူသိသွားပြီပဲ၊ မနက်ဖြန် သတင်းစာမှာဖတ်ကြည့်ဖို့ ငါပြောလိုက်တယ်၊ သူ ဖတ်ကြည့်လိမ့်မယ် ကျန်တာသူ့ဟာနဲ့သူ ဖြစ်သွားလိမ့်မယ်"

"ဆင်မာမန်းပြောသလို ဒီကောင် ဟိုကောင်မလေးကို လာကယ်မယ်လို့ထင်သလား"

ဝိတ်မလာက မေးလိုက်သည်။

"သူလာမှာပါ၊ စကားဝှက်ကိုငါတို့ရသွားပြီး ဂရိတာဘယ်မှာရှိတယ်ဆိုတာ ငါတို့သိနေတယ်လေ၊ သူ ကောင်မလေးကို ဆက်သယ်ကြည့်လိမ့်မယ်၊ အဲဒီအမျိုးသမီး မရှိဘူးဆိုတာ သိသွားရင် ကောင်မလေးကို ငါတို့လက်ထဲ အရောက်ခံမယ် လို့တော့ မထင်ဘူး"

ဝိတ်မလာက ကားမောင်းနေစဉ် ကွင်းက ကားထဲမှ တယ် လီဖုန်းကို လှမ်းယူလိုက်သည်။



"မော်တော်ယာဉ်အဖွဲ့ အမှတ်တစ်က ပြောနေပါတယ်၊ ဆက်သွယ်လို့ပြီးပါပြီ၊ မှန်းထားတဲ့အတိုင်းပါပဲ၊ အဆင့်နှစ်ကို ဆက်လုပ်ပါ"

*

မာစီးဒီးကားကြီးသည် ကလာရီလမ်းနှင့် တွန်းနူဘဲ လမ်း ဆုံရာသို့ရောက်လာပြီး ကားရပ်သည့်နေရာ၌ ရပ်လိုက်သည်၊ ယာဉ်မောင်းထိုင်ခုံမှလူနှင့် နောက်ခန်းမှလူတို့က လျင်မြန် လှုပ်ရှားလိုက်၏။ ကမ်မှာ ပါစင်ဂျာထိုင်ခုံတွင် တံခါးကို မှီ၍ ပျော့ခွေနေသည်။ သူသည် သတိလစ်နေပြီး သူ့ကိုဖမ်း ...က အခတ်အစားအတိုင်း ရှိနေဆဲ....။

အစ္စရေးနှစ်ယောက်သည် ကမ်အား ယာဉ်မောင်းထိုင်ခုံ ...က်သို့ ရွှေ့ပေးလိုက်၏။ ကားမောင်းလာသူက ကားထဲမှ ...ပေးလိုက်သည်။ နောက်ခန်းမှလိုက်လာသူက မိမိထိုင်ခုံ ...ားတွင်ပါလာသော ဗုံးကို လိုအပ်သည်များ တပ်ဆင်နေ ...သည်။ ပြီးတော့ ကမ်၏ပေါင်ပေါ်သို့ ဗုံးကို တင်ပေးလိုက်ပြီး ...ားထဲမှထွက်လာခဲ့၏။

ထိုနောက် သူတို့နှစ်ယောက်သည် ကလာရီလမ်းထိပ်မှ ...န်းနူဘဲလမ်းကို ဖြတ်ကူးလိုက်သည်။ ပြီးတော့ ရပ်စောင့် ...သို့နေကြသည်။ ထိုစဉ် အခြားကားတစ်စီးရောက်လာပြီး ...ိုက်သည်။ သူတို့နှစ်ယောက်သည် ကားထဲသို့ဝင်လိုက်ပြီး ...ားလည်းထွက်သွားတော့သည်။

ရှေ့ဘက် ကိုက်တစ်ရာလောက်ရှိ ရေးနွိုးကားတစ်စီးထဲ၌ ...င်မာမန်း ပါစင်ဂျာခုံတွင် ထိုင်နေသည်။ ယာဉ်မောင်းထိုင်ခုံ

တွင့်တော့ ရယ်လင်နာ ရှိနေသည်။ သူမက နောက်ကြည့်မှန်ကိုသာကြည့်နေ၏။

"သူတို့သွားကြပြီ"

ရယ်လင်နာက ပြောလိုက်သည်။

ဆင်မာမန်းက ရေဒီယိုစက်ကို ကောက်ယူလိုက်ပြီး....

"ရာခိုင်နှုန်းပြည့် စိတ်ချရပြီ၊ လမ်းသွားလမ်းလာ၊ ကားအ သွား အ လာ မ ရှိ တော့ ဘူး၊ မ ဆိုင် တဲ့ လူတွေ ထိစရာအကြောင်းမရှိဘူး"

ထိုအချိန်လောက်တွင် အသွားအလာသိပ်မရှိတော့။အခြားလမ်းများတွင်လည်း ကားအသွားအလာများ တစ်ခါတစ်ခါလောက်သာ ရှိနေသည်။ သိပ်လောစရာလည်း အကြောင်းမရှိ။ စခန်းချအဖွဲ့က ထိုနေရာတစ်ပိုက်ကို စောင့်ကြည့်ကာ အချက်ပြသတင်းပို့နေသည်။

ရယ်လင်နာက နောက်ဆုံးအကြိမ်လှျောက်ကြည့်လိုက်ပြီး...

"အားလုံးရှင်းပြီ"

ဆင်မာမန်းက အဝေးထိန်း ဗုံးခွဲကိရိယာကို ကောက်ယူလိုက်ပြီး ခလုတ်ကိုနှိပ်လိုက်သည်။

ဝုန်းခနဲပေါက်ကွဲသံကြီးနှင့်အတူ မီးရောင်များလည်း ထိန်လင်းသွားသည်။ ရေးနိုးကားကလေးပင် တုန်ခါသွားသည်။ မီးလုံးကြီးမှာလည်း ပတ်ဝန်းကျင် ညအမှောင်ထုအတွင်း လင်းနေပြီး မာစီးဒီးကားကြီးလည်း တစ်စစီဖြစ်ကုန်သည်။

ထိုနောက် ရေးနိုးကားကလေးလည်း ထိုနေရာမှ မောင်းထွက်သွားတော့သည်။



ဆင်မာမန်းက အဝေးထိန်းဗုံးခွဲကိရိယာကို အိတ်ထဲသို့ ထည့်လိုက်ပြီး....

"ကမ္ဘာကြီးတော့ တစ်ပူအေးသွားပြီပေါ့၊ တစ်ပူအေးတော့ နှစ်ပူကျန်သေးတယ်"

❋

ပဲရစ်မြို့

ဆွန်တာရာသည် ပဲရစ်မြို့၊ မောင့်မွန်ထရီရပ်ကွက်ရှိ ကော်ဖီဆိုင်တစ်ဆိုင်၏ ပြတင်းပေါက်ဘေးတွင် ထိုင်နေ၏။ လက်ထဲတွင်လည်း သတင်းစာတစ်စောင်ကို ကိုင်ထားပြီး သတင်းစာထဲမှ ကလာရီလမ်း၌ ဖြစ်ပွားခဲ့သည့်သတင်းကို ပြန်ဖတ်နေသည်။

တာဝန်ရှိသူများ၏ ထင်မြင်ချက်ကိုလည်း သတင်းထဲတွင် ဖော်ပြထားသည်။ သူတို့က အကြမ်းဖက်သမားသည် ထိုအနီးအနားမှ တစ်နေရာတွင် ဗုံးခွဲရန် ဗုံးကိုပြင်ဆင်နေရာမှ မတော်တဆ ပေါက်ကွဲသွားခြင်းဖြစ်နိုင်ကြောင်း ပြောသည်ဟု ဆို၏။

ဆွန်တာရာသည် သတင်းစာကိုပြန်ချလိုက်ပြီး ကမဲဆုံးပြီဟူသောအသိကြောင့် တုန်လှုပ်ရသည်ကို တည်ငြိမ်စေရန် စားပွဲကို လက်နှင့်ကိုင်၍ ထိန်းထားရသည်။ ဒေါသကို လွှတ်ပေးကာ ချက်ရည်ကို ထိန်းနေရ၏။

လွန်ခဲ့သည့် ဆယ်နှစ်နီးပါးက မိမိတွေ့ခဲ့သည့် လူမည်းကလေး ကမဲကို ပြန်လည်မြင်ယောင်မိသည်။ မိမိဆရာလည်းဖြစ်၊ ဖခင်ဆိုလည်း ဟုတ်သည့် အဘူဟာဆင်ကို သတိရပြန်သည်။ အဘိုးကြီးအား သူ၏ တစ်ဦးတည်းသော သားကလေး သေဆုံးကြောင်း ပြောရမည့်အရေးကို တွေးကာ ရင်ထဲတွင် နင့်သွားမိသည်။ ထိုသတင်းကို အဘိုးကြီးသိရသည့်အချိန်တွင် မိမိ သူ့အနားတွင်ရှိနေချင်သည်။ သူ့ကို အားပေးချင်သည်။ သို့ရာတွင် မဖြစ်နိုင်။ ဆရာကြီးတွင် တကယ်လိုအပ်နေသည့် အချိန်၌ မိမိ သူ့အနားတွင် မရှိနိုင်ခဲ့။

ဆွန်တာရာ သတင်းစာကို စားပွဲပေါ်တင်ပြီး ပြတင်းပေါက်မှ အပြင်သို့ လှမ်းကြည့်လိုက်သည်။ လသားအရွယ် သားငယ်ကို ချီထားသည့် မိန်းမတစ်ယောက်ကို တွေ့လိုက်ရ၏။ သူ့ကိုတွေ့တော့ ဂရီတာကို သတိရပြန်သည်။ သူမကိုလည်း ကမဲဆုံးသည့်အကြောင်း မည်သို့ပြောရပါ့။ သတင်းကိုကြား၍ သူမ ပူဆွေးသွားမည့်ရုပ်ကို မြင်ယောင်နေမိသည်။

သူမ....တာလမီ....စကားဝှက်....

ရှတ်တရက် ကွင်းနှင့် စကားပြောခဲ့ရသည်ကို ပြန်လည်ကြားယောင်နေမိသည်။

ဘာဖြစ်မှာလဲ ဟု မိမိက သူ့ကို ပြောခဲ့သည်မဟုတ်လော။

သူက ဘာမှမဖြစ်ဘူးထင်ရင်တော့ မင်းမှားသွားပြီ။ တစ်ခုခုတော့ ဖြစ်ကို ဖြစ်ရမယ်။ ပုံမှန်အတိုင်းဖြစ်မယ်ဆိုရင်တော့ နှစ်မျိုးဖြစ်သွားနိုင်တယ်၊

သူ ပြောသွားသည်။



သူမ၏ လုံခြုံရေးကို တွေးမိတော့ ရင်ထဲတွင် မားနှင့်ခဲ့သလို ခံစားလိုက်ရ၏။

ဆက်သွယ်ရမည့် အချိန်ဇယားများနှင့် စကားဝှက်များ သူတို့ ရသွားကြပြီ။ ကမဲထံမှ စကားဝှက်အားလုံးကို သူ ရသွားကြသည်လား။ ရသွားကြပြီဆိုလျှင်တော့....

ရှတ်တရက် သူ စားပွဲမှထ၍ ကော်ဖီဆိုင်ထဲမှ ထွက်လာခဲ့သည်။ ဂရီတာထံသို့ ဆက်သွယ်မှ ဖြစ်တော့မည်။ ကမဲ ဆုံးကြောင်းလည်း ပြောရမည်။ စကားဝှက်တွေကိုလည်း ပြင်ရမည်။ သူမအတွက် သိပ် အန္တရာယ်ရှိနေလေပြီ။

လမ်းပေါ်ရောက်သည်နှင့်ခပ်သုတ်သုတ်လျှောက်၍ တက္ကစီတစ်စီးကို တားလိုက်သည်။ မိမိသွားလိုသည့် နေရာကို မြန်မြန်ပြောလိုက်၏။

စိတ်ပူနေရသဖြင့် တစ်လမ်းလုံး ဘယ်တွေရောက်နေသည် မသိ။ နောက်ဆုံး ဟိုတယ်တွင် ကားရပ်လိုက်သည်ကိုသာ သိလိုက်သည်။ ကားသမားအား ငွေအမြန်ရှင်းလိုက်ပြီး ဟိုတယ် မှတ်ပုံတင်စားပွဲသို့ လာခဲ့သည်။

စာရေးအား အဝေးပြောဖုန်း ခေါ်ပေးပါရန်ပြောလိုက်၏။ ခဏကြာတော့ စာရေးက တန်းစီနေသော တယ်လီဖုန်းခုံကလေးများကို ညွှန်ပြလိုက်၏။

ဆွန်တာရာက ဂရိနိုင်ငံမှ ဖုန်းနံပါတ်တစ်ခုကို ဆက်လိုက်သည်၊ ခဏလောက် စောင့်ရသည်ကိုပင် တစ်သက်လောက် ဟု သူထင်မိ၏။

နောက်ဆုံး ဖုန်းလိုင်းဝင်သောအခါ သူက....

"မဒမ်ဟော့ဖမင်းနဲ့ စကားပြောပါရစေခင်ဗျာ"

သူ နားထောင်နေစဉ် တစ်ဖက်တွင် တယ်လီဖုန်းခေါ်သံ အကြိမ်ကြိမ် မြည်နေသည်ကို ကြားနေရ၏။

ထိုနောက် အော်ပရေတာအသံ ပေါ်လာပြီး....

"ဝမ်းနည်းပါတယ် ခင်ဗျာ၊ မဒမ်ဟော့ဖမင်း အခန်းက ဖုန်းမကိုင်ပါဘူး"

သူမ ရှိနေသေးသည်ပဲဟူသော အတွေးဖြင့် စိတ်သက်သာရာရသွားသည်။

"ကျွန်တော် တစ်ခုလောက် မှာခဲ့ချင်တယ်"

သူက ပြောလိုက်သည်။

"ဟုတ်ကဲ့၊ မှာခဲ့ပါ"

"သူ့ကို ပြောလိုက်ပါ"

'မြေခွေး....စိတ်မရှိပါနဲ့နော်၊ ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော်က အခုမှ ဂျူတီဝင်တာပါ၊ ဒါကြောင့် စောစောကကိစ္စတွေကို မသိလိုက်လို့ပါ၊ မဒန်ဟော့ဖမင်း ကျွန်တော် တာဝန်ချိန်မတိုင်မီက ဟိုတယ်မှာ ငွေရှင်းပြီးထွက်သွားပြီလို့ ပြောပါတယ်၊ ဘယ်ကိုပြောင်းသွားမယ်ဆိုတာလဲ ပြောမသွားဘူးတဲ့၊ ဆရာမှာချင်ရင်တော့ မှာခဲ့လေ၊ သူပြန်လာချင်လဲ ပြန်လာမယ်၊ အကြောင်းတစ်ခုခုနဲ့ ဖုန်းပြန်ဆက်ချင်လဲ ဆက်မယ်"

သွားပြီ....

အသည်းနှလုံးတွေ ပြုတ်ကျသွားသည် ထင်လိုက်ရ၏။

"မှာခဲ့ဦးမလားဆရာ"

ဆွန်တာရာ ဖုန်းချလိုက်သည်။ တစ်ကိုယ်လုံး အင်အားတွေ ခန်းခြောက်သွားသလို ခံစားလိုက်ရ၏။ ဇောချွေးတွေလည်း



သွန်ကျလာသည်။ တစ်ကိုယ်လုံးလည်း တဆတ်ဆတ် တုန်နေ၏။ ကွင်း စကားဝှက်များ ရသွားပြီး ဂရိတာကို ဆက်သွယ်လိမ့်မည်။ သူမ သေမင်းခံတွင်းသို့ သွားနေလေပြီ။ မိမိ အချိန်မီ သူမထံသို့ မရောက်လျှင် သူမ သေရတော့မည်။ မော်လ်တာ နိုင်ငံသို့ လိုက်သွားရုံသာရှိတော့၏။

သူတို့ မိမိကို ထောင်ဖမ်းကြတော့မည်။ သိတော့သိသည် သို့သော် မတတ်နိုင်။ စွန့်စားရမည်က မိမိစိမ်ကိန်းရော၊ မိမိ အသက်ရော။

ဂရိတာနှင့် မမွေးသေးသည့် မိမိတို့ ရင်သွေးလေးကို တွေးမိလိုက်ပြန်သည်။ မိမိအတွက် အခြားလမ်းမရှိ။ ဤသည်ကို မိမိလည်း သိသည်။ ကွင်းကလည်း သိနေမည်။ မိမိသွားရတော့မည်။

* * *

## အခန်း (၃၆)

### လက်ဘနွန်

ဟာရာရှယာ စခန်းငယ်ကလေးသည် ဘေရွတ်မြို့ အရှေ့မြောက်ဘက် တောင်တွေကြားထဲတွင် ရှိသည်။ ဝေးရာ ဝင်မြေပုံထဲတွင်မှတော့ ထိုစခန်းမပါ။ ထိုသို့မပါသည်ကိုလည်း လက်ဘနွန် အစိုးရက မည်သည့်အခါမျှ ဝန်ခံလေ့မရှိ။

ဘရိုးဗစ်သည် ဘေရွတ်မြို့မှ ဟာရာရှယာစခန်းသို့ ကားဖြင့်လာခဲ့သည်။ ကားအသွားအလာ ရှုပ်ထွေးသော ဘေရွတ်မြို့ထဲမှ မြောက်ဘက်သို့ လာခဲ့ရာ မကြာမီ ရှုခင်းကောင်းသည့် ဘေရွတ်–ထရီပိုလီလမ်းသို့ ရောက်လာသည်။ ထို့နောက် လင့်ရိုဗာ ကားကလေးကို အရှေ့ဘက်သို့ ထိုး၍ မောင်းလာပြန်ရာ လမ်းမှာ ပင်လယ်ကမ်းခြေနှင့် ခရမ်းရောင် တောင်တန်းကြီးများအကြား ဖြတ်သွားရသည်။ ထိုလမ်းအတိုင်း တောင်ပေါ်သို့ စမ်းချောင်းများ၊ ရေတံခွန်များ၊ တောင်ကြားလွင်ပြင်များကို ဖြတ်ကာ တက်ခဲ့ရသည်။ သည်နေရာတွေက နွေဦးရာသီရောက်လျှင် စိမ်းစိမ်းစိုစို ရှိလှ၏။



ဘရိုးဗစ်သည် အသည်းယားဖွယ် ကွေ့ကောက်သော တောင်ဆင်းလမ်းအတိုင်း မောင်းလာပြန်ရာ မကြာမီ ကျွဲကောပင်များအကြားသို့ ဖြတ်လာခဲ့ရသည်။ ထိုအပင်များကို လွန်သည်နှင့် ဟာရာရှယာစခန်းကို ဘွားခနဲ တွေ့လိုက်ရသည်။ စခန်းကလေးမှာ သာယာလှသော ပတ်ဝန်းကျင်ရှုခင်းများအကြား အနားကြီးတစ်ခုပမာ အရုပ်ဆိုးလှ၏။

ဟာရာရှယာမှာ ရွာဘစ်ခုနှင့်မတူ၊ ခပ်စုတ်စုတ် မြို့ကလေးတစ်ခုနှင့်သာ တူနေသည်။ လမ်းတွေကလည်း ရွံ့ဗွက်တွေနှင့်။ အိမ်တွေမှာလည်း ကျိုးတိုးကဲ့ကဲ့ဖြစ်သလို ဆောက်ထားကြသည်။ နောက်ဖေးလမ်းကြားများတွင်လည်း အမှိုက်တွေနှင့် ပိတ်ဆို့နေ၏။ အိမ်ရှေ့များတွင်လည်း ပေါ်ပြီးသားသီးသားများကို နေလှန်းရန် ချိတ်ဆွဲထားကြသည်။

အဝတ်အစားခပ်စုတ်စုတ်တွေနှင့်ကလေးများမှာ တုတ်တွေကို သေနတ်သဖွယ်ကိုင်ကာ ပြေးလွှားဆော့ကစားနေကြသည်။ သူတို့က ရန်သူကို ရဲရဲရင့်ရင့်စွာ သတ်သူကသတ်၊ အမိမြေအတွက် အသေခံသူ ခံဖြင့် ကစားနေကြသည်။ အဘိုးကြီးတွေကတော့ သတ္တုစည်ပိုင်းဖြင့် လုပ်ထားသည့် မီးဖိုဘေးတွင် ဝိုင်းကာ ဘက်ဂါမွန်ခေါ် အာရပ် စစ်တုရင်ထိုးသူက ထိုး၊ ရေနွေးကြမ်း သောက်သူက သောက်၊ အချို့ကလည်း တစ်ခါတစ်ရံသာ ရတတ်သည့် တူရကီ ကော်ဖီကို သောက်နေကြသည်။

သူတို့သည် ထုံးစံအတိုင်း မြောဆိုငြင်းခုံနေကြသည်။ ဘက်နွန်နိုင်ငံသည် အမြဲတမ်း ပြည်ပြေးတို့ စုဝေးရာ နေရာတည်း။ နောက်ပြီး မြေပုံပေါ်တွင် မရှိသည့် ဤစခန်းကလေးထက် ပြည်ပြေးစခန်း ပီသသည်မျိုးလည်း မရှိ။

လူငယ်လူရွယ် ယောက်ျားများ စခန်းတွင် မရှိကြကြောင်း ဘရီးဗစ် သတိပြုမိလိုက်၏။ ဆောင်းတွင်းမို့ သူတို့ နွေးထွေးသော မြေပြန့်သို့ ဆင်းသွားကြသည်။ ဇနီး၊ သားသမီးများကိုမူ အစွန်ရေးတို့ လှာရောက် တိုက်ခိုက်ရန် မလွယ်သည့် မိမိတို့ စခန်းကလေးတွင်ပင် ထားခဲ့ကြ၏။ သူတို့ အသက်မသေဘဲ ပြန်လာကြရင်ဖြင့် မိမိတို့တာဝန်ကို ပခုံးပြောင်း ထမ်းကြမည့် လူငယ်သွေးသစ်များကို ခေါ်လာကြသည်။ သူတို့ကို စခန်း၌ ဗိုလ်တွေ၊ အဘူဟာဆင်နှတ်ဆာလို အတွေ့အကြုံများသည့် လူကြီးတွေက သင်တန်းပေးကြသည်။

အဘူဟာဆင်နှတ်ဆာကတော့ မိမိသင်ကြားလိုက်သည့် တပည့်များအတွက် တိုက်ပွဲဝင် သူရဲကောင်းကြီးတစ်ဦးတည်း။ ယခုမူ အိုမင်းလှပြီဖြစ်၍ ကိုယ်တိုင် တိုက်ခိုက်နိုင်ခြင်းမရှိတော့။ သို့ရာတွင် အားလုံးကို သင်ကြားပေးခဲ့သည့် ဆရာကြီးတစ်ဆူ ဖြစ်နေသည်။ သို့သော် ကျန်းမာရေးမကောင်းသဖြင့် ယခုတလော သိပ်မသင်နိုင်တော့။

ဘရီးဗစ်က ကားကိုရပ်လိုက်ပြီး စစ်တုရင် ထိုးနေသော အဘိုးကြီးတစ်စုထံသွား၍ အဘူဟာဆင်၏အိမ်ကို မေးလိုက်သည်။ အဘိုးကြီးများကိုလည်း စီးကရက်၊ လက်ဖက်ခြောက်နှင့်တူရကီကော်ဖီမှုန့်ထုပ်များ ပေးခဲ့သည်။ သူတို့က ဝမ်းသာအားရနှင့် လက်ခံလိုက်ကြပြီး အီလမ်ဒီလာ (ဘုရားသခင်စောင့်မပါစေ) ဟု ဆုတောင်းပေးကြသည်၊

ကျောက်နှင့်ဆောက်၍ သွပ်မိုးထားသော တဲကလေး တစ်လုံးသို့ ဘရီးဗစ် ရောက်လာသည်။ ခေါင်မိုးစပ်မှ မီးခိုးတန်း



ကလေးများကလည်း တလူလူထွက်နေ၏။ ဘရီးဗစ်က တံခါးကို ခေါက်လိုက်သည်။

အဘူဟာဆင်က တံခါးလာဖွင့်ပေးသည်။ အဘိုးကြီးမှာ ဘရီးဗစ် နောက်ဆုံးတွေ့ခဲ့ရသည့်အချိန်ကထက် ပို၍ အိုမင်းသွားသည် ထင်ရ၏။ ဘရီးဗစ်ကို ရုတ်တရက် မမှတ်မိသဖြင့်သည်း နက်မှောင်သော မျက်လုံးကြီးများကို မှေးစင်းကာ ကြည့်နေသည်။ ပြီးမှ သတိရသွားသဖြင့် မျက်လုံးများ ပြူးကျယ်လာသည်။

"အဘူဟာဆင်....နေကောင်းရဲ့နော်"

ဘရီးဗစ်က နှုတ်ဆက်သည်။

အဘူဟာဆင်က လက်နှစ်ဖက်ကိုကား၍ ဆန့်တန်းပေးလိုက်သည်။ ဘရီးဗစ်က သူ့အနားသို့တိုး၍ နှစ်ယောက်သား ဖက်ကာ နှုတ်ဆက်လိုက်သည်။

"တိုက်ပွဲဝင် စစ်သားဟောင်းကြီး တစ်ယောက်ကတော့ နေကောင်းဆဲပေါ့ဗျာ"

"ခင်ဗျားကို အခုလိုတွေ့ရတာ ကျွန်တော် သိပ်ဝမ်းသာတယ်"

ဘရီးဗစ်က သူ့ပခုံးကို အသာအယာပုတ်ကာ ပြောလိုက်သည်။

"ကဲ....အပြင်မှာ အေးတယ်၊ အထဲကိုဝင် သူငယ်ချင်း၊ ကျွန်တော် လက်ဖက်ရည်ဖျော်တိုက်မယ်"

"ကောင်းတာပေါ့၊ ခင်ဗျားအတွက် တူရကီကော်ဖီမှုန့်တွေလဲ ပါတယ်"

ဘရီးဗစ်က ကော်ဖီမှုန့်ထုပ်ကို ကမ်းပေးရင်း ပြောလိုက်သည်။

အဘူဟာဆင်က လှမ်းယူလိုက်၏။

''နောက်ပြီး လက်ဖက်ခြောက်နဲ့ စီးကရက်တွေလဲ ပါသေးတယ်၊ ဘေရွတ်က အကောင်းဆုံး ခဘက်လဲ ဝယ်ခဲ့တယ်''

''ဒါဆို ကျုပ်တို့နှစ်ယောက် စားပွဲမှာ စားရင်း၊ သောက်ရင်း၊ စီးကရက်ဖွာရင်း စကားပြောကြတာပေါ့''

အဘူဟာဆင်က ရှရှားကြီးကိုပြောလိုက်သည်။

ဘရီးဗစ်သည် တစ်ခန်းတည်းသာရှိသော တဲကလေးအတွင်းသို့ လှမ်းဝင်လိုက်ပြီး တံခါးကို ပိတ်လိုက်သည်။

''ခင်ဗျားအတွက် သတင်းစာတွေလဲ ပါသေးတယ်၊ ခင်ဗျား ရှရှားဘာသာ ဖတ်သေးရဲ့လား''

''ဖတ်သေးတာပေါ့ဗျာ၊ ဒါပေမယ့် မျက်မှန်တော့ ဆောင်နေရပြီဗျို့''

အာရပ်ကြီးမှာ ကော်ဖီဖျော်ရန် ရေနွေးအိုး တည်လိုက်သည်။ ထို့နောက် ကြွေးရေနွေးအိုးကလေးထဲသို့ ကော်ဖီမှုန့် အနည်းငယ်ထည့်လိုက်သည်။ ပြီးတော့ သူက ရှရှားကြီးထံပြန်လာခဲ့၏။ ရှရှားကြီးကမူ မိမိပါလာသည့်အထုပ်များကို ဖြေနေသည်။

ဘရီးဗစ်က အာရပ်ကြီးကို မော့ကြည့်လိုက်သည်။ အဘိုးကြီးမှာ အိုမင်းခွမ်းလျနေ၏။ အသားအရေကလည်း မကောင်းလှ။ အသံလည်း ပြောင်းနေသည်ကို သတိပြုမိသည်။ အသံမှာ တိမ်ဝင်နေပြီး ကြိုးစား၍ပြောနေရဟန်ရှိ၏။ အဘူဟာဆင် ကင်ဆာဖြစ်နေခြင်း ဖြစ်နိုင်သည်။



''ခင်ဗျား သားဆီကရော သတင်းလေးဘာလေး ရသေးလား''

ဘရီးဗစ်က အာလာပသလ္လာပ အနေနှင့် မေးလိုက်၏။

''ဟင့်အင်း...မကြားရတာ နှစ်လသုံးလလောက်ရှိပြီ၊ ဒါနဲ့ ဗိုလ်ချုပ်ကြီး ကောဇလော့တစ်ယောက်ရော နေကောင်းရဲ့လား''

''နေကောင်းပါတယ်၊ သူကလဲခင်ဗျားကို သတိရကြောင်း ပြောလိုက်ပါတဲ့''

အာရပ်ကြီးက ခေါင်းညိတ်သည်။

ဘရီးဗစ်က သိုးသား ခေါက် အထုပ်ကို ဖြေလိုက်၏။ နောက်ပြီး လက်ဘန္ဓနဲ့ပေါင်မုန့်ကို ထုတ်ကာ သတင်းစာစက္ကူပေါ် တင်လိုက်သည်။ သူက အာရပ်ကြီးစားပွဲသို့ ရောက်လာတော့ အမေရိကန်လုပ် စီးကရက်ဘူးကို သူ့ဘက်သို့ ထိုးပေးလိုက်၏။ ကိုယ်တိုင်ကမူ ဆေးတံကိုထုတ်၍ ဆေးဖြည့်နေသည်။

နှစ်ယောက်သား အတန်ကြာအောင် စကားမပြောဖြစ်ကြ။ ဘရီးဗစ်က ဆေးတံကို မီးညှိနေပြီး အာရပ်ကြီးကလည်း စီးကရက်ကို မီးညှိနေသည်။

''ခင်ဗျားကတော့ အတော် ကျန်းမာရေး ကောင်းတယ်နော်''

ဘရီးဗစ်က လိမ်ပြောလိုက်သည်။

အဘူဟာဆင်က သူ့ကို စိုက်ကြည့်လိုက်ပြီး—

''ခင်ဗျားတို့ဟာ မုသားသုံးတဲ့နေရာမှာ သိပ်တော်တဲ့လူတွေပဲ၊ ခင်ဗျားရော ကျုပ်ရော သိနေပါတယ်လေ''

“ဆေးလေးဘာလေးရော မကုဘူးလား၊ ကျွန်တော်
စခန်းက ဆရာဝန် ခေါ်ပေးမယ်လေ”

“ဆရာဝန် ခေါ်ပေးတာတော့ ကောင်းပါတယ်၊ တခြား လူတွေအတွက်ပေါ့လေ၊ ကျုပ်လို အာရပ် အဘိုးကြီး တစ်ယောက်အတွက်တော့ ဆရာဝန်လဲ ဘာမှတတ်နိုင်မှာ မဟုတ်ပါဘူး၊ ကလေးတွေနဲ့ မိန်းမတွေအတွက်တော့ အကျိုးရှိမှာပေါ့”

“ကျွန်တော် ဘေရွတ်ကိုရောက်ရင် ချက်ချင်းစီစဉ်လိုက်ပါ့မယ်၊ ဒီရွာအတွက် ရိက္ခာနဲ့ ဆေးဝါးတွေလဲ ပို့လိုက်မယ်၊ ခင်ဗျားရော ထရိပိုလီကို ဆေးကုရအောင် ကျွန်တော်နဲ့ လိုက်ခဲ့ပါလား”

ဘရီးဗစ်က တကယ်ပင်စေတနာနှင့်ခေါ်နေသည်။

အဘူဟာဆင်က ခေါင်းခါလိုက်ပြီး....

“ကျုပ်က ဆေးကုလို့လဲ မရတော့ပါဘူး၊ ကျုပ် နောက်ဆုံး နွေဦးရာသီကို မြင်ခဲ့ရပါပြီ ဘရီးဗစ်ရယ်၊ နေရောင် နွေးနွေးလေး မျက်နှာပေါ်ကျပြီး ဇပယ်နံ့ကလေးတွေ နောက်တစ်ခါလောက်ရှူရရင် တော်ပါပြီ”

အဘိုးကြီးအတွက် ဘရီးဗစ် အတော်ပင်စိတ်မကောင်းဖြစ်သွားမိသည်။ မိမိယူလာသည့် စကားကိုပင် မပြောရက်အောင် ရှိနေရ၏။

“ကျုပ်စိတ်ဓာတ်ကတော့ နှစ်ပေါင်းတစ်ရာလောက် တိုက်နိုင်သေးတယ်၊ အင်အားကတော့ အဲဒီလိုမရှိတော့ဘူး၊ စစ်တွေနဲ့စစ်ထဲကို လူငယ်တွေလွှတ်ပြီး အသေခံခိုင်းရတဲ့အလု



တွေ ကျုပ် ငြီးငွေ့လာပြီဗျာ၊ ဒါတွေ ကျုပ် ခံတွင်းမတွေ့တော့ဘူး”

“ပဋိပက္ခတိုင်းမှာ အကျအဆုံးတွေတော့ ရှိတတ်စမြဲပါဗျာ”

ဘရီးဗစ်က ပြောလိုက်သည်။

“ဒါတွေ အဆုံးသတ်ဖို့ကောင်းပြီ၊ ကျုပ်လူမျိုးတွေလဲ ပင်ပန်းလှပါပြီ၊ ကိုယ့်သားတွေ တခြားရောက်နေရတဲ့ လူတစ်ယောက်ဟာ ဘယ်မှာစိတ်ချမ်းသာနိုင်ပါ့မလဲလေ၊ ကျုပ်တို့ သားတွေဟာ အဝေးကြီးကိုသွားနေကြရတယ်၊ အခုတလော င်းမှာမှုတွေ သိပ်များနေတယ်၊ လူငယ်တွေဟာ ကျုပ်တို့ မျိုးဆက်ကို သိပ်အားမရကြဘူး၊ အာရပ်အမျိုးသားရေးဝါဒ ဆိုတာ တစ်ခါတစ်ရံ နယ်နိမိတ်ကိုကျော်ကုန်တယ်၊ တစ်ခါ တစ်ရံမှာ ဒါကိုတောင် ထည့်မတွက်ကြဘူး၊ ဒီတော့ အာရပ် အမျိုးသားရေးဝါဒဆိုတာကို လူငယ်တွေ လက်မခံကြတော့ ဘူး၊ အာရပ်တွေအချင်းချင်း တိုက်နေတာတွေကိုတွေ့တော့ ကိုယ့်နိုင်ငံ ပြန်ရဖို့အရေးမှာ အာရပ်အမျိုးသားညီညွတ်ရေး နဲ့ လုပ်နေလို့မရနိုင်တော့ဘူးလို့ ယူဆလာကြတယ်၊ ကိုယ့်ကိုယ် ကို အားကိုးပြီး ကိုယ့်ဘာသာကြိုးစားမှ ရည်မှန်းချက်အောင် မြင်နိုင်မယ်လို့ ထင်လာကြပြီ”

ပြောရင်း အဘူဟာဆင် ချောင်းများဆိုးပြီး ဖျော့တက်နေ သည်။ ဘရီးဗစ်က သူ့ကိုကြည့်ကာ အတော်ပင်စိတ်မကောင်း ဖြစ်နေ၏။

အာရပ်ကြီးက စီးကရက်ကို ထိုးခြေပစ်လိုက်သည်။ ထို နောက် မီးဖိုခွတည်ထားသည့်အိုးကို လှည့်ကြည့်လိုက်ရင်း....

"ကော်ဖီတော်င်ကျတော့မယ်၊ ဒါထက် ခင်ဗျား ဒီကို ဘာလာလုပ်တာလဲ၊ ပါလက်စတိုင်း အဘိုးအိုကြီးတစ်ယောက်ကို သတိရလို့လာတွေ့တာတော့ မဖြစ်နိုင်ဘူး"

"ကျွန်တော် ခင်ဗျားဆီက အကူအညီတောင်းစရာရှိလို့"

"ခင်ဗျားက ကျုပ်ဆီကအကူအညီလိုတယ်....ဟုတ်လား ဘာအကူအညီလဲ"

"ကျွန်တော် ဆွန်တာရာကိုတွေ့ချင်တယ်"

ဘာရီးဗစ်ကပြောလိုက်သည်။

အဘူဟာဆင်က ဘာမျှမပြောဘဲ ဘာရီးဗစ်ကိုစိုက်ကြည့်နေသည်။

ထိုနောက် သူသည် ကုလားထိုင်မှထကာ ကော်ဖီအိုးရှိရာသို့ လျှောက်သွားသည်။ ပြီးတော့ ခွက်နှစ်ခွက်နှင့်ထည့်ယူလာပြီး တစ်ခွက်ကို ဧည့်သည်ရှေ့တွင် ချပေးလိုက်သည်။

"ဆွန်တာရာဘယ်ရောက်နေတယ်ဆိုတာ ကျုပ်မသိဘူးဗျ"

ပြန်ထိုင်လိုက်ရင် သူကပြောလိုက်သည်။

"ခင်ဗျားသိမယ်လို့ ကျွန်တော်တို့က ထင်နေတာ"

"ကျွန်တော်တို့....ဟုတ်လား"

"ဗိုလ်ချုပ်ကြီးကောဇလေဘ့်နဲ့ ကျွန်တော်လေ"

"ခင်ဗျားတို့က ဘာလို့သူ့ကိုတွေ့ချင်ရတာလဲ"

ဘာရီးဗစ်က အဘူဟာဆင်ကိုကြည့်နေရင်း ကော်ဖီကို တစ်ကျိုက်သောက်လိုက်သည်။

အာရပ်ကြီးက သူ့အပြောကိုစောင့်နေ၏။

"သူ့မှာ သိပ်အန္တရာယ်များတဲ့ လက်နက်တစ်မျိုးရှိနေတယ်၊ အဲဒါကိုပြန်ယူရမယ်"



အဘူဟာဆင်က ဘာရီးဗစ်ကို မျက်လုံးစင်း၍ကြည့်လိုက် ...း....

"အဲဒီလက်နက်ကို သူသုံးလိုက်ပြီလား"

"သုံးလိုက်ပြီ၊ အပြစ်မဲ့တဲ့လူတွေအပေါ် သုံးလိုက်တာ၊ ...ကိုမတားနိုင်ရင် တစ်ကမ္ဘာလုံး ဒုက္ခရောက်အောင် သူလုပ် ...နိုင်မယ်"

"အပြစ်မဲ့တဲ့လူဆိုတာ မရှိပါဘူး"

အဘူဟာဆင်က ပြန်ပြောလိုက်သည်။

"တော်လှန်ရေး အတွေးအခေါ်တွေ မပြောင်းချင်ဘူးဗျာ၊ ...မှာရှိတဲ့လက်နက်ဟာ ကမ္ဘာကြီးကို ဘယ်တုန်းကမှ မဖြစ် ...းလောက်အောင် ပျက်စီးစေနိုင်တဲ့လက်နက်ပါ၊ ကမ္ဘာကြီး ...က်စီးမှာကိုတော့ ဘယ်သူမှ မလိုလားကြဘူး၊ ဒါလောက်ဆို ...ခင်ဗျားသိလောက်ပါပြီ၊ သူက နိုင်ငံရေးရည်ရွယ်ချက်နဲ့ ...လက်နက်ကိုသုံးတာမဟုတ်ဘူးဗျ၊ ဒီလက်နက်ကိုသုံးတာဟာ ...မှာ ကမ္ဘာ့စီးပွားရေးကို ပျက်စီးအောင်ကလဲ့ပြီး တခြား ...ရည်ရွယ်ချက်မှမရှိဘူး၊ သူ အဲဒီလိုလုပ်လိုက်ရင် အနာဂတ် ... ခင်ဗျား ကယ်တင်ချင်ပါတယ်ဆိုတဲ့ ကလေးတွေလဲ ခံကြ ...မဲ၊ ဘာမှအကျိုးရှိဖို့မမြင်ဘူး"

"ဘာလက်နက်မို့လဲ"

"အဏုဇီဝ ရုပ်ပစ္စည်းတွေပါ၊ အဲဒီပစ္စည်းတွေဟာ ရေနံ ...ဘာတွေကို အဖတ်ဆယ်လို့မရအောင်ကို ပျက်စီးကုန် ...ဲ့ပစ္စည်းတွေ"

အဘူဟာဆင် မျက်မှောင်များ ကြုတ်လိုက်သည်။ ဘာရီး ...ဘပင်ဆက်၍....

"ကျွန်တော်ပြောရဲပါတယ်၊ ခင်ဗျားသင်ပေးတဲ့အထဲမှာ ဖျက်ဆီးရှုံသက်သက်လုပ်ရမယ်ဆိုတာမျိုး မပါဘူး၊ သူ အခု လုပ်မှာက အဲဒီလိုအဖျက်သက်သက်မျိုး"

"သူက ဘာတောင်းဆိုတာလဲ"

"ဘာကိုမှမတောင်းဆိုဘူး"

အဘူဟာဆင်က မေးစေ့ကိုလက်နှင့်ပွတ်လိုက်ပြီး....

"မတောင်းရသေးတာ ဖြစ်ပါလိမ့်မယ်"

"သူ ဘာမှတောင်းမှာလဲမဟုတ်ဘူး၊ နောက်ပြီး သူ့ကို ကူညီခဲ့တဲ့လူတွေကိုလဲ သူ သစ္စာဖောက်ပြီး သတ်ပင်တယ်"

"ဆွန်တာရာဟာ ကိုယ့်လူကို ဘယ်တော့မှသစ္စာမဖောက် ဘူး"

"လုပ်ခဲ့ပြီပဲဗျာ၊ သူ့စီမံကိန်းထဲမှာပါတဲ့ လူမှန်သမျှ အကုန် လုံး သူ သတ်ပစ်ပြီးပြီ"

"အကုန်လုံးဆိုတာ ဘယ်သူတွေလဲ"

"ဘာဘာရန်းရယ်၊ စတြွာဇာရယ်၊ ဂျပုကိုလဲ ပဲရစ်မှာ သတ်လိုက်တယ်"

အာရပ်ကြီးက ဘရီးဗစ်ဆက်အပြောကို နားထောင်နေ သည်။

"နောက်ပြီး သူက ကမဲကိုတောင် သတ်ပစ်လိုက်တယ်"

အဘူဟာဆင်၏မျက်လုံးများ ဦးခေါင်းထဲသို့ ပြန်ဝင်သွား သည်ဟု ထင်လိုက်ရသည်။

"က....က....ကမဲ....ဟုတ်လား"

"ဟုတ်တယ်၊ ပဲရစ်မှာလေ"

"ကျုပ်....ကျုပ်သား....ဘယ်လိုသေရတာလဲဗျာ"



အာရပ်ကြီးက ပူဆွေးသံနှင့်မေးသည်။

"ဗုံးနဲ့ခွဲပြီး သတ်လိုက်တာ၊ ဆွန်တာရာ ကိုလံဘီယာနိုင်ငံ ...လူသုံးယောက်လောက်ကို သတ်လိုက်တဲ့ပုံစံအတိုင်းပဲ၊ သူ ...တော့ သူ့ကိုယ်သူ ကာကွယ်ဖို့ လူတိုင်းကို သစ္စာဖောက်မှာ ...ဒီကောင်ဟာ တော်လှန်ရေးစစ်သားတစ်ယောက် မဟုတ် ...တော့ဘူး၊ ကမ္ဘာကိုဖျက်ဆီးချင်တဲ့ လူရမ်းကားတစ်ယောက် ...လာနေပြီ၊ ဒီလိုဖျက်ဆီးနိုင်အောင်လဲ လုပ်ကိုလုပ်တော့ ...း ဒါကြောင့် ကျွန်တော်တို့ သူ့ကို အချိန်မီတားမှဖြစ်တော့ ...ယ်၊ ဒါကြောင့်လဲ ခင်ဗျားဆီကို အကူအညီလာတောင်းရ ...တာ၊ သူဟာ ခင်ဗျားသားကိုတောင် သတ်လိုက်ပြီ အဘူဟာ ...ဆင်၊ နောက်ထပ် ဘယ်သူ့မှ အသတ်ခံလို့မဖြစ်တော့ဘူး"

အဘူဟာဆင်၏ မျက်လုံးများ နီရဲလာပြီး မျက်ရည်များ ...နှင့် ပြည့်နေတော့သည်။ တစ်ယောက်တည်းသော ကျွန်တော့ ...သို့ သူ့သားကလေး ဆုံးပြီမဟုတ်လော။

ထိုနောက် သူသည် ထိုင်ရာမှထကာ ပြတင်းပေါက်ဆီသို့ ...လျှောက်သွားပြီး ခေါင်းကို ငိုက်စိုက်ချ၍ ရပ်နေသည်။

"ကျုပ်ကို ခွင့်ပြုပါ၊ ကျုပ် အလာအရှင်မြတ်ကို ဝတ်ပြု ...မယ်"

ကြေကွဲသံကြီးနှင့် အဘူဟာဆင်က ပြောလိုက်သည်။

"ခင်ဗျား ကျွန်တော်တို့ကို ကူညီမှာလား"

ဘရီးဗစ်က မေးလိုက်သည်။

အဘူဟာဆင်က ဘာမျှမပြော။

ဘရီးဗစ်က တစ်မိနစ်ခန့် စောင့်နေလိုက်ပြီး နောက်တစ် ကြိမ် ထပ်မေးသည်။

"ခင်ဗျား ကျွန်တော်တို့ကို ကူညီမှာလား အတူဟာ့ဆင်"

"အလာရှင်မြတ်ရဲ့ လမ်းညွှန်မှုကို ခံယူပြီးမှ ကျွန်တော် အဖြေပေးနိုင်မယ်"

ဘုရီးပစ်က ကုလားထိုင်မှ ထလိုက်ပြီး....

"ကျွန်တော် အပြင်ထွက်ပေးပါ့မယ်၊ ကျွန်တော်စောင့်နေမယ်၊ ခင်ဗျား ဘယ်လိုအဖြေမျိုးပဲပေးပေး ကျွန်တော် နားလည်နိုင်ပါတယ်ဗျာ"

*

**မော်လ်တာ**

မော်လ်တာကျွန်း၏ မြို့တော် ဗော်လက်တာကို ကောင်းကင်မှကြည့်တော့ သိပ် ထင်ထင်ရှားရှား မရှိလှ။ လူကာလေဆိပ်တွင် လေယာဉ်ဆင်းသက်ပြီးနောက် ဂရမ်းသင်္ဘောဆိပ်ကို ဖြတ်လာမိတော့မှ ကွင်း မြို့ကို ကောင်းကောင်းမြင်ရတော့သည်။ ပထမမြင်စဉ်က ညစ်ပတ်မှောင်မည်းနေသည်ဟု ထင်လိုက်မိသည်။ ယခုမှ မိမိအထင် မှားကြောင်း သိလာရတော့သည်။ မြို့တွင် ဒေသထွက်ကျောက်တို့ဖြင့် လုပ်ထားသည့် တိုက်တာအဆောက်အအုံများမှာ နေရာလပ်မရှိအောင် ဆောက်ထားကြသည်။

မော်လ်တာနိုင်ငံ၏ ကူးသန်းရောင်းဝယ်ရေးမှာ သိပ်မကောင်းလှရကား အင်တယ်ထရေ့စ်အတွက် ဝင်လမ်းများ



ကို စောင့်ကြည့်ရန်မှာ လွယ်ကူနေသည်။ လေကြောင်းလမ်းက နှစ်လမ်းသာရှိ၍ အများအားဖြင့် ဥရောပ၊ တူးနစ်မြို့နှင့် ထရိပိုလီမြို့များမှ လာကြခြင်းသာ ရှိသည်။ စစ္စလီကျွန်း၊ ရက်ဂျီယိုကာလာဘရီးယားကျွန်းနှင့် ကာတားနီးယားကျွန်းတို့မှ ကူးတို့သင်္ဘောများနှင့် ရေကြောင်းလမ်းလည်းရှိသည်။ ပင်လယ်ကူးသင်္ဘောနှင့် အပျော်စီးသင်္ဘောများမှာလည်း မြို့၏ လေကွယ်ရာ နေရာအနှံ့အပြားၗ ဆိုက်ကပ်ထားကြသည်။

ဗော်လက်တာမြို့တွင် အသင့်အတင့် အိမ်တစ်လုံးကို ကွပ်ကဲရေးစခန်းအဖြစ် လုပ်လိုက်ကြသည်။ ထိုအိမ်ကြီးမှ ကြည့်လျှင် သင်္ဘောဆိပ်ကိုလည်း တွေ့နေရသည်။ ဝိတိုရိယကျွန်းဆွယ်ပေါ်ရှိ စိန့်အိန်ဂျယ်လိုရဲတိုက်ကြီးကိုလည်း မြင်နေရ၏။

ရေဒီယိုဆက်သွယ်ရေးလိုင်းများကို ပြင်ဆင်လိုက်ကြသည်။

အင်တယ်ထရေ့စ်မှာ အစ္စရေး ထောက်လှမ်းရေးအဖွဲ့နှင့် ပေါင်းထားသဖြင့် လူအင်အားလည်း များလှသည်။

မော်လ်တာနိုင်ငံမှာ လူဦးရေထူထပ်သည့်ပြင် နိုင်ငံခြား ကမ္ဘာလှည့်ခရီးသည်များကလည်း ရှိနေရာ ထောက်လှမ်းရသည်မှာ အခက်အခဲရှိနိုင်သည်။ ဂရီတာ ရောက်လာလျှင် သူမနောက်ကိုလည်း ကပ်ထောက်လှမ်းရမည်။ ဆွန်တာရာ လာသည်ကိုလည်း ကြည့်ရမည်။ နောက်ပြီး ဆိုဗီယက်တို့ကိုလည်း ကြည့်ထားရဦးမည်။ ယင်းမှာ အတော်ရှုပ်ထွေးမည့်ကိစ္စဖြစ်သော်လည်း အီလီယာက ပဲရစ်မြို့မှ ကောင်းစွာ ကိုင်တွယ်ထိန်းသိမ်းပေးနိုင်ပေမည်။ သူက ပဲရစ်တွင်နေ၍ အမေရိကနှင့် မော်လ်တာနိုင်ငံတို့အကြား ပေါင်းကူးဆက်သွယ်ပေးမည်လည်း ဖြစ်သည်။

သူတို့ယူထားသည့် အိမ်ကြီးမှာ စစ်ဌာနချုပ်ကြီးတစ်ခုနှင့် တူနေသည်။ နံရံတိုင်းတွင် မြို့မြေပုံတွေ၊ ကားချပ်တွေနှင့် ပြည့်နေတော့၏။ စားပွဲများပေါ်တွင်လည်း မြေပုံကားချပ်တွေ၊ တယ်လီဖုန်းတွေနှင့် ရှုပ်နေတော့သည်။ မှန်ပြောင်းတွေကိုလည်း သေတ်ာဆိပ်အား မြင်နိုင်မည့် ပြတင်းပေါက်ဘက်၌ အသင့်ဆင်ထားကြသည်။ ခေတ်မီ အသံဖမ်း ကိရိယာများကလည်း အသင့်။

ဂရိတာကို သိပ်မစောင့်လိုက်ရ။ ပထမဆုံးနေ့မှာပင် သူမ ရောမမြို့မှတစ်ဆင့် ရောက်လာသည်။ သူမက အချိန်တိကျသည်။ ပြီးတော့ ကိုယ်ဝန်ကလည်း အရင့်အမာနှင့်။

လူကာ မေလဆိပ်တွင် ရိုက်လာသည့် သူမ ဓာတ်ပုံကိုကြည့်၍ ကွင်းက....

"ကျွန်တော်တို့ ဒါကို ထည့်မတွက်မိဘူးနော်၊ သူ့မှာ ကိုယ်ဝန်တောင် အတော်လေးရင့်နေပြီပဲ"

"မြွေဆိုးဆိုတာ ဗီးရှိတယ်ဆိုပြီး အဆိပ်လျှော့သွားတယ်လို့ မပြောနိုင်ဘူး၊ ဒါကြောင့်တော့ ရည်မှန်းချက် ပျက်မသွားစေနဲ့"

ဆင်မာမန်းက ကရုဏာစိတ်တွေ ပေါ်လာမည်စိုး၍ သတိပေးလိုက်သည်။

ကွင်းက ခေါင်းညိတ်လိုက်သည်။ မျက်လုံးများကတော့ ဓာတ်ပုံတွင်သာ ရှိနေ၏။

"သူ ကျွန်းစွယ်ထိပ်က အိမ်တစ်လုံးကို ရှာပြီးနေတယ်၊ ထောက်လှမ်းရေးအဖွဲ့ တွေကိုလဲ နေရာချထားပြီးပြီ၊ သူ အိမ်ထဲက ထွက်တာနဲ့ လျှပ်စစ် ထောက်လှမ်းရေးကိရိယာတွေ ဝင်



ဘဲလိုက်မယ်၊ သူ လမ်းပေါ်ကို ရောက်တာနဲ့ နောက်ကနေ ပဲ အမြဲလိုက်ကြည့်နေဖို့ လုပ်ထားတယ်၊ ဆွန်တာရာ သူ့ကို အကြောင်းကြားချင်တဲ့အခါ တစ်ဆင့် ဆက်သွယ်တဲ့နေရာတွေ ရှိချင်ရှိမှာ၊ ဆွန်တာရာက အင်မတန် စေ့စပ်တာ"

ဆင်မာမန်းက သတင်းပို့နေသည်။

"ကျွန်းပေါ်ကို ဆွန်တာရာ ရောက်လာရင်သူ့ကိုတွေ့နိုင်မယ့် အခြေအနေရှိမလား"

ဝိတ်လောက မေးသည်။

ရယ်လင်နာက....

"သူ ပုံမှန်လမ်းကြောင်းကတော့ လာမှာမဟုတ်ဘူး၊ အင်ဘယ်ထရေ စ်က ရေကြောင်းဝင်လမ်းတွေကို ဘယ်လောက်ပဲ စောင့်ကြည့်နေနေ တခြားရေလမ်းတွေလဲ ရာနဲ့ချီပြီး ရှိနေ ဘယ်၊ အဲဒီလမ်းတွေက ဝင်လာရင် ဘယ်လိုမှ သိနိုင်မှာမဟုတ် ဘူး၊ သူက လေယာဉ်နဲ့ ဂိုဇိုကျွန်း သို့မဟုတ် ကွမ်မိနိုကျွန်းမှာ ဆင်းလိမ့်မယ်၊ အဲဒီကနေ မော်တော်ဘုတ်ကလေးနဲ့ လာရင် ဘယ်ကဝင်ဝင် အသာလေးရယ်"

ဆင်မာမန်းကလည်း ထပ်၍....

"ဂရိတာကို သူ သတိပေးချင်လဲ ပေးလိမ့်မယ်၊ ကျုပ်တို့ ဒီမှာရှိနေတယ်ဆိုတာ သူသိနေမှာ၊ ဒါကြောင့် သူ သိပ်သတိထားလိမ့်မယ်၊ လူကိုယ်တိုင် ဝင်လာဖို့ဆိုတာကတော့ သူ့ရဲ့ နောက်ဆုံးအခြေအနေပဲ၊ ဟိုမိန်းမကို လွတ်မသွားအောင် ကျွန်တော်တို့ စောင့်ကြည့်နေရမယ်၊ အဲဒါဆိုရင် ဆွန်တာရာ ပုန်းနေရာက ထွက်လာပြီး ဂရိတာကို လာကယ်မှာပဲ"

"သူ လာပါ့မလား"

ဝိတ်လောက မေးသည်။

ဆင်မာမန်းက ပြုံး၍ စီးကရက်ကို ဖွာရှိုက်လိုက်ရင်း...

"လာမှာပါ"

*

ညနေစောင်းလောက်တွင် ဂရီတာ လက်ကိုင်အိတ်ကလေး တစ်လုံးကိုလွယ်၍ အိမ်ထဲမှထွက်လာသည်။ ထောက်လှမ်းရေး အတွင်းစည်းကို သူမ ကျော်သည်နှင့် လျှပ်စစ်အဖွဲ့က သူမ အိမ်ထဲသို့ဝင်ကာ လိုအပ်သည့်ထောက်လှမ်းရေး ကိရိယာ များကို တပ်ဆင်သည်။ သူမ ပစ္စည်းများကိုလည်း ရှာဖွေ၍ နေသားတကျပြန်ထားခဲ့၏။

ကင်မရာအဖွဲ့က သူမ နောက်သို့လိုက်၍ ဓာတ်ပုံ ရာပေါင်း များစွာ ရိုက်နေသည်။ ပါစီဂါတာခေါ် မော်လ်ကာလူမျိုး တို့၏ နေရောင်အောက် စီတန်းလှည့်လည်ပွဲကိုလာရောက်ကြည့် ရှုသူများကြောင့် ထောက်လှမ်းရေးအဖွဲ့ အသားများအတွက် အကာအကွယ်ရနေသည်။ ခရစ္စမတ်နေ့ရောက်ရန် နှစ်ညသာ လိုတော့သည်မို့ ထိုပွဲတော်သည်အလွန်စည်သည်။ လူတိုင်း အိမ် တွင်မရှိကြ။

နှစ်နာရီလောက် ဂရီတာ လှည့်လည်ကြည့်ရှု ဝယ်ခြမ်းပြီး နောက် ပစ္စည်းအိတ်နှစ်လုံးနှင့် ပြန်လာသည်။ သူမ ညနေစာ စီစဉ်စားသောက်ပြီး ညနေပိုင်းတွင် စာဖတ်ကာ အချိန်ဖြုန်း



ခဲ့သည်။ သူမ၏ လှုပ်ရှားမှုမှန်သမျှကိုလည်း ကိရိယာများဖြင့် အနီးကပ် ထောက်လှမ်းနိုင်ခဲ့သည်။

ညတက်ကျတော့ ဆင်မာမန်း..ာ ဓာတ်ပုံများကို ကြည့်ရှု သည်။ အခြားမျက်နှာများကို လိုက်ကြည့်သည်၊ သူမရပ်သ..့ နေရာများကို မြေပုံပေါ်တွင် ထောက်ကြည့် မှတ်သားသည်။ သူမသွားသည့်လမ်းကြောင်းကိုလည်း နောက်တစ်နေ့ သူမ သပ်သွားလျှင် ထိုလမ်းကြောင်းအတိုင်း သွားမသွား သိရန် ..်သားထားသည်။ ကူးတို့ဆိပ်နှင့် လေဆိပ်များတွင် ရိုက်ကူး ခဲ့သည့် အခြားဓာတ်ပုံများကိုလည်း လိုက်ကြည့်ပြန်သည်။ သူးခြားသည့် ဓာတ်ပုံများကို ဘုတ်ပြားပေါ်တွင် ကပ်ထား ..ိုက်၏။

နောက်တစ်နေ့နံနက်ကျတော့ မိမိ တွေ့ရှိ ချက် များ ကို အခြားသူများအား ပြောပြသည်။

ဘုတ်ပြားရှေ့တွင် ရောက်ရှိနေသော အဖွဲ့အား သူက....

"ဒီဓာတ်ပုံတွေထဲက မျက်နှာတွေကို သေသေချာချာ ကြည့်၊ ဒီကောင်တွေ ဆိုဗီယက်တွေ၊ အားသုံး ဂျီအာရ်ယူ ထောက်လှမ်းရေးတွေချည်းပဲ"

ကြည့်လိုက်သည်နှင့် တိုဗန်နင်ကို ကွင်း တွေ့လိုက်ရသည်။ ဆိုဗီယက်တို့ အင်နှင့်အားနှင့် ရောက်နေကြပါပကော။

ဆင်မာမန်းက ဆက်၍....

"ဂရီတာ အိမ်ကိုလဲ သူတို့ စောင့်ကြည့်နေကြတယ်၊ သူတို့ လှုပ်ရှားမှုတွေကိုလဲ ကျွန်တော်တို့ စောင့်ကြည့် ထောက်လှမ်း သားရမယ်၊ သူတို့ ဘာလုပ်လုပ် ကျွန်တော်တို့ကလဲ အမြန် လုပ်နိုင်အောင် ပြင်ထားရမယ်၊ သူတို့ရဲ့ရည်ရွယ်ချက်က ကျွန်

တော်တို့ရည်ရွယ်ချက်နဲ့ အတူတူပဲ၊ မျှားဖြေ ထားတဲ့အတိုင်း ဆွန်တာရာ စောစောရောက်မလာဘူးဆိုရင် ဂရီတာကို သူတို့ ဖမ်းသွားဖို့ ကြိုးစားကြလိမ့်မယ်၊ သူတို့လုပ်တာ အောင်မြင် သွားရင် ကျုပ်တို့အခွင့်အရေးဆုံးရှုံးတာပဲ၊ သူတို့ ဂရီတာကို ဒီကျွန်းကနေ တခြား သူတို့ထိန်းသိမ်းထားလို့ရမယ့်နေရာမှာ ထားလိမ့်မယ်၊ အဲဒီလို အခြေအနေမျိုးဆိုရင် ကျုပ်တို့ လုပ် ရကိုင်ရ သိပ်ခက်သွားမယ်၊ အခု လောလောဆယ်မှာ ကျုပ် တို့ အသာစီးရနေတော့ ဒါကို သူတို့ကပြောင်းပြန်ဖြစ်အောင် လုပ်ကြမှာ''

''ဘယ်လောက်ကြာအောင် သူတို့ စောင့်မယ်ထင်သလဲ''

ဝိဘ်လော ဂ မေးသည်။

''သိပ်ကြာမှာ မဟုတ်ဘူး၊ သုံးရက်လောက်ပဲ''

''ဂရီတာကို ဖမ်းသွားမယ်ဆိုရင် ဒီ အော်ပရေးရှင်းကြီး တစ်ခုလုံးကို သူတို့ ဖျက်ဆီးပစ်လိုက်တာနဲ့ အတူတူပဲ''

ကွင်းက ပြောလိုက်သည်။

''ပျက်စီးသွားတာက ကျုပ်တို့အော်ပရေးရှင်းပါ၊ သူတို့ ဒီလိုလုပ်လို့ အောင်မြင်သွားမယ်ဆိုရင် ပဲရစ်မှာတုန်းက ခင် ဗျားလုပ်သလို သူတို့ ဆွန်တာရာဆီကို အကြောင်းကြားလိမ့် မယ်၊ ကျုပ်တို့ထိန်းထားနိုင်တဲ့ အခနအထားကနေ သူတို့ လက်ကို ရောက်သွားသလိုဖြစ်သွားမယ်''

ရယ်လင်နာက ဝင်၍...

''ကျွန်မတို့ ဒီလိုတော့ အဖြစ်ခံလို့ မဖြစ်ဘူး၊ ဆဲယားရွာ တုန်းကလဲ ဆိုဗီယက်တွေ ဝင်ရှုပ်လို့ပဲ ဆွန်တာရာကို ကျွန်မတို့ လက်လွှတ်ခဲ့ရတယ်၊ ဒီ သောက်ရှူး ကို မိ ဖို့ မော်လ်ဘာဟာ



ကျွန်မတို့ရဲ့ နောက်ဆုံးအခွင့်အရေးပဲ၊ ဒီတစ်ခါတော့ ကျွန်မ အလွှတ်မခံနိုင်ဘူး''

''ဒီလောက်လူထူတဲ့ နေရာမှာ ဆဲယားရွာလို ဖြစ်သွားနိုင် သေးတယ်''

ဝိတ်လောကဆို၏။

ကွင်းက....

''ဆဲယားရွာမှာတုန်းက ဒီကောင်တွေ လာမယ်ဆိုတာကို မမျှော်လင့်ခဲ့ပေမယ့် ဒီမှာတော့ ကြိုတင်သိထားတာပဲ''

''ဆိုဗီယက်တွေကို ကျွန်တော်တို့ စေ့စေ့စပ်စပ် စောင့် ကြည့်နေတယ်၊ အချိန်ပဲ အရေးကြီးတယ်၊ ဒီကောင်တွေရဲ့ ရည်ရွက်ချက်ကိုသိအောင်အမြဲကြည့်နေရမယ်''

ဆင်မာမန်းက ပြောလိုက်သည်။

''သူတို့ လှုပ်ရှားလာပြီဆိုရင်ရော''

ဝိတ်လောက မေးသည်။

''ဒီကောင်တွေအရင် ကျုပ်တို့ ဂရီတာကို ဖမ်းရမှာပေါ့''

''ဒါဆို မော်လ်တာ မှာ ကျွန်တော်တို့ ရည်ရွယ်ချက် အောင်မြင်ဘူးပေါ့''

''ဟုတ်တယ်....ဒါပေမယ့် ကျုပ်တို့ ဒီမိန်းမကိုရထားလိုက် ာယ်လေ''

ဆင်မာမန်းက ပြောနေသည်။

''ဆွန်တာရာကတော့ ဘယ်တော့မှ ညှိနှိုင်းလို့ ရမှာမဟုတ် ဘူး''

ကွင်းက ဝင်ပြောလိုက်၏။

"ဟုတ်တယ်။ ဒါပေမယ့် သူ့ကို တခြားနည်းနဲ့ ဆွဲယူရမယ်၊ ခက်တော့ခက်မယ်၊ ရနိုင်တယ်၊ ဂရီတာ ကျုပ်တို့လက်ထဲမှာ ရှိနေဖို့ပဲလိုတယ်၊ ဂရီတာကို ဆိုဗီယက်တွေသာ ဖမ်းသွားရင်တော့ ကျုပ်တို့ မျှော်လင့်ချက် မရှိတော့ဘူး"

ကွင်းက အခိုင်အမာဆုံးဖြတ်ထားဟန်ရှိသော ရယ်လင်နာကိုကြည့်လိုက်သည်။ ပါပါါဆုံးရှုံးသွားရမှုကြောင့် ဖြစ်နေရသော သောကရိပ်တွေ သူမမျက်နှာပေါ်တွင် တွေ့နေရဆဲ။ မိမိသူမနှင့် တစ်ညအတူနေပေးလိုက်ခြင်းသည် သူမအတွက် အားဆေးတစ်ခွက်ဖြစ်ခဲ့သည်။ နောက်တစ်နေ့နံနက်ကျတော့ သူမမှာ တိုက်ပွဲဝင်တော့မည့် စစ်သားကောင်းတစ်ယောက်အသွင် ပြန်ဖြစ်လာသည်။ သူမမှာ ဆွန်ဘာရာကို မည်သည့်နည်းနှင့်မဆို အနိုင်တိုက်မည့်ပုံ။

"ဒါဆို ကျွန်တော်တို့ ဒီလိုတော့အဖြစ်မခံနိုင်ဘူး"

ရယ်လင်နာ ပြောခဲ့သောစကားကို ကွင်းပြန်ပြောလိုက်သည်။

*

ခရစ္စမတ်အကြိုနေ့ နံနက်ပိုင်းက မော်လ်တာကျွန်းပေါ်၌ ကောင်းကင်မှာ လင်းလက်ကြည်လင်နေ၏။ ဂရီတာမှာ နေရောင်နှင့်အပူချိန် ခြောက်ဆယ်ဒီဂရီ ရာသီဥတုကိုခံစားရန် အိမ်မှထွက်လာခဲ့သည်။ ထောက်လှမ်းရေး အဖွဲ့များကတော့ ခါတိုင်းလို အလုပ်များလျက်ရှိ၏။



ဂရီတာက ဘတ်စ်ကားဖြင့် ပအိုလာမြို့သို့ လာခဲ့သည်။ လူ ...သောကားပေါ်တွင် အင်တယ်ထရေ့စ်အဖွဲ့နှစ်ဖွဲ့ ပါလာ ...သည်။ ကျန်အဖွဲ့သုံးဖွဲ့ကလည်း နောက်မှ ကားများဖြင့် တစ် ...သွယ်စီပြောင်း၍ လိုက်နေသည်။

ကမ္ဘာလှည့်များကိုပို့သည့် ဘတ်စ်ကားက ဟစ်ပိုဂျီယံသို့ ...ာမဆုံးပို့သည်။ ယင်းမှာ ကမ္ဘာပေါ်၌တစ်ခုတည်းသော ထူး ...ခြန်းသည့် ကြေးနီခေတ် ဘုရားရှိခိုးကျောင်းတစ်ခု ဖြစ်သည်။ ...ကျောက်တောင်ကြီးကို ထွင်းဖောက်တည်ဆောက်ထားခြင်း ...ဖြစ်၏။

ကွင်းနှင့် ရယ်လင်နာတို့သည် ကမ္ဘာလှည့်ခရီးသည်အုပ်စု ...နှင့်အတူ ဟစ်ပိုဂျီယံဘုရားကျောင်းထဲသို့ ဝင်လိုက်လာခဲ့ ...သည်။ သူတို့နှစ်ယောက်မှာ အားလပ်ရက်လျှောက်လည်သော ...သူနှစ်ယောက်ပမာ လက်ချင်းချိတ်၍လာနေကြ၏။ သူတို့ကို ...ဘာမြင်ဖူးသည်လည်း မဟုတ်။ ဒုတိယအဖွဲ့ကလည်း လူ ...အုပ်ထဲတွင်ရော၍ လိုက်လာနေသည်။ ဆင်မာမန်းပြသော ...ဓာတ်ပုံများကို ကြည့်ထားသည်မို့ လူအုပ်ထဲတွင် ဆိုဗီယက် ...ယောက်ကိုလည်း ကွင်းတွေ့နေရသည်။ သူတို့ကလည်း မျက် ...ခြည်ပြတ်မခံ။

ကမ္ဘာလှည့်လူအုပ်ကြီးမှာ ကျောင်းတော်အတွင်း ကမ္ဘာ ...လှည့်လမ်းပြနောက်မှ လိုက်နေကြ၏။ ကမ္ဘာလှည့်လမ်းပြက ...လည်း ဟစ်ပိုဂျီယံနှင့်ပတ်သက်သည်များကို ရှင်းပြနေသည်။

"ဒီနေရာမှာ ဝတ်ပြုသူတွေ ဗျာဒိတ်တော်ကို ကြားခဲ့ရတာ ...ါ"

ကွင်းက သူပြောသည်ကို အာရုံစိုက်နားထောင်နေဟန်ဖြင့် ဂရိတာကို တစ်ချက်တစ်ချက် လှမ်းကြည့်နေသည်။

"တိတ်တိတ်နေ၊ သေသေချာချာ နားထောင်ကြည့်ကြ"

လမ်းပြက ကမ္ဘာလှည့်တို့ကို ပြောပြနေသည်။

လမ်းပြသည် ကမ္ဘာလှည့်များနှင့် ခပ်လှမ်းလှမ်းရှိ နံရံတစ်ခုသို့ လျှောက်သွားပြီး အပေါက်တစ်ခုတွင် တစ်စုံတစ်ရာပြောလိုက်သည်။ သူ့အသံမှာ လေးဖက်လေးတန်မှ ဂဲ့ယံလောင်စွာပြန်တက်လာသည်။ တွန့်ခေါက်သော မျက်နှာကြက်များ လိုဏ်ခေါင်းဝှက်များကို ရိုက်ခတ်လာသော သူ့အသံကြီးမှာ လူသံနှင့်မတူတော့။ အခြားကမ္ဘာမှလာသည့်အသံကြီးနှင့်သာ တူနေတော့သည်။

"အင်မတန်ရိုးသားတဲ့ ရှေးခေတ်လူသားတစ်ယောက်ဟာ ဒီနေရာမှာ မှောင်မှောင်မည်းမည်းနဲ့၊ ဒါမှမဟုတ် မီးအိမ်ကလေးရဲ့ အလင်းရောင်ကလေးလောက်နဲ့ ရပ်နေပြီး ဗျာဒိတ်တော်ကို ကြားလိုက်ရမယ်ဆိုရင် ဘယ်လိုနေမလဲ စဉ်းစားကြည့်ကြစမ်းပါ"

ကွင်းက ဂရိတာကို ခပ်လှမ်းလှမ်းမှ လှမ်းကြည့်နေသည်။ လမ်းပြရှင်းပြနေသည်ကို သူမ စိတ်ဝင်စားဟန်မရှိ။ အခြ ထဲတွင် ဟိုဟိုသည်သည် လိုက်ရှာနေဟန်ရှိသည်။

ဘိက္ခုတွေ သည်နေရာတွင် မည်သို့အိပ်စက်ကြသည်ကို ရှင်းပြရင်းသွားနေသော လမ်းပြနောက်သို့ လိုက်လာကြရင်း ကွင်းနှင့်ရယ်လင်နာက ဂရိတာနောက်နားမှ ကပ်လိုက်လာသည်။

လမ်းပြက နောက်သို့လှည့်၍ပြောလိုက်ရင်း နံရံပေါ်မှ အပေါက်တစ်ပေါက်တွင် တစ်စုံတစ်ရာပြောလိုက်ပြန်သည်။ သူ့



သံနှင့်မတူသော အသံကြီးတစ်သံ ပြန်ပေါ်လာပြန်သည်။ ထိုအသံပြန်ပေါ်လာသည့်အချိန်တွင် အခြားသောအသံများကို ည်း ရောထွေးကြားလိုက်ရ၏။

ဂရိတာ၏ခေါင်းမှာ တစ်နေရာသို့ လှည့်ကြည့်လိုက်ပြီး က်လုံးကို အားယူ၍ကြည့်နေသည်။ သူမခန္ဓာကိုယ်မှာလည်း ခြားစွာလှုပ်ရှားသွားသည်။

ရယ်လင်နာက ကွင်း၏လက်မောင်းကို ဖျစ်လိုက်ပြီး....

"သူရောက်နေပြီ"

သူမက တီးတိုးပြောလိုက်သည်။

ကွင်းက သူမမျက်နှာကို သေသေချာချာကြည့်လိုက်ပြီး....

"သေချာရဲ့လား"

ယ်လင်နာသည် လူတွေ၏မျက်နှာများကို လိုက်ကြည့်နေပြီး....

"သူ ဂရိတာကို အာရပ်လိုပြောလိုက်တယ်၊ မကြားလိုက် းလား"

"ကြားတော့ကြားလိုက်တယ်၊ ဘာမှန်းတော့ မသိလိုက် း"

"ဒီကနေ ချက်ချင်းထွက်သွားလို့ ပြောလိုက်တာ"

ရယ်လင်နာကပြောပြီး ကွင်း၏လက်ကိုလွှတ်ကာ လူအုပ် င် တိုးဝင်သွားနေသည်။ သူမလက်ကလည်း အပေါ် ံ့အိတ်ထဲသို့ လက်နှိုက်ထားပြီး သေနတ်ကိုကိုင်ထားသည်။

ရယ်လင်နာက အခြားမိမိတို့အဖွဲ့ကို မျက်ရိပ်ပြလိုက်သည် င် ထိုအဖွဲ့ကလည်း ချက်ချင်းသဘောပေါက်ကာ လူစုခွဲ၍ အုပ်ထဲတွင် လိုက်ရှာနေသည်။ သည်လူတွေထဲတွင် ဆွန်တာ ရုပ်ဖျက်ကာ ရှိနေရမည်။

လမ်းပြုကြ ကျန်အခန်းများကို လိုက်ပြနေစဉ် ဂရိတာသည် လမ်းပြအနီးတွင်ကပ်၍ လမ်းပြကို အကာအကွယ်ယူနေ သည်။

ကွင်းနှင့်ရယ်လင်နာတို့က နောက်တွင်ကျန်နေခဲ့စဉ် အဖွဲ့သားတို့က အခန်းများတွင် လိုက်ရှာနေသည်။ အခန်းများတွင် သူရှိနေလျှင်တော့ ကိုယ်ပျောက်နေ၍သာ မည်။

ရှာလိုက်ရသည်မှာ ဖတ်ဖတ်သာမော၍ အကျိုးမရှိခဲ့။ ကြောင့် လူအုပ်နောက်သို့ လိုက်သွားပြီး ကျန်နေသည့်အခ များကို လူအုပ်ကိုကျော်ကာ လိုက်ရှာနေသည်။

ဘုရားကျောင်းထဲမှထွက်လာတော့ ဂရိတာမှာ လမ်း အနီးတွင်ကပ်နေသည်။ ကားပေါ်ရောက်တော့လည်း သူ လမ်းပြဘေးတွင်ပင်ထိုင်သည်။ ဘတ်စ်ကားထဲမှလူတွေ၏မျ နှာကို လိုက်ကြည့်ရင်း သူမမျက်နှာ ဖြူရော်နေသည်။

ကွင်းနှင့်သူ့လူများကို ဘုရားကျောင်းထဲတွင် ကျန်ခ ကြသည်။ ဒုတိယကမ္ဘာလှည့်အသုတ်လာလျှင် ဘုရားကျော ထဲသို့ နောက်တစ်ကြိမ် ထပ်ရှာရန်ဖြစ်သည်။ ဆွန်တာရ ကိုရှောင်ပြီး ဒုတိယကမ္ဘာလှည့်အသုတ်နှင့် ရော၍ထွက်လာ သည်။

ဒုတိယအကြိမ်ရှာတော့လည်း ပထမတစ်ကြိမ်လိုပင် အ မထင်ခဲ့။ ဆွန်တာရာတစ်ယောက် ပျောက်ချက်သားကော နေပြန်သည်။

*



ကွင်းသည် မိမိတို့နေရာယူထားသည့် အိမ်ကြီး၏လသာ ဆောင်မှ ဂရင်းသတော်ဆိပ်ကမ်းကို လှမ်းကြည့်နေသည်။ သူ့ ဘိတ်တွေက ညစ်ညူးနေသည်။ အပြင်တွင်တော့ မီးကျည်မီး း များ လွှတ်ဖောက်နေသည်ကို သင်္ဘောဆိပ်ဟိုမှာဘက်တွင် တွေ့နေရ၏။ ကောင်းကင်တစ်ပြင်လုံးတွင်လည်း ငွေရောင်၊ နှံ့ရောင်၊ အပြာရောင် မီးပန်းရောင်စုံတို့ဖြင့် ထွန်းလင်း နေသည်။

မီးရောင်စုံဖြင့်ခြယ်သထားသည့် လှေကလေးများကြောင့် လည်း ရေပြင်ပေါ်တွင် လင်းလက်လျက် ရှိနေ၏။

သည်လိုညဘက် လင်းထိန်နေသည်များကို သူမြင်ခဲ့ဖူး သည်။ သို့သော် ထိုသည်က ဗီယက်နမ်စစ်ပွဲများဖြစ်သည်။ ထို ကတော့ ယခုလို ပျော်စရာပါးစရာမဟုတ်။ ကြောက်စရာ လန့်စရာများချည်း။

ဆဲယားရွာတွင် မအောင်မြင်ခဲ့ရသည်ကိုလည်း စိတ်ထဲတွင် သည်တွေးမိလာသည်။ တိတ်ဆိတ်အေးချမ်းသည့် ရွာ ကလေးမှာ ရက်ခြည်းကြောက်စရာ လန့်စရာတွေဖြစ်ခဲ့ရသည်။ ရလည်း ထိုသို့ဖြစ်ကုန်လေမည်လားမသိ။ အနီးအနားတွင် ဘာရာရှိနေမည်မှာ သေချာသည်။ ပဲရစ်တုန်းကလိုပင် သူ ကြောင်းကို အသိစိတ်က သိနေသလိုလို။

လူသကာ ပျော်ရွှင်မြူးထူးနေသည့် အခြေအနေကလေး ကိစ္စရတော့မည်ထင်၏။ ဆွန်တာရာ သည်နေရာတစ်ဝိုက် ဝင်သောတစ်နေရာရာတွင် ရှိနေမည်ဟုစိတ်ကထင်နေသည်။ ကိုတောင် ကြည့်ချင်ကြည့်နေမည်။ သူသည် မိမိ၏မိန်းမနှင့်

မမွေးသေးသည့် မိမိကလေးကို ကာကွယ်ရန် အသင့်ရှိနေလိမ့်မည်။

ဆိုဗီယက်တွေ လက်ရှောင်နေလျှင် ကောင်းမည်။ ဆွန်တာရာကလည်း နောက်တစ်ဖွဲ့ ဝင်ရှုပ်သည်ဖြစ်စေ မရှုပ်သည်ဖြစ်စေ အရှောင်အတိမ်းကောင်းသူတစ်ယောက်။ ဆိုဗီယက်တွေ အနေနှင့်လည်း မိမိသာ သူတို့နေရာမှာဆိုလျှင် အပိုင်တိုက်မည်။ သူတို့လှုပ်ရှားလာတော့မည်ကိုလည်း မိမိသိနေသည်။

မနက်ဖြန်ဆိုလျှင် ခရစ္စမတ်နေ့။ ဆင်မာမန်းပြောသလို သူတို့ သုံးရက်သာစောင့်မည်ဆိုလျှင် မနက်ဖြန်သည် နောက်ဆုံးနေ့ပင်။ ရက်ရက်စက်စက် သေကြကြေကြမည့်အရေးကို မိမိတွေးမိနေသည်။ သည်ကိစ္စမပြီးမီ ဆဲယားရွာမျိုး ဘယ်နှစ်ရွာဖြစ်ကြဦးမည်မသိ။

*

တိုဗန်နင်သည် တစ်နေ့တာ အစီရင်ခံစာကိုဖတ်ပြီးနောက် ပြန်ချလိုက်ပြီး လက်ဘာနွန်အခြေအနေနှင့်ပတ်သက်၍ မော်စကိုမှပေးပို့လာသော အကြောင်းကြားစာကို ကောက်ဖတ်ကြည့်လိုက်သည်။ အဘူဟာဆင်သည် မိမိသား သေဆုံးကြောင်း ပြီးကတည်းက ဘာမျှမပြောသေးဟုဆိုသည်။ ကမဲ သေဆုံးသည်မှာ ဆွန်တာရာလက်ချက်ကြောင့်ဟု ပြောထားသည်



အတိုင်း အဘူဟာဆင် ယုံကြည်နိုင်ဖွယ်ရှိသည်ဟုလည်း ဆို၏။ မိမိတို့အတွက် အကျိုးရှိနိုင်စရာတစ်ခုခု သူပေးလာနိုင်သည်ဟုလည်း ဆိုသည်။

တိုဗန်နင်သည် ကုလားထိုင်ကိုနောက်မှီထိုင်ကာ စီးကရက်တစ်လိပ်ကို မီးညှိလိုက်၏။ သူက သိထားပြီးသည့်အချက်များနှင့် မသိရသေးသည့်အချက်များကို အကွက်ချကာ စစ်တုရင်ကစားသူတစ်ယောက်ကဲ့သို့ စဉ်းစားနေသည်။

အရေးကြီးဆုံးက ဂရိတာ။ သူမသည် စစ်တုရင်ခုံ၏အလယ်ဗဟိုတွင်ရှိနေသည်။ အရာရာသည် ထိုဗဟိုချက်ကိုဦးတည်နေ၏။ ဆွန်တာရာသည် သူမအတွက် မကြာမီ ထိုဗဟိုချက်သို့ ရောက်ရှိလာနိုင်သည်။ သူမတွင် ကိုယ်ဝန်ရှိနေခြင်းက ပို၍ဖြစ်နိုင်ခြေများနေ၏။

သူမနှင့်ပတ်သက်၍ အမေရိကန်တို့လက်ဦးသွားမည်ကိုသာ စိုးရိမ်နေရသည်။ သို့မဟုတ်ကလည်း ဆွန်တာရာပေါ်လာသည့်အခါ သူတို့က အလျင်ဖမ်းသွားနိုင်ကြမည်လား။

မော်လ်ဘာနိုင်ငံတွင် အမေရိကန်တို့သည် အံ့နှင့်ကျင်းနှင့်ရောက်နေကြခြင်းဖြစ်၏။ သူတို့ မည်မျှအင်အားကောင်းနေသည်ကို မိမိလည်းမသိ။ မိမိတို့ထက် အင်အားကောင်းသည်ကိုတော့ သိသည်။ နောက်ပြီး သူတို့တွင် အစ္စရေးထောက်လှမ်းရေးအဖွဲ့ကလည်း ပါဝင်နေသည်။ ကြာလေ သူတို့၏ အင်အားက တောင့်တင်းကျစ်လျစ်လာလေဖြစ်မည်။

မိမိ ကြာကြာစောင့်နေ၍မဖြစ်တော့။ ဂရိတာကို ဆွန့်တာရာမလာမီ ဖမ်းမှဖြစ်တော့မည်။ သို့မဟုတ်ပါက သူတို့နှင့်ယောက်စလုံး လွတ်သွားနိုင်သည်။ သူမကို မိမိတို့ပိုင်သည့်နယ်မြေ၊ ဆွန့်တာရာလည်းရောက်လာနိုင်သည့်နယ်မြေသို့ ခေါ်သွားရမည်။

ယခုအော်ပရေးရှင်းမှာ မိမိ၌ လုံးဝတာဝန်ရှိနေသည်။ အောင်မြင်ခြင်း မအောင်မြင်ခြင်းမှာ မိမိဆုံးဖြတ်ချက်အပေါ်တွင် တည်နေ၏။ နောက်ဆုံးအကြိမ် အပြန်အလှန် တစ်ချက်စဉ်းစားလိုက်ပြီးနောက် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်၏။ ဂရိတာကို ယခုညဖမ်းတော့မည်။

* * *

အခန်း (၃၇)

အလင်းရောင်ကြောင့် ကွင်း လန့်နိုးလာသည်။ အိပ်ချင်မူးတူးနှင့် ဝေဝါးသောမျက်လုံးများဖြင့်ကြည့်လိုက်ရာ မီး ခပ်မှိန်မှိန်သာလင်းနေသော အခန်းထဲသို့ဝင်လာသည့် ဝိတ်လောကို တွေ့လိုက်ရသည်။

"အားလုံး ငါးပါးတော့မှောက်ကုန်ပြီ၊ ဂရိတာရဲ့အိမ်ထဲမှာ တပ်ထားတဲ့ထောက်လှမ်းရေးကိရိယာတွေ အကုန်လုံးဖြုတ်ကုန်ပြီ၊ တစ်ခုပြီးတစ်ခု ဆက်တိုက်ပျက်ကုန်တာပဲ၊ ဂရိတာမှာ ဒါတွေကိုရှာတဲ့ကိရိယာ ရှိပုံရတယ်"

ဝိတ်လောက တိုက်ရိုက်ပြောလိုက်သည်။

"ဘယ်လောက်ကြာပြီလဲ"

ကွင်းက မေးလိုက်၏။

"အခုပဲ၊ ထောင်ချောက်ပျက်သွားရပြီပေါ့၊ အချိန်မရှိတော့ဘူးကွင်း၊ ဗီမိန်းမထွက်တော့မယ်"

ကွင်းက ခုန်ထလိုက်ပြီး သေနတ်ကိုပြေးဆွဲသည်။ သူတို့ကို အူဇီသေနတ်မျိုးစုံ ပေးထားသည်။ သူက ကျည်ကတ်တစ်ဆုပ်ကို ဆွဲယူလာခဲ့သည်။

''ဂရိတာ တစ်နည်းနည်းနဲ့ သိသွားပုံရတယ်၊ တစ်ညတော့ သူနေသွားသေးတယ်''

ဝီဝ လောကပြောနေသည်။

ရယ်လင်နာက တံခါးဝမှခေါင်းပြူကြည့်လာပြီး....

''ဆိုဗီယက်တွေဝင်ကုန်ပြီ၊ ကားတွေနဲ့ သုံးစုခွဲပြီး အတွင်းစည်းကို ရောက်လာကြတယ်လို့ပြောတယ်''

သူမက အလန့်တကြားပြောနေသည်။

ကွင်းသည် အခန်းထဲမှ အိပ်မှုန်စုံမွှားနှင့်ထွက်သွားပြီး....

''ကဲ....လာကြ၊ အချိန်လုံးဝမရှိတော့ဘူး''

ကိန်းချုပ်ရေးစခန်းမှာ ဂရိတာ၏အိမ်နှင့်မိနစ်ပိုင်းလောက်သွားရုံနှင့် ရောက်နိုင်သည်။ သို့ရာတွင် ဆိုဗီယက်တို့က ရှေ့မှ သွားနှင့်နေကြပြီဖြစ်၏။ အင်တယ်ထရေ့စ် မော်တော်ယာဉ်တပ်ဖွဲ့ ငါးစုမှာ ပေါင်းလိုက်သည်။ နှစ်ဖွဲ့က သွားနှင့်နေလေပြီ၊ သူတို့သည် အိမ်ကြီးကို နှစ်ဖက်ညှပ်၍ ဝင်လာမည်ဖြစ်၏။ ကျန်သည့်နှစ်ဖွဲ့မှာ အလယ်မှဝင်မည်ဖြစ်သည်။

ကွင်းက ကိုယ်တိုင်မောင်းလာ၏၊ သူမောင်း၍ထွက်လိုက်သည်နှင့် နောက်မှ မိမိတို့ကားနှစ်စီးက ကပ်ပါလာသည်။ ခရုစွမ်းတက်နံနက်စောစောမို့ ကျွန်းစွယ်ပေါ်ရှိ လမ်းမကြီးပေါ်တွင် ကားမောင်းရ အဆင်ပြေနေသည်။

ဆိုဗီယက်ကားများသည် ရှေ့မှ အလျင်ရောက်နှင့်နေကြပြီး လမ်းများကိုပိတ်၍ ရပ်ထားလိုက်ကြ၏။ တိုဗန်နင်နှင့် သူ့



အဖွဲ့သားသုံးယောက်သည် ကားထဲမှထွက်၍ အိမ်ကြီးဆီသို့ ဘစ်ဟုန်ထိုးပြေးသွားကြသည်။ သူတို့က အိမ်တံခါးကို ကန်ဖွင့်လိုက်ပြီး ဂရိတာနေသည်ဟု သိထားသည့် အပေါ်ထပ်အခန်းဆီသို့ တန်းတက်လိုက်ကြသည်။

ပထမဆုံးတစ်ယောက်က အလျင်ရောက်သွားပြီး မီးကိုဖွင့်လိုက်သည်။ ကျန်လူများကလည်း သူ့နောက်မှပါသွားကြ၏။ လက်နက်များကိုလည်း ပစ်ရန် အသင့်ပြင်ထားကြသည်။

ဂရိတာ လုံးဝ အငိုက်မိသွားသည်။

သူမသည် အခန်း၏ ထောင့်တစ်ထောင့်တွင် ဝတ်စားဆင်ယင်ထားပြီး အိတ်တစ်လုံးကို လွယ်ကာရပ်လျက်သား ဖြစ်နေသည်။

''မနာချင်ရင် လုံးဝမလှုပ်နဲ့၊ မင်း ငါတို့နဲ့လိုက်ခဲ့''

တိုဗန်နင်က ဂျာမန်ဘာသာဖြင့် ပြောလိုက်သည်။

ပထမဆုံး ဆိုဗီယက်ကားနှစ်စီး ခပ်ကျဉ်းကျဉ်း လမ်းထိပ်မှ ဝင်သွားသည်ကို ကွင်း တွေ့လိုက်ရသည်။ မိမိတို့ စက္ကန့်ပိုင်းလောက် နောက်ကျသွား၏။ မိမိတို့ တိုက်ကြ ခိုက်ကြရမည်ဆိုလျှင်လည်း မိမိကတော့ အသင့်။

ကွင်းက ကားဘရိတ်ကို ဆောင့်နင်းလိုက်ပြီး ဆိုဗီယက်ကားများနောက်တွင် ရပ်လိုက်သည်။ ထိုနောက် ကားတံခါးများ ပွင့်သွားပြီး ကားပေါ်မှ ထောက်လှမ်းရေးများလည်း ခုန်ဆင်းကာ ကားနောက်တွင် ဆိုဗီယက်တို့၏ လက်နက်များရန်မှ ကွယ်၍ နေလိုက်ကြ၏။

အခြား အင်တယ်ထရေ့စ် ကားနှစ်စီးကလည်း ဆန့်ကျင်ဘက်မှ ရောက်လာကြသည်။ နောက်ထပ် ကားနှစ်စီးကလည်း

ထောက်လှမ်းရေး စည်းရိုးအပြင်ဘက်တွင် ရပ်လိုက်ကြ၏။ ကားအားလုံးမှာ တစ်ချိန်တည်းလိုလိုပင် တရိတ်အုပ်ကာ ရပ်လိုက်ကြခြင်းဖြစ်သည်။ ထောက်လှမ်းရေးအဖွဲ့ဝင် နောက်ထပ် ဆယ့်ခြောက်ယောက်လည်း ကားပေါ်မှ ဆင်းလာကြသည်။

ဒါမဲထဲ၀ှဲ မဝင်သော ဆိုဗီယက်များမှာ သူတို့ထက် အင်အားများသော အင်တယ်ထရေ့စ်တို့ကို မယှဉ်သာဘဲ အဖမ်းခံလိုက်ကြရတော့သည်။

အိမ်ကြီးထဲတွင်မူ တိုဗန်နင်သည် လှေကားပေါ်၌ ဂရီတာအား သေနတ်နှင့်ချိန်၍....

"သွားစမ်း"

ဂရီတာ၏ အမူအရာတစ်မျိုး ပြောင်းသွားသည်ကို မြင်လိုက်သည်နှင့် တိုဗန်နင် စိတ်ထင့်သွားရသည်။ သူမမျက်နှာတွင် ကြောက်ရွံ့သည့် အမူအရာမရှိတော့။ ထို့ကြောင့် ရုတ်တရက် သတိထားလိုက်မိသည်။ သို့ရာတွင် သိပ်နောက်ကျသွားလေပြီ။

သူတို့၏နောက် ဘယ်ဘက်မှ တံခါးတစ်ချပ် ပွင့်သွားသည်။ ဆွန်တာရာသည် ဟက်ကလာအင်ကို ၅ ချ အမ်ပီ–၅ အမျိုးအစား သေနတ်နှင့်ချိန်ကာ တရကြမ်း ပစ်ချလိုက်တော့သည်။

ပထမ ဆိုဗီယက်နှစ်ယောက်မှာ လှည့်ကြည့်လိုက်ချိန်ပင်မရလိုက်၊ ဆွန်တာရာ အနီးကပ် ပစ်ချလိုက်မှုကြောင့် တစ်ကိုယ်လုံး ဖွာထွက်ကုန်ကြသည်။ တိုဗန်နင် လှည့်ကြည့်လိုက်သည်တွင် ရင်ဘတ်ကို နှစ်ချက်လာမှန်ပြီး ကျည်အားကြောင့် သူ လှေကားပေါ်မှ လွင့်ပြန်ကျသွားတော့၏။



နောက်ဆုံး ဆိုဗီယက်တစ်ယောက်မှာမူ ချက်ကောင်းကို ကျကျနနထိမှန်ပြီး သူ့နောက်ဘက် ပြတင်းပေါက်မှ လွင့်ထွက်သွားသည်။ ပြတင်းပေါက်မှန်များကို ခွဲထွက်သွားပြီးနောက် မြင်ကွင်းမှ ပျောက်ကွယ်သွားတော့သည်။

ပြတင်းပေါက်မှန်ကွဲ၍ ထွက်ကျလာသောထိုလူကို အောက်ဘက်ရှိ ကွင်းက လှမ်းကြည့်လိုက်သည်။ ထိုလူသည် ဆိုဗီယက်တို့၏ ကားခေါင်းပေါ်သို့ကျကာ လေကာမှန်ပေါ် ကွဲထွက်သွားသည်၊

ကွင်းနှင့် ဝိတ်လောတို့သည် ခါးကိုကုန်းကာ အိမ်ကြီးဆီသို့ ပြေးသွားကြသည်။ ရယ်လင်နာက အင်တယ်ထရေ့စ်ကားတစ်စီးနောက်တွင် ဝပ်၍ကျန်ခဲ့သည်။ သူမသေနတ်ကလည်း ပြတင်းပေါက်ဆီသို့ချိန်ကာ လူရိပ်မြင်လျှင် ပစ်ရန် အသင့်ပြင်ထားသည်။

ကွင်းနှင့် ဝိတ်လောတို့ ဝင်လိုက်သည်နှင့် လှေကားရင်းတွင် ဟိုဗန်နင် ရှုံ့မဲ့ကာ လဲကျနေသည်ကို တွေ့လိုက်ရ၏။ သို့သော် ကျည်ကာအင်္ကျီကြောင့် သူ မသေခဲ့။

ဟိုဗန်နင်က လှေကားပေါ်သို့ လက်ညှိုး ထိုးပြလိုက်ပြီး....

"ဆွန်တာရာ...."

"လာလိုက်မယ်"

ကွင်းက ဝိတ်လောကိုခေါ်ပြီး လှေကားပေါ်သို့တက်သွားသည်။

အပေါ်ထပ် အခန်းထဲသို့ ရောက်သောအခါ ကွင်းက သေနတ်ဖြင့် လှည့်ပတ် ပစ်ခတ်လိုက်၏။ သို့သော် အခန်းထဲတွင် မည်သူမျှမရှိ။

ထိုကြောင့် သူ ရှေ့ကိုတိုးလာသည်။ ဝိတ်လောက သူ့နောက်မှ ကပ်ပါလာ၏။ ထိုနောက် နှစ်ယောက်ခွဲ၍ အခန်းတိုင်းကို လိုက်ရှာသည်၊ မည်းမည်းမြင်သည်နှင့် ပစ်ရန်လည်း အသင့်ပြင်ထား၏။ သို့ရာတွင် ဘာကိုမျှ မတွေ့ရ။

"ခေါင်မိုးပေါ်မှာ ဖြစ်မယ်"

ဝိတ်လောက ခေါင်မိုးကိုတက်ရန် တပ်ထားဆဲရှိနေသည့် လှေကားအရှင်ကို လက်ညှိုးထိုးပြကာ ပြောလိုက်သည်။

ကွင်းက ပြတင်းပေါက်ဆီသို့သွားပြီး လက်မဖြင့် အပေါ်သို့ ထိုးပြကာ 'ခေါင်မိုးပေါ်မှာ' ဟု အောက်ကိုလှမ်းအော်လိုက်သည်။

ရယ်လင်နာက သဘောပေါက်ပြီး လမ်းကိုဖြတ်၍ မြင်ကွင်းကောင်းသည့်နေရာသို့ ပြောင်းလိုက်သည်။

ကွင်း ပြန်လှည့်သွားတော့ဝိတ်လောမှာ လှေကားတစ်ဝက်လောက်တွင် ရောက်နေပေပြီ။ ကွင်းက လှေကားအရင်းသို့ သွားကာ အပေါ်မှ ဆွန်တာရာ ပေါ်လာလျှင် ကာပစ် ပစ်ပေးရန် ပြင်ထားလိုက်သည်။

ဝိတ်လောက အပေါ်သို့ဆက်တက်သွားပြီး အသာချောင်းကြည့်လိုက်သည်။ ပစ်ခတ်ခြင်းမရှိသဖြင့် ဆက်၍ တက်လိုက်သည်။

ခေါင်မိုးထပ်သို့ ပခုံးကျော်မိသည်နှင့် မိုးခြိမ်းသံဘမျှ သေနတ်သံများ ပေါ်လာသည်။ သူလည်း နောက်ပြန်လန်ကာ ကွင်းအပေါ်သို့ကျပြီး နှစ်ယောက်သား လုံးထွေး၍ ကြမ်းပြင်သို့ လိမ့်သွားသည်။



ကွင်းက ဝိတ်လောကိုဆွဲကာကြည့်လိုက်၏။ မျက်နှာတွင်သည်း သွေးတွေနှင့်၊ ပါးတွင်လည်း ကွဲသွားသည့် ဒဏ်ရာတစ်ခုကို တွေ့လိုက်ရသည်။

"ငါ ဘာမှမဖြစ်ပါဘူးကွ၊ ကျောက်စချော်ပြီး မှန်တာ၊ ကျည်ဆန်မှန်တာမဟုတ်ဘူး"

ဝိတ်လောက ပြောလိုက်သည်။

ကွင်းက သူ့ပါးမှဒဏ်ရာကို ကြည့်လိုက်ပြီး....

"မင်း အတော်လှသွားတာပဲ၊ ကဲ....ထစမ်း"

သူတို့ ပြန်တက်လိုက်ကြပြန်သည်။ ကွင်းက ရှေ့မှ ဖြည်းဖြည်းချင်းတက်ရင်း....

"သေနတ်က ဘယ်လောက်က ပစ်လိုက်တာလဲ"

"ဘယ်ဘက် သုံးဆယ်ဒီဂရီလောက်ကပဲ၊ သေသေချာချာတော့ မသိဘူး"

တိုဗန်နင်လည်း လှေကားမှ ပြန်တက်လာသည်။ လက်တစ်ဖက်ကလည်း အောင့်သွားသည့် ရင်ဘတ်ကို နှိပ်ထား၏။ ကွင်းတို့ အနားသို့ ရောက်သောအခါ သူက သေနတ်ကို အသင့်ပြင်လိုက်ပြီး....

"ကျုပ်လဲ ကူမယ်"

ကွင်းက သူ့ကို ငုံ့ကြည့်ပြီး ခေါင်းညိတ်ပြလိုက်သည်။

ကွင်းက ဆက်၍ တက်လာသည်။အမိုးထပ်အစပ်သို့ ရောက်သောအခါ အသာရပ်လိုက်၏။ ပြီးတော့ အူဇီကိုထုတ်၍ ဝိတ်လောပြောသည့်နေရာလောက်ကို ရမ်းပစ်ချလိုက်သည်။ ထိုနောက် ထိုတစ်ဝိုက်သို့ ဖြန့်၍ ခပ်ကြာကြာ ဆွဲချလိုက်ပြန်သည်။ ပြီးမှ တစ်ဆင့်တက်လိုက်၏။

ဝိတ်လောပြောသည့်နေရာလောက်မှ လှေကားပေါက်ဆီသို့ တစ်ချက်လှမ်းပစ်သည်။ ကွင်းက အသာပြန်ငုံ့နေလိုက်၏။ ပြီးတော့ အုဇီကိုမြှောက်၍ ထိုနေရာလောက်ဆီသို့ ကျည်တစ်ကတ်လုံး ခွဲချပစ်လိုက်၏။ ကျည်ကုန်သောသေနတ်ကို သူက ဝိတ်လောအား လှမ်းပေးလိုက်သည်။ ဝိတ်လောကလည်း မိမိ၏ကျည်ပြည့်သော သေနတ်ကို ကွင်းအား ပေးလိုက်သည်။

ကွင်းက ထိုသေနတ်ဖြင့် ကျည်ကတ်အကုန် ထပ်ခွဲလိုက်ပြန်သည်။

ဝိတ်လောက ပထမသေနတ်ကို ကျည်ကတ်အသစ်ထည့်ပြီး ကွင်းအား ထည့်ပေးလိုက်ပြန်သည်။

"အမိုးပေါ်မှာ ငါတို့ လက်ဖြောင့်သေနတ်သမားတွေ ရှိတယ်မဟုတ်လား၊ ဒီကောင်တွေ ဘယ်သွား သေနေကြသလဲ"

ကွင်းက အော်ပြောလိုက်သည်။

"မသိဘူး၊ ဆွန်တာရာယတ်လိုက်တာ နေမှာပေါ့၊ နို့မို့ဆိုရင် သူ ဒီအိမ်ကြီးထဲ ဝင်လို့ ဘယ်ရမလဲ၊ အိမ်ထဲကို သူ အောက်ကနေဝင်တာ မဖြစ်နိုင်ဘူး"

"ငါတို့အပေါ်ကို ပေါ်တင်ကြီးတက်မှာ၊ မလွယ်ဘူးကွ ဒါပေမယ့် တက်ရမှာပဲ၊ ဘယ်တတ်နိုင်မလဲ"

ကွင်းက ဆိုသည်။

နောက်ထပ်နှစ်ကတ်ပစ်လိုက်ပြီးနောက် ပြန်ပစ်သံမကြားရတော့။ ကွင်းက အပေါ်ကို ပစ်ရင်းတက်သည်။

ထိုအချိန်အထိ ပြန်ပစ်သည်ကို မတွေ့ရ။ သူက ခေါင်မိုးပေါ်တွင် လျှင်မြန်စွာ လှည့်ပတ်ရှာဖွေ လိုက်ကြည့်လိုက်သည်။



ဆွန်တာရာနှင့် ဂရီတာတို့ အခြားအဆောက်အအုံတစ်ခု၏ အမိုးပေါ်သို့ ကူးသွားသည်ကို လှမ်းတွေ့လိုက်ရသည်။ ကွင်းသည် လှေကားပေါက်မှ အမြန်တက်လိုက်ပြီး အုတ်ပေါင်တစ်ခုနောက်သို့ ပြေး၍ အကာအကွယ်ယူလိုက်၏။

ဝိတ်လောက နောက်မှလိုက်လာသည်။ တိုဗန်နင်လည်း ပါလာ၏။

ဆွန်တာရာ လှည့်ကြည့်လိုက်တော့ အမိုးပေါ်သို့ လူသုံးယောက် တက်လာသည်ကို တွေ့လိုက်ရသည်။ ထို့ကြောင့် ဂရီတာ၏လက်ကို ဆွဲကာ အိမ်ကြီး၏ အိမ်ရှေ့လမ်းဘက်သို့ ပြေးတော့သည်။

အောက်မှ ရယ်လင်နာက မြင်လိုက်သဖြင့် လှမ်းပစ်သည်။

ရယ်လင်နာ သေသေချာချာချိန်၍ ပစ်လိုက်သည့် ကျည်ကြောင့် ပဲ့ထွက် လွင့်စဉ်လာသည့် ကျောက်စတွေကို ဆွန်တာနှင့် ဂရီတာတို့ ငုံ့ရှောင်လိုက်ရသည်။ ရယ်လင်နာ၏ ကျည်ဆန်ကြောင့်နှင့် လွတ်အောင်လည်း သူတို့နှစ်ယောက် ဝပ်နေကြရ၏။

နောက်မှလိုက်လာသူ သုံးယောက်ကလည်း လူစုခွဲကာ အားကုန် လိုက်ကြတော့သည်။

သူတို့လိုက်လာသည့်အရှိန်ကို ဟန့်တားရန် ဆွန်တာရာက ငုံ၍ တစ်ချက်ပစ်လိုက်သည်။ ပြီးမှ ဂရီတာ၏လက်ကိုဆွဲကာ ပြေးတော့သည်။ သူတို့နှစ်ယောက် မညီညာသော ခေါင်မိုးပေါ်တွင် ဆက်၍ပြေးလာရာ ရှေ့တွင် ပို၍မြင့်သော အဆောက်အအုံကြီးတစ်ခုသို့ရောက်ပြီး ပိတ်နေတော့သည်။

ဆွန်တာရာ နောက်သို့ လှည့်ကြည့်လိုက်သည်တွင် နောက်က လူသုံးယောက် ဆက်၍လိုက်လာနေသည်ကို တွေ့လိုက်ရ၏။ သူတို့သည် လူစုခွဲကာ တစ်ယောက်ကို တစ်ယောက် အကာအကွယ်ပေးနိုင်သည့် အနေအထားတွင်ရှိနေသည်။ မိမိနှင့် ဂရီတာတို့ရှေ့မှ အဆောက်အအုံကြီးပေါ်သို့ တွယ်တက်နိုင်မှ လွတ်မည်။ သို့မဟုတ်ပါက သေရဖွယ် ရှိသည်။

ဆွန်တာရာက ကစ်ချက်လှမ်းပစ်လိုက်သည်တွင် နောက်မှလူသုံးယောက် ဝပ်၍ ကွယ်လိုက်ကြရ၏။ ထိုအခါ ဆွန်တာရာက သေနတ်ကိုလွယ်လိုက်ပြီး ဂရီတာဘက်သို့ လှည့်လိုက်သည်။

"ကိုယ်တို့ ဒီအုတ်ပေါင်ကို ကျော်တက်မှဖြစ်မယ်၊ ကိုယ်အရင်တက်မယ်၊ ပြီးရင် မင်းတက်ခဲ့၊ ကိုယ်ဆွဲတင်မယ်၊ ဖြစ်ရဲ့လား"

မောဟိုက်နေသည့်ကြားက ပြောလိုက်သည်။

ဂရီတာက သူ့ကို မော့ကြည့်လိုက်ပြီး ခေါင်းညိတ်လိုက်ကာ....

"ရတယ်....သွား....ကျွန်မလိုက်ခဲ့မယ်"

အုတ်ပေါင်မှာ အတော်မြင့်သည်။ နောက်သို့ဆုတ်၍ပြေးကာ အရှိန်ယူပြီး ခုန်တက်ရသည်။ သူက သေနတ်ကို ပခုံးမှဖြုတ်၍ ဂရီတာအားပေးကာ....

"ကိုယ့်ကို ကာပစ်ပေး"

သူကေ သေနတ်ကိုယူ၍ နောက်မှလိုက်လာသူများကို လှမ်းပစ်သည်။ သူမ ကာပစ်ပေးသည်မှာ ထိရောက်မှု ရှိသဖြင့် နောက်မှလူများ ဆက်၍မတက်နိုင်ဘဲ ရှိနေကြသည်။



သူမပစ်သည့်အချိန်နှင့် တစ်ပြိုင်တည်း ဆွန်တာရာ ခုန်တက်သည်။ ခြေလှမ်းကျဲကျဲနှင့် အားကုန်ပြေးကာ ခုန်တက်လိုက်ရာ အုတ်ပေါင်၏အပေါ်ကို ရင်စို့လောက်အထိ မြင့်တက်သွားသည်။ ထိုကြောင့် အုတ်ပေါင်နှုတ်ခမ်းကို လက်နှင့်သိမ်းဆွဲပြီး တွယ်တက်လိုက်၏။

ဂရီတာက ဆက်မပစ်တော့ဘဲ သေနတ်ကို ဆွန်တာရာအား ...ဘင်ပေးလိုက်သည်၊

ရယ်လင်နာလည်း အိမ်တန်းတွေနှင့် ဆန့်ကျင်ဘက်လမ်းခြမ်းသို့ ကူးသွားသည်။ အုတ်ပေါင်ပေါ်တွင် ဆွန်တာရာကို တွေ့လိုက်ရ၏။ သို့ရာတွင် ခေါင်းနှင့် ပခုံးလောက်ကိုသာ ...င်နေရသည်။ ထိုနောက် အရှိန်ယူပြေးရန် ဟန်ပြင်နေသော ...ရီတာကို တွေ့လိုက်ရ၏။

ဂရီတာပြေးနေစဉ် ရယ်လင်နာက အူဇီကိုမြှောက်၍ချိန်...ာ ပစ်ချလိုက်သည်။

ဂရီတာ အုတ်ပေါင်သို့ရောက်သည့်အချိန်တွင် ရယ်လင်နာ ...ပစ်လိုက်သော ကျည်ဆန်များ အုတ်ပေါင်ကို မိုးသီးမိုးပေါက် ...မှာ ရောက်ရှိလာကြသည်။ ကျည်တစ်တောင့်က ခုန်ရန်ပြင် ...နေသော ဂရီတာ၏ ခြေထောက်ကို လာရောက် ထိမှန်သည်။

ဂရီတာမှာ တစ်ချက်အော်လိုက်ပြီး ခုန်မည့်အရှိန်လည်း ...က်သွားတော့သည်။ သူမ ပြန်အကျတွင် ဆွန်တာရာက လှမ်း...လိုက်ရာ သူမ၏လက်ကိုသာ မိလိုက်သည်။ သူမအလေးချိန် ...ကြောင့် ဆွန်တာရာပင် အောက်သို့ ပြန်ပါသွားသည်။ သို့ရာ ...တွင် သူက အုတ်ပေါင်ကို ခြေကန်ပေး၍ဆွဲထားသည်။ ဂရီတာ

မှာ တွဲလောင်းဖြစ်နေပြီး ခြေထောက်ကဒဏ်ရာကြောင့် ခြေ ဖြင့်ကန်၍မတက်နိုင်ဘဲ ရှိနေသည်။

ဆွန်တာရာသည် ကန်အားကိုယူ၍ အံကြိတ်ကာ သူမလက် ကို ခိုင်ခိုင်မြဲမြဲ ဖြစ်အောင် ကိုင်လိုက်သည်။ ပြီးတော့ အသက် ကို ပြင်းပြင်းရှူကာ အားယူလိုက်သည်။

အောက်ဘက်လမ်းပေါ်သို့ ကြည့်လိုက်သည်တွင် ရယ်လင် နာသည် သေနတ်ကို မိမိထံသို့ ထပ်ချိန်လိုက်သည်ကို တွေ့လိုက် ရပြန်သည်။ ရယ်လင်နာက အူဇီဖြင့် မျက်စိတစ်ဖက်ကိုမှိတ်ကာ ချိန်နေသည်ကိုလည်း တွေ့လိုက်ရ၏။

ဆွန်တာရာက အံကိုကြိတ်၍ ဆွဲတင်လိုက်သည်။ ထိုင ရယ်လင်နာက အူဇီမှကျည်များကို နံရံဆီသို့ချိန်ကာ ပစ်လွှတ် လိုက်သည်။

ထုံးကျောက်သားကို ကျည်ထိသည့်အသံများနှင့် ဂရီတာ ၏ ကိုယ်ကိုထိသည့်အသံများ ဆက်တိုက်ပေါ်လာသည်။ သူမ၏ ဆံပင်များ ဖွာလန်ထွက်သွားပြီး မိမိမျက်နှာကိုလည်း သွေး များ လာရောက်စဥ်ကုန်သည်ကို ဆွန်တာရာ သိလိုက်သည်။

စိတ်မချမ်းမြေ့ဖွယ်ရာ သူမ၏ အော်ညည်းသံနှင့်အတူ သူမ လည်း မိမိလက်မှ လွတ်ကျသွားတော့သည်။ အောက်ကအမှောင် ပေါ်သို့ သူမ ကျသွားသံကိုလည်း ကြားလိုက်ရသည်။သို့သော် ထိုခေါင်မိုးမှတစ်ဆင့် ညာဘက်သို့လိမ့်ကာ အမိုးပေါ်မှ ကျ သွားသည်ကိုတော့ မမြင်လိုက်ရ။ ဂရီတာမှာ သုံးထပ်အမြင့် အောက်သို့ ကျသွားခြင်းဖြစ်သည်။ မြေကြီးပေါ်သို့ သူမ ကျ လိုက်သည့် အသံများကိုလည်း သူကြားလိုက်ရသည်။ ထိုသို့



ကြားလိုက်သည်နှင့် သူမရော မိမိ၏မမွေးရသေးသည့် သား ကလေးပါ မရှိတော့ပြီဖြစ်ကြောင်း သိလိုက်ရတော့၏။

သူသည် နာကြည်းခံပြင်းသံကြီးနှင့် တစ်ချက်အော်လိုက်ပြီး ရယ်လင်နာထံသို့ မိမိသေနတ်နှင့် ထိုးချိန်လိုက်သည်။ ပြီး တော့ တစ်ချက်လှမ်းဆွဲလိုက်၏။ သို့ရာတွင် ပစ်မှတ်လွဲသွားခဲ့ သည်။ ရယ်လင်နာပြန်ပစ်လိုက်သော ကျည်များကသာ အုတ် ခေါင်၏ အပေါ်နှုတ်ခမ်းကို လာရောက်ထိမှန်ကာ အုတ်တွေ ထွက်ကုန်သည်။

ဆွန်တာရာ အုတ်ပေါင်ပေါ်မှ တစ်ဖက်သို့ ခုန်ချလိုက် သည်။ ခဏတော့ ကြက်သေသေကာ ရပ်နေမိသည်။ ဒေါသ ဒ်ာနှင့် ဂရီတာအတွက် ယူကျုံးမရဖြစ်စိတ်တို့ကြောင့် အံကို ကြိတ်လိုက်မိပြန်သည်။ သူမနှင့်ပတ်သက်၍ မိမိ ဘာမျှ မတတ် ်တော့။ သူမမှာ ရှန်းကန်နိုင်စွမ်း၊ ဝေဒနာခံစားနိုင်စွမ်း င် မရှိတော့။ သူမကို သတ်ပစ်လိုက်သူများအား ပြန်ပစ်သတ် ခ်စိတ်ကို ချိုးနှိမ်၍ မတ်တတ်ထရပ်လိုက်သည်။ သည်ကောင် တွေ၏ မျက်နှာကို သူ ဘယ်တော့မှမမေ့။

သည်နေရာမှာပင်ရပ်၍ အသက်ခံ လိုက် ချင် သော် လည်း သူ မသွား၍မဖြစ်။ မိမိ သည်အတိုင်းတော့ အသေမခံနိုင်။မိမိ ချစ်သည့်လူတွေကို သတ်လိုက်သည့်လူများကို သတ်ပစ်ရန် မိမိ အသက်ရှင်နေဖို့ လိုသည်။ သူတို့အားလုံးကို သတ်ပစ်ရမည်။ ထိုနောက် သူလှည့်ပြေးသွားတော့သည်။

ကွင်း၊ ဝိတ်လောနှင့် တိုဗန်နင်တို့ အုတ်ပေါင်သို့ ရောက် သကြ၏။ ရယ်လင်နာက အောက်မှ ကာပစ်ပစ်ပေးနေ သည်။ သူတို့ အုတ်ပေါင်ကိုကျော်တက်ကာ လူစုခွဲ၍ မရှိတော့

ပြိုမှန်း သိနေသော တခွေကို လိုက်ရှာသည်။ ဆွန်တာရာ ပျောက်သွားပြန်လေပြီ။

ဆွန်တာရာ၏ အိတ်ချိအင်ကော သေနတ်ကို ခေါင်မိုး တစ် နေရာတွင် တွေ့ရသည်။ ကျည်ကတ်လည်း ကုန်နေလေပြီ။ ထို ကြောင့်လည်း သူတို့ နောက်ဆုံးလိုက်သည်ကို ပြန်မပစ်သည် ကိုး။

ကွင်းနှင့် တိုဗန်နင်တို့သည် ယှဉ်ရပ်လျက် သေနတ်များကို လည်း အောက်ချကိုင်ထားကြသည်။ ပြီးတော့ ပြေးလိုက်ရ သဖြင့် မောနေသည့်ကြားက အောက်သို့ ငုံ့ကြည့်လိုက်သည်။

ခဏတော့ သူတို့နှစ်ယောက်မှာ ရန်ဘက်များ မဟုတ်ကြ တော့။ ဆွန်တာရာကို မိရေးမှာ သူတို့နှစ်ယောက်၏ ရန်ကို ငြိမ်းစေသည်ပါလား။ တစ် ယောက် ကို တစ် ယောက် ကြည့် လိုက်ကြသည်။ ရန်သူအနေနှင့် ကြည့်သည်လည်း မဟုတ်။ မိတ်ဆွေအနေနှင့် ကြည့်သည်လည်းမဟုတ်။ သို့ရာတွင်အဖမ်း ရခက်သော ဆွန်တာရာ မိမိတို့ကို တစ်ချိန်သွားပြန်ပြီဖြစ် ကြောင်းကိုတော့ နှစ်ယောက်စလုံးအသိ။

✻

•

ဂရိတာကိုဖမ်းသည့် အဖြစ်အပျက်က ရှစ်မိနစ်ထက် ပို မကြာခဲ့။ သက်ဆိုင်ရာ တာဝန်ရှိသူများ ရောက်လာတော့ အပျက်အစီးနှင့် သွေးကွက်များသာ တွေ့ရတော့သည်။ သို့ရာ တွင် အဖြစ်အပျက်နှင့်ပတ်သက်၍ ပြောပြနိုင်မည့်သူ တစ်



ယောက်မျှ မရှိ။ ဖြစ်ပျက်သည့် နေရာများလောက်ကိုသာ တွေ့ ရ၏။ အိမ်ကြီးမှာလည်း ယိုယွင်းပျက်စီးနေသည်။ အိမ်ကြီး ၏ ငှားနေသည်ဆိုသော မိန်းမမှာလည်း ပျောက်နေသည်။ သူမသည် သားကောင်ဖြစ်ဖွယ်ရှိသည်။ အိမ်ထဲနှင့် လမ်းပေါ် တွင် တွေ့ရသည့် သွေးကွက်များမှာ သူမသွေးများ ဖြစ်နိုင် သည်။ သို့ရာတွင် ဘာအလောင်းမျှမတွေ့။ သို့ဖြင့် နံနက်စော စော ဖြစ်သွားသော ထိုအဖြစ်အပျက်မှာ ထူးဆန်းသည့်မှုခင်း အဖြစ်သာ ကျန်ခဲ့တော့သည်။

ဖြစ်ပြီးပြီးချင်း ဆိုဗီယက်တို့နှင့် အင်တယ်ထရေ့စ်အဖွဲ့ တို့ လူစုခွဲကာ ထွက်သွားကြသည်။ ရုရှတို့သည် မိမိတို့လူများ ၏ အလောင်းများကို ယူသွားကြပြီး အင်တယ်ထရေ့စ်က ဂရိတာ၏ အလောင်းကို ယူသွားသည်။ ခေါင်မိုးပေါ်တွင် သွားသည့် လက် ဖြောင့် သေ နတ် သ မား နှစ် ယောက် ၏ အလောင်းများကိုလည်း ယူလာကြ၏။ ဝိတ်လောပြောသလို ပင် ဆွန်တာရာသည် သူတို့နှစ်ယောက်ကိုသတ်၍ ဝင်လာခြင်း ဖြစ်သည်။

ကွင်းသည် ရယ်လင်နာပစ်လိုက်သဖြင့် ဖွာသွားသောအုတ် ပေါင်နေရာနှင့် သွေးစွန်းနေသည့် နေရာများကို သွားကြည့် လိုက်သည်။ ထိုနေရာတွင် ဂရိတာလိမ့်ကျသွားသည့် အမိုး အစွန်း၌ ဂရိတာ သွားလေရာ ယူသွားလေ့ရှိသော ပခုံး လွယ်အိတ်ကို တွေ့လိုက်ရသည်။ ထိုအိတ်ကြီးမှာ အောက်သို့ ကျမသွားဘဲ ကျန်ခဲ့၏။

ထိုအိတ်ကို ကွင်း ကောက်ယူလိုက်ပြီး ဖွင့်ကြည့်လိုက်သည်။ အထဲတွင် ခေတ်ပုံဆရာတို့ ကင်မရာနှင့် မှန်ဘီလူးများ မကွဲ

အောင် အကာအကွယ်အဖြစ် ခံထားသည့် ရေမြှုပ်များကို တွေ့ရသည်။ ထိုရေမြှုပ်များကို ဖယ်ကြည့်လိုက်သောအခါ လူးဇပ်များထည့်ထားသည့် ပုလင်းကလေးများကို တွေ့လိုက်ရ၏။ ထူးဆန်းသည်က ရေကြည့်လိုက်တော့ ပုလင်းမှာ နှစ်ဆယ့်ခြောက်လုံးဖြစ်နေသည်။ ပျောက်သည်ဟု သတင်းရထားသည်က နှစ်ဆယ့်လေးလုံး။

❋

"ထပ်ပြောစမ်းပါဦး ကွင်း"

အဲလီယာက ဖုန်းထဲမှ ပြောနေသည်။

"ပုလင်းက နှစ်ဆယ့်ခြောက်လုံးတောင်၊ နှစ်ဆယ့်လေးလုံးက မင်အနက်နဲ့ စကားဝှက်နံပါတ် ရေးထားတယ်၊ ကျန်တဲ့နှစ်လုံးက အနီနဲ့ရေးထားတာ၊ မက်ဒ်လင် သုတေသနဗိမာန်က ခိုးသွားတာ ပုလင်းနှစ်ဆယ့်လေးလုံးလို့ ဒီရှဒ်က ပြောတယ်မဟုတ်လား"

ကွင်းက ပြောလိုက်သည်။

"ဟုတ်တယ်၊ ဘာအရောင်နဲ့ ရေးတယ်လို့တော့ သူမပြောလိုက်ဘူး၊ ငါလဲ ဘာနဲ့ရေးထားတယ်ဆိုတာ မသိလိုက်ဘူး"

"ကျွန်တော်တို့တော့ ပြဿနာ အကြီးအကျယ် တက်နေပြီ အဲလီယာ၊ ကျွန်တော် မက်ဒ်လင်မြို့က ယူခဲ့တဲ့ စကားဝှက်နံပါတ်တွေက အနက်နဲ့ရေးထားတဲ့ စကားဝှက်နံပါတ်တွေနဲ့ပဲ တူတယ်၊ ဒါကြောင့် အဲဒီအနက်နဲ့ ရေးထားတာတွေဟာ



အခိုးခံလိုက်ရတဲ့ ပစ္စည်းတွေပဲ၊ သူ့အတိုင်းပဲ ရှိသေးတယ်၊ ဟုတ်တယ်မဟုတ်လား"

"ဟုတ်တယ်"

"သူ့အတိုင်း ရှိနေသေးတယ်ဆိုရင် ရေနံမြေတွေထဲမှာ လူးဇပ်တွေထည့်တာ ဆွန်တာရာ မဟုတ်ဘူး၊ ဒါကို တခြားတစ်ယောက်ဟာ အရင်ရှိမှန်း မသိရသေးတဲ့ လူးဇပ်တွေနဲ့ ဖိစဉ်နေတာ ဖြစ်ရမယ်"

အဲလီယာက ပင့်သက်တစ်ချက် ရှိုက်လိုက်ပြီး....

"ဟုတ်တယ်ကွ၊ ဒါဆို စကိုင်ကိုဟစ်ပေးလပ် သဘော်ဖြစ်ဘာရယ်၊ ကိုလံဘီယာနဲ့ ဆိုဗီယက်ရေနံမြေတွေမှာ ဖြစ်တာတွေရယ်ဟာ အချိန်ကိုက်တယ်...."

"ဒါ့ထက် ကွင်းရေ၊ ထူးခြားတာ တစ်ခုပြောရဦးမယ်၊ ထောက်လှမ်းရေးဗဟိုက ကမဲရဲ့ပစ္စည်းတွေထဲမှာ ရှာကြည့်တော့ ခြုံထည်တစ်ခုကို တွေ့ရတယ်၊ အမှတ်တမဲ့ ကြည့်လိုက်ရင်တော့ ခြုံထည်ပဲ၊ ထောက်လှမ်းရေးဗဟိုက သေသေချာချာကြည့်လိုက်တော့ စကေးကိုက်ဆွဲထားတဲ့ ကမ္ဘာ့မြေပုံတစ်ခုဖြစ်နေတာကို တွေ့ရတယ်၊ အဲဒီအထဲမှာ အခုပျက်သွားတဲ့ ရေနံမြေတွေကို မှတ်သားထားတာလဲ တွေ့ရသေးတယ်၊ နောက်ထပ် ကမ္ဘာ့အရေးအကြီးဆုံး ရေနံမြေတွေကို မှတ်သားထားတာလဲ တွေ့ရသေးတယ်၊ သူတို့ဖျက်ဆီးပစ်မယ့် နေရာတွေကို မှတ်ထားတဲ့မြေပုံဖြစ်ပုံရတယ်၊ သေသေချာချာ ရွေးပြီးမှ အစီအစဉ်တကျ လုပ်မယ့်ပုံပဲ"

"ဘယ်နှင်နေရာတောင်လဲ"

"ခုနစ်ဆယ့် နှစ်နေရာ"

"အဲဒါ စကိုင်ကိုအထဲက အတွင်းသူလျှို လက်ချက်ပဲ အီလီယာ၊ ဒါတွေကို ဆော်နေတာလဲ ဒီကောင်ပဲ၊ အဲဒီမြေပုံနဲ့ စကိုင်ကိုက လူးဇပ်ရှာ ခွာတ်ပစ္စည်းတွေထည့်မယ်လို့စီစဉ်ထားတဲ့ မြေပုံကို တိုက်ကြည့်ဖို့ ထောက်လှမ်းရေးဗဟိုကို ခိုင်းလိုက်ပါ၊ ကျွန်တော်တင်တဲ့အတိုင်းသာ မှန်မယ်ဆိုရင် ဒီနှစ်ခုဟာ တူရမယ်၊ ပြီးတော့ ဒီနှစ်ခုစလုံးမှာပါတဲ့ ပစ္စည်းချရမယ့် အချိန်ဇယားတွေကလဲ တူရမယ်"

"မင်းဆိုလိုတာ ငါ သဘောပေါက်ပြီ၊ အတော်တော့ ကြောက်စရာကောင်းနေပြီကွ"

"လူးဇပ်ရှာ ပစ္စည်းတွေထည့်တာ ရပ်လိုက်ဖို့ ခိုင်းလိုက်ပါ၊ အဲဒီ လူးဇပ်ရှာ ကိရိယာတွေဆိုတာက အယ်လ်ဖာလူးဇပ်တွေ ဖြစ်နိုင်တယ်၊ ဒီနည်းနဲ့ စကိုင်ကိုအတွင်းလူဟာ ရေနံမြေတွေကို ဖျက်ဖို့လုပ်နေတာ၊ အချိန်တော့ သိပ်မရှိတော့ဘူးဗျို့"

"စတောင် ထည့်နေပြီကွ"

"ဒါဆို အခုချက်ချင်း ရပ်ခိုင်းလိုက်ပါ"

"အခုထည့်ပြီးတဲ့ နေရာတွေကို ဘီတာလူးဇပ်တွေ ထပ်ထည့်လို့ ရပါတယ်"

"အဲဒီ ဘီတာလူးဇပ်တွေကိုလဲ စစ်ကြည့်လိုက်ပါဦး၊အဲဒါတွေဟောင် အယ်လ်ဖာတွေ ဖြစ်နိုင်တယ်"

"အခုပဲ ချက်ချင်း လုပ်လိုက်ပါမယ်၊ ဒါထက် ဆွန်တာရာ တစ်ယောက်ကော"

"ဒီကျွန်းပေါ်မှာ မရှိတော့ဘူးလို့ ထင်တာပဲ၊ လေလောဆယ် ဒီကောင်ကို ကျွန်တော် မစိုးရိမ်တော့ဘူး၊ သူ့ဆီက လူးဇပ်တွေကို ကျွန်တော်တို့ ပြန်ရထားတော့ သူ့ကို မကြာ သေးချိတ်ထားလို့ရတယ်၊ အတွင်းလူကို အဓိက စိုးရိမ်နေရတာ၊ အဲဒီကောင် ဘယ်သူလဲဆိုတာ သိအောင်လုပ်ဖို့ အရေးကြီးတယ်၊ ဒီဟာမျိုးတွေ လုပ်နိုင်လောက်တဲ့လူဟာ သိပ် များများစားစား မရှိဘူး၊ ထိပ်ပိုင်းမှာရှာ၊ အကုန်လုံးကို စစ်ကြည့်၊ ဒီရုဒ်ကို အထူးဂရုစိုက်ပြီး စစ်ကြည့်၊ ဒီလူပဲ ဖြစ်မယ်လို့ ကျွန်တော်ထင်တယ်"



❋

## လက်ဘန္ဒန်နိုင်ငံ

အဘူဟာဆင်နတ်ဆာမှာ နေရောင်လင်း၍ လက်ဘန္ဒန်ဘောင်တန်းများအရှိန်ဖြင့် အေးနေသည့် တဲအပြင်သို့ ထွက်လိုက်သည်။ တဲအပြင်တွင် သူ ခဏရပ်လိုက်ပြီး ဘရီးဗစ်ကို လိုက်ရှာကြည့်လိုက်သည်။ ဘရီးဗစ်အား ကောင်လေးတစ်ယောက်နှင့် စစ်တုရင်ကစားနေသည်ကို တွေ့လိုက်ရ၏။

အဘူဟာဆင်လျှောက်လာသည်ကို ဘရီးဗစ်က မော့ကြည့်လိုက်သည်။ မိမိသားသေဆုံးကြောင်း သိပြီးကတည်းက အဘိုးကြီးမှာ ယခုပထမဆုံးအကြိမ် အပြင်သို့ထွက်လာခဲ့ခြင်း ဖြစ်သည်။

ဘရီးဗစ်က ကောင်လေးဘက်သို့ လှည့်ကြည့်လိုက်သည်။ စစ်တုရင်ခုံပေါ်တွင် မိမိဘက်က အရေးနိမ့်လေပြီ။

"ငါ အရှုံးပေးတယ်ကွာ၊ မင်းက သိပ်တော်တာကိုးကွ"

သူကပြောရင်း ကောင်လေးဘက်သို့ စီးကရက်တစ်ဘူးကို ပစ်ပေးလိုက်သည်။ ကောင်လေးရှေ့တွင်လည်း စီးကရက်ဘူးတွေ ငါးဘူးလောက်ထပ်နေသည်။

ဘရီးဇစ်က ထိုင်ရာမှထရပ်လိုက်ပြီး ဘောင်းဘီများကို ဖုန်ခါနေသည်။

"ဒီကောင်လေးက ဒီရွာထဲမှာ လူကြီးတွေတောင်မနိုင်တဲ့ကောင်၊ ခင်ဗျားတစ်ပွဲမှ မနိုင်လိုက်ဘူးမဟုတ်လား"

အဘူဟာဆင်က ပြုံး၍ပြောလိုက်သည်။

"စောစောက ပြောရောပေါ့ဗျာ၊ ကျွန်တော့်မှာ အဲဒီစီးကရက်တစ်ဘူးပဲကျန်တော့တာ၊ နောက်တစ်ပွဲဆိုရင် ကျွန်တော့် ဆေးတံတောင် ပေး လိုက်ရမလား မပြောတတ်ဘူး"

ဘရီးဇစ်က ဟာသနှော၍ပြောသည်။

"ကဲ....လာ၊ လမ်းလျှောက်ကြရအောင်"

အဘူဟာဆင်က ခေါ်သည်။

နှစ်ယောက်သား စကားမပြောဘဲလျှောက်လာရာ ရွာမှ လွန်၍ ခပ်စောက်စောက်လမ်းကြောင်း တစ်ကြောင်းအတိုင်း ဆင်းလာခဲ့ရသည်။ ထိုနောက် အကွေ့တစ်ခုသို့ရောက်လာပြီး လူ တစ် ယောက် ဝင် သာ သွား ၍ ရနိုင်သည့် တောင်ကွဲကြီး အကြားသို့ ဝင်ခဲ့ရသည်။ ယင်းမှလွန်မြောက်သော် ပြန့်ပြူးသောလွင်ပြင်တစ်ခုသို့ ရောက်သည်။ ယင်း၏အလယ်လောက်တွင် ရှေးဟောင်းရောမခေတ် အဆောက်အအုံတစ်ခု ရှိနေ၏။ အဆောက်အအုံမှာ ခပ်သေးသေးဖြစ်ပြီး ကောင်းစွာပြုပြင်ထားသည်ကို တွေ့ရသည်။



တောင်ကွဲလမ်းကြီးမှ ထိုအဆောက်အအုံသို့ စကျောင် ကျောက်လမ်းကလေးတစ်ခု ရှိနေသည်။ လွင်ပြင်ကလေးမှာ ဝေးကွယ်သည်။ ထို့ကြောင့်လည်း ထိုအဆောက်အအုံကလေး နှစ်ပေါင်းများစွာ မပျက်စီးဘဲ ရှိနေရခြင်း ဖြစ်နိုင်ပေသည်။

နှစ်ယောက်သား ထိုအဆောက်အအုံကလေး အလယ်သို့ လျှောက်သွားပြီး ကျောက်ခုံကလေးတစ်ခုတွင် ထိုင်လိုက်ကြသည်။ အတန်ကြာအောင် စကားမပြောကြသေး။

နောက်ဆုံးကျမှ ဘရီးဇစ်က—

"ကျွန်တော်ရောက်ခါစက ခင်ဗျားပြောခဲ့တယ် မဟုတ်လား၊ မိတ်ဟောင်းဆွေဟောင်းတစ်ယောက်ဆီ အလည်သက်သက်လာတာတော့ မဟုတ်ပါဘူးဆိုတာလေ၊ အခု ကျွန်တော့်ကို ဒီနေရာကိုလာတာဘာလဲ ရောမရှေးဟောင်းလက်ရာတွေကို သာလေ့လာတာတော့ မဟုတ်ပါဘူးနော်၊ ဆွန်တာရာ အကြောင်းပြောကြဖို့ ကောင်းပြီထင်တယ်"

အဘူဟာဆင်သည် နှစ်ပေါင်းများစွာ ခင်မင်လာခဲ့သော မိတ်ဆွေကို စိုက်ကြည့်နေရာက....

"ဟုတ်တယ်၊ ဆွန်တာရာအကြောင်းပြောဖို့ အချိန်ရောက်ပြီ"

"ကျွန်တော် နားထောင်နေပါတယ်"

"ကျုပ် ဆွန်တာရာကိုချစ်တာ ကျုပ်သားသမီးအရင်းတွေထက် မလျော့ပါဘူး၊ ကျုပ်သားတွေကတော့ အခု အာဇာနည်တွေဖြစ်ကုန်ကြပြီလေ"

ကမဲကိုသတိရသဖြင့် အဘူဟာဆင်မျက်လုံးများ နီရဲလာပြန်သည်။

ဘရီးဗစ်က အဘူဟာဆင် ပူဆွေးနေသည်ကို စောင့်နေ လိုက်သည်။

အဘူဟာဆင်မှာ ဝဲလာသောမျက်ရည်များကို မကျအောင် ထိန်းထားလိုက်ရသည်။ စိတ်ကို ပုံမှန်ပြန်ဖြစ်ရန် အတော် ကလေးကြာအောင် နေပြီးမှ ဆက်၍....

''အခု ခင်ဗျားရှာနေပြီး သားတစ်ယောက်လို ကျုပ်ချစ်ခဲ့ ရတဲ့ကောင်ဟာ ဆွန်တာရာအစစ်မဟုတ်ဘူး၊ ဆွန်တာရာအစစ် က လူ့ဘိုင်းထင်ထားတဲ့အတိုင်း ဂရာဗင်ဟိတ်မြို့မှာ သေသွား ပါပြီ''

အဘူဟာဆင်သည် ဘရီးဗစ်ကိုစိုက်ကြည့်လိုက်ပြီး....

''ဒါပေမယ့် ကျုပ် သူ့ကို ပြန်အသက်သွင်းခဲ့တယ်၊ ရုပ် ပိုင်းအရတော့မဟုတ်ဘူး၊ သဘာဝတရားဟာ လူတွေရဲ့ စိတ် ဆန္ဒထက် ပိုဆန်းကြယ်တယ်၊ ဆိုလိုဘာက ကျုပ် ဆွန်တာရာကို ပြန်လည်ဖန်တီးခဲ့တယ်....

''ခင်ဗျားတို့ လိုက်ရှာနေတဲ့လူဟာ ဆွန်တာရာသေပြီး မကြာခင်မှာပဲ ကျုပ်ဆီကိုရောက်လာတယ်၊ သူ့ဆီမှာ ဆွန်တာ ရာရဲ့အရည်အသွေးတွေကို ကျုပ်တွေ့လိုက်ရတယ်၊ ဆွန်တာရာ သေပြီလို့ ကျုပ်တို့ လူသိမခံခဲ့ဘူး၊ ဒီသူငယ်ကိုကြည့်လိုက်တော့ ဆွန်တာရာကို ပြန်ရှင်အောင်လုပ်နိုင်တဲ့အနေအထားကို ကျုပ် တွေ့လိုက်တယ်၊ကျုပ် အဲဒီအတိုင်းလဲလုပ်ခဲ့တယ်....

''ကျုပ် သူ့ကို ဆွန်တာရာတတ်ထားသမျှတွေ နှစ်နှစ် လောက်သင်ပေးခဲ့တယ်၊ သူ့ကို ဆွန်တာရာရဲ့နောက်ကြောင်း သမိုင်းတွေကို သင်ပေးတယ်၊ ဆွန်တာရာရဲ့အရည်အသွေးတွေ ကိုလဲ သင်ပေးတယ်၊ ဆွန်တာရာရဲ့အနာဂတ်ကိုလဲ လမ်းညွှန်



ပေးခဲ့တယ်၊ သူဟာ ဆွန်တာရာလိုပဲ တပည့်ကောင်း တစ် ယောက်ပါ၊ ဒါပေမယ့် သူ့မှာ အားနည်းချက်ကြီးတစ်ခုရှိ တယ်၊ အဲဒါကတော့ ဒေါသပဲ၊ ဒီဒေါသကို ကျုပ်တို့ စိတ် ရှည်ရှည်နဲ့ကြိုးစားပြီး ပြုပြင်ခဲ့တယ်၊ ရခဲ့တယ်လို့လဲ ကျုပ် ထင်ခဲ့တယ်....

''သင်တန်းပြီးတော့ သူ့ကိုခွဲစိတ်ပြီး သူ့နဂိုရုပ်ကို ပြောင်း ပစ်ခဲ့တယ်၊ ဆွန်တာရာ ဂရာဗင်ဟိတ်မှာရခဲ့တဲ့ ဒဏ်ရာသတော ..းဖြစ်အောင်၊အမာရွတ်တွေလဲဖြစ်အောင်လုပ်ခဲ့တယ်၊ ခွဲစိတ် ..သတဲ့ဒဏ်ရာတွေပျောက်တော့ ဆွန်တာရာအသစ်ဟာ ကျုပ် ..့အာရပ်အရေးအတွက် ဆရာတစ်ဆူဖြစ်လာခဲ့တယ်၊ အဲဒီလိုနဲ့ ..ဘ္ဘာမှာ သူ တစ်ခါပြန်မွေးဖွားလာခဲ့ပြီး ကမ္ဘာကလဲ အဲဒီ ..အတိုင်း ယုံကြည်လာခဲ့ကြတယ်....

''အဲဒီနောက် သူဟာ ကျုပ်သားကိုခေါ်ပြီး စစ်သားတစ် ယောက်လိုထွက်တော့တာပဲ၊ ကမဲဟာ သူ့တပည့်ဆိုလဲဟုတ်၊ ..ဆိုလဲ ဟုတ်၊ ကမဲကလဲ သူ့ကိုချစ်တယ်''

အဘူဟာဆင်သည် ဆက်မပြောနိုင်ဘဲ ခဏငြိမ်နေပြန် သည်။ ပြီးမှ ဆက်၍....

''ဒီသူငယ်ဟာ စိတ်ဓာတ်ရော ရုပ်ဓာတ်ပါ ဆွန်တာရာဖြစ် ..ာပြီး ကျုပ်တို့အရေးကို ဦးလည်မသုန် ဆောင်ရွက်လာခဲ့ ..ယ်၊ ဒါပေမယ့် သူ့ဒေါသတွေဟာ သူ့ရင်ထဲမှာ တငွေ့ငွေ့ ..ကျလာပြီး နောက်ဆုံးမှာ အခုလို သူ့ကို လောင်မြိုက်လာခဲ့ ..ဲ့အထိ ဖြစ်လာတော့တာပဲ၊ သူဟာ အခုဆွန်တာရာမဟုတ် ..တော့ဘူး၊ ခင်ဗျားပြောသလိုပဲ သူ့ကိုတားမှဖြစ်တော့မယ်''

"ဒါဖြင့် ဒီကောင်ဟာ ဘယ်သူလဲ အဘူဟာဆင်၊ နောက်ပြီး သူ့ကို ဘယ်လိုတားရမှာလဲ"

ဘာရီးဗစ်က မေးသည်။

"သူ့ဒေါသက သူ့ကိုတားဆီးပါလိမ့်မယ်၊ ဒီဒေါသကြောင့်ပဲ သူလဲသေရမှာပဲ၊ သူဟာ ဒေါသအလျောက် အကျ လျှောက်လုပ်ရင်း ဒီလိုနဲ့ပဲ နောက်ဆုံး သူလဲ ပျက်စီးရမှာပဲ"

"သူကဘယ်သူလဲ၊ သူက ဘာကိုဒေါသဖြစ်နေတာလဲ"

အဘူဟာဆင်သည် မပြောမီ အတန်ကြာအောင်ငြိမ်နေပြီးမှ....

"သူ့နာမည်က နယ်လ်ဆင်စကိုင်းပါ၊ အက်ရှာစကိုင်းရဲ့သားပေါ့၊ သူ့အဖေအပေါ် သူ ဒေါသမာန်ပွားနေတာ"

* * *

အခန်း (၃၈)

ဆန်အင်တိုနီယိုမြို့၊ တက္ကဆက်ပြည်နယ်

ဆန်အင်တိုနီယိုမြို့တွင် ကွင်းနှင့်အဖွဲ့အား အီလီယာနှင့် ဒန်ဇစ်ဂါတို့က လာရောက်ကြိုဆိုကြသည်။ အက်ရှာစကိုင်း နှလုံးရောဂါထနေကြောင်းကိုလည်း ဒန်ဇစ်ဂါပြော၍ သိလိုက်ကြရ၏။ သူ့ကို ဆေးရုံတွင် စစ်ဆေးကုသမှုခံနေပြီး လောလောဆယ်တော့ သက်သာနေသည်ဟုဆိုသည်။ သို့ရာတွင် သူ့အခြေအနေက လေးပတ်လောက်သာခံမည်ဟု ခန့်မှန်းထားသည်ဆို၏။

ဆင်မာမန်း၊ ရယ်လင်နာနှင့် ဝိတ်ဖလာတို့သည် မြို့၏မြောက်ဘက် ရုံးချုပ်ဝင်းအတွင်းရှိ ကွပ်ကဲရေးစခန်းသို့ တိုက်ရိုက်သွားကြသည်။

ကွင်းက အီလီယာနှင့် ဒန်ဇစ်ဂါတို့ပါသည့် စကိုင်ကိုပိုင်ရဟတ်ယာဉ်နှင့် အက်ရှာစကိုင်း၏အိမ်ကြီးသို့ လာခဲ့သည်။ ရဟတ်ယာဉ်မှာ အတော်ကြီးပြီး ပိုင်းလော့အခန်းနှင့် ခရီးသည်များအခန်းကို ခွဲထားသည်။

ကွင်းက လူးဇပ်များပါသော ပခုံးလွယ်အိတ်ကို အီလီယာအား ပေးလိုက်ပြီး....

"ဒါတွေကိုစစ်ဆေးတာ ဘယ်လောက်ကြာမလဲ"

"အခုချက်ချင်းကိုလုပ်လိုက်မယ်၊ အဖြေသိရဖို့ တစ်ရက်နှစ်ရက်ပေါ့"

"ကောင်းတယ်၊ မြန်မြန်သိရလေ ကောင်းလေပဲ၊ အထူးသဖြင့် ကျွန်တော်သိချင်တာက အနီရောင်နဲ့စကားဝှက်နံပါတ်တွေရေးထားတဲ့ ပုလင်းတွေထဲမှာ ဘာပါသလဲဆိုတာပဲ"

ကွင်းက ဒန်ဇစ်ဂါဘက်သို့ လှည့်လိုက်ပြန်ရင်း....

"လူးဇပ်တွေပြန်ရပြီဆိုတဲ့အကြောင်းနဲ့ လူးဇပ်ရှာပစ္စည်းတွေနဲ့ပတ်သက်လို့ သိတဲ့လူ ကျုပ်တို့သုံးယောက်အပြင် ဘယ်သူတွေသိသေးသလဲ"

"ခင်ဗျားတို့အဖွဲ့ထဲမှာတော့ မပြောတတ်ဘူး၊ စကိုင်ကိုမှာတော့ နည်းနည်းလေးလောက်ပဲ သိကြတယ်၊ ကျွန်တော်ဝန်ထမ်းတွေထဲက ကျွန်တော်သိပ်ယုံကြည်ရတဲ့ လူတချို့နဲ့ ခင်ဗျားတို့ထောက်လှမ်းနိုင်အောင် အသိပေးဖို့လိုအပ်တဲ့လူတွေလောက်ပဲ၊ လူးဇပ်ရှာ ကီရိယာတွေထည့်တဲ့ကိစ္စတွေရပ်ဖို့ ခိုင်းတဲ့အခါမှာလဲ လူနည်းနည်းလောက် ပြောလိုက်ရသေးတယ်၊ ဒါပေမယ့် သူတို့ကလဲ ပင်လယ်ရပ်ခြားမှာရောက်နေတဲ့လူတွေ၊ ဘာကြောင့် ဒီလိုရပ်လိုက်ရတာလဲဆိုတာ သူတို့ကိုပြောပြမထားဘူး၊ အဲဒီလိုရပ်ခိုင်းလိုက်တာကို အလက်ဇန္ဒားနဲ့ ဒီရှုဒ်တို့ကိုတောင် အသိမပေးဘူး"



"ကမဲဆီကရတဲ့ အဝတ်စပေါ်ကမြေပုံနဲ့ ဒီက အကောင်သည်ဖော်ရေး အစီအစဉ်သုံးမြေပုံတွေဟာ နီးစပ်မှုရှိမယ်လို့ ...န်တော်ထင်တယ်"

"နီးစပ်မှုရှိတာမဟုတ်ဘူးကွင်းရေ၊ တစ်ထပ်တည်းကိုတူ...ဘာ၊ နောက်ပြီး ဒီရှုဒ်နဲ့ပတ်သက်လို့ ခင်ဗျားထင်တာလဲ ...ဖို့များတယ်၊ လမ်းကြောင်းတွေအားလုံးက သူ့ဆီကိုပဲ ...ဘည်နေတယ်၊ မြေပုံနဲ့အချိန်ဇယားတွေဆွဲတာတောင် သူ ...ယ်တိုင်ဆွဲတာ"

အီလီယာက ဝင်၍ဖြေသည်။

"အလက်ဇန္ဒားကိုရော ဘယ်လောက်ပြောထားသလဲ"

ကွင်းက ဒန်ဇစ်ဂါကို လှည့်မေးလိုက်ပြန်သည်။

"လူးဇပ်တွေပြန်ရတယ်ဆိုတာလောက်ပဲ ပြောထားတယ်၊ ...သင်းအရေးအတွက်ကိစ္စတောင် ပြောမထားဘူး၊ သူ့ကို နှုတ်...ဖို့လဲ ပြောထားလိုက်တယ်၊ မပြောနဲ့ဆိုရင် သူ့အမေကို ...ောင် ပြောမှာမဟုတ်ဘူး၊ အဘိုးကြီးအခြေအနေကလဲ ...သတင်းပြောရင်တောင် မဖြစ်နိုင်တဲ့အခြေအနေမျိုး ပြောလို့ ...ဖြစ်ဘူး"

"ဒီရှုဒ်ကိုရော ဘယ်လောက်အထိ ပြောထားသလဲ"

"သူကတော့ ဘာမှသိမထားပါဘူး၊ သူသိထားတာက ...းဇပ်ရှာပစ္စည်းတွေ ထည့်နေတုန်းပဲ၊ လူးဇပ်တွေလဲ ပြန်...သေးဘူးဆိုတာမျိုး၊ ကျန်ခဲ့တဲ့တစ်နာရီလောက်ကပဲ သူနဲ့ ...န်တော်တို့ အိမ်မှာတွေ့ကြသေးတယ်၊ သူ့ကို လူးဇပ်ရှာ ...ရိယာတွေထည့်တဲ့ အစီအစဉ်တွေနဲ့ပတ်သက်ပြီး အစီရင်ခံ...င်းမလို့ခေါ်ထားတာ"

ဤတွင် အဂ်ါလီယာကဝင်၍....

"မကောင်းတဲ့သတင်းတွေလဲ ရှိသေးတယ်ကွင်းရေ၊ ဒီ အစီအစဉ်ကိုရပ်လိုက်ပေမယ့် နှစ်ခုကတော့ ထည့်ဖြစ်သွားတယ်"

"ဘယ်နေရာတွေမှာလဲ"

"တစ်နေရာက ဆော်ဒီအာရေးဗီးယားမှာ၊ နောက်တစ်နေရာက ဆိုဗီယက်မှာပဲ၊ ကမ္ဘာ့ရေနံအများဆုံးထွက်တဲ့နေရာတွေပဲ၊ ငါတို့မပြောနိုင်သေးတာက လူးဇပ်ရှာပစ္စည်းတွေပဲ လူးဇပ်တွေကို သယ်ဆောင်သွားနိုင်တဲ့ အဏုဇီဝရုပ်ပစ္စည်းတွေလား၊ ဒါမှမဟုတ် မင်းပြောသလို ဒါတွေဟာ ငါတို့က ဘီတာပစ္စည်းလို့ ထင်နေတဲ့ တခြားအဏုဇီဝရုပ်တွေလား ဆိုတာပဲ၊ လူးဇပ်ရှာ အဏုဇီဝရုပ်တွေနဲ့ ဘီတာတွေတချို့ကို ငါတို့ပြန်ယူလာခဲ့ပြီ၊ မကြာခင် ငါတို့သိရမယ်"

"ကောင်းတဲ့ဘီတာတွေကို တီထွင်ပြီး ရေနံမြေတွေကို ကယ်တင်ဖို့ ဘယ်လောက်ကြာမှာလဲ"

ကွင်းက မေးလိုက်ပြန်သည်။

"ကွန်ပျူတာမှာ တွက်ထားတာကတော့ အခုည သန်းခေါင်ကနေ ခြောက်ရက်အတွင်း ထည့်ပေးရမယ်လို့ဆိုတယ်"

"အဲဒါဆိုရင် ဘယ်လောက်ဆုံးရှုံးရမလဲ"

"ခြောက်ရက်အတွင်း ကာယ်ဆယ်ရေးဘီတာတွေကို ထည့်ပေးနိုင်မယ်ဆိုရင် ရှစ်ဆယ်ရာခိုင်နှုန်း အဖတ်ဆယ်နိုင်မယ်၊ ဒါပေမယ့် ခြောက်ရက်ကကျော်ရင်တော့ အပျက်အစီးကို မပြောနိုင်တော့ဘူး၊ ရှစ်ရက်လောက်ဆိုရင် ထားလိုမလောက်အောင်ကို ဖြစ်ကုန်နိုင်တယ်"



"ကျွန်တော်တို့မှာ ဘီဘာတွေ လုံလုံလောက်လောက်ရှိ ...လား"

"အခု စုပြီး စာရင်းစစ်ကြည့်နေတယ်၊ အဆင်ပြေမယ်ဆို ... အဲဒီနေရာတွေကို ပို့နိုင်ဖို့ အချိန်အများကြီးရမယ်၊ အခု ...ထားဘဲ့နေရာတွေကို ကိုးဆယ့်ငါးရာခိုင်နှုန်းလောက် ပြန် ...ကောင်းအောင် ကယ်ဆယ်နိုင်မယ်၊ လူးဇပ်ရှာကိရိယာ ...တစ်တွေကိုလဲ အမြန်ဆုံးပို့နိုင်အောင် ကြိုးစားကြည့်နေ ...ယ်၊ အဲဒါဆိုရင် သက်ဆိုင်ရာနေရာမှာ တကယ်အန္တရာယ်ရှိမရှိ ...ဆယ့်လေးနာရီအတွင်း သိနိုင်မယ်"

"အဲဒီအတိုင်းဖြစ်လာမယ်ဆိုရင် ဆိုဗီယက်တွေ ဝင်လာနိုင် ...မလား"

ကွင်းက မျက်ခုံးကိုပင့်၍ ပြောလိုက်သည်။

"ဒီကိစ္စ ကျွန်တော့်တာဝန်ထား"

ဒန်ဇစ်ဂါက ပြောလိုက်သည်။

ဒန်ဇစ်ဂါက တောင်ထူထပ်သော အောက်ဘက်မြေပြင်သို့ ...ကြည့်လိုက်ပြီး....

"ကျွန်တော်တို့လေယာဥ် မကြာခင် ဆင်းတော့မယ်၊ ...အောက်မှာ ခင်ဗျားကို သိပ်တွေ့ချင်နေတဲ့ လူတစ်ယောက် ...စောင့်နေလေရဲ့၊ နှုတ်ဆက်ဖို့အချိန်တော့ နည်းနည်းရမယ်၊ ...ပေမယ့် မြန်မြန်တော့ပြော၊ ဒီရှဒ်ကို ကျွန်တော်တို့ သိပ် ...စောင့်ခိုင်းထားလို့မဖြစ်ဘူး၊ ခင်ဗျားအစည်းအဝေးမတိုင်ခင် ...ဖို့ ကိုယ်ရေးအချက်အလက်တွေလဲ ပြုစုထားတယ်"

"ကောင်းတယ်"

ကွင်းကပြောလိုက်ပြီး ပြတင်းပေါက်မှ အောက်သို့ငုံ့ကြည့်လိုက်သည်။ အလက်ဇန္ဒားကို မတွေ့ရသည့်မှာ ငါးရက်ရှိပြီ။ သူမအတွက်တော့ စိတ်ချခဲ့ရပြီ။ ဝိတ်လော့ပြောပြ၍ သူဖြစ်ပျက်ခဲ့ရသည့် စိတ်ဓာတ်ချောက်ချားဖွယ် အတွေ့အကြုံသိခဲ့ရသည်။ သူမကို ဝိတ်လောကယ်ဆယ်ခဲ့သည်ကိုလည်း ကွင်းသိခဲ့ရသည်။ ထိုအတွက် ဝိတ်လော၏ကျေးဇူးမှာ ဆပ်၍မကုန်နိုင်အောင်ပင်။

ရဟတ်ယာဉ်သည် ရဟတ်ယာဉ်ရပ်နားသည့် နေရာ၏ အရှေ့ဘက်မှချဉ်းကပ်လာခဲ့သည်။ အောက်ကိုလှမ်းကြည့်လိုက်တော့ အလက်ဇန္ဒားကို ကွင်းတွေ့လိုက်ရ၏။

"ခင်ဗျား အလက်ဇန္ဒားကို လုံခြုံရေးချပေးထားခဲ့လား"

ကွင်းက ဒန်ဇစ်ဂါအား မေးလိုက်သည်။

"ပေးထားတယ်၊ အမယ်လေး....မပြောချင်တော့ပါဘူးဗျာ၊ အဲဒီလို လုံခြုံရေးပေးတာကို မလိုပါဘူးလို့ ပြောနေလို့ သူ့ကို မနည်းပြောယူရတယ်"

ဒန်ဇစ်ဂါကဆိုသည်။

အော်လီယာကဝင်၍....

"အခုအထိတော့ အန္တရာယ်မရှိနိုင်သေးပါဘူး၊ ဒါပေမယ့် ဆွန်တာရာ သူ့စီမံကိန်းပျက်သွားတော့ နောက် ဘာလုပ်မယ်ဆိုတာ မပြောနိုင်ဘူး၊ ဒီ အကြမ်းဖက်သမားဟာ သာမန်ကောင်မျိုးမဟုတ်ဘူး၊ ဆွန်တာရာလိုကောင်မျိုးဟာ အကြံမအောင်တော့ဘူးဆိုရင် မရရအောင်လုပ်တတ်တယ်၊ အာဘာရန်းကို ငါတို့ကိုင်ပြီးလိုက်ကတည်းက သူ့ကိုမိဖို့ကောင်းတယ်၊ ဆဲယားရှာတုန်းကလဲ ကပ်လွဲသွားတယ်၊ အခု ကမဲနဲ့ဂရီတာတို့အဖြစ်အပျက်ကိုကြည့်ပြီး ဒီကောင် ရာသက်ပန်ပျောက်သွားဖို့တောင်ကောင်းတယ်၊ ဒါပေမယ့် ငါတော့မသင်ဘူး၊ ဆွန်တာရာလိုကောင်မျိုးဟာ နားလည်ရခက်တဲ့ကောင်မျိုး"



ကွင်းကလည်း အောက်ကိုငုံ့ကြည့်နေရာမှ သူတို့ဘက်သို့ပြန်လှည့်ပြီး....

"ဒီကောင်နဲ့ကျွန်တော်တို့က ဇာတ်လမ်းမဆုံးသေးဘူး၊ ကျွန်တော်တို့ဆော်လိုက်တာ ဒီကောင် အတော်အထိနာသွားတယ်၊ ဒီကောင် တစ်နည်းနည်းနဲ့ ပြန်ဆော်လိမ့်မယ်၊ ဒီကောင်ဟာ တခြားအကြမ်းဖက်သမားတွေလို မဟုတ်ဘူး၊ တခြားကောင်တွေထက်လဲသာတယ်၊ ဉာဏ်လဲများတယ်၊ အခုလို လုံခြုံရေးချပေးထားတာ မမှားဘူး၊ အခု ကျွန်တော်တို့ သူ့ကိုလိုက်ရှာစရာမလိုတော့ဘူး၊ သူ့ပုံစံအတိုင်း သူကိုယ်တိုင် ကျွန်တော်တို့ဆီကို လာလိမ့်မယ်"

ပြောရင်း ကွင်းသည် သူ့ကောင်မလေးကိုသတိရလိုက်တော့ မိမိကောင်မလေးကို သူလာသတ်လိမ့်မည်ဟု တွေးနေမိသည်။

ကွင်းပြောလိုက်သည့်စကားများကြောင့် အော်လီယာစိုးရိမ်သွားမိသည်။ ကွင်းနှင့်ဆွန်တာရာတို့မှာ တူညီသော အရည်အချင်းများရှိနေကြောင်း အော်လီယာသိနေ၏။ မိမိတို့ကိုအလုပ်အပ်ကတည်းက ကွင်း၏ ထိုအရည်အချင်းများကို မိမိယုံကြည်ထားပြီးဖြစ်၏။ ယခု ဆွန်တာရာ၏သတင်းမှာ မြုပ်နေသည်။ သို့သော် မကြာမီ သူသည် သားကောင်ဘဝမှ မုဆိုးဖြစ်လာပေတော့မည်။ ကွင်းမှာ သူ့ပစ်မှတ်ဖြစ်လာနိုင်သည်။

သို့ရာတွင် နာလောက်အောင် လက်စားချေပြီးမှ သတ်ပစ်လိမ့်မည်။

ရဟတ်ယာဥ်ဆင်းသက်ပြီးနောက် သုံးယောက်သား အလက်ဇန္ဒားထံသို့ လျှောက်လာကြသည်။

အလက်ဇန္ဒားမှာ စိတ်ထဲတွင် မြူးထူးပြီး ပြေးကြိုချင်စိတ်ပင် ပေါက်မိသည်။ သို့ရာတွင် စကိုင်ကို ကော်ပိုရေးရှင်းအကြီးအကဲတစ်ယောက်အနေနှင့် အများရှေ့မို့ ဟန်ဆောင်နေလိုက်ရသည်။ ပြီးတော့ ပြုံးကာ မှင်နှင့် မောင်းနှင့် နေလိုက်၏။

ကွင်းက သူမထံသို့ လျှောက်လာခဲ့သည်။ သူမမျက်နှာပေါ်တွင် သူမ၏ စိတ်ဆန္ဒတို့ကို မြင်နေရ၏။ သို့ရာတွင် အချိန်အခါနှင့် နေရာဌာနမဟုတ်သေး။ လောလောဆယ် ဣန္ဒြေနှင့် နေရမည်။

သူက လက်ဆွဲအိတ်ကို အောက်သို့ ချလိုက်ပြီး သူမလက်မောင်းကလေးကို ကိုင်လျက်....

“ပြန်တွေ့ရတာ ဝမ်းသာပါတယ်၊ တကယ့်ကို ဝမ်းသာတာပါ”

သူက လက်မောင်းကို အသာအယာ ညှစ်လိုက်ပြီး ပြောလိုက်၏။

“ရှင့်အတွက်လဲ ကျွန်မ စိုးရိမ်လိုက်ရတာ”

သူမက ကွင်း၏ ခါးကို လှမ်းဖက်လိုက်သည်။ သူများရှေ့တွင် ထိုမျှလောက်ထက် မပိုသင့်။

“မင်း အီစလာဘွန် သဘော်ပေါ်မှာ်တုန်းက ကျုပ်အာ့လီယာကို အတင်း ကျည်တိုက်နေတာ”



ကွင်းက ပြောပြီး အိတ်ကို ကောက်ယူလိုက်သည်။

“ကဲ....ကျွန်မတို့နှစ်ယောက် ဒီမှာ ပြန်ဆုံကြရပြီ၊ ပုစရာ...ရာတွေကို ချန်ထားခဲ့တော့”

သူမ ပြောပြီး အားလုံးကို ဦးဆောင်ကာ အိမ်ကြီးဆီသို့ ...လျှောက်လာခဲ့သည်။

ပုစရာ ပင်စရာတွေ မကုန်သေးကြောင်း ကွင်းသိနေသည်။ ...ရာတွင် လောလောဆယ် သူမကို အသိမပေးဘဲထားသည် ...အကောင်းဆုံး။

“မင်းအဖေ ဘယ်လိုနေသေးလဲ”

“သက်သာပါတယ်၊ ဒီပြဿနာကြီးတစ်ခုလုံးကြောင့် သူ...လိုဖြစ်ရတာ၊ နှစ်လလောက်အတွင်း နှစ်ပေါင်းနှစ်ဆယ်...ာက် အိုစာသွားတယ်၊ကျွန်မ အဲဒါကို စိတ်ပူတာ၊နောက်...သလောက်ဆိုရင် သူ့အသက် ရှစ်ဆယ့်ရှစ်နှစ်ပြည့်တော့...၊ ဒါကြောင့် သူပြန်ကောင်းလာနိုင်တဲ့အင်အားမှ ရှိပါ့...သား မသိဘူး”

“ချက်ချင်းတော့လဲစိုးရိမ်စရာမရှိပါဘူး၊ အခုလဲသူ စိတ်ချ...ဲ့နေရာကို ရောက်နေပြီပဲ၊ ဆေးရုံကနေ ခေတ်အမီဆုံးနည်း...နဲ့ ကုသပေးမှာပေါ့”

ကွင်းက အားပေးသည်။

သူမကလည်း ခေါင်းညိတ်လိုက်ပြီး....

“အခုကိစ္စကြီး ပြီးသွားတာပဲ ကျွန်မ ဝမ်းသာလှပြီ”

ကွင်းက အာ့လီယာကို လှည့်ကြည့်လိုက်သည်။ အာ့လီယာ... မျက်ခုံးကိုပင့်၍ ပခုံးတွန့်ပြလိုက်၏။ အဖြစ်မှန်တွေကို သူမ

မသိသေး။ ဆော်ဒီအာရေးဗီးယားနှင့် ဆိုဗီယက် ရေနံမြေ တွေ ကိစ္စကိုလည်း သူမ သိဟန်မတူ။

"ဝိတ်လောတစ်ယောက်ရော"

သူမက မေးသည်။

"သူ ဒီဆန်အင်တိုနီယိုမြို့မှာ ရောက်နေတယ်၊ အမေ့ မြောက် ကွပ်ကဲရေးစခန်း သွားဖွင့်တယ်လေ၊ အပြီးသတ် လေးတွေ ဆောင်ရွက်ရအောင်လို့၊ မင်း မကြာခင် သူနဲ့တွေ့ ရမှာပါ"

"အန္တရာယ်တော့ မရှိနိုင်တော့ပါဘူးနော်"

ကွင်းက သူမကို ပြုံးကြည့်လိုက်ပြီး....

"မရှိတော့ဘူး၊ ကိုယ် ရှင်းလင်းရေး အစည်းအဝေး တစ်ခု တက်ရဦးမယ်၊ ခဏပဲကြာမှာပါ"

သူမက ခေါင်းညိတ်လိုက်ပြီး....

"ကောင်းပြီ၊ အဲဒါပြီးလို့ အစ်ကိုအားရင် ကျွန်မတို့ ညစာ စားရင်း တွေ့ကြမယ်"

"ကိုယ်ကတော့ တွေ့ဖို့ပဲ စိတ်စောနေတယ်"

အာလီယာနှင့် ဒန်ဇစ်ဂါတို့က အိမ်ကြီးဆီသို့ သွားနှင့်ကြ သည်။ ကွင်းက အလက်ဇန္ဒားအား ဖက်ကာ နဖူးကလေးကို ခပ်ဖွဖွနမ်းလိုက်ရင်း....

"အခုလို ပြန်ဆုံရတာ ပျော်စရာကြီး"

"အစည်းအဝေးသာ မြန်မြန်ပြီးအောင်လုပ်၊ အင်္ကျီ ဗိုပျော်သွားစေရမယ်"

သူမက ညို့ဓာတ်ပါသော အပြုံးကလေးနှင့် ပြောလိုက် သည်။



ကွင်းက သူမကို စိုက်ကြည့်လိုက်ပြီး....

"အစည်းအဝေးက နည်းနည်းစောင့်...."

သူမက ပြုံးလျက်....

"သွားစမ်းပါ၊ ကိုယ့်ဘာသာ အစည်းအဝေးကိုပဲ၊ သူ များထွက်မပြေးပါဘူး"

သူမက ကွင်း၏လက်ကို ဆွဲလျက် အိမ်ကြီးဆီသို့ တွန်းပို့ လိုက်သည်။

ကွင်းက သူမကို တစ်ခါထပ်နမ်းပြီး အိမ်ကြီးရှိရာသို့ အာလီ ယာနှင့် ဒန်ဇစ်ဂါတို့နောက် လိုက်သွားတော့သည်။

*

အစည်းအဝေးခန်းထဲသို့ ဝင်လာသော ကွင်းအား ဒန်ဇစ် ဂါက ဖိုင်တစ်ခု လှမ်းပေးရင်း....

"ဒီရှဒ်ရဲ့ ကိုယ်ရေးဖိုင်၊ ပထမနှစ်မျက်နှာက ကိုယ်ရေး အကျဉ်းချုပ်၊ နောက်ပိုင်းမှာ အသေးစိတ်ပါတယ်"

ကွင်းက ဖိုင်ကိုဖွင့်၍ အကျဉ်းချုပ်ကိုဖတ်ကြည့်လိုက်သည်။

"ဒေါက်တာတူးနစ် ဒီရှဒ်သည် အမ်စတာဒမ်မြို့၌ ၁၉၄၃ ခုနှစ် ဂျာမန်တို့ စိုးမိုးစဉ်က မွေးဖွားခဲ့သည်။ သူ့ဖခင်က ပန်း လုပ်ငန်းရှင် တစ်ယောက်ဖြစ်၏။ သူ့ဖခင်သည် စီးပွားရေး တွင် အောင်မြင်ပြီး စစ်ကြီးပြီးသည့်နောက် ထိုမြို့တွင် အကြီး ဆုံးလုပ်ငန်းရှင်ကြီးတစ်ယောက် ဖြစ်ခဲ့သည်။ ထို့ကြောင့် ဒီရှဒ် သည် ငယ်ငယ်ကပင် ကောင်းကောင်းမွန်မွန်နေ၍ ကောင်းစွာ ပညာသင်ကြားနိုင်ခဲ့၏။

သူ့အသက် ကိုးနှစ်သားအရွယ် ၁၉၆၂ ခုနှစ်တွင် မိဘနှစ်ပါးသည် ဂျာမနီနိုင်ငံ၌ အားလပ်ရက် ခရီးထွက်ရင်း ကားမှောက်ကာ ကွယ်လွန်ခဲ့ကြသည်။ ဖခင်၏ လုပ်ငန်းမှာ ဒီရှဒ်၏ လက်ထဲတွင် ကျန်ခဲ့၏။ သို့ရာတွင် ဒီရှဒ်သည် ပန်းလုပ်ငန်းကို စိတ်မဝင်စား၊ သိပ္ပံပညာကိုသာ စိတ်ဝင်စားသည်။

ထို့ကြောင့် လုပ်ငန်းကို ရောင်းပစ်ပြီး အမေရိကန်နိုင်ငံသို့ လာရောက် ပညာသင်ကြားခဲ့သည်။

၁၉၆၇ ခုနှစ်တွင် သိပ္ပံဘွဲ့ကို ထူးချွန်စွာဖြင့် အောင်မြင်ခဲ့သည်။ ထို့နောက် ဆက်လက်၍ ပညာသင်ပြီး မဟာသိပ္ပံဘွဲ့နှင့် ပါရဂူဘွဲ့များကိုပါ ရရှိခဲ့၏။ ပါရဂူဘွဲ့စာတမ်းတွင် ထူးခြားသော ဗီဇ သည်ဆောက်မှု သီဝရီအသစ်များကို ရေးသားခဲ့သည်။ ထို့နောက် ဟားဗတ်တက္ကသိုလ်တွင် ဝန်ထမ်းအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး သုတေသနများလည်း ဆက်လက် လုပ်ကိုင်ခဲ့၏။ သူ့ သုတေသနအတွက် ငွေကြေးထောက်ပံ့မှုများလည်း ရရှိခဲ့သည်။ ပုဂ္ဂလိကများအထဲမှ သူ့ကို အများဆုံး ထောက်ပံ့သူတို့တွင် စကိုင်ကို ကော်ပိုရေးရှင်းကြီးလည်း ပါဝင်ခဲ့သည်။

၁၉၇၃ ခုနှစ်တွင် ဟားဗတ်တက္ကသိုလ်၌ရှိစဉ် သူနှင့် နယ်လ်ဆင်စကိုင့်းတို့ တွေ့ဆုံခဲ့ကြ၏။ ဒေလီယာရာရှက်ခေါ် အာရပ် မိန်းမချောကလေးတစ်ယောက်ကို အကြောင်းပြု၍ သူတို့နှစ်ယောက် သိကျွမ်းခဲ့ရခြင်းဖြစ်သည်။ ထိုအချိန်မှာ နယ်လ်ဆင် တော်လှန်ရေးစိတ်ဓာတ်များဝင်၍ အစိုးရဆန့်ကျင်မှုများ လုပ်နေစဉ်ကာလဖြစ်ကြောင်း စောစောပိုင်း မိမိသိထားခဲ့ရသည်များနှင့် ဆက်စပ်၍ ကွင်းစဉ်းစားမိသည်။



"အဲဒီတုန်းက ဒီရှဒ်ဟာ အစိုးရဆန့်ကျင်ရေးလုပ်ငန်းတွေ လုပ်နေသလား"

ကွင်းက ဒန်ဇစ်ဂါကို မေးလိုက်သည်။

"မှတ်တမ်းတွေ အရတော့ သူက ဒီလောက် တက်တက်ကြွကြွ မဟုတ်လှဘူး၊ သူ့ဘူငယ်ချင်းတွေကတော့ တက်ကြွတယ်၊ အများအားဖြင့်တော့ ပါးစပ်ကသာများပြီး လက်ကသိပ်မပါကြပါဘူး၊ တချို့ဟာ ဘူတို့နှစ်ယောက်စလုံးနဲ့ သိနေကြတယ်"

ကွင်းက ဆက်ဖတ်နေသည်။

"ဒီမှာရေးတဲ့အတိုင်းဆိုရင် သူဟာ စကိုင်ကိုကော်ပိုရေးရှင်းကို ၁၉၇၇ ခုနှစ်က ရောက်လာတာပေါ့"

ကွင်းက မေးပြန်သည်။

"ဟုတ်တယ်၊ သူ့ကို နယ်လ်ဆင်ကိုယ်တိုင်က ခေါ်လာတာ၊ ရာရှက်ဆိုတဲ့ ကောင်မလေးကတစ်ဆင့် သူတို့ ခင်မင်သွားကြတာ၊ နယ်လ်ဆင် ကျောင်းပြီးသွားတဲ့အထိ သူတို့ ဆက် ခင်မင်နေကြတုန်းပဲ"

"ကျွန်ုပ်တော်မှတ်မိသလောက်တော့ သူဟာ မိသားစုထဲမှာ ပြန်ပြီး အဆင်ပြေလာတယ် မဟုတ်လား"

"ဟုတ်တယ်၊ အဲဒီအချိန်မှာ သူ့ရည်းစားဖြစ်နေတဲ့ ဒေလီယာရာရှက်က သူ့တိုင်းပြည်ကို ပြန်သွားတယ်၊ ကွန်ကီ့ပူးစစ်ပွဲအတွင်းကပေါ့၊ ရာရှက်ဟာ စစ်ပွဲပြီးတဲ့အထိ အဲဒီမှာနေတယ်၊ ၇၄ ခုနှစ် ဖေဖော်ဝါရီနှောင်းပိုင်းလောက်မှာ ရာရှက်လဲ လက်ဘနွန်မှာ အစ္စရေးကွန်မန်ဒိုတွေ လက်ချက်နဲ့ သေခဲ့

တယ်၊ ဒီမိန်းကလေးဟာ အကြမ်းဖက်လုပ်ငန်းတွေ သွားလုပ်တယ် ထင်ပါရဲ့''

''အဲဒီနောက်ပိုင်းမှာ နယ်လ်ဆင်လဲ အတော်လေး ဆွေးခဲ့တယ် ဆိုပါတော့၊ အက်ရှာစကိုင်းကလဲ သူ့သားကို စိတ်ချမ်းသာအောင် လုပ်ပေးဘယ်၊ အဲဒီလိုလုပ်တဲ့နေရာမှာ ဒီရှဒ်ကလဲ ကူညီခဲ့တယ်၊ အဲဒီမှာတင် စကိုင်းဟာ ဒီရှဒ်ကို သဘောကျသွားတော့တာပဲ''

''အဲဒီနောက်ပိုင်းမှာ နယ်လ်ဆင် ကောင်းကောင်းမွန်မွန် ပြန်ဖြစ်လာတယ်၊ သူဟာ ဥပဒေပညာကို ကောင်းကောင်းသင်ပြီး ၇၅ ခုနှစ်ကျတော့ ကုမ္ပဏီမှာ ပြန်လုပ်ခဲ့တယ်၊နောက်နှစ်မှာ စကိုင်ကိုကနေ ဗီဇသုတေသနတွေလုပ်တော့ ဒီရှဒ်ကို ခေါ်ခဲ့တယ်၊ သူ့ကို နယ်လ်ဆင်ခေါ်လိုက်ဘာလဲ မှန်တယ်၊ စကိုင်ကိုဟာ ဒီလုပ်ငန်းမှာ အတော်လေး ·အောင်မြင်သွာတယ်....

''အဲဒီဖိုင်ထဲမှာပါတဲ့အတိုင်း ဒီရှဒ်ရဲ့ မှတ်တမ်းတွေဟာ သိပ်ကောင်းခဲတယ်၊ ၇၉ ခုနှစ်ကျတော့ သူ့ကို သုတေသနလုပ်ငန်းမှာ ဒုတိယဥက္ကဋ္ဌ ခန့်ခဲ့ဟယ်၊ နောက်တစ်နှစ် နယ်လ်ဆင် လေယာဉ်ပျက်ပြီး မသေခင်အထိ သူဟာ နယ်လ်ဆင်ကို တာဝန်ခံပြီး လုပ်ခဲ့ရတာ''

''ပျက်ကျတဲ့လေယာဉ်ကို တွေ့သေးလား''

ကွင်းက မေးလိုက်သည်။

''ဟင့်အင်း....လေယာဉ်ဟာ အိုက်စ်လန်ကျွန်းနဲ့ ဟယ်လ်ဆင်ကီမြို့အကြားမှာ ပျောက်သွားတာပဲ''



''ဒီရှဒ်နဲ့ ခင်တယ်ဆိုတဲ့ အစိုးရဆန့်ကျင်တဲ့ ကောင်တွေထဲ အစွန်းရောက်သမားတွေနဲ့ ဒီရှဒ် အဆက်အသွယ် ရှိသား၊ ဆက်ပြီး ခင်မင်နေတာတို့၊ ပေးကမ်းထောက်ပံ့တာ ဆိုပါတော့''

''မြစိမ်းရောင်အဖွဲ့နဲ့ တခြားပတ်ဝန်းကျင်ဆိုင်ရာအဖွဲ့တွေ လောက်ပဲ ထောက်ပံ့တာရှိတယ်၊ ဒါတွေကတော့ အစွန်း ာက်တယ်လို့ မပြောနိုင်ဘူး''

ဒန်ဇစ်ဂါက ဖြေသည်။

''ရာရှက်ဆိုတဲ့ ကောင်မလေးနဲ့ ပတ်သက်လို့ရော ခင်ဗျား မှတ်တမ်းတွေလုပ်ထားတာ ရှိသလား''

''သူက ကျွန်တော် ကုမ္ပဏီမရောက်ခင် ငါးနှစ်လောက်က သဘာ၊ ကျွန်တော်သိရသလောက်တော့ သူနဲ့ပတ်သက်ပြီး ဘမ်းလုပ်ထားတာ မရှိခဲ့ဘူး၊ အက်ဖ်ဘီအိုင်အဖွဲ့ ဖိုင် ဟောင်းတွေထဲမှာတော့ ရှိချင်ရှိမယ်''

''အက်ဖ်ဘီအိုင်အဖွဲ့နဲ့ ခင်ဗျားအဆင်ပြေသလား''

အီလီယာက မေးသည်။

''သူတို့က ကောင်းပါတယ်၊ ကျွန်တော် ဖိုင်ကိုယူကြည့်လို့ ါတယ်''

''ကောင်းတယ်၊ ယူကြည့်လို့ရရင် ယူကြည့်စမ်းဗျာ၊ အဲဒီ ထဲမှာ ဘာပါမယ်ဆိုတာတော့ မပြောတတ်သေးဘူး၊ ဒါ ယ့် နယ်လ်ဆင်နဲ့ပတ်သက်လို့ တစ်ခုခုတော့ ရှိနိုင်တယ်၊ ာလဲဆိုတာ ကျွန်တော်သိချင်တယ်''

ကွင်းက ပြောလိုက်ခြင်းဖြစ်၏။

"ကျွန်တော် ဒီနေ့ပဲ လုပ်ပါမယ်၊ ဒီရုဒ်ကို ကျွန်တော် ခေါ်လိုက်မလား၊ သူ့ကို အကြာကြီး အစောင့်ခိုင်းထား မဖြစ်ဘူး"

ဒန်ဇစ်ဂါက နာရီကိုကြည့်ကာ ပြောလိုက်သည်။

"နောက်တစ်ခုလောက် မေးချင်သေးတယ် ဒန်ဇစ်ဂါ"

ကွင်းက ပြောသည်။

"မေးပါ"

"မက်ဒဲလင် သုတေသနဗိမာန်ကို အတိုက်ခံရတယ် သတင်းထွက်လာပြီးတဲ့နောက် လူးဇပ်တွေကို ရွှေ့ဖို့ ဘယ် က အကြံပေးတာလဲ"

ဒန်ဇစ်ဂါက အနည်းငယ်စဉ်းစားလိုက်ပြီး....

"ပထမတော့ ဒီရုဒ်က အကြံပြုတာ၊ နောက်ပိုင်းမှာ ကျွန် တော်ကလဲ ထောက်ခံခဲ့တယ်၊ စကိုင်းကိုယ်တိုင်ကပါ ထော တယ်"

"အချက်အလက်တွေအားလုံး မသိရသေးခင်မှာ ဒီ အကြံပြုတာ မဟုတ်လား"

"မှန်ပါတယ်"

"ခင်ဗျားပြောတော့မှ ကျွန်တော် တစ်ခု သတိရတယ် ဒီရုဒ်ကို မခေါ်ခင် တစ်ခုလောက် ထပ်မေးဦးမယ်"

ကွင်းက ဆိုသည်။

ဒန်ဇစ်ဂါက ခေါင်းညိတ်လိုက်၏။

"သေတ္တာထဲကို လူးဇပ်တွေထည့်တာ ဘယ်သူလဲ"

"ဒေါက်တာဒေးဗစ်မီလာ ထည့်တာ၊ ဒီရုဒ်နဲ့ အမိ ဒေါက်တာစတီလင်က ခိုင်းတာ"



"သူ့ကိုရော မက်ဒဲလင်မှာတုန်းက စစ်ကြည့်သေးလား"

"စစ်ကြည့်တယ်"

"ဘာပြောလဲ"

"မှတ်တမ်းထဲမှာ ပါတဲ့အတိုင်းပါပဲ၊ ပုလင်း နှစ်ဆယ့် းလုံး ထည့်ပေးလိုက်တယ်တဲ့၊ ပထမတစ်သုတ် ပျောက် းပြီးတော့ ကျန်တဲ့ပစ္စည်းတွေကိုပါ အမေရိကန်ကို ပြန်ပို့ ပြောတာကတော့ သူပဲ"

ကွင်းက အမ်လီယာကို လှမ်းကြည့်လိုက်ပြီး....

"ပုလင်းနှစ်လုံး ပိုနေတဲ့ကိစ္စကို ဒေါက်တာမီလာ သိရ ယ်၊ သူ့ကိုခေါ်မေးကြည့်ရင် ကောင်းမယ်၊ ဒီပြဿနာမှာ ါချင်လဲ မပါမယ်၊ မပါချင်လဲ မပါဘူး၊ သူက အသက်ရှင် က်ရှိနေတော့ သူမပါဘူးဆိုရင်လဲ ပြောပြနိုင်မယ်၊ ဘာပဲ ဖြစ် သူ့ကိုမေးရင် ကျွန်တော်တို့ လမ်းစရိတ်ရနိုင်တယ်"

ဒန်ဇစ်ဂါက....

"ဒီကိစ္စလဲ ကျွန်တော်ပဲ လုပ်လိုက်ပါမယ်၊ နောက် ဘာ သေးလဲ"

ကွင်းက ခေါင်းခါလိုက်ပြီး....

"မရှိတော့ပါဘူး၊ ဒီရုဒ်ကို ခေါ်ချင်ခေါ်တော့"

"သူ့ကို ကျွန်တော်တို့ ဘယ်လိုလုပ်မလဲ"

ဒန်ဇစ်ဂါက မေးသည်။

အမ်လီယာက....

သူ့ကို ငါမေးမယ်၊ ကွင်းက အသာနေ၊ လွတ်သွားစေ ရာမှာသာ မင်းဝင်မေးချင် မေး"

ကွင်းက ခေါင်းညိတ်လိုက်သည်။

"ဒန်ဇစ်ဂါ၊ ကျွန်တော်ခိုင်းတဲ့ ဆလိုက်တွေ ပါရဲ့လား"

"ပါပါတယ်၊ စားပွဲထိပ်က စက်ခလုတ်ခုံကနေ ဆလိုက်ပြစက်ကို ဖွင့်လို့ရတယ်"

"ကောင်းပြီ၊ သူ့ကိုခေါ်လိုက်တော့"

ဒန်ဇစ်ဂါ စားပွဲမှထကာ တံခါးပေါက်မှ ထွက်လိုက်သည်။ ခဏကြာတော့ သူပြန်ဝင်လာပြီး သူ့နောက်မှ ဒီရှဒ် အတက်ချိကေ့စ်နှင့် ကားချပ်လိပ်များကိုကိုင်၍ ပါလာသည်။

"အားလုံးပဲ မင်္ဂလာပါဗျာ"

သိပ္ပံပညာရှင်ကြီးက နှုတ်ဆက်လိုက်သည်။ ပြီးတော့ စားပွဲတွင် ဝင်ထိုင်လိုက်သည်။

အဲလီယာက စ၍..../

"မင်္ဂလာပါ ဒေါက်တာဒီရှဒ်၊ ပြန်တွေ့ရတာ ဝမ်းသာတယ်ဗျာ၊ အခုလို အမြန်ဆုံး ရောက်လာတဲ့အတွက်လဲ ဝမ်းသာပါတယ်"

"ကျွန်တော်ကလဲ အကူအညီပေးဖို့ အသင့်ပါပဲ"

"မရှင်းလင်းသေးတဲ့အချက်ကလေးတွေ ကျွန်တော် နည်းနည်းလောက်မေးချင်ပါတယ် ဒေါက်တာဒီရှဒ်၊ သဘောပေါက်ပါတယ်နော်"

"ပေါက်ပါတယ်"

"ကျန်ခဲ့တဲ့ ခြောက်ဆယ့်နှစ်ရက်က မက်ဒ်လင် သုတေသနဌာနကို အတိုက်ခံရတဲ့အချိန်ကစပြီး နောက်ပိုင်း အယ်လ်ဖာ လူးဇပ်တွေကို နေရာပြောင်းတာအပါအဝင် ခင်ဗျားအကုန်သိပြီးသားဖြစ်နေတော့ နောက်ကြောင်းတွေ ပြန်ပြောမနေ



တော့ပါဘူး၊ အဲဒီတုန်းက ထည့်ပေးလိုက်တာ ပုလင်းနှစ်ဆယ့်လေးလုံးနော်"

"မှန်ပါတယ်....နှစ်ဆယ့်လေးလုံးပါ"

"အခုထိ အဖျက်ဆီးခံနေရတာက လေးနေရာပေါ့လေ"

"စကိုင်ကို ဟာစ်ပေးလပ်သဘော်နဲ့ဆိုရင် ငါးနေရာပေါ့"

ဒီရှဒ်ကပြင်ပေးလိုက်သည်။

"ဟုတ်ပြီ၊ ဒါဆို ပုလင်းငါးလုံးကုန်သွားပြီလို့ပြောရင် ...နိုင်မလား"

"ဟုတ်ကဲ့၊ တစ်ပုလင်းကိုပဲ ခွဲသုံးလိုက်ရင်လဲ အကျိုးသက် ...ရောက်မှုက ဒီအတိုင်းပဲရှိနိုင်ပါတယ်၊ ဒီလိုခွဲသုံးမယ်ဆိုရင်လဲ ...နဲ့ပတ်သက်လို့ မကျွမ်းကျင်ရင် အများကြီးအခက်အခဲရှိ ...ပါတယ်၊ နောက်ပြီး သုံးတဲ့ပစ္စည်းအနည်းအများပေါ် ...ည်ပြီး ပျက်စီးမှုအနေအမြန်တော့ ဖြစ်နိုင်တယ်ပေါ့၊ ...တော့ အခုနပြောသလို ယူဆရင်လဲ ရပါတယ်၊ ကျန်တဲ့ဆယ့် ...လုံးကိုပဲ ကျွန်တော်တို့ စဉ်းစားရတော့မှာပေါ့"

"လူးဇပ်တွေအားလုံး ဒီပုလင်း ဆယ့်ကိုးလုံးပဲရှိသလား"

"ပျောက်သွားတဲ့အထဲမှာတော့ ဒါပဲကျန်ပါတော့တယ်၊ ...သမပစ္စည်းတွေ ပျောက်သွားပြီးတဲ့နောက် မက်ဒ်လင်မှာ ...ကျန်နေတဲ့ကုန်ကြမ်းတွေနဲ့ အသစ်ထပ်လုပ်ပါသေးတယ်၊ ကျွန် ...တော်တို့ နောက်ထပ် လူးဇပ်ရှာဖွေရေး ဗီဝရုပ်တွေနဲ့ ဘီတာ ...လူးဇပ်တွေ ထုတ်လုပ်ဖို့ဆိုပြီး အဲဒါတွေကို မဖျက်ဆီးခဲ့ပါ ...ဘူး"

"ဒါတွေကတော့ ကျွန်တော်တို့ထိန်းချုပ်မှုအောက်မှာပဲ ...ရှိနေတယ်ပေါ့"

"ဟုတ်ပါတယ်"

"ကျွန်တော်သိထားသလောက် ခင်ဗျားဟာ လူးဇယ်ဘယ်နေရာတွေမှာသုံးပြီး ဖျက်ဆီးနိုင်တယ် ဆိုတာတွေကို ကွန်ပျူတာတွေနဲ့ တွက်ချက်ခဲ့တယ်၊ ဒီလိုသုံးထားတာတွေ ရှာဖွေနိုင်ဖို့ လူးဇယ်ရှာ ဇီဝရုပ်တွေ ဘယ်နေရာပို့မယ်ဆို တွေကိုလဲ စီစဉ်ထားတယ်လို့ သိရပါတယ်"

"ဟုတ်ပါတယ်၊ အဲဒီအစီအစဉ်တွေကိုဆွဲထားတဲ့ ပုံစံ တောင် ကျွန်တော့်မှာပါလာပါတယ်"

ဒီရှဒ်က ကားချပ်လိပ်များကိုကိုင်လိုက်ရင်း ပြောနေသည်။

အီလီယာက သူ့ကျောဘက်ရှိ နံရံပေါ်မှ ပိတ်ကားချပ် ဖြင့်လိုက်ပြီး ဆလိုက်ပြစက်ခလုတ်ကို နှိပ်လိုက်သည်။

"ခင်ဗျားမှာရှိတာ ဒီဟာလား"

သူကမေးသည်။

ဒီရှဒ်က ပိတ်ကားပေါ်ရှိပုံကို လှမ်းကြည့်လိုက်သည်၊ ယင်း မှာ ကမ္ဘာ့ရေနံမြေများရှိသည့်နေရာကိုပြသော မိမိ၏မြေ အား ကူးယူထားသည့် ဆလိုက်ပုံဖြစ်သည်။

"ဟုတ်ပါတယ်"

"ရေနံမြေတစ်ခုစီကို ခင်ဗျား နံပါတ်တွေ ပေးထားတယ် နော်၊ ဒီနံပါတ်တွေက သက်ဆိုင်ရာရေနံမြေရဲ့ အရေးကြီးမှု အန္တရာယ်ရှိမှုအပေါ်မှာတည်ပြီး ဦးစားပေးထားတာမဟုတ် လား"

"ဟုတ်ပါတယ်"

"ဒါတွေဟာ သက်ဆိုင်ရာရေနံမြေရဲ့ ရေနံအင်အားပေါ် မှာလဲ အခြေတည်ပြီး ပေးထားတာထင်တယ်"



"ဟုတ်ပါတယ်"

ဤတွင် ကွင်းက မတ်တတ်ထရပ်လိုက်ပြီး ပိတ်ကားအနီး လျှောက်လာသည်။ ဟာကွက်တွေပြီဖြစ်၍ သူထလာ ကြောင်း အီလီယာက သိလိုက်သဖြင့် နောက်ထပ်ဆက်မမေး ဘူ။

"ဒီအချက်အလက်တွေဟာ အများသိနိုင်တဲ့အချက်တွေ လား"

ကွင်းကမေးလိုက်သည်။

"အတိုင်းအတာတစ်ရပ်အထိတော့ သိနိုင်ပါတယ်၊ ရေနံ မြေရှိတဲ့နေရာတွေနဲ့ ရေနံထွက်အား ခန့်မှန်းချက်တွေကတော့ ကျမ်းပေဒစာကြည့်တိုက်တွေမှာရှာရင် ရနိုင်ပါတယ်"

"ဟုတ်ပြီ၊ ဒါဆိုရင် အခု လူးဇယ်တွေယူသွားတဲ့ကောင် ဟာ ခင်ဗျားအခုပြုစုထားတဲ့ အချက်အလက်မျိုးတွေကို ရ ထားနိုင်ပါ့မလား"

ကွင်းက ဆက်မေးလိုက်၏။

"ရလဲရနိုင်တယ်၊ မရလဲမရနိုင်ဘူး၊ ဒီအထဲက ရေနံမြေ ရှိတဲ့နေရာတွေကတော့ သူရချင်ရထားနိုင်တယ်၊ ဒါပေမယ့် အဲဒီရေနံမြေတွေ တစ်ခုနဲ့တစ်ခု ဆက်စပ်နေပုံလဲ ကျွန်တော့် မြေပုံထဲမှာပါတယ်၊ အဲဒါတွေကတော့ အပြင်လူရနိုင်ဖို့မလွယ် ဘူး"

"ခင်ဗျားပြောတာ ကောင်းကောင်းမရှင်းဘူး"

"အင်း....ဒါတွေက နည်းနည်းတော့ရှုပ်တယ်၊ ယေဘုယျ ပြောရမယ်ဆိုရင် ဒီရေနံမြေတွေ တစ်ခုနဲ့တစ်ခု ဆက်စပ်မှုရှိ ကြတယ်၊ မြေအောက်ရေစီးကြောင်းတွေ၊ ရေနံစိုစွတ်နေတဲ့

မြေအောက်အက်ကြောင်းတွေ၊ မြေအောက်ရေနံမြစ်ကြောင်းတွေအားဖြင့် ဆက်သွယ်နေကြတာပါ၊ ရေနံမြေဆိုတာ တစ်နေရာတည်းမှာအိုင်ပြီး တည်နေတဲ့နေရာမျိုးကို ခေါ်တာပါ၊ အဲဒီလို တစ်နေရာတည်းမှာအိုင်နေကယ်ဆိုတာ အမြဲတမ်းတော့ မမှန်ပါဘူး၊ အခုနပြောတဲ့လမ်းကြောင်းအပေါ်က ရှိနိုင်ပါတယ်၊ ရေနံမြေဆိုတာက သွေးကြောမကြီးတွေနဲ့ ပြီး လမ်းကြောင်းတွေကတော့ သွေးကြောကလေးတွေနဲ့ ပါတယ်၊ အဲဒီလိုဆက်သွယ်တဲ့လမ်းကြောင်းတွေကတော့ ရှိ ရှိနေပါတယ်၊ အနည်းဆုံး စိမ့်ထွက်နိုင်တဲ့ကျောက်လွှာတွေ ရေနံပြင်အောက်က သဲလွှာတွေတော့ ရှိနိုင်တယ်၊ ဒီနေရာတွေ ကနေ ရေနံတွေစိမ့်မထွက်နိုင်ပေမယ့် လူးဇင်တွေအတွက် ကတော့ ကူးပြောင်းသွားနိုင်တဲ့လမ်းကြောင်းတွေပဲ''

ဒီရှဒ်က ရှင်းပြလိုက်သည်။

''ခင်ဗျားပြောတဲ့အတိုင်းဆိုရင် ဒီအချက်အလက်တွေ ပြုစုထားတဲ့ ခင်ဗျားရဲ့မြေပုံဟာ အပြင်လူတစ်ယောက် ကြည့်တိုက်တွေမှာ လိုက်ရှာပြီး ပြုစုထားတဲ့မြေပုံနဲ့မတူနိုင်ဘူး ပေါ့''

ကွင်းကမေးလိုက်၏။

''မတူနိုင်ပါဘူး၊ အမှန်တော့ ဒီလိုရေနံမြေတွေ အချင်းချင်း ဆက်စပ်မှုရှိတယ်ဆိုတာ စမ်းသပ်လို့ရတာလဲမဟုတ်ဘူး မှန်းဆလို့ရတာလဲမဟုတ်ဘူး၊ ကျွန်တော်တို့ရဲ့ ဘူမိဆိုင်ရာ အသိပညာတွေအပေါ် အခြေခံထားတဲ့ သိဝရိသက်သက် လောက်ပဲရှိတာ၊ ဒီလိုဆက်သွယ်ချက် ရှိတယ်ဆိုတာတွေကို ပိုပြီးတွက်ထားမိတာလဲ ဖြစ်ချင်ဖြစ်မယ်၊ ဒါပေမယ့် လက်



အခြေအနေအရ ပိုပြီးတွက်ထားလေ ကောင်းလေမဟုတ်လား''

''ဟုတ်ကဲ့၊ ကျွန်တော်သဘောပေါက်ပါပြီ''

ကွင်းကပြောပြီး ဆလိုက်ပိတ်ကားမှခွာ၍ ဒီရှဒ်ကို မျက်နှာချင်းဆိုင်လိုက်သည်။ ပြီးတော့....

''ကျွန်တော် ခင်ဗျားကို ရှင်းရှင်းလေးတစ်ခုမေးမယ်''

''မေးပါ''

''ခင်ဗျား ဆွန်တာရာနဲ့ ဘယ်တုန်းကစပြီး တွေ့တာလဲ''

ကွင်းက တိုက်ရိုက်ကြီး မေးချလိုက်သည်။

တစ်ခန်းလုံး တိတ်ဆိတ်သွားပြီး ဒီရှဒ်မှာလည်း မျက်နှာတွင် သွေးမရှိတော့။

ကွင်းက သူ့အပြောကို စိတ်ရှည်ရှည်စောင့်နေ၏။

''ဘာပြောလိုက်တာလဲဗျာ''

ဒီရှဒ်မှာ အားယော်သောအသံကလေးနှင့် ပြန်မေးနေသည်။ မျက်နှာကလည်း မယုံနိုင်သလိုအမူအရာနှင့်....။

''ကျွန်တော်မေးတာ ရှင်းတယ်ထင်ပါတယ်၊ ခင်ဗျား ဆွန်တာရာနဲ့ ဘယ်တုန်းကစတွေ့ခဲ့တာလဲလို့''

''ကျွန်....ကျွန်တော်....တစ်ခါမှမတွေ့ဖူးပါဘူး''

ဒီရှဒ်မှာ အသစ်ထစ်အငေါ့ငေါ့နှင့်။ မျက်နှာမှာလည်း အတော်ပင်ပျက်နေသည်။

''ကျွန်တော်တို့သိပြီးပါပြီ ဒီရှဒ်ရယ်၊ ကဲ....ခြုံထည်ပုံကို ထိုးပြလိုက်စမ်းပါဦး အဲလီယာ''

အဲလီယာက ဆလိုက်ပုံနောက်တစ်ခုကို ထိုးပြလိုက်ရာ ပိတ်ကားပေါ်တွင် ဒီရုဒ်၏မြေပုံနှင့် တစ်ထပ်တည်းတူသည့် ကမ်ဘာ၏ခြုံထည်ပေါ်မှမြေပုံ ပေါ်လာသည်။

ထိုပုံကို ဒီရုဒ် မယုံနိုင်သလို စိုက်ကြည့်နေသည်။

"ခင်ဗျားမြင်နေရတာ ဘာလဲဆိုတာရော ခင်ဗျားသိရဲ့လား"

ကွင်းက ဒီရုဒ်အား မေးလိုက်သည်။

ဒီရုဒ်က ဘာမျှမပြော။

"ကမ်ဘနတ်ဆာကို ကျွန်တော်တို့ ပြင်သစ်နိုင်ငံမှာ ဖမ်းမိခဲ့တယ်၊ သူ့ပစ္စည်းတွေထဲကနေ အဲဒီခြုံထည်ကိုရခဲ့တယ်၊ ပထမတော့ ကျွန်တော်တို့လဲ ဘာမှန်းမသိခဲ့ဘူး၊ နောက်မှ သေသေချာချာလေ့လာကြည့်လိုက်တော့ ဒါမှန်းသိလိုက်ရတယ်၊ ကမ်ဘက ခြုံထည်ကြီးကို ဆောင်းထားတယ်၊ အဲဒီမြေပုံက ခင်ဗျားမြေပုံနဲ့ သိပ်တူတယ်နော်"

ဒီရုဒ်မျက်နှာမှာ ဖြူရော်နေရာမှ မည်းလာသည်။ သူက စားပွဲခင်းအစကိုလည်း လက်နှင့်ကိုင်၍ ဟိုလုပ်သည်လုပ်လုပ်နေသည်။

"ခင်ဗျားရဲ့ မြေပုံကားချပ်ဟာ တခြားလူတွေရဲ့ မြေပုံကားချပ်နဲ့ မတူနိုင်ဘူးလို့ ခင်ဗျားပြောခဲ့တယ်၊ အခု တူတာရှိနေပြီလေ၊ တစ်ထပ်တည်းကိုတူနေတာ၊ တိုက်ဆိုင်တာတော့ မဖြစ်နိုင်ဘူးထင်တယ်"

"တူတော့ ဘာထူးမှာလဲ"

ဒီရုဒ်က စိတ်လှုပ်ရှားစွာဖြင့် ပြန်ပြောလိုက်သည်၊



"ထူးတာပေါ့၊ ကျွန်တော်တို့ ဂရိတာကိုလဲ မိခဲ့တယ်၊ အဲဒီမှာ အရေးကြီးတာတွေ ရခဲ့သေးတယ်၊ ကျုပ်တို့ လူးဇပ်တွေကို ပြန်ရခဲ့ပြီ ဒီရုဒ်၊ အယ်လ်ဖာ လူးဇပ် ပုလင်း နှစ်ဆယ့်လေးလုံး၊ ကျွန်တော်တို့ ဘာမှန်းမသိတဲ့ နောက်ထပ်ပုလင်းနှစ်လုံးလဲ ပါသေးတယ်၊ အားလုံး နှစ်ဆယ့်ခြောက်လုံး၊ ရေနံမြေတွေကို ဖျက်ပစ်နေတာ ခင်ဗျားပဲ ဒီရုဒ်"

"ခင်ဗျားပြောနေတာတွေ ကျုပ် နားမလည်ဘူး"

ဒီရုဒ်က မောဟိုက်စွာ ပြောနေ၏။

"တခြား ပုလင်းနှစ်လုံးထဲက ဘာတွေလဲ ဒီရုဒ်"

"ကျုပ်...ကျုပ် ဘာမှမသိဘူး၊ ကျုပ် ရှေ့နေငှားမယ်၊ ရှေ့နေမရှိဘဲ ကျုပ် နောက်ထပ် ဘာမှမပြောတော့ဘူး"

"ခင်ဗျားအတွက် ရှေ့နေမလိုပါဘူး၊ ခင်ဗျားကို အကာအကွယ်ပေးဖို့ ကျုပ်တို့ပဲ လိုတာပါ"

ဒီရုဒ်က ကွင်းကို ကြည့်နေရာမှ ဒန်ဇစ်ဂါနှင့် အဲလီယာတို့ကို ပြောင်းကြည့်လိုက်၏။

အဲလီယာက—

"ကမ်ဘဆီက မှတ်စုစာအုပ်ကလေးတစ်အုပ် ရခဲ့တယ်၊ အဲဒီမှတ်စုစာအုပ်ထဲမှာ ဆွန့်တာရာရဲ့ အစီအစဉ်တွေ အသေးစိတ်ပါတယ်၊ ခင်ဗျားမသိတဲ့ အသေးစိတ်တွေ၊ အဲဒီထဲက တစ်ချက်က ခင်ဗျားနဲ့ဆိုင်တယ်"

ဒီရုဒ်က သူ့ကို မေးခွန်းထုတ်သော အကြည့်ဖြင့် ပြန်ကြည့်လိုက်သည်။

"မှတ်စုစာအုပ်ထဲက တခြားလူတွေရဲ့ နာမည်တွေကို ကျုပ် ခင်ဗျားကို ပြောနိုင်တယ်၊ ပြောလဲ သူတို့ကို ခင်ဗျားသိ

မှာတော့ မဟုတ်ဘူး၊ သူတို့ကတော့ အားလုံးသေကုန်ပြီ အကုန်လုံးသေကုန်တာ ဒီရှဒ်၊ အနားသတ်တွေကို ရှင်းပစ်လိုက်တဲ့သဘောပေါ့၊ အဲ့ဒီနာမည်တွေထဲမှာ ခင်ဗျားနာမည်လဲပါတယ်၊ နာမည်ဝှက်က ဇန်နဝါရီတဲ့။

"မသိဘူး"

အဲလီယာက ခေါင်းညိတ်လိုက်ပြီး....

"အဲဒါ ခင်ဗျားနာမည်ပါ၊ ခင်ဗျားဟာ ရှင်းပစ်ဖို့ ကျန်နေတဲ့ တစ်ယောက်ပေါ့၊ ကြားလူတွေလိုပဲ ခင်ဗျားရဲ့ကံကြမ္မာကိုလဲ စောစောကတည်းက ဆုံးဖြတ်ထားတယ်လေ၊ အဲဒီမှတ်စုစာအုပ်ထဲမှာ ဆုံးဖြတ်ပြီးသား၊ တခြား သေသွားတဲ့သူတွေရဲ့ နာမည်တွေ ဘေးမှာမှတ်ထားတဲ့ အမှတ်အသားမျိုး ခင်ဗျားနာမည်မှာလဲ မှတ်ထားတာတွေ့ရတယ်၊ ဒါကို ဆွန်တာရာ ကိုယ်တိုင် မှတ်ထားတာ"

"သူ ဒီလိုလုပ်မှာမဟုတ်ဘူး"

"သူလုပ်မှာ သေချာတယ်၊ ခင်ဗျားသာ အကာအကွယ်မယူရင် သူ လုပ်ကိုလုပ်မှာ"

ဒီရှဒ် ခေါင်းငိုက်စိုက်ကျသွားသည်။

ကွင်းက ဝင်၍....

"လူးဇပ် ရှာဖွေရေး အဏုဇီဝရုပ်တွေ ထည့်တာကို ကျွန်တော်တို့ ရပ်ခိုင်းထားလိုက်ပြီ၊ အဲဒါတွေက ရှာတာမဟုတ်ဘဲ ဖျက်တာမဟုတ်လား"

ဒီရှဒ်မှာ နှုတ်ခမ်းများ တဆတ်ဆတ်တုန်လာပြီး ဗောဒ္ဓဲမျှးများလည်း ပြန်လာသည်။ သူက ဖြည်းညင်းစွာ ခေါင်းညိတ်လိုက်ပြီး....



"သိပ် နောက်ကျသွားပြီ၊ အနည်းဆုံး နှစ်နေရာလောက် ထည့်ပြီးပြီ၊ တားလို့ ဆီးလို့ ရတော့မှာမဟုတ်တော့ဘူး"

"ဘီတာတွေကရော"

ကွင်းက မေးပြန်သည်။

"အဲဒါ....အဲဒါတွေက သုံးလို့မရပါဘူး"

ဒီရှဒ်က နွမ်းလျစွာ ပြောသည်။

"ခင်ဗျား ဘီတာတွေလုပ်လို့ ပြီးပြီဆို"

ဒီရှဒ်က ဖြည်းညင်းစွာ ခေါင်းညိတ်လိုက်ပြီး....

"လုပ်လို့တော့ ပြီးသွားပါတယ်၊ ဒါပေမယ့် သူတို့ကိုမပို့ခင် ဓာတ်ရောင်ခြည်နဲ့ ကင်လိုက်ပါတယ်"

သူက မျက်ရည်များဝဲကာ ပြောနေသည်။

အဲလီယာက ကွင်းအား ရှင်းပြစမ်းပါဟူသော အကြည့်ဖြင့် ကြည့်လိုက်သည်။

ကွင်းက မျက်မှောင်ကြုတ်၍ ခေါင်းကို ယမ်းလိုက်ပြီး....

"ဘီတာတွေ အလကားဖြစ်ကုန်ပြီ၊ အဲဒါတွေကို ဓာတ်ရောင်ခြည်နဲ့ ဖျက်ပစ်လိုက်တာလေ"

"ဒါဆို ဘယ်လိုမှ လုပ်လို့မရတော့ဘူးလား"

ဒန်ဇစ်ဂါက မေးလိုက်ခြင်းဖြစ်၏။

ကွင်းက ခေါင်းကို အလုပ်ပေးလိုက်ပြီး....

"ပုလင်းနှစ်လုံး၊ ကျုပ်တို့ပုလင်း နှစ်ဆယ့်လေးလုံး ပြန်ရခဲ့တယ် ဒီရှဒ်၊ ကျန်တဲ့နှစ်လုံးက ဘာတွေလဲ"

ဒီရှဒ်က မျှော်လင့်ချက်ရှိသော မျက်နှာနှင့် မော့ကြည့်လိုက်ပြီး....

''အဲဒီအထဲမှာ ဘီတာတွေပါတယ်၊ ဒါပေမယ့် အကြမ်းတွေပဲ၊ ကျွန်တော်တို့လုပ်ထားတဲ့ ဘီတာတွေက သူ့ထက်ပိုကောင်းအောင် ပြုပြင်ထားတာ၊ အခုဟာတွေက မပြုပြင်ရသေးဘူး၊ ဒါတွေနဲ့တော့ ရမယ်မထင်ဘူး''

''စမ်းကြည့်လို့ မရဘူးလား''

ကွင်းက မေးသည်။

''ရတယ်၊ ကျွန်တော်တို့မှာ စမ်းကြည့်ဖို့ အယ်လ်ဖာတွေရှိတယ်''

''ဘယ်လောက်မြန်မလဲ''

''လေးဆယ့်ရှစ်နာရီအတွင်း ရနိုင်တယ်''

အဲလီယာက နာရီကို ကြည့်လိုက်ပြီး....

''ပုလင်းတွေက ကျုပ်တို့ရဲ့ ဓာတ်ခွဲခန်းကို လေယာဉ်နဲ့သွားနေပြီ၊ ကျုပ် အဲဒီ ကနေဒီကို ပြန်ယူပေးလို့ရပါတယ်''

ကွင်းက သူ့ကိုယ်သူပြောနေသလိုနှင့်....

''လေးဆယ့်ရှစ်နာရီဆိုတော့ လိုအပ်တဲ့ နေရာတွေကို ရောက်ဖို့ နောက်ထပ်နှစ်ဆယ့်လေးနာရီလိုဦးမယ်၊ ဖြစ်နိုင်တယ်၊ အဖျက်ခံထားရတဲ့ ရေနံမြေတွေကို ကျွန်တော်တို့ ပြန်ကယ်လို့ ရနိုင်သေးတယ်''

အဲလီယာက....

''ကျုပ် လေယာဉ်ကို ပြန်လှည့်လာခိုင်းလိုက်မယ်၊ ခင်ဗျား စမ်းသပ်ဖို့ ပြင်ဆင်တာ ဘယ်လောက်ကြာမလဲ''

''လေယာဉ်ရောက်လာတဲ့ အချိန်မှာ အသင့်ဖြစ်နေမှာပါ''

ကွင်းက ကျန်လူအားလုံးအား....



''ကျွန်တော်တို့မှာ ဒီတစ်နည်းပဲ ကျန်တော့တယ်၊ ဒီရဗ်ကို လုံခြုံရေး ချပေးထားပါ၊ ဆွန်တာရာ မသေသေးဘူး၊ ကျွန်တော်တို့ဆီမှာ ပုလင်းနှစ်ဆယ့်ခြောက်လုံး ပါသွားတယ်ဆိုတာလဲ သူသိနေတယ်၊ ကျွန်တော်တို့ မလုပ်နိုင်အောင် သူလာနှောင့်ယှက်လိမ့်မယ်''

ဒီရဗ်က ဝင်၍....

''သူက လာမှာ...ဒါတွေနဲ့ ပတ်သက်ပြီး သူနားလည်နေတယ်၊ နောက်ပြီး သူ...သူ့အဖေဆီကို လာလိမ့်ဦးမယ်''

''ဘာလဲ သူ့အဖေဆီကို လာမယ်ဆိုတာ''

ကွင်းက မေးလိုက်သည်။

''ဆွန်တာရာရဲ့ ရည်ရွယ်ချက်ဟာ ရေနံမြေတွေကို ဖျက်ဖို့ တစ်ခုတည်း မဟုတ်ဘူး၊ ဒါက သူ့အကြံအစည်ရဲ့ တစ်စိတ်တစ်ပိုင်းပဲရှိသေးတယ်''

''ခင်ဗျား ဘာတွေပြောနေတာလဲ''

ဒီရဗ်က မော့ကြည့်လိုက်ပြီး....

''သူက သူ့အဖေ ပျက်စီးရာပျက်စီးကြောင်း ကြံနေတာ၊ သူ့စိတ်ထဲမှာ အဲဒီတစ်ချက်ပဲ လွှမ်းမိုးနေတာ၊ အက်ရှာစကိုင်း သေမှ သူ ကျေနပ်မှာ''

''အက်ရှာစကိုင်း....ဟုတ်လား''

ကွင်းက မေးလိုက်သည်။

ဒီရဗ်က ခေါင်းညိတ်လိုက်ပြီး....

''ဆွန်တာရာ....ဟာ....နယ်လ်ဆင်စကိုင်းပါ''

* * *

အခန်း (၃၉)

အဲလီယာနှင့် ဒန်ဇစ်ဂါတို့သည် စကိုင်း၏ အိမ်ကြီးအတွင်း ကွင်းရှိနေသည့် အစည်းအဝေးခန်းသို့ ပြန်လာခဲ့ကြ၏။

အဲလီယာက....

"အင်တယ်ထရေ့စ်ပိုင် လေယာဉ်ကြီးကိုတော့ ပြန်ခေါ်ထားလိုက်တယ်၊ ပြန်လှည့်လာနေပြီ၊ နောက်တစ်နာရီလောက်ဆိုရင် ဘီတာပုလင်းတွေ ရောက်လာတော့မယ်"

"ဒီရှဒ်လဲ စကိုင်ကိုရိုးချုပ်မှာ စမ်းသပ်ဖို့အတွက် လိုအပ်တာတွေ ပြင်ဆင်နေတယ်၊ သူ့အတွက် လုံခြုံရေးလဲ အပြည့်ချထားတယ်၊ ရုံးလုံခြုံရေး တပ်ဖွဲ့တွေကိုလဲ နှစ်ဆတိုးပြီး တပ်လှန့်ထားတယ်"

ဒန်ဇစ်ဂါက ဝင်ပြောလိုက်သည်။

"ဒီရှဒ်ကတော့ ယုံရမယ်ထင်တာပဲ"

အဲလီယာက ပြောလိုက်ခြင်းဖြစ်သည်။

ကွင်းက....

"မယုံရလဲ မတတ်နိုင်ဘူး၊ ကျွန်တော်တို့မှာ ဒီတစ်နည်းပဲ ရှိတော့တာ၊ ဘီတာတွေက သုံးလို့မရတော့ဘူးဆိုရင်လဲ



အခုထိထားတဲ့ ရေနံမြေတွေကတော့ ပျက်ရတော့မှာပေါ့၊ အဲဒါတွေကို အပျက်ခံပြီး ကျန်တာတွေ ဆက်မပျက်တာကို ကျေးဇူးတင်နေရတော့မှာပဲ၊ တကယ်လို့ ဘီတာတွေက သုံးလို့ရတယ်ဆိုရင် အဲဒီရေနံမြေတွေကိုပါ အချိန်မီကယ်ဆယ်နိုင်ဖို့ ဒီရှဒ်ကိုပဲ အားကိုးစရာရှိတော့တာ၊ ဘီတာတွေကို အဲဒီလိုဖြစ်အောင် ကျွန်တော်တို့မှ မလုပ်တတ်တာ"

"သူကရော မှန်တာပြောပါ့မလား"

အဲလီယာက ပြောပြန်သည်။

ကွင်းက....

"ပြောမယ်လို့ ကျွန်တော်တော့ထင်တယ်၊ သူကြောက်နေတယ်၊ သူမသေချင်ဘူး၊ သူမသေအောင်လုပ်နိုင်တာ ကျွန်တော်တို့ပဲရှိတာ မဟုတ်လား၊ အဲဒီအချက်ကြောင့် သူကျွန်တော်တို့ခိုင်းတာကို လုပ်မှာပဲ၊ သူ့လုပ်ငန်းမပြီးမချင်း ဆွန်ဘာရာကို မနှိမ်နင်းနိုင်မချင်း သူ့အတွက် ကျွန်တော်တို့ လုံခြုံရေး အပြည့်ချထားပေးဖို့လိုတယ်၊ သူ့ကို လုံခြုံတဲ့တစ်နေရာမှာထားရင် ကောင်းမယ်၊ အိမ်ကြီးမှာထားရင် မသင့်ဘူးထင်တယ်"

ဒန်ဇစ်ဂါက အနည်းငယ် စဉ်းစားလိုက်ပြီး....

"ဒီမြို့က ဟက်ဟိုတယ်မှာတော့ ဗီအိုင်ပီ အခန်းတစ်ခန်းရှိတယ်၊ သမ္မတတွေ၊ အစိုးရအကြီးအကဲတွေ လာတဲ့အခါ တည်းဖို့လုပ်ထားတာ၊ အဲဒီအခန်းရှိတဲ့ အထပ်တစ်ထပ်လုံးကို အထူးဓာတ်လှေကားတစ်ခုလောက်သာ ချန်ပြီး တစ်ထပ်လုံးကို ပိတ်ထားလို့ရတယ်၊ တခြားဓာတ်လှေကားတွေကို သော့ပိတ်ထားပြီး တစ်ထပ်လုံးကို ကျွန်တော်တို့ ထိန်းချုပ်ထားလို့

ရတယ်၊ အဲဒီအခန်းထဲမှာလဲ အသံဖမ်းကိရိယာတွေ၊ ဗီဒီယို
ကင်မရာတွေတပ်ပြီး အမြဲစောင့်ကြည့်နေလို့ ရပါတယ်”

“အဲဒီအထပ်ကို ခဏလောက် ပိတ်ခိုင်းထားလို့ရမလား”

ကွင်းက မေးလိုက်သည်။

“စကိုင်ကိုက ပိတ်ချင်တယ်ဆိုရင် ပိတ်ပေးရမှာပေါ့၊ လက်ရှိ ဧည့်သည်တွေကို တခြားအထပ်တွေ ပြောင်းပေးလိုက်မယ်ပေါ့”

“ကဲ....ဒါဆို စီစဉ်တော့၊ တစ်ထပ်လုံး ကျုပ်တို့ လုံခြုံရေးတွေ [illegible]မယ်၊ ဟိုတယ်တစ်ခုလုံးမှာရော၊ ဝင်နိုင်တဲ့နေရာမှန်သမျှကိုရော၊ ဟိုတယ်ပင်မဝင်ပေါက်ကိုရော အပြည့်ချထားမယ်”

အီလီယာက ပြောလိုက်သည်။

“စကိုင်ကို ရုံးချုပ်မှာရော ဘယ်လိုလုပ်မလဲ”

ကွင်းက မေးသည်။

ဒန်ဇစ်ဂါက....

“ကိစ္စမရှိပါဘူး၊ ရုံးချုပ်က ခရစ္စမတ်မှာ ပိတ်ထားတယ်၊ တစ်ပတ်လုံးပိတ်ထားတာ၊ လုံခြုံရေးကိုလဲ ကျွန်တော်တို့ နှစ်ဆတိုးချထားတယ်၊ တနင်္လာနေ့ အလုပ်ပြန်လုပ်ကြရင် သိပ္ပံအဆောင်တွေကို ပိတ်ထားလိုက်မယ်၊ ဗီရုဒ်အလုပ်ပြီးတဲ့အထိ ပိတ်ထားမယ်၊ သူ့အတွက်လဲ လုံခြုံရေး အပြည့်ချထားပေးမယ်၊ ရုံးချုပ်နဲ့ဟိုတယ် အပို့အယူကိုလဲ လုံခြုံရေးအပြည့်နဲ့ပဲ လုပ်ပေးမယ်၊ စကိုင်ကိုပိုင် ကားကိုသုံးမယ်၊ အဲဒီကားက ကျည်ကာပါတယ်၊ သမားရိုးကျ လက်နက်လောက်နဲ့ ဗုံးလောက်ကိုတော့ ခံနိုင်စွမ်းရှိတယ်၊ သူအလုပ်ပြီးသွားတဲ့



အခါကျရင် သူ့အတွက် တစ်ခုခု မစီစဉ်နိုင်ခင် ဟိုတယ်မှာပဲ သွားမယ်”

“သူ့ကို အခြေအနေပေးတာနဲ့ ဆန်အင်တိုနီယိုကနေ ထုတ်သွားမှဖြစ်မယ်၊ သူ့ကိုအင်တယ်ထရေ့စ် ဆောက်လုပ်ရေး ရုံးမှာထားရင် ကောင်းမယ်၊ နောက်ဆုံးသူ အလုပ်လုပ်စရာရှိရင်လဲ အဲဒီမှာပဲ လုပ်ပေါ့၊ သူလိုအပ်တဲ့ ပစ္စည်းကိရိယာတွေကိုလဲ ကျုပ်တို့ ပို့ပေးလို့ရတယ်”

အီလီယာက ပြောလိုက်သည်။

ကွင်းက....

“ဒါဆို အဆင်ပြေသွားပြီ၊ နောက်ပြီး အလက်ဇန္ဒြားအတွက်လဲ အိမ်မှာ လုံခြုံရေး ထားပေးဦးမှ”

“အိမ်ကြီးပတ်ဝန်းကျင်မှာတော့ လုံခြုံရေးတွေ ချထားတာပဲ၊ ဒါပေမယ့် ဆွန်တာရာက ဒီအိမ်ကြီးမှာ ကြီးပြင်းလာတာဆိုတော့ ဒီနေရာနဲ့ပတ်သက်ပြီး အသေးစိတ်သိနေတာ”

ဒန်ဇစ်ဂါက ပြောလိုက်သည်။

ကွင်းက....

“သူ ဝင်မလာနိုင်အောင် လုပ်မထားနိုင်ဘူးလား”

“မပြောတတ်ဘူး၊ ကျွန်တော် ဘက်ကတော့ အတတ်နိုင်ဆုံး လုံခြုံအောင် စီစဉ်ထားတာ”

ဒန်ဇစ်ဂါက ဆိုသည်။

ဆွန်တာရာ သူ့အဖေအပေါ် ဘာကြောင့် ဒီလောက်အောင် အမုန်းကြီးတာလဲ မသိဘူးနော်”

ကွင်းက မေးလိုက်သည်။

ဒန်ဇစ်ဂါက ခဏမျှစဉ်းစားလိုက်ပြီး....

"သူတို့နှစ်ယောက်ကြားမှာ တစ်ခါမှ အဆင်မပြေခဲ့ဘူး၊ နယ်လ်ဆင် ငယ်ငယ်ကတည်းက သူ့အဖေနဲ့ အမေက တည့်ကြတာမဟုတ်ဘူး၊ ဒီလို မတည့်ရာက စကိုင်းဟာ ကလေးတွေကို သူ့အမေနဲ့ ခွဲထားခဲ့တယ်၊ နယ်လ်ဆင်က မအေကို ခင်တွယ်တယ်၊ သူ့အမေ အဲဒါကြောင့် စိတ်ဆင်းရဲခဲ့ရတာကို နယ်လ်ဆင်ဟာ ငယ်ပေမယ့် သိတယ်၊ နောက်ပြီး သူကိုယ်တိုင်လဲ အဲဒီလို အခွဲခံရလို့ စိတ်ထိခိုက်ခဲ့တယ်၊ သူ့အဖေကြောင့် သူ့အမေ ဟတိတိ စိတ်ဆင်းရဲနေရတာကို သူတွေ့နေရတယ်၊ တကယ့်အကြောင်းရင်းအမှန်ကိုတော့ မသိဘူးပေါ့လေ၊ သူ့အမေဟာ မသေချင်ဘဲ နောက်ဆုံး သူ့ကိုယ်သူသတ်သေသွားတဲ့အထိ နှိပ်စက်နိုင်တဲ့ သူ့အဖေရဲ့စွမ်းအားတွေကိုလဲ သူတွေ့ခဲ့တယ်၊ ကလေးတွေနဲ့ ကလေးထိန်းကြီးဟာ သူ့အမေရဲ့အလောင်းကိုပဲ တွေ့ကြရတယ်၊ ခေါင်းကို သေနတ်နဲ့ပစ်သတ်ပြီး သေသွားတာ"

"လုပ်ကြံမှု ဖြစ်နိုင်ဘူးလား"

ကွင်းက မေးလိုက်သည်။

"ပုံမှန် စုံစမ်းစစ်ဆေးမှုတွေတော့ လုပ်ပါတယ်၊ ဒါပေမယ့် နောက်ဆုံးမှာ ကိုယ့်ကိုယ်ကို သတ်သေမှုလို့ပဲ မှတ်ချက်ချသွားတယ်၊ ခင်ဗျားကြည့်ရတာ ဒီအချက်ကို မကျေနပ်ဘူးထင်တယ်"

"စကိုင်းမိသားစုရဲ့ ဓာတ်ပုံတွေကို ကျွန်တော်ကြည့်ပြီးပြီ ဒီမိန်းမဟာ အတော်လေး လှတယ်၊ နောက်ဆုံး သူသေတော့မယ့် အချိန်အထိတောင် လှနေတုန်းပဲ၊ သိပ်လှတဲ့မိန်းမတွေဟာ ဘယ်တော့မှ ရုပ်ပျက်ဆင်းပျက် အသေမခံဘူး၊ ခေါင်း



ကို သေနတ်နဲ့ပစ်သေတာမျိုးလိုပေါ့၊ တခြား ပုံမပျက် သေနိုင်တဲ့နည်းတွေ ရှိသားပဲ၊ ဆေးသောက်သေတာတို့၊ ကားဂိုဒေါင်ထဲမှာ တံခါးအလုံပိတ်ပြီး ကားစက်နှိုးထားပြီး သေတာတို့မျိုးပေါ့၊ ခေါင်းမှာ အပေါက်ကြီးပေါက်ပြီး ကော်ဇောပေါ်ကို ဦးနှောက်တွေ ထွက်ကျတာမျိုး သူတို့ ဘယ်တော့မှ မသေဘူး၊ သိပ်လှတဲ့မိန်းမတွေဟာ သေတာတောင် သပ်လှပပ သေချင်ကြတာ"

ဒန်ဇစ်ဂါက....

"ကျွန်တော် အခုနပြောသလိုပဲ၊ ပုံမှန် စုံစမ်းစစ်ဆေးမှုတွေလုပ်ပြီး နောက်ဆုံးမှာ ကိုယ့်ကိုယ်ကို သတ်သေတာလို့ဆုံးဖြတ်ခဲ့တယ်၊ ဘာပဲဖြစ်ဖြစ် နယ်လ်ဆင်ရဲ့ စိတ်ထဲမှာတော့ အတူတူပါပဲ၊ ကိုယ့်ကိုယ်ကိုပဲ သတ်သေသေ၊ သူများသတ်လို့ပဲသေသေ စကိုင်းနှိပ်စက်လို့ သေရတာလို့ပဲ ယူဆတယ်၊ သူ့အမေ စိတ်ထောင်းကိုယ်ကြေဖြစ်ပြီး နောက်ဆုံး သေသွားရတယ်လို့ပဲ မြင်နေတယ်၊ သူမုန်းမယ်ဆိုလဲ မုန်းလောက်တာပေါ့၊သူကတော့ ဘယ်တော့မှ မကျေခဲ့ဘူး"

"ဒေလီယာရာ ရှက်သေ့ပုတာကိုလဲ သူမကျေနပ်ပြန်ဘူး၊ စကိုင်းက အစွရေးကို အကြီးအကျယ် ထောက်ခံသူကိုး၊ ရာရှက်သေတာလဲ စကိုင်းလက်ချက်ပဲလို့ နယ်လ်ဆင်က စွပ်စွဲချင်တယ်"

အဲလီယာက ဝင်၍....

"အဲဒီ က တည်း က စ ပြီး သူ့ အဖေကို ပျက်စီးရာပျက်စီးကြောင်း ကြံမယ်လို့ သူဆုံးဖြတ်ခဲ့တာ ဖြစ်ရမယ်၊ ပထမတော့ ဘယ်လိုကြံရမယ်၊ ဘယ်တော့ကြံရမယ်ဆိုတာ သူမသိခဲ့

ဘူး၊ အဲဒီကျတော့မှ သူ့နည်းလမ်းရှာတွေ့သွားတာ၊ ဒါနဲ့ သူ့အဖေအကြောင်းကို ပိုသိအောင်ဆိုပြီး အဆင်ပြေပြေပြီး နေခဲ့တယ်၊ ဒါမှ ပိုချောချောမွေ့မွေ့ ဖြစ်မယ်မဟုတ်လား၊ သူ့အဖေကို ကိုယ်သားဆုံးတယ်ဆိုပြီး စိတ်ဆင်းရဲအောင် အလျှင် နှိပ်စက်လိုက်တယ်၊ ဒီလိုလုပ်တာလဲ မြန်မြန်ဆန်ဆန် စီစဉ်လိုက်နိုင်တာတော့ မဟုတ်ဘူး''

''သူ့အဖေကို သေနတ်နဲ့ပစ်သတ်လို့လဲ ရသားပဲ ဒါတွေက ဆန်းတာမှ မဟုတ်တာ''

ကွင်းက ပြောလိုက်သည်။

''မှန်တယ်၊ ဒါပေမယ့် သူ့စိတ်ထဲမှာ ဒီလိုမလုပ်ချင်ဘူး၊ ဆွန်တာရာဆိုတဲ့ဘဝနဲ့ လုပ်ချင်တာ၊ သူက တခြားဘဝတစ်ခုကို ပြောင်းလိုက်တော့ ဒီကိစ္စကို နယ်လ်ဆင်ဆိုတဲ့ကောင်က လုပ်စရာ မလိုတော့ဘူးပေါ့၊ ဒါကြောင့် နယ်လ်ဆင်ဆိုတဲ့ဘဝကို သေအောင်လုပ်လိုက်တယ်၊ ဆွန်တာရာဘဝရောက်တော့ ဒီလိုလုပ်ဖို့ လက်မတွန့်တော့ဘူးလေ၊ ဒီလိုနဲ့ ဒီရှဒ်ကတစ်ဆင့် သူ့အဖေကိုရော၊ သူ့အရဲ့ စီးပွားရေး အင်ပါယာကြီးတစ်ခုလုံးကိုရော ဖျက်ဆီးဖို့ကြံခဲ့တယ်....

စကိုင်းကို သူ့အမေလို မသေခင် စကိုင်ကို အင်ပါယာကြီး ပြိုကျ ပျက်စီးသွားတာကို မြင်သွားစေရမယ်ပေါ့၊ သူ့အတွေး အခေါ်တွေက မှုမမှန်တော့၊ ကမဲနဲ့ ဂရီတာ သေသွားရတာလဲ သူ့အဖေလက်ချက် မကင်းဘူးလို့ သူ တွေးနေရလိမ့်မယ်''

ဒန်ဇစ်ဂါက....

''သူ ဒီလိုမလုပ်နိုင်ခင် ကျွန်တော်တို့ အမြန်လုပ်မှ၊ စကိုင်းဟာ ကမ္ဘာမှာ အင်မတန်အရေးကြီးတဲ့ ပုဂ္ဂိုလ်တစ်ယောက်



ပါ၊ သူ့ရဲ့ လူအများကောင်းစားရေး စိတ်ဓာတ်ကြောင့် ကမ္ဘာ့လူသန်းပေါင်းများစွာ ဘဝတွေ သာယာခဲ့ကြတယ်၊ အခု သူ့လုပ်ငန်းတွေ မပြီးသေးဘူး''

''နယ်လ်ဆင်က ဒီလိုမမြင်ဘူး၊ သူ့အမေကို အကြောင်းပြုပြီး အမုန်းစိတ်တွေ ပွားနေတာ၊ အခုတော့ အချိန်ပါ မှန်နေပြီလေ၊ လောကမှာ ရည်မှန်းချက်တစ်ခုအတွက် အသေခံပြီး လုပ်သွားဖို့ ရည်ရွယ်ထားတဲ့ လူတစ်ယောက်ထက် အန္တရာယ်ကြီးတာ မရှိတော့ဘူး''

ကွင်းက ပြောလိုက်သည်။

အဲလီယာက ခေါင်းညိတ် ထောက်ခံလိုက်ပြီး....

''ကဲ....ဒါဆို သူ အက်ရှာစကိုင်းဆီကို ရောက်မလာခင် ငါတို့ လုပ်စရာရှိတာတွေ လုပ်လိုက်ကြရအောင်''

*

မှောင်ထဲတွင် ကွင်း လဲလျောင်းနေရင်း အိပ်မရသဖြင့် နိုးနေသည်။ ခုတင်ဘေးက စားပွဲတင်နာရီကို ကြည့်လိုက်တော့ မနက်လေးနာရီခွဲပေပြီ။ အဲလီယာနှင့် ဒန်ဇစ်ဂါတို့ကို တွေ့ရန်ကလည်း တစ်နာရီခန့် လိုသေးသည်။ အလက်ဇန္ဒား မနိုးရန် ခုတင်မှ အသာသလိုက်၏။

ခုတင်ဘေးတွင်ရပ်၍ သူမကို ငုံ့ကြည့်လိုက်၏။ လှလိုက်တာ။ သူမကို မိမိ အဘော်ပင် တွယ်တာနေမိပြီ။

ဂရိတာ သေသွားရသည့်အတွက် ဆွန်တာရာ မည်သို့ခံစားနေရမည်မသိ။ နောက်ပြီး သူတို့၏ မမွေးရသေးသောကလေးလည်း သေခဲ့ရသည်။ မိမိညီမလေး အသတ်ခံရတော့ မိမိခံစားရသည်ကို ပြန်လည်သတိရမိသည်။ ထိုအတွက် ဒိုက်ယက်တာကို သူ ပြန်လက်စားချေခဲ့၏။ ဆွန်တာရာလည်း ထိုသို့ပြန်၍ လက်စားချေလိုပေလိမ့်မည်။ လက်စားချေရန် ဆုံးဖြတ်မည်ကိုပင် ကွင်း သိနေ၏။ သူ့ကို သနားမိသည်။

သို့သော် သူ့အပေါ် သနားစိတ်များကို ချက်ချင်းဖျောက်ဖျက်ပစ်လိုက်၏။ သူ့ကို သနားရန် အကြောင်းမရှိ။ ဆွန်တာရာသည် အကြင်နာတရားမရှိသည့် စက်ရုပ်။ သူ နာကျည်းလာပြီဆိုလျှင် လူစိတ်မရှိတော့။ သူ့ကို နာကျည်းအောင်လုပ်သူမှန်သမျှ အကုန်သတ်ပစ်ရန်လောက်သာ စိတ်ကူးနေသည့်လူ။ ထိုသို့ နာကျည်းအောင်လုပ်ခဲ့သည့်အထဲတွင် ကွင်းလည်း တစ်ယောက်ပါဝင်ခဲ့သည်။ သူတို့အားလုံး ပါဝင်ခဲ့သည်မဟုတ်လော။

ကွင်းသည် ရေချိုး အဝတ်အစားလဲကာ မိမိအဆောင်ကလေးမှ ထွက်လာခဲ့၏။ အင်္ဂလီယာက သူ့ကို ရေကူးကန်ဘေးတွင် မှောင်ထဲ၌ စောင့်နေ၏။

"ငါ ဒန်ဇစ်ဂ်နဲ့တွေ့ပြီးပြီ၊ သူ ဒီအိမ်ကြီးကို လာလိမ့်မယ်၊ ရုံးချုပ်ကတော့ ဘီတာပုလင်းတွေ ရောက်လာပြီလို့ အကြောင်းကြားတယ်၊ ဒီရှဉ်လဲ စပြီးစမ်းသပ်နေပြီတဲ့၊ နေ့လယ်လောက်ဆိုရင် အဖြေသိရမယ်"

ကွင်းက ခေါင်းညိတ်လိုက်ပြီး....

"အဆင်ပြေပါစေလို့ပဲ ဆုတောင်းပါတယ်"



"ဆင်မာမန်းလဲ သူ့အဖွဲ့ကို မြို့ထဲမှာ ချထားတယ်၊ ဆွန်တာရာကို သူတို့ရှာတွေ့မယ်တော့ ငါမထင်ပါဘူး"

"သူ ကျွန်တော်တို့ဆီကို ရောက်မလာမချင်းတော့ သူ့ကို တွေ့နိုင်မယ်မထင်ပါဘူး၊ ဒါပေမယ့် အဖွဲ့တွေချထားတာတော့ ကောင်းပါတယ်၊ အရေးကြုံရင် နေရာအနှံ့ လှုပ်ရှားနိုင်တာပေါ့"

"ဒီကောင် ငါတို့ကို အာရုံပြောင်းမယ်လို့ မင်းထင်သလား"

"အင်း....ဒီကောင်ဟာ သူ့ကို ကျွန်တော်တို့ ဖမ်းအောင်စိန်ခေါ်လိမ့်မယ်၊ ကျွန်တော်တို့အားလုံး လျှောက်ပြေးနေတာမျိုးဖြစ်အောင် လုပ်လိမ့်မယ်၊ ဒါမှ ကျွန်တော်တို့လူတွေ ကျဲသွားမှာ၊ သူက စကိုင်းကိုရော ကျွန်တော်တို့ကိုပါ လက်စားချေချင်တာဆိုတော့ ကျွန်တော်တို့ ကျဲသွားတာနဲ့ နည်းနည်းချင်း လိုက်ဖြုတ်လိမ့်မယ်၊ သူ့ပုံစံကအဲဒီအတိုင်းပဲလို့ ဆင်မာမန်းနဲ့ ရယ်လင်နာတို့က ပြောတယ်"

"သူ ဒီကို ဘယ်တော့လောက် ရောက်မလဲမသိဘူး"

အင်္ဂလီယာက မေးသည်။

ကွင်းက....

"သူရောက်နေပြီ အင်္ဂလီယာ၊ ဘာကြောင့်ရယ်လို့တော့ မပြောနိုင်ဘူး၊ ဒါပေမယ့် သူရောက်နေပြီဆိုတာတော့ ကျွန်တော်သိနေတယ်"

*

သူတို့အားလုံး ရှေးချုပ်ရှိ ဒန်ဇစ်ဂါ၏ ရုံးခန်းထဲတွင် နှစ်ရက်အချိန်ကုန်ခဲ့ရသည်။ ဒုတိယမြောက်နေ့တွင် ဒန်ဇစ်ဂါ အခန်းထဲသို့ ပြန်ဝင်လာပြီး....

"အဆင်ပြေနိုင်တယ်လို့ ဒီရုဒ်က ပြောလိုက်တယ်"

ကွင်းကဝမ်းသာအားရနှင့် စားပွဲကိုလက်ဝါးနှင့် တအား ရိုက်ချလိုက်သည်။

အဲလီယာကလည်း ကွင်း၏လက်ကို လှမ်းဆွဲကာ ပြုံးပြုံးကြီးလုပ်၍....

"သတင်းကောင်းပဲဟေ့"

သူတို့ဖြစ်နေသည်ကို ဆင်မာမန်းက ငြိမ်၍ကြည့်နေသည်။

"ဒီလိုဆိုရင် ရေနံ အဆုံးအရှုံးနည်းသွားနိုင်မလား"

အဲလီယာက မေးသည်။

"မနက်ကျရင် နောက်ဆုံးတစ်ကြိမ်ကြည့်ပြီးမှ သူ တိတိကျကျ ပြောနိုင်မယ်တဲ့၊ အခု လောလောဆယ်တော့ ခြောက်ရက်မြောက်နေ့မှာ ထည့်နိုင်ရင် နှစ်ဆယ့်တစ် ရာခိုင်နှုန်းထက် ပိုမဆုံးရှုံးနိုင်ဘူးလို့ ပြောတယ်၊ လေးရက်မြောက်နေ့မှာထည့်နိုင်ရင် ဆယ့်တစ်ရာခိုင်နှုန်းလောက် ပိုသက်သာမယ်တဲ့။ အနုဇီဝရုပ်တွေဟာ မတူတော့ မူလ ခန့်မှန်းထားတာနဲ့တော့ နည်းနည်းကွာနေတယ်တဲ့"

"အခု နှစ်ရက်မြောက်နေ့ဆိုတော့ ဒါတွေကို ဘယ်တော့လောက် ပို့နိုင်မလဲ"

ဒန်ဇစ်ဂါက ပြန်မေးသည်။

"သူ နောက်ဆုံးအကြိမ်စစ်ပြီးတာနဲ့ မနက်ပိုင်းမှာ ပို့လိုက်မယ်၊ ဘီတာ အဏုဇီဝရုပ်တွေ အားကောင်းတယ်ဆိုရင်



သေးရက်နေ့နေမကုန်ခင် ထည့်နိုင်မယ်ထင်တာပဲ၊ မနက်ဖြန် သူ နောက်ဆုံးကြည့်ပြီးရင်တော့ အဆုံးအရှုံး ဘယ်လောက် သက်သာမယ်ဆိုတာ သူပြောနိုင်မယ်ထင်တယ်"

"ဘီတာတွေ အရှုံးကောင်းအောင် နောက်ထပ် တစ်ရက်လောက် ထပ်မစောင့်ရဘူးဆိုရင် ဘာဖြစ်မလဲ"

ယခုမှ သူတို့ပြောနေကြသည်ကို အနည်းငယ် သဘောပေါက်လာပြီဖြစ်သော ဆင်မာမန်းက ဝင်မေးသည်။

–ဒန်ဇစ်ဂါက ခေါင်းယမ်းလျက်....

"အားမကောင်းသေးတဲ့ ဘီတာတွေဟာ အားကောင်းနေတဲ့ အယ်လ်ဖာတွေကို မနိုင်ဘူးပေါ့"

"ဒါဆို အွန်တာရာကိုရှင်းဖို့လောက်ပဲ လိုတော့တယ်"

ဆင်မာမန်းက ဆိုသည်။

ထိုစဉ် တယ်လီဖုန်းလာသဖြင့် ဒန်ဇစ်ဂါက ကောက်ကိုင်လိုက်သည်။

"ဒန်ဇစ်ဂါပါ"

ပြီးတော့ အဲလီယာဘက်သို့ လှမ်းကြည့်လိုက်ပြီး....

"အေး....စတိမ်၊ ပြောကွာ"

ပြီးတော့ သူက တယ်လီဖုန်းကို လက်နှင့်ပိတ်ကာ အဲလီယာအား လေသံမျှဖြင့်....

"အက်ဖ်ဘီအိုင်က ဆက်တာ"

ဒန်ဇစ်ဂါသည် တယ်လီဖုန်းကို နားထောင်ရင်း လက်ကလည်း လိုက်ရေးမှတ်နေ၏။ ပြီးတော့လည်း အဲလီယာကို လက်မထောင်ပြလိုက်သည်။

"သိပ်ကောင်းတယ်ကွာ စတိမ်ရယ်၊ ဒါပါပဲ တော်ပါပြီ ဒီလောက်ပဲ သိချင်တာပါ၊ ကျေးဇူးအရမ်းတင်ချင်တယ်ကွာ"

ပြီးတော့ သူက တယ်လီဖုန်းကို ချလိုက်ပြီး....

"ကျွန်တော်တို့ အများကြီးသိလိုက်ရတယ်၊ ရာရှက်ဆိုတဲ့ မိန်းကလေးနာမည် အမှန်က ဒေလီယာ နာတာဆာတဲ့၊ ကမဲ ရဲ့ အစ်မလို့ ပြောတယ်"

"ဆွန်တာရာ နှစ်ယောက်စလုံးကို အဘူဟာဆင်နတ်ဆာ သင်ကြားပေးလိုက်တာ၊ ဆိုဗီယက် ဂျီအာရ်ယူအဖွဲ့က ဘာဒ်ီး ဗစ် လက်ဘန္ဓနံမှာ တွေ့တယ်လို့ အစ္စရေး ထောက်လှမ်းရေး အဖွဲ့က သတင်းပို့တယ်၊ ဟာရာရှာယာရွာမှာ တွေ့တာတဲ့ အဘူဟာဆင်ကို သွားတွေ့ပုံရတယ်"

ဆင်မာမန်းက ပြောလိုက်သည်။

"ဘယ်တုန်းကလဲ"

အ°လီယာက မေးလိုက်၏။

"ပဲရစ်မှာ ကမဲအသတ်ခံလိုက်ရပြီးတော့ ကျန်ခဲ့တဲ့ ဗုဒ္ဓဟူး နေ့ကလို့ ပြောတယ်၊ သူ သောကြာနေ့ကမှ ပြန်လာတာတဲ့"

အ°လီယာက တစ်ချက်ညည်းလိုက်ပြီး....

"သူ့ဘာသွားလုပ်တယ်ဆိုတာတော့ ကျုပ်တို့ သိစရာမလို တော့ပါဘူး၊ ဒါပေမယ့် ဆွန်တာရာ ဘယ်သူဆိုတာကို သူသိ သွားတယ်ဆိုတာတော့ သေချာတယ်"

"လောလောဆယ်တော့ သူတို့နဲ့ပတ်သက်ပြီး စိုးရိမ်စရာ မလိုသေးပါဘူးအ°လီယာ၊ လူးဇပ်တွေ ကျွန်တော်တို့ဆီမှာ ရောက်နေတော့ သူတို့လက်ထဲပါသွားမှာ စိုးရိမ်စရာမလိုဘူး၊



ဆွန်တာရာကိုဖမ်းတဲ့နေရာမှာပဲ သူတို့ အနှောင့်အယှက်ပေး နိုင်မယ်"

ကွင်းကပြောလိုက်သည်။

ဒန်ဇစ်ဂါကလည်း....

"ကွင်းပြောတာကို ကျွန်တော်ထောက်ခံတယ်၊ သူတို့ရေနံ မြေမပျက်စီးအောင် ဘီတာတွေလိုမယ်၊ ကျွန်တော်တို့ကလဲ သူတို့ရေနံမြေကို အပျက်အစီးမခံနိုင်ဘူး၊ ဒါကို ကျွန်တော် တို့ ပြန်ကယ်ရမယ်"

"ခင်ဗျားတို့ပြောတာမှန်တယ်၊ တကယ်လို့ လူးဇပ်တွေ ကိုသာ လိုချင်တယ်ဆိုရင် လက်ရှိ သူတို့ရေနံမြေထဲရောက်နေ တဲ့ လူးဇပ်တွေကိုပဲ စုပ်ထုတ်မှာပေါ့"

အ°လီယာက ပြောလိုက်သည်။

ဒန်ဇစ်ဂါက....

"အဲဒီလိုမဟုတ်ဘူးဗျ၊ အဲဒီကိစ္စကို သူတို့တောင်မသိသေး ဘူး၊ အဲဒီသတင်းကို ကျွန်တော်တို့ ထိမ်ချန်ထားတယ်၊ နောက် ဆုံးကျမှ ဖွင့်ချလိုက်မယ်လို့လုပ်ထားတာ၊ ဘီတာတွေကိုထည့် လိုက်ပြီးမှ သူတို့ လူးဇပ်ကိုထုတ်ယူရင် ဘီတာတွေပါ တစ်ခါ တည်းပါလာမယ်၊ သူတို့အတွက် ဘာမှအကြောင်းထူးမှာ မဟုတ်တော့ဘူး"

"ကောင်းပြီလေ၊ ကျုပ်တို့အစီအစဉ်အတိုင်းပဲ ဆက်လုပ် ကြတာပေါ့၊ ဆိုဗီယက်တွေ ရောက်လာနိုင်တဲ့ အကြောင်း ကျုပ်တို့အဖွဲ့တွေကိုလဲ အကြောင်းကြားထားလိုက်ကြ၊ သူတို့ မငြိအောင်လဲ သတိပေးထားလိုက်ဦး"

အ°လီယာက ခိုင်းလိုက်သည်။

"တိုဗန်နှင်ဦးဆောင်ပြီး လာကြမှာ၊ သူတို့နဲ့ဆက်သွယ်ကြည့်ရင် ကောင်းမယ်ထင်တယ်၊ ကျုပ်တို့မသိသေးတာ သူတို့သိထားချင်ထားမယ်၊ ကျုပ်တို့နှစ်ဖွဲ့ ပူးပေါင်းဆောင်ရွက်လိုက်မယ်ဆိုရင် ပိုပြီး အောင်မြင်နိုင်မယ်ထင်တယ်"

ဆင်မာမန်းက အကြံပေးသည်။

"သူနဲ့မဆက်သွယ်ခင် သူ့ကိုအရင်ရှာဦးမှ"

အဲလီယာက ပြောလိုက်၏။

ဆင်မာမန်းသည် ပြုံးလိုက်ပြီး သူ့စီးကရက်ကို မီးညှိနေရာက....

"ဒါ ကျွန်တော့်တာဝန်ထားပါ"

*

စကိုင်ကိုပိုင် ကျည်ကာကားကြီးသည် မီးရောင်တွေ ထိန်ညီးနေသည့် ဟာပ်ဟိုတယ်ဝင်ပေါက်ရှေ့တွင်ရောက်လာပြီး ရပ်လိုက်သည်။ ကားမောင်းသူမှလွဲ၍ လုံခြုံရေးဝန်ထမ်း အားလုံး ကားထဲမှထွက်လာကြပြီး ဟိုတယ်ဝင်ပေါက်တွင် မူလကတည်းက ချထားသည့်လုံခြုံရေးများနှင့် ပူးပေါင်းလိုက်ကြသည်။

သူတို့၏မျက်လုံးများမှာ မြင်နိုင်သမျှပြတင်းပေါက်၊ ခေါင်မိုးများနှင့် လမ်းပေါ်တွင်သွားလာနေကြသည့် လူများကိုပါ မျက်စိရှင်ရှင် လိုက်ကြည့်နေကြ၏။ ဒီရှဒ် ကားထဲမှထွက်လာသည်နှင့် လုံခြုံရေးများက ဝန်းရံပစ်လိုက်ပြီး ဟိုတယ်ထဲသို့ ခေါ်သွားကြသည်။



ဒန်ဇစ်ဂါက သူတို့နောက်မှလိုက်သွားပြီး ဟိုတယ်ထဲတွင် ဆောင်က ရောက်နှင့်နေသော အဲလီယာနှင့် ကွင်းတို့ကို ခေါင်းညိတ်နှုတ်ဆက်လိုက်သည်။

ဒီရှဒ်အား ဓာတ်လှေကားများရှိရာ ညာဘက်သို့ ခေါ်သွားခဲ့ကြသည်။ အပေါ်ဆုံးထပ်သို့ တက်နိုင်သည့် ဓာတ်လှေကားနှစ်ခုသာရှိသည်။ ကျန်သည့်ဓာတ်လှေကားများကို သော့ခတ်ပိတ်ထား၏။ ဓာတ်လှေကားတစ်ခုတွင် ဝိတ်လောရှိနေသည်။ ဒန်ဇစ်ဂါသည် ဝိတ်လောကို ကြည့်လိုက်ပြီးနောက် အဲလီယာနှင့်ကွင်းတို့ထံသို့ လျှောက်သွားသည်။

ဓာတ်လှေကားထဲသို့ ဒီရှဒ်အား လုံခြုံရေးဝန်ထမ်းနှစ်ဦးက ဦးဆောင်ခေါ်သွားသည်။ ဝိတ်လောနှင့် အခြားထောက်လှမ်းရေးတစ်ယောက်က သူတို့နောက်မှ လိုက်သွား၏။ သူတို့နှစ်ယောက်က ဓာတ်လှေကားမျက်နှာစာမှ နေရာယူလိုက်ကြသည်။ ဝိတ်လောသည် ဓာတ်လှေကားကို သော့ဖွင့်လိုက်ပြီး အပေါ်ဆုံးထပ်သို့တက်သည့် ခလုတ်ကိုနှိပ်လိုက်၏။ ထိုအခါ တံခါးပိတ်သွားပြီး ဓာတ်လှေကားလည်း တက်သွားတော့သည်။

ထိုစဉ် ဟိုတယ်အပြင်ဘက်ဆီမှ ပေါက်ကွဲသံတစ်ခုကို ကြားလိုက်ရသည်။ ရိုးဗားဝေါ့ပန်းခြံဘက်ဆီက ဖြစ်၏။ တစ်ချက်ဘုန်ခါသွားပြီးနောက် အားလုံးတိတ်ဆိတ်သွားသည်။

"ဘာဖြစ်တာလဲ"

ဒန်ဇစ်ဂါက မေးလိုက်သည်။

"အပြင်ဘက်မှာ ဗုံးပေါက်တာပါ"

ကွင်းကပြောပြီး ဟိုတယ်အောက်တစ်ထပ်နှင့် တစ်ညီတည်းလောက်ရှိသည့် ရီးဗားဝေါ့ဘက်သို့ ညွှန်ပြလိုက်သည်။

လူတွေအားလုံး ညာဘက်သို့လှည့်ကြည့်နေသည်ကို မြင်လိုက်ရသည်။ အချို့က ကြက်သေသေ၍ ရပ်ကြည့်နေကြသည်။ အချို့ကမူ ထိုနေရာမှ ထွက်ပြေးနေကြ၏။ ထိုနေရာသို့ ပြေးကြည့်သူ အနည်းငယ်လောက်သာရှိသည်။

အိလီယာက ဓာတ်လှေကားကို မော့ကြည့်လိုက်သည်။ ဝိတ်လောက အရေးပေါ်ခလုတ်ကိုနှိပ်ကာ ဓာတ်လှေကားကို ရပ်ထားလိုက်သည်။ ပြီးတော့ ဘေးဘက်မှန်ပေါက်မှ သူတို့ကို ငုံ့ကြည့်နေ၏။ အိလီယာက လက်မထောင်၍ အပေါ်သို့ ထိုးပြလိုက်သည်။ လုံခြုံရေးချထားသည့်အထပ်သို့ ဒီရှဒ်အား အမြန်ဆုံးပို့ဖို့ အရေးကြီးသည်မဟုတ်လော။

ဝိတ်လောက ဓာတ်လှေကားကိုပြန်မောင်းကာ တက်လိုက်သည်။

“ကျွန်တော်တို့ ဟိုဘက်ကို ဘယ်လိုဆင်းမလဲ”

ကွင်းက ရီးဗားဝေါ့ဘက်သို့ထွက်သည့် အောက်ထပ်ခန်းမသို့ ဆင်းရာတံခါးပေါက်ကို ညွှန်ပြကာ မေးလိုက်သည်။

“ဓာတ်လှေကားနဲ့ဆင်းလို့ရတယ်လေ”

ဒန်ဇစ်ဂါကပြောလိုက်ပြီး သူတို့၏ဘယ်ဘက်ရှိ ဓာတ်လှေကားကို ညွှန်ပြလိုက်၏။ သူတို့ ထိုဓာတ်လှေကားဆီသို့ လျှောက်လာခဲ့ကြသည်။

သူတို့ရောက်သောအခါ ဓာတ်လှေကားမှာ ပွင့်လျက်သားရှိနေသဖြင့် ဝင်လိုက်ကြ၏။ ခလုတ်ကိုနှိပ်လိုက်သောအခါ



ဓာတ်လှေကားမှာ အောက်ထပ်သို့ နှေးကွေးစွာဆင်းနေသည်။

ဓာတ်လှေကား ဘေးမှန်ပေါက်မှ ကြည့်လိုက်သည်။ ဗုံးခွဲသည်မှာ ဆွန်တာရာ၏လက်ချက်ဖြစ်သည်မှာ သေချာသည်။ ထိုသို့ စဉ်းစားလိုက်မိသည်နှင့် သူ အတော်ပင် စိုးရိမ်သွားမိသည်။ မိမိတို့သုံးယောက်မှာ အလွန်နှေးကွေးသော ဓာတ်လှေကားထဲတွင် ရောက်နေရသည်။ တစ်ခုခုများဖြစ်လျှင်တော့ ပိတ်မိပြီး ဘာမျှလုပ်နိုင်မည်မဟုတ်။ တစ်ဆက်တည်းမှာပင် ဗုံးခွဲလိုက်ခြင်းသည် ဆွန်တာရာ အာရုံပြောင်းအောင် လုပ်ခြင်းလော။

တစ်ခဏဘာအချိန်ကလေးအတွင်း မိမိတို့အာရုံ တစ်နေရာသို့ရောက်သွားခဲ့သည်။ ထိုအချိန်တွင် လုံခြုံရေးအစီအမံများ တစ်ချက်ဟာသွားနိုင်သည်။ ဓာတ်လှေကားတွေထဲတွင် အန္တရာယ်ရှိနိုင်သည်။ မိမိတို့မှာလည်း အောက်တစ်ထပ်သို့ ဆင်းနေသည်။ ဒီရှဒ်မှာလည်း အပေါ်ဆုံးထပ်သို့ တက်နေသည်။

ကွင်း အပေါ်သို့မော့ကြည့်လိုက်၏။ အောက်သို့ငုံ့ကြည့်နေသောဝိတ်လော၏မျက်နှာကို တစ်ချက်သာမြင်လိုက်ရသည်။ ထိုခဏ၌ ပေါက်ကွဲမှုကြီးဖြစ်သွားတော့သည်။

တစ်ချိန်တည်းတွင် ပေါက်ကွဲမှုနှစ်ခုဖြစ်သွားခြင်း ဖြစ်၏။ လုံခြုံရေးချထားသည့်အထပ်သို့ တက်နေသည့် ဓာတ်လှေကားနှစ်ခုစလုံးတွင် ပေါက်ကွဲခြင်းဖြစ်သည်။ ဒီရှဒ်ပါသော ဓာတ်လှေကားမှာ ဝင်းခနဲမီးတောက်ကြီးနှင့်အတူ ကျယ်လောင်စွာပေါက်ကွဲထွက်သွားသည်။ လူတွေလည်း တစ်စစီ

ဖြစ်ကုန်ပြီး ဓာတ်လှေကားမှာ ကြိုးပြတ်ကာ ဆယ်ထပ်မှ အောက်သို့ပြုတ်ကျသွားတော့သည်။

ဒုတိယဓာတ်လှေကားမှာလည်း အလားတူပင်ဖြစ်သည်။ သို့ရာတွင် ထိုဓာတ်လှေကားမှာမူ ခြောက်ထပ်လောက်သာ ရောက်သေးသဖြင့် ထိုနေရာလောက်မှသာ ကျခြင်းဖြစ်သည်။ အသေအပျောက်ကမူ အတူတူပင်ဖြစ်၏။ တစ်ယောက်မျှမလွတ် တော့။

ကွင်းမှာ ဓာတ်လှေကားသက်ရန်းကိုကိုင်ပြီး မျက်စိကိုမှိတ် ထားလိုက်မိသည်။

“ဖြစ်မှဖြစ်ရလေကွာ”

ဝိတ်သော နောက်ဆုံး အောက်သို့ငုံ့ကြည့်နေသည်ကို မြင် ယောင်လိုက်မိ၏။ ကျန်ခဲ့သည့်နှစ်လအတွင်း မိမိတို့နှစ်ယောက် အန္တရာယ်တွေကြားထဲတွင် လုပ်ကိုင်လာခဲ့ပုံကို ပြန်လည်သတိ ရနေမိသည်။ ဝိတ်လောသည် မိမိကိုရော အလက်ဇန္ဒားကိုရော ကယ်ဆယ်ခဲ့သူဖြစ်၏။

ဆွန်တာရာ ပထမဆုံးအကြိမ် တိုက်ခိုက်လိုက်ပုံမှာ အတော် ပင်ကြောက်စရာကောင်းလှသည်။ မိမိတို့သုံး ယောက်လည်း ဒီရဇ်၏ဓာတ်လှေကားထဲတွင်ပါသွားပါက တစ်ခါတည်းသေ ဖို့သာရှိသည်။

ဆွန်တာရာ၏ထိုးနှက်ချက်က အတော်ပြင်းထန်လှ၏။ ကွင်း မှာ အားကောင်းသော လက်ဝှေ့ သမားက ဖင်ထိုင်လျက် ကျ အောင် ထိုးလိုက်သလို ခံစားလိုက်ရသည်။

*



“ဒီလောက်မြန်မြန် သူ ဘယ်လိုလုပ်သိသွားတာလဲမသိ ဘူး”

ကွင်းက မိမိကိုယ်ကိုမေးသလို ပြောလိုက်မိသည်။

ကွင်း၊ အဲလီယာနှင့် ဒန်ဇစ်ဂါတို့သည် ကားဖြင့် တောင် ကုန်းပေါ်ရှိ အိမ်ကြီးဆီသို့ ပြန်လာနေကြခြင်းဖြစ်သည်။

ကွင်း မေးလိုက်သည်ကို အဲလီယာက ပြန်မဖြေ။ သူတို့ အားလုံး ဖြစ်ပျက်ခဲ့သည်များကြောင့် ငိုင်နေကြဆဲ....

ဗုံးပေါက်ပြီးကတည်းက ဒန်ဇစ်ဂါလည်း ကွင်းစဉ်းစား သလို စဉ်းစားနေခဲ့သည်။ သူကထ၍....

“တစ်ခုတော့ရှိတယ်ဗျ၊ သူ ဒီလိုအသေးစိတ်သိနိုင်ဖို့ဆိုရင် ရုံးချုပ်လုံခြုံရေးစနစ်က ယူကြည့်မှရနိုင်မယ်၊ အဲဒီမှာကလဲ အပြင်မှာ စာရွက်စာတမ်းနဲ့ မိတ္တူထားတာမှမဟုတ်တာ”

“ဘယ်လိုထားတာလဲ”

ကွင်းက မေးသည်။

“ကွန်ပျူတာနဲ့ ထားတာလေ”

“ဒီ ကွန်ပျူတာထဲကနေ သူ ဘယ်လိုထုတ်ကြည့်နိုင်မှာလဲ၊ ကွန်ပျူတာဖွင့်တဲ့ စကားဝှက် နံပါတ်ကို သူသိတာမှ မဟုတ် ဘဲ”

အဲလီယာက ဝင်ပြောလိုက်၏။

ဒန်ဇစ်ဂါက အပြန်အလှန် စဉ်းစားလိုက်ပြီး....”

“ရုံးချုပ်က သူ့အဖေရဲ့ ကွန်ပျူတာကနေ လှမ်းဖွင့်ကြည့်တာ ဖြစ်နိုင်တယ်၊ စကိုင်းရဲ့ ကွန်ပျူတာကနေ လှမ်းခေါ် ကြည့်ရင် တခြားကွန်ပျူတာတွေ အားလုံးက အချက်အလက်

တွေကို ရနိုင်တယ်၊ သူ့အဖေရဲ့ ကွန်ပျူတာဖွင့် စကားဝှက်ကို လဲ သူ ရထားပုံရတယ်၊အဲဒါရရင် သူလိုချင်တာ အကုန်သိနိုင်တာပဲ၊ တနင်္ဂနွေနေ့က အဲဒီမှာ ဘယ်သူမှမရှိတုန်း သူသွားဖွင့်ကြည့်တာ ဖြစ်နိုင်တယ်၊ အဲဒီမှာ မှတ်တမ်းတင်ထားတဲ့ စနစ်ရှိတယ်၊ အဲဒါကို သွားကြည့်ရင်သိမယ်''

''သူ့အဖေရဲ့ စကားဝှက်နံပါတ်ကိုရော သူ ဘယ်လိုရမှာလဲ''

အင်္ဂလီယာက မေးပြန်သည်။

''သူဟာ တစ်ချိန်က စကိုင်ကိုရဲ့ ဉက္ကဋ္ဌတစ်ယောက်ဖြစ်ခဲ့တယ်ဆိုတာကို ခင်ဗျား မေ့နေတယ်ထင်တယ်၊ သူ့အဖေဟာ သူ့ကို အကုန်ပြောထားတာ၊ သူ့ကိုယ်ပိုင် စကားဝှက်နဲ့တောင် ဖွင့်လို့ရမလားမသိဘူး၊ သူ့စကားဝှက်နဲ့တောင် သူ သုံးချင်သုံးမယ်၊ ဟုတ်မဟုတ် မှတ်တမ်းထဲမှာကြည့်ကြတာပေါ့''

''နယ်လ်ဆင်သေသွားတာ ကိုးနှစ်ရှိပြီပဲ၊ စကားဝှက်ကို အခုထက်ထိ မပြောင်းသေးဘူးလား''

အင်္ဂလီယာက မေးလိုက်သည်။

ဤတွင် ကွင်းက အလန့်တကြားဖြင့် ပင့်သက်ရှိုက်လိုက်ပြီး....

''ငါးပါးတော့ မှောက်ကုန်ပြီဗျို့၊ ကျုပ်တို့က ဒီမှာ စကားဝှက်အကြောင်းကို ငြင်းခုံနေကြတယ်၊ ဆွန်တဲရာက ရုံးချုပ်မှာ ရောက်နေပြီ၊ ဘီတာတွေက ရုံးချုပ်မှာထားတာ မဟုတ်လား''



ဒန်ဇစ်ဂါက ယာဉ်မောင်းအား ရုံးချုပ်သို့ တိုက်ရိုက်မောင်းရန် အမိန့်ပေးလိုက်သည်။ ဆွန်တာရာ၏ ပထမဆုံး တိုက်ခိုက်ခြင်းကို ယာယီအားဖြင့် သူတို့မေ့သွားကြသည်။ နောက် ဘီတာကို လုံခြုံစွာထားခဲ့သည့် နေရာသို့ ရောက်သောအခါ ဘီတာပုလင်းများ ပျောက်ဆုံးနေသည်ကို တွေ့လိုက်ရသည်။ ဆွန်တာရာ တိုက်ခိုက်သည်မှာ တစ်ကြိမ်မဟုတ် နှစ်ကြိမ် ဖြစ်နေလေပြီ။ တစ်ကြိမ်က ပြင်းထန်သော အသံကြီးများနှင့် ဖြစ်ပြီး နောက်တစ်ကြိမ်မှာ အသံတိုတ်ဖြစ်သည်။အသံတိတ် တိုက်ခိုက်သည့် တိုက်ကွက်က ပို၍ပြင်းထန်နေ၏။ ကမ္ဘာကြီးကို ကယ်ဆယ်နိုင်မည့် တစ်ခုတည်းသော ပစ္စည်းကို သူယူသွားခြင်းဖြစ်တော့သည်။

## အခန်း (၄၀)

သတ်မှတ်ထားသည့် ခြောက်ရက်၏ တတိယနေ့ နံနက်ပိုင်းဖြစ်သည်။

ကွင်း တစ်ညလုံး အိပ်၍မရခဲ့။ ဟပ်ဟိုဘယ်တွင်ဗုံးခွဲခဲ့သည်များကိုသာ မြင်ယောင်နေ၏၊ နောက်ဆုံး မြင်လိုက်ရသော ဝိတ်လောကိုလည်း မျက်စိထဲမှမထွက်။

ထိုအကြောင်းတွေကို အလက်ဇန္ဒြားအား ပြန်ပြောပြတော့ သူမ ပထမတွင် ယုံပင်မယုံခဲ့။ မိမိတို့ တကယ်ပြောနေမှန်း သိတော့မှ သူမ စိတ်ထိခိုက်သွားပုံကို ကွင်းသတိရနေမိသည်။

အန္တရာယ်မှာ မဆုံးသေးဘဲ ယခင်ကထက်ပင် ကြောက်စရာကောင်းပါလားဟု သူမ နားလည်သွားဟန်လည်း တူသည်။

* * *



နံနက်ပိုင်း စစချင်း အေးစိမ့်စိမ့်ရှိနေ၏။ ထိုနောက် နေသာနေရာမှ ခြောက်ကပ်ဆိမ့် တိမ်မည်းတို့ တက်လာကာ မည်းမှောင်လာသည်။ နွေလယ်လောက် ရောက်ပေပြီ။ ယနေ့ မိုးအကြီးအကျယ် ရွာလိမ့်မည်ဟု ခန့်မှန်းနေကြ၏။

ကွင်းနှင့် ရယ်လင်နာတို့သည် ရီးဗားစေါ့ဘက်သို့ လျှောက်လာခဲ့ကြ၏။ ရီးဗားဝေါ့ တစ်ဝိုက်တွင် မနေ့ ညနေပိုင်းက အွန်တာရာ တိုက်ခိုက်သွားသည့် အရိပ်အယောင်များပင်မတွေ့ရတော့၊

ဆင်မာမန်းသည် ပြောထားသည့်အတိုင်း တိုဗန်နင်ကို ရှာခဲ့သည်။

နံနက်ပိုင်းလောက်မှာပင် ကွင်းနှင့် တိုဗန်နင် တွေ့ဆုံရေးအတွက် စီစဉ်လိုက်၏။ နှစ်ယောက်စလုံး သေနတ်များယူမလာကြရ။

သေနတ်ပါသည့် နောက်တစ်ယောက်စီကို ခေါ်လာနိုင်သည် ဆို၏၊ ဆွန်ဘာရာ၏ အန္တရာယ် ရှိလိုရှိငြား သဘောကြောင့် ဖြစ်သည်။ ကွင်း၏နောက်လိုက်အဖြစ် ရယ်လင်နာ ပါလာသည်။

သူတို့ ရီအိုမက္ကစီကန် စားသောက်ဆိုင်ရှိရာသို့ လျှောက်လာခဲ့ကြသည်။ ရီးဗားဝေါ့ တစ်ဝိုက်တွင် ထင်သည်ထက်ပို၍ လူတွေများနေကြသည်။

တိုဗန်နင်ကို အပြင်စားပွဲတစ်လုံး၌ ထိုင်နေသည်ကို ကွင်းတွေ့လိုက်ရ၏။ ကွင်းက ဘာမျှမပြောဘဲ အနားသို့ လျှောက်သွားပြီး သူနှင့် မျက်နှာချင်းဆိုင် ကုလားထိုင် တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

ရယ်လင်နာက သူတို့နှင့် စားပွဲနှစ်လုံးလောက် ခြား၍ သွားထိုင်လိုက်၏။

နောက်လိုက်နှစ်ယောက်လည်း တစ်ယောက်ကို တစ်ယောက် လှမ်းကြည့်လိုက်၏။ ပြီးတော့ နောက်လိုက် နှစ်ယောက်မှာ မျက်စိကို့ရှင်ရှင်ထား၍ အနီးဘစ်ဝိုက်ရှိ ပြတင်းပေါက်များ၊ အိမ်ခေါင်မိုးများပေါ်ကို လိုက်ကြည့်နေကြသည်။

''သူ ဘာကြောင့် ဒီကိုရောက်လာတယ်ဆိုတာ သိတယ်နော်''

ကွင်းက မေးလိုက်သည်။

''သိပါတယ်၊ သိပ်အံ့ဩစရာ ကောင်းတဲ့ အဖြစ်အပျက်တစ်ခုကြောင့်လို့ပဲ ပြောကြပါစို့၊ အဲဒါကို အက်ရှာစက်ကြီးက သိသလား''

တိုဗန်နင်က ပြန်မေးလိုက်သည်။

''ဟင့်အင်း....သူ့ကို မပြောမထားဘူး၊ ပြောလို့လဲ မဖြစ်ဘူး''

ကွင်းက စကိုင်း ဘယ်နေရာ၌ ရှိနေသည်ကိုတော့ မပြောလိုက်၊ ယင်းကို သိသူလည်း အနည်းငယ်လောက်သာ ရှိသည်။

''အဲဒါပဲ ကောင်းပါတယ်၊ ပြော့လဲ ဘာထူးမှာမို့လဲ''

တိုဗန်နင်က ပြောလိုက်၏။

ထိုနောက် စားပွဲထိုးလေးရောက်လာသဖြင့် စားသောက်ဖွယ်များကို မှာလိုက်ကြသည်။



''ဆင်မာမန်းက ခင်ဗျားကို ဘာပြောထားလဲ''

ကွင်းက မေးလိုက်၏။

''ကျွန်တော်တို့နှစ်ယောက် တွေ့ပြီး နှင်ဖက် အကျိုးတူ ဆွေးနွေးကြဖို့ပဲ၊ ကဲ....ခင်ဗျားကလဲပဲ အသေးစိတ် ပြောပေတော့''

''ခင်ဗျားတို့လဲ ဆွန်တာရာ နောက်ကို လိုက်နေကြတာပဲ၊ ကျွန်တော်တို့လဲ ဆွန်တာရာ နောက်ကို လိုက်နေကြတာပဲ၊ အဲဒီကိစ္စာ ခင်ဗျားတို့နဲ့ ကျွန်တော်တို့ ဆန့်ကျင်ဘက်ဖြစ်မနေကြရင် ပိုအဆင်ပြေမယ်ထင်တယ် တိုဗန်နင်''

ပူးပေါင်းဆောင်ရွက်ကြလျှင် အကောင်းဆုံး ဖြစ်မည်ကိုတော့ သူက မပြောလိုက်။

''ခင်ဗျား ကြည့်ရတာ အခက်အခဲကလေးတစ်ခုရှိတာကို ရန်ဘက်လို့ ယူဆထားတဲ့လူတွေနဲ့ ပူးပေါင်းဆောင်ရွက်မယ်လို့ စိတ်ကူးထားပုံရတယ်''

ကွင်းက သူ့ကို စိုက်၍သာ ကြည့်နေလိုက်သည်။

''ကျွန်တော် ပြောတာ ဟုတ်တယ်မဟုတ်လား၊ တကယ်တော့ ကျွန်တော်ကလဲ ကျွန်တော်တို့နှစ်ယောက် ရန်သူတွေ မဟုတ်ကြတာ ကြာပြီလို့ နားလည်ထားပါတယ်''

တိုဗန်နင်က ဆိုသည်။

နှစ်ယောက်သား ဆက်မပြောဖြစ်ကြ။ ထိုစဉ် ရေခဲစိမ် လက်ဖက်ရည်များ ရောက်လာသည်။

စားပွဲထိုး မိန်းကလေး ပြန်သွားသောအခါ တိုဗန်နင်က....

"ဒါထက် ခင်ဗျားသူငယ်ချင်း ဝိတ်လောအတွက် ကျွန်တော် စိတ်မကောင်းပါဘူး၊ သူဟာ သိပ်တော်တဲ့ ထောက်လှမ်းရေး တစ်ယောက်ပါ၊ ဒီလိုသူငယ်ချင်းမျိုး ဆုံးရှုံးရတာ နှမြောစရာကောင်းပါတယ်"

"ကျေးဇူးတင်ပါတယ်၊ ဒီခရီးတစ်လျှောက်လုံးမှာ ကျွန်တော်တို့ နှစ်ယောက်စလုံးရဲ့ သူငယ်ချင်းတွေ ဆုံးရှုံးခဲ့ရတာ အများကြီးပါပဲ"

"ဟုတ်တယ်ဗျာ၊ သိပ်များတယ်၊ အဲဒါဟာဆင်ကလဲ သူ့စစ်သားတွေကို ကောင်းကောင်းသင်ပေးလိုက်တာကိုဗျ"

"မြို့ထဲမှာ ခင်ဗျားအဖွဲ့ကို ဘယ်လိုချထားသလဲ"

ကွင်းက မေးလိုက်၏။

"ဆွန်တာရာကို တွေ့နိုင်လောက်တဲ့ အထိတော့ မဟုတ်ပါဘူး၊ သူက ဒီမြို့ကို ပိုကျွမ်းတယ်၊ ဒါပေမယ့် ကျုပ်တို့အဆက်အသွယ်တွေကို လိုက်ပိုက်စိပ်တိုက် စုံစမ်းမယ်ဆိုရင်တော့ သူ့ကို တွေ့နိုင်မလား မပြောတတ်ဘူး၊ ဒါပေမယ့် တွေ့နိုင်ဖို့တော့ သိပ်နည်းပါတယ်၊ ကျွန်တော်တို့အတွက်လဲ ဒီလောက်ပဲလိုအပ်ပါတယ်၊ တကယ်လို့ သူ စကိုင်းဆီကို လာချင်တယ်ဆိုရင် သူ ကျွန်တော်တို့ဆီကို လာကိုလာရမှာ၊ စကိုင်းကို အိမ်ကြီးထဲက လုံခြုံတဲ့နေရာမှာ ထားတယ်လို့ ထင်ပါတယ်"

"ဟုတ်ပါတယ်၊ သူ ကျုပ်တို့ဆီကို လာအောင် လုပ်တာ အကောင်းဆုံးဖြစ်မှာပါ၊ သူ့ကို လိုက်ရှာဖို့ကတော့ မလွယ်ပါဘူး"

ကွင်းက ထောက်ခံလိုက်၏။

"ခင်ဗျားတို့ လူးဇပ်တွေကိုတော့ ပြန်ရပြီ မဟုတ်လား"



ကွင်းက သူ့ကို အထင်ကြီးစွာ ကြည့်လိုက်ပြီး—

"ဟုတ်ပါတယ်"

"မော်လ်တာတုန်းက ကျုပ်တို့ရဲ့ လက်တစ်ကမ်းမှာ လူးဇပ်တွေ ရှိခဲ့တယ်ဆိုတာ ကျုပ်တို့ အသိနောက်ကျသွားတယ်ဗျာ၊ ကျုပ်တို့ အဆက်လူကြီးတွေလဲ အဲဒါတွေ မရလိုက်လို့ အတော် မကျေမနပ် ဖြစ်နေကြတယ်၊ အခုတော့ ဒီပြဿနာ အေးသွားပြီမို့ စိတ်ချမ်းသာသွားကြပါပြီ၊ ဆွန်တာရာ စကိုင်းကို မသတ်နိုင်အောင် လုပ်ဖို့ပဲ ကျန်တော့တယ်"

"ဒါက ကျွန်တော်တို့ တာဝန်ပါ"

ကွင်းက ပြောလိုက်သည်။

"ကျွန်တော်တို့တာဝန်လဲ ပါပါတယ်၊ အက်ရှာစကိုင်းဟာ ကျွန်တော်တို့နိုင်ငံက သိပ်လေးစားခဲ့ရတဲ့ လူတစ်ယောက်ပါ၊ သူ့ကို ကျွန်တော်တို့ရဲ့ နိုင်ငံသားကောင်း တစ်ယောက်လို့ သဘောထားကြပါတယ်"

နှစ်ယောက်သား အတန်ကြာအောင် ငြိမ်သွားကြပြန်သည်။ နောက်မှ တိုဇန်နင်က....

"အန္တရာယ်က မဆုံးခဲ့သေးဘူး မဟုတ်လား"

ကွင်းက ခေါင်းခါလျက်....

"မဆုံးသေးဘူးလေ၊ စကိုင်ကို ရုံးချုပ်ကို ဖောက်ထွင်းဝင်ပြီး ပြန်ရထားတဲ့ ပုလင်းနှစ်လုံးကို ခိုးသွားပြန်ပြီ"

"ဟုတ်လား"

"ဟုတ်လား မလုပ်နဲ့၊ ဒီပုလင်းနှစ်လုံးကို နှစ်ရက်အတွင်း ပြန်မရလို့ မဖြစ်ဘူး"

ကွင်းက ပြောခိုင်းလိုက်သည်ကို ပြောလိုက်သည်။

"ဘာလို့ ဒီလောက်တောင် အရေးကြီးရတာလဲ"

"နောက်တစ်နေရာ ထပ်ထိနေပြီလေ"

"ဘယ်နေရာလဲ"

"ဆော်ဒီအာရေးဗီးယားမှာ၊ ကမ္ဘာ့အကြီးဆုံး ရေနံမြေပေါ့၊ အန္တရာယ်က သိပ်ကြီးမယ့် သဘောရှိတယ်၊ အရှေ့အလယ်ပိုင်း ရေနံမြေတွေက တစ်ခုနဲ့တစ်ခု ဆက်စပ်မှုရှိနေတယ်၊ တစ်လျှောက်လုံး ပျက်သွားမယ့်သဘောရှိတယ်၊ ကမ္ဘာ့ရေနံ သုံးပုံတစ်ပုံ ဆုံးရှုံးသွားနိုင်တဲ့ အခြေအနေရှိတယ်"

"ဆုံးရှုံးသွားနိုင်တယ် ဟုတ်လား"

တိုဗန်နင်က မေးလိုက်သည်။ နောက်ပြီး ဖြစ်နိုင်ချက်ကိုလည်း စဉ်းစားကြည့်နေသည်။ ထိုပုလင်းနှစ်လုံးမှာ အခြားပုလင်းတွေနှင့် မတူ၍လော။

"ဆွန်ကာရာမှာရှိတဲ့ ပုလင်းတွေထဲက ဇီဝဓါတ်ပစ္စည်းတွေက လူးဇပ်တွေနဲ့ မတူဘူးလား"

တိုဗန်နင်က ထပ်မေးလိုက်သည်။

"လူးဇပ်တစ်မျိုးပေါ့၊ ဘီတာလို့ ခေါ်ပါတယ်၊ ဆော်ဒီရေနံမြေမှာ ထည့်လိုက်တဲ့ လူးဇပ်က အယ်လ်ဖာလို့ ခေါ်တယ်"

"ဒီနှစ်ခုက ဘယ်လိုဆက်စပ်သလဲ"

"ဘီတာတွေက အယ်လ်ဖာတွေကို တားဆီးနိုင်တယ်၊ အချိန်မီ ထည့်နိုင်ရင်ပေါ့လေ"

"နှစ်ရက်အတွင်း ဆိုပါတော့"

"ဟုတ်ပါတယ်၊ ကျွန်တော်တို့လက်ထဲကို နှစ်ရက်အတွင်း ပြန်ရောက်မှ ဖြစ်မယ်"



တိုဗန်နင်က ကွင်းအား မသင်္ကာသလို ကြည့်လိုက်ရင်း...

"ကျွန်တော့်ကို မပြောသေးတာ တစ်ခုရှိဦးမယ် ထင်တယ်"

"အခုပြောနိုင်တာကတော့ ဒါအကုန်ပါပဲ၊ ဒီပုလင်းတွေ ပြန်ရရင်တော့ ကျွန်တော် ထပ်ပြောပြပါမယ်"

အပူချိန်က ဆယ့်ငါးဒီဂရီ မြင့်တက်လာသဖြင့် သူတို့ နေ့လယ်စာကို အပြီးသတ် စားလိုက်ကြသည်။ မိုးက ချက်ချင်းတော့ မရွာသေး။ သို့သော် တိမ်တွေက မည်းတက်လာသည်။ သူတို့ ထပြန်လာခဲ့ကြ၏။ ကွင်းနှင့် တိုဗန်နင်တို့ကယှဉ်၍ လျှောက်လာသည်။ ရယ်လင်နာနှင့် တိုဗန်နင်၏ နောက်လိုက်က နောက်မှ လိုက်လာကြ၏။

"အအေးခါတ်က သဘောကျဖို့ ကောင်းတယ်၊ ဒီနယ်ဘက်မှာ ရာသီဥတု ရုတ်တရက် ပြောင်းသွားပုံက စိတ်ဝင်စားစရာ ကောင်းတယ်နော်"

တိုဗန်နင်က ပြောလိုက်သည်။

"ဒါကို ဒီမှာ ဘာလူးနော်သာလို့ ခေါ်ကြတယ်"

ကွင်းက ရှင်းပြရင်း ကွန်ဗင်းရှင်းစင်တာသို့သွားရာ လှေကားကျယ်ကြီးကို တက်နေသည်။ ရာသီဥတု ရုတ်တရက် ပြောင်းသွားသဖြင့် ရီးဗားပေါ်တစ်ဝိုက်တွင် ကမ္ဘာလှည့်ခရီးသည်တို့၏ ကားများလည်း ကျဲသွားကြသည်။

ထို့နောက် သူတို့သည် မတ်ကက်လမ်း ကုန်းကျော်တံတားကို သွားသည့်လှေကားဆီသို့ ဆင်းလာခဲ့ကြပြန်၏။ ကာသံတွေကြားထဲတွင် သေနတ် မောင်းတင်လိုက်သံတစ်ခု သဲ့သဲ့

ကလေး ပေါ်ထွက်လာ၏။ ကွင်းကလည်း ထိုအသံမျိုးကို နားစွင့်နေခြင်း ဖြစ်သည်။

ထိုအသံလာရာဆီသို့ သူဖျတ်ခနဲ မော့ကြည့်လိုက်၏။ အသံမှာ သူတို့ရှေ့ဘက် ကုန်းကျော်တံတားပေါ်လောက်က ဖြစ်သည်။

ဆွန်တာရာအား ကုန်းကျော် တံတားပေါ်တက်ရာ လှေကား ဒုတိယအဆင့်တွင် ရပ်လျက်တွေ့လိုက်ရသည်။ လက်ထဲတွင်လည်း အင်ဂရမ် ပုံစံ ၁၀ အမျိုးအစား စက်သေနတ်ကိုလည်း ကိုင်ထား၏။

ကွင်းက ဆွန်တာရာမပစ်မီ ဘယ်ဘက်သို့ တိုဗန်နင်အား တိုက်ချကာ ပစ်လှဲလိုက်သည်။ ကွင်း၏တိုက်ချက်က ပြင်းထန်လွန်းသဖြင့် နှစ်ယောက်သား ကုန်းပေါ်က အုတ်ခုံအစွန်းမှ ကျော်၍ ကျသွားကြသည်။ ဆွန်တာရာပစ်လိုက်သော ကျည်ဆန်များ အုတ်ခုံပေါ်သို့ ကျရောက်လာကြသည်။ သို့ရာတွင် ကွင်းတို့နှင့် နည်းနည်းလေး လွဲသွား၏။ ကွင်းတို့မှာမူ အောက်ဘက် ရေထဲသို့ ကျကုန်ကြသည်။

ရယ်လင်နာက သေနတ်ကိုထုတ်လိုက်သည်။ မျက်လုံးများကလည်း ဆွန်တာရာအား စိုက်ကြည့်နေ၏။ သို့ရာတွင် အင်ဂရမ်သေနတ်က သူမထံသို့ ပြောင်းလှည့်လာပြီး ကျည်ဆန်များ တဖွားဖွား ထွက်လာကြသည်။ သူမနှင့် တိုဗန်နင်၏နောက်လိုက်တို့ကို ပစ်လိုက်သောကျည်များ လာရောက်ထိမှန်ကုန်ကြသည်။ ရယ်လင်နာမှာ ရှေ့သို့ လဲကျသွားသဖြင့် သူမသေနတ်မှထွက်လာသော ကျည်တစ်တောင့်က အရာမသင်ခဲ့။



သူတို့ လဲကျသွားချိန်တွင် ဆွန်တာရာက သူတို့အား ဆက်၍ပစ်ခတ်နေသည်။ သူ့မျက်နှာမှာလည်း မုန်းတီးနာကြည်းသည့် အမူအရာနှင့်။ ရယ်လင်နာ လှေကားထစ်များပေါ်မှ လိမ့်ကျသွားနေစဉ် ဆွန်တာရာက ကျည်ကပ်ကုန်အောင် လိုက်ပစ်နေ၏။ ကျည်ကပ်ကုန်မှ ရပ်သွားတော့သည်။

ထိုနောက် ဆွန်တာရာသည် ကျည်ကပ်အသစ်လဲကာ မလှုပ်နိုင်တော့သည့် ရယ်လင်နာအား ဆန်ခါပေါက်ဖြစ်အောင် ပစ်ချနေပြန်၏။ ပြီးမှ လမ်းပေါ်သို့တက်ကာ ထွက်ပြေးတော့သည်။

သူ လမ်းဘက်သို့ ခြေလှမ်းလိုက်သည်တွင် လမ်းထောင့်တစ်နေရာမှ ရဲအရာရှိတစ်ယောက် သေနတ်ကိုင်၍ ပြေးလာသည်ကို တွေ့လိုက်ရသဖြင့် ပစ်ချလိုက်ပြန်သည်။ ရဲသားရော မိမိကားဘေးတွင် ရပ်နေသည့် တက္ကစီကားသမား တစ်ယောက်ပါ ထိသွားတော့သည်။

လမ်းပေါ်ကို သူပြေးထွက်လိုက်သည်တွင် ကားများမှာ သူ့ကိုရှောင်ကာ ရှုပ်ကုန်တော့၏။ ကားတစ်စီးက သူ့ရှေ့နားရောက်တော့ ဘရိတ်အုပ်လိုက်ရသည်၊ ဆွန်တာရာက သေနတ်ကိုချိန်ကာ ပစ်ချလိုက်ရာ ကျည်ဆန်မှာ လေကာမှန်ကို ခွဲ၍ ကားမောင်းလာသူ အမျိုးသမီးအား ထိမှန်သွားသည်။

ထိုနောက် သူသည် ကားဘေးသို့ကပ်သွားပြီး တံခါးကို ဆွဲဖွင့်လိုက်သည်။ ပြီးတော့ အမျိုးသမီး၏အလောင်းကို တွန်းပစ်လိုက်ပြီး ကားထဲသို့ ဝင်လိုက်၏။ ကားကို တအားမောင်း၍ ထွက်လိုက်သည်တွင် လမ်းနှင့်တာယာ ပွတ်တိုက်ကာ လမ်းပေါ်တွင် ရာဘာများပင် အစင်းလိုက် ထင်ကျန်ခဲ့သည်။

ကားမှာ လမ်းဆုံမှညာဘက်သို့ တအားချိုးကာ တောင်ပိုင်း အယ်လ်မို ရပ်ကွက်ဆီသို့ မောင်းထွက်သွားသည်။

ကွင်းနှင့် တိုဗန်နင်တို့လည်း ရေထဲမှတက်လာခဲ့ကြသည်။ သူတို့က ကုန်းပေါက်ကိုတွေ့၍ လှေကားထစ်များပေါ်သို့ တက်လာကြ၏။ တိုဗန်နင်သည် လှေကားပေါ်သို့တက်ကာ မီမီလုံ့ထံသို့ ပြေးသွားသည်။ သူ့လူကိုလည်း သူကယ်နိုင်စွမ်း မရှိတော့။ ထို့ကြောင့် လှေကားအောက်ဘက် ရယ်သင်နာရှိရာ သို့ ပြေးလာခဲ့ပြန်သည်။

ကွင်းမှာ ရယ်လင်နာကိုမွေ့ထားရင်း နာကြည်းခံပြင်း နေ၏။ ရယ်လင်နာမှာ ဆွန်ဘာရာကို အသေခံ၍ သတ်ရန် ဆုံးဖြတ်ထားသူ ဖြစ်သည်။ သူမတို့အဖွဲ့တွင် ဆွန်ဘာရာ လိုက်သတ်နေသည်မှာ သူမတစ်ယောက်သာ ကျန်နေခြင်း ဖြစ်၏။ ယခုတော့ သူမသည်း သေရလေပြီ။ ဆွန်ဘာရာက သူတို့ကို အနိုင်ယူနိုင်လိုက်ခြင်းပင်။ ကွင်းမှာ ဒေါသဖြင့် အော် ဖစ်လိုက်ချင်စိတ်ဖင် ပေါက်မိ၏။

တိုဗန်နင်က ကွင်း အင်္ကျီကော်လာကိုကိုင်ကာ အဘင်းဆွဲ ထူသည်။ ကွင်းကလည်း အတင်းကပ်နေ၏။ ရယ်လင်နာ၏ အလောင်းနားမှ မခွာ။

"ဟေ့လူ...လာစမ်းမြန်မြန်၊ သူတို့ကို ကျုပ်တို့ ဘာမှလှုပ် ပေးနိုင်တော့တာလဲ မဟုတ်ဘူး၊ ရဲဘွေမလာခင် မြန်မြန် ပြေးမှ"

ကွင်းက တိုဗန်နင်ကို မော့ကြည့်လိုက်သည်။ ထိုစဉ် မိုးက လည်း ရွာချလိုက်သည်။ ကွင်း၏ မျက်နှာပေါ်တွင် ကြမ်းတမ်း သော ဒေါသရုပ်များ ပေါ်နေ၏။



"မြန်မြန်လာစမ်းပါဗျာ"

တိုဗန်နင်က အင်္ကျီကို တစ်ဖက်မှဆွဲရင်း လက်တင်ဖက်ကို ည်း ဆွဲ၍ အတင်းထူနေသည်။

ကွင်းက ရယ်လင်နာကို မြေပေါ်သို့ အသာပြန်ချလိုက်၏။

"အချိန် သိပ်မရှိတော့ဘူး"

တိုဗန်နင်က စိုးရိမ်တကြီး ပြောနေ၏။

ကွင်းလည်း ထ၍ လိုက်လာခဲ့တော့သည်။

ကွင်းက ရယ်လင်နာကို နောက်ဆုံးအကြိမ် လှည့်ကြည့် က်သည်၊ ဆွန်ဘာရာ လက်စားချေ၍ မိတ်ဆွေတစ်ယောက် ရှုံးရပြန်လေပြီ။ သည်တစ်ခါ မိမိအလှည့်သာ ကျန်တော့ ည်။

## အခန်း (၄၁)

မိုးက တစ်ညလုံး သဲကြီးမဲကြီး ရွာချနေသည်။ သတ်မှတ်ထားသည့် ခြောက်ရက်၏ စတုတ္ထမြောက်နေ့လည်း ဖြစ်၏။ မိုးက နှစ်ဆယ့်လေးနာရီအတွင်း မိုးရေချိန်လက်မ တစ်ဆယ်ခန့် ရွာချနေသည်။

မြစ်ရေကြီးခြင်း သတိပေးချက်များလည်း ထုတ်ပြန်ထားသည်၊ နေရာတကာတွင်လည်း ရေတွေကြီးနေရာ လမ်းသွား၍ မရနိုင်လောက်အောင် ဖြစ်နေရသည်။ နောက်ထပ် မိုးရေချိန် ခြောက်လက်မခန့် ရွာဦးမည်ဟုလည်း ခန့်မှန်းထားသည်၊ သည်လို မိုးမျိုး အင်တိုနီယိုမြို့ သမိုင်းတွင် တစ်ခါမျှ မရှိဖူးခဲ့။

စကိုင်း၏ အိမ်ကြီး အစည်းအဝေးခန်းမထဲသို့ ဒန်ဇစ်ဂါ ဝင်လာသည်။ သူ့ကိုယ်မှာလည်း ရေနစ်ထားသည့် ကြွက်စုတ်တစ်ကောင်နှင့် တူနေတော့၏။



"အရှေ့မြောက် ကွပ်ကဲရေး စခန်းကနေ့ ဒါလေး တွေ့တယ်တဲ့"

သူက ပြောပြီး စားပွဲပေါ်သို့ မိုက်ကရိုဖုန်းကလေး တစ်လုံးကို ပစ်တင်လိုက်သည်။

တိုဗန်နင်က အသေးစား မိုက်ကရိုဖုန်း အသံဖမ်းစက်ကလေးကို ကောက်ယူကြည့်လိုက်ပြီး....

"အရှေ့ဂျာမနီလုပ်ပဲ၊ ဒါမျိုးက အတော်ဝေးဝေးကနေ အသံဖမ်းယူလို့ရတယ်"

"အဲဒါကြောင့် ခင်ဗျားတို့ ရီးဗားဝေါမှာ တွေ့ကြမယ်ဆိုတာ သူ သိသွားတာပေါ့၊ ဒီတော့ သူ ကျွန်တော်တို့ထက် နှာတစ်ဖျားသာနေတာလဲ မဆန်းဘူး၊ အတော်ပိုင်တဲ့ကောင်၊ အစီအစဉ်ချပြီးမှ လုပ်တာ"

ဒန်ဇစ်ဂါက ပြောနေသည်။

ကွင်းက....

"ကွပ်ကဲရေးစခန်းရှိတဲ့နေရာကိုကော သူ ဘယ်လိုလုပ်သိတာလဲ"

"စကိုင်ကိုရှုံးချပ် ကွန်ပျူတာကနေ ဒီရုဒ်နဲ့ လုံခြုံရေး အစီအမံကိုကြည့်ပြီး သိတာနေမှာပေါ့"

"အတော်စေ့စပ်တဲ့ကောင်၊ ချီးကျူးဖို့ကောင်းတယ်"

အီလီယာက ပြောလိုက်သည်။

"ဒီကောင်က ဉာဏ်လဲကောင်းတယ်၊ လေ့ကျင့်မှုလဲ ကောင်းလာတာကိုး"

ဆင်မာမန်းက ဝင်ပြောလိုက်သည်။ ရယ်လင်နာ သေပြီးကတည်းက သူ အတော်လေး ငြိမ်နေခဲ့သည်။ သူမ သေသည့်

အတွက် သူ့ကို အရိုက်ထိုးလိုက်သလိုလည်း ရှိခဲ့၏။ သူမ သေဆုံးရသည်မှာ အခြားလူများထက် သူ့တွင် တာဝန်ပိုရှိနေသည်။ သူက ဆက်၍....

"သူ နေရာတိုင်းမှာရှိနေတယ်လို့ပဲ တွက်ထားရမလိုဖြစ်နေပြီ၊ မစ္စတာ ဒန်ဇစ်ဂါ ပြောတာ မှန်တယ်၊ သူ သိချင်တာကို သိအောင် လုပ်နိုင်တဲ့ကောင်၊ သူ့ကို ကျွန်တော်တို့က တုံ့ပြန်နိုင်တာလောက်ပဲ လုပ်နိုင်တယ်၊ ကျုပ်တို့ဘက်က တစ်ပန်းကိုရှုံးနေရတယ်"

ကွင်းက ကန့်ကွက်သည့် သဘောဖြင့်....

"ဒီလောက်လဲ မဟုတ်သေးပါဘူး၊ စကိုင်း၊ ဒီအိမ်ကြီးမှာ မရှိဘူးဆိုတာ သူ မသိသေးဘူး၊ ကျွန်တော်တို့ တွက်ထားတဲ့အတိုင်းသာ မှန်မယ်ဆိုရင် သူ့အဖေဆီကိုလာဖို့ သူ ဒီကို လာကိုလာရမယ်၊ ဒါကတော့ အပြောင်းအလဲ မရှိနိုင်သေးပါဘူး၊ သူ အနှေးနဲ့အမြန် လာကို လာရမယ်၊ ဘယ်အချိန်၊ ဘယ်နေရာကို လာရမယ်ဆိုတာ သူ တွက်ထားပြီးသား၊ ဒါပေမယ့် ဒီကိုပဲလာမှာပဲ၊ ဒါက အမိကနေရာ မဟုတ်လား"

"ဒီလိုရာသီဥတုနဲ့ဆိုရင် သူလှုပ်ရှားမယ်မထင်ဘူး၊ အဲဒါဆို နောက်တစ်ရက် ပုပ်ဦးတော့မှာပဲ၊ ကျွန်တော်တို့ကလဲ တစ်ရက်မှအပုပ်မခံနိုင်ဘူး"

ဒန်ဇစ်ဂါက ပြောလိုက်သည်။

"နောက်နှစ်ရက်လောက်သာ ဆက်ထိုင်နေရင်တော့ သူ ငါတို့ကို လာသတ်လိုက်တာနဲ့ အတူတူပဲ"

အင်္ဂလီယာက စိုးရိမ်သံနှင့်ပြောသည်။

ကွင်းက....



"သူ အဲဒီလိုလဲလုပ်နိုင်တယ်၊ ဒါပေမယ့် သူ ရက်ကြာသွားရင် စကိုင်းဆီကို သူရောက်နိုင်ဖို့ အခွင့်အရေးနည်းသွားလိမ့်မယ်၊ ဒါကိုကျွန်တော်တို့သိသလို သူကိုယ်တိုင်လဲ သိနေတယ်၊ ပြဿနာက သူ စိတ်ရှည်ရှည်နဲ့စောင့်ပြီး လှုပ်ရှားမလားဆိုတာပဲ"

ဆင်မာမန်းက မိမိအတွေးနှင့်မိမိ သူတို့ပြောသည်ကို ထိုင်နားထောင်နေသည်။ ဆွန်တာရာနှင့်ပတ်သက်၍ မိမိထင်မြင်ချက်လည်း ရှိနေသည်။ သို့သော် သူတို့ကိုမပြောလိုတော့။ ဆွန်တာရာအား သတ်ချင်သည့်နေရာတွင် တစ်ယောက်မှ မိမိကိုမီကြ။ မိမိ၏ရဲဘော်အားလုံးမှာ အမိမြေ၏အပြင်ဘက်၌ မထင်မရှားသေခဲ့ကြရသူချည်း။ တိုင်းပြည်အတွက်စွမ်းစွမ်းတမံ ဆောင်ရွက်သူများအဖြစ် ဂုဏ်ပြုနိုင်စွမ်းမရှိခဲ့။ ယခုလည်း ရယ်လင်နာတစ်ယောက်မှာ ဆန်အင်တိုနီယိုမြို့ ရေခဲတိုက်ထဲတွင် မထင်မရှား သေနေရလေပြီ၊ သူတို့သချိုင်းဘေးတွင်ပင် မိမိ လက်နှင့်လုပ်သည့် မှတ်တိုင်ကလေးမျှ သွားမစိုက်ရသည့်အဖြစ်....။

ဒန်ဇစ်ဂါက...

"ကျွန်တော်တို့ အချိန်လုပြီးလုပ်နေရတယ်ဆိုတာကို သူသိမယ်လို့ ကျွန်တော်တို့ထင်နေကြတယ်၊ တကယ်တော့ သူမသိနိုင်ပါဘူး၊ ဒီအကြောင်းကို ကျွန်တော်တို့ အရှေ့မြောက်ကွပ်ကဲရေးစခန်းမှာလဲ မဆွေးနွေးခဲ့ကြဘူး၊ ရုံးချုပ်က ကွန်ပျူတာထဲမှာလဲ ဒီအကြောင်းမပါဘူး၊ နောက်ပြီး မြေပုံကကမဲဆီမှာရှိနေတာ၊ ဒီတော့ လူးဇပ်ရှာဇီဝရုပ်တွေထည့်မယ့်အချိန်ဇယားတွေကို ဆွန်တာရာမသိနိုင်ဘူး၊ အဲဒါတွေထည့်

တာကို ရပ်လိုက်တဲ့အကြောင်းကိုလဲ သူသိစရာအကြောင်းမရှိဘူး''

ကိုဗန်နင်က သူတို့ပြောဆိုနေသည်များကို နားထောင်ရင်း မိမိသိထားသည့် အချက်များနှင့် ဆက်စပ်စဉ်းစားကြည့်နေသည်။ ပြီးတော့ သူက....

''ဒါဆို လူးဇပ်ရှာ အကူဗီဇရုပ်တွေဆိုတာ တကယ်တော့ ဖျက်ဆီးတဲ့ဗီဇရုပ်တွေပေါ့လေ''

ထိုနောက် သူသည် ဆိုဗီယက်နိုင်ငံတွင်လည်း ထိုဗီဇရုပ်တွေကို ထည့်မည့်အစီအစဉ်ရှိကြောင်း သတိရလိုက်သဖြင့်....

''ဒီရုဒ်ဟာ ဆွန်တာရာနဲ့ပူးပေါင်းလုပ်တာပေါ့၊ ဒါဆို အခုပြဿနာတက်နေတာ ဆော်ဗီအာခရေးဗီးယား တစ်နိုင်ငံတည်းမဟုတ်ဘူး မဟုတ်လား''

အီလီယာနှင့်ဒန်ဇစ်ဂါတို့ တစ်ယောက်ကိုတစ်ယောက်လှမ်းကြည့်လိုက်ကြသည်။ မိမိတို့မပြော၍မဖြစ်တော့။

အီလီယာက....

''ဟုတ်ပါတယ်၊ ကျွန်တော်တို့ပူနေရတာ ဆော်ဗီဘစ်နေရာတည်းမဟုတ်ပါဘူး၊ ဒုတိယတစ်နေရာ ရှိပါသေးတယ်၊ အဲဒါကတော့ ဆိုဗီယက်နိုင်ငံမှာပါ''

''ဘီတာတွေပြန်ရရင် ဒီရေနံမြေတွေကို ပြန်ကယ်နိုင်မလား''

ကိုဗန်နင်ကမေးသည်။

''ဟုတ်ကဲ့....ကယ်နိုင်မှာပါ''

''ဘီတာတွေကိုလဲ ပြန်ရရမယ်၊ နှစ်ဆယ့်လေးနာရီအတွင်းလဲ ဖြစ်မှပေါ့လေ''



''ဟုတ်ပါတယ်''

ဒန်ဇစ်ဂါကဖြေသည်။

''ပြန်မရဘူးဆိုရင်ကော''

ဒန်ဇစ်ဂါက ခဏငြိမ်နေပြီးမှ....

''ပြန်မရဘူးဆိုရင်တော့ ရေနံမြေတွေ ပျက်စီးရတော့မှာပေါ့''

''ဘယ်လောက်အထိ ပျက်စီးမှာလဲ''

''ဘီတာတွေသာ အချိန်မီ ပြန်ရရင် ဆယ်ရာခိုင်နှုန်းလောက်ပဲ ပျက်စီးနိုင်မှာပါ''

''အဲဒီလိုပြန်မရဘူးဆိုရင် ကျွန်တော်တို့နိုင်ငံထဲက ရေနံမြေတွေ ဘယ်လောက်အထိပျက်စီးမလဲ''

''ဆိုဗီယက်နိုင်ငံထဲက ထင်ရှားတဲ့ရေနံမြေတွေက ရေနံသုံးဆယ့်ငါးရာခိုင်နှုန်းလောက် ပျက်စီးသွားနိုင်တယ်၊ ဒါဟာ ဆော်ဗီအာရေးဗီးယားနိုင်ငံကထက် အများကြီးနည်းပါတယ်၊ အဲဒီမှာတော့ ခုနစ်ဆယ့်ငါး ရာခိုင်နှုန်းလောက်ကို ပျက်စီးမှာ၊ ကမ္ဘာ့ရေနံအားလုံးရဲ့ သုံးပုံတစ်ပုံပဲ''

''သုံးဆယ့်ငါးရာခိုင်နှုန်းဆိုလဲ ဆိုဗီယက်နိုင်ငံရဲ့ စီးပွားရေး ဓါးဓါးမှောက်သွားနိုင်တယ်''

ကိုဗန်နင်က ညည်းလိုက်သည်။

ထိုစဉ်အစည်းအဝေးခန်းတံခါးပွင့်သွားပြီး အလက်ဇန္ဒြားလက်နက်ကိုင် အစောင့်နှစ်ယောက်ခြံရံလျက် ဝင်လာသည်။ သူမရောက်လာသည်နှင့် အားလုံး မတ်တတ်ရပ်ဧးလိုက်ကြသည်။

''အလက်ဇန္ဒြားကို ဆိုဗီယက် ဂျီအာရ်ယူအဖွဲ့က ဗိုလ်မှူး တိုဗန်နင်နဲ့ မိတ်ဆက်ပေးပါရစေ''

ဒန်ဇစ်ဂါက မိတ်ဆက်ပေးလိုက်သည်။

အလက်ဇန္ဒြားက လက်ဆွဲနှုတ်ဆက်ရန် လက်ကိုဆန့်တန်း ပေးလိုက်ရင်း....

''ဗိုလ်မှူးတိုဗန်နင်၊ ဒီအခန်းထဲက လူတွေအားလုံးကို မိတ်ဆွေတွေလို သဘောထားစေချင်ပါတယ်ရှင်''

''အခုလိုတွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျာ''

တိုဗန်နင်ကပြောရင်း မိမိတို့ရုရှားနိုင်ငံခေါင်းဆောင်ကြီး ကိုသူငယ်ချင်းဟုခေါ်နိုင်လောက်အောင် ရင်းနှီးသော အက်ရှာစကိုင်း၏သမီးနှင့် တွေ့လိုက်ရသဖြင့် အတော်ဖင်စိတ်လှုပ် ရှားသွားမိသည်။

ထိုနောက် အလက်ဇန္ဒြားက ဒန်ဇစ်ဂါဘက်သို့ ပြန်လှည့် လိုက်ပြီး....

''ရီးဗားဝေါ်ကအကြောင်းကို ကျွန်မကြားလိုက်တယ်၊ ကျွန်မ ပြောမပြနိုင်လောက်အောင် စိတ်ထိခိုက်ခဲ့ရပါတယ် ရှင်''

သူမက ဆင်မာမန်းဘက်သို့လှည့်ကြည့်ပြီး ပြောလိုက်ခြင်း ဖြစ်သည်။

ဆင်မာမန်းကလည်း ပြန်၍ခေါင်းညိတ်ပြလိုက်၏။

အလက်ဇန္ဒြားမှာ စိတ်မကောင်းဖြစ်ဟန် မျက်မှောင်ကို ကြုတ်လိုက်ပြီး....

''ဒီရုဒ်ကိစ္စကကော၊ ဒါလဲ ဆွန်တာရာလက်ချက်ပဲလား ဟင်''



''ဟုတ်ပါတယ်''

ဒီရုဒ်နှင့်ပတ်သက်သော အကြောင်းစုံကို သူမအား မပြော ရသေး၍ သို့ရာတွင် သူမကလည်း သည်လောက်ညံ့သူ တစ် ယောက်မဟုတ်။

''ကျွန်မ ဘာမှသိပ်မသိရသေးဘူး၊ မပြောသင့်သေးလို့ ကျွန်မကို မပြောကြတာကို ကျွန်မနားလည်ပါတယ်၊ ဒါပေ မယ့် အခုတော့ ပြောဖို့ကောင်းပါပြီ၊ ဒီရုဒ်ကို ဘာကြောင့် ဒီလိုအစောင့်အကြပ်နဲ့ ထားခဲ့ကြတာလဲ''

ဒန်ဇစ်ဂါက အီလီယာအား လှမ်းကြည့်လိုက်သည်။

''ဒီရုဒ်ဟာ ကမ္ဘာ့ရေနံမြေကြီးတွေ ဖျက်တဲ့နေရာမှာ ပတ် သက်နေလို့ပါ''

အီလီယာက ဖြေလိုက်သည်။

''ဆွန်တာရာနဲ့ပူးပေါင်းတာလား''

သူမ အလန့်တကြားပင် ဖြစ်သွားသည်။

''ဟုတ်ပါတယ်''

''မဖြစ်နိုင်ပါဘူး''

''အမှန်ပါပဲ၊ သူကိုယ်တိုင်ဝန်ခံပြီးပါပြီ''

ဒန်ဇစ်ဂါက ဝင်ပြောလိုက်သည်။

အလက်ဇန္ဒြားသည် အတန်ကြာအောင် စဉ်းစားနေပြီး နောက်....

''ဒါကြောင့်မို့ ကမ္ဘာ့ဘယ်ရေနံမြေကို ဘယ်အချိန်မှာ လူးဇပ်တွေထည့်မယ်ဆိုတာတွေ သိနေတာကိုး''

ထိုနောက် ထိုအကြောင်းများနှင့်ပတ်သက်၍ အီလီယာက သူမအား ရှင်းပြလိုက်သည်။

"ဆွန်တာရာဟာ အတော်ကိုင်ခဲ့ကြီးတဲ့ကောင်ပဲ၊ သူ ဆန်အင်တိုနီယိုမြို့ကိုလာတာ မော်လ်တာမှာ သူပျောက်သွားတဲ့ ဘီဘာတွေကို လာယူတာပေါ့လေ"

သူမက မေးပြန်သည်။

အီလီယာက....

"ဟုတ်ပါတယ်၊ ဒါပေမယ့် လူးဇပ်နှစ်ဆယ့်လေးလုံး ကတော့ ကျွန်တော်တို့လက်ထဲမှာ လုံလုံခြုံခြုံရှိနေပါတယ်၊ နောက်ထပ်ရေနံမြေတွေကိုတော့ သူ ထပ်မဖျက်ဆီးနိုင်တော့ပါဘူး"

သူမက အတန်ကြာအောင် စဉ်းစားလိုက်ပြီး....

"နေပါဦးအီလီယာ၊ သူ ဒီကိုလာတာ လူးဇပ်တွေကို ယူဖို့လား၊ ကျွန်မတို့ကိုသတ်ရအောင် လာတာလား"

အတန်ကြာအောင် တစ်ယောက်မှ စကားမပြောနိုင်ကြတော့။

ဒန်ဇစ်ဂါ၏ရေဒီယိုမှ အသံပေါ်လာသည်။

"ဒန်ဇစ်ဂါပါ....ပြောပါ"

သူက ရေဒီယိုတွင်ပြောလိုက်၏။

ရေဒီယိုထဲမှအသံက....

"ရုံးချုပ်က အချက်ပေးကိရိယာတွေ အကုန်ပိတ်ကုန်ပြီ၊ ဒီမှာတော့ အကုန် ကသောင်းကနင်းတွေဖြစ်ကုန်ပြီ၊ သုတေသနအဆောင်ဘက်မှာ ဗုံးနှစ်လုံးလဲပေါက်သွားတယ်၊ မီးတွေလဲ တချို့နေရာတွေမှာ လောင်နေတယ်"

"သူ ရုံးချုပ်ကိုရောက်နေပြီ"

ဒန်ဇစ်ဂါက အခြားလူများအား လှည့်ပြောလိုက်သည်။



သူက ရေဒီယိုကို ပါးစပ်တွင်တေ့၍....

"ဝင်းတစ်ခုလုံးကို ရှိသမျှလူတွေ အကုန်ဝိုင်းထားပါ၊ အဲဒီကနေ ဘယ်သူမှမထွက်စေနဲ့"

ထို့နောက် သူက အီလီယာကိုလှမ်းကြည့်လိုက်ပြီး....

"ခွေးမသားကိုတော့ ဒီတစ်ခါမိပြီ၊ သူ အယ်လ်ဖာတွေကို လာယူတာဖြစ်မယ်"

"ဒီတစ်ခါတော့ ဒီကောင်မှားသွားပြီ၊ အယ်လ်ဖာတွေ ဒီ ဆန်အင်တိုနီယိုမြို့မှာမရှိဘူးဆိုတာ သူမသိရှာဘူး"

အီလီယာကပြောလိုက်၏၊

"ရုံးချုပ်ဝင်းထဲမှာ ဒီကောင်ကိုပိတ်ပြီးဖမ်းရမယ်"

ဒန်ဇစ်ဂါကပြောလိုက်၏။

အီလီယာကလည်း....

"ဒီကောင်ကို အရှင်ဖမ်းမှဖြစ်မယ်၊ သူ့မှာ ဘီဘာတွေ ပါလာမယ်မထင်ဘူး"

"သူ့ကို ခင်ဗျား အရှင်မိဖို့မလွယ်ဘူး"

ကွင်းက ပြောလိုက်ခြင်းဖြစ်သည်။

"ဒါတော့ ဘယ်တတ်နိုင်မလဲ၊ ဘီဘာတွေရှိတဲ့နေရာကို သူပဲသိတာ၊ ရေနံမြေတွေကိုကယ်ဖို့က ဒီတစ်နည်းပဲရှိတော့တယ်"

အီလီယာကဆိုသည်။

ဒန်ဇစ်ဂါကငင်၍....

"ကဲ....အချိန်ဖြုန်းမနေကြနဲ့၊ ရှိသမျှလူအင်အားနဲ့ စကိုင်ကို ရုံးချုပ်ကို ပြေးကြမယ်"

အီလီယာက အနည်းငယ်စဉ်းစားလိုက်ပြီး....

''ကျုပ်တို့ ဒီအိမ်ကြီး လုံခြုံရေးအဖွဲ့တစ်ဝက်လောက်ကို ခေါ်သွားမယ်၊ ကျန်ခဲ့တဲ့လူတွေကို အိမ်ကြီးပတ်လည်မှာ ပိုက်စိပ်ဘိုက်ချထားခဲ့ပါ၊ ဂယ်ခေါက်မရှိစေနဲ့''

ကွင်းက အလက်ဇန္ဒြားဘက်သို့လှည့်လိုက်ပြီး....

''မင်း ဒီအိမ်မှာ ငြိမ်ငြိမ်လေးတိုင်နေခဲ့ပါ၊ ဘယ်မှဝေးဝေးမသွားပါနဲ့''

''နားလည်ပါပြီ''

ဖခင်မရှိလျှင် ဤအိမ်ကြီး၌ မိမိသည် ပစ်မှတ်တစ်ခုဖြစ်နိုင်ကြောင်း သူမသိနေ၏။

''ကဲ....သွားကြမယ်''

ဒန်ဇစ်ဂါကပြောလိုက်သည်။

ထို့နောက် သူတို့အားလုံး တန်းစီ၍ထွက်သွားကြတော့သည်။

ကွင်းက တိုဗန်နင်နှင့် အီလီယာတို့၏ လက်မောင်းများကို ဆွဲလိုက်ပြီး....

''ဒီကောင် ကျွန်တော်တို့ကို အိမ်ကြီးကနေ တခြား များခေါ်တာဖြစ်နိုင်တယ်၊ သူ ဒီကိုဝင်လာနိုင်တယ် အီလီယာ''

''ဒီလို နှုခင်းကြောင်ဆောင်ကြီးကို သူဝင်လာရင်တော့ ဒီကောင် သောက်ရူးပဲဖြစ်ရမယ်''

အီလီယာက ဆိုသည်။

တိုဗန်နင်က ကွင်း၏အဆိုကို ထောက်ခံကာ....

''သောက်ရူးပဲဆိုဆို၊ သိပ်တော်တယ်ပဲ ပြောပြော ဒီကောင်ဟာ အများမမျှော်လင့်တာကို လုပ်လိမ့်မယ်၊ သေကြီး



မိုးကြီးကရွာနေတော့ သူ့အတွက် အဲဒါက အကာအကွယ်ရနိုင်တယ်''

အီလီယာက တိုဗန်နင်နှင့် ကွင်းတို့ကိုကြည့်လိုက်ပြီး....

''ကဲ....မင်းစဉ်းစားကွင်း၊ ငါတို့ တစ်မျိုးလုပ်ရမယ်၊ အလက်ဇန္ဒြားကို ငါတို့ခေါ်သွားရင် ကောင်းမလား၊ မင်း ဆုံးဖြတ်တဲ့အတိုင်း ငါလက်ခံမယ်''

ကွင်း အတန်ကြာအောင်စဉ်းစားနေသည်။ အလက်ဇန္ဒြားကို အန္တရာယ်ကြားထဲတွင်ထားခဲ့ရန် ဆုံးဖြတ်လျှင် မိမိများလေမည်လား ဆုံးဖြတ်ရန် သူ အပြန်အလှန်စဉ်းစားနေသည်။ သူမကျန်နေခဲ့လျှင် လုံခြုံရေးအထပ်ထပ်ချထားသဖြင့် မိမိပြန်လာ၍ ကယ်နိုင်မည်။

နောက်ဆုံးတွင် သူက ဆုံးဖြတ်ချက်ချလိုက်ပြီး....

''ကျွန်တော်တို့ အခု ဒီက ထွက်သွားကြမယ်၊ အီလီယာက ဒန်ဇစ်ဂါနဲ့တွဲသွား၊ ဒီကောင် ကျွန်တော်တို့ကို စောင့်ကြည့်ချင်ကြည့်နေမှာဆိုတော့ ထွက်သွားပြီးလို့ နည်းနည်းလောက်ကြာရင် တိုဗန်နင်နဲ့ကျွန်တော်က ဒီကိုပြန်ခေါက်လာမယ်၊ ဒီကလုံခြုံရေးတွေကိုလဲ တစ်ဝက်ကျော်လောက်အထိ ခေါ်သွားစေချင်တယ်၊ များများခေါ်သွားလေ ကောင်းလေပဲ၊ ဒီမှာလူများနေရင် သူမဝင်ဘဲနေဦးမယ်''

''လူတွေအများကြီးခေါ်သွားဖို့ကိုတော့ ငါ သိပ်လက်မခံချင်ဘူး၊ အလက်ဇန္ဒြားမှာ သိပ်အန္တရာယ်များနေမှာပေါ့''

အီလီယာကဆိုသည်။

''အလက်ဇန္ဒြားကို အန္တရာယ်ကြားထဲမှာ မထားခဲ့ရင် သူကလဲဝင်မှာမဟုတ်ဘူး၊ သူ့မှာ ဘီတာတွေမရှိဘူး ဆိုရင်

တော့ ကျွန်တော် ခင်ဗျားပြောတာလက်ခံပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့တွက်ထားတဲ့အတိုင်း သူ နောက်ဆုံးပည်ရွယ်ချက်ကို လာလုပ်မယ်ဆိုတာမှန်ရင် အလက်ဇန္ဒြားလဲ အဲဒီအထဲမှာပါတယ်၊ သူ ဒီကို လာကိုလာရမယ်၊ လာမယ့်အချိန်ကလဲ ဒီအချိန်ပဲ၊ ကျွန်တော်တို့ အချိန်သိပ်မရှိတော့ဘူး''

ကွင်းက ထင်မြင်ချက်ကိုပြောလိုက်သည်။

''သိပ်စွန့်စားရာ ကျနေမလားကွာ''

''ဒီလိုမှမစွန့်စားရင် ကမ္ဘာကြီးမှာ ဒါထက်မက ဆုံးရှုံးသွားနိုင်တယ်၊ ဒီအထဲကို ဝင်လို့မရဘာနဲ့ နောက်တစ်ရက်နှစ်ရက်လောက် သူ ပြန်စဉ်းစားနေတယ်ဆိုရင် ကျုပ်တို့ဘက်က ရှုံးပြီပဲ၊ ကျွန်တော်တို့ထင်သလိုမဟုတ်ဘဲ သူ ဒီကိုမလာဘူးဆိုရင် ကိစ္စမရှိဘူး၊ ရုံးချုပ်မှာ ခင်ဗျားနဲ့ဒန်ဇစ်ဂါတို့ သူ့ကိုတွေ့မှာပဲ၊ ဖြစ်နိုင်ချေနှစ်ခုစလုံးကို ကျွန်တော်တို့ အမိကိုင်ထားဖို့လိုတယ်''

အီလီယာ အနည်းငယ်စဉ်းစားလိုက်ပြီးနောက်....

''ကောင်းပြီလေ၊ မင်းပြောတဲ့အတိုင်းပဲ လုပ်ပါမယ်၊ ငါတို့ရဲ့နောက်ဆုံးပန်းတိုင်က ကမ္ဘာ့ရေနံမြေတွေက ကယ်တင်ဖို့ပဲ၊ နှစ်ဖက်စလုံးမှာ ငါတို့ပြန်တိုက်နိုင်အောင် လုပ်ရမှာပေါ့''

ဒန်ဇစ်ဂါက အခန်းထဲသို့ ခေါင်းပြူကြည့်လိုက်ပြီး....

''ကားတွေ အသင့်ဖြစ်နေပြီ''

အီလီယာ၊ ကွင်းနှင့် တိုဗန်နင်တို့သည် ဒန်ဇစ်ဂါရှိရာ ဝင်ပေါက်ခန်းမဆီသို့ ထွက်သာခဲ့ကြ၏။

နောက်တော့ အီလီယာက ဒန်ဇစ်ဂါအား....



''လုံခြုံရေးအဖွဲ့ တွေအားလုံး ခေါ်သွားမယ်၊ လေးယောက်လောက်ပဲ ချန်ထားခဲ့မယ်''

ဒန်ဇစ်ဂါက သူ့ကိုတအံ့တဩကြည့်လိုက်ပြီး....

''အကုန်လုံးခေါ်သွားမယ်....တကယ်ပြောတာလား''

ဆင်မာမန်းက မလှမ်းမကမ်းတွင် ဘာမျှမပြောဘဲ ဟိုကြည့်ဒီကြည့်လုပ်နေသည်။

''သူ့ ဆီကဘီတာတွေပြန်ရဖို့ ဒါဟာ နောက်ဆုံးအခွင့်အရေးပဲ၊ လက်လွှတ်ခံလို့မဖြစ်ဘူး''

အီလီယာကပြောလိုက်၏။

''အဲဒါတွေကို သူ ဖျက်များဖျက်ဆီးလိုက်ပြီလား မသိဘူး''

''ကျုပ်တို့အတွက် ဒီအခွင့်အရေးတစ်ခုပဲ ကျန်တော့တယ်၊ ဒီတစ်ခါလွှတ်သွားရင်တော့ ရေနံမြေတွေ အကုန်ဆုံးရှုံးပြီပဲ''

ဒန်ဇစ်ဂါသည် အနည်းငယ်စဉ်းစားလိုက်ပြီး....

''ကောင်းပါပြီ၊ ဒါဆို စကိုင်ကို ကျည်ကာကားတစ်စီး အိမ်နောက်ဖေးမှာ အလက်ဇန္ဒြားအတွက် လိုလိုမည်မည်ထားခဲ့မယ်၊ အကောင်းဆုံးလူလေးယောက်ကိုလဲ ထားခဲ့မယ်၊ ဟုတ်ပြီလား''

အီလီယာက ခေါင်းညိတ်ပြလိုက်သည်၊ ပြီးတော့....

''ဒီကောင်လိုချင်တာက အလက်ဇန္ဒြားမဟုတ်ဘူး ဒန်ဇစ်ဂါ၊ ဒါကို ကျုပ်တို့နှစ်ယောက်စလုံးသိပါတယ်၊ အလက်ဇန္ဒြားမှာ အန္တရာယ်မရှိနိုင်ပါဘူး၊ ရုံးချုပ်ကိုခေါ်သွားလို့လဲ မဖြစ်

ဘူး တို့မှာက ပွဲကြမ်းမှာ၊ သူ့အတွက် ဟိုမှာဆိုရင် အန္တရာယ် ရှိနိုင်တယ်''

ဆင်မာမန်းက ကားများဆီသို့ လှည့်ထွက်သွားသည်။

''ဒီလိုခေါ်သွားလို့ ဘယ်ဖြစ်ခလဲ''

ဒန်ဇစ်ဂါကပြောလိုက်၏။

''ကဲ...ဒါဆိုသွားကြစို့''

ကွင်းကပြောလိုက်ခြင်း ဖြစ်သည်၊

ဒန်ဇစ်ဂါက လုံခြုံရေးအတွက် စီစဉ်ခဲ့သည်၊ လူ့လေး ယောက်ကိုချန်ထားခဲ့ပြီး အလက်ဇန္ဒြားကိုလည်း ထားခဲ့သည့် လုံခြုံရေးများပြောသည့်အတိုင်းနေရန် မှာထားခဲ့သည်။

သူတို့ မိုးရေထဲတွင် ကားများရှိရာသို့ တန်းစီ၍ထွက်လာခဲ့ ကြသည်။ ကားတန်းကြီးတွင် လူတွေအားလုံး ပြည့်နေပေပြီ။ ပြီးတော့ ကားများ မောင်းထွက်လာကြ၏။

ကွင်းက လှည့်ပတ်ကြည့်လိုက်ပြီး....

''ကျုပ်တို့ အကုန်လုံးရောက်နေပြီ၊ ဆင်မာမန်း တစ် ယောက်ကော''

ဒန်ဇစ်ဂါကလည်း....

''သူ ပထမကားနဲ့ပါသွားပြီလားမသိဘူး''

''ကဲ....ဒါဆိုလဲ ရှုံးချုပ်ဗင်မဂိတ်ကျမှပဲ ဆုံကြတာပေါ့''

အီလီယာက ပြောလိုက်၏။

ဒန်ဇစ်ဂါနှင့် အီလီယာတို့က အနီးဆုံးကားပေါ်သို့ တက် လိုက်ကြ၏။ ကွင်းနှင့် တိုဗန်နင်တို့က နောက်ဆုံးကားရှိရာသို့ လျှောက်သွားကြသည်။ ကွင်းသည် ယာဉ်မောင်း ထိုင်ခုံဘက်



မှ တံခါးကိုဖွင့်ကာ တုံ့ဆိုင်းနေ၏။ သူသည် မိုးရေထဲတွင် ရပ်၍ တိရစ္ဆာန်များပမာ အနံ့ခံနေသည်။

မိမိတွက်သည်မှာ မှန်သည်။ ဆွန်တာရာ အနီးအနားတွင် ရှိနေလေပြီ။ မိမိတစ်ကိုယ်လုံးရှိ အသွေးအသားတွေက သိနေ ၏။ အလက်ဇန္ဒြားထံ ပြန်ဝင်၍ ကာကွယ်ချင်စိတ်ကို မနည်း ချိုးနှိမ်ထားလိုက်ရသည်။ သူမကို အန္တရာယ်တွေကြားတွင် ထားခဲ့ရသည့်အတွက် စိတ်မကောင်းလှ။

လွန်ခဲ့သည့် ကိုးပတ်ကတည်းက စခဲ့ရသည့် အဖြစ်အပျက် တွေ။ ကိုလံဘီယာတောထဲတွင် ကားလော့လည်း သစ်ပင်၌ တွဲလောင်းသေခဲ့ရသည်။ ခေတ်လေ့ကားထဲမှ ဝိတ်လော၏ မျက်နှာကိုလည်း ပြန်လည်မြင်ယောင်နေမိ၏။ မိမိလက်ထဲတွင် သေသွားသော ရယ်လင်နာကိုလည်း မြင်ယောင်မိပြန်သည်။ ထိုအဖြစ်အပျက်အားလုံး၏ နိဂုံးမှာ သည်နေ့သည်အချိန်တွင် သာ ဖြစ်စေရမည်။

❋ ❋ ❋

ကားတန်းကြီးမှာ အိမ်ကြီး၏ ကိုယ်ပိုင်ထွက်လမ်းအတိုင်း မောင်းထွက်လာခဲ့သည်၊ ပြီးတော့ တောင်ဘက်သို့ မောင်း တက်လာခဲ့ကြ၏၊ ကွင်းက လီဗာကို အသာဖွဖွနင်းကာ နောက်တွင် ချန်၍မောင်းလာခဲ့သည်။ သူသည် မိုင်အနည်း ငယ်မျှ လိုက်မောင်းသွားပြီးနောက် လမ်းဘေးသို့ ထိုးချကာ နောက်ကြောင်းသို့ ပြန်ကွေ့လိုက်သည်၊

အိမ်ကြီး ဝင်ပေါက်နှင့် နှစ်ဖာလုံလောက်အကွာတွင် ကားကို လမ်းဘေးသို့ ထိုးချကာ ချုံတွေကြားထဲတွင် ဝှက်ထားခဲ့သည်၊ ကွင်းက အပေါ်အင်္ကျီအိတ်ထဲမှ ရေဒီယိုစက်ကလေး တစ်လုံးကို ထုတ်လိုက်ပြီး တိုဗန်နင်အား ပေးကာ....

''ကျွန်တော်တို့နှစ်ယောက် ဒါနဲ့ ဆက်သွယ်ကြမယ်''

''ဒီတစ်ခုတည်းရှိသလား၊ ခင်ဗျားအတွက်ကရော''

တိုဗန်နင်က မေးသည်။

ကွင်းက သူ့နားရှိကို ပုတ်ပြလိုက်၏။

''သိပ်ကောင်းတယ်''

တိုဗန်နင်က ပြောလိုက်၏၊

''ခြံကြီးရဲ့ ဒီအပိုင်းက တောတောင်တွေ ထူထပ်တယ်၊ ဒီကနေသွားရင် အိမ်ကြီးကို တစ်မိုင်လောက်ဝေးတယ်၊ ခြုံရှင်းထားတဲ့ နေရာ မရောက်မချင်းတော့ အကာအကွယ်ရနိုင်တယ်၊ ကျွန်တော်တို့ တင်းနစ်ကွင်းကို ပတ်သွားပြီး ပန်းခြံကနေတစ်ဆင့် နောက်ဖေးပေါက်က ဝင်မယ်၊ အဲဒီကျရင် သိပ်သတိထားရမယ်၊ မြေကြီးတွေပေါ်မှာရော အိမ်ကြီးထဲမှာရော ဗွီဒီယို ကင်မရာတွေ တပ်ထားတယ်''

ကွင်းက ရှင်းပြနေသည်။

''အိမ်ကြီးကိုရောက်ရင် ကျွန်တော်တို့နှစ်ယောက် လူချင်းခွဲသွားကြရင် ကောင်းမယ်''

တိုဗန်နင်က ပြောလိုက်သည်။

''ဟုတ်တယ်၊ တစ်ယောက်နဲ့ တစ်ယောက် အခြေအနေကို ရေဒီယိုနဲ့ လှမ်းပြောတာပေါ့''



နှစ်ယောက်သား မိမိတို့ သေနတ်များကို စစ်ဆေးလိုက်ကြ၏။ ကွင်းက ဂလော့ ၁၉ ကို ယူလာပြီး တိုဗန်နင်က ပို၍ပေါ့သော မော်ဇာအိတ်ချ်အက်စ်ကို ကိုင်သည်။

နှစ်ယောက်သား ကားထဲမှထွက်ကာ မိုးကြီးလေကြီးကြားက ချုံထူသော တောထဲကို ဝင်လာခဲ့ကြသည်။ ပြီးတော့ ခြံစည်းရိုးကိုဖောက်၍ ချုံများကြားကို တိုးဝင်လာသည်၊ ခပ်မှန်မှန်လျှောက်လာကြရာ ကျဉ်းမြောင်း၍ ရေစီးသန်သော ချောင်းများကို ဖြတ်ရန် နှစ်ကြိမ်မျှ ရပ်လိုက်ကြရ၏၊ သို့ဖြင့် မိနစ်နှစ်ဆယ်လောက်ကြာမှ အိမ်ကြီးကို မြင်ကြရသည်။

ထိုနောက် တင်းနစ်ကွင်းကို သတိထား၍ ကွေ့ပတ်လာခဲ့ကြပြီးနောက် မြေကွက်လပ်တစ်ခုကို ရတတ်သမျှ အကာအကွယ်ကို ယူကာ ဖြည်းဖြည်းချင်း ဝင်ခဲ့ကြသည်။ နောက်ဆုံးတွင် နောက်ဖေး ပန်းခြံသို့ ရောက်လာခဲ့ကြ၏။ ပန်းခြံကိုရောက်ပြန်တော့ ပန်းပင်များကို အကာအကွယ်ယူကာ ခပ်သွက်သွက် လာခဲ့ကြသည်။

စကိုင်ကို ကျည်ကာကားအား မိုးလုံစေရန် ကျယ်ပြန့်သော ပေါ်တီကိုအောက်တွင် ရပ်ထားသည်ကို တွေ့လိုက်ရ၏။ ပင်း၏ ဟိုမှာဘက်တွင် အိမ်ကြီး၏နောက်ဖေးပေါက် ရှိနေသည်။ ကွင်းက မိုးရေထဲကို မျက်လုံးမှေးစင်း၍ နောက်ဖေးတွင် ချထားမည့် အစောင့်အားရှာလိုက်၏။ သို့သော် မတွေ့ရ။ အခြားအစောင့်တစ်ယောက်ကို အိမ်ရှေ့ပေါက်တွင် ချထားသည်။ နှစ်ယောက်ကိုတော့ အလက်ဇန္ဒြား၏ အနားတွင် ထားခဲ့ခြင်းဖြစ်၏။

''ဒီနေရာကဖင်ရတာ အခက်အခဲဆုံးပဲ၊ မြေကွက်လပ်ကို ကျော်ပြီးတာနဲ့ ဟောဟိုဘက်ကို ဆက်သွား၊ အဲဒီမှာ သေအေးပေးစက်တွေထားတဲ့ မြေအောက်ခန်းစင်ပေါက် ရှိတယ်၊ အဲဒီကနေတစ်ဆင့် အိမ်ထဲကို ဝင်လို့ရတယ်''

ကွင်းက တိုဗန်နင်အား ပြောလိုက်သည်။

''အစောင့်တွေနဲ့တွေ့ရင် ဘယ်နှယ်လုပ်မလဲ''

တိုဗန်နင်က မေးသည်။

''ကျွန်တော်တို့မှန်းသိရင် သူတို့ မပစ်ပါဘူး၊ ကျွန်တော်တို့ကို ဒီကမှန်း သိကြပါတယ်၊ ဆွန်ဘာရာ မသိစေချင်လို့သာ လွတ်အောင်သွားရတာ၊ အင်္ဂလိယာတို့အဖွဲ့လဲ ဖြစ်နိုင်သမျှ လိုက်ရှာကြလိမ့်မယ်၊ ကျွန်တော်ဘွက်တဲ့အတိုင်းသာ မှန်ရင် သူတို့ နှစ်နာရီလောက် ရှာလိုက်တာနဲ့ ဆွန်ဘာရာ ရုံးချုပ်မှာ မရှိဘူးဆိုတာ သူတို့သိပြီး ဒီကို အမြန်ဆုံး ပြေးလာကြမှာပါ''

''ကျုပ်တို့ တွက်တဲ့အတိုင်းသာ မှန်ရင် ဒီအချိန်အတွင်းမှာ သူ့အလုပ်ကို ပြီးအောင်လုပ်သွားလိမ့်မယ်''

တိုဗန်နင်က ခန့်မှန်းလိုက်သည်။

''မှန်တယ်၊ သူလွတ်အောင်လို့ လုပ်စရာရှိတာကို အမြန်ဆုံး လုပ်လိမ့်မယ်၊ ကဲ....သာ၊ အိမ်ထဲကို ဝင်ကြရအောင်၊ ပြီးတော့ နှစ်ယောက်ခွဲပြီး သူ့ကို ကြိုဆိုလိုက်ကြတာပေါ့''

''ခင်ဗျားက ကားလမ်းကိုဖြတ်ပြီး ပေါ်တီကိုကို ရောက်အောင် ပြေး၊ ကျွန်တော် ဒီကနေကြည့်နေပေးမယ်''

တိုဗန်နင်က ပြောလိုက်၏။

ကွင်းက သေနတ်ကိုထုတ်၍ ပန်းခြံအကွယ်မှ ထွက်လိုက်သည်။ ပေါ်တီကိုသို့ရောက်သည်နှင့် မြေအောက်ခန်းရှိရာသို့



းသွားလိုက်သည်။ ထိုနေရာမှာ ပြတင်းပေါက်များက ကြည့်မြင်နိုင်၏။ ကွင်းက အသာဝပ်၍ တိုဗန်နင်အား လက်ပြ လှမ်းခေါ်လိုက်သည်။ တိုဗန်နင်မှာ အပြေးသမားတစ်ယောက်၏ ပြေးနှုန်းဖြင့် ရောက်လာပြီး ကွင်းဘေးတွင် ဝပ်ချ က်သည်။

ကွင်းက မြေအောက်ခန်းဆီသို့ လှည့်ထွက်လိုက်သည်။

''ကွင်း....''

တိုဗန်နင်က ခပ်တိုးတိုး လှမ်းခေါ်လိုက်၏။

ကွင်းက မြေသို့ဝပ်ချလိုက်ပြီး တိုဗန်နင် ဘာကို ပြလို နည်းဟု ဘေးဘက်သို့ လှည့်ပတ်ရှာလိုက်သည်။ သို့သော် ာမျှ မတွေ့ရ။ ထို့ကြောင့် တိုဗန်နင်အား လှည့်ကြည့်လိုက် သည်။

တိုဗန်နင်က မိမိတို့ နှစ်ယောက်အကြား ခပ်လှမ်းလှမ်း တစ်နေရာကို ညွှန်ပြနေသည်။ ပြီးတော့ တိုဗန်နင်မှာ ထိုနေရာ သို့ သွားနေသည်။ ကွင်းလည်း ထိုနေရာသို့ သွားလိုက်ရာ ှစ်ယောက်စလုံး တစ်ချိန်တည်း ရောက်သွားသည်။

တိုဗန်နင်က မြေကြီးပေါ်သို့ လက်ညှိုးထိုးပြနေ၏။

ကွင်းက သူပြရာသို့ ကြည့်လိုက်သည်။ ပန်းချုံတစ်ခုနောက် တွင် မြေထောက်နှစ်ချောင်းကို မြေဦးများ မြေသို့နစ်လျက် တွေ့လိုက်ရ၏။ အနီးသို့ ကပ်ကြည့်လိုက်သောအခါ လုံခြုံ ရေးချထားသည့် ကင်းသမား မှောက်လျက် လဲကျနေသည် ကို တွေ့လိုက်ရသည်။ သူ့နောက်စေ့တွင်လည်း ကျည်ဆန် ရာနှင့်။

''ခင်ဗျားတွက်တာ မှန်နေပြီ၊ ဆွန်တာရာ အချိန်သိပ်မဖြုန်းတော့ဘူး''

တိုဗန်နင်က ပြောလိုက်၏။

''ဒါဆို အခု သူအိမ်ထဲရောက်နေပြီ၊ အလက်ဇန္ဒြားတော့ ဒုက္ခပဲ၊ ဒီအတိုင်းဆိုရင် တခြားကင်းသမားတွေလဲ ဒီအတိုင်း ခံကြရတော့မှာပဲ၊ ကဲ....လစ်စို့''

''ခဏနေဦး''

တိုဗန်နင်ကပြောပြီး ကားရှိရာသို့ သွားလိုက်၏။ ရောက်တော့ အသာဝပ်၍ တံခါးကိုဖွင့်ကာ ကားသော့ကို ယူလိုက်သည်။ သော့ကို ကွင်းမြင်အောင် ထောင်ပြလိုက်ပြီး သူ့အိတ်ထဲသို့ ထည့်လိုက်၏။ ပြီးတော့ တံခါးကိုပြန်ပိတ်၍ ကွင်းရှိရာသို့ ပြန်လာခဲ့သည်။

ထိုနောက် နှစ်ယောက်သား ခပ်ကုန်းကုန်းလုပ်ကာ မြေအောက်ခန်းရှိရာသို့ ပြေးလာခဲ့ကြပြီး အပြင်တံခါးပေါက်မှ ဝင်လိုက်ကြသည်။ မြေအောက်ခန်းမှာ ပေသုံးဆယ်ပတ်လည် ခန့်ရှိပြီး အိမ်ကြီးတစ်ခုလုံးကို အအေးဓာတ်ပေးသည့် တန်ခြောက်ရာ့နှစ်ဆယ်ရှိ စက်ကြီးထားသည့်နေရာ ဖြစ်၏။ သံတလင်းပေါ်တွင် ရေစိုနေသည့် ခြေရာများကို တွေ့လိုက်ရသဖြင့် ဆွန်တာရာလည်း ထိုနေရာမှပင် ဝင်သွားကြောင်း သိသာပေသည်။

ကွင်းက....

''ကျုပ် အရှေ့ဘက်အဆောင်ကို ဝင်မယ်၊ ခင်ဗျားက အနောက်ဘက်အဆောင်ကို ဝင်၊ တစ်အိမ်လုံးမှာ ဗီဒီယို ကင်မရာတွေ တပ်ထားတယ်၊ သတိနဲ့သွား''



''ဗီဒီယိုတွေက ဘယ်နေရာမှာ ထားတာလဲ''

''လုံခြုံရေးကွပ်ကဲမှု အခန်းထဲမှာ၊ အဲဒီအခန်းက အရှေ့ဘက် အဆောင်မှာရှိတယ်၊ ဒုတိယထပ် အနောက်ဘက်အဆောင်က စကိုင်းရဲ့ အိပ်ခန်းထဲမှာလဲ ဗီဒီယိုတွေ ရှိသေးတယ်၊ ဆွန်တာရာ ဘယ်နေရာမှာ ရောက်နေမယ်ဆိုတာတော့ မသိသေးဘူး၊ ဒါပေမယ့် ဗီဒီယိုတွေရှိတဲ့နေရာ တစ်ခုခုကိုတော့ သူသွားမှာ သေချာတယ်၊ အဲဒီနေရာတွေကို သူရောက်ဦးမယ်တော့ မထင်သေးဘူး၊ ခင်ဗျား သူ့ကိုတွေ့ရင်တော့ ပစ်သာချလိုက်၊ ဖြစ်နိုင်ရင်တော့ မသေမရှင်လောက်ပဲ ပစ်၊ သူ့မှာ ဘီတာတွေ ပါလာချင်မှ ပါလာမှာ''

''ဘီတာတွေ ဘယ်မှာထားတယ်ဆိုတာကို သူပြောမှာတော့ မဟုတ်ဘူး၊ နောက်ပြီး သူ အရှင်လဲ အဖမ်းခံမှာ မဟုတ်ဘူး''

တိုဗန်နင်က ထင်မြင်ချက်ပေးသည်။

''ခင်ဗျားပြောတာလဲ ဖြစ်နိုင်တာပဲ၊ ဒါပေမယ့် ဘီတာတွေ ဘယ်မှာရှိတယ်ဆိုတာ သိအောင်လုပ်လို့ရရင် လုပ်မှဖြစ်မယ်၊ သူ့သွေးကြောထဲကို စင်တိုသယ် ဆေးရည်တွေ တစ်ဂါလန်လောက် ထည့်လိုက်ရင် သူမပြောဘဲ မနေနိုင်ဝါဘူး''

''ဗီဒီယိုတွေရှေ့မှာ သူရောက်နေရင် ကျွန်တော်တို့ လာနေတာ မြင်တာနဲ့ သူ အလက်ဇန္ဒြားကို သတ်ပစ်လိုက်မယ် ထင်တယ်''

''ဖြစ်နိုင်တယ်၊ ဒါပေမယ့် ဒီအချိန်ကလေးဟာ သူတစ်သက်လုံး စောင့်စားခဲ့ရတဲ့ အကျေနပ်ဆုံး အချိန်ဆလေးဆို

တော့ သူ ကြာကြာဆွဲသားချင်လိမ့်မယ်၊ နောက်ပြီး ကျွန်တော်တို့ကိုလဲ ထူကာ သတ်ချင်နေတာ၊ မေ့ဒ်လ်တာ အရေးအခင်းမှာ ကျန့်တာဆိုလို့ ခင်ဗျားနဲ့ ကျွန်တော်ပဲ ရှိတော့တာ''

ကွင်းက ပြောနေသည်။

''ကဲ....ဒါဆိုလဲ သူကျုပ်တို့ကို စောင့်နေရော့မယ်၊ လုပ်စရာရှိတာ လုပ်ကြရအောင်''

''ရေဒီယိုကိုတော့ အသင့်လုပ်ထားနော်''

တိုဗန်နင်က ခေါင်းညိတ်လိုက်ပြီး....

''ခင်ဗျားနဲ့ အလုပ်လုပ်ရတာ သိပ်ပျော်စရာ ကောင်းတယ်ဗျာ''

''ဒါပေါ့၊ ခင်ဗျားကိုယ်ခင်ဗျား အသေမခံနဲ့ဦးနော်၊ ခင်ဗျားကျုပ်ကို နွေလယ်စာကျွေးဖို့ ကျန်သေးတယ်''

အိမ်ကြီးထဲသို့ဝင်သည့် တံခါးပေါက်သို့ သူတို့လာခဲ့ကြသည်။

''အိမ်ဖော်တွေနဲ့ ဝန်ထမ်းတွေကကော''

တိုဗန်နင်က မေးသည်။

''အသက်ဇစ်ဖြာနဲ့ လုံခြုံရေးအဖွဲ့တွေကလွဲပြီး ဘယ်သူမှ မရှိဘူး၊ အိမ်ဖော်တွေအားလုံးလဲ ကားဂိုဒေါင် နောက်က အိမ်ဖော်တန်းလျားမှာ နေကြတယ်၊ ဒီလို ရာသီမျိုးမှာ သူတို့လဲ အိမ်ထဲက ထွက်ကြာယ် မထင်ဘူး''

ပြောပြီး ကွင်းက တံခါးကိုဖွင့်လိုက်သည်။ ပြီးတော့ အတွင်းသို့ အသာပြူကြည့်လိုက်၏။ ထိုတံခါးပေါက်မှာ အိမ်



ဝင်ပေါက်ခန်းကြီးထဲသို့ မီးဖိုခန်း အလွန်လောက်မှ ပင်သည့်နေရာဖြစ်၏။ ထိုနောက် ကွင်းက အားလုံး ကင်းကင်းရှင်းရှင်းရှိကြောင်း ခေါင်းညိတ်ပြပြီး နှစ်ယောက်သားအထဲသို့ လှမ်းဝင်လိုက်ကြသည်။

''ကျုပ် အနောက်ဘက်အဆောင်က ဗီဒီယိုအခန်းထဲကို ရောက်ရင် တစ်အိမ်လုံးကို ဗီဒီယိုက ကြည့်လို့မြင်နိုင်မယ်''

တိုဗန်နင်က တီးတိုးပြောလိုက်၏။

''အဲဒါ ကောင်းတယ်၊ ဗီဒီယိုခန်းက ကျုပ်တို့အတွက် အသုံးကျသလို သူ့အတွက်လဲ အသုံးကျနိုင်တယ်၊ တကယ်လို့ သူ့ကို ဗီဒီယိုထဲကနေ တွေ့ပြီဆိုရင် ကျုပ်ဆီကို သူဘယ်နေရာမှာ ရှိနေတယ်ဆိုတာ လှမ်းအကြောင်းကြားလိုက်၊ အသက်ဇစ်ဖြား ဘယ်နေရာမှာဆိုတာလဲ ကျုပ်ကို အကြောင်းကြားပေးပါ၊ ကျွန်တော် အသက်ဇစ်ဖြားအနားကနေ အသာကပ်စောင့်နေမယ်၊ ကျုပ်တို့ သူ့ကိုလိုက်ရှာတာထက် သူ ကျုပ်တို့ဆီ အလာကိုစောင့်တာက ပိုစိတ်ချရမယ်''

''ကျွန်တော် အဲဒီကိုရောက်တာနဲ့ ခင်ဗျားဆီကို လှမ်းဆက်သွယ်လိုက်မယ်''

တိုဗန်နင်က ပြောလိုက်သည်။

ထိုနောက် ကွင်းက တိုဗန်နင်၏ပခုံးကို အသာပုတ်၍ အနောက်ဘက် အဆောင်ဆီသို့ တွန်းလွှတ်လိုက်သည်။ မိမိကိုယ်တိုင်ကတော့ အခြားတစ်ဖက်သို့ လာခဲ့၏။

ကွင်းသည် တစ်လှမ်းချင်းလာနေသည်။ အိမ်ကြီး၏ မည်သည့်နေရာတွင်မဆို ဆွန်တာရာ ရှိနေနိုင်သည်။ ရင်ဆိုင်တွေ့လျှင်တော့ သေဖို့နှင့်ရှင်ဖို့ နှစ်လမ်းသာရှိ၏။

ဗထာမ မီးဖိုခန်းကို ချောင်းကြည့်လိုက်၏။ ဘာမျှမရှိ။ ထို့နောက် ခန်းမကိုပတ်၍ နောက်ဖေးထွက်ပေါက်မှတစ်ဆင့် ထမင်းစားခန်းကို လာခဲ့သည်။ အတွင်းအပြင် ဖွင့်၍ရသော တံခါးနှစ်ချပ်အနက် တစ်ချပ်ကို အသာဆွဲ၍ အတွင်းသို့ကြည့်လိုက်ပြန်တော့လည်း ဘာမျှမတွေ့ရ။

သူသည် စားပွဲတစ်လုံး၏ဘေးမှ အသာကပ်၍သွားပြီး စားပွဲအောက်တွင် ငုံ့နေလိုက်သည်။ ထို့ကြောင့် အခန်းတစ်ဖက်ထောင့်တွင် တပ်ထားသည့် ဗီဒီယိုကင်မရာမှ လွတ်သွားနိုင်၏။ ကင်မရာကိုလှမ်းကြည့်လိုက်တော့လည်း ကင်မရာမှာ ငြိမ်နေသည်။ ထို့ကြောင့် ထမင်းစားခန်းမှ အပြင်ခန်းမတစ်ခုကို အသာချောင်းကြည့်လိုက်၏။ ဘာမျှမတွေ့။

သို့ဖြင့် ထိုခန်းမကိုဖြတ်ကာ ညှော်ခန်းဘက်ဆီသို့ လာခဲ့သည်။ ထိုနေရာမှာ သူ့အတွက် အန္တရာယ်အများဆုံးနေရာဖြစ်သည်။ မြင်သာထင်သာကြီးဖြစ်နေ၏။ သူက ကျောက်သားကြမ်းပြင်ကိုဖြတ်ကာ ခပ်သွက်သွက်လာခဲ့သည်။

ခပ်လှမ်းလှမ်းမှပင် ညှော်ခန်းကို လှမ်းမြင်နေရသည်။ အနားရောက်တော့ သူက အသာကုန်း၍ သေနတ်ကိုအသင့်ပြင်ကာ အတွင်းတစ်ခန်းလုံးကို လိုက်ကြည့်လိုက်သည်။ ထိုအခန်းတွင်လည်း ဆွန်တာရာရော၊ အလက်ဇန္ဒြားရော၊ လုံခြုံရေးအဖွဲ့ဝင်တွေရော မတွေ့ရ။

ကွင်းက မူလခန်းမထဲမှ တွားလျှက်ထွက်လိုက်ရာ ညှော်ခန်းထဲသို့ရောက်လာသည်။ လက်တင်ပါ ကရှင်ကုလားထိုင်တစ်လုံးနောက်တွင် သူ အသာရပ်လိုက်၏။ ဆက်သွားလျှင် အိမ်ကြီး၏



အလှပ်လှပ်သည့်အဆောင်ကို ရောက်နိုင်သည်။ မီမီညှော်ခန်းထဲမှဝင်လိုက်လျှင် ထိုအဆောင်၏နောက်ဘက် ဝင်ပေါက်ကို ရောက်နိုင်သည်။

ထို့ကြောင့် ညှော်ခန်းကိုဖြတ်၍လျှောက်မည်ပြုလိုက်စဉ် သူ့ခေါင်းပေါ်ရှိ အင်တာကွမ်းစပီကာမှ ဆွန်တာရာ၏အသံပေါ်လာသည်။

"မင်းလာမယ်ဆိုတာ ငါသိပြီးသားပါကွာ"

ထိုအသံကဆိုသည်။

ကွင်းမှာ ကြက်သေသေသွားပြီး တစ်ခန်းလုံးကို လှည့်ပတ်ရှာလိုက်မိ၏။ ခဏကြာမှ ထိုအသံမှာ အင်တာကွမ်းမှလာကြောင်း သိလိုက်ရသည်။ သူ မော့်ကြည့်လိုက်သောအခါ အခန်းဝင်ပေါက်၏ အထက်နားဆီမှ ကင်မရာကိုလည်း တွေ့လိုက်ရသည်။ မှန်ဘီလူးပြာပြာလေးက သူ့ဘက်ကိုလှည့်ထားသည်။

သူက ပုန်းနေရန်မလိုတော့သဖြင့် ခပ်ဟန့်ဟန့် ရပ်လိုက်သည်။ ဗီဒီယိုစက်များထားသည့် အခန်းတစ်ခုသို့ ဆွန်တာရာ ရောက်နေလေပြီ။ ဘယ်အခန်းကိုရောက်နေသည်မသိ။

"ဒီတော့ မင်းနဲ့ငါ တွေ့ကြပြီပေါ့"

ကွင်းက တခြားဗီဒီယိုအခန်းနှင့် တိုဗန်နင်အား ဆွန်တာရာ သတိမထားမိစေရန် အာရုံပြောင်းသည့်အနေဖြင့် ပြောလိုက်သည်။ ပြီးတော့ မိမိနာရီမှ ခလုတ်ကလေးတစ်ခုကိုလည်း နှိပ်လိုက်၏။ နာရီမှအသံဖမ်းစက်ကလေးကို ဖွင့်လိုက်ခြင်းဖြစ်သည်။

''မင်းရဲ့သေနတ်ကို ခုမန်းအလယ်က စားပွဲပေါ်ကို တင်ထားလိုက်ပါ''

ဆွန်တာရာက အမိန့်ပေးလိုက်သည်။

''မထားဘူးဆိုရင်ကောကွာ''

ကွင်းကစိန်ခေါ်လိုက်သည်။

''မထားရင် အလက်ဇန္ဒြားစကိုင်းကို ဒီမှာသတ်လိုက်မယ်၊ နောက်မှ မင်းနဲ့ငါတွေ့မယ်''

''မင်း အလက်ဇန္ဒြားကို ဖမ်းထားတယ်ပေါ့''

''ဟုတ်ပ''

''အဲဒါကို ငါ ဘယ်လိုလုပ်ယုံရမှာလဲ''

''မယုံရင်လဲနေ၊ ဒါပေမယ့် ငါ ဖြီးနေတာမဟုတ်ဘူးဆိုတာတော့ ပြောလိုက်ပါရစေ''

ထို့နောက် လက်နှင့်ရိုက်လိုက်သံတစ်ခုကို ကြားလိုက်ရပြီးနောက် ခပ်အုပ်အုပ်ငိုသံတစ်ခုကိုလည်း ကြားလိုက်ရသည်။ ပြီးတော့ ဒုတိယတစ်ချက်၊ တတိယတစ်ချက် ဆက်ရိုက်လိုက်သံများကို ကြားနေရပြန်သည်။

''တော်ပါတော့၊ ငါ သေနတ်ကို စားပွဲပေါ်တင်လိုက်ပါ့မယ်၊ ကောင်မလေးကိုမလုပ်ပါနဲ့တော့''

ကွင်းက အော်ပြောလိုက်သည်။

''သိပ်ကောင်း၊ သေနတ်ကိုချပြီးရင် ငါပြောတဲ့အတိုင်းလုပ်ပါ''

ကွင်းက တမင်တကာ နှေးနှေးလေးသွားပြီး သေနတ်ကို စားပွဲပေါ်တင်နေသည်။ မိမိကိုသာ သူကြည့်နေပြီး အခြားသော ဗီဒီယိုများကို သူ မကြည့်မိစေရန်ဖြစ်သည်။ သေနတ်ကို စားပွဲပေါ်တင်ပြီးနောက် စားပွဲမှဆုတ်ကာ ကင်မရာရှေ့တွင် ပြန်ရပ်နေလိုက်သည်။

''ကဲ....ငါ မင်းပြောတဲ့အတိုင်း လုပ်ပြီးပြီ၊ နောက်ဘာလုပ်ရဦးမလဲ''

''မင်းမှာ တခြားသေနတ်ရှိသေးလား''

''မရှိတော့ဘူး''

''ဒါပေမယ့် မင်းကိုယုံလို့မရဘူး''

''ငါ့မှာ တခြားသေနတ်မပါပါဘူးလို့ ပြောနေ....''

''မင်းဟာ ဘာလေးပဲရှိရှိ လက်နက်အဖြစ်အသုံးချတတ်တဲ့ကောင်၊ မင်းအဝတ်အစားတွေကိုချွတ်လိုက်ပါ၊ တစ်ခုချင်းချွတ်နော်၊ ချွတ်ပြီးတော့ ကြမ်းပေါ်ကိုချထားလိုက်ပါ၊ မြန်မြန်လုပ်ကွာ''

ဆွန်တာရာက အမိန့်ပေးနေသည်။

ကွင်းက သူပြောသည့်အတိုင်း အပေါ်အင်္ကျီ၊ ရှပ်အင်္ကျီ၊ ရှူးဖိနပ်၊ ရေစိုနေသောဘောင်းဘီတို့ကို တစ်ခုချင်းချွတ်လိုက်သည်။

''ဘောင်းဘီက ခါးပတ်ကိုဖြုတ်ပြီး ငါ မြင်အောင်ပြစမ်းပါ''

ဆွန်တာရာက အမိန့်ပေးလိုက်ပြန်သည်။

ကွင်းက သူပြောသည့်အတိုင်း ခါးပတ်ကိုမြှောက်ပြလိုက်ပြီး ကြမ်းပြင်ပေါ်သို့ ပြန်ချလိုက်သည်၊ ထို့နောက် ဘောင်းဘီကို ကောက်ယူလိုက်သည်။

''အိတ်တွေကိုလှန်ပြပါ၊ နောက်ပြီး ဘောင်းဘီတစ်ခုလုံးကို အတွင်းအပြင်ပြောင်းပြန်လှန်စေ''

ကွင်းက သူပြောသည့်အတိုင်း လှပ်ပြလိုက်ပြီးနောက်....

''ကဲ....အဲဒါတွေပြန်ဝတ်လိုက်ပါ၊ ကြွယ်သီးတွေကိုမတပ်နဲ့''

ကွင်းကလည်း သူပြောသည့်အတိုင်း လုပ်လိုက်ပြီး....

''ကဲ—ငါ့မှာ ဘာလက်နက်မှမရှိတော့ဘူးဆိုတာ မြင်ပြီမဟုတ်လား''

''မင်းမှာ ခြေထောက်တွေလက်တွေ ရှိနေသေးသမျှ လက်နက်ရှိနေသေးတာပဲ''

''အဲဒါတွေကိုတော့ ဖြတ်မပစ်နိုင်ဘူး၊ ကဲ....ဘာဆက်လုပ်ရဦးမလဲ ပြော''

''အေး....ကွပ်ကဲရေးရုံးခန်းကိုလာခဲ့၊ အဲဒီအခန်း ဘယ်မှာရှိတယ်ဆိုတာသိရဲ့လား''

''ကွပ်ကဲရေးအခန်းကိုလား၊ သိတယ်''

—တိုဗန်နင်ကြားလောက်အောင် တမင်ပြောလိုက်ခြင်း ဖြစ်သည်။ တိုဗန်နင် အိမ်၏ အခြားဘက်အခြမ်းတွင် ရှိနေသည်ကို ဆွန်တာရာ သိဟန်မတူ။

''မင်းရဲ့ခြေတစ်လှမ်းချင်းကို ငါလိုက်ကြည့်နေတယ်နော်၊ ကောင်မလေးရဲ့ခေါင်းကို ငါ သေနတ်နဲ့ချိန်ထားတယ်၊ ကလိကမာတော့လုပ်မယ်မကြံနဲ့၊ လုပ်တာနဲ့ သေနတ်မောင်းကို ဆွဲပြီးသာပဲ''



ဆွန်တာရာ မိမိကိုသာ အာရုံစိုက်နေသဖြင့် တိုဗန်နင် သူ့ထံသို့ သူမသိအောင်ကပ်သွားနိုင်မည်ထင်၏။

''ငါလာနေပါပြီ၊ သေနတ်ကို အရမ်းမလုပ်ပါနဲ့၊ မတော်တဆ ကျည်ဆန်ထွက်သွားပါ့မယ်''

''ကျည်ထွက်သွားရင်လဲ မတော်တဆတော့ မဟုတ်ဘူး၊ သေချာတယ်၊ ကဲ—တို့ဆီကိုသာ လာခဲ့ပေတော့''

ကွင်း ထိုအခန်းမှထွက်၍ ဖိနပ်မပါဘဲ အရှေ့အဆောင်သို့ လာခဲ့သည်။ ကွပ်ကဲရေးအခန်းသို့ ဖြတ်ထွက်ရမည့် ခန်းကျယ်တစ်ခုသို့ ရောက်သောအခါ တံခါးအနီးတွင် အလောင်းတစ်လောင်းကို တွေ့လိုက်ရ၏။ လုံခြုံရေးကင်းသမားတစ်ယောက်ပင်ဖြစ်သည်။ အပြင်ဘက်မှတစ်ယောက်လည်း အလားတူခံလိုက်ရပြီဟု ကွင်း တွက်လိုက်သည်။ နောက်ဆုံးတစ်ယောက်ကတော့ ကွပ်ကဲရေးအခန်းထဲတွင် ရှိကောင်းရှိမည်။

ကွင်းက တံခါးအပြင်တွင် ခဏရပ်နေစဉ် တံခါးသော့ကို လျှပ်စစ်ခလုတ်ဖြင့် ဖွင့်လိုက်သံကို ကြားလိုက်ရ၏။ ထိုနောက် ကွင်းက အသာတွန်းလိုက်ရာ တံခါးပွင့်သွားတော့သည်။

ကွင်းက ဗဝင်မီ အသာချောင်းကြည့်လိုက်သည်။ အလက်ဇန္ဒြားကို အခန်းအလယ်တွင် ခွေးခြေပေါ်၌ ထိုင်လျက်သားတွေ့လိုက်ရ၏။ လက်များကို ရှေ့တွင် တိပ်ကြိုးဖြင့်တုပ်ထားသည်။ ပါးစပ်ကိုလည်း တိပ်ကြိုးဖြင့်ချည်ကာ ပိတ်ထားသည်။ ဆံပင်များလည်း ဖွာလန်နေပြီး ညာဘက်မျက်လုံးမှာ နီရဲ၍ ရောင်နေသည်။ နှာခေါင်းမှ သွေးအနည်းငယ် စီးကျနေ

သည်မှာ ပိတ်ထားသည့်တံပိုကြီးပေါ် အထိရောက်သည်။ သူမအား ဆွန်တာရာ မြူမှုံထားပုံကို မြင်လိုက်ရသဖြင့် ကွင်းဖျဉ်းခနဲ ဒေါသထွက်သွားမိ၏။

ဖိုင်ဗီရို၏ နောက်နားကြမ်းပြင်ပေါ်တွင် လက်တစ်ဖက်ကို တွေ့လိုက်ရ၏။ ထိုလက်အောက်မှ သွေးအိုင်ကိုလည်း တွေ့လိုက်ရသည်။ နောက်ဆုံး လုံခြုံရေးရဲဘော်ဖြစ်သည်မှာ ပြောစရာမလို။

ကွင်းက အလက်ဇန္ဒြားကို လှမ်းကြည့်လိုက်သည်။ သူမကြောက်နေပုံလည်းရသည်။ ဒေါသရိပ်များကိုလည်း တွေ့နေရ၏။ သူမ၏မျက်လုံးများက တံခါးပေါက်၏ဘယ်ဘက်ဆီသို့ လှမ်းကြည့်နေသည်။ ထို့ကြောင့် ဆွန်တာရာ ထိုနေရာတွင်ရှိမည်။

ကွင်း အခန်းထဲသို့ လှမ်းဝင်လိုက်သည်နှင့် သူ့ဘယ်ဘက်ပခုံးစောင်းကို ရိုက်ချလိုက်သည်ကို ခံစားလိုက်ရသည်။

ရိုက်လိုက်သည့်အရှိန်ကြောင့် သူလဲကျသွားပြီး နောက်ထပ် ဆက်ကန်လိုက်မည်စိုး၍ ကိုယ်ကိုလှိမ့်ရှောင်လိုက်သည်။ ပြီးတော့ လျင်မြန်စွာပြန်ထ၍ ဆွန်တာရာကို ရင်ဆိုင်လိုက်၏။

ဆွန်တာရာက ရှေ့သို့တိုးမလာ။ အသံတိတ် ကိုရိယာတပ်ထားရက်တာ သေနတ်ပြောင်းဖြင့်ထိုးကာ တံခါးကို ပြန်ပိတ်လိုက်သည်။ ပြီးမှ ကွင်းကို သေနတ်နှင့် ချိန်ထားလိုက်၏။

"ရှုရှားကောင်ကော"

ဆွန်တာရာက မေးသည်။



မိမိတို့ အိမ်မှထွက်သွားကြစဥ်က တိုဗန်နင်နှင့် မိမိတို့ ကားကစ်စီးတည်း စီးသွားသည်ကို ဆွန်တာရာ လှမ်းကြည့်နေသည် ထင်၏။ မိမိတို့ အိမ်ထဲသို့ ဝင်လာသည်ကိုတော့ သူကြည့်မနေပါစေနှင့်ဟု ဆုတောင်းမိသည်။

"သူ စက်ကိုင်ကိုရုံးချုပ်ကို ဒီပြင်လူတွေနဲ့ လိုက်သွားတယ်၊ ငါ့ကို လမ်းမှာချထားခဲ့ခိုင်းပြီး ငါ ဒီကိုပြန်လာခဲ့တာ"

ကွင်းက လိမ်ပြောလိုက်သည်။

ဆွန်တာရာ သူ့ကို မျက်လုံးမှေးကာ ကြည့်လိုက်ပြီး အလက်ဇန္ဒြားကို သေနတ်နှင့် လှမ်းချိန်လိုက်သည်။ ကွင်းက....

"ချိန်ချင်လဲ ချိန်၊ ငါ့အဖြေကိုတော့ ပြောင်းမှာ မဟုတ်ဘူး၊ သူ ရုံးချုပ်ကို ဆက်သွားတယ်၊ တခြားလူတွေက မင်း လှည့်စားတာကို ယုံသွားတယ်၊ မင်းကို ခြံထဲမှာ ပိတ်ဖမ်းမယ်လို့ လုပ်နေကြတာ၊ သူတို့မှားသွားပြီဆိုတာကို သိအောင် နာရီနဲ့ချီပြီး ကြာလိမ့်မယ်"

"မင်းကတော့ သိနေတယ်ပေါ့"

"ဟုတ်တယ်"

"မင်း သူတို့ကို ပြောမပြလိုက်ဘူးလား"

"တို့နှစ်ယောက် အခုလို ဆုံကြရမယ်ဆိုတာ မင်းရော ငါရော သိနေပါတယ်လေ၊ တခြားလူတွေ ပါစရာမလိုပါဘူး"

"အေး....ဟုတ်တယ်၊ ငါလဲ မင်းကို ကစီနိုမှာ တွေ့ကတည်းက မင်းနဲ့ငါ နောက်ဆုံးမှာ နှစ်ယောက်တည်း ဆုံကြရမယ်ဆိုတာ သိလိုက်တယ်၊ မင်းရဲ့ ဇွဲကြီးပုံတို့တော့ ငါ လေးစားပါတယ်"

''ကဲ....ဒါဆို မင်းလဲ ဒီမှာရှိနေပြီ၊ ငါလဲ ဒီမှာရှိနေပြီ၊ မော်လ်တာကိစ္စ ပြီးကတည်းက မင်းငါ့ကို သိပ်သတ်ချင်နေတာ မဟုတ်လား၊ ကဲ....သေနတ်မောင်းကိုဆွဲပြီး ပစ်သတ်လိုက်တော့လေ''

''အို....သတ်မှာ....သတ်မှာ၊ တစ်ချက်မကဘူး အများကြီးကို ပစ်သတ်မှာ၊ မင်း မြန်မြန်ဆန်ဆန်တော့ မသေရဘူး၊ ကမဲကို မင်း သတိရသွားစေရမယ်၊ နောက်ပြီး ငါ့သားလေး ကိုယ်ဝန်နဲ့ ဂရိတာကိုလဲ သတိရသွားစေရမယ်၊ ပြီးတော့ မင်းသူငယ်ချင်းတွေကို သတိရပြီး ဆွေးမြည့် ခံစားလိုက်ဦး၊ ဒါပေမယ့် မင်းကို ဟိုကောင်တွေ ပြန်လာတဲ့ အထိတော့ မထားဘူး၊ ငါတို့ ပျော်ပွဲလေးကို သူတို့ လာနှောင့်ယှက်တာ တော့ မဖြစ်စေရဘူး၊ ဒါကြောင့် တို့ကြာကြာ မနေဘူး''

ဆွန်တာရာမှာ သူ့မုန်းတီးမှုကို အရသာခံ၍ လက်စားချေတော့မည်။ ဤသည်မှာ သူ့အမှားပင်။ သည်လိုသတ်ပြီး ထွက်ပြေးရမယ့်ကိစ္စမျိုးတွင် အချိန်ဆွဲ မထားစကောင်း။ မိမိသာ ဆွန်တာရာ၏ နေရာတွင်ဆိုလျှင် မိမိ အခန်းထဲကို ဝင်လာကတည်းက ပစ်သတ်လိုက်ပြီး ယခုလောက်ဆိုလျှင် ထွက်ပြေးနေလောက်ပြီ။

''ကဲ....ဒါဆိုလဲ တို့တစ်နေရာရာကို သွားကြမယ်၊ ဘယ်နေရာကို ဘယ်တော့ ဘယ်သို့သွားမှာလဲ''

ကွင်းက မေးလိုက်၏။

''အခုပဲသွားကြမယ်၊ ကျည်ကာကားကို ယူသွားမယ်၊ ငါပြောတဲ့နေရာကို မင်းကမောင်း၊ မင်း ကူလီကူမာ မလုပ်နိုင်အောင် သူ့ခေါင်းကို ငါတစ်ချိန်လုံး သေနတ်နဲ့ ချိန်ထားမှာ၊ ငါ့ကို တစ်ခုခု ပြောကြည့်စမ်း....ပြောကြည့်စမ်း၊ သူချက်ချင်း သေသွားရမယ်၊ ပြီးမှ မင်းဘက်ကိုလှည့်မယ် သိလား ဟေ့ကောင်''

''သိပါတယ်....သိပါတယ်''

ဆွန်တာရာသည် အသာ ဖက်လျှောက်သွားပြီး အလက်ဇန္ဒြားအား ခွေးခြေပေါ်မှ ဆွဲထူလိုက်၏။ ထိုနောက် သူမ၏ ကော်လာကို ခပ်နာနာဆွဲ၍ နောက်စေ့ကို သေနတ်နှင့် တေ့ချိန်ထားလိုက်သည်။

''မင်း အိမ်ထဲကနေ ထွက်တတ်တယ် မဟုတ်လား၊ မင်း လက်တွေကို ခေါင်းပေါ်မှာ မြှောက်ထားပြီး နောက်ဖေး ပေါက်ကနေ ကားဆီကို သွား''

ဆွန်တာရာက အမိန့်ပေးနေသည်။

ကွင်းက အခန်းထဲမှ တံခါးဖွင့်ထွက်လိုက်သည်။ မိမိတို့ ပြောနေသည်များကို တိုဗန်နင် အကုန်ကြားမည် ထင်၏။ သို့ရာတွင် တိုဗန်နင် ဘာလုပ်မည်ကိုတော့ မသိသေး။ ကွင်းမှာ မျက်စိကိုလည်း ရှင်ရှင်ထားသည်။ ပြီးတော့ နောက်ဖေးပေါက် ပေါ်တီကိုဘက်သို့ ထွက်လာခဲ့သည်။ ခြေလှမ်းလိုက်တိုင်း သေနတ်သံ ပေါ်လာတော့မည်လောဟု တွေးနေမိသည်။ သေနတ်သံကား ပေါ်မလာ။ တိုဗန်နင်ကိုလည်း မတွေ့ရ။

သူတို့ နောက်ဖေးလှေကားမှ ကားဆီသို့ ဆင်းလာခဲ့ကြသည်။

"ကားထဲမှာ သော့ရှိတယ်၊ ကားထဲကို ရောက်တဲ့အထိ လက်ကို ခေါင်းပေါ်တင်ထား"

ဆွန်တာရာက အမိန့်ပေးနေသည်။

ကွင်းက ပြောသည့်အတိုင်း ကားထဲသို့ တက်လိုက်သည်။ ဖင်ထိုင်ခုံမှာ အေးစက်နေ၏။ မိမိတို့ ကားထဲသို့ရောက်သည်နှင့် တိုဗန်နင် မိမိတို့ကို မကယ်နိုင်တော့ကြောင်း ကွင်းသိလိုက်တော့သည်။ ကျည်ကာကားနှင့် ကျည်ကာမှန်တို့ကို သူ့သေနတ် မဖောက်နိုင်။

ဆွန်တာရာက အလက်ဇန္ဒြားကို ကားထဲသို့ တွန်းထည့်လိုက်ပြီး နောက်မှ သူကိုယ်တိုင် တက်လိုက်သည်။ ပြီးတော့ သူက တံခါးကိုပိတ်လိုက်၏။ ကွင်း၏စိတ်များ ကားသော့ကို တွေ့လိုက်မတော့မှ အနည်းငယ် စိတ်သက်သာသလို ရှိသွားသည်။ တိုဗန်နင် ကားဆီသို့ ပြန်လာခြင်းဖြစ်မည်။ သို့ရာတွင် ဘယ်မှာနည်း။

"မင်းရဲ့ညာလက်ကိုချပြီး ကားစက်ကို နှိုးလိုက်ပေါ့၊ ဘယ်လက်ကိုတော့ လုံးဝမချနဲ့"

ကွင်းက ကားကိုစက်နှိုးလိုက်ပြီး လမ်းပေါ်သို့ မောင်းထွက်လိုက်သည်။ ပြီးတော့ ညာလက်ကို လက်ကိုင်ဘီးပေါ်တင်၍ နောက်ကြည့်မှန်မှကြည့်ကာ နောက်ထပ် အမိန့်ကို စောင့်လိုက်၏။

"အိမ်ကြီးကနေထွက်၊ ကိုယ်ပိုင်လမ်းပေါ်ကို မမောင်းနဲ့၊ လူသွားလမ်းကလေးအတိုင်း တဲတွေဘေးကနေ မြင်းဇောင်းကိုမောင်း"



ကားကို ပေါ်တီကိုအောက်မှ မိုးရေထဲသို့ ထွက်လိုက်သည်။ သည်းထန်စွာ ရွာနေသောမိုးကြောင့် ကားရေသုတ်တံ၏ အသံမှာပင် အတော်ဆူညံနေသည်။

ကွင်းသည် လူသွားလမ်းကလေးကို မနည်းကြည့်၍ မောင်းနေရ၏။ လမ်းမှာ ကားဖြတ်ထက် သိပ်မကျယ်လှ။ ထိုကြောင့် ကားအနည်းငယ် တိမ်းလိုက်တိုင်း ဘေးဘက်တွေကို ခြစ်မိကုန်ကြသည်။

နောက်ဆုံး မြင်းဇောင်းကိုရောက်တော့ ကားကိုရပ်လိုက်သည်။ ပြီးတော့ ကွင်း နောက်ကြည့်မှန်မှ ကြည့်လိုက်ပြန်သည်။

ဆွန်တာရာက ဘယ်ဘက်ဆီသို့ သေနတ်ဖြင့် ညွှန်ပြလိုက်ပြီး....

"ဟိုဘက်မှာ ဂေါက်ကွင်းရှိတယ်၊ အဲဒီကိုသွား၊ ပထမ သစ်ပင်ကိုကျော်လိုက်၊ လှည်းလမ်းကြောင်းအတိုင်း ကျင်းနံပါတ်နှစ် မြက်ခင်းပြင်ကို ပတ်သွားတဲ့အထိ လိုက်သွား"

အလက်ဇန္ဒြားမှာ ဆွန်တာရာပြောနေစဉ် သူ့ကို စိုက်ကြည့်နေ၏။

ဆွန်တာရာက သူမကိုပြန်ကြည့်လိုက်ပြီး မျက်နှာကို ရိုက်ချလိုက်သည်။

ကွင်းက ဘရိတ်ကို ဆောင့်နင်းချလိုက်ရာ ကားမှာ ချော်ထွက်သွားသည်။

ဆွန်တာရာက ကွင်းဘက်သို့ သေနတ်နှင့် ချိန်လိုက်ပြီး....

"ဆက်မောင်းစမ်း"

"ကောင်မလေးကို မင်း ဘာမှမလုပ်ပါနဲ့"

ကွင်းကလည်း ပြန်အော်လိုက်ရာ သူတို့နှစ်ယောက်စလုံး၏ စကားများ တစ်ပြိုင်နက် ထွက်လာကြသည်။

"မောင်း...."

ဆွန်တာရာက အမိန့်ပေးလိုက်ပြန်သည်။

ကွင်းက ထိုင်ခုံမှ နောက်သို့လှည့်လိုက်ပြီး....

"မင်း သူ့ကို ဘာမှမလုပ်ပါနဲ့"

ကွင်းက အသက်ဇန္နြားကို ကြည့်လိုက်ပြန်သည်။ သူမပါးမှဒဏ်ရာကို တိပ်ကြိုးဖြင့် အတုပ်ခံထားရသည့်လက်ဖြင့် ပွတ်နေသည်။ သူ့ကိုကြည့်ရသည်မှာ သိပ်လည်း ကြောက်နေပြီး သတ်ပစ်ချင်လောက်အောင် ဒေါသလည်း ဖြစ်နေပုံရသည်။ သူမ ခံနိုင်ရည်ရှိပါမည်လားဟု ကွင်း အကဲခတ်လိုက်၏။

"မင်းဖါးစပ်ကိုပိတ်ထားပြီး လှည်းလမ်းကြောင်းအတိုင်း မောင်းစမ်းကွာ"

ဆွန်တာရာသည် ပြုံးကာ သေနတ်နှင့် အလက်ဇန္နြား၏ ခေါင်းကို ချိန်လိုက်ပြန်သည်။

ကွင်းက ရှေ့ဘက်သို့ပြန်လှည့်ပြီး လီဗာကို နင်းလိုက်သည်။ ကားဘီးမှာ စိုစွတ်နေသော မြက်တွေပေါ်တွင် ချော်၍လည်နေသည်။ ဒေါက်ခနဲ အသံကလေးတစ်ခုကြောင့် ဆွန်တာရာ တစ်စုံတစ်ခုကို အာရုံစိုက်မိသွားသည်။ သူက ကား



နောက်ဘက် အမြီးကို လှမ်းကြည့်နေ၏။ အတန်ကြာအောင် ကြည့်နေပြီးမှ ကွင်းဘက်သို့ ပြန်လှည့်ကြည့်ကာ—

"သေသေချာချာလုပ်စမ်း၊ ရွှံ့ထဲမှာနစ်နေလို့ မဖြစ်ဘူး၊ လမ်းပေါ်ကို ရောက်အောင်ပြန်မောင်း၊ လမ်းက စိုနေတယ်၊ ကားကလဲ သိပ်လေးတယ်"

"လမ်းက သိပ်ကျယ်တာ မဟုတ်ဘူး"

ကွင်းက ပြန်ပြောလိုက်သည်။

"ဒါဆို ဆက်မောင်း"

ကွင်းက လီဗာကို အဆုံးနင်းလိုက်တော့ ဘီးတွေမှာ ချော်ထွက်နေတုန်းပင်။ သူက နောက်ဘီးများကို အသာယမ်းပေးလိုက်သည်တွင် ကားမှာ လမ်းပေါ်သို့ တက်သွားသည်။

ကားမှာ ဇထမကျင်း မြက်ခင်းပြင်ကို ကွေ့လိုက်သည်။ ဒုတိယကျင်းမှာ လေးဆယ့်ငါး ဒီဂရီချိုး၍ ဘယ်ဘက်သို့ ကွေ့သွားသည်။

ကားမှာ ကျောက်တုံးတစ်ခုကိုနင်းမိကာ ခုန်သွားသည်။ နောက်ထပ် ဒေါက်ခနဲ အသံတစ်ခု ပေါ်လာပြန်သည်။ ဆွန်တာရာ နောက်ဘက်သို့ လှည့်ကြည့်လိုက်ပြန်၏။ သူ့အာရုံမှာ နောက်ဘက်ရော ရှေ့ဘက်ရော ရောက်နေတော့သည်။

"အဲဒီမြက်ခင်းကလေးကိုပတ်ပြီး ဆက်မောင်း၊ အဲဒါ ပဥ္စမကျင်းကိုရောက်တယ်၊ ဂေါက်သီးလမ်းကြောင်းအတိုင်း ဘယ်ဘက်ဘေးကနေ ကပ်မောင်းသွား၊ မြက်ခင်းကိုရောက်

တော့ ကျွင်းနံ့ပါတ်ခြောက် ဂေါက်သီးတည် ကွက်လပ်ကျ တော့ ရပ်လိုက်''

ဆွန်တာရာက အမိန့်ပေးသည်။

''မင်း မှတ်ဉာဏ်ကောင်းသားပဲ၊ မင်း ဒီမှာ ဂေါက်သီး မကစားတာ ကြာပြီမဟုတ်လား''

ကွင်းက ပြောလိုက်သည်။

''မင်းပါးစပ် ပိတ်ထားစမ်း''

ဆွန်တာရာက ကွင်းအား သေနတ်နှင့်ချိန်ရင်း ဟောက် လိုက်သည်။

''ကောင်းပါပြီ၊ မင်းခိုင်းတာ ငါလုပ်ရမှာပေါ့၊ မင်းမှာ သေနတ်ရှိနေတာကိုး''

အလက်ဇန္ဒြားက ဆွန်တာရာကို တစ်ချက်စိုက်ကြည့်လိုက်ပြန် သည်။ သူမမျက်နှာတွင်လည်း နားမလည်နိုင်သောအမူအရာ နှင့်....

ဆွန်တာရာက သူမကို တစ်ချက်လှည့်ကြည့်လိုက်ပြီး မျက် နှာလွှဲကာ ကွင်းဘက်သို့ ပြန်ကြည့်လိုက်သည်။

မိုးက ပို၍သည်းထန်လာသည်။ ကွင်းမှာ ရေသုတ်တံမှ ကျသည့်ရေများကိုဖြတ်၍ လမ်းကိုကြည့်ရင်း ဖြည်းဖြည်းချင်း မောင်းနေရသည်။

ဆွန်တာရာသည် ကားနောက်ဘက်မှ လှုပ်ရှားမှုရှိမရှိ မကြာခဏ လှည့်ကြည့်နေသည်။ သူ့မျက်နှာမှာလည်း ပို၍ တင်းမာလာ၏။



ကျွင်းနံ့ပါတ်ငါး မြက်ခင်းပြင်တို့ရောက်တော့ ကွင်းက ခိုင်းသည့်အတိုင်း ဆက်၍မောင်းလာသည်။ နံ့ပါတ်ခြောက် ဂေါက်သီးတည် ကွက်လပ်နေရာကိုပြထားသည့် မှတ်တိုင်ကို တွေ့လိုက်ရ၏။ သို့သော် ကွက်လပ်ကိုတော့မတွေ့ရ။ သူက ကားကို မှတ်တိုင်ဘေးတွင် ရပ်သားလိုက်၏။

ထိုသို့ရပ်လိုက်တော့မှ ကွက်လပ်ကိုတွေ့ရတော့သည်။ ကွက် လပ်မှာ အောက်ဘက်ခပ်နိမ့်နိမ့်နေရာတွင်ဖြစ်သည်။ ထိုနေရာ သို့ဆင်းရန် ဇလီဖားတုံးများခင်းထားသည့် လမ်းကလေး ရှိ၏။

''ကဲ....မင်းလက်နှစ်ဖက်ကို ခေါင်းပေါ်တင်ပြီး ကားထဲ ကနေထွက်လိုက်၊ ဖြည်းဖြည်းချင်းထွက်ပါ၊ ထွက်ပြီးရင် ကား နဲ့ခွာပြီး ငါမြင်နိုင်မယ့်နေရာမှာ သွားရပ်နေပါ''

ဆွန်တာရာက အမိန့်ပေးလိုက်၏။

ဆွန်တာရာသည် ကား၏ညာဘက်မှထွက်၍ အလက် ဇန္ဒြားကို ပြန်ဆွဲထုတ်လိုက်သည်။

အလက်ဇန္ဒြားမှာ ရှုံထဲသို့လဲကျသွားသည်။ ထိုအခါ ဆွန် တာရာက သူမတင်ပါးကို ပိတ်ကန်လိုက်ပြီး ထခိုင်းလိုက်သည်။

အလက်ဇန္ဒြားကလည်း ကြိုးစားကာ ရုန်းထလိုက်၏။

ဆွန်တာရာက အလက်ဇန္ဒြားအား ကွင်းဘေးတွင်သွား ရပ်ရန် သေနတ်နှင့်ယမ်းပြလိုက်သည်။ သူမကလည်း သွား ရပ်လိုက်၏။ ထို့နောက် ဆွန်တာရာသည် ကားနောက်ဖြီးသို့

သွားလိုက်သည်။ ကားနောက်မြီး အံဖုံးက ဟာတာတာဖြစ်နေ၏။ သူ အသံကြားနေသည်မှာ ဤသည်ကြောင့်ကိုး။

သူသည် ကားနောက်ဘက် အချက်ပြမီးအနီး ထိအောင် ကုန်းလိုက်ပြီး သေနတ်နှင့် အံဖုံးထဲသို့ ထိုးချိန်လိုက်သည်။

"အံဖုံးဖွင့်လိုက်ရင် မင်းသေနတ်ကို အပြင်ကိုလှမ်းပစ်လိုက်ပါ၊ အဲဒီလိုမှမလုပ်ရင် မင်းကို ငါ သေအောင်ခတ်ပိတ်ထားရလိမ့်မယ်၊ ပြီးရင်တော့ ကွင်းနဲ့ ဟိုမိန်းမ သေပြီသာမှတ်တော့"

ဆွန်တာရာကပြောပြီး အံဖုံးကို နှစ်လက်မခန့် ဖွင့်လိုက်သည်။

"သေနတ်အရိုးကို အရင်ထုတ်"

သူက အမိန့်ပေးပြန်သည်။

မော်ဇာသေနတ်အရိုး ထွက်လာသည်။ ပြီးတော့ သေနတ်က မြေကြီးပေါ်သို့ ကျသွား၏။

ဆွန်တာရာက အံဖုံးအစွန်နေရာလောက်ကို သေနတ်ထည့်၍ ပစ်ထည့်လိုက်၏။ ပြီးတော့ အဖုံးကိုလည်းဆွဲဖွင့်လိုက်သည်။ ကျည်ဆန်မှာ တိုဗန်နင်၏ခြေသလုံးကို ဖောက်ထွက်သွား၏။ သူလည်း ရှုံ့မဲ့ကာ သေနတ်မှန်သည့်နေရာကို လက်နှင့်ဖိထားသည်။

ဆွန်တာရာက ပြုံးလိုက်ပြီး....

"သိပ်အံ့သြစရာကောင်းတာပဲ၊ အခုမှပဲလူစုံတော့တယ်"



"တော်တော်မိုက်မဲလိုက်ပါလား မစ္စတာကွင်းရယ်၊ မင်းပြောတဲ့အတိုင်းသာမှန်ရင် မင်းမိတ်ဆွေတွေ အခုလောက်ဆိုရင် ပြန်လာကြရော့မယ်၊ သူတို့ ဘယ်မှာရှာရမှန်းမသိ ဖြစ်နေကြမှာပဲနော်၊ သနားစရာပဲ"

ဆွန်တာရာက တိုဗန်နင်အား သေနတ်နှင့်ညွှန်ပြလိုက်ပြီး....

"မင်းလဲ တော်တော်အသက်ပြင်းတဲ့ကောင်ပဲ၊ ကဲ....လာ၊ ဟိုကောင်တွေနဲ့သွားရပ်လိုက်"

ဆွန်တာရာသည် သေနတ်ကို တိုဗန်နင်အား မြေး၍တွဲ ခေါ်ရန် ခြေလှမ်းပြင်နေသော ကွင်းဘက်သို့ လှည့်ချိန်လိုက်ပြန်သည်။

"သူ့ဘာသာသူ လာလိမ့်မယ်"

ကွင်းလည်းလန့်ကာ နောက်သို့ဆုတ်လိုက်ရသည်။

တိုဗန်နင်သည် ကားပေါ်မှတွယ်ဆင်းလိုက်ပြီး သူတို့အနီးသို့ လာရပ်သည်။ သူ့မျက်နှာပေါ်တွင်လည်း တောင်းပန်သောအမူအရာနှင့်....

ဆွန်တာရာက သေနတ်နှင့် ဂေါက်သီးတည်ကွက်လပ်သို့ ညွှန်ပြလိုက်ပြီး....

"ဟိုကွက်လပ်ကိုဆင်းကြ"

မားစာခံသုံးယောက်မှာ ကားရပ်ထားသည့် နေရာမှ အောက်ဘက် ရှစ်ပေခန့်နိမ့်သော မြေကွက်လပ်သို့ ဆင်းလိုက်ကြသည်။ ထိုနေရာမှာ ဂေါက်ကွင်းပေါ်မှ လှမ်းကြည့်လျှင် မမြင်ရ။

ထိုဂေါက်သီးတည် ကွက်လပ်နှင့် ကျင်းရှိရာမြက်ခင်းပြင် အကြားတွင် ရေဘော့ ဒလဟော စီးဆင်းနေသည်။ သူတို့ညာဘက်လောက်ဆီမှ ရေတံခွန်တစ်ခု ဦးတည်နေ၏။ သာမန်အချိန်များတွင် ထိုရေစီးကြောင်းမှာ ခပ်ပြေပြေကလေး စီးဆင်းနေပြီး ထိပ်တွင် ဂေါက်သီးတည် ကွက်လပ်ရှိသည့် ချောက်အရင်းတွင်ကျမှ အနည်းငယ်ရေနက်သွားသည်။ ယခုတော့ ရေစီးသန်ပြီး ရေတံခွန်ထဲသို့ ကျောက်တုံးများပါ ရောနှောကျနေ၏။

ဆွန်တာရာက ဂေါက်သီးတည်ကွက်လပ်သို့ မိမိ ခံုးစာခံများနှင့်အတူ ရောက်လာသည်။ သူက အသက်ဇဗ္ဗြားကို အောက်ဘက်တွင် ရေတွေစီးဆင်းနေသည့် ချောက်နှုတ်ခမ်းစပ်သို့ ဆွဲခေါ်လာ၏။

ကွင်းက....

"ဘာဖြစ်လို့ ဒီကိုခေါ်လာတာလဲ၊ ဒီနေရာမှာ ဘာထူးခြားတာများ ရှိလို့လဲ၊ အိမ်မှာကတည်းက ရှင်းလိုက်ရင်လဲရသားနဲ့"

"ဒီမှာဆိုတော့ နည်းနည်းအချိန်ပိုရတာပေါ့၊ ဟိုမှာဆိုရင် လွတ်မြောက်ပြီလေ"

သူက ဂေါက်ကွင်းအလွန် တစ်နေရာဆီသို့ညွှန်ပြကာ ပြောနေသည်။ သူကဆက်၍....

"ငါ ဟိုနေရာကိုရောက်သွားရင် ဒီလိုမိုးကြီးလေကြီးထဲမှာ သူတို့ငါ့ကို ဘယ်လိုမှ ရှာလို့ရမှာမဟုတ်တော့ဘူးလေ"



သူက အောက်ဘက် ရေတွေစီးဆင်းနေသည့်နေရာကို သေနတ်နှင့်ထိုးပြလိုက်ရင်း....

"မင်းတို့ကိုလဲ သူတို့ရှာတွေ့မှာ မဟုတ်တော့ဘူး၊ ဒီချောင်းအောက်ဘက်က တံငါသည် တစ်ယောက်ယောက်က မင်းတို့ရဲ့ အရိုးဆွေးဆွေးတွေကို တွေ့တဲ့အခါကျရင်တော့ မင်းတို့ကို သူတို့ တွေ့ချင်တွေ့ကြမယ်၊ လုံးဝတွေ့ချင်မှလဲ တွေ့မယ်"

ကွင်းက အလက်ဇန္ဒြားဘက်ကို တစ်ချက်ကြည့်လိုက်ပြီး....

"ခွဲစိတ်ရုပ်ပြောင်းထားတဲ့ မင်းရဲ့ရုပ်အမှန်ဟာ ဘယ်သူဆိုတာ မင်း ဒီမိန်းကလေးကိုပြောပြပြီးပြီလား၊ စကိုင်ကို ရုံးချုပ်ကို အခက်အခဲမရှိဝင်နိုင်ပြီး စတိုင်ကိုကွန်မျူတာတွေကို လွယ်လွယ်ကူကူထုတ်ကြည့်နိုင်တာ ဘယ်သူဆိုတာ ပြောပြလိုက်ဦးလေ"

"မင်းပါးစပ် ပိတ်ထားစမ်း"

ဆွန်တာရာက ထိုအကြောင်းများကို သူ့ဘာသာသူ ပြောလိုပုံရသည်။ သည်အချိန်မျိုးရောက်အောင် သူ နှစ်ပေါင်းများစွာ စောင့်ခဲ့ရသည်။ မြိန်ရှက်နေသည့်ထိုအခြေအနေကို ကွင်းက ဖျက်ဆီးပစ်နေခြင်းဖြစ်၏။

"ဒီနေ့ ဒီနေရာမှာ အက်ရှာစကိုင်းကို ခေါ်လာနိုင်မယ်လို့ ငါမျှော်လင့်ခဲ့တာ၊ အသက်ဇန္ဒြားကို ခေါ်လာနိုင်တော့လဲ ပြီးတာပါပဲ"

ဆွန်တာရာက ပြောနေခြင်းဖြစ်သည်။

''ဒီဂေါက်ကွင်းအကြောင်း မင်း အသေးစိတ် ဘာကြောင့် သိနေရတယ်ဆိုတာကို ပြောပြလိုက်ဦးလေ၊ ဆွန်တာရာဟာ ဘယ်သူလဲဆိုတာ အလက်ဇန္ဒြားကို ပြောပြပြီးပြီလား''

ကွင်းက သူ့ဒေါသကို ဆွနေသည်။

''ပါးစပ်ပိတ်ထားလို့ ငါပြောနေတယ်''

''လုပ်ပါ—ပြောလိုက်စမ်းပါ၊ ကော်ပိုရေးရှင်းပိုင် ချက်လေယာဉ်ကြီးပျက်ကျတာ မဟုတ်ခဲ့ဘူးဆိုတဲ့အကြောင်း၊ ရေဒါ မဖမ်းနိုင်အောင် အောက်ကနေ ရှပ်ပြီး ပျံသွားတဲ့အကြောင်း၊ ဒီအချိန်ကလေးအတွက် မင်း နှစ်ပေါင်းများစွာ ဘယ်လိုကြံစည်ခဲ့ရတယ် ဆိုတဲ့အကြောင်းတွေကို ပြောပြလိုက်စမ်းပါ''

ဆွန်တာရာက ကွင်းကို သေနတ်နှင့် လှမ်းချိန်လိုက်သည်။

''ပြောပြလိုက်လေ၊ သူ့ကို သူ့မောင်က သတ်ချင်နေတဲ့အကြောင်း ပြောပြလိုက်စမ်းပါ၊ နယ်လ်ဆင်ရဲ့''

အလက်ဇန္ဒြားမှာ သူ့မောင်မျက်နှာကို မော့ကြည့်လိုက်သည်။ မျက်ရည်များလည်း ဝဲနေ၏။

''ဖြစ်မှဖြစ်ရလေ''

ပါးစပ်ကိုပိတ်ထားသဖြင့် အသံက မသဲကွဲသော်လည်း ကြားနိုင်လောက်သည်။

ဆွန်တာရာမှာ မာန်ဖီကာ သူ့အစ်မကိုကြည့်လိုက်သည်။ မုန်းတီးစိတ်များကိုလည်း သူ့မျက်နှာပေါ်တွင် တွေ့နေရသည်။



''ဖြစ်မှဖြစ်ရလေကွယ်''

အလက်ဇန္ဒြားမှာ မျက်ရည်များစီးကျကာ ရှိုက်၍ငိုနေသည်။

ဆွန်တာရာက အလက်ဇန္ဒြား၏ကော်လာကိုဆွဲ၍ မျက်နှာကို သေနတ်နှင့်တေ့ကာ....

''ငါ့အမေအတွက်လေ၊ သူ ငါ့အမေကိုသတ်လိုက်တယ်၊ နင့်ကိုလဲ ငါသတ်ရမယ်၊ အမေစိတ်ဆင်းရဲတိုယ်ဆင်းရဲဖြစ်ပြီး လောကမှာ မနေချင်တဲ့အထိဖြစ်လို့ အဆုံးစီရင်သွားတာ သူ့ကြောင့်....''

သူက ဒေါသဖြင့် စိတ်လွတ်ကိုယ်လွတ် အော်ပစ်လိုက်သည်။

''အမေ့ကို ငါသတ်တာမဟုတ်ဘူး၊ ဒက်ဒီလဲ သတ်တာ မဟုတ်ဘူး''

အလက်ဇန္ဒြားက ပါးစပ်မှတိပ်ကို ဆွဲရုန်းရင်း ပြောနေသည်။

ဆွန်တာရာက သူမ၏ပါးစပ်ကို သေနတ်နှင့်ရိုက်ချလိုက်၏။

အလက်ဇန္ဒြားမှာ နောက်သို့ အနည်းငယ်ယိုင်သွားရာ ကမ်းပါးအစွန်းမှ ကျတော့မည်ကဲ့သို့ဖြစ်သွားပြီး ပြန်ထိန်းလိုက်နိုင်သည်။

''အမေသေသလို သူ့ကို တတိတိသေစေရမယ်၊ အမေ့ဘဝမှာ ပူဆွေးသောကရောက်ခဲ့ရသလို သူ့အင်ပါယာကြီးလဲ ပြိုကျပြီး သိက္ခာကျ စိတ်ဆင်းရဲပြီး သေစေရမယ်''

ဆွန်တာရာကပြောကာ အသက်ဇာန္တြီးကို တွန်းပစ်လိုက်ပြီး သူ့အင်္ကျီအိတ်ထဲသို့ လက်နှိုက်လိုက်သည်။ လက်ကိုထုတ်လိုက်တော့ တီဘာပုလင်းကလေးနှစ်လုံး ပါလာသည်။

ဆွန်တာရာသည် အရှုံးတစ်ယောက်လိုရယ်လိုက်ပြီး....

"ဒီမှာလေ၊ ငါ့လက်ထဲမှာရောက်နေပြီ၊ သူ့အင်ပါယာကြီးတစ်ခုလုံး ငါ့လက်ဝါးလေးထဲကို ရောက်နေပြီ၊ နင်လဲ ငါ့လက်ထဲမှာပဲ"

သူက ပုလင်းကလေးများကိုသူ့အစ်ခမျက်နှာနားသို့ ထိုးပြလိုက်ကာ....

"မပိုင်လား"

ပြီးတော့ တဟားဟားရယ်နေပြန်သည်။ တစ်ဖန်ဆက်၍....

"လွယ်ပါတယ်၊ သိပ်လွယ်တာပေါ့၊ အခုဆိုရင် ဖြစ်လာတော့မယ့် ဒုက္ခ သုက္ခတွေကြောင့် သူသေရတော့မယ်ဆိုတာ ငါသိနေပါတယ်လေ"

အသက်ဇာန္တြီး၏မျက်လုံးတွင် မျက်ရည်များပြည့်လျှံလာသည်။ သူမက ကြိုးတုပ်ထားသည့်လက်များဖြင့် မျက်နှာကို အုပ်လိုဟန် လက်ကိုမြှောက်လိုက်သည်။ သို့သော် လက်ဖြင့် ရုတ်တရက် ပုလင်းကလေးများကို ပုတ်ချပစ်လိုက်၏။

ဆွန်တာရာသည် တာရက်တာသေနတ်ဖြင့် သူ့အစ်မရှိရာဘက်သို့ ရမ်း၍ပစ်ချလိုက်သည်။ သူမမှာ လန့်၍ နောက်သို့ လန်လဲသွားသည်။ သို့သော် ချောက်နှုတ်ခမ်းမှကျမသွားဘဲ အစွန်းကလေးတွင် ကပ်၍လဲကျသွားခြင်းဖြစ်၏။



ဆွန်တာရာသည် ရုတ်တရက် ကြက်သေ သေကာ လဲကျသွားသည့် သူ့အစ်မကို ကြည့်နေမိလိုက်သည်။

ကွင်းနှင့်တိုဗန်နင်တို့လည်း စက္ကန့်၏အစိတ်အပိုင်းမျှသော ထိုအချိန်ကလေးကို လက်လွှတ်မခံ။ ဆွန်တာရာကို ခုန်အုပ်လိုက်ကြသည်။

ဆွန်တာရာက လှည့်၍ နီးရာပစ်မှတ်ကို ပစ်ထည့်လိုက်သည်။ ထိုပစ်မှတ်က တိုဗန်နင်။ ကျည်ဆန်က တိုဗန်နင်၏ရင်ဘတ်ကို ထိသွား၏။ တိုဗန်နင်လည်း နောက်ဘို့လန်ကာ ဇလီဖားတုံးလှေကားပေါ်သို့ ကျသွားသည်။

ဆွန်တာရာက ကွင်းဘက်သို့လှည့်ပြန်သည်။ သို့ရာတွင် ကွင်းက သူ့ထက်မြန်၏။ ကွင်းက သူ့ကို ကိုယ်လုံးဖြင့် ပစ်တိုက်ချလိုက်ရာ နှစ်ယောက်သား လုံးထွေးကာ ချောက်နှုတ်ခမ်းသို့ ကျသွားသည်။

နှစ်ယောက်စလုံး မြောက်ဘက် အပြာရောင် ဂေါ်က်သီးတည်ကျောက်လပ်ပေါ်တွင် တင်နေကြသည်။ မြက်ထူထူများကြောင့် ချောသွားပြီး ချောက်နှုတ်ခမ်းသို့ ရောက်သွားကြပြန်သည်။ ကွင်းက အရင်ပြန်ထနိုင်ပြီး ဆွန်တာရာအပေါ်သို့ ခုန်အုပ်လိုက်သည်။ ဆွန်တာရာ၏လက်ထဲတွင် ရုတ်တရက် သေနတ်ရောက်လာပြီး ရမ်း၍ပစ်လိုက်သည်။ ချိန်သားမကိုက်သဖြင့် ကွင်းကို နံဘေးတွင် ပွတ်ထိသွား၏။

သည်လောက်ဒဏ်ရာကို ကွင်းကမမှု။ ဆွန်တာရာ ကောင်းကောင်းပြန်မထနိုင်မီ ကွင်း၏ညာလက်က ဆွန်တာရာ၏ သေနတ်ကိုင်ထားသည့်လက်ကို ဖမ်းမိသွားတော့သည်။

ကွင်းက လက်မောင်းကို ဆွန်တာရာ၏ တံတောင်ဆစ် အထက်နားလောက်မှ ထိုးသွင်းကာ ချုပ်ထားလိုက်သည်။ ညာဘက်လက်ဖနောင့်နှင့်လည်း ဆွန်တာရာ၏ နှာခေါင်းကို ဆောင့်တွန်းပစ်လိုက်သည်။ အရိုးကျိုးသံနှင့်အတူ ဆွန်တာရာ၏ ခေါင်းမှာလည်း နောက်သို့လန်သွားသည်။

ဆွန်တာရာ၏ခေါင်း နောက်တစ်ကြိမ် ပြန်မတ်လာသော အခါ အလားတူ နောက်တစ်ချက် ဆောင့်ထိုးချလိုက်ပြန်ရာ ဆွန်တာရာမှာ ခြေထောက်ပါ မြေကြီးပေါ်မှ မြောက်တက်သွားတော့သည်။ လူလည်း မြက်ခင်းပေါ်တွင်လျှောသွားပြီး ပက်လက်လန်လျက်သား ရပ်သွားသည်။

သူ ထကြည့်လိုက်သောအခါ ဘာကိုမျှကောင်းစွာမမြင်ရ။ သူ့ထံသို့ပြေးလာသော ကွင်းကို ခပ်ဝါးဝါးသာတွေ့လိုက်ရသည်။

ဆွန်တာရာ ကမန်းကတန်းပြန်ထသည်။ သို့ရာတွင် ကွင်းက ကိုယ်လုံးနှင့်ပစ်တိုက်လိုက်ပြန်ရာ နှစ်ယောက်သား ရွှံ့ခွက်ထဲတွင် လျှောထွက်သွားကြသည်။ သေနတ်မှာလည်း ချောက်ထဲသို့ ကျသွားတော့၏။

ဆွန်တာရာ နောက်တစ်ကြိမ်ပြန်ထလာသည်တွင် ကွင်းက သူ့ကိုပြေး၍ လုံးတော့သည်။ သို့ဖြင့် နှစ်ယောက်သား လုံးထွေးနေတော့၏။

ကွင်းက ညာလက်ဖြင့်ချုပ်ကိုင်ကာ မိမိတို့ကျခဲ့သည့် ကျောက်သားနံရံတွင် သူ့ကိုဖိကပ်ထားလိုက်၏။ ထိုနောက် 



တံတောင်ဆစ်ဖြင့် သူ့မေးရိုးကို ရိုက်ချလိုက်သည်တွင် ဆွန်တာရာ၏ခေါင်းမှာ ကျောက်နံရံနှင့် ထပ်ဆောင့်မိသွားပြန်သည်။

ဆွန်တာရာ၏ ဘယ်ဘက်လက်ထဲတွင် ဓားတစ်ချောင်းကို တွေ့လိုက်ရသည်။ ဆွန်တာရာ ဓားနှင့်ထိုးလိုက်သည်တွင် ကွင်းက ညာလက်ကိုနှိမ့်၍ ဖမ်းထားလိုက်၏။ သို့သော် ဓားက ကွင်း၏နံဘေးတွင် အနည်းငယ်ဝင်သွားသည်။ ဆွန်တာရာက ဓားကို ပို၍နက်အောင် အားခဲ၍ထိုးသွင်းနေသည်။ သို့သော် ကွင်း၏တွန်းအားက ပိုသာပြီး ဓားမှာ သူ့ကိုယ်ထဲမှ ထွက်သွားတော့သည်။

နှစ်ယောက်သားမှာ မျက်နှာချင်းဆိုင်ကာ အားပြိုင်နေကြ၏။

ထိုနောက် ကွင်းသည် ချုပ်ထားသည့် ညာဘက်လက်ဖြင့် ဆွန်တာရာအား မိမိအနီးသို့ရောက်အောင် ဆွဲယူလိုက်ပြီး သူ့မျက်နှာကို ခေါင်းနှင့်တိုက်ချလိုက်သည်။ ဒူးကလည်း ဆွန်တာရာ၏ပေါင်ခြံကို တိုက်ချလိုက်ပြန်၏။ ထိုအခါ ဆွန်တာရာမှာ ကောင်းကောင်းပင်မရပ်နိုင်အောင် ဖြစ်သွားသည်။

ကွင်းက ဆွန်တာရာ၏ဘယ်လက်ကို ကျောက်နံရံနှင့် ရိုက်ပစ်လိုက်ရာ ဓားလွတ်သွားတော့သည်။

ဆွန်တာရာသည် ကွင်းတိုက်ခိုက်လိုက်သည့် ဒဏ်ရာများ အနာသက်သာသည်နှင့် အားကိုညှစ်ထုတ်၍ ကျောက်နံရံကို ကန်ကာ ကွင်း၏မျက်နှာကို မိမိခေါင်းနှင့် အနီးကပ် တိုက်ချ

လိုက်သည်။ ကွင်း၏ ဘယ်ဘက်မျက်ခုံးကွဲသွားသည်။ ထို နောက် ချုပ်ထားသောလက်ကိုရွှန်း၍ ကွင်း၏လည်ပင်းကို ထိုးချလိုက်ရာ နှစ်ယောက်သား လူချင်းကွာသွားတော့သည်။

ကွင်းမှာ ရွှံ့ထဲတွင် ခြေမခိုင်တော့ဘဲ ဒူးတစ်ဖက်ထောက် ကျသွားသည်။ ထိုအခါ ဆွန်တာရာက ကွင်း၏ ရင်ညွန့်ကို တစ်ချက် ကန်လိုက်သည်။ ပြီးတော့ ဆွန်တာရာက နာနေ သော ကွင်းအား ခုန်အုပ်လိုက်သည်။

ကွင်းက တစ်ချက်ရှောင်လိုက်ပြီး ဆွန်တာရာ၏ ဆီးခပ်ကို လက်သီးနှင့် ခပ်ပြင်းပြင်း ထိုးဇစ်လိုက်သည်။

ဆွန်တာရာမှာ တစ်ချက်သာအော်နိုင်ပြီး ဝိုစွတ်သော မြက်ခင်းများပေါ်တွင်ချောကာ သစ်စင်ကလေး တစ်ဇင်ထိ အောင် ရောက်သွားသည်။

ထိုနောက် နှစ်ယောက်သား ယိုင်နဲ့စွာ ထရပ်လိုက်ကြ သည်။ ထိုနောက် တစ်ယောက်ကိုတစ်ယောက် အလစ်ချောင်း နေရာမှ ဆွန်တာရာက ကွင်း၏မျက်လုံးကို ပစ်ထိုးလိုက်သည်။

ကွင်းက ခေါင်းကိုတိမ်းကာ ရှောင်လိုက်ပြီး သူ့နံရိုးများ ဆီသို့ ခပ်ပြင်းပြင်း လက်သီးတစ်လုံး ဇစ်သွင်းလိုက်သည်။ အရိုး ကျိုးသံနှင့်အတူ အင့်ခနဲ တစ်ချက် ဖြစ်သွားသည်။ ပြီးတော့ ဆွန်တာရာ၏ ရင်ညွန့်၊ ရင်ဘတ်နှင့် ညှပ်ရိုးတို့ကို ဆက်တိုက် ကန်ဇစ်လိုက်သည်။

ဆွန်တာရာမှာ လိမ့်နေရာမှ ရပ်သွားပြီး ထိုင်လျက်သား ဖြစ်နေသည်၊ သူ့ဘယ်လက်မှာ တွဲလောင်းကြီး ဖြစ်နေပြီး



ညှပ်ရိုးမှာလည်း အသားထဲမှ ငေါထွက်နေသည်။ သူက ကြိုး စားထရပ်သော်လည်း ရင်၍မရ။ သူ မော့ကြည့်လိုက်သည် တွင် နှာခေါင်းမှ သွေးများယိုစီးနေပြီး အသက်ကို မနည်း ကြိုးစား ရှူနေရ၏။

''တတိတိသေရမယ်ဆိုတာ ဒါမျိုးလား၊ ငါကမှ မင်းကို တစ်စစီလှီးပြီးသတ်မှာ၊ ရော့—ဒါက ကားလော့စ်အတွက်''

ကွင်းက အံကိုကြိတ်၍ ဆွန်တာရာ၏ခေါင်းကို ပြေးကန် လိုက်သည်။

ပြီးတော့ သူ့ကိုဆွဲထူလိုက်ပြီး ပေါင်ခြံကို ဒူးနှင့်ဆောင့် လိုက်ပြန်သည်။

''အဲဒါက ဝိတ်လောအတွက်''

ဆွန်တာရာမှာ အင့်ခနဲ အော်လိုက်ကာ ကုပ်ကွေးသွား သည်။ ပြီးတော့ ကိုယ်တစောင်း လဲနေလျက်က ကောင်း သော လက်တစ်ဖက်နှင့် ယောက်၍ ထနေသည်။

တဖြည်းဖြည်း ပြန်ထလာသော သူ့မျက်နှာတွင် ဝေဒနာ ခံစားနေရဟန်နှင့် အလျှော့မပေးနိုင်သော အမူအရာများကို တွေ့နေရသည်။ သူသည် ကမ်းစပါးစွန်းတွင် ရောက်နေပြီး သူ့နောက်တွင် တဝေါဝေါနှင့် ရေများ စီးဆင်းနေ၏။

''ဒါက ရယ်လင်နာအတွက်....''

ကွင်းက သူ့ထံသို့ ခပ်ဖြည်းဖြည်း လျှောက်သွားသည်၊

ထိုစဉ် ကွင်း၏နောက်ဘက်ဆီမှ ဖြောင်းခနဲ အသံတစ်ခုကို ကြားလိုက်ရ၏။

ကျည်ဆန်ဝင်သွားသည်နှင့် ဆွန်တာရာ၏ မေးများစေ့၍ မျက်နှာလည်း ဖြူရော်သွားသည်။ သူ့မေးရိုးထောင့်နားဆီတွင် ကျည်ဆန်အပေါက်ရာတစ်ခုကို ကွင်း တွေ့လိုက်ရသည်။ ထိုနောက် ဆွန်တာရာမှာ ချောက်နှုတ်ခမ်းမှ နောက်ဘက်ရှိ စီးနေသည့် ချောင်းထဲသို့ လန်ကျသွားတော့သည်။

ကွင်းက အပေါ် မြေကွက်လပ်သို့ ပြန်မော့ကြည့်လိုက်သည်။

ဆင်မာမန်းကို ရယ်လင်နာကိုင်သည့် ဘာရက်တာ မွိုင့် ၂၂ သေနတ်ကို ကိုင်လျက်တွေ့လိုက်ရသည်။ သူက သေနတ်ကို ဖြည်းဖြည်းချင်း ပြန်ချလိုက်ပြီး....

"ရယ်လင်နာနဲ့ ကျန်တဲ့လူတွေအတွက်"

သူက အင်္ကျီအိတ်ကိုနှိုက်လိုက်ရာ ရယ်လင်နာကို ကွင်းပေးခဲ့သည့် နာရီကလေး ပါလာသည်။ ထိုနာရီကလေးမှာ ကွင်းလက်တွင်ရှိသည့် နာရီကလေးနှင့် အသံလှိုင်းတူနှုန်းတူသည်။

ကွင်းက ချောက်စပ်သို့သွား၍ အောက်သို့ ငုံ့ကြည့်လိုက်သည်။ ရေထဲတွင် မျောပါသွားသော ဆွန်တာရာ၏ ခြေထောက်ကလေးကိုသာ တွေ့လိုက်ရတော့သည်။

ဆင်မာမန်းကို ပြန်မော့ကြည့်လိုက်တော့ ဆင်မာမန်းသည် ချောက်အပေါ်ရှိ မြေကွက်လပ်ကလေးမှ ထွက်သွားသည်ကို တွေ့လိုက်ရသည်။

အလက်ဇန္ဒြားနှင့် တိုဗန်နင်တို့ကို သတိရသွားသဖြင့် ကွင်း အပေါ်သို့ ပြန်တွယ်တက်လာသည်။



တိုဗန်နင်က အလက်ဇန္ဒြား၏ ကြိုးများကို ဖြေပေးနေသည်။ ကွင်းက တိုဗန်နင်၏ဘေးတွင် သွားရပ်ကာ အလက်ဇန္ဒြားကို ငုံ့ကြည့်လိုက်၏။ သူမ ဘာတွေများ ဖြစ်သွားသည်လဲဟု စိတ်ထဲမှ စိုးရိမ်နေမိသည်။

ဆုတောင်းခဲ့သည့်အတိုင်း သူမ မသေကြောင်း တွေ့လိုက်ရသည်။ ကွင်းက ဒူးထောက်ထိုင်ချလိုက်ပြီး သူမကို ပွေ့ထားလိုက်သည်။ သူမမှာ ငိုခြင်းတစ်ဝက် ရယ်ခြင်းတစ်ဝက် ဖြစ်နေသည်။ ကွင်းကိုမြင်တော့ သူမဝေဒနာတွေ သက်သာသွားသည် ထင်၏။ သူမ၏ နံရိုးအောက်နားလောက်ဆီတွင် သွေးများ ယိုစီးကျနေသည်။

"ဗဏ်ရာက အရေပြားလောက်ကိုသာ ထိတာပါ၊ အရိုးရော ကိုယ်တွင်းအင်္ဂါကိုရော မထိပါဘူး"

တိုဗန်နင်က ပြောလိုက်သည်။

ကွင်းက သူ့ကို ကျေးဇူးတင်ကြောင်းပြောပြီး သူ့ရင်ဘတ်မှ မည်းမည်း အပေါက်ကြီးကို ကြည့်လိုက်၏။ သွေးလည်း မထွက်။ နောက်မှ မော်လီတာမှာတုန်းကကဲ့သို့ ကျည်ကာအင်္ကျီ ဝတ်ထားခြင်း ဖြစ်မည်ဟု သိလိုက်သည်၊ ကွင်းက တိုဗန်နင်၏ ပခုံးကိုပုတ်လိုက်ပြီး....

"ခင်ဗျားကတော့ အတော် အသက်ရှည်တဲ့လူပဲ၊ ကျုပ် တစ်သက် မမေ့နိုင်တော့ဘူး"

တိုဗန်နင်က ရှုံ့မဲ့၍ ပြန်ထိုင်ချလိုက်ပြီး....

"ခင်ဗျားကသာ ပြောနေ၊ ကျွန်တော့်မှာတော့ ရင်ဘတ်ရိုး အက်သွားသလားတောင် မသိဘူး"

''ဘာပဲဖြစ်ဖြစ် ဒီလိုညည်းနိုင်တဲ့ အခြေအနေ ရှိသေးတာပဲ''

''အဲဒါကတော့ ခင်ဗျားရဲ့ ကျေးဇူးကြောင့်ပဲဗျို့''

ကွင်းက အလက်ဇန္ဒြားဘက်သို့ လှည့်၍...

''မထနဲ့....မထနဲ့၊ အခုပဲ အကူအညီတွေ ရောက်လာလိမ့်မယ်၊ ကိုယ့်နာရီကတစ်ဆင့် အီလီယာ ကြားလောက်ပါတယ်၊ သူတို့ လိုက်လာကြလိမ့်မယ်''

သူမက ကွင်းကို တအားဖက်လိုက်ပြီး မျက်ရည်တွေ ကျလာတော့သည်။

''ကွင်းရယ်...''

''ရှူး....အခု ဘာမှမပြောနဲ့ဦး၊ အားလုံး ကောင်းသွားမှာပါ''

ထိုနောက် ကွင်းသည် မြက်ခင်းပေါ်တွင် ကျနေသော ပုလင်းကလေးနှစ်လုံးကို တွေ့လိုက်ရ၏။ မိမိကိုယ်မှ ဝေဒနာများကို အားတင်းကာ ပုလင်းကလေးများကို ကောက်ယူလိုက်သည်။

''ကမ္ဘာကြီးကို ကယ်နိုင်မယ့် ပုလင်းကလေးနှစ် လုံးပါလား''

ကွင်းက ထိုပုလင်းကလေး နှစ်လုံးကို လက်ဝါးထဲတွင် ထည့်၍ အတန်ကြာအောင် ကြည့်နေသည်။

''ခင်ဗျား ဒီကိုလာတာဟာ ဒါကလေးအတွက် မဟုတ်လား တိုဗန်နင်၊ ဒါလေးကို လျှိုအပ်တဲ့နေရာကို မပို့နိုင်မချင်း ခင်ဗျား သူရဲကောင်းတစ်ယောက် မဟုတ်သေးဘူး''



ကွင်းက တိုဗန်နင်အား ပုလင်းကလေးတစ်လုံး ပေးလိုက်ပြီး ပြောလိုက်သည်။

တိုဗန်နင်တလည်း ကွင်းအား ကျေးဇူးတင်သော မျက်နှာနှင့် ပြန်ကြည့်ကာ....

''သူရဲကောင်းက ကျုပ်တစ်ယောက်တည်း မဟုတ်ပါဘူးဗျာ''

ဆင်မာမန်းက သူတို့ထံ လျှောက်လာပြီး....

''သူရဲကောင်းတွေကတော့ အများကြီးပါပဲလေ''

ဆင်မာမန်းက တိုဗန်နင်ကိုလက်ကမ်းဆွဲထူပြီး နှစ်ယောက်သား ကားဆီသို့ ထွက်သွားကြသည်။

မကြာမီ ခပ်လှမ်းလှမ်းဆီမှ ကားမီးရောင်များ ဝေါက်ကွင်းဆီသို့ အပြိုင်ရောက်လာသည်ကို တွေ့လိုက်ရတော့သည်။

ဇင်သန့်

၂၈-၃-၉၃

ဗုဒ္ဓဟူးနေ့၊ ၁၇း၃၀ နာရီ။